အမရပူရမြို့


ကျေးဇူးတော်ရှင်မဟာဓနုဘုံဆရာတော်

အရှင်ဇနကာဘိဝံသ

၏

သာသနာ့ဖြူဆွတ်ခိုး

တရားတော်များ



နယူးဘားမားပိဋကဒုန်္နိပ်တိုက်

အမရပူရမြို့။

ဘာသာရေးဆိုင်ရာ စာမူ ခွင့်ပြုချက်
အမှတ် (၁၈/၉၇) (၇)

စာအုပ်စာတမ်း စာနယ်ဇင်း၊ မျက်နှာဖုံး ပုံနှိပ်
ထုတ်ဝေခွင့်ပြုချက် အမှတ် (၂၀/၉၇) (၃)

အုပ်ရေ ၄၀၀၀

အကြိမ် ဒုတိယအကြိမ်

တန်ဖိုး ( )

ထုတ်ဝေသူ--ဦးမောင်မောင်၊ မဟာဂန္ဓာရုံစာပေ,
(မြ-၀၃၂၃၁)၊ ပိန်းတန်းရပ်, အမရပူရမြို့။

ပုံနှိပ်သူ --ဦးမောင်မောင်၊ (မြ-၀၁၈၂၄)
နယူးဘားမားပိဋကပုံနှိပ်တိုက်၊ မဟာဂန္ဓာရုံစာပေမိုဝင်း
အမရပူရမြို့။

နိဒါန်း

သစ်ဆွဲသာဆင်များအား ဆင်ဦးစီးသည် ဒူးဖြင့် ဆင်၏ နား
ရင်းကို တဆတ်ဆတ်ဆွဲက်၍ တို့၍ သတိပေးနေရသည်၊ ထိုသို့
မပြတ်မလပ် သတိပေးနေမှ ဆင်သည် သစ်ဆွဲမှု, သစ်တုံးလိုင့်မှု
စသော မိမိလုပ်ဘိုက်သော အလုပ်များကို ပြုလုပ်လေသည်။

ထို့အတူ ပုထုဇဉ်လူသားတို့၏ စိတ်ကိုလည်း ဘုရား အဆုံးအမ
သြဝါဒ ဟူသော ဒူးဖြင့် တဆတ်ဆတ် တိုက်ပေးဖို့ မပြတ်မလပ်
သတိပေးနေဖို့ လိုအပ်သည်၊ ထိုသို့ သတိပေးနေနိုင်မှ မိမိလုပ်သင့်
သော ကုသိုလ်လုပ်ငန်းများကို ပြုမိဘတ်ကြသည်။

ဤသဘောကို နှစ်နှောစွာ သဘောပေါက် သိရှိသော ဗဟာ
ဂန္ဓာရုံ ဆရာတော်သည် မိမိကျောင်းတိုက်သို့ ရောက်ရှိလာသော
ထုည့်များအား နံနက်ပိုင်းအချိန် (အရှာဆုံမ်းစားအ ဆွမ်းခံ
မထွက်မီအချိန်)၌ နေ့စဉ် သြဝါဒခံယူခွင့်ပြုခဲ့ပေသည်။

ဘုရားရှင်သည်လည်း သက်ဓတာ်ထင်ရှား ရှိတော်မူစဉ်က
နံနက်ပိုင်း ဆွမ်းခံပြန်လျှင် ခြေဆေးအင်းပျဉ်၌ ခြေဆေးထော်မူ
အပြီး ရဟန်းများစွာအား .. "အပ္ပမာဒေန ဘိက္ခဝေ သမ္မာဒေထ-
မမေ့မလျော့, မပေါ့မဆ, ကောင်းမြတ်သော သတိဘရားဖြင့်
သီလ, သမာဓိ, ပညာ သုံးပါးသော သိက္ခာကို အထူတ်အသိသ်
ရောက် ပြီး မြောက်မြည့်စုံအောင် ကြိုးစားကြ"။

ပုဒ်မြဲဒေါ် ဒုလ္လဒဿာ လောကသို့ -

၁။ ဘုရားရှင်တို့ ပွင့်ပေါ်လာမှုကို သေဘာကျ ရခဲ ကြုံခဲ၏။

မနုဿတ္တဘာဝေါ် ဒုလ္လဘာ...

၂။ လူ့ဘုံ လူ့ဘဝကိုလဲ ရခဲ ကြုံခဲ၏။

ဒုလ္လဘာ သဒ္ဓါသမ္ပတ္တိ...

၃။ လူဖြစ်ပြန်သော်လဲ သင့်လျော် လျောက်ပတ်သော ဌာန မျက်စိ, နား, နာခေါင်း စသော ဣန္ဒြေ မချို့မယွင်းမှု ယုံကြည်မှုသဒ္ဓါတရားစသည်နှင့် ပြည့်စုံမှုကို ရခဲ ကြုံခဲ၏။

ပဗ္ဗဇိတာဘာဝေါ် ဒုလ္လဘော...

၄။ သာသနာ့ဝန်ထမ်း ရဟန်းဘဝကိုလဲ ရခဲ ကြုံခဲ၏။

ဒုလ္လဘံ သဒ္ဓမ္မဿဝနံ...

၅။ သူတော်ကောင်းတရား နာကြားရမှုကိုလဲ ရခဲ ကြုံခဲ၏- ဟူ၍ နေ့စဉ် နေ့စဉ် ဆုံးမသြဝါဒ ပေးတော်မူကြောင်း၊ ထိုထို ကျမ်းဂန်များစွာ၌ လာ၏၊ ထို့ကြောင့် မဟာဂန္ဓာရုံ ဆရာတော်ဘုရား ပွင့်တော်မူလေသည်။

သြဝါဒနည်းမသည် တရားရုံးလည်းဖြစ်၏

မဟာဂန္ဓာရုံ ဆရာတော်၏ နံနက်ခင်း သြဝါဒပေးရာ ခန်းမဆောင်ကြီးသည် အမှုကြီးယေါကို စစ်ဆေးရှာ အပြစ်ပေး ဒဏ်ပေးရာ ထရားရုံး ခန်းမထောင်ကြီးသည်း ဖြစ်၏။

မှန်၏၊- ဆရာတော်သည် ကျောင်းတိုက်နှင့် စပ်သော ပြဿနာကြီ ငယ် ကျေးလွန်ခံထားသော စာသင်သားချ ရဟန်းသာမဏေ များကို ထိသြဝါဒချိန်ဝယ် ပရိသတ်အလယ်၌ မတ်တတ်ရပ်စေ၍ ဆုံးမလေ့ရှိ၏။

အပြစ်ရှိသူ ရဟန်းသာမဏေ ကသည် ထိသြဝါဒအချိန်၌ ပရိသတ် စုံသောအခါ မတ်တတ်ရပ်ရ၏ ပြရ၏၊ ထိုအခါ ဆရာတော်က ထိုမတ်တတ်ရပ်သူကို အာဒီနဝကျောင့် မတ်တတ်ရပ်ရကြောင်း ပေး၏၊ မည်သည့် အပြစ် ကျူးလွန်မိ၍ ရပ်ရပါကြောင်း ဖြေရ၏။

ထိုအခါ ထိုအပြစ်ရှိသူ၏ ဆိုင်ရာအာမဏဆရာ ကို ခေါ်၏၊ ထို အာမဏဆရာလည်း ၎ရိသတ်အလယ် မတ်တတ်ရပ်၍၊ ထို့နောက် ဆိုင်ရာအမှုများ, ပြစ်ချက်များကို မေးမြန်းစစ်ဆေး၏။

ပြီးဆုံးသောအခါ အပြစ်အလိုက် သဒ္ဓတ် , ရေဒတ်မှ စ၍ ဆိုရာ အပြစ်ဒဏ်များကို သက်ဆိုင်ရာ အာမဏဆရာ သမားက တစ်ဆင့်ပေးရ၏။

ထိုသို့ ပြုလုပ်သဖြင့် အုပ်ချုပ်ရေး, စည်းကမ်းလိုက်နာရေး, ငြိမ်ဝပ်ပိပြားရေး၌ များစွာ အထောက်အကူပြုလေသည်၊ "ဤ ပြစ်မှုမျိုး ကျူးလွန်သူဝင် ဤအပြစ်ဒဏ်မျိုး ခံရဘတ်ပါတကား" ဟူသော အသိသည် အခြားစာသင်သား သံဃာများ ခေါင်းထဲ, နှလုံးသားထဲ သို့ ဝင်ရောက်ငြိတွယ်ပြီး ဖြစ်လေ၏။

ထို့ပြင်- သက်ဆိုင်ရာ အာမဏဆရာဘုန်းကြီးများမှာလည်း မိခဲတို့ဆိုးမှု တပည့်များအပေါ် ဆုံးမမှု, စည်းကမ်းလိုက်နာ

အောင် ပြုမူမျှား မပေါ်မဆရအောင် ပြုပြီးသားလည်း ဖြစ်၏၊ ၎င်းတို့ အနေဖြင့် ဆိုဝိဏ္ဍာအပည့်ချားအပေါ် ပြောဆိုဆုံးမရမှုဌ် လည်း အပေါ်မှ ဖိအားပေးပြီးသား ဖြစ်၏။

စာသင်ကိုက်ကြီးများဌ် ရှိထိုက်

ဤသြဝါဒချိန်းသည် စာသင်တိုက်ကြီးများဌ် မူချရှိထိုက်လှ ပေ၏၊ ယနေ့ မြန်မာနိုင်ငံဌ် စာသင်တိုက်ကြီးများရှိ သံဃာများကို ဆိုင်ရာ စာချုပ်နှစ်ဆာင်္ခ် နာယကစသည်ဘွဲ့က စနစ်တကျ မထိန်း နိုင်ခြင်းသည် ဤသြဝါဒချိန် လွတ်နေမှုပသည်း တစ်ခုအပါအဝင် ဖြစ်သည်" ဟု နွှာရုံဆရာတော်ဘုရားကြီးကလည်း ယူဆ၏၊ ယခု လက်ရှိနာယကဆရာတော်များကလည်း ဤ အတိုင်းပင် ယူဆ ယုံကြည်ကြပါသည်။

ထို့ကြောင့် မြန်မာနိုင်ငံရှိ စာသင်တိုက်ကြီးများစွာဌ် ဤ သြဝါဒချိန်ချိုး ရှိသင့်၏၊ ရှိခဲ့ပါလျှင် ယခုဝက်ပိုမိုဌ် သာသနာ ဘေဒ သန့်ရှင်းမှုပြုနိုင်လေမ့်မည်။

ဤသို့လျှင် အစစအရာရာ သာသနာနှင့် သာသနာ့ဝန်ထမ်း ရှင်ရဟန်းကောင်းများ ဖြစ်ပေါ်လာစေနိုင်သော ဤ သြဝါဒ ဒေးမူကို မဟာဂန္ဓာရုံဆရာတော်သည် တန်ဖိုးရှိစွာ အသုံးပြုတော်မူခဲ့၏။

ထို့ပြင်- ဤသြဝါဒပေးချိန်ဌ် သြဝါဒမေးပန်းမိဝယ်.... ဘုန်း ကြီးတော်(၉)ပါး, ဓမ္မာဇရိတော်(၆)ပါး, သံဃာဂုဏ်တော်

(၉)ပါးတို့ကို အလည်ဌ်ကျ ရွတ်ဆိုရှိခိုးစေခြင်းဖြင့် ဗုဒ္ဓါနုဿတိ, ဓမ္မာနုဿတိ, သံဃာနုဿတိ ဘာဝနာများကို တပည့်သံဃာ ဝါးရာ, ခြောက်ရာတို့ ထင်ပြိုင်နက် ပွားစေပြီးဖြစ်စေ၏။

ထို့ပြင်- သံဃဂုဏ်(၉)ပါး, မရဏဿတိဘာဝနာစသည် များကိုလည်း ရွတ်ဆိုပွားများစေ၏။

သြဝါဒပေးပြီး၍ ဆိုင်ရာမိမိကျောင်းသို့ ပြန်ခါနီးဌ်မှု အရပ် ဝဝ-မျက်နှာ မေတ္တာပို့မှုကို ပြုပေး၍ မေတ္တာကမ္မဋ္ဌာန်းကို ပွား စေ၏။

ထို့နောက် သမ္မညတညာဏ်တော်၏ အစွမ်းသုံးပါးကို ရွတ်ဆို ရှိခိုးစေ၍ ဗုဒ္ဓါနုဿတိဘာဝနာ ဖြစ်စေပြီးလျှင် နောက်ပိတ်ဆုံ့ဌ် ယနေ့ပြုသမျှ ကုသိုလ်အဖို့ကို မိဘ, ဆရာသမား အစရထား၍ ဥာဉ-ဘုံ သားတို့အား အမျှပေးဝေမှု-ပတ္တိဒါနကုသိုလ်နှင့် ကမ္ဘာလောကရှိ သူကောင်းကောင်းများ ပြုသမျှ, ယခု မိမိတို့အချင်းချင်း ပြုသမျှ ကုသိုလ်ကောင်းမှုတို့ကို ဝမ်းမြောက်စွာ သာဓုသံကြိမ်ခါမှု-ပတ္တာနုမောဒနာကုသိုလ်ကို ပွားစေပြီးလျှင် မိမိတို့ဆိုင်ရာ ကျောင်း သို့ ပြန်၍ တံမြက်လှည်းခြင်း, သောက်ရေပေးခြင်း စသော သေနာသနဝတ်များကို ပြုပြီးမှ ဆွမ်းခံထွက်ကြကြရလေသည်။

ဤသို့လျှင် သာသနာတော်ကြီး တည်တံ့ကြောင်း, တိုးပွား ကြောင်း, စည်ပင်ကြောင်းဖြစ်သော ဤ သြဝါဒပေးမှု လုပ်ငန်း ချိန်တွင် ဆရာတော်ဟောပြောဆုံးမခဲ့သမျှသော သြဝါဒတော် များကို အနုနာယကများဖြစ်ကြသော—

၁။ ဘုန်းကြီး ဦးပညာဇောတ၊
၂။ ဘုန်းကြီး ဦးဇနိန္ဒ၊
၃။ ဘုန်းကြီး ဦးကဝိနန္ဒ၊

စသော ပုဂ္ဂိုလ်များက မြို့နိုင်သမျှ လက်ရေးမူဖြင့် မှတ်တမ်းတင်သောအားဖြင့် နေ့စဉ်လိုက်၍ ရေးကူးထားကြပေသည်။

၎င်းကို ရေးကူးထားသော ဩဝါဒတော်များကို နာယကအဖွဲ့က အနုနာယကဖြစ်သူ အရှင်ပဏ္ဍိတာဘိဝံသအား တည်းဖြတ်စစ်ဆေးစေခဲ့ပါသည်။

ထို့ပြင် ဩဝါဒပေးချိန်၌ ကျေးဇူးတော်ရှင် မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး ကိုယ်တော်တိုင် မဟာဂန္ဓာရုံကျောင်းတိုက်သံဃာများအား, ဆွမ်းကပ်လာကြသော ဆွမ်းဒါယကာ- ဆွမ်းဒါယိကာမများအား "ဆွမ်းအနုမောဒနာ တရားများ"ကို ဟောတော်မူပါသည်၊ ကျောင်းဆောက် လှူဒါန်းကြသော ကျောင်းဒါယကာ- ဒါယိကမများအား "ကျောင်းအနုမောဒနာ တရား, ကျောင်းရေစက်ချတရား" များကို ဟောတော်မူပါသည်၊ ထို တရားတော်များကို ကက်ဆက်တိတ်ခွေများဖြင့် မှတ်တမ်းတင် ဖမ်းယူထားကြပါသည်။

ထိုသို့ ကက်ဆက်တိတ်ခွေများဖြင့် ဖမ်းယူ မှတ်တမ်းတင်ထား သောတရားတော်များကို နာယကဆရာတော် အရှင်ဣန္ဒောဘာသဘိဝံသ ကိုယ်တိုင် လက်ရေးဖြင့် ကူးယူ၍ "သာသနာ့ညွှန်ကြား

စေသော စာအုပ်မူကြမ်းများဖြစ်အောင် ပြုလုပ်ပါသည်၊ ထိုစာအုပ် မူကြမ်း-မူရေးမျိုးကိုမှ တပည့် ရဟန်း ရှင်လူ မြည်သူအများ ကြည့်ရှု မှတ်သားနိုင်စေရန် အလို့ငှာ ယခုကဲ့သို့ စာအုပ်အဖြစ် ရောက်အောင် ပို့ဆောင် မုံနှိပ်ပြန့်ဝေလိုက်ရပါသည်။

မှတ်တမ်းတင်ပါသည်

ဤကဲ့သို့ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး နေ့စဉ်လေပါင်း များစွာ, နှစ်ပေါင်းများစွာ ဩဝါဒပေးတော်မူစဉ်က အပင်ပန်း ခံ၍ ကြိုးကြိုးစားစား မရမက လက်ရေးတိုပင် မတတ်ပါတဲ့ ရိုးရိုး လက်ရေးဖြင့် လိုက်၍ ကူးယူ ရေးထား သိမ်းဆည်းပေးကြသော အနုနာယကများနှင့် ကက်ဆက်တရားခွေမှ လက်ရေးဖြင့် ကူးယူ၍ စာမူကြမ်း, စာမူရေးများကို စာအုပ်ဖြစ်အောင် ဆောင်ရွက်သော စာရင်းပါ ဆရာတော်များအား မဟာဂန္ဓာရုံ နာယကအဖွဲ့က ကျေးဇူးတင်စွာ ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

၁။ အရှင်ဣန္ဒောဘာသာဘိဝံသ (နာယကဆရာတော်)
မဟာဂန္ဓာရုံတိုက်နှစ်အမရပူရ။

၂။ အရှင်ပဏ္ဍိတာဘိဝံသ (နာယကချုပ်ဆရာတော်)
နိုင်ငံတော် ပရိယတ္တိသာသနဥာဏ်ကုသိုလ်-ရန်ကုန်။

၃။ ဦးပညာဇောတ (တိုက်သစ်ကျောင်း ဘုန်းကြီး)
မဟာဂန္ဓာရုံတိုက်နှစ်အမရပူရ။

၄။ ဦးဇနိန္ဒ (ဆုမ်းစားကျောင်းဘုန်းကြီး)
မဟာဂန္ဓာရုံတိုက်။

၅။ ဦးကတိန္ဒ (ဦးဘသိန်းကျောင်းဘုန်းကြီး)
မဟာဂန္ဓာရုံတိုက်တို့ ဖြစ်ပါသည်။

နာယကဆရာတော်မျာ
မဟာဂန္ဓာရုံကျောင်းတိုက်
အမရပူရမြို့။

၁၃၄၅-ခု၊ စ်၊ နယုဆလန်း (၁၃) ရက်။

[redacted]

အတုမဿိသော သြဝါဒ

နမတ္ထု အတုလော၀ါဒဿ

အကုလော၀ါဒဿာ-သုံးဆယ့်တစ်ဘုံ, အလုံးစုံ ကွင်, တက်မမြင်သော သြဝါဒရှိတော်မူထသော၊ တူသော သြဝ ဒရှိသော ပစ္စေကဗုဒ္ဓါ သာ၀ကာလည်း မဟုတ်ထသော၊ တူသော သြဝါဒရှိသော ပစ္စေကဗုဒ္ဓါ သာ၀ကတို့ထက် ကြီးကဲ လွန်မြတ်တော်မူထသော၊ ကာမသုခလွှိကာနုယောဂေါဝါဒ, အတ္တကိလမထာနုယောဂေါဝါဒကဲ့သို့ ယုတ်လွန်း လွန်လွန်းသော သြဝါဒကို မပြု၊ ဟိုဘက် သည်ဘက် မသာ အလယ်တည့်မတ်စွာသော စင်းချိန်ခွင်ညှာနှင့် အတူ အလှူပေးခြင်း ဒါန, ငါးပါးသီလ, ရှစ်ပါးသီလ, ဆယ်ပါးသီလ, ၂၂၇-ပါးသော သီလဘာ၀နာ ကုသိုလ်တရား တို့ဖြင့် ပြီးသော မဂ္ဂင်ရှစ်ပါး ဟူသော မဇ္ဈိမပဋိပဒေါဝါဒ ရှိတော်မူထသော၊—

ချိန်နှင့်မတူ ယုတ်လွန်း လွန်လွန်းသော သြဝါဒရှိသူ မိစ္ဆာဒိဋ္ဌိလူတို့နှင့် အယူ၀ါဒအားဖြင့် ဆန့်ကျင်ဘက် ဖြစ်ထသော၊-

ချိန်လိုမဟုတ် ယုတ်လွန်း လွန်လွန်းသော သြဝါဒနှစ်မျိုးကို ကောင်းကောင်းကြီး ချိုးဖဲ့ ကဲ့ရဲ့တော်မူလေ့ ရှိတော်မူထသော၊

ကိုယ်တော်မြတ်နှင့် အကျိုးဆောက်တူ ဆုံးမခြင်းကို ပြုနိုင်သူတို့မှ ထပ်ဆောင်းတော်မူထသော၊

အတုမရှိသော ဩဝါဒရှိတော်မူသော ဂျေးဘုရားရှင်တို့နှင့်သာ တူတော်မူထသော၊

တူသော ဩဝါဒရှိသော ပုဂ္ဂိုလ်တို့မှ ဂုဏ်အားဖြင့် တစ်ပါး တခြားချည်းလည်း ဖြစ်တော်မူထသော၊

တူသော ဩဝါဒရှိသူတို့မှ လွန်စွာ ကွာဝေးတော်မူထသော၊

သေးသေးသိမ်သိမ် နှိုင်းချိန်လောက်သော ဩဝါဒ ရှိသည်မဟုတ်၊ ကြီးကြီးကျယ်ကျယ် ပ်ဋ္ဌကတ်သုံးသွယ် အံ့ဩွယ်သော ဩဝါဒနှင့် ပြည့်စုံတော်မူ၍ အတုမရှိသော အာသုံးအမ သာသနာတော်နှင့် ပြည့်စုံတော်မူထသော။

ထား – ထို မြတ်စွာဘုရားသခင် သုံးဦးလုတို့၏ ကျေးဇူးရှင်အား၊ မေ – ဘုရားတပည့်တော်၏၊ နမော – ရှိသေညွတ်နူး အထူး ရှိခိုးခြင်းဆည်၊ အတ္ထု – ဖြစ်ပါစေဆိတည်း။

အာသနာပြု ဩဝါဒတရားတော်များ

ခေါင်းစဉ်=မာတိကာ

အကြောင်းအရာ			စာမျက်နှာ
၁။ ကိုယ့်ကိုယ်ချစ်လျှင် ကိုယ်ပြုပြင်တရားတော်			၁
ဘဝများစွာ ကြာလာပေမယ့်	—	—	၂
အကျိုးရှိအောင် စဉ်းစားမိုး	—	—	၃
ကိုယ့်ကိုယ်ကို အချစ်ဆုံး	—	—	၄
စျေးသည်မ လေးယောက်	—	—	၄
မြို့ရှိုးပေါ်တက်ပြီး အော်	—	—	၆
မိန်းမတွေ မှတ်ချက်ယူဖို့ကောင်း	—	—	၇
တင်ခိုကြီးရဲသူ	—	—	၈
ဥရိမိဖုရားနှင့် နွားချေပိုးမ	—	—	၉
ဘယ်သူ့ ပိုချစ်သလဲ	—	—	၉
ကိုယ့်ကိုယ်ကို မမုန်း	—	—	၁၂
ကုသမင်းနဲ့ ပဘာဝတီ	—	—	၁၃
ကိုယ့်ကိုယ်ကို ချစ်လျှင်	—	—	၁၇
ပြုသမျှအသစ်, ဖြစ်သမျှအဟောင်း	—	—	၂၀
အသက်ကြီးလာလျှင်	—	—	၂၃
ရဲရဲဒေါသို့ အရောကြီး	—	—	၂၄
အဖောင်းရလျှင် အဟောင်းစွန့်	—	—	၂၅
နွားသတ်ရုံဖူးပို့ ခံရတဲ့ နွားလို	—	—	၂၈
ဓမ္မကို မတားနိုင်	—	—	၃၀

အကြောင်းအရာ စာမျက်နှာ

ကိုယ်ပိုင်ပစ္စည်းဖြစ်အောင် လုပ် ၃၂
ကုသိုလ်ကို လုပ်ယူနိုင် ၃၅
သာဓုခေါ်ယူခြင်း ၃၆
ငါးပုပ်ပြားလားမှ မပျက် ၃၈
တရားလေးပုဒ် ၃၈
ဒါန-သီလ ကယ်မယ် ၃၉ ၄၀
ကိုယ်က ဟုတ်မှ ၄၁
နောက်ဘဝ ရဲရဲကြီးသူ နိုင်အောင် ၄၅

၂။ အသိဉာဏ်တိုးပွားရေးတရားတော်

နောက်ဘဝ ရှိ မရှိ ၄၉
မလွဲတဲ့လမ်းလိုက် ၄၉
ကမ္ဘာကြီးတိုးတက် ၅၂
ရွေးခေတဲ့ မြန်မာ ၅၂
စကားယဉ်ကျေး ၅၄
စာရိတ္တသွင်ပြင် ၅၄
ရွေးခေတ်အိမ်ထောင်ရေး ၅၅
တိုးတက်မှုနှင့် စာရိတ္တ ၅၇
နှစ်ခေတ်ပေါင်းလျှင် ကောင်း ၅၈
အရှုပ်နဲ့ လောင်း ၆၀
ဘုန်းကြီးလောဘ ၆၂

အကြောင်းအရာ စာမျက်နှာ

ဆာဒနာကျဆင်း ၆၅
ဝိနည်းမူထား လေးစားကြပါ ၆၅
ဝိနည်းအကျိုး ၆၇
သီလအကျိုး ၆၈
တာလူမျိုးတွေတုန်း ၇၁
ဗုဒ္ဓဝင်းကမ်း ၇၂
စာက အလိမ္မာပြ ၇၂
သာဝတ္ထီ, ဆာဂြိုဟ် နေတိုင်းထောက် ၇၃
သီဒ္ဓ ခ-မျိုး ၇၅
မလွဲတဲ့လမ်းလိုက် ၇၈
အပဏ္ဏာဇာတ်တော် ၇၉
မှုတ်ချက် ၈၈
စီးပွားရေးသီလ ၉၃
ဒီဘဝ, နောက်ဘဝ ချမ်းသာ ၉၆
ဉာဏ်အလိမ္မာ ၉၉
ရွေးကံ ၁၀၁
စိတ်တားကောင်း ၁၀၂
နတ်သမီးတစ်ယောက် ၁၀၈
နတ်ဆင်းရဲမလေး ၁၁၀
တရားကို ပို့ချစ် ၁၁၁

အခန်းအစဉ်	စာမျက်နှာ
၃။ ဗုဒ္ဓဘလို ဂျ ကျောင်းရေစက်ချတဆူးတော်	
လူဖြစ်ကျိုးနပ်	၁၁၅
အတုယူလို့ ကောင်း	၁၁၆
ရန်တုံပိုစာချုပ်	၁၁၇
သာသနာ့မှန်မြင့်	၁၂၀
သံယမမင်း	၁၂၃
ဝိဖုရားအိပ်မက်	၁၂၃
သေးမဲ့ရောက်ခဲ့	၁၂၆
အလောင်းတော်များ	၁၂၇
ရွှေဟင်္သာမင်း	၁၂၈
ကိုယ်ပွတ်မချွန်း	၁၃၂
မင်းကျင့်တရား	၁၃၄
ဘုရားအလောင်းအလှူ	၁၃၄
သီလ	၁၃၆
သူဇာတ်ကောင်းချင်းတွေ့	၁၄၁
ပါရမီဖြည့်ဆန်	၁၄၂
ပါရမီကုသိုလ်	၁၄၅
၄။ ပွဲကုန်သိမ်ကျောင်း ရေစက်ချတရားတော်	
ကပ္ပိယကုဋီ	၁၄၇
နာဃကအာဆက်ဆက်	၁၄၈

အခန်းအစဉ်	စာမျက်နှာ
သံဝိဂကျောင်း ရေစက်ချလှူပုံ	၁၄၉
သံသိကကျောင်း	၁၅၁
နန္ဒိယသူဌေး	၁၅၂
သူစိုးလာမနတ်ဘီလူး	၁၅၃
ခရုလာမ နတ်ဘီလူး	၁၅၄
မဟာကပ္ပိန်မင်း	၁၅၇
ဘုရားပွင့်တယ်ကြား	၁၅၈
ဘုရားအာရုံနဲ့ ကူး	၁၆၁
စိတ်ထားပြင်ဝ	၁၆၆
၅။ ကော်လေးပါးတရားတော်	
ရွေးက ကောင်းမှု	၁၇၁
သင့်တော်တဲ့ အရပ်	၁၇၂
မြန်မာနိုင်ငံ	၁၇၃
သံဃာအား လှူ	၁၇၇
ကံရှိလို့ ဘက်ရှိ	၁၈၂
ကုသိုလ်စိတ်တွေ	၁၈၃
ဒီလမ်းသွားကြ	၁၈၅
နိုင်ငံခကျ ဇူးတင်	၁၈၇
ဘုန်းကြီးရဲ့စက်	၁၈၉
နိဗ္ဗာန်ဟက်ဖို့	၁၉၀
သဒ္ဓါဗိုလ်	၁၉၀

အကြောင်းအရာ				စာမျက်နှာ
ကိလေသာရန်	....	....	....	၁၂၅
နိဗ္ဗာန်မှန်း	....	....	....	၁၉၆
၆။ ဆွမ်းအကျိုးငါးပါးတရားတော်				
အကျိုးငါးမျိုး	....	....	....	၂၀၁
သက်ရှည်	....	....	....	၂၀၁
ဆင်းလှ, ချမ်းသာ, ခွန်အား	....	....	....	၂၀၂
မတောင့်တဘဲ ရ	....	....	....	၂၀၅
အကျိုးမမျှော်	....	....	....	၂၀၇
သီလစင်ကြယ်	....	....	....	၂၁၃
သန့်သန့်ရှင်းရှင်း လှူ	....	....	....	၂၁၃
ဆွမ်းရေစက် ချ	....	....	....	၂၁၅
၇။ ဗောဇ္ဈင်ခုနစ်ပါး အကျယ်တော်				
ဘုရားဟောပြ	....	....	....	၂၁၇
ဘုရားရှင် မကျန်းမာ	....	....	....	၂၁၉
ဗောဇ္ဈင်အကျိုး	....	....	....	၂၂၂
အတ္တမရှိ	....	....	....	၂၃၀
နိဗ္ဗာန်အကျိုး	....	....	....	၂၃၁
ရွှင်နာမ်ဒုက္ခ	....	....	....	၂၄၃
ဘဝမှန်သမျှ သေး	....	....	....	၂၄၅
စိတ်ဘည်ကြည်	....	....	....	၂၄၉
ပင်လယ်ကျေး ၂ က်	....	....	....	၂၅၁

အကြောင်းအရာ				စာမျက်နှာ
နိဗ္ဗာန်ဆောာ	....	....	....	၂၅၂
နိဗ္ဗာန်မှန်း ကြိုးစား	....	....	....	၂၅၅
၈။ ဆွမ်းအနုမောဒနာတရားတော်				
သံသာအဖွဲ့အစည်း	....	....	....	၂၅၇
သံသာရတနာပေါ်ဖို့ ခဲယဉ်း	....	....	....	၂၆၀
အလှူခံကို ရွေး	....	....	....	၂၆၉
အကျိုးရအောင် လှူ	....	....	....	၂၇၀
ဒီလို တရားဟော	....	....	....	၂၇၁
အခန်းစိတ်သက်နှံးကြီး ဘုန်းကြီးမတတ်	....	....	....	၂၇၂
အခန်းစိတ်ဝတ်လျှင် ဂုဏ်ရှိတယ်ဟင်	....	....	....	၂၇၂
ဗုဒ္ဓခေတ်က ရဟန်းတော်များ	....	....	....	၂၇၃
ဗုဒ္ဓခေတ်က ကျောင်း	....	....	....	၂၇၄
အရှင်မဟာကဿပနှင့် ကိုရင်နှစ်ပါး	....	....	....	၂၇၅
လူရိုးကိုရင် မခံချင်	....	....	....	၂၇၆
အရှင်သာရိပုတ္တရာ ဇနပဒ	....	....	....	၂၇၇
နတ်လုံ့ဆော်တဲ့ ဝိနာဆုမ်း	....	....	....	၂၇၈
ယသောဓရာ ဇနပဒ	....	....	....	၂၇၉
ထန်းရွက်တဲ ဆွမ်းစားကျောင်း	....	....	....	၂၈၀
တံတိုင်းမလုပ်ရန် တား	....	....	....	၂၈၁
ဘုန်းကြီးနေတဲ့ ကျောင်းကလေး	....	....	....	၂၈၂
သံဃာတွေကို သာဓုနာရေးငဲ့ထိန်း	....	....	....	၂၈၄

အကြောင်းအရာ			စာမျက်နှာ
နွားပျိုသန်လု	....	....	၂၆၄
ဆေးကြယ်ကဲ့ လက္ခဏာပေါ်	....	....	၂၆၅
အခုလူတွေ သီးပျက်နေ	....	....	၂၆၆
သီလလုံအောင် နေ	....	....	၂၆၇
၉။ သံသာဂုဏ်ရည်အရှုးတော်			
အရှင်မဟာကဿပ ကြောင့်ကြ	....	....	၂၇၀
ပထမသံဂါယနာတင်	....	....	၂၇၃
စာချုပ်တွေ တာဝန်ကျေ	....	....	၂၇၆
အရှင်ယသ	....	....	၂၇၀
ပခုက္ကူဆရာကောင်ကြီးချွေး	....	....	၂၇၇
ရဟန္တာကြီးတွေစု	....	....	၂၀၁
ဒုတိယသံဂါယနာ	....	....	၂၀၁
တံဆိပြတ္တာ	....	....	၂၀၃
မြဟွာ့စည်းစိမ်နဲ့ လဲ	....	....	၂၀၄
ဗုဒ္ဓမန္တန်	....	....	၂၀၆
တိတ္ထတွေစစ်ဆေး	....	....	၂၀၀
၁၀။ တရားအားထုတ်ကြ တရားတော်			
တုရားသာသနာ ကည်ဖြူသာ	....	....	၂၉၃
ပရိယတ်ထိုးတယ်ဆိုတာ	....	....	၂၉၀
သာသနာမှာ သဒ္ဓါမျိုးစေ့အရေးကြီး	....	....	၂၉၀
မာတိကာပြီး၏။			



ကျေးဇူးတော်ရှင် မဟာဂန္ဓာရုံဆရာတော်-၏

သာသနာပြုဩဝါဒတရားတော်များ

ကိုယ်တိုက်ကိုယ်ချစ်ဆရာ ကိုယ်ဖြူဖြင့်
စာရေးတော်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

အတ္တာနံ စေ ပိယံ ဇညာ, ရက္ခေယျ နံ သုရက္ခိတံ၊
တိဏ္ဏမညတရံ ယာမံ, ပဋိဇဂ္ဂေယျ ပဏ္ဍိတော။[၁]

အတ္တာနံ – ဘဝဖန်ခါ, သံသရာက, ငါဟုစွဲဆို, မိမိကိုယ်ကို၊ ပိယံ-အရင်းစစ်လျှင်,ပြစ်မတင်ဖို့, နှစ်စဉ်မမုန်း,အချစ်ခင်ဆုံးဟူ၍၊ စေဇညာ-အခါအခါ, အရာရာဝယ်, စာနာထောက်ထား, အကယ်၍ နားလည်ငြားအံ့၊ ဝံသတိ - ကိုယ့်ကိုသာလျှင်, အခင်မင်ဆုံး, အချစ်ဆုံးဟု, လိုးလုံးခဲ့ခြား, နားလည်တဒေးသည် ရှိသော်၊ နံ အတ္တာနံ-ခုလည်းကိုယ့်ကို,နောင်ကိုယ့်ကိုယ်ဟု,သို့ကလိုသိရှိ,ထို မိမိကို၊ သုရက္ခိတံ-တရားအကြောင်းအရာ, မစောင်းပါဘဲ, ကောင်းစွာမပြတ်,စောင့်ရှောက်အပ်သည်မည်လောက်အောင်၊ ရက္ခေယျ-သတိတရား, လက်ကိုင်ထား၍, မခြားပုံဆော, စောင့်ရှောက်ခဲ့ထား၏၊ ပဏ္ဍိတော – မြို့သမျှအသစ်, ဖြစ်သမျှအဟောင်း, မကောင်းလည်းငါ, ကောင်းလည်းငါဟု, ကောင်းစွာမြင်သို့, ပညာရှိသည်၊

၁။ ဗောဓိရာဇကုမာရဝတ္ထု အတ္ထဝဂ် ဓမ္မပဒပါဠိ-၃၇။

အကျိုးရှိအောင်စဲ့လမ်းပါ ဒီတော့ လောကအလိုက် နာမည်အလိုက် ငါဘဲလို့ စွဲလမ်းအုံးတော့ အဲဒီ ငါကို စွဲလမ်းမှု ကျကျနန အသုံးချလိုက်လို့ ရှိယင် အကျိုးရှိမယ်၊ စွဲလမ်းမှု အသုံးမချဘဲနဲ့ ပေါ့ပေါ့ဆဆ "ငါကိုယ် ငါကိုယ်" လို့ ဆိုယင်တော့ အကျိုးမဲ့သွားမယ့် အကျိုးမရှိဘဲ ဖြစ်သွားမယ်၊ ဒီတော့ ဘုန်းကြီး ကိုယ်ချင်းစာတယ်။

ပရိနိဗ္ဗာန်မစံမချင်း ငါဘဲ ဘုန်းကြီးက ဟိုဘဝကလဲ ငါဘဲ၊ ဟိုလွန်ခဲ့တဲ့ ဘဝကလဲ ငါဘဲ၊ ဘဝပေါင်းများစွာကလဲ ငါဘဲ၊ ဘုန်းကြီးကတော့ မပြောင်းပါဘူး၊ တစ်ဘဝပြီးတော့တစ်ဘဝ ရုပ်တစ်မျိုးပြောင်းသွားပေမယ့်စိတ်ခံစားအကြောင်းအာရုံလျော်စွာ တစ်မျိုးနောင်းသွားပေမယ့် ဘုန်းကြီးကတော့ဘုန်းကြီးဘဲ၊ ဒကာသူတော်လဲ ရုပ်တစ်မျိုး ပြောင်းသွားပေမယ့် စိတ်နေ စိတ်ထား အပေါင်းအသင်း လိုက်ပြီးတော့ ပြောင်းသွားပေမယ့် ဟိုဘက်ဘဝ ဒကာသူတော်ကလဲ ငါဘဲ၊ ဒီဘက်ဘဝလဲ ငါဘဲ၊ ပရိနိဗ္ဗာန်စံမှချင်း နောက်ဆုံးရမယ့် ဘဝတွေလဲ ငါဘဲ။

အတ္တာနံ -ဘဝဖန်ခါ, သံသရာက, ငါဟူစွဲဆို, မိမိကိုယ်ကို၊ ဒီတော့ဒီလောက် အစွဲသန်လာတဲ့ မိမိကိုယ်ကလေးဟာ တန်ဖိုးရှိအောင် အသုံးချတတ်ဖို့လိုတယ်၊ ဘယ်လိုဘဲနဲ့ဖြစ်ရှိအောင် အသုံးချတတ်သလဲ အသုံးချရမလဲ၊ ဒါစဉ်းစားရမယ်၊ အတ္တာနံ-ဘဝဖန်ခါ, သံသရာက, ငါဟူစွဲဆို,မိမိကိုယ်ကို၊ ပိယံ-အရင်းစစ်လျှင်, ပြစ်ဖတ်ဖို့, နှစ်စဉ်မမှုန်း, အချစ်ဆုံးဟူ၍-

တိတ္ထိ-နှစ်ဆယ့်ငါးနှစ်သင့်အောင်ဆစ်၍, သုံးရစ်ပိုင်းခြား, အလွယ်သုံးပါးတို့ပင်၊ အညတရံယာမံ - ယုတ်စွအဆုံး, နောက်ပိတ်ဆုံးဟု, ခေါ်ထုံးအရ, ပစ္ဆိမအလွယ်ကို၊ ပတိဇ္ဇဂ္ဂယျ - အပြစ်မနှော့, စင်းလုံးချောအောင်, ဆေးကြောသုတ်သင်ထုလာတည်း။

သာဓု ... သာဓု ... သာဓု ...။

ဘုန်းကြီး အခုဟောမည့်တရားက "ကိုယ့်ကိုယ်ကို ချစ်ခင်ကြပါ" "ကိုယ့်ကိုယ်ကို အားကိုးကြပါ" "ကိုယ့်ကိုယ်ကို ပြုပြင်ကြပါ"လို့ ဆိုတဲ့သဘောကို ဟောမယ်၊ ဒီတရားရဲ့ ဂါထာရင်းက ဓမ္မပဒပါဠိတော်မှာ ပြတ်စွာဘုရား ဟောတော်မူတဲ့ ဂါထာဖြစ်တယ်။

ဘဝများစွာကြောလာပေမယ့် ငါဘဲ အတ္တာနံ-ဘဝဖန်ခါ, သံသရာက, ငါဟူစွဲဆို, မိမိကိုယ်ကို၊ ဘဝပေါင်းများစွာက ဘုန်းကြီးတို့ ယခု အသွင်ခါယကာ-အလှူ့အတွေ့ ချစ်လာခဲ့ကြတယ်၊ အဲဒီဘဝနဲ့ ကဏ္ဍာ အရင်းခံပြီးတော့ ပုဂ္ဂိုလ်သတ္တဝါတစ်ယောက်အနေနဲ့ ဘဝပေါင်းများစွာက ခွမ်းကာခဲ့ကြတယ်၊ အဲဒီ ဘဝပေါင်းများစွာတုန်းကလည်း ဒကာသူတော်ဟာ ဖြစ်တဲ့ဘဝမှာ ငါဘဲလို့ စွဲလမ်းနေတယ်၊ အဲဒီလို ဆက်ကာဆက်ကာ ဘဝပေါင်းများစွာ ရောက်လာလို့ ဒီဘဝကျတော့လဲ ငါဘဲ၊ အမှန်ကတော့ ရှင်နဲ့ နာမ် ပေါင်းစပ်ပြီးတော့ ဒကာသူဘော်လို့ ခေါ်နေကြတာ၊ ဒကာသူတော်ကလဲ ငါဘဲလို့ စွဲလမ်းပြီးတော့ နေတာဘဲ။

ကိုယ့်ကိုယ်ကိုအချစ်ဆုံး ဒီတော့ ဒကာဒကာမတော်က ဒီလောက်ကြီးထဲမှာ ငါ့ကိုယ်ငါ အချစ်ဆုံးဘဲ၊ ဟိုဘက်ဘဝ တုန်းကလဲ ငါ့ကိုယ်ငါချစ်ခဲ့တယ်၊ လာမယ့်ဘဝလဲ ငါ့ကိုယ်ငါချစ်မှာဘဲ၊ ငါ့ကိုယ်ငါကော့ တယ်အထိမခံချင်ဘူး၊ ကိုယ့်ကိုယ်ကိုဟာ မြတ်နိုးတယ်၊ တယ်ချစ်ခင်တယ်၊ အရာရာ လောက်ထားပြီးတော့ ကြည့်စမ်း၊ ဘယ်သူလောက် တယ်သူ့ထက် ဘဲ့ယ်သူ့ကို နှိုင်းလို့မရဘူး၊ ကိုယ့်ကိုယ်ကိုဟာ အချစ်ဆုံးဘဲ၊ အမေအဖေချစ်ပါတယ် ဆိုပေမယ့် အမေအဖေထက် ကိုယ့်ကိုယ်ကို ချစ်တယ်၊ သားသမီးတွေ အိမ်သူအိမ်သားတွေထက်ကိုယ့်ကိုယ်ကို ပိုချစ်တယ်၊ ခါလူတိုင်းလူတိုင်း ဆတ္တဝါတိုင်းသတ္တဝါတိုင်း ဒီစိတ်ရှိတယ်။

အဲဒီဟာကို အမှတ်တမဲ့ကလေးများလို့ ဆိုပြီးတော့ ငါက ငါ့သားသမီးလေးတွေ ငါ့ထက်တောင်ချစ်သေးတယ်၊ ငါ့ထက်တောင် ငါ့သားသမီးချစ်သေးတယ်၊ ကိုယ့်ကိုယ်ကိုထက်တောင် ကိုယ့်အိမ်သူကိုယ့်အိမ်သားကို အပြန်အလှန် မြတ်နိုးသေးတယ်၊ ကိုယ်ဆင်းရဲခံပြီးတော့ သူချမ်းသာတာဖြစ်စေချင်တာနဲ့ ပြောကြတယ်၊ ဩဝါအမှတ်တမဲ့ဝပြောတာပါ၊ ဩဝါအပေါ်ရဲ့ အပေါ်ရဲ့အပေါ်ရဲ့ ဟုတ်တယ်၊ ဆေးသောချာချာ နှစ်နှစ်ကာကာ ဆိုတော့ အဲဒီအဓိပ္ပါယ်မဟုတ်ဘူး၊ ဘုန်းကြီးတို့က အထောက်အထားကိုပြရလိမ့်မယ်လေး။

စျေးသည်မ လေးယောက်ဝတ္ထု

ရှေးတုန်းက ရာဇဂြိုဟ်ပြည်မှာ စျေးသည် ဒကာမ လေးယောက် စျေးရောင်းပြီးတော့ အဆက်မွေးကြတယ်၊ စျေးရောင်းပြီး အဆက်

မွေးတုန်းမှာဘဲ သား သမီးတွေနဲ့ မိဓိခင်ပွန်းသည်များကို ချမ်းသာအောင် ပြုစုကြတယ်၊ ယုယကြတယ်၊ နောက်တော့.... အချိန်အရွယ်ကောင်းတုန်းမှာ မိန်းမသားလေးယောက်ဟာ ဆုံးသွားကြတယ်၊ ဆုံးသွားတော့ သူတို့ရဲ့ စွဲလမ်းမှု, ဆွတို့ရဲ့ ရောဝ်းဝယ်တဲ့အချိန်အခါတုန်းက မတရားမှုလေးတွေက မကောင်းကျိုးပေးတာဖြစ်တော့ အဲဒီရာဇဂြိုဟ်ပြည်ရဲ့ အနီးအပါးမှာ ပြိတ္တာတွေ သွားဖြစ်ကြတယ်။

ဘယ်သူကယ်နိုင်သလဲ စောစောတုန်းက သူတို့ လူ့ဘဝတုန်းကတော့ "ငါ့ကိုယ်ငါလဲ ချစ်ပါတယ်၊ ငါ့ရဲ့ အိမ်သားကိုလဲ ချစ်ပါတယ်နဲ့" ဒီလိုအနေမျိုးနဲ့ မိမိအိမ်သားချမ်းသာယင် ပီးရောပေါ့ဆိုတဲ့ အနေမျိုးနဲ့ တရားသည်ဖြစ်စေ, မတရားသည်ဖြစ်စေ စီးပွားရှာကြတယ်၊ တော်တော်ကြာတော့ ပြိတ္တာဖြစ်သွားကြတယ်၊ ပြိတ္တာဖြစ်သွားတာ ဘယ်သူလိုက်ကယ်နိုင်သလဲ၊ မိမိအိမ်သားက လိုက်ပြီးတော့ ကယ်နိုင်သလား၊ မိမိဆွေမျိုးသားချင်းတွေက လိုက်ပြီးတော့ ကယ်နိုင်သလား၊ မကယ်နိုင်ဘူး၊ အကုသိုလ်ကံကြောင့် ပြိတ္တာဖြစ်ရိုးဖြစ်စဉ်ဖြစ်ရတာက ထားဦး၊ ကျန်ရစ်တဲ့ ယောကျ်ားတွေက နောက်အိမ်ထောင်ပြုပြီးတော့ သူတို့ စုဆောင်းထားခဲ့တဲ့ ပစ္စည်းတွေကို စားကြ, သောက်ကြ, သုံးကြ, ဖြုန်းကြတာတွေကို မြင်တော့ ပြိတ္တာမတွေက သိပ်မခံချင်တာဘဲတဲ့၊ ဒီကော့ သူတို့က—

ပြိုရိုးပေါ်တက်ပြီး အော်ကြွေး

မယံ သောဂေ သံဟရိမ့်, သမေန ဝိသမေန စ၊
တေ အညေ ပရိဘုဉ္ဇန္တိ, မယံ ဒုက္ခဿ ကာရိနံ[၁]

မယံ-ပြိတ္တာဖြစ်၍ နေကြရသော ငါတို့မျာတော့၊ သောဂေ-လူ့ဘဝတုန်းက စည်းစိမ်ဥစ္စာတို့ကို၊ သမေန စ - တရားနှင့် ညီသဖြင့်လည်းကောင်း၊ ဝိသမေန စ - တရားနှင့် မညီသဖြင့် လည်းကောင်း၊ သံဟရိမ့် - စုဆောင်းခဲ့ကြကုန်ပြီ၊ တေ - ထို ငါတို့ စုဆောင်း၍ ကားခဲ့သော ငါတို့စည်းစိမ်တို့ကို၊ အညေ - ငါတို့နောက်မှ ပေါ်လာကြကဲ့ နောက်သား နောက်ဓာတ်တို့က၊ ပရိဘုဉ္ဇန္တိ - အပင်းတယ်၍ နေကြလေကုန်၏၊ မယံ ပန - ငါတို့သည်ကား၊ ဒုက္ခဿ-ပြိတ္တာဒုက္ခ၏၊ ကာရိနံ - အဖို့ကိုသာ ရခိုခံစားနေကြရကုန်သည်၊ အမှ - ဖြစ်ကြရပါကုန်တော့သည် ထကား" လို့ ပြိတ္တာဆာဝက နေပြီးတော့ မြို့ရိုးပေါ်တက်ပြီး အော်ကြွေးတယ်၊ "ဒီတော့ဟယ်.... စီးပွားတွေ့ရှာပြီးတော့ ပြိတ္တာဖြစ်ကြရတယ်တဲ့၊ ဒီပြိတ္တာဖြစ်တော့ ဒီကို ချစ်ပါတယ်ဆိုတဲ့ယောကျ်ားတွေက နောက်မယားတွေယူပြီးတော့ကာ သူတို့ရဲ့ နောက်ယေားတွေကို ကျွေးမွေးပြီးတော့ နောက်မယားတွေက ဒီစည်းစိမ်တွေကို ခံစားရစ်ကြတယ်" လို့ ဆိုပြီးတော့ ဝမ်းပန်းနည်းစွာနဲ့ အော်ကြွေးတယ်တဲ့။

၀။ ဘောဂသံဟရပေတဝတ္ထု၊ မဟာဝဂ် ခုဒ္ဒကနိကာယ ပေတဝတ္ထု ပါဠိ- ၂၁၆။

မိန်းမတွေ မှတ်ချက်ယူစားဖို့ခက်ခင်း ဒီတော့ ဘုန်းကြီးက ကောက် ချက် ချ ရတယ်၊ မိန်းမတွေက စတွေ့ရှားအတိုင်တော့ ပြုစုမယ်၊ ဝတ္ထုရှား အတိုင်းတော့ ဆောင်းထယ်ပြီးတော့ ကျွေးမ၊ ဆောင်းထယ်ပြီး တော့ ကျွေးတဲ့အထဲက ဓာတုးပြုလိုက်လို့ ရှိယင်တော့ ဒို့ဟာ ခုနက ပြိတ္တာမတွေရဲ့ သွားလမ်း သွားနှလိမ့်ယင် ဒို့ယောကျ်းတွေကလဲ ကောင်းတာ မဟုတ်ဘူး၊ ဒို့ မျက်နှာလွဲသွားတယ် ဆိုလို့ ရှိယင် သူတို့လဲ သူတို့ အသာခံစားပြီးတော့ နေရစ်မှာဘဲ၊ ဒီတော့.... "ငါ့လောင်းပွဲ ရှာယင် အမှားမခံဘူးဟဲ့" လို့ ဟောဂါလေးဟာ လေ - ကောင်းချစ်ယူစားဖို့ တယ်ကောင်းတယ်။

အဲသကမင်းနှင့် ဥပရိဇုရှား မိန်းမသားတွေ ဘက်ကသာ ကောင်း ချက် ယူဖို့ ကောင်းသလားဆိုတော့ မဟုတ်သေးဘူး၊ ယောကျ်းတွေ ဘက်လဲ ကောက်ချက်ယူထားရအုန်းယဲ၊ ဘုန်းကြီး တို့ရဲ့ ဘုရားအလောင်း ရသေ့ဖြစ်စဉ် အခါကာလတုန်းက တိုင်းပြည်တစ်ခုမှာ အဲသက ရှင်ဘုရင်နဲ့ ဥပရိဇုရှားတို့ တိုင်းပြည်အုပ်ချုပ်ပြီးတော့ နေကြတယ်၊ ဥပရိဇုရှားဆိုကာ တစ်ယောက် လုလုပမနဲ့ အင်မတန်မှ ဆာ-လို့၊ ကိုယ့်ကိုယ်ကို အင်မတန်မှ ပြုပြင်လို့၊ ရှင်ဘုရင်ကလဲ အင်မတန် မြတ်နိုးလို့ အဲဒီလိုနေလာရာက လူချိန်ပ-ချိန်မှာ ဓိဇုရှား စုတောသွားရော၊ စုတောသွားတော့ ရှင်ဘုရင်ကလေ ထိုးစံအတိုင်း မြတ်နိုးလွန်းလို့ သူ့ ဓိဇုရှားကို မပစ်နိုင်တာနဲ့ အလောင်းကိုလေ ဆေးစိမ်ပြီးတော့ အကြားကြီး နှုန်းသေသံထဲမှာ ထားတယ်၊ မကြာ

ခဏ အလောင်းကို ကြာ့ပြီးတော့ ဝိုတယ်၊ မင်းမှုကိစ္စတွေကို ပစ်ထားတယ်၊ အဲသလိုအချိန် ဘုန်းကြီးတို့ မြတ်စွာဘုရားအလောင်းတော်က ရသေ့ဘဝနဲ့ ဟိမဝန္တာမှာ နေပြီးတော့ လောကကြီးကို ကြည့်တဲ့အခါ ဒီအကြောင်းအရာကို မြင်တယ်ကိုး။

ဓာန်ခိုးကြီးတဲ့ရသေ့ မြင်တော့ ရှင်ဘုရင်ရဲ့ ဥယျာဉ်ထဲမှာ ကြွလာပြီး သီတင်းသုံးနေခိုက် ဥယျာဉ်စောင့်ကို မြင်တာနဲ့ "အရှင်ဘုရား ... အရှင်ဘုရားတို့လို သူတော်ကောင်း ဈာန်အဘိညာဉ်ရတဲ့ ပုဂ္ဂိုလ်တွေ ရှိရက်သားနဲ့ တပည့်တော်တို့ရဲ့ ရှင်ဘုရင်မှာ ဒီလို သောကရောက်နေတာမျိုး မကယ်ဘူးလားဘုရား"လို့ လျှောက်တော့ "သင်တို့ရှင်ဘုရင်နဲ့ ငါက သိတာ မဟုတ်ဘူး၊ သင်တို့ရှင်ဘုရင်က ငါ့ဆီလာလို့ ရှိယင်တော့ ငါက ပြောရတာပေါ့၊ ယခုတော့ ငါဘယ့်နယ်လုပ်ပြီး ဟောမလဲ" လို့ အမိန့်ရှိတော့ "ဒါဖြင့်ဘုရား သီတင်းသုံးပါအုံး၊ ဘယ်မှ မကြွပါနဲ့"ဆိုပြီး ရှင်ဘုရင်ဆီသွားသံတော်ဦးတင်တယ်၊ "အရှင်မင်းမြတ် ... ဥယျာဉ်ထဲမှာ တန်ခိုးကြီးတဲ့ ရသေ့တစ်ပါး ရောက်နေပါတယ်၊ အဲဒီရသေ့က မိဖုရားရဲ့ ရောက်တဲ့ဘဝကိုတောင်မှ သိတယ်လို့ ပြောပါတယ်"၊သူကလဲ ဆွယ်တရားနဲ့ ရှင်ဘုရင်ကို ဖြားယောင်းခေါ်လာတယ်၊ မိဖုရားရဲ့ ရောက်တဲ့ဘဝတောင်မှ သိပါလိမ့်မယ်၊ သိတယ်လို့ ဆိုပါတယ်၊ ဒီတော့ "အရှင်မင်းမြတ် ... ရသေ့ဆီကို သွားပြီးတော့ ဖူးမတ္တပါအုံး"လို့ သံတော်ဦးတင်တော့ ရှင်ဘုရင်က နောက်လိုက်နောက်ပါနဲ့ ရသေ့ဆီ ထွက်လာခဲ့တယ်။

ဖူးရှိပိဖုရားနွားချေးပိုးမကြီးဖြစ် ထွက်လာလို့ ဥယျာဉ်ထဲရောက်ယင်ဘဲ" အရှင်ဘုရား မိဖုရားရဲ့ရောက်တဲ့ဘဝကို အရှင်ဘုရားသိပါရဲ့လား" "သိပါရဲ့" "ဘယ်မှာရောက်နေပါတုန်းဘုရား" "ဟာ-ဒီဥယျာဉ်ထဲမှာဖြစ်နေတယ်" "ဘာဖြစ်နေတာတုန်းဘုရား" "နွားချေးပိုးမကြီး ဖြစ်နေတယ်" ဒီတော့ ရှင်ဘုရင်ဟာ တယ်လဲမခံချင်ဘူး၊ ယုံလဲမယုံချင်ဘူး၊ မိဖုရားတစ်ယောက် စုတေသွားတာဟာ နှစ်ပြည့်ရောက်မှ ဧကျနှစ်မှာ၊ ယခုတော့ နွားချေးပိုးမကြီးဖြစ်နေတယ်လို့ ဆိုတော့ ဓကျနှစ်ဘူး။

ဘယ်သူ့ကိုပို့ချစ်သလဲ "အရှင်ဘုရား လက်တွေ့ပြနိုင်ပါရဲ့လား" "ပြနိုင်ပါရဲ့" "ဒါဖြင့် ပြစမ်းပါတုန်း"လို့ ဆိုတော့ ဘုရားလောင်းရှင်ရသေ့က တန်ခိုးနဲ့ ခေါ်ဖတဲ့ နွားချေးပိုးမနဲ့ နွားချေပိုးထီးတို့ထွက်လာတယ်၊ ထွက်လာတော့ "သင်ဘယ်လူစုနဲ့း" မိုးမကိုမေးတယ်၊ "တဝည့်တော်ဥပရိမိဖုရားဘဲ" "ကောင်းပြီ သင်ဥပရိ မိဖုရားဆိုတာစီ ဥယျာဉ်ထဲမှာ ဂျေးတုန်းက ရှင်ဘုရင်ရဲ့ စည်းစိမ်တွေ ခံစားပြီးတော့ ပျော်ပျော်ပါးပါးနဲ့ နေတာမှတ်မိသေးရဲ့လား" "မှတ်မိရဲ့" "မှတ်မိလို့ ရှိယင် အဲဒီရှင်ဘုရင်နဲ့ ယခုသင်တွေ့နေရတဲ့ နွားချိုးပိုးထီးနဲ့ ဘယ်သူ့ကိုပိုပြီးချစ်သလဲ"လို့ မေးတော့ပိုးမကြီးက ပြောတယ်၊ သူပြောတဲ့စကားဟာ အဓိတ်သဘာဝကျတယ်။

အသစ်တွေ့အဟောင်းမေ့ "အရှင်ဘုရား အသစ်ဖြစ်တဲ့ချမ်းသာဆင်းရဲက အဟောင်းဖြစ်တဲ့ ချမ်းသာဆင်းရဲကို အကုန်လုံးဖုံးထားတယ်"တဲ့ "ရှင်ဘုရင်နဲ့ တပည့်တော် ဒီဥယျာဉ်ထဲမှာ ပျော်ပျော်ပါးပါး နေခဲ့ရတယ်ဆိုတဲ့ ချမ်းသာကတော့ အဟောင်းဖြစ်နေလို့ တပည့်တော် ယခုလက်တွေ့ ပိုးထီးနဲ့ ပျော်ပျော်ပါးပါးနေရတဲ့ချမ်းသာက အသစ်ဖြစ်နေတော့ ဒီချမ်းသာက ဟိုချမ်းသာကို ဖုံးထားတယ်ဘုရား။ တပည့်တော် ဟိုချမ်းသာကို မမက်ပါဘူး၊ ယခု လက်ရှိဖြစ်တဲ့ ပိုးထီးကိုဘဲ ပိုပြီးသကာလ မြတ်နိုးပါတယ်"လို့-

နဝေန သုခဒုက္ခေန, ပေါရာဏံ အဝိဓိယတိ၊
တသ္မာ အဿကရညာ ဝ, ကိဒ္ဓေ ပိယတရော မမ။[၁]

"တပည့်တော်ယခု ပိုးထီးကိုဘဲ မြတ်မြတ်နိုးနိုးရှိတယ်၊ ဟိုဈာဝတုန်းက အဿကရှင်ဘုရင်ကို မမြတ်နိုးပါဘူး၊ အဟောင်းဟာ ဈာပည့်တော်ရဲ့ ချမ်းသာဆင်းရဲကို မပေးနိုင်ပါဘူး"လို့ နှုတ်ခြီးပိုးမှာ ပြောတယ်။

ပိုးမရဲ့ပြောစကား သဘောကျမှု ဒီသူပြောတာကို ဘုန်းကြီးက သဘောကျတယ်၊ မနေ့တုန်းက စားရတဲ့ ဝက်သားကြက်ဆား ဘယ်လောက်ကောင်းပေမယ့် ယခုလောလောဆယ်ချဉ်ပေါင်ဟင်းနဲ့ ငါးပိချက် စားရတာ

၁။ အဿကဇာတ် နတ်ဒဋ္ဌဝဂ် ဒုကနိပါတ်-၅၅။

လောက် အယ်သူမြိန်မှာလဲ၊ မနေ့တုန်းကစားရတဲ့ဥစ္စာ မနေ့တုန်းက ပြီးသွားပြီ မဟုတ်လား၊ အဲဒါကြောင့်လေ ပိုးမရဲ့ ပြောတဲ့စကား ဟာ သဘာဝကျလွန်းလို့ "အဟောင်းဖြစ်တဲ့ချမ်းသာဆင်းရဲတွေကို အသစ်ဖြစ်တဲ့ ချမ်းသာဆင်းရဲက လွှမ်းသွားလို့ ဖုံးသွားလို့ တပည့်တော် အဿက ရှင်ဘုရင်ထက် ယခုပိုးထီးကိုဘဲ ပိုပြီးသကာလ ခင်မင်ပါတယ် ချစ်ပါတယ်" လို့ အဲသလို လျှောက်လိုက်တော့ အဿက ရှင်ဘုရင်ရဲ့ စိတ်ထဲမှာလေ စွဲလမ်းနေတဲ့ စိတ်တွေဟာ တစ်ခါတည်း ပျောက်ပြီးတော့ မှုးကြီးမတ်ကြီးတွေဆက် လှည့်ပြီး "မောင်မင်းတို့ နန်းတော်ထဲမှာ ဆေးစိမ်ထားတဲ့ အလောင်းကို ချက်ချင်းထုတ်ပြီးတော့ သင်္ဂြိဟ်ဖစ်လိုက်ကြ"လို့ အဲသလို အမိန့် ပေးတယ်၊ တစ်ခါတည်း သောကတွေဘာတွေ ပျောက်ပြီး အာမှ လွှမ်းတဲ့စိတ်တွေ မရှိတော့ဘူး၊ အဲဒီ လွှမ်းတဲ့စိတ်တွေ ပျောက်ပြီး သကာလ မင်းထုံးစံအတိုင်း မင်းမှုထမ်းတွေကို လိုက်ပြီးသကာလ စီမံပြီးတော့ ကောင်းကောင်း မင်းလုပ်ပြီး အုပ်ချုပ်သွားတယ်ဟဲ့။

အဿကမင်းဘက်ကနေကြည့် ဒီတော့ စဉ်းစားကြည့်လေ ခင်ဗျား ပန်းလေးတွေ့ တွေ့ကြတာ့ ခင်ဗျား ပန်းလေးတွေလို့ ခင်ဗျားမင်တယ်နဲ့ ပြောကြတာ၊ တကယ်တော့ အဿကရှင်ဘုရင်ဘက်ကနေ ကြည့်လို့ ရှိဖစ် "အော်... ဟိုတုန်းကလဲ ငါ့ကိုငါ အချစ်ဆုံး၊ ယခုလဲဘဲ ပိုးမကြီးပြောတဲ့ စကားကို ထောက်လို့ ရှိဖစ် သူ့ကို ငါက ဘယ်လောက် မြတ်နိုးတယ်လို့ ဆိုပြီးတော့ ဆေးစိမ်ထားပေမယ့် အမှန်ကတော့ သူက ငါ့ကို ချစ်တာ မဟုတ်တော့ဘူး၊ ငါ့ကိုယ်ငါ အချစ်ဆုံးဘဲ ဓါကြောင့်-

"အတွေးနဲ့အဖန်ခါ သံဃာကတော့ ငါတို့ဆီသို့ ဝိမိုက္ခိုဝိ ပိယံ- အရင်းစစ်လျှင် ပြစ်မတင်ဖို့ နှစ်စဉ်မမှန်း အချစ်ခံပြီးသုံး ဟူ၍" လို့ ကိုယ့်ကိုယ်ကို အချစ်ခံဆုံးပါ။

အချစ်ဆုံးကို မှန်းနိုင်ကြ ခါကြောင့် သားချစ်တယ်၊ ဘား အတွက် ၉ စီးပွားတတ်မဆုံးသည် ဖြစ်စေ့ တရားသည်ဖြစ်စေ ချာလိုက်ခံယ်လို့ ဒီလို လုပ်ပါနဲ့ အဲဒီ ချစ်ပါတယ်ဆိုတဲ့ သမီးကလေး တစ်ခါတစ်ခါ အဖေ့စကား ကို နားမထောင်ဘူးဆိုလို့ ဈာန် လွှတ်တော်လည်း "အချစ်ဆုံးသမီး ပေမယ့် အမှေပြတ်ကြောင့်" ဖို့ ရက်မကစ်စက်စက် မှန်းနိုင်ကုတယ်၊ ပြီးတော့ ဘုန်းကြီးက စဉ်းစားကြည့်တယ်၊ ဟုတ်တယ် တယ်သူဖြစ် ပြီ အင်မတန် အားတိုက်ပါတယ်ဆိုတဲ့ ထစ်အားနဲ့ဆိုလို့ ဒီယင် "အား...ဘဲ့ကြောင့် ညာကြောင့်" လို့ ဆိုပြီးတော့ သူ့အသံပါ မှာ အပြစ်ရှာလို့ မတယ်။

ကိုယ့်ကိုယ်ကို မမှန်း ဘုန်းကြီးကို ဘုန်းကြီးလေ "ငါ့ကိုယ် ငါ မျှား မှန်းတဲ့အလုပ်မျိုး ရှိခဲ့ဖူးလို့ တစ်ခါတစ်ခါ ပြန်ပြီး တော့ စစ်ကြည့်တယ်၊ ဥပမာ— အသက် နှစ်ဆယ်လောက်က မှန်းကြည့်လဲ ကိုယ့်ကိုယ်ကို အင်မတန် ယုယုယယ၊ အဆက်နှစ်ဆယ်လောက် မှန်းကြည့်လဲ ကိုယ့်ကိုယ်ကို အင် မတန် ယုယုယယ၊ ယခု ကြီးလာတဲ့အခါကြတော့လဲ "အို— ဘုန်းကြီးကျန်းမာရေးကို ဂရုစိုက်ရဘူးတယ်၊ မလိုက်ပါရစေနဲ့ ပဲ့ကို သာတွေ့လို့ပါဘုရား ဆိုလို့ မလိုက်ခဲ့ရစေနဲ့" လို့ ပြောရ ကိုယ်။

အစအနာပျက်မှုစိုး အစဉ် "ကျွန်တော်ကိုကျောင်း တိုက်မှာ ရှာဖို့မနေ စီးပွားပါတယ်" ကို တော့ ကောင်းနဲ့ ဖောယ်လို့ ဘုန်းကြီးကျန်းမာရေး အရေးကြီး ကာ ဘုန်းကြီးကျောင်းမှာ အလုပ်တွေများတယ်၊ "ကဲ ဝဋ်ကြွေးထိ ကိုယ့်ကိုယ်ကို ဘာမှလောက်ယုယစနဲ့တုန်း" သည်ဖြင့် ဒကာ ဒကာ မတော့ ဘုန်းကြီးကို အဝေးမစိုက်ပါဘူး၊ စိုက်ပါရဲ့၊ စိုက်ပေမယ့် ကိုယ့်ကိုယ်ကိုလောက်ကို ဂရုမစိုက်နိုင်ဘူး၊ အဲဒီလောက် ဘုန်းကြီးက ဒီတရားကိုမှေ့လေ့ရှာသူတော်လေ ယောဂတယ်၊ ဘုန်းကြီးကိုယ် ဘုန်းကြီးလဲတဲ့ တရားကျပြီ သား တရားဖြစ်တယ်၊ ဒီအသုံ "အရှင်ဘုရားက စာပည်တော်တို့လို အိုးနဲ့ အိမ်နဲ့ သားနဲ့ ယောနဲ့ မနေရလို့ ကိုယ့်ကိုယ်ကို အချစ်ဆုံးဆိုယဉ် ဆိုပြတ်လို့ ရပါလိမ့်မယ်၊ တပည့်တော်မှလို ဆိုတဲ့ ဆုံးဖြတ်လို့ ချွင်မှ ရမှာပါ" ဆိုကော့ ဘုန်းကြီးက ကောက်ချက် အမျိုးမျိုး ကို လျှောက်ကြည့်တယ်၊ ဒီလောကကြီးထဲမှာ ပါရမီပြည့်မှီတော်ဆိုလို့ ရှိယင် ဦးစားပေးကြတာကိုး။

ကုသမင်းနဲ့ ပစ္စေကဗုဒ္ဓ အဲဒီလို ပါရမီပြည့်ဖက်ဖြစ်လို့ ဦးစား ပေးကြတဲ့အထဲမှာ ဘုရားအစေ့လောင်းနဲ့ ထေရော်ဓရတို့ အလောင်းထက် ပိုပြီးကော ပါရမီပြည့်ဖက် ကယ် သူမှ မရှိကြဘူး၊ လေးအာသင်္ခေနဲ့ ကမ္ဘာတစ်သိန်းက စမြဲနော ပါရမီပြည့်လာခဲ့တယ်၊ အဟူတူမကြာခင်က ဖြစ်လာခဲ့သား၊ ဥပဓါ လောက် နှစ်နှစ်ကာကာ ရဟံးရင်းနှီးနှီးဖြစ်လာခဲ့တဲ့ အလောခဲ့ ၂-

မှာ ဘုရားအလောင်းက ကုသမင်းတဲ့၊ ယသော်ခရာအလောင်းက ပဘာဝတီမိဖုရားစဲ့၊ တကယ်ဆိုတော့ ပါရမီဖြည့်ဖက် မဟုတ်လားနော်၊ ဘုရားအလောင်းကြီး ဘယ်လောက် အရွယ်ဆိုးတယ် ဖြစ်ဖြစ် ပါရမီဖြည့်ဖက်ဘဲ၊ ကျေကျေနပ်နပ်နဲ့ နှစ်နှစ်သက်သက် မေတ္တာရှိရမယ်၊ အခု မဟုတ်ဘူး၊ ပါရမီဖြည့်ဖက်ဆိုတဲ့ ပဘာဝတီ အ-လေ အရွယ်ဆိုးလို့တဲ့ ဘုန်းကြီးရဲ့ အလောင်းတေ ကြီးကို "မချစ်မနှစ်သက်နိုင်ပါဘူး" ဆိုပြီးတော့ ပစ်သွားလိုက်ဘာလေ၊ ဘုန်းကြီးက "အလကားပါ၊ ပါရမီဖြည့်ဖက်လဲ ဟုတ်တာ မဟုတ်ပါဘူး"၊ အကယ်၍များ ဘုရားအလောင်း ကုသမင်းက အဲဒီ အချိန်မှာ ရွပ်ရေက လှလှပပ ဆိုလို့ရှိယင်တော့ ပဘာဝတီက ပါရမီဖြည့်ဖက်ဆိုတဲ့ အနေမျိုးနဲ့ နေရာကျမှာပေါ့၊ ယခုတော့ အရွယ်ဆိုးလိုက်တာနဲ့တဲ့ ပဘာဝတီက မုန်းတယ်တဲ့။

ပါရမီဖြည့်ဖက်လဲ မယုံရ ဒါကြောင့် ပါရမီ ဖြည့်ဖက်ကလဲ မယုံရဘူး၊ လေးအသခြေနဲ့ ကမ္ဘာတစ်သိန်း ပါရမီဖြည့်ဖက်ဖြစ်တဲ့ အလောင်းတော် ၂-ပါးထောင်မှ အကြောင်းအားလျော်စွာ မယုံရသေးတာဖြစ်တော့၊ အို- ဝတ္ထုရာအတိုင်းသာ ဆက်ဆံကြ၊ ဝတ္ထုရားအတိုင်းသာ စောင့်ရှောက်ကြ "ဟို ဘယ်သူဟာ ငါ့အပေါ်မှာ တကတဲ့ သူ့ကိုယ်ထက်ဟောပဲ ချစ်သေးတယ်" ဆိုတဲ့ ဥစ္စာအရေးရှိယင် မဟုတ်ဘူး၊ ဘုန်းကြီးက ဒီဟာကို ကောက်ချက်ချထားတော့ "ဘယ်သူကတော့ ကျောင်းအမဲတဲ့၊ ဘယ်သူကတော့ ကျောင်းအမဲတဲ့၊ ငါ့ကို အင်မတန် အရေးစိုက်တာဘဲ" လို့ ဆိုပေမယ့် ဟုတ်ပါလိမ့်မယ်၊ သူတို့ကိုယ်

သူတို့ အရေးစိုက်တာလောက် မရောက်ပေမယ့် နည်းနည်းတော့ အရေးစိုက်ပါလိမ့်မယ်၊ ဒါပေမယ့် သူတို့ကိုယ်သူတို့ အရေးအစိုက်ဆုံး နေမှာပါ။

ကိုယ့်ကိုယ်ကိုတော့ ညှာ ဒါ့ကြောင့် "ကိုယ့်ကိုယ်ကိုလေ ဘယ်တော့မှ လွန်လွန်မင်းမင်း အနစ်နာမခံလေနဲ့" လို့ ဘုန်းကြီးက အမြဲသတိထားတယ်ကိုး.... အတ္တဒုက္ခ- ဘဝဖန်ခါ ဆံသရာက, ငါဟု စွဲဆို့ မိမိကိုယ်ကို၊ ဗိုယံ — အရင်းစစ်လျှင်, ပြစ်မှားဖို့, နှစ်စဉ်မမှုန်း, အချစ်ခင်ဆုံးဟူ၍- ဘယ်တော့မှ ကိုယ့်ကိုယ်ကို အပြစ်မတင်ဘူး၊ ဒါဖြင့် "အရှင်ဘုရား.... တစ်ခါတလေများ အလဲတော့ မပါဘူးလား"၊ "အို- ငါလဲကော ငါ့ဘာသာလဲတဲ့ဥစ္စာ ဘာဆိုင်တုန်း" ဆိုပြီးတော့ ကိုယ့်ကိုယ်တော့ ကျေနပ်တယ်လေ၊ ညှာလိုက်တယ်လေ၊ ကိုယ့်ကိုယ်ကိုတော့ "အဲဒီ နေရာမျိုးမှာ ကိုယ်တော်လေ သံဃာတော့ကို တကတဲ့ စိတ်ဆိုးမာန်ဆိုးနဲ့ မငေါက်သင့်ဘူး၊ အရှင်ဘုရား အဲဒါလဲတာဘဲ" လို့ ဆိုယင် "အို- ငါဘာလဲရမှာလဲ၊ သူတို့ကိုယ်က မတော်လွန်းလို့ ငေါက်ရတာ၊ မငေါက်လို့ ရှိယင် သူတို့က ကမ်းတက်လာမှာပေါ့" ဆိုပြီးတော့လေ ကိုယ့်ကိုယ်ကို အမြင်မတော်အောင် စိတ်တော့ ဘာတွေ ဆိုးလဲတဲ့ ကိုယ့်ကိုယ်တို့တော့ ညှာတယ် သိလား...။

ကိုယ့်သား မုန်းနိုင် ဗိုယံ — အရင်းစစ်လျှင်, ပြစ်မှားဖို့, နှစ်စဉ်မမှုန်း, အချစ်ခင်ဆုံး ဟူ၍၊ ဧစ ဇညာ— အခါခါ, အနုရုဝယ်, စာနာထောက်ထား, အကယ်၍ နားလည်

ငြားအံ့။ ထောက်ကြည့်ပါ့၊ ဘယ်နေရာမျိုးမဆို ထောက်ကြည့်ပါတဲ့၊ သားကလေးချစ်တယ်၊ ကိုယ့်စကား နားထောင်မနေလို့၊ သားကလေးက ကိုယ့်ကို ဂုဏ်ရှိအောင် လုပ်နေလို့ "ဟာ ကျွန်တော့် သားတဲ့၊ ကျွန်တော့် သားတဲ့၊ သားကလေးက ဂုဏ်ရှိတဲ့ခဲ့လဲ ကျွန်တော့် သားတဲ့၊ ကျွန်တော့် သားတဲ့" နဲ့ အဲဒီလို သားကလေးက မတော်မတရားလုပ်လိုက်လို့ နာမည် ပျက်သွားပြီဆိုတာ "ဟာ ဘာမ-သား၊ ညာမ-သားနဲ့ အမျိုးကိုက ဘယ့်နယ် အမျိုးလား၊ ကျပ်ကလေ ဒီကောင့်လား နဂိုက ကိုယ့်သားမို့ လို့ သာ နည်းနည်းလေး အရေးစိုက်ရတာ၊ မထင်ပါဘူး၊ ခင်ဗျားတို့ အမေဖက်ကကိုက မဟန်ပါဘူး၊ ဘာညာနဲ့ ဓီသားကို မုန်းပစ်လိုက်တာ သိလား။

သမီးမုန်းနိုင် တစ်ခါသမိုးကော "ဟာ- အင်မတန် လိမ္မာတဲ့ သမီး၊ ကျုပ်သမီး ဒါက ကျုပ်သမီး၊ အင်မတန် လိမ္မာ အင်မတန် လိမ္မာ၊ ကိုအိမ်ရေးကိစ္စတွေ ဘာတွေဆိုတဲ့ ဥစ္စာ သမီးအကုန်လုံး လွဲနေပါတဲ့" စသည်အားဖြင့် ပြောလို့ သူ့ဂုဏ်ရှိအောင် လုပ်ပေးနေတုန်းမှာ သူ့အင်မတန် ချစ်တယ်၊ အမှန်လဲ ချစ်ပါတယ်၊ ပရိယာယ်ပြောတာ မဟုတ်ဘူး၊ သူ့ဂုဏ်ရှိမှာအောင် လုပ်ပေးနေတဲ့အချိန်မှာ ဒီသမီးကို အင်မတန်ချစ်တယ်။

တော်တော်ကြာတော့ သမီးက ခလေး သူသဘောမကျတဲ့သူနဲ့ လိုက်ပြေးပါရော့တဲ့၊ "အမေ့ပြတ် ဒီကောင်မ၊ ဒီကောင်မ အမေ့ပြတ်၊ ငါ့သမီးတစ်ပြားမှ မပေးဘူး၊ အကုန်လုံး ငါ သုံးပစ်မယ်သိလား၊ လူပစ်မယ် သိလား၊ တစ်ပြားမှ မပေးဘူး၊ ကဲ-မုန်းလိုက်တာ၊ ကိုယ့်မျက်ပေါ်လေ တစ်စုံတစ်ခု မတော်မတရားဖြစ်မိ

တယ်ဆိုလျှင်ဖြင့် "အောင်မယ် ငါစိုးထားတဲ့ပစ္စည်း ငါသုံးဖျာပေါ့၊ ငါမသုံး တယ်သူသုံးမှာလဲ၊ ငါ့ပစ္စည်း ငါသုံးချင်တာ သုံးမယ်" သူ့ကိုယ်သူအော့ ဘယ်တော့မှ အာပြစ် မတင်ဘူး။

ဟာ- အချစ်သုံးဖြစ်တဲ့သား၊ အပြစ်တင်နိုင်တယ်၊ အချစ်သုံးဖြစ်တဲ့သမီး သူ့ကို နာမည် ပျက်အောင်လုပ်တယ် ဆိုလို့ ရှိလျှင် မုန်းနိုင်တယ်၊ ဒါ့ကြောင့် အရာရာကို ထောက်ကြည့်ပါ၊ ကိုယ့်ကိုယ်ကိုဟာ အချစ်သုံးဘဲ။

ကိုယ့်ကိုယ်ကိုချစ်လျှင်စောင့်ရှောက် အတ္တာနံ-ဘဲဝဖန်ခါ,အံ့ဆရာက, ဓါဟုစွဲဆို့, မိမိကိုယ်ကို၊ ပီယံ- အရင်းစစ်လျှင်, ပြစ်မှားငဲ့ဖို့, နှမ်စဉ်မမုန်း, အချစ်ခင်သုံး ဟူ၍၊ ဓေဇ္ဇာ - အခါခါ, အရာရာဝယ်, စာနာထောက်ထား, အာယ်၍ နားလည်ပြားအံ့၊ ဝေဿတိ - ကိုယ့်ကိုအာလျှင်, အခင်မင်ဆုံး, အချစ်ဆုံးဟု, လုံးလုံးခဲ့ပြား, နားလည်လားဆည်ရှိသော်၊ နံ အတ္တာနံ- ခုလည်းကိုယ်ကို, နောင်ကိုယ်ကိုဟု, သို့ကလိုသိရှိ, ထိုမိမိကို၊ သုရက္ခိတံ-တရားကြောင်းအရာ, မစောင်းမဘဲ့, ကောင်းစွာပြုတ်, စောင့်ရှောက်အပ်သည် မည်လောက်အောင်၊ ရက္ခေယျ- သတိတရား, လက်ကိုင်ထား၍, မခြားပုံသော, စောင့်ရှောက်လေရာ၏...တဲ့။

ကိုယ့်ကိုယ်ကို ချစ်ပြီးတော့ အရမ်းမဲ့ ချစ်နေရုံနဲ့ မပြီးဘူး၊ ကိုယ့်ကိုယ်ကို ချစ်လို့ ရှိလျှင်- "အတ္တာနံ-ခုလဲကိုယ့်ကိုယ်, နောင်ကိုယ့်ကိုယ်ဟု, သို့ကလိုသိရှိ, ထိုမိမိကို၊ သုရက္ခိတံ- တရားကြောင်း

အရာ, မစောင်းပါဘဲ, ကောင်းစွာမပြတ်, စောင့်ရှောက်အပ်သည်မည်လောက်အောင်။

ကျန်းမာပညာ စီးပွား ကြီးစား ကိုယ့်ကိုယ်ကို အချစ်ဆုံးဆိုလျှင် စောင့်ရှောက်နေ၊ ကိုယ့်ကိုယ်ကို မပျက်စီးစေနဲ့၊ ကလေးလေး ကျောင်းသားအရွယ် ဒီတရား နားလည်လို့ ရှိလျှင် ကြီးစားပြီးတော့ ပညာသင်၊ တော်တော် ကြာတော့ မင်း ပညာမဇာတ်လို့ ရှိလျှင် အောက်တန်းကျသွားလိမ့်မယ်၊ ဟော ကိုယ့်ကိုယ်ကိုချစ်လျှင် ကြီးစားပြီးတော့ သင်ပါ၊ အရွယ်လေးတော်တော်ရောက်လာလို့ စီးပွားရှာရမယ့်အချိန်ကျလို့ ရှိလျှင် ကိုယ့်ကိုယ်ကို အချစ်ဆုံး၊ စီးပွားကို ကြိုးစားရှာမှ၊ စီးပွားမရှိလို့ ရှိလျှင် လူရာမဝင်ပေဘူး၊ တော်တော်လေး ကြာတော့ အိမ်ထောင်ရက်သားကျလို့ အိမ်နဲ့ ယာနဲ့ နေလို့ ရှိလျှင်လဲ အောက်ကျမယ်၊ မင်းချစ်တဲ့ အိမ်သူကလဲ အောက်ကျမယ်၊ မင်းတို့ရဲ့ အဆက်အပွားဖြစ်တဲ့ သားသမီးတွေလဲ အောက်ကျနောက်ကျဖြစ်ကုန်မယ်၊ ဒီတော့ မင်းလေးမတော်မတရားမနေလိုက်ပါနဲ့၊ မင်းကိုယ်မင်း ကျန်းမာရေး ဂရုစိုက်ပါ၊ မင်းကိုယ် မင်းစီးပွားရေး ဂရုစိုက်လိုက်ပါ၊ ပေါင်းသင်းဆက်ဆံရေး မိတ်ဆွေကောင်းတွေ တွေ့အောင်ရှာလိုက်ပါ။

စီးပွားမတရားမရှာနဲ့ ဟော ကိုယ့်ကိုယ်ကို အချစ်ဆုံးဆိုလို့ ရှိင်လျှ စီးပွားရေးဘက်က တယ် ကောင်းတယ်၊ သုရက္ခိတံ-တရားကြောင်းအရာ, မစောင်းပါဘဲ, ကောင် စွာမပြတ်, စောင့်ရှောက်အပ်သည် မည်လောက်အောင်၊

တော်....စီးပွားရှာတော့ မတရားမရှာလိုက်နဲ့ ဘာဖြစ်လို့လဲ၊ ကြည့်လေ တစ်အိမ်လုံးစားနေတဲ့ အစားတွေကို မင်းက မတရားရှာပြီးတော့ကျွေးလျှင် နောက်ဘစ်ဘဝ မကောင်းကျိုး ခံစားရတဲ့အခါကျတော့ ဒီထဲက တစ်ယောက်မှ ပါမှာမဟုတ်ဘူး၊ မင်းခံရလိမ့်မယ်၊ ကြည့်စမ်း ဘုန်းကြီးဟောသွားတဲ့ တရားထဲမှာ ဈေးသည်မတွေ့ခံရပုံတွေကြည့်စမ်း၊ ဘုန်းကြီးဟောသွားတဲ့ တရားထဲမှာ ဥပရိမိဖုရား ပစ်ပစ်ခါခါပြောပုံတွေ နားထောင်စမ်း၊ ဘုန်းကြီးဟောသွားတဲ့ တရားထဲမှာ ရေစက်ဖက်ကြီးလို့ ဆိုတဲ့ ဘုရားအလောင်းနဲ့ ယာဿောရောအလေခင်းတို့ရဲ့ ကုသမင်းဘဝ ပဘာဝတိဘဝကို လှမ်းပြီးစဉ်းစားစမ်း၊ မင်းမတရား စီးပွား မရှာလိုက်နဲ့နော်။

အိမ်သူကလဲသတိထား အိမ်သူဖြစ်တဲ့သူကလဲ "အင်းကိုယ့်ကိုယ်ကို ညည်းနော် ကိုယ့်ကိုယ်ကိုသတိထားနော်၊ စီးပွားမတရား မရှာလိုက်နဲ့၊ ညည်းကိုညည်း ကျန်းမာရေးကိုဂရုစိုက်၊ ညည်းကတပင်တပန်းနဲ့ တကထဲ ဖတ်ဖတ်မောအောင် စီးပွားတွေရှာပြီးတော့ ညည်းဟာ ပိန်ခြောက်ပြီးတော့ ညည်းဟာလူရာမဝင်ဘူးဆိုလို့ ရှိလျှင် ညည်းလူက ညည်းကိုဆထင်သေးမှာ၊ ဒီတော့ ညည်းကိုညည်းလေ သတိထားလိုက်စမ်း၊ ကျန်းမာရေးကို သတိထားလိုက်စမ်းပါ၊ ဒီဘဝအတွက် စီးပွားရေးကို မကုန်တန်မကုန်ရအောင် သတိထားလိုက်စမ်းပါ။ ဒီဆဝ အတွက် ရှာဖွေတဲ့အခါမှာ အကုသိုလ်ပါပြီးတော့ မရှာလိုက်စမ်းပါနဲ့။

ဈေးသည်မျှား ဝတ္ထုစဉ်းစား ဘုန်းကြီး ဟောသွားတဲ့ တရားထဲမှာ ကြည့်စမ်း၊ ဈေးသည်မတွေလေ မတရားစီးပွားရှာပြီးတော့ ပြီတွာဖြစ်ကြတယ် တဲ့၊ ဈေးသည်မတွေ ပြိတ္တာဖြစ်တော့ ယောကျ်ားတွေကများ လိုက်ပြီး ဘာလေ ဈေးသည်မတွေ ပြိတ္တာဆီကို အကူအညီပေး သလားလို့ ဆိုတော့ ဘယ်ဟုတ်မလဲ၊ အူတို့က နောက်အိမ်ထောင်တွေနဲ့ ချမ်းချမ်းသာသာ နေလိုက်ကြတာပေါ့၊ ဒီတော့ ဒီတရားတွေ ကိုလေ ကိုယ့်စိတ်ထဲမှာ စဉ်းစဉ်းစားစားစဉ်းစားပြီးတော့ မတရား မရှာလိုက်စမ်းပါနဲ့။

ကိုယ့်ကိုယ်ကို ကျွန်းကျွန်းမာမာ ချမ်းချမ်းသာသာဖြစ်အောင် နေပြီးတော့ တရားသဖြင့် စီးပွားရှာစမ်းပါ၊ ကိုယ့်ကိုယ်ကို မတရား စီးပွားရှာလို့ ရှိလျှင် ကိုယ် နစ်နာလိမ့်မယ်၊ အဲဒီလို စိတ်ထဲမှာ စွဲပြီးတော့ ငါ့ကိုယ်ငါ ကောင်းအောင် နေမယ်၊ ငါ့ကိုယ်ငါ သူတော်ကောင်း ဖြစ်အောင်နေမယ်၊ ငါ့ကိုယ်ငါ ကျန်းမာအောင် နေမယ်၊ ငါ့အိမ်သူ အိမ်သားတွေရဲ့ ဝတ္ထုရား ငါ စောင့်ရှောက်ပေးမယ်၊ ဝတ်ကျေအောင် ငါ ကောင်းကောင်း စောင့်ရှောက်ပေးမယ်၊ ထင်ရှားတဲ့ အမျိုးသမီးကောင်းတစ်ယောက်ဖြစ်အောင် ငါ ကြိုးစားမယ်၊ ထင်ရှားတဲ့ အိမ်ထောင်သည် တစ်ယောက် ဖြစ်အောင် ကြိုးစားမယ်၊ ဟောသလိုဘက်ကကြိုးစားပါ၊ မတရား စီးပွားရှာပြီးတော့ မတရား လုပ်ကိုင် ကျွေးမယ်ဆိုတဲ့ စိတ်မျိုး ကိုတော့ နည်းနည်းကလေးမှ မထားလိုက်ကြနဲ့။

ပြုသမျှအသစ်, ဖြစ်သမျှ အဟောင်း ငါသာတိ – ကိုယ့်ကိုယ့်ကို သာလျှင်, အခင်မင်ဆုံး, အချစ်ဆုံးက, ကယ်လုံးခဲ့ခြင်း, နားလည်သားသည် ရှိသော်၊ နံ အတွာနံ – ခုလည်း ကိုယ့်ကိုယ်, နောင်ကိုယ့်ကိုယ်ဟု သို့ကလိုသိရှိ, ထို မိမိကို ဟရတ္တိတံ – တရားကြောင်းအရာ, မစောင်းပါဘဲ, ကောင်းစွာမပြုတ်, စောင့်ရှောက်အပ်သည် မည်လောက်အောင်၊ ရက္ခေယျ – သတိတရား, လက်ကိုင်ထား၍, မခြားပုံသေ, စောင့်ရှောက်လေရာ၏၊ ပဏ္ဍိတော-ပြုသမျှအသစ်, ဖြစ်သမျှအဟောင်း, မကောင်းလဲ ငါ, ကောင်းလဲ ငါဟု, ကောင်းစွာ မြင်သို့, ပညာရှိသည်....

စဉ်းစားလိုက်စမ်းနော်....၊ ယခုဖြစ်နေတဲ့ဥစ္စာတွေ အဟောင်းချည်းဘဲ၊ ဒီအဝမှာ, အမျိုးကောင်းထဲမှာ ဖြစ်လာပြီဆိုလျှင် ရှေးတုန်းက မာန်မာနတွေမရှိဘဲနဲ့ ကောင်းခဲ့လို့ ငါ အမျိုးကောင်းထဲလာဖြစ်တယ်၊ ရှေးက အဟောင်းတွေ လာဖြစ်တယ်၊ ဒီဘဝမှာ ရုပ်အဆင်း လှလှပပလေး လာဖြစ်တယ်ဆိုလို့ ရှိယင် ရှေးတုန်းက ငါ ဒေါသကြီးဘဲနဲ့ စောတ္တာထားပြီး အေးအေးလေးဆေး နေခဲ့လို့ ရုပ်အဆင်း လှလှပပ လာဖြစ်တယ်၊ ဒီဘဝမှာ အရုပ်ဆိုးဆိုးကြီး လာဖြစ်လို့ ရှိလျှင် ရှေးတုန်းက ငါ့လေ ဒေါသကြီးခဲ့လို့, ဒေါသကြီးတယ်ဆိုတဲ့ဥစ္စာမှာ လှနေတဲ့သူတောင်မှ မျက်နှာတွေ ဘာတွေ ပျက်သွားသေးတယ်၊ ဒီတော့ ဒီဒေါသ အကျိုးပေးလို့ ရှိလျှင်ဖြင့် ရောက်လေရာရာဘဝမှာ မလှတဲ့အကျိုးပေးမှာဘဲ။

ဒီဘဝမှာ ပြုပြင်ပါ ဒီတော့လေ ငါဒီဘဝမှာ ဒေါသမကြီး စေရဘူးဟဲ့၊ ငါ ဘယ်လောက် အမျိုးတွေ မြက်ပြီး ဘယ်လောက်ပင် စည်းစိမ်ဥစ္စာတွေ ကြီးပေမယ်လို့ ငါ မာန်မာနမကြီးစေဘူးတဲ့၊ မာန်မာနကြီးလို့မို့ အမျိုးဆောက်တန်းကျတယ်၊ မာန်မာနမကြီးတဲ့ သူတွေဟာ အမျိုးအထက်တန်းကျတယ်၊ ဒေါသကြီးလို့မို့ အရှုပ်ဆိုးတယ်၊ ဒေါသမကြီးတဲ့သူတွေဟာ— ရှုပ်အဆင်းလှပတယ်၊ လူသာဘရားကို အားကြီးလို့ ကိုယ့်ထက်သာလျှင် မနာလိုတဲ့သူတွေဟာ အ [illegible] နည်းတယ်၊ ကိုယ့်ထက်သာလျှင် မနာလိုစိတ်မရှိဘဲနဲ့ မေတ္တာကားပြီးတော့... "တော်ကြပါပေတယ်"လို့ ဝမ်းမြောက်ခဲ့ရဲရက်ခဲ့ သူတွေဟာ— ဒီဘဝမှာ အခြေအရံတွေ များတယ်။

ကိုယ်ကလေ... တတ်သိတဲ့ဥစ္စာတွေကို သူများ တတ်သိစေချင်လို့ တတ်သိအောင်လဲ ဟောပြောပြီးနေလို့ ကိုယ့်အိမ်မှာ ရှိနေတဲ့ အတူတူနေကြတဲ့ သူတွေတဲ့၊ သူတို့ နားလည်အောင်ဆိုပြီးတော့ ကိုယ်တတ်သမျှတွေ ပြောပေးလို့၊ အဲသလို ပုဂ္ဂိုလ်တွေဟာ ဖြစ်လေရာဘဝမှာ ပညာတတ်ကယ်၊ ကိုယ့်ပညာကိုလေ သူများတတ်သိမှာစိုးပြီးသကာလ လျှို့ဝှက်ထားတဲ့သူတွေဟာ ဖြစ်လေရာဘဝမှာ အောက်ကျနောက်ကျ၊ အဖျင်း-အအ၊ ဖြစ်နေတတ်တယ်၊ အဲသလို တွေးပြီးတော့—

ဘာမျှမကောက်နဲ့ စိတ်ကောင်းထား ပဏ္ဍိတော-ပြုသမျှအသစ်၊ ဖြစ်သမျှ အဟောင်း၊ မကောင်းလဲ ငါ၊ ကောင်းလဲ ငါဟု၊ ကောင်းစွာ မြင်သို့ ပညာ

ရှိသည်၊ ...အခုဖြစ်နေတဲ့ဥစ္စာ အဟောင်းတွေတဲ့၊ ဘာမျှ မကြောတူးဖြောင်းသွားမယ်၊ ဘာမှ မကြောက်နဲ့၊ အရှုပ်ဆိုးလဲ မကြောက်နဲ့၊ အမျိုးညံ့လဲ မကြောက်နဲ့၊ ပစ္စည်းဥစ္စာ မရှိလဲ မကြောက်နဲ့၊ ဉာဏ်ပညာ ထိုင်းမှိုင်းနေလဲ မကြောက်နဲ့၊ ဒီဘဝမှာ စိတ်ကောင်းလေးသာ ထားပါ၊ စိတ်ကောင်းလေး ထားလိုက်တဲ့ အသစ်တွေကလေ လာမယ့်ဘဝပေါင်းများစွာမှာ အကျိုးလာပြီးတော့... ပေးမယ်။

ပဏ္ဍိတော-ပြုသမျှအသစ်, ဖြစ်သမျှအဟောင်း, မကောင်းလဲ ငါ, ကောင်းလဲ ငါဟု, ကောင်းစွာ မြင်သို့ ပညာရှိသည်၊ တိဏ္ဏ-နှစ်ဆယ့်ငါးနှစ်, သင့်အောင်အစ်၍ သုံးရစ်ပိုင်းခြား, အရွယ် ၃-ပါးတို့တွင်၊ အညတရံယာမံ - ယုတ်စွအဆုံး, နောက်ပိတ်တုံး ဟု, ခေါ်ထုံးအရ, ပစ္ဆိမအရွယ်ကို၊ ပတိဇဂ္ဂေယျ - အပြစ်မနှော, စင်းလုံးချောအောင်, ဆေးကြောသုတ်သင်ရာသတည်း...။

သာဓု... သာဓု... သာဓု...။

အသက်ကြီးလာလျှင် စဉ် စား ဒီတော့ ဒီလိုစောင့်ရှောက်ပြီးတော့ ကိုယ့်ကိုယ်ကိုလေ... အသက်လေး နှစ်နှစ်ရရှိလာပြီဆိုပါစော့ အသက်ရင့်လာတဲ့ အခါကျတော့ အတွေးအခေါ်က တစ်မျိုးကြီးဖြစ်နေတယ်၊ ငါ-အသက်ကြီးပြီ၊ သေရတော့မယ်၊ ငါ အသက်ကြီးပြီ ဘဝကူးရတော့မယ်၊ ဘဝ

ကူးတဲ့အခါကျတော့ ဘယ်သူတွေဟာ ဘာများတွန့်ဆုတ်တွန့်ဆုတ်ဖြစ်တတ်သလဲ၊ ဘာကြောက်ရွံ့ကြောက်ရွံ့ဖြစ်တတ်သလဲ၊ အဲဒါလေးလေ့ မစဉ်းစားလို့ မဖြစ်ဘူး၊ ဥပမာ- ဒေါသူတော်ဘဲဆိုပါတော့ တစ်သက်လုံး တကတဲဖုစ္စဉ်းဥစ္စာနဲ့, ဘာနဲ့ လူကြီးလုပ်ပြီး သကာလ လူထဲမှာ ထင်ရှားစဲ့ သူတစ်ယောက်ဖြစ်တယ် ဆိုပါတော့...။

ရဲရဲသေဖို့ အရေးကြီး အဲသလို ထင်ရှားတဲ့ သူတစ်ယောက်က သေခါနီး ကျတော့ ကြောက်ရွံ့ကြောက်ရွံ့နဲ့ ပစ်သက်လုံး သူများအထက်မှာ မျက်နှာထားတင်းတင်းနဲ့ နေလာပြီးနောက် သေခါနီးကျမှ မျက်နှာလေးငယ်ငယ်နဲ့ တကတဲ ယမမင်းရဲ့အောက်မှာ ကြို့ပြီးသကာလ ပြားပြားဝပ်ရမယ့်အခြေအနေမျိုးဟာ သိပ်ကြောက်စရာကောင်းတာပဲ၊ ဒီတော့ ဘုန်းကြီးက သေလဲရဲရဲသေဖို့ အရေးကြီးတယ်၊ ကိုယ့်ကိုယ်ကို အချစ်ဆုံးလို့ ဆိုတဲ့သူကောင်းကောင်းနဲ့ လာတဲ့သူဟာလေ အေးလျှင် ရဲရဲသေကြရမယ်၊ ဘာပြုလို့ မရဲကြသလဲဆိုတဲ့ ဥစ္စာလဲ ဘုန်းကြီးတို့ စဉ်းစားရမယ်၊ ဒကာအူတော်ရဲ့ လက်ဇတ္ထစဉ်းစားကြည့်ပါ၊ မိမိ ယခုနေတဲ့ အိမ်ယာ, တိုက်တာတွေဟာ ဒီထက် အဆပေါင်းများစွာ ထိုက်တန်တဲ့ အသစ်တစ်ခု တည်ပေးပါ့မယ်လို့များ လာပြောလို့ ရှိလျှင် မူလအဟောင်းဖြစ်တဲ့ တိုက်တာကို ဖျက်ရမှာ စိုးသေးသလား၊ ဒါလေး စဉ်းစားရမယ်၊ မဆိုးပါဘူး, ဆာပြူလို့လဲ၊ ဒီထက်ကောင်းတဲ့ တိုက်တာ ဒီမှာ လာပြီးတော့ တည်ပေးမယ်လို့ ပြောတယ်။

အကောင်းရလျှင် အဟောင်းစွန့်ရဲ့ ကဲ... ဘုန်းကြီးမှာပေါ့ ဘုန်းကြီးနေတဲ့ နေရာကလေး အရှင်ဘုရားနဲ့ အပွဲဈေးဖြစ်တဲ့ ကျောင်းတစ်ကျောင်း တပည့်တော် ပြင်ဆောက်ချင်လို့ ဒီနေထိုင်လေး နှစ်သက်အလှူးငါ့အဟောင်းကလေး နှစ်တော့ နှစ်သက်သက္ခဲ့၊ ဒါဖြင့် ဒီထက်ကောင်းကောင်းကလေး ဘုရား အရှင်ဘုရား ဆပွဲဈေးဖြစ်အောင် ဆောက်ပေးမယ်ဆိုလျှင် ဒီအဟောင်းကလေးကိုဖျက်ရက်အလှူးမဖျက်ရက်ဘူးလား၊ အာ- ဒီထက်ကောင်းမှာဆိုတော့ ဖျက်ပြစ်လိုက်တာပေါ့ ရဲရဲကလေး၊ ခုဒီဆုံးစဲ့၊ အဲဒီလိုဘဲ ဘုန်းကြီး ဒီကာအလှူ့ဒကာ အလှူ့အမတွေ ဒီထက်ကောင်းတဲ့ ခန္ဓာကိုယ်နဲ့ ဒီထက်ကောင်းတဲ့ ဘဝမျိုးကိုရမယ်၊ ဒီဘဝမျိုးကလေး ခန္ဓာကိုယ်ကလေးကို နှမြောဆေးသလား ဆိုတော့ ဧည်းနည်းတော့ နှမြောတယ်၊ ဒါပေမယ့် အိုနေပြီလေ, ဖောင်းနေပြီလေ, ရင့်ရော်နေပြီလေ၊ ဒီထက်ကောင်းတဲ့ခန္ဓာကိုယ် ရမှာဘဲလို့ ဆေချာသလား၊ ဆေချာတယ်၊ သေချာလျှင် ဒီခန္ဓာကိုယ် ဘယ်နှယ်လုပ်မလဲ၊ "အာ... ဒါတော့ ပျောက်သွားပါစေပေါ့ အာကိစ္စရှိလို့၊ ဒီထက်ကောင်းတဲ့ ခန္ဓာကိုယ်ရမှာဘဲ စွန့်ရဲပါတယ်"။

ဇရပ်ဖောင်းကြီး ဖျက်သလို ဥပမာ- နဂိုက ဒီနေထိုမှာ ဇရပ်ဖောင်းကြီးတစ်ခု ရှိတယ်ဆိုပါတော့၊ အဲဒီဇရပ်ဖောင်းနေထိုမှာ ဒီလိုကောင်းတဲ့မွေ့ရှဲကြီးတစ်ခု ဆောက်ပါမယ်လို့ ဆိုလျှင် ဘုန်းကြီး ကန့်ကွက်မလား၊ ဒီက ဘုန်းကြီးက "ဟဲ့-မဆောက်ရဘူး၊ ငါ့မှာရဲ့နေထိုမှာ မဆောက်

ရတူး၊ ငါ့အဟောင်းမဖျက်နဲ့လို့" ကန့်ကွက်မလား မကန့်ကွက်ဘူးလား ဘာပြုလို့လဲ၊ "ဟ-မြန်မြန်ဖျက်ပါ အယ်တော့ဖျက်မှာတုန်း ဒကာရ၊ မင်းကွာ ဒီနား တကယ် အုတ်မွှေးရုံကြီး တည်မယ်လို့ ဆိုတဲ့ဥစ္စာ ဖျက်၊ မဖျက်သေးဘူးလား"၊ "ဟော... သူက ကြာကြာနေအောင် ထားတောင် မထားချင်ဘူး၊ ဖျက်စေချင်တယ်"၊ "ဒီလိုမနေဆောက်ပါဘူး၊ ရိုးရိုးသားသား နဂိုအတိုင်းပါဘဲ၊ လွှဲပြင်ကြီးပါဘဲ" လို့ ဆိုလို့ ရှိလျှင် "မဖျက်ပါနဲ့ မောင်ရာ ငါ့မွှေးရုံလို့ ဘုန်းကြီး ကန့်ကွက်မယ်"။

အဲဒီလိုပါဘဲ ခန္ဓာကိုယ်အသစ်က ဒီထက် သာယာတဲ့ အဝတ္ထုကို ရမယ်ဆိုလို့ ရှိလျှင် လက်ရှိအဝ ခန္ဓာကိုယ်ကို စွန့်ရမှာ မခြောက်ပါဘူး၊ ဒီတော့ ဘုန်းကြီးတို့ မခြောက်တဲ့တရားကို စဉ်းစားရမယ်၊ လက်ရှိဖြစ်တဲ့အခြေအနေကို နာနာကြီး စဉ်းစားကြည့်ရမယ်။

အိုခြင်းက သေခြင်းပို့ ဇရာယ မရှက် လောကော့ ဥပနိယတိ အဒ္ဓုဓေ့ါ[1]

အယ်လောကော-သူရောကိုယ်ပါ့၊ မျှားပြားစွာတောင်း၊ ဤသတ္တဝါအပေါင်းကို၊ ဇရာယ-တရွေ့တရွေ့ တဒ္ဒေဒ္ဒေနဲ့ ကစ်နေ့နေ့မှာ အိုရခြင်းကည်းဟူသော ဇရာတရားကားရောစ်-ဥစ္စာဧည်းစီမံ၊ ဂုဏ်သိန်ကိုဖျက်၊ အသက်ပါခဲ့၊ မျက်နှာလွဲ၍၊ တကတဲ ကွေကွင်း၊

(၁) ရဋ္ဌပါလသုတ် ရာဇဝဂ် မဇ္ဈိမပဏ္ဏာ-၂၅၆ (ဒုတိယတိုက်-စါကာပါပြုဆားပါသည်။)

သေရခြင်းဟူသော မရဏာသို့၊ ဥပနိယတိ-မကွင်းမရှောင့်၊ အတင်းဆောင်လျက်၊ ဘသွင်းထဲသွင်းနှောင်ရှိ၊ ထားအပ်လေ၏၊ အဒ္ဓု ဝေါ-မြဲမြံခိုင်ခံ့၊ အရှည်ခန့်ရှိ၊ တည်တံ့နိုင်သူ၊ တစ်လူတစ်ယောက်မျှ၊ မပေါ်ပေါက်ခဲ့ချေ။

ဟောဒီ တရားကလေးဟာလေ မြတ်စွာဘုရား ဟောထားတဲ့ ရဋ္ဌပါလဆိုတဲ့ သူဌေးသားကို မြတ်စွာဘုရား ဟောထားတာယ်၊ ဒီဝမ်းထဲမှာ အမြဲပါနေတဲ့ ဇရာဆိုတဲ့တရားရှိတယ်၊ ကလေး ကလေး ငယ်ငယ်ကလေးလဲ ပါနေတယ်၊ အဲဒီဇရာတရားကလေ နေ့စဉ်နေ့စဉ် တစ်ဒွေ့ဒွေ့ အိုအိုပေးနေတာယ်၊ ဘုန်းကြီး ဒုကာသူတော် ဝမ်းထဲမှာ ဇရာတရားပါနေတယ်၊ မပါနဲ့ ဆိုလို့ ကိုမဖြစ်ဘူး၊ ပါနေတယ်။

အိုခြင်းသဘော အဲဒီ ဇရာတရားက ဖြစ်ပြီးတော့ ပျက်လိုက် နောက်တစ်ခါ ထပ်ဖြစ်လိုက် နည်းနည်း ကလေး ညည်သွားလိုက် ဖြစ်ပြီးတော့ ပျက်လိုက်၊ နောက်တစ်ခါ ထပ်ဖြစ်လိုက် နည်းနည်းကလေး ညည်သွားလိုက်၊ အယ်သူညည်းကံအရှိန်ညည်း၊ ကံအရှိန်ညည်းတော့ ဇရာက စာဖြေးဖြေးကလေး နှိပ်စက်နှိပ်စက်ပြီးတော့ ဒီခန္ဓာကိုယ်ပေးလိုက်တာ မအိုနိုင်တဲ့သူ တစ်ယောက်မှ မပါဘူး၊ အယ်သူမှ မြဲပြီးတော့ ပျိုပျိုရွယ်ရွယ်ဘဝနဲ့ နေနိုင်သူ တစ်ယောက်မှ မပါဘူး။

အယ် လောကော-သူရောကိုယ်ပါ့၊ မျှားပြားစွာတောင်း၊ ဤသတ္တဝါအပေါင်းကို၊ ဇရာယ-တရွေ့တရွေ့ တဒ္ဒေဒ္ဒေနဲ့ စာစ်နေ့နေ့မှာ၊ အိုရခြင်းတည်းဟူသော ဇရာတရားကားသူကအယ်ထိအောင်

များပို့နေတုန်း၊ ဓရဏီ-ဥစ္စာစည်းစိမ်, ဂုဏ်သိရိုကိုဖျက်, အသက်ပါခဲ့, မျက်နှာလဲခဲ့, တကာထဲကွေကွင်း, ဆေးရခြင်း တည်းဟူသော မရဏာသို့၊ ဥပနိယတိ – မကွင်းမရွှေဝင်, မတင်းနှောစီလျက်, တသွင်းထဲ သွင်းဆောင်၍, နေအပ်လေတော့သတည်း။

နေ့စဉ် ခု– ဘုန်းကြီးတရားဟောစတုန်းက အသက်နဲ့ တရားဟောစတုန်းကရပ်နဲ့ တဖြေးဖြေး သွေဖက်ပို့နေတယ်၊ ဘယ်သူက ပို့နေတုန်း၊ အတွင်းကဇရာတရားက ပို့နေတယ်၊ ဟိုကနတ်တွေက ပို့တာမဟုတ်ဘူး၊ ရန်သူက ပို့တာမဟုတ်ဘူး၊ အတွင်းမှာ ရှိတဲ့ ဇရာတရားက ဘုန်းကြီးကို သေဖက် နီးနီး-နီးနီး-နီးနီးလာအောင် ပို့နေတယ်၊ ခု တရားဟောဆဲဥစ္စာဟာ နာရီဝက်လောက် ကြာသွားပြီ၊ ဘုန်းကြီးကို အတွင်းက ဇရာတရားက သေဖက်ကို နာရီစက် ဆက်ဆက် ဆက်ဆက်ပြီးတော့ ပို့နေတယ်။

နွားသတ်ရှဲ့ အပို့ခံရတဲ့ နွားလို တစ်လှမ်းချင်း တစ်လှမ်းချင်း ဟို– သတ်မယ့် နွားသတ်ရှဲ့ကို ယူသွားဆဲ့ နွား၊ ဒီကနေပြီးတော့ မန္တလေး နွားသတ်ရှဲ့ကို ယူသွားဆဲ့ နွားဟာ လှမ်းတိုင်း လှမ်းတိုင်း လှမ်းတိုင်း သေဖက် နီးလာတယ်၊ သူကတော့ မသိဘူး၊ နွားက မသိဘူး၊ ဒီကြားထဲမြက်စိုးလေးတွေ့တော့လျှစ် သူဝမ်းမြောက်ဝမ်းသာ စားဆုံးမယ်၊ သို့ပေမယ့် တစ်လှမ်းချင်း တစ်လှမ်းချင်း သေဖက် နီးလာတယ်၊ သူကတော့ မသိဘူး၊ ရေကလေး အောင်းကောင်းကလေး တွေ့တော့ သူ ဝမ်းမြောက် ဝမ်းသာ သောက်ဦးမယ်၊ ထစ်လှမ်းချင်း တစ်လှမ်းချင်း ဟိုမှာတော့ နီးပြီ၊

ပျော်ပျော်ပါးပါး ခံစားစရာရှိလို့ ရှိလျှင် သူခံစားလိုက်ဦးမယ်၊ သူကတော့ မသိဘူး၊ သို့ပေမယ့် တစ်လှမ်းချင်း ဟိုသားသတ်ရှဲ့ကို ပို့နေတယ်၊ အဲသလိုဘဲ။

ဘုန်းကြီးက အမှတ်တမဲ့နဲ့၊ ဒကာသူတော်က အမှတ်တမဲ့နဲ့၊ ဝမ်းထဲရှိတဲ့ ဇရာတရားက တရွေ့ တရွေ့ တရွေ့၊ ခု ဘုန်းကြီးက မြော်ရင်း ပြောရင်း သူက တရွေ့ တရွေ့ သေဖက်ပို့နေတယ်၊ ဒါလေးကို နားလည်ရမယ်၊ ကောင်းပြီ ဒီလိုပို့ကော့ကို အားကိုးစရာများရှိသလား၊ ဒီလို ကရွေ့ တရွေ့နဲ့ သေဖက်ပို့နေတဲ့ဥစ္စာ အားကိုးစရာများ ရှိသလားဆိုတော့...။

ဘုရားက–

အ တာဏောဃယံ သတ္တော လောကော, းကန္တအနဘိဿဇ္ဇနော။[၁]

အားကိုးစရာ အာမှမရှိ "အယံ သတ္တော လောကော-ဤ သူရော ကိုယ်ပါ, များပြားစွာကောင်းသတ္တဝါ အပေါင်းသည်၊ အကာဏော - တကယ့်အနေး, တကယ့်ဘေးနှိမ့်, တကယ့်သေး, တကယ့်သား ဟု, အားထားလောက်စရာ, တစ်စုံတစ်ယောက်မျှ မရှိခဲ့၊ ကေန့ အနာဘိဿရော — စင်စစ်ကေန့ဘေးကိုပြန်၍, တွန်းလှန်ရန်ဖယ်, ပုန် ကွယ်စရာလည်း မရှိခဲ့" လို့ ဟောတော်မူတယ်။

၁။ ရဋ္ဌပါလသုတ်၊ ဆုဇဝဂ်၊ မဇ္ဈိမပဏ္ဏာသ်၊ ၂၅၆၊
(စုဏ္ဏိယကို ဂါထာပါဒပြုသည်။)

မရှိပါဘူး၊ ဘုန်းကြီးကို ဇောက ပို့နေတဲ့ဥစ္စာ၊ ဘုန်းကြီးက "ပေး ဇော... ရပ်ဟေ့၊ ပြောလိုက်စမ်းပါကွ ဇောရပ်လို့"၊ ဆွေတွေမျိုးတွေ အကုန်လုံးလာပါစေတော့သား၊ ဇောက ငါ့ကို သေအောင် ပို့နေတဲ့ဥစ္စာ၊ ရပ်လို့ ပြောပါလား မရဘူး၊ အို... ဒါဖြင့် ဇော ပြောမိုးပါ၊ လက်ဆောင်ပေးမယ်, လက်ဆောင်ပေးမယ်၊ ဆုပေါင်း,ဆောင်ပေါင်းများစွာ လက်ဆောင်ပေးမယ်၊ ဇောရပ်ပါ၊ ရမလား၊ ဟာ ဒါလဲ မရဘူး၊ သိန်း သန်း ကုဋေ ချီပြီးတော့ ပေးမယ်, ရပ်ပါ၊ အာ-မရပ်ဘူး။

ဇောကို မတားနိုင် အဘာတော — တကယ့်အရေး, တကယ့် ဘေးဥ်, တကယ့်သေး, တကယ့်သား ဟု, အားထားလောက်စရာ, တစ်စုံတစ်ယောက်မျှ မရှိချေ၊ — ဒကာသူတော်... တစ်စုံတစ်ယောက်က နောင့်ယှက်မယ်ဆိုလို့ ရှိလျှင် ဘေးက မိမိနဲ့ဆွေတွေမျိုးတွေ လုပ်သူကိုင်သားတွေက "အို- လာခဲ့, သတ္တိရှိ လာခဲ့၊ ဆောင်မာ လူချင်းယှဉ်မလား, ဥဒ္ဓေချင်းယှဉ်မလား, ပစ္စည်းချင်း ယှဉ်မလား, အမျိုးချင်း ယှဉ်မလား, လာခဲ့"။

ဒီလောက်တော့ သူတို့ အားကိုးရသားဘဲ၊ ဒီလောက်တော့ အားကိုးရသားဘဲ၊ ဒီဒကာသူတော်ရဲ့ ဓမ်းတွင်းပါ ဇောတရားကို "မင်းလူမောစ် ဟိုက မင်းကိုဆရာကြီးကိုလေ သေအောင် ခူ တစ်ဖြေးဖြေး ပို့နေတယ်ကွ၊ ဓင်းဟေ့ အယ့်နှယ်လုပ်ကြမလဲ၊ "တတ်နိုင်ဘူးဗျာ... ကျုပ်တို့ မတတ်နိုင်ဘူး"၊ ပစ္စည်းတွေကိုကွာ ပုံပြီး ပေးလိုက်လျှင် ဟာ ဇောက ဖြုန်တောင် မဖြုန်ဘူး၊ ဒါကြောင့်— ပုန်းစရာလည်း မရှိ အဘာတော — တကယ့်အရေး, တကယ့် ဘေးဥ်, တကယ့်သေး, တကယ့်သား ဟု, အားထားလောက်စရာ, တစ်စုံတစ်ယောက်မျှ မရှိချေ၊ ကေန္တအနာဘီ

သာရော-စင်စစ်ကော်, ဘေးကိုပြန်ရှိ, တွန်းလှန်ရန်ဖယ်, ပုန်းကွယ်စရာလည်း မရှိချေ၊... ပုန်းကြည့်ပါ, တိုက်ကြီးထဲ ဝင်ပုန်းပါ၊ တောင်ကြီးထဲ ဝင်ပုန်းပါ၊ တောင်ကြီးထဲမှာ လိုက်တူးပြီး သာသာလေး ဝင်ပုန်းပါ၊ လွတ်မလား၊ ကောင်းကင်သက်ပြီး သာသာလေ နေပါ၊ လွတ်မလား, ခနဲတော့ခုံး ငြဟ္ဘာပြစ်နဲ့ဦး, လွတ်မလား။

ကေန္တအနာဘီသာရော-စင်စစ်ကော်, ဘေးကိုပြန်ရှိ, တွန်းလှန်ရန်ဖယ်, ပုန်းကွယ်စရာလည်း မရှိချေ၊... ဟော တရား ၂-ပုဒ် နော်၊ ပထမက ဇောက မသေခင်ကို ပို့နေတယ်၊ တစ်လှည့်ချင်း တစ်လှည့်ချင်း သားသတ်ရုံကို ပို့နေတဲ့နွားလိုတဲ့ အချိန်ရှိသရွေ့ မိုးစီရှိသရွေ့ ပို့ပို့ပြီး နေတယ်၊ မအို အိုခဲ့အောင်, မသေ သေအောင် ဇောက ပို့နေတယ်၊ အဲသလို ပို့နေတဲ့နေရာမှာ "ဇန်းဟ ရပ်တော့"လို့ အာဏာပေးနိုင်တဲ့သူ ဆွေမျိုးထဲက တစ်ယောက်မျှ မရှိ၊ "ရော့ လက်ဆောင်ယူပါ"လို့ လက်ဆောင် ထိုးလို့လဲ မရ၊ ဆယ်စည်းစိမ်ဥစ္စာတွေ ပေးလို့လဲ မရ၊ အဲသလို နေရာကလေ ဘုန်းကြီးဖို့ ဝမ်းတွင်းပါ ကြောက်စရာ ကောင်းတာက—

ကိုယ်ပိုင်ဥစ္စာ မရှိ အဃာကောယံ သတ္တော လောကော, ဇယံ သတ္တံ ဂဝိဿတေ[၁]။... အယံ သတ္တော လောကော—သူဇော ကိုယ်ပါ, များပြားစွာအောင်း, ဤ သတ္တဝါ

၁။ ရဋ္ဌပါလသုတ်၊ ဇော်ဝတ်, မဇ္ဈိမပဏ္ဏာသ၊ ၂၅၆၊ (စုဏ္ဏိယကို ဂါထာပါဒ ပြုထားသည်။)

အပေါင်သည်၊ အဆေကော-ကိုယ်ပိုင်ဥစ္စာ ဟု ပြုစရာ တစ်ခုကမျှ မရှိချေ။ ဘဗွေ-ကြွင်းမဲ့ဥသုံ့ အလုံးစုံကို၊ ဇဟံ (ဇဟန္တေဝ)-ပယ်ခွါပစ်စွန့်၍၊ ဇဟေ(ဇဟန္တေဝ)-ပယ်ခွာရှောင်ရှားစွန့်ပစ်ထား လျက်၊ ဂဓိသတော – ကံ၏ ညွှန်ရာ, မလွန်သောအောင်, ဝန်တာကိုထမ်း, ပရမံးပဘာ, သွားရရှာလိမ့်လတ္တံ....

ဘယ်သူမှ ကိုယ်ပိုင်ဥစ္စာ မရှိဘူး၊ ပြောမယ် ဒကာသူတော်က "တပည့်တော်ရဲ့ အသက်, တပည့်တော်ရဲ့ ကိုယ်, တပည့်တော်ရဲ့ အတွင်းအာခြင် ပစ္စည်းတွေကို ပိုင်တယ် မဟုတ်ပါလား၊ "ဟုတ်ပ, ခဏပ, ဒါက ညာနေတာ့ ခဏလေးတော့ ဟုတ်ပ၊ ပိုင်သလိုပါဘဲ။

အကုန်လုံး ကျန်ရစ်ခဲ့ ကိုင်း- စိတ်ကူးနဲ့ စိတ်ကူးနဲ့၊ ဘုန်းကြီး ရောပေါ့လေ၊ တစ်ယောက်ထဲဆိုတော့.... အားငယ်နေရော့မယ်၊ ဘုန်းကြီးရော ဒကာသူတော်ရော ဒီဘဝက စွန့်ပြီးတော့ ဟိုဖက် ဘဝမှာ ပဋိသန္ဓေနေလိုက်ကြသည်နှင့် တစ်ပြိုင်နက် ဘုန်းကြီးကလဲ ဘုန်းကြီးကျောင်းတိုက်တွေကို ဘုန်းကြီး မပိုင်၊ ဘုန်းကြီးရဲ့ ပညာတွေတောင်မှ ဘုန်းကြီးမပိုင်၊ ဒကာသူတော်ကလဲ ဒကာသူတော်ရဲ့ စက် မပိုင်၊ ပဋိသန္ဓေလို့ ဆိုသည်နှင့် တစ်ပြိုင်နက် အကုန်လုံး ကျန်ရစ်ခဲ့တယ်၊ အကုန်လုံး မပိုင်ဘူး၊ အဲဒီတော့ "အဲဒီ မပိုင်တဲ့ ပစ္စည်းတွေကို ဘုရားတရားဒကာအရ ဘယ်လိုပိုင်အောင် လုပ်မလဲ"လို့ မေးစရာ ရှိတယ်။

ကိုယ်ပိုင်ပစ္စည်းဖြစ်အောင် လုမှီ မြတ်စွာဘုရားက "အိမ်မှာ မီးလောင်တဲ့ အခါကျတော့... ရန်ိုင်သမျှ ထုတ်ယူလိုက်တဲ့ ပစ္စည်းဟာ ကိုယ်ပိုင်ပစ္စည်း ဖြစ်တာ

ဆိုဘဲတဲ့၊ ဇရာမီးက လောင်နေတာယ်၊ မရဏမီးက လောင်နေတယ်၊ ဇရာမီး မရဏမီး လောင်နေတဲ့အခါမှ စွန့်ကြဲပေးကမ်း လှူဒါန်း သောအားဖြင့် ထုတ်ယူလိုက်ပါ"တဲ့၊ ဟာ- ဟိုအက်ဘဝပါလာပြီ၊ ဒကာသူတော် ဟာနဲ့ အင်မတန် လှပတင့်တယ် ခမ်းနားတဲ့ ဇရပ်ကြီးကို ဓမ္မာရုံကြီးကို ယနေ့ ပရိသတ်တွေနဲ့ တရားနာပြီးတော့ ရွာဒါန်း ရေစက်ချ ပူဇော်တယ်၊ ဘုရားသာသနာ ပူဇော်တယ်၊ မြတ်စွာဘုရားကို ပူဇော်တယ်၊ ဒါကြောင့် အဲဒါ ငွေတွေက ဘယ် လောက် ကုန်သွားတယ်လို့ ဆိုပေမယ့် အဲဒီက ကုသိုလ်စေတနာက တော့ ဒကာသူတော်လဲ ပါလာမြဲ၊ "အား... ဒီဟာ ဖိုင်တယ် ဒီဟာပိုင်တယ်"၊ ဘုန်းကြီးက "ဘုန်းကြီးကိုဘုန်းကြီး မပိုင်ဘူး" ဆိုပေမယ်လို့ ယနေ့ "ပရိသတ်ကြီးတွေကို ဘုန်းကြီးက မေတ္တာ ဘာဝနာ ဖျေးထားပြီးတော့ နားလည်ပါစေလို့ ဆိုပြီး တရားဟော နေတဲ့စေတနာတွေကတော့ ပိုင်သွားပြီ၊ ဘုန်းကြီးပိုင်သွားမြဲ"။

နာရီဝက် နာရီသုံးမကြီးလောက် အချိန်မှာ ဇရာဇတော့ မရှောင်သူး၊ သေအောင်ကြီးစားပြီးတော့ ဝို့နေတယ်။

ကျမ်းစာတွေပူဇော် အဲ... ဘုန်းကြီးကလဲ ဇရာမီးလောင်တဲ့ အချိန်မှာ ဘုန်းကြီး စေတနာတွေ ဘုန်းကြီး ယူလာလိုက်တဲ့ဥစ္စာ ဘုန်းကြီး အတော်ပိုင်သွားပြီး ဒကာသူတော်က စာအုပ်တွေကို ကြည့်ပြီးတော့ "ကျမ်းစာတွေ အင်း.... ဒီကျမ်းစာတွေကို ကျောင်းတိုက်က ရှိတဲ့ ကိုယ်တော်တွေ သံဃာတွေလဲက ချတဲ့ဘုန်းကြီးက ချမယ်၊ ဆင်တဲ့ဘုန်းကြီးက ဆင်မယ်၊ ချလို့ ဆင်လို့ သူတို့နားလည်တော့ ဒီဘုန်းကြီး ဟော

ထလို ဒို့တစ်တွေကို ဟောကြလိမ့်မယ်၊ နောက် လူယေ်ာတွေကို ဟောရန်လိမ့်မယ်၊ အဲဒီစေတနာတွေကို စာဆုပ်တွေ့ မမှေတ်ဆိုတဲ့ မြတ်စွာဘုရား၏ ရွှေနှုတ်တော်ထွက် စကားတော်တွေကို ရေးသားတဲ့ တရားတော်တွေကို ရေးသားတဲ့ စာအုပ်တွေကို ပူဇော်လိုက်တယ်။

ကိုယ့်နောက်မလာခဲ့ဖို့ သာသနာတော်ကြီး ပြုစုလိုက်တယ်၊ မြတ်စွာဘုရားကို ရည်မှန်းပြီးသကာလ စမ္ဘာရုံကြီး ဆောက်လုပ်လိုက်တာက ဗုဒ္ဓပူဇော ဖြစ်တယ်၊ မြတ်စွာဘုရား၏ ရွှေနှုတ်တော်ဝယ်ထွက်ပြစ်တဲ့ တရားတော်တွေကို ပူဇော်လိုက်တာက မွေပူဇော ဖြစ်တယ်၊ အဲဒါကတော့ ပါလာတယ်၊ ဒကာသူဌေးတို့ ဘုန်းကြီးတို့ ပဋိသန္ဓေနေတယ်ဆိုလျှင်ဘဲ ပါလာပြီ၊ ဘာပါလာသလဲ မွေပူဇောဖြစ်တဲ့ တရားတော်တွေကြောင့် မိမိတောက်လေရာရာ ဘဝမှာ အသိညာဏ် အလိမ္မာတွေ ပါလာပြီ၊ ဗုဒ္ဓပူဇောဖြစ်တဲ့ ဒီလိုခမ်းခမ်းနားနား စမ္ဘာရုံကြီးတွေ လှူဒါန်း ပူဇော်လိုက်တဲ့ အတွက်ကြောင့် ဗီဇတိုက်တွေ ကာလွှာ ဘာတွေ တားခဲ့ရပေမယ့် ဒီလောက်မကဖြစ်တဲ့ နေရာတွေ ဟိုမှာ အဆင်အင့်ရမယ်၊ ယယ်ကောင်းကို။

စတုဒိသာကျွေး ယခုလို ရောမီးတလောင်နေ မရဏမီးကလောင်နေတဲ့ အချိန်မှာ မနေ့တုန်းက ပရိသတ်တွေ တကတဲ့ ဆောင်ပေါင်းများစွာကို စတုဒိသာကျွေးလို့၊ ခမ်းသာစရာကောင်းလိုက်တာ ဘုရား၊ သူကိုယ်တိုင်မမြောနဲ့ သေးလူတွေကပါ "ဝမ်းသာစရာ ကောင်းလိုက်တာ ဘုရား၊

တကတဲ့စားကြသောက်ကြ တရားတော်တွေနာကြနဲ့"လို့ ပြောပြီး ခမ်းသာနေကြတယ်၊ ဥစ္စာရှင်ကိုယ်တိုင်ကတော့ မခြောနဲ့ တော့၊ တကတဲ့ ပိတိစိမ့်ပြီးတော့ ဝမ်းထဲမှာ တစိမ့်စိမ့်နဲ့ နေတယ်။

ဒီတော့ ဟခုလို တစ်နေကုန်ခန်းအောင် ကျွေးလိုက်တဲ့ အလှူတွေ မနေ့က ထောင်ပေါင်းများစွာ ဖြစ်တဲ့ ပရိသတ်တွေကို ကျွေးလိုက်တဲ့ ဒါနစေတနာတွေ၊ ဟို တစ်မြန်မနေ့က များစွာသော ပရိသတ်တွေကို ကျွေးလိုက်တဲ့ ဒါနစေတနာတွေ၊ အဲဒီစေတနာတွေကတော့ ဘယ်မှာမှလဲ မသိမ်းရဘူး၊ ကျည်ထဲလဲ မထားရဘူး၊ မီးခံသေတ္တာထဲလဲ မထားရဘူး၊ သိပ်လုံတာဘဲ၊ သိပ်လုံတာဘဲ။

ကုသိုလ်လုမယူနိုင် "ရဲလျှင် ခိုးခမ်းဟေ့" ရဲလျှင် ငါသုံးရက် စတုဒိသာကျွေးထားတဲ့ လူပေါင်းများစွာ စတုဒိသာကျွေးထားတဲ့ စေတနာတွေကို "ဟော ခင်ဗျား ဘယ်ထား"၊ "ငါတော့ လှုတ်လှုတ်ကလေး ထားလိုက်တယ် ဗျာ"ယူလေ မနာလိုတဲ့သူက ယူစမ်း၊ စိတ်ကိုမြှင်းချင်ကြသူကို ယူစမ်း၊ စိတ်စမ်းချင်တဲ့သူလာခဲ့၊ ခင်ဗျား တစ်နေ့တုန်းက ကုသိုလ်တွေ အများကြီး ရလိုက်တယ်လို့ ဆိုတယ်၊ ဘာတုန်း စတုဒိသာကလဲ သုံးရက်လောက် ကျွေးတယ်၊ ဂန္ဓကုဋိ ဘုရား စမ္ဘာရုံကြီးကလဲဘဲ ခမ်းခမ်းနားနား ဆောက်လုပ် လှူဒါန်းလိုက်တယ်၊ ပ်ဉ္စကတ်ကျမ်းစာတွေလဲဘဲ ကျောင်းတိုက်မှာ ပူဇော်လိုက်တယ်၊ အဲဒီစေတနာတွေများ ကျုပ်ကိုပေးစမ်းပါ"လို့ ဆိုလျှင် "ပေးပါကယ် ပေးပါတယ်"ဘယ်နှယ်လုပ်ပေးမလဲ "ကျွန်ုပ်ပြုတဲ့ ကုသိုလ်

အဖို့ကို ကျွန်ုပ်ကဲ့သို့ ဝမ်းမြောက် ဝမ်းသာ သာဓု အနုမောဒနာ ခေါ်ပါစေသတည်း"လို့ ပေးထဲ့အခါ ဟိုက"သာဓု-သာဓု"လို့ ခေါ်လိုက်ဆည်နှင့် တစ်ပြိုင်နက် သူ့မှာလဲ့ဘဲ ကုသိုလ်တွေ ရလာတယ်၊ ထယ် ကောင်းတယ်။

သာခုခေါ်ယူစေဲ့ ရ ခိုးယူလို့ စေဲ့ မရဘူး၊ ပျော်ပျော် ပါးပါး ပြုံးပြုံး ရွှင်ရွှင်နဲ့ သာခုခေါ်ယူစေဲ့ ရတယ်ကိုး၊ အံ့မယ် စတုဒီသာ ထမင်းတွေ ကျေးလိုက်ကြ၊ ဝမ်းသာတယ်ဗျာ ကျေးချင်စမ်းပါဘိ၊ သာခု သာခုဗျာ ကျုပ် ဝမ်းသာပါတယ်၊ "မိတ်ဆွေ အမျှဝေပါနော်" "အမျှဝေပါတယ် အမျှဝေပါတယ် အားလုံးပရိဿတ်တွေ မိတ်ဆွေတွေကို အမျှဝေပါတယ်"၊ "သာခုဗျာ-သာခု" ဒီနည်းတော့ ယူလို့ ရတယ်၊ အတင်းယူမယ်ဆိုတဲ့ နည်းနဲ့တော့ မရဘူး။

ဒါကြောင့် ဘုန်းကြီးတို့ တရားနည်းအရ ဆိုလို့ ရှိလျှင် စည်းစိမ်ဥစ္စာတွေ ပစ်ခဲ့ရတယ်ဆိုပေမယ့် ဥစ္စာကမနည်းကြီးရှိတယ်၊ ဒီခန္ဓာကိုယ်ကြီး ပစ်ခဲ့ရမယ်ဆိုပေမယ့်လို့ ပြန်ရမယ့် အစားခန္ဓာကိုယ်က ဒီထက်ကောင်းတယ်၊ ဒီတော့ ဘာကြောက်စရာရှိတုန်း။

တကျာကလျှောမသွား ဥနကော၊ယဲ့ ထဗ္ဗော လောကော အတိတ္တော ဝါနဒါသကော။[၁]

အယဲ့ထဗ္ဗောလောကော- သူ့ရောကိုယ်ပါ့ မျှားပြားစွာတောင်း၊

(၁) ရဋ္ဌပါလသုတ် ရာဇဓိ မဇ္ဈိမပဏ္ဏ- ၂၅၆ (စုဏ္ဏိယကို- ဝါဏာပါဒပြုထားပါသည်။)

ဤ သတ္တဝါအပေါင်းသည်၊ ဥနကော- ဥစ္စာစည်းစိမ်၊ ဂုဏ်သိရှိမောက်မိုး၊ မည်မျှတိုးလည်း၊ မဖြိုးမလှဲ့၊ အမှန်ပင် ယုတ်လျော့ခဲ့သော်၊ အတိတ္တော- တော်လောက်ပြီ အောင့်အဲ့၍၊ ရောင့်ရဲတင်းကိုမ်ခြင်း မရှိခဲ့ချေ၊ ဝါနဒါဆကော- တကျာစေကာ့၊ မနေသာတဲ့ ဖွေရှာဆက်သရသည့်၊ တကျာ၏ ကျေးဇူးကြီးမျိုး ကျွန်တော်မျိုး ချည်းကပ်ပါ။

ဒကာသူတော်တဲ့ ယော်ယော်က စပြီးတော့ ပစ္စည်းဥစ္စာ ရှာဖွေတဲ့နေရာမှာ ပြန်စဉ်းစားကြည့်ပါ၊ ငါ ဒီနှစ် ဒီလောက်ရလျှင်တော့ တော်ပြီ၊ နောက်တော့ စီးပွားကောင်းမရှာတော့ပါဘူး၊ အေးအေးလေး နေပါတော့မယ်လို့ တစ်ခါတစ်ခါ အောက်မေ့လိုက်၊ တော်တော်ကြာတော့ နောက်နှစ်ကျပြန်ကော့ စလုံးဝယ်ချိန်ကျ ဝယ်ချင်လာပြန်တယ်။

မနှစ်က ဘယ်လောက် မြတ်ကာ့၊ တော်မော့ မဟုတ်လား ဆိုတော့ "ဒီနှစ် မနှစ်ကထက် ပိုများမြတ်ဦးမလား"လို့ ဟောဒါဟာ တကျာအလိုချင်ရက်ချည်းဘဲ ဖြစ်တယ်၊ "ဟာ- ခင်ဗျားဗျာ ဘယ်နှစ်နှစ်လောက်တောင်မှ မြတ်နေမှာဘဲ မဟုတ်ပါ"၊ "အိုကွယ် နည်းနည်းကလေးရတဲ့ အခါလေးတော့ လုံလိုက်အုံးမှ"လို့ ဆိုပြီးတော့ ဝယ်ချင်ပြန်လာတယ်၊ ရောင်းချင်ပြန်လာတယ်၊ ဒီတော့ တကျာက ဘယ်တော့မှ ရော့မသွားဘူး၊ စီးပွားရှာရေး သာလားဆိုတော့ ဝတ်ရေး၊ စားရေးလဲ ဘယ်ဘာ့မှ ရော့မသွားဘူး။

ဟိ- အမျိုးသမီးတွေများလေ အထည်လဲ ဝတ်လိုက်ကြတာ သိလား၊ ဒီတစ်ထည်ပြီး ဟိုတစ်ထည်၊ အမေ့ပူဆာတုန်းကတော့

"ဒီကစ်ထည်ရ တော်ပါပြီ"လို့ ဆိုတယ်၊ ဒီဘစ်ထည် ရပြီးတော့ နောက်ဟစ်ထည်ရလျှင် တော်ပါပြီ၊ ဆူတို့ တော်ပါပြီနဲ့ကို ဘယ် တော့မှ တော်မှာ မဟုတ်ဘူး။

ငါးပုပ်ပြားလေးမှ မပါဘူး ဥနကော ဥစ္စာစည်းစိမ်၊ ဂုဏ်သိရှိ မောက်မိုး၊ မည်မျှတိုးလည်း၊ မဖြိုး မလျှံ၊ အမှန်ပင် ယုတ်လျော့ခဲ့သေး၏။ လျော့နေသေးတယ်၊ လို့နေသေးတာဘဲ၊ "ဟို- ဘာမျှား တော်လောက်ပလား" လို့ ဆိုတော့ နည်းနည်းလေး လိုနေသေး၊ တစ်နေရာမှာပေါ့လေ ဆရာတော်တစ်ပါး၊ ဆွမ်းဘုဉ်းပေးနေတယ်၊ သူ့ ဒကာ-ဒကာမ တွေကလဲ တကတဲ ကြည့်ညှိလိုက်ကြတာ၊ ဘုဉ်းကလဲ ကြီးလိုက်တာ၊ ဆွမ်းဟင်းတစ်ပွဲလုံး သူက ကြည့်လိုက်တယ်၊ "ကဲ- တကတဲ ငါးပုပ်ပြားလေးမှ မပါဘူး" လို့ ငြီးလိုက်သေးတယ်တဲ့၊ ဒါ ဆရာတော်၊ ကမ္ဘာဉာန်းဘုန်းကြီး ဆရာတော်၊ ကမ္ဘဉာန်းဘုန်းကြီး ဆရာတော်ကောင်းမှု ဒီဆွမ်းဟင်းပွဲတစ်ပွဲကြီးမှာ ဟိုကထည့်၊ ဒီက ထည့်ပြီးတော့ကို ဆွမ်းဟင်းပွဲ ပြည့်နေတဲ့ အချိန်ကျတော်မှ သေသေချာချာ လှည့်ကြည့်ပြီးတော့ "ငါးပုပ်ပြားလေးမှ မပါဘူးကွာ"လို့ လိုနေသေးတယ်၊ ဒီတော့ ဒကာတို့အိမ်လို ဒါတော့ မပြောနဲ့တော့၊ ပထမဆုံး အိမ်ဆောင်လိုက်၊ တော်တော်ကြာ ဘာကလေးလိုလိုက်၊ တော်တော်ကြာ ညာကလေးလိုလိုက်နဲ့၊ လိုလို လိုလို လိုလိုပြီးတော့ နေတဲ့ဥစ္စာ ဘယ်လောက်ကြာမလဲ၊ သေသည့် တိုင်အောင် လိုနေမှာဘဲ။

ဒကာမကြီးတစ်ယောက် ဥနကော - ဥစ္စာစည်းစိမ်၊ ဂုဏ်သိရှိ မောက်မိုး၊ မည်မျှတိုးလည်း၊ မဖြိုး မလျှံ၊ အမှန်ပင် ယုတ်လျော့ခဲ့သေး၏၊ အတိတ္တော-တော်လောက်ပြီ အောင့်အဲ့၏၊ ရောင့်ရဲတင်းတိမ်ခြင်း၊ မရှိခဈး... ဘုန်းကြီးတို့နဲ့ ရင်းတဲ့ ဒကာတစ်ယောက်မှာ ဒကာမကြီးက ဟိုတစ်ခါနဲ့ စစ်မဖြစ်ခင် တော်တော်ဝေးတဲ့ တစ်ခါနီးတုန်းက ငြီးတယ် "ကျုပ်တို့တော်ဝင်ဗေလေး သုံးထောင်လောက်မျှား အပိုအလျှံ ရှိလို့ ရှိလျှင် စစ်ကိုင်းမှာ ဥပုသ်စောင့်ပြီးတော့ အေးအေး နှစ်ယောက်သား နေတော့မှာဘဲ"လို့ ပြောတယ်။

နောက်တော့ ကံအားလျော်စွာ ရှာလိုက်တာ သုံးထောင်လဲ မကဘူး၊ သုံးသောင်းလဲ မကဘူး၊ သုံးသိန်းလဲ မကဘူး၊ စစ်ဖြစ်တော့ကို ဘဏ်မှာ ခြောက်သိန်းမျှသွားသေးတယ်တဲ့၊ အဲဒါလဲ အခု လျော့သလားလို့ ဆိုတော့ မလျော့ဘူး၊ အခုလဲ ရှာရက်တဲ့ ဘုန်းကြီးက တွေးလို့ "ဒကာမကြီး... ဒီမလောက် အသက်ကြီးနေမှတော့ မကောင်းဘူးနော်၊ ဘာ ညာနဲ့" ပြောတယ်။

"မရှာပါဘူး၊ မရှာပါဘူး"ပြောတာဘဲ၊ ရှာရက်တဲ့၊ ဒီတော့ ဘယ်သူက ခိုင်းနေသလဲ၊ လက်က ခိုင်းတာမဟုတ်ဘူး၊ ပါးစပ်က ခိုင်းတာ မဟုတ်ဘူး၊ ဝမ်းထဲက တက္ကာက ခိုင်းနေတာ၊ ခါးကြောင့်-

တရား ၄-ပုဒ် ဝါန်းသကော - တက္ကာစေရာ၊ မနေသာတဲ့ ဖွေ့ဆွဲ ဆက်သရသည့်၊ တက္ကာ၏ ကျေးကျော်မျိုး၊ ကျန်တော်ချီးချည်းသာတည်း၊ ဒါလေး နားလည်ရမယ်၊ တရား ၄-ပုဒ်ကို မြတ်စွာဘုရားက ဟောတယ်။

၁။ ပထမက- အိုခြင်းဆိုတဲ့တရားက မသေသေအောင် နှိပ်စက်နေတာပဲ။

၂။ ဒုတိယက- တကယ့်အရေးမှာ ကာကွယ်စရာ, အားကိုးစရာ တစ်ယောက်မှ မရှိဘူး။

၃။ တတိယတရားက- အာဏာနှိုးမှာ ကိုယ်ပိုင်ပစ္စည်း ဝ-ခုမှ မရှိဘူး၊ အကုန်လုံး စွန့်သွားရမယ်။

၄။ စတုတ္ထတရားက- တဏှာရဲ့ ကျွန်ချည်းဘဲ၊ တယ်တော့မှ မတင်းတိမ်ဘူး၊ အမြဲ လိုနေတာဘဲ။

အဲဒီ တရား ၄-ပုဒ်ကို ဘုန်းကြီး, ဒကာသူတော်, ပရိသတ်တွေ စဉ်းစားရမယ်၊ မစဉ်းစားလို့ မဖြစ်ဘူး၊ သေမှာ ကြောက်တာ ဒါကြောင့် ကြောက်တာ၊သေခါနီးကျတော့ "ငါ့ပစ္စည်းလေးတွေ ငါ့တစ်ဆက်လုံး ရှာလာတဲ့ဥစ္စာတွေ ထားပစ်ခဲ့ရတော့မယ်၊ငါရဲ့ ဆွေတွေမျိုးတွေ, သားတွေ သမီးတွေ, မယားတွေ ခွဲသွားရတော့မယ် " လို့ တွေးပြီး ကြောက်တာ၊ ဒီဟာ အင်မတန် အရေးကြီးတယ်။

ပြုံးပြုံးကလေး သေနိုင်အောင် " ငါ ဘယ်နားဆီ ကြီးစား သွားရမလဲ၊ ဘယ်ဘဝ ရောက်မှာလဲ၊အလိုလေး- ဘုရားရေ- အမယ် ၄-ပါးမျှားကျလျင် ဒုက္ခ" ဒီအချက် တွေးပြီး လန့်ဖာ၊ ဒီအချက်တွေကို တစ်ခုစီတစ်ခုစီ ရှင်းထားလို့ ရှိလျှင် လန့်ကို မလန့်ဘူး၊ ဘုန်းကြီးက ထင်တယ်၊တစ်ခုစီ တစ်ခုစီ ရှင်းထားတဲ့ ပုဂ္ဂိုလ်အတွက်မှာ ဆေခါနီးကို ပြုံးနိုင်လိမ့်မယ်လို့ ထင်တယ်၊ ဘုန်းကြီးက "ငါ သေခါနီးလို့ ဆုဇဝင်ကောင်းကောင်းနဲ့ ပြုံးပြုံးကလေး ငါသေနိုင်အောင် ဘယ့်နယ်လုပ်ပြီး ကြိုးစားရမလဲ" လို့ စဉ်းစားတယ်ကိုး၊ဒုကာသူတော်ဆွေလဲ ဘုန်းကြီး အသွားအတိုင်း စဉ်းစားဖို့ ကောင်းတယ်၊ ဒီတော့ကို လက်ရှိ ပစ္စည်းသွေးကို စွန့်သွားရမယ်။

ဒါလေးကို စဉ်းစားလိုက်တော့ " ဟာ ... ငါ့မှာ ကုသိုလ်တွေ အများကြီးရှိသားဘဲ ဒီတိုက်လောက် ဒီစက်လောက်မကာတဲ့ စည်းစိမ်ဥစ္စာ ဆိုဆဲဥစ္စာ ငါလို သဒ္ဓါတရားသမားတွေချည်းဘဲ နေကြတာ၊ ယခု လောကကြီးထဲမှာ စည်းစိမ်နဲ့ ပြေဖင်ပြောင်လက်လက် နေသမျှ ငါတို့လို သဒ္ဓါတရားသမားတွေချည်း နေကြတာ၊ ဒီတော့ လက်ရှိ စည်းစိမ်လေးကို စွန့်ဖို့ရန် နှမြောလိမ့်ဦးမလား။ ရွေအိုးကလေးရမယ့်ဇနရာမှာ မြေအိုးကလေး ကံသွားမှာ နှမြောသေးသလား၊ အင်မတန် ခဲနေးရတဲ့ ဘုံဗိမာန်ကြီး နေရာမှာ ဒီလက်ရှိဖြစ်တဲ့ ကျောင်းကလေး အိမ်လေး ဟာလေးတွေ နှမြောလိမ့်ဦးမယ်လား။

ဒါနဲ့ သိလ ကယ်မယ် ဒီတော့ လက်ရှိပစ္စည်းကို မနှမြောတဲ့ နည်းဟာ ဒီဒါနမှတစ်ပါး အားကိုးစရာ မရှိဘူး၊ လက်ရှိပစ္စည်းရဲ့ အစားမက ပြန်ပြီးတော့ ရဖို့ရန်ကာ ဒီဒါနမှတပါး အားကိုးစရာမရှိဘူး၊ အဲဒီတော့ ယခုဒါနပြုနေပြီ၊ ဝမ်းမြောက်ဝမ်းသာလဲ ပြုနေပြီ၊ ပြုလို့လဲ အားမရဘဲနဲ့ ထပ်ပြီး တော့လဲ ပြုနေတယ်၊ အလိုက်သိစွာလေ ဟိုတစ်နေ့တုန်းက ဘုန်းကြီး ကျောင်းမှာ တံမြက်စီးတွေလိုနေတာ မြစ်တာနဲ့ မို့လို့ တံမြက်စီးတွေ လှမ်းလှမ်း ပို့လိုက်သေးတယ်၊ " အလိုက်သိစွာ

ငါပြုနေတဲ့ ဒါနတွေဟာ ငါ့ကိုမကယ်လျှင် ဘယ်သူ့ ကယ်မလဲ၊ လက်ရှိ ဆွေတွေ မျိုးတွေ သားတွေ သမီးတွေက မကယ်ပေမယ့် ငါဒါနက ငါ့ကိုကယ်မယ်၊ ငါသီလက ငါ့ကိုကယ်မယ်" ဒီတော့ ဒီလိုဟာတွေကို အားကိုးထားလို့ ရှိလျှင် ဘုန်းကြီးက "ဒို့.... သေရမှာ ဘာကြောက်စရာရှိတုန်း သေရမှာ အာကြောက်စရာ ရှိတုန်း" ဒါ ကိုယ်ရေးကိုယ်တာနော်။

သိပ်သူတော်ကောင်းအောင်နေ တစ်ခါ ငါ့သား ငါ့သမီး ငါ့ဆွေ ငါ့မျိုး ငါ့သမီး ခင်ပွန်း စသူတို့ကို ခွဲပြီးတော့ သူ့ဘုရားမှာ၊ ငါက သနားတယ် ဆိုပါတော့၊ လွမ်းတယ်ဆိုပါတော့၊ ဒါကမဆန်းဘူး၊ ဘဝတိုင်း ခွဲရဘာ၊ ဘဝတိုင်း ဘဝတိုင်း ခွဲခွဲခွဲခွဲခွဲ ပြီးတော့ လာရတယ်၊ ဒီတော့ သာလုပ်ရမလဲလို့ ဆိုတော့ ဘုန်းကြီးရဲ့ တွက်ကိန်းက "ကိုယ် သူတော်ကောင်းအောင်နေ၊ ကိုယ့်ရဲ့ အင်မတန် ချစ်တဲ့သူတွေက သိပ် သူတော်ကောင်းအောင်နေ" ဟုခု ဘုန်းကြီး တရားဟောနေတဲ့ ဥစ္စာတွေ ဒီပရိသတ်တွေကို ဘုန်းကြီးက ရင်းရင်းနှီးနှီးနဲ့ ဟောနေတာ သိပ်သူတော်ကောင်းအောင်နေကြ၊ အာဖြစ်လို့လဲ၊ ကွဲမယ် ကွဲမယ် ကွဲယွားမယ်၊ တစ်ယောက်နဲ့ တစ်ယောက် ကွဲသွားမယ်။

ကိုယ် လုတ်ရာ လုတ်ရာ ပြေးရသလို လှေကြီး နစ်တဲ့ အခါ သဘော်ကြီး နစ်တဲ့ အခါမှာ မြစ်ထဲ ကိုယ် လက်လှမ်းမှီရာမှာ ကူးပြီးတော့ လက်လှမ်းမှီရာ မြေးကြရသလို အောကြီး စစ်အေားကြီး ဘာကြီး ထောက်ဆဲ့

အခါမှာ ပုံးတွေ ဘာတွေ ချစာယ်လို့ ဆိုတဲ့ အခါမှာ မီးတွေ ဘာတွေ ဝိုင်းနေတဲ့အခါမှာ ကိုယ် လွတ်ရာ လွတ်ရာကို ပြေးကြရသလို။

တစ်ဘဝ ပြောင်းပြောင်း ပြောင်းပြောင်းပြီးတော့ ပြေးကြရတယ် ဆိုတဲ့ဥစ္စာ အကုန်လုံး ခွဲကြရမယ်၊ ဘဝတိုင်း ခွဲလာရပြီ၊ သို့သော် ခွဲလာရပေမယ်လို့ သူ့မှာလဲဘဲ သူ့အားကိုးလေးနဲ့၊ ဥပမာ– သဘော်နစ်တယ်လို့ ဆိုပေမယ်လို့ သဘော်ကြီး နစ်ပေမယ့် "ဟာ.... ငါ့မှာလဲ အောတစ်ခုရသွား၊ လှမ်းကြည့်လိုက်တယ်၊ အား.... ငါ့ရဲ့ ဇနီးသယ်မှာလဲဘဲ သူ့ဘောလေးတစ်ခုနဲ့ ပါလား၊ ကိစ္စမရှိဘူးဟေ့" စိတ်အင်မတန် အေးသွားတယ်။

သူ့မှာလဲ အားကိုးစရာလေးနဲ့၊ ဘယ်သူ့မှာလဲ "အား... တုံးကြီးတစ်ခု ရနေပါတယ်၊ ဟန်ကြလိုက်သာဟာ၊" ကိုယ့်ဟာ ကိုတော့ ကူးကြဘာဘဲ၊ သို့ပေမယ်လို့ သူ့မှာလဲဘဲ အားကိုးစရာလေးနဲ့။

သူတော်ကောင်းမိသားစု အဲဒါလိုဘဲ ကိုယ့်ဒကာ ဒကာမတွေ ကိုယ့်ရဲ့သမီး ခင်ပွန်း သားသမီးတွေ သူ့လဲ သူ့အားကိုးနဲ့ သူကောင်းကောင်းလေး ဘုရားရှိခိုးလို့ ပါလား၊ တော်တယ် တော်တယ်၊ ငါ့သမီး တော်တယ်၊ ဘုရားရှိခိုးလို့၊ ဒါလေး အားကိုးရမယ်၊ အဲမယ် သူက ဆွမ်းလေး လောင်းလို့ ပါလား တော်တယ် တော်တယ်၊ သူ့အားကိုးလေးတွေ သူယူလို့၊ အဲမယ် သူက ဥပုသ်စောင့်လို့ ပါလား၊

အားရစရာကြီး, ဝမ်းသာစရာကြီး၊ တကတဲ့ ဇနီးသယ်ကြည့်လိုက်လဲဘဲ သူက သဒ္ဓါတရားလေးနဲ့ သူတော်ကောင်း၊အိမ်သားကြည့်လိုက်လဲဘဲ သူက သဒ္ဓါတရားလေးနဲ့ သူတော်ကောင်း၊ သားတွေသိုးတွေ ကြည့်လိုက်လဲဘဲ သဒ္ဓါတရားလေးတွေနဲ့ ဥပုသ်စောင့်တဲ့သူက စောင့်လို့၊ ဘုရားရှိခိုးတဲ့သူက ရှိခိုးလို့၊ အလှူဒါန ဆွမ်းလောင်းတဲ့သူက လောင်းလို့၊ အတောင်းအရမ်း လာတဲ့သူတွေကို ပေးသူက ပေးလို့၊ အား... အားကိုးစရာလေးတွေ ကောင်းလိုက်တာ, ကောင်းလိုက်တာ၊ ဟော- ဒီလိုခွဲတော့ ခွဲကြရမယ်၊ ခွဲရပါမယ်လို့ အားကိုး အားထားကလေးတွေ ရအောင် ဆွဲလျှင် ဘယ်လောက် ကောင်းမလဲ။

ကိုယ့်ကံနဲ့ကိုယ် ဒါကြောင့် ခု ပရိသတ်ကြီးတွေလေ တစ်ခါတစ်ရံကံတော်ကံကြားတွေကြရ၊အော်-ဒီက ဘုန်းကြီးတို့ရဲ့လာခဲ့တဲ့ မလိပ်မြို့ကမရိဆတ်ကြီးတွေက အစောကြီးထဲက ဘုန်းကြီး ကလေးဘဝကတဲ့က တွေ့နေကြရတယ်၊ ဘုန်းကြီးကလေးတုန်းက ဒို့ပလိပ်မြို့မှာ နေသွားပေမယ်လို့ ခု ခွဲပြီးတော့ သူလဲ ဘူ့ဘုန်း သူ့ကံနဲ့ နေလိုက်တာ၊ ဒို့လဲဒို့ကံနဲ့ နေကြရတာ၊ အဲဒီတော့ ဘစသံသရာမှာ ခွဲသွားတော့လဲ ဒို့လဲ ဒို့အားကိုးနဲ့ ဒို့ဘုန်းနဲ့ဒို့သီလနဲ့ ဒို့စေတနာနဲ့၊ သတ္တဝါတွေအပေါ်မှာ မေတ္တာကရုဏာနဲ့ ဒို့ဒီလိုနေသွားမယ်၊ ဟောသလို ဆိုလို့ ရှိလျှင်ဖြင့် ခွဲရမှာသိပ်မနေနဲ့ပါဘူး၊ ခွဲရတာသိပ်မဆန်းပါဘူး၊ ဒါပေမယ့်ဇာစ်ခါတစ်ခါ ပါရမီဖြည့်ဘက်သမားတွေ ဆိုတော့ ပြန်ပြန် တွေ့တယ်၊ ပါရမီဖြည့်ဘက်သမားတွေ ပြန်ပြန် တွေ့ပေမယ့်လဲ လွှတ်မှန်းပြီး

တော့ အားမကိုးလိုက်နဲ့၊ ခုနက ကုသမင်းကို ပဘာဝတိက မုန်းသွားတာသာ ကြည့်ပေတော့လေ။

ကိုယ်က ဟုတ်မှ ပါရမီဖြည့်ဘက်သမားတွေ ဆိုပေမယ့် ကိုယ်က ဟုတ်မှ၊ ဥပမာ- ဘုန်းကြီးက ရောက်လေရာရာ ဘဝမှာ ပညာကလဲ ခပ်ထက်ထက်, အရည်အချင်းကလဲ ခပ်ရှိရှိဆိုလို့ ရှိလျှင် ဆွေတွေမျိုးတွေက ဘုန်းကြီးကို ဆွေမျိုးတော်ချင်လိုက်ကြမှာ၊ဘုန်းကြီးကသာ နုံနုံချာချာနဲ့ ရုပ်အဆင်းကလဲ လူရာမဝင် အူလယ်လယ် ထိုင်းတိုင်းတိုင်းဆိုလို့ ရှိလျှင် "ဒီကောင်လေးဒို့အမျိုးထဲ ဘယ့်နှယ်ကြောင့်မျှား ဖြစ်လာပါလိမ့်မတုန်း" လို့ ဒီလို အောက်မေ့ကြမယ်၊ ဒီတော့ ကိုယ့်ကိုယ်လေ နင်လား, ငါလား ကြိုးစားလိုက်ကြစမ်းပါ၊ ဒါ့ကြောင့် "ခွဲရမယ်, သေရမယ်, လက်ရှိပစ္စည်းတွေ စွန့်ရမယ်၊ ဘဝသစ်တစ်ခုခုကို ယူရမယ်၊ အဲဒီ ယူရမယ့် ဘဝမှာလဲတဲ့ ကိုယ့်ကိုယ်ကို အောက်ကျနောက်ကျ မဖြစ်ရအောင် ဟာ ယခုထဲက အသစ်အသစ်ဖြစ်တဲ့ ကံတွေကို အကောင်းဆုံးဖြစ်အောင် ကြိုးစားလိုက်ကြစမ်းပါ" လို့။

နောက်ဆုံးအရွယ်မှာ ကြိုးစား ပဏ္ဍိတော-ပြုသမျှ အသစ်, ဖြစ်သမျှ အဟောင်း, မကောင်းလဲငါ, ကောင်းလဲငါဟု, ကောင်းစွာမြင်သို့, ပညာရှိသည်၊ တိဏ္ဍ-နှစ်ဆယ့်ငါးနှစ်, သင့်အောင် ဆစ်၍, သုံးရစ်ပိုင်းခြား, အရွယ်သုံးပါးတို့တွင်၊ အညတရံ ယာမံ - ယုတ်စွအဆုံး, နောက်ပိတ်တုန်းဟု, ခေါ်ထုံးအရ, ပစ္ဆိမအရွယ်ကို၊... နောက်ဆုံးကျတော့ နည်းနည်းကြီးလာပြီ၊ ကြီးလာတော့ကိုလေ တရားအားထုတ်ဖို့

သိပ်ပြီး ဘုန်းကြီးက ပြောချင်တယ်၊ နောက်ဆုံးကျတော့ကို တစ်ခါထဲတရားနှုတ်ဆုံးသွင်းလို့၊ ဥပုသ်သီတင်း ရက်ရှည်တွေ စောင့်လို့၊ သစ်ပင်ရိပ်သာအောက်မှာ အေးအေးဆေးဆေး ကမ္မဋ္ဌာန်းဓလေ့များ အားထုတ်လို့၊ အဲဒီလိုနေသွားတာဟာ သေချာပေါက်တဲ့ ဘုန်းကြီးတို့ ရောက်ရမယ့် ဘဝမျာလေ၊ ဒါကြောင့် နောက်ဘဝကို ကြောက်မနေနဲ့။

ဒီဟာကသာ အကြောင်းတွေကို ကောင်းအောင် ကြိုးစားလိုက်ပါ၊ နောက်ဆုံး တော်တော်ကြီးတဲ့ အဖိုးကြီးတွေ၊ အဖွားကြီးတွေ ဆိုလို့ ရှိလျှင်ဖြင့် အိမ်မှာ သိပ်နေဖို့ မကောင်းဘူး၊ ကျောင်းနားမှာ၊ ကမ္မဋ္ဌာန်းကျောင်းတွေမှာ ဟုန်ဆောင်မဟုတ်နဲ့၊ ကိုယ့်ကိုယ်ကိုလေ ငါသေသေချာချာဟုတ်မှု သေရမှာ၊ သေရမှာ၊ သေလို့ ရှိလျှင် ဘယ်နည်းနဲ့မှ မကြောက်ရဘူးဟာ ဒီဒါနဲ့ ဒီသီလ၊ ဒီဘဝနာသာ ရှိတယ်လို့ တွေးပြီး၊... တိဏ္ဏံ - နှစ်ဆယ် ငါးနှစ်၊ သင့်အောင် ဆစ်၍၊ သုံးရစ်ပိုင်းခြား၊ အရွယ်သုံးပါးတို့ တွင်း၊ အညတရံ ယာမံ-ယုတ်စွအဆုံး၊ နောက်ပိတ်တုံး ဟု၊ ခေါ်ထုံးအရ၊ ပစ္ဆိမအရွယ်ကို၊ ပတိဇဂ္ဂေယျ - အပြစ်မနှော၊ စင်းလုံးချောအောင်၊ ဆေးကြော သုတ်သင်ရာသတည်း...။

သာဓု... သာဓု... သာဓု...။

နောက်ဘဝ ရဲရဲကြီးသွားနိုင်အောင် နည်းနည်းအချိန်ကြာသွားပြီ၊ အဲဒီတော့ အားလုံးပေါ့လေ...၊ တစ်ခါတစ်ရံ တွေ့ရတဲ့သူကလေးရော ဘုန်းကြီးဟောတဲ့

"ကိုယ့်ကိုယ်ကို အချစ်ဆုံး" ဆိုတဲ့တရားကို ပထမဆုံး နားလည်ပါ၊ ကိုယ့်ကိုယ်ကို အချစ်ဆုံးဆိုလို့ ရှိလျှင် နောက်ဘဝ ရောက်တဲ့အခါမှာ မကြောက်ရအောင် ဘယ်နယ်လုပ်မလဲလို့ ဆိုလို့ ရှိလျှင် ယခုလက်လှမ်းမီတဲ့ကုသိုလ်တွေကို ကြိုးစားရုံတင်အားမရသဲနဲ့ အသက်တော်တော်ကြီးပြီးသကာလ နေကြတဲ့ ၅၀-ကျော်တို့၊ ၆၀-ကျော်တို့ဆိုတဲ့ လူကြီးတွေကတော့ ဘာမှ အဖြစ်မရှိအောင် ဥပုသ်ရက်ရှည်ဆောင်လို့၊ မေတ္တာဘာဝနာများ ပွားများလို့၊ အနိစ္စ-ဒုက္ခ-အနတ္တ ကမ္မဋ္ဌာန်းတွေ စီးဖြန်းလို့ အဲဒီလို အပြစ်လုံးလုံး မရှိအောင် စင်းလုံးချောဖြစ်တဲ့ စိတ်ကို ပြုပြင်စီမံပြီးသကာလ ကိုယ့်ကိုယ်ကို နောက်ဘဝရောက်ရမယ့်ဥစ္စာ မကြောက်တဲ့အပြင် ပြုံးပြုံးကလေးနဲ့ နောက်ဘဝ ရဲရဲကြီး သွားနိုင်အောင် ကိုယ်စီကိုယ်ငကြိုးစားနိုင်ကြစေကုန်သတည်း.....။

သာဓု... သာဓု... သာဓု...။

ကိုယ့်ကိုယ်ချစ်လျှင် ကိုယ်ပြုပြင်တရားတော် ပြီးပြီ။

အသိညာဏ်တိုးပွားရေးတရားတော်

မလွတ်လပ်မီး လိုက်ကြ

နောက်ဘဝ ရှိ-မရှိ ဟာခု သံသယတော်များများ ရှိတတ်သူတွေ့ လက်ဘက်တော့ တရားသံဝေဂရဖို့ ဂါထာ ဖြစ်တယ်၊ ဒီလက်ဘနဲ့ ဆိုင်တဲ့ အဓိပ္ပါယ်ကို ကျယ်ကျယ်ပြန့်ပြန့်ပြောမှ ကောင်းကောင်း နားလည်မယ်၊ ဒါကြောင့် ဒီအဓိပ္ပါယ်ကို မပြော သေးဘဲ အသိညာဏ်တိုးပွားတဲ့ တရားစကားကို ဘုန်းကြီး ပြော ပါ့မယ်။

စောစောက ဗုဒ္ဓမြတ်စွာကို ပုရိသဒမ္မသာရထိ – သတ္တဝါတွေကို ယဉ်ကျေးအောင် ဆုံးမတော်မူတဲ့နေရာမှာ မြင်းကိုဆုံးမတဲ့ မြင်းဆရာကောင်းလိုဘဲ အင်မတန် ပိုင်နိုင်တော်မူပါတယ်၊ အမျိုးမျိုး ဗုဒ္ဓမြတ်စွာရဲ့ တရားထဲမှာ ဟောတော်မူတာတွေ ရှိပါတယ်၊ ဟာခုခေတ် ဒီဝရဖလောက သေပြီးတဲ့နောက် တစ်ဘဝ၊ တစ်နည်း– အခု လူ့ဘဝနဲ့ အပြိုင်အဆိုင်ဖြစ်တဲ့ ဒီပြင်ဘဝ မရှိတော့ဘူးလို့ ဆိုတဲ့ ဝါဒကလဲ တော်တော်လေး နယ်ပြန့်ပြီးတော့ လာခဲ့ပါတယ်၊ ဒီဝရဖလောက-သေပြီးတဲ့နောက်ဘဝ, သို့မဟုတ် ဟာခုဘဝနဲ့ အပြိုင် တစ်ခြားဘဝ ရှိတယ်လို့ ဆိုတဲ့ အယူဝါဒက အနည်းငယ်မျှ နယ်ပယ်လေး ကျဉ်းကျဉ်းပြီးတော့ လာပါတယ်။

တစ်ခြားနိုင်ငံမှပြောနဲ့ ဘုန်းကြီးတို့နိုင်ငံမှာဆို ဒီပဲရုံလောက်တော့ မရှိသူဆိုတဲ့အပိုင်းက တော်တော်ကျယ်ပြန့်လာတယ်။

ပြောဖို့ကာဝန်ကိုယ့်ကာဝန် ဒီတော့ လောကကြီးကို အတိုက်အခံ ပြောနေဖို့ အတိုက်အခံ လုပ်နေဖို့တော့ မလိုပါဘူး၊ ကိုယ်ဝိုင်ဉာဏ်နဲ့ ကိုယ့်ဘာသာကိုယ် သုံးသပ်ပြီးတော့ ကိုယ့်စကားကိုယ် နားထောင်တဲ့ပုဂ္ဂိုလ်မျိုး ဘာသာသမိုဏ်မျာ်းကို ဒီအကျိုးနဲ့ အကြောင်းနဲ့ မိမိကိုယ်တိုင်က ပြောပေးဖို့ ကာဇနံရှိပါတယ်၊ ပြောပေးရဲ့ လားနဲ့ သူတို့ မလိုက်နာခဲ့တာကတော့ တာဝန်ဘာမှမကြီးဘူး၊ စိတ် ဘာမှဆိုးစရာမရှိဘူး၊ ကိုယ့်ဝန်ကိုယ် မိုးပြီးတော့ ကိုယ့်လမ်းကိုယ် သွားကြရမှာ၊ ဖာခုအခုချိန် တွေ့နေတဲ့အခါ ကိုယ့်ဘာဝန် ကျေသွားလျင် ပြီးတာပဲ၊ ဒီတော့ ဒီနေ့ အသိဉာဏ်ဘုံဟုးအောင် တရားစကား ဘုန်းကြီး ပြောပေးပါ့မယ် ဘုန်းကြီးတို့ကျမ်းစာထဲမှာ အဏ္ဍဇာတ်စဉ်ပုံပြီးစီဖို့ရန် ပစ္စက္ခသိဒ္ဓ အနုမာနသိဒ္ဓ အာဂမသိဒ္ဓ လို့ ရှိတဲ့အပြင် သဒ္ဒေယျသိဒ္ဓလို့ တစ်ပါး ပါနေသေးတယ်။

ဒီဟာက အနုမာနသိဒ္ဓနဲ့ တစ်စည်းစားလျင် အင်မတန် ကောင်းတယ်။

မှန်းသိနိုင် ဟို-ဥပမာဆိုကြပါစို့ ဒီအထက်မှာ မိုးရွာနေပြီ၊ ဒီကနေ သွားမကြည့်နိုင်ဘူးဆိုပါတော့၊ သာတင်းလဲ မကြွားမသိဘူး၊ ခါပေမယ့် ဒီနဲ့ တည့်အာ့ရှ် ရောဝတီမြစ်မှာ ရေတိုးနေပြီ၊ ရေတိုးတာကိုကြည့်လျင် ရေတိုးထဲ့အကျိုးကို ကြည့်လျင်၊ ဟိုအထက်မှာ မိုးရွာနေတယ်ဆိုတဲ့ အကြောင်းကို မှန်းဆပြီးတော့

သိနိုင်တယ်၊ သွားကြည့်နေဖို့ မလိုဘူး၊ သတင်းမေးနေဖို့ မလိုဘူး၊ မှန်းဆပြီးတော့ သိနိုင်တယ်၊ ဒါကို အကျိုးကို လိုက်ပြီးတော့ အကြောင်းကိုသိတဲ့ "အနုမာနသိဒ္ဓ" လို့ ဆိုတယ်။

သိဒ္ဓဆိုတာ ပြီးစီးသွားပြီ၊ ပြီးပြီး ဒီကိစ္စဟာ ဟိုမှာ မိုးရွာတဲ့အကြောင်းကို သိဖို့ကိစ္စဟာ ပြီးသွားပြီ၊ ဒါ အနုမာနသိဒ္ဓတဲ့။

အစ်ခါဒီမှာ ရေတိုးနေတာကို တွေ့ကြုံလိုက်ရလျင် ရေရဲ့အတိုးကို ကြမ်းလျင်ကြမ်းသလို ဟိုအောက်ပိုင်းက မြို့ရွာလယ်ယာတွေမှာ ရေရောက်တော့မယ်၊ ရေလွှမ်းတော့မယ်၊ အဲဒီဟာလဲ မှန်းပြီးသိနိုင်တယ်၊ ဒါက ဒီမှာ ရေတိုးတဲ့အကြောင်းကို ကြည့်ပြီးတော့ ဟိုအောက်အကျမှာ လယ်ယာတွေ မြို့ရွာတွေ ရေရောက်မယ်၊ စီးမယ်တ် ရေလွှမ်းမယ်ဆိုတဲ့ အကျိုးကို မှန်းဆပြီးတော့ သိနိုင်ပြန်တယ်၊ ဒါက အကြောင်းကြည့်ပြီးတော့ အကျိုးသိနိုင်တဲ့ အနုမာနသိဒ္ဓတစ်မျိုးတဲ့လို့ စာကဆိုတယ်။

ကြိုးစားနေကြ အဲဒီတော့ ဒီနေ့ဟာမှာ ဥပမာသာဓကမျိုးနဲ့ ပြောထားပြီး ဥပမာစကားနဲ့ ပြောထားပြီး တော့တာ လောကကြီးကို တစ်ခါစဉ်းစားရဦးမယ်၊ ဒီကမ္ဘာစစ်ကြီး ဖြစ်ပြီးတဲ့နောက် ဆိုပါတော့ ဒုတိယ ကမ္ဘာစစ်ကြီး ဖြစ်ပြီးတဲ့နောက် တိုင်းပြည်တွေ အသိုးသီး ထူထောင်ကြတယ်၊ လူတဲ့လပ်ရေးရအောင် ကြိုးစားကြတယ်၊ လူတ်လပ်ရေးရအောင် ကြိုးစားတဲ့အပိုင်း ပြီးတဲ့နောက်ကို မိမိတို့ရဲ့ ဆိုင်ရာ တိုင်းပြည်တွေ ကြိုးပမ်းအောင်လို့ ဆိုပြီးတော့ တိုင်းကြီးပြည်ကြီးရော တိုးတက်ယ

တိုးတက်ပုံမျိုးထဲမှာ ဘုန်းကြီးလဲ မြင်ပြီးနေပြီ၊ ဒီတော့ အနုမြူတွေ ပိုင်နိုင်ကြလို့ တိုးတက်တာလဲ မှန်တယ်၊ လေ့ကမ္ဘာကို သွားနိုင်ကြလို့ တိုးတက်တာလဲ မှန်တယ်၊ ဒီ တိုးတက်မှုမှာ တိုးတက်မှုကို အကြောင်းပြုပြီးတော့ လူသားတွေ ကောင်းကောင်းစားကြရပါ့မယ်၊ ကောင်းကောင်း တက်ကြရပါ့မယ်၊ ကောင်းကောင်း နေကြရပါ့မယ်၊ ဒါသူတို့လဲ ဒီလောက်မှန်းပြီးတော့ လုပ်နေကြတာ၊ ဖြစ်နိုင်သလောက်လဲ ဖြစ်နေပြီလေ၊ နောက်လဲ ဒီလိုဖြစ်မှာပါဘဲ၊ တစ်စုံတစ်ခု အပျက်မရှိလျင်တော့ ဘုရားမယ် ယခု တိုးတက်ဖို့ရန် ကြိုးစားနေတဲ့ လမ်းထဲမှာ အကျင့်စာရိတ္တ တိုးတက်ဖို့ဆိုတဲ့ လမ်းမပါဘူး။

အဲဒါကြောင့်-"စိတ်ချမ်းသာမှုကို ပေးနိုင်တဲ့ အကျင့်စာရိတ္တ ပြင်မှုမပါတဲ့ အတွက်ကြောင့် ကောင်းကောင်းစား, ကောင်းကောင်းဝတ်, ကောင်းကောင်းနေရပါလျက်နဲ့ သတ္တဝါတွေ စိတ်ချမ်းသာကြမှာ မဟုတ်ပါဘူး"လို့ ဘုန်းကြီးက ဖြေလိုက်ပါတယ်။

စိတ်ချမ်းသာရဲ့လား ဒါ ဆဲဖြေတာ မဟုတ်ဘူး၊ တကယ့် စိတ်ရင်းအတိုင်း ဖြေတာ၊ ဒီတော့ တစ်ခါ ဘုန်းကြီးဖြေတဲ့ ဥစ္စာဟာ ဟို့ နောင် အရှည်ကြီးကို မှန်းပြီး ဖြေပေမယ့် ယခုလက်တွေ့ အသိုက်အလျောက် တိုးတက်ပြီးတော့— အစားကောင်းတွေ စားနေနိုင်တယ်၊ အဝတ်ကောင်းတွေ ဝတ်နေနိုင်တယ်၊ အိမ်ယာနေရာအိမ်တွေ အကောင်းတွေနဲ့ နေနိုင်တယ်၊ အဲဒီ နေနိုင်တဲ့အိမ်မှာ ဆားကွေ့သမီးတွေ ကစ်ပြုံကြီးနဲ့ မြေးတွေ

ပြည့်ယေတွေရော ဆိုင်ရာခေါင်းဆောင်တွေက ကြိုးစားကြတယ်၊ ဒုတိယကမ္ဘာစစ် ဖြစ်ပြီးသည့်ကစပြီးတော့ ကြိုးစားတာ ယခုလဲ ကြိုးစားတုန်းဘဲ၊ ကြိုးစားကြတယ်။

ကမ္ဘာကြီးတိုးတက် ဒီတော့ ဒီနေရာမှာ တစ်ချိန်က ရှေးဟောင်း ပါရဂူတို့ ရောက်လာတော့ ဘုန်းကြီးနဲ့ စကားလက်ဆုံကျလို့ အားမနာပါးမနာ မေးတန်း ပြောတန်း မေးနိုင် ပြောနိုင် အခြေအနေမှာ နောက်နားကျတော့ သူတို့ ဘာ မေးထုန်းလို့ ဆိုတော့ "ယခုကမ္ဘာကြီးဟာ အင်မတန်မှ တိုးတက် လာပါတယ်၊ အသိဉာဏ်တွေပေါ့လေ၊ ကမ္ဘာ့ အသိဉာဏ်တွေ အင်မတန် တိုးတက်နေပါတယ်၊ ဒီတော့ကာ ဒီ တိုးတက်တာမှ အနုမြူတွေ ဆိုတာလဲ အကောင်းဆုံး နေရာဘက်မှာ သုံးဖို့ အင်မတန်စဉ်းစားနေတာကို သိနေပါပြီ၊ ကိုင်နိုင်ပါပြီ၊ လုပ်နိုင်ပါပြီး ပြီးတော့ အဟက် လကမ္ဘာကိုတောင်မှ လူတွေ ရောက်နိုင်အောင် ရောက်နေအောင် ကြိုးစားနေကြပါပြီ၊ ရောက်နေပါပြီ၊ အင်မတန် တိုးလာနေပါတယ်၊ အဲဒီ တိုးတက်နေတာကို ဆရာတော်က ဘယ်လိုမျှား ထင်မြင်ချက်ရပါတုန်း"လို့ ဘုန်းကြီးကို မေးတယ်။

ဆရာတော်အမြင် ဘုန်းကြီးက ဒီ အဖြေတစ်ခုကို လောကမှာ အရေးပါ အရာရောက်တဲ့ သူတွေနဲ့ ဖြေတဲ့ နေရာမှာ ကိုယ်လိုချင်တာ ဆဲဖြေလို့ မရဘူး၊ သဘာဝအတိုင်း ဖြေမှ ရတယ်၊ ဘုန်းကြီးရဲ့ လိုချင်တာကလဲ အထူး မရှိဘူး၊ သဘာဝဘဲ ဆောက်ချတယ်၊ ဒီတော့ကာ ယခု တိုးတက်နေတဲ့

မြစ်တွေနဲ့ နေကြတာယ်၊ စိတ်ချမ်းသာပါရဲ့လား၊ ပတ်ဝန်းကျင်ရဲ့ ဆက်ဆံပြီးတော့ မော်တော်ကားတွေနဲ့ ကူးလူးဆက်ဆံသွားလာပြီးတော့ အင်မတန်ချမ်းချမ်းသာသာနဲ့ ကိုယ့်ရဲ့အနေအထားကို မြင်ကြပါရဲ့လား၊ စိတ်ချမ်းသာကြပါရဲ့လား။

ရှေးခေတ် မြန်မာ ဒါကို ဘုန်းကြီးတို့ထက် အိမ်မှာ နေတဲ့ သူတွေက သိမှာတာယ်၊ ဘုန်းကြီးကတော့ ဖယောင်းလောက် မတိုးတက်တဲ့ အချိန်တုန်းက ဟို- အထက်နိုင်ငံတို့ကို အုပ်လိပ်ဈ မသိမ်းခင် အချိန်တုန်းက မွေးကွားတဲ့ အဖိုးအဖွားတွေနဲ့ ဘုန်းကြီးက အထိုက်အလျောက် မှီလိုက်ပါတယ်၊ မှီလိုက်ထော့ အဖိုးအဖွားတွေရဲ့ အစားအစာတွေမှာ ဘာမှ ကြီးကြီးကျယ်ကျယ်မရှိပါဘူး၊ မီမုံတို့ကျေးကော ရပ်ရွာမှာရှိတဲ့ အစားအသောက်မျိုးထဲ မစတောင့်မတ စားကြရတယ်၊ အဝတ်ချုပ်လဲ ဘင်္ဂတော်ရုံကလေး၊ ဒါပေမယ့် အဖိုးတို့ မနက်မနက် စကားပြောနေလိုက်ကြတာဗျာ၊ ဟိုအိမ်က ဒီအိမ်က ဒီလိုဝတ်ဖြူစင်ကလန့် အဖိုးတို့ အဖိုးအရွယ်တွေ နည်းနည်းယော်တဲ့သူတွေ ဘုန်းကြီးကို ဆုတ်ဖက်ရေငွေပြီးတော့ ပေးတဲ့ယ်။

စကားယဉ်ကျေး သူတို့ စကားပြောတဲ့ အထဲ ဘုန်းကြီး ဟိုတုန်းက နားမလည်ခဲ့ဘူး၊ စကား ပြောတဲ့အထဲမှာ ယဉ်ကျေးလိုက်တာ၊ ကြီးတဲ့သူက ပြောလျှင် "အမိန့်တော်အတိုင်းပါ၊ အမိန့်တော်အတိုင်းပါဗျား၊ အမိန့်တော်အတိုင်းပါဘုရား" ဟိုတုန်းက ဘုန်းကြီးက နားမလည်ခဲ့ဘူး၊

သို့တိုက်လဲ မြန်မြန်ကလေး စကားပြောကြတယ်၊ "အမိန့်တော်အတိုင်းဖါခင်ဗျား" သာအခိုပါယ်မှန်းကို ဘုန်းကြီးမသိဘူး။

တစ်ခါဟိုအစ်ယောက်ပြောတဲ့ စကားကျတော့လဲ ဒီတစ်ယောက်က "ဦးထိပ်ရွက်ပါ့ ဦးထိပ်ရွက်ပါ" ဘုန်းကြီးက နားမလည်ပါဘူး ဘာအဓိပ္ပါယ်မှန်း၊ သူတို့ကလဲ မြန်မြန်ပို့လို့ "ဦးထိပ်ရွက်ပါ့ ဦးထိပ်ရွက်ပါ" ဒီလို ထင်နေတယ်၊ ဒါပေမယ့် မျက်နှာထားတွေ ကြည်ကြည်လင်လင်ရှိလိုက်တာ၊ လူတွေက တကယ် ကျန်းကျန်း မာမာရှိလိုက်တာ၊ ဒီအဖိုးတွေ အဖွားတွေက ဒီအချိန်မှာ ဆွမ်းလောင်းဖို့လို့ ဆွမ်းကလေးများ ခူးလို့ ဆွမ်းခံကြွတဲ့ ကိုယ်တော်များရဲ့ လမ်းထွက်ပြီးတော့ ငြိမ်ငြိမ်သက်သက် မျက်နှာကြည်ကြည်လင်လင်နဲ့ ဆွမ်းလောင်း ထွက်နေကြတယ်၊ ဘုန်းကြီးက ဇော်တော်လေး ကြီးတာမှ၊ အဲဒီ အဖိုးအဖွားတို့ရဲ့ လက်ဆက်ကို ပြန်ပြီးတော့ စဉ်းစားတယ်။

စဉ်ရှိတွေသွင်ပြင် "ဦးထိပ်ရွက်ပါခင်ဗျား၊ အခု ပြောတဲ့စကား ကို ကျွန်တော် မဟုတ်ပါဘူး၊ ဦးထိပ်ရွက်ထားဟ်ဒါမယ်၊ ယခု ခိုင်းတဲ့စကားကို အမိန့်တော်အတိုင်း လိုက်နာပါမယ်" ဒီ အခိုပါယ်ပေါ်လဲလာတော့ "ခံမယ်- စာယ်ယဉ်ကျေးပါလိုးဗျား၊ ဒို့ဖိုးတို့ ဒို့ဖွားတို့ လုက်ထက်တုန်းက တယ်-ချမ်းသာကြယဝလားလို့ လှမ်းပြီးတော့ မြင်လိုက်တယ်၊ လှမ်းလိုက်တာလေ အဲဒီခေတ်ကို၊ အဲဒီခေတ်က စာရိတ္တကို စောစောကလေးဘဲ ဆိုးမကြတယ်၊ အဖိုးတို့ အဖွားတို့က ခိုမြိုးကလေးတွေ့ သဘွားမိတ္တ

ဘမိုးတွေကို "အဲဒီလို မခေါ်နဲ့၊ ဒီလို မဆိုနဲ့၊ ဒီလိုမဆိုင်နဲ့၊ ဒီလို မခေါ်နဲ့၊ လူကြီးတွေနားမှာ ခပ်ကုန်းကုန်းကလေး သွား၊ စကားပြောလျှင် "ကျွန်တော်" လို့ ရိုရိုသေသေပြော၊ "ဟုတ်ကဲ့ ခင်ဗျား" လို့ ရိုရိုသေသေပြောဖို့ သင်ပြတယ်၊ ဟိုတုန်းက အရသာမသိပါဘူး၊ ယခုတော့ အဲဒီ အသင်အပြ ခံခဲ့ရလို့ အရသာကိုယ်တိုင်လဲ တွေ့ဘယ်၊ အများအတွက်လဲ သိနေပါတယ်။

ဆိတ်သုဉ်းသွားပြီ ဒီတော့ကာ ဘုန်းကြီးက ဟို ရှရှားပါရဂူတွေ့မေးတဲ့အခါမှာ အဲဒီလို စာရိုက်ထုပြုပြင်မှုဟာ ယခု ဆိတ်သုဉ်းသွားပြီ၊ အခြားနိုင်ငံကိုမပြောနဲ့တော့ ဘုန်းကြီးတို့ နိုင်ငံမှာတောင် ဆိတ်သုဉ်းသွားပြီ၊ ဆိတ်သုဉ်းသွားတော့ သား၊ သမီးတွေက မြေးတွေက မီဘဖိုးဖွားရဲ့ စကားကို နားမထောင်တဲ့အပြင် "ဒီအဖိုးကြီးတွေ ဘာနားလည်လို့လဲ" ဒီလို ဖြစ်လာပြီ၊ "ခေတ်မမီပါဘူး" လို့ ဖြစ်လာပြီ၊ ကောင်းပြီ၊ ခေတ်မီတဲ့ သူငယ်ချားက မီဘစကား နားမထောင်ဘဲနဲ့ ဖိုးဖွားရဲ့စကား နားမထောင်ဘဲနဲ့ ကိုယ်လုပ်ချင်တာ လုပ်လိုက်ကြလို့ ချမ်းသာလျင် ဒါက ပစ္စက္ခသိဒ္ဓါ၊ ပစ္စက္ခဆိုတာ မျက်မှောက်လက်တွေ့၊ အဲဒီသိဒ္ဓါနဲ့ လိုက်ကြည့်ရပါ့မယ်၊ လက်တွေ့ ချမ်းသာနေကြလို့ ရှိလျင် မီဘစကားကို ခေတ်မမီဘူး၊ ဒို့က ပညာတတ်နေပြီ၊ လက်တွေ့ ချမ်းသာနေကြလို့ ရှိလျှင် မီဘစကားကို ခေတ်မမီဘူး၊ ဒို့က ပညာတတ်နေပြီ၊ မီဘတွေက ဒို့လောက် ပညာတတ်တာ မဟုတ်လို့ သူတို့ ခေတ်မမီဘူး၊ ဟုတ်ပီ ဒါသူတို့ကဲ့ ပိုတတ်တယ်။

စဉ်းစားစရာ ပိုတတ်လို့ သူတို့ထင်မြင်တဲ့အတိုင်း လုပ်လိုက်ကြတဲ့ဥစ္စာဟာ ဆိုပါတော့ ကမ္ဘာနဲ့တကွ အစားကောင်း ကလေးတွေ စားပြီးတော့၊ အဝတ်ကောင်း ကလေးတွေ ဝတ်ပြီးတော့၊ အနေအထိုင် အိပ်ရာကောင်းလေးတွေ နေပြီးတော့ သူတို့ကိုယ်တိုင် စိတ်ချမ်းသာကြရဲ့လား၊ လက်တွေ့လက်တွေ့၊ ဟို သူတို့စကားကို နားမထောင်တဲ့ မီဘတွေ စိတ်မချမ်းသာတာကတော့ ဒါကလဲ လက်တွေ့၊ အဲဒီဘမိတွေ စိတ်မချမ်းသာတာ ရှိပါစေ၊ မိမိတို့ကိုယ်တိုင် စိတ်ချမ်းသာခဲ့လား၊ တစ်ယောက်ကို တစ်ယောက် ယုံယုံကြည်ကြည်နဲ့ ဆက်ဆံလို့ လူယဉ်ရဲ့လား၊ မဖြစ်ဘူးလို့ မပြောလိုဘူး၊ လူယဉ်ရဲ့လား။

ရွေးခေတ်အိမ်ထောင်ရေး ဟို ရွေးခေတီတုန်းက ဘုန်းကြီးက ရွေးခေတ်က အရာဝတ္ထုတွေ အကုန်လုံး အကောင်းချည်း ပြောနေတာ မဟုတ်ဘူးနော်၊ ရွေးခေတ်က စာရိုက်ထုပြုပြင်မှု ပါတယ်လို့ ပြောနေတာ၊ အဲဒီ ရွေးခေတ်က စာရိုက်ထုပြုပြင်မှု ပါနေတဲ့ အချိန်တုန်းက အိမ်ရာထောင်ကြတော့ မယ်လို့ ဆိုတော့ တစ်ယောက် အကြောင်းကို တစ်ယောက်သိအောင် ဆိုပါတော့ အတော်ကြာကြာ ဆွေးမျိုးချင်းလဲ စုံစမ်းတယ်၊ သူတို့နှစ်ယောက်ချင်းလဲ စုံစမ်းတယ်။

စုံစမ်းပြီးလို့ တစ်ယောက်တစ်ယောက် အင်မတန် ခင်နေပြီလို့ ဆိုလျှင် တစ်ယောက်ကလဲ သူ့စိတ်မပါပေမယ်လို့ "သူ စိတ်ချမ်းသာအောင် နေမယ်ထိုစ်မယ်" လို့ ဆုံးဖြတ်တယ်၊ သူ ဒါသနာ

ဖစ်ပါပေမယ့် ဒီတစ်ယောက်တော့ဆိုပါတော့ ဒေါ်သေ နည်းနည်းကြီး တယ်၊ သူ့အိမ်ရှင်ဓ ချမ်းသာအောင် ငါဒေါ်သချုပ်မယ်၊ ဟိုတယ် ''ကိုယ်က ဒေါ်သကြီးတာ အဲဒါကျုပ်က ကြောက်တယ်''၊ ''ဆို- ဒေါ်သကြီးဘူး'' ဒီလိုကိုး တစ်ယောက်နဲ့ တစ်ယောက်၊ စာရိတ္တအတိုင်း ဆင်ပြောအဆို အနေအထိုင်ကစပြီး တစ်ယောက်နဲ့ တစ်ယောက်ကို သည်းခံနိုင်စွမ်းအောင်လို့ နေတယ်။

ဗရုဒ်အပြော ဒီအထဲ ရယ်စရာတစ်ခု ကြားဘူးသေးတယ်ကိုး၊ ဒေါ်သကြီးတဲ့ အမျိုးသား အမျိုးဆိုးနဲ့ စားစောက လက်ဆေးပစ်ခဲ့က ဒါတွေကို စကား ပြောဆားကြတယ်၊ ဟိုက ဒေါ်သကြီးတဲ့ အမျိုးသားက ''ဆို- ဒို့နှစ်ယောက် အတူတူနေတဲ့အခါလေ သံနဲ့စပ်ပြီးတော့ မင်းကို အပ်နဲ့ကောင် ငါမရယ်ဘူး''ဟား-ဟား သူကလဲ အဲဒီလောက် ပြောထားတယ်၊ ဒေါ်သက သူကအဟုတ်ကြီးနေတာ၊ ဝါသနာ၊ ဒါနဲ့နောက်တော့ လက်ထပ်ပြီးလို့ အတော်ကလေး ကြာကျတော့ ယောကျ်ားက ဒေါ်သဖြစ်တယ်၊ ဒေါ်သဖြစ်ပြီးတော့ ဘာနဲ့ညာနဲ့ ကြိမ်းတာကိုး ကြိမ်းတော့ မိန်းမက ''ကို- ဟိုတုန်းက ပြောတုန်းက သံနဲ့စပ်ပြီး အပ်နဲ့ကောင် မရှယ်ဘူးလို့ ပြောတယ်၊ အခု ဘာဖြစ်လို့ ဘာနဲ့ ရွယ်ရတုန်း''အားညာနဲ့ ပြောတယ်၊ ချစ်နေတာကိုးပိုင်ပိုင် နိုင်နိုင်ရှိနေတာဆိုတော့ ပြောတာပဲ။

ကျေနပ် ယောကျ်ားက ပြန်ပြောတယ် ''ဟာ- အဲဒီတုန်းက ဗရုဒ်မို့ ပြောတာဟ''လို့ ဆိုတယ်တဲ့၊(ဟီး-ဟီး) အဲဒီလိုပြစ်ကြတယ်၊ ဒါပေမယ့် ကျေနပ်သူးကြတာပဲ၊ တစ်ခါ

သမီးခင်ပွန်းနှစ်ယောက် တော်ဆော်လေးကြီးပြီးဟိုးယောကျ်း က ခေးကြီးနဲ့ပြေးပြီးလာတော့ ''အံမယ်ကိုတင်မောင်ရယ် အဟုတ် ခုတ်တော့မှာလား'' လို့ ဒီက (မိန်းမက) ပြေးလိုက်တယ်၊ ယောကျ်းက (ဟဲဟဲ ဟဲဟဲ)ဆိုပြီးတော့ ကျေနပ်သူးကြတာပဲ။

တိုးတက်မှုနှင့်စာရိတ္တ ရှေးခေတ် အကြောင်းကို ဘုန်းကြီးက အခု တိုးတက်မှုနဲ့ ရှေးခေတ်က စာရိတ္တ ပြပြင်မှုနဲ့ ပေါင်းလိုက်ရလျှင် အင်မတန် ချမ်းသာမယ်လို့ ဆိုတာ မျော်နေတယ်၊ အခု အသိဉာဏ်တွေပေါ်လေ၊ အလိမ္မာတွေ့ မပြောနိုင်ဘူး၊ အသိပညာတွေ တိုးတက်ပုံနဲ့ ကျန်းမာရေးတွေ လိုက်စားပြီးတော့ တိုးတက်လာပုံနဲ့ ဆေးကောင်း ဝါးကောင်း တွေ တိုးတက်လာပုံနဲ့ ဟိုတုန်းက စာရိတ္တနဲ့မျှား ပေါင်းပြီးတော့ ပေးလိုက်ရလျှင် အင်မတန် ချမ်းသာမယ်၊ယခု ပစ္စက္ခသိဒ္ဓ လက်တွေ့ကြည့်လိုက်တော့ တိုးတက်တာက တိုးတော်ပါရဲ့၊ စာရိတ္တက မပါကြတော့ မချမ်းသာဘူး၊ မဲယုံကြည်ဘူး၊ မကြေနပ်ဘူး၊ ဒီတော့ သမီးခင်ပွန်း နှစ်ယောက်လဲ နှစ်နှစ်ကာကာကြီး ရှိဆင့်သလောက် မရှိ၊ သားသမီးတွေ လက်ထပ်ကြတော့လဲ သူတို့က (မိဘတွေ) အလုပ်စဖားဖားနဲ့ နေရတော့ ဆက်ဆံရေးအကျော်ငံး ဖိုးပွားတွေ ရှိလျှင် တော်ရဲ့ မရှိလျှင် ဒီကလေးတွေ လိမ္မာဖို့ရန် အကာခံ သွားပြီး ခက်သလောက်လဲ နိုင်ငံမှာ ဟခု ဒီအခြေအနေ ရှိနေပြီ။

နွမ်စေတ်ပေါင်းလျှင် ဘင်မဟန် ကောင်းမယ်

ဟို-ဘုန်းကြီးတို့ ရှေးက ဒီနားအိမ်က ဖိုးဇွားအိမ်၊ ဟိုနားအိမ်က ဦးကြီးအိမ်၊ ဟိုထက်နားကအိမ်က ဒေါ်လေးအိမ်၊ ဒီလို စသည်အားဖြင့် အမျိုးအိမ်တွေ ပတ်ပတ်လည်ပြီးတော့ နေကြတယ်၊ ဆွေးစရာရှိလို့ ရှိလျှင် "အကိုကြီး ကလေးတွေကို ကြည့်လိုက်စမ်းပါ၊ အမ ကလေးတွေ ကြည့်လိုက်စမ်းပါ" လို့ မှာတော့ "အေးပေါ့...အေးအေး" ဟိုက သူ့ကလေးအတိုင်း ကြည့်တယ်၊ ကျန်းမာရေးရော နေရေးထိုင်ရေးရော စိတ်ချမ်းသာရေးရော ဘင်မဟန် သူ့ခေတ်နဲ့ သူအဝါကောင်းတာကိုး၊ ဒီတိုးတက်မှုနဲ့ များ ဓပါဒ်းလိုက်လျှင်တော့ ဘင်မဟန်ကောင်းမှာဘဲ။

မှန်းလို့ ရ

ဒီတော့ကာ အနုမာနသိဒ္ဓ၊ ယခု စာရိတ္တပြုပြင်မှုဟာ နိုင်ငံတကာမှာလဲ မပါပါဘူး၊ ဘုန်းကြီးတို့ နိုင်ငံမှာလဲ ရှိသင့်သလောက် မရှိတော့ပါဘူး၊ ရဟန်းသံဃာကော်တွေကလဲ စာရိတ္တတာဝန် ခံရမယ့်ဥစ္စာကို ယခု တာဝန်မခံနိုင်ကြပါဘူး၊ မခံနိုင်ကြတော့ ဗီနိုင်ငံက စားဝတ်နေရေး တိုးတက်အောင်ကြိုးစားချိန်မှာ စားဝတ်နေရေး မြည့်စုံပါလိမ့်မယ်၊ ဒါပေမယ့် စာရိတ္တပြုပြင်မှုကို လစ်လျူရှုပြီးတော့လိုက်လာခဲ့ကြလို့ စားဝတ်နေရေး အတွက်ဟာ ပြည့်စုံနေပေမယ်လို့ "စာရိတ္တမပါတော့ကာ စိတ်ချမ်းသာကြမှာ မဟုတ်ပါဘူး" လို့ ဆိုတာကို ဘုန်းကြီးက အနုမာနသိဒ္ဓနဲ့ မှန်းလို့ ရာယ်၊ မှန်းလို့ ရလို့ ရှုရှားမျှားကို ပြောတုန်းက ပီပီလသ ပြောလိုက်ဘယ်လေ၊ စမ်းတစ်ဝါးဝါး ပြောတာမဟုတ်ဘူး၊ ပီပီသသပြောလိုက်တာ။

မြင်နေတယ် ဒါ အနုမာနသိဒ္ဓနဲ့ စာက ရှိလို့ အကြောင်းဒီလို နေလို့ ရှိလျှင် အကျိုး ဒီလိုဖြစ်တော့မှာတဲ့ဆိုတာ ဘယ်သူမှ မေးနေဖို့မလိုဘူး၊ ဘုန်းကြီး သိနေတယ်၊ မြင်နေတယ်၊ ဒီစာရိတ္တမကောင်းလို့ ရှိလျှင် အမိုးငင်ပွန်းချင်းက စပြီးတော့ ချစ်သင့်သလောက် မချစ်ကြဘူးဆိုတာ ဘုန်းကြီးသိတယ်၊ ချစ်သင့်သလောက် မချစ်ကြဘူးဆိုလို့ ရှိလျှင် ယုံသင့်သလောက် မယုံကြဘူး၊ ယုံသင့်သလောက် မယုံကြလို့ ရှိလျှင် စိတ်ချမ်းသာသင့်သလောက် မချမ်းသာကြဘူးဆိုတာကို အဲဒီက စပြီးတော့ သားအမိး အဆက်ဆက်တိုင်အောင် ဘုန်းကြီးမြင်တယ်၊ ဒါကြောင့်မို့လို့ ဘုန်းကြီးတို့စာက အနုမာနသိဒ္ဓဆိုတာ တယ်-ကောင်းတယ်၊ အဲဒီ အနုမာနသိဒ္ဓက ဒီလိုဆိုထားတဲ့အတိုင်း ယခုကြည့်လိုက်တော့ ပစ္စက္ခသိဒ္ဓကလဲ ကြောက်စရာကို ကောင်းနေပြီ၊ စာရိတ္တမပါတဲ့ အတွက်ကြောင့်-

အရက်ဖိုးငွေ

မနေ့ကတစ် ရန်ကုန်က နေရာတိုင်း သူတို့ဆိုင်ရာမှာ ထိပ်အန်းရောက်နေတဲ့ ပုဂ္ဂိုလ်တစ်ယောက်ကို ဘုန်းကြီးပြောတယ် "သားငယ်းစားထဲ ပေးလိုက်တယ်၊ ဒကာတို့ ရန်ကုန်မှာ သင်္ကြန်တွင်းကုန်းက အရက်ရောင်းရတဲ့ငွေဟာ ၇-သိန်း နီးနီး ရတယ်လို့ ဆိုတယ်"လို့ ပြောတော့ "ဒါဟုတ်မှာပေါ့တဲ့" ဘုန်းကြီးကလဲ သတင်းစာထဲမှာ "အော်.... ရန်ကုန်ပတ်ဝန်းကျင် အရက်ရောင်းရတဲ့ငွေ ၇-ဆိန်း နီးနီးရတယ်တဲ့"၊ သူကလဲ "ဒါ ဟုတ်မှာပေါ့တဲ့"။

အရက်နဲ့ စလောင်း တာပြုလို့ သူက ဟုတ်မှာပေါ့လို့ ပြောနိုင်ဆလဲလို့ ဆိုတော့ "လူငယ်တစ်ယောက် သူတို့ဝိုင်း(အရက်ဝိုင်း)မှာ လူငယ်တစ်ယောက်ဆိုပေမယ့် အရာရှိ ပိုင်းက လူငယ်တစ်ယောက်၊ သက်ကြီးတွင်း သူတို့ဝိုင်း သွားပြီးတော့ ဆောက်နေလိုက်ကြတာ ထိပ်ဆန်းကြီးတွေ "သောက်မျာ" လို့ သူ့ကို ဆိုပြီးပေးတယ်၊ "ဟာ- ကျုပ်အမေက ဥပုသ်မစောင့် မနေရဘူးဆိုလို့ ကျုပ်က ဥပုသ်စောင့်လာတယ်"၊ အရက်ဝိုင်းထဲ ဥပုသ်သည်က ရောက်လာပြီ၊ "ကျုပ်က ဥပုသ်စောင့်လာတယ်၊ အမေက ဥပုသ်မစောင့် မနေရဘူး ဆိုလို့ ပြောတယ်၊ သူက အညာခေတ် ဆန်ဆန်ကိုး၊ အမေကလဲ အညာသူကိုး၊ ဒါနဲ့ ဥပုသ်မစောင့် မနေရဘူးဆိုလို့ အဓမ္မစိတ်ချမ်းသာအောင်လို့ ကျုပ်က ဥပုသ်စောင့် လာတယ်"၊ "ကဲကွာ- အရက်မသောက်လို့ ရှိလျှင် ဒီအကောင်ဝိုင်းပြီးတော့ အရက်နဲ့ လောင်းရအောင်ပေ့"လို့ ဆိုပြီးတော့ -- တစ်ခါထဲ အရက်ပုလင်းတွေနဲ့ ဝိုင်းပြီး လောင်းချလိုက်ကြတာ တစ်ကိုယ်လုံး သက်ကြန်ရေ ဖြစ်သွားတာပဲ၊ ဒါနဲ့ အိမ်ပြန်လာပြီးတော့ "အမေ-ကျွန်တော် အရက်သောက်လာတယ်လို့ မျှား မတင်နဲ့ အမေရာ၊ ကျုပ်ကို အရက်နဲ့ လောင်းချလိုက်ကြလို့ ပို့တစ်ကိုယ်လုံး စိုလာတယ်"လို့ ဆိုတော့ အမေလုပ်သူကလဲ မြူးရတော့မှာပေါ့လေ။

ဘယ်နှယ်နေကြ ကဲ- ဘယ်နှယ်နေကြတုန်း၊ ကဲ- စာရိတ္တ ဘယ်နှယ်နေကြတုန်း၊ အဲဒီစာရိတ္တတွေနဲ့ ဒီလိုသွားလျှင် တိုးတက်ပါ့မယ်လေ၊ စားဝတ်နေရေးတွေ ကိုးကန်

ပါ့မယ်၊ ကောင်းလာပါ့မယ်၊ ဘယ်နှယ်လုပ်ပြီးတော့ စိတ်ချမ်းသာမှာတုန်း၊ ဒီတော့ ဘုန်းကြီးကတော့ စာက မုန်းကြည့်တယ်၊ ယခု ဒီလို ဖြစ်လို့ ရှိလျှင် နောင်ကို ဘယ်လိုဖြစ်လိမ့်မယ်ဆိုတာ ယခု အကြောင်းကို ကြည့်လို့ ရှိလျှင် နောင်အကျိုးဘယ်လိုဖြစ်လိမ့်မယ်ဆိုတာ မုန်းကြည့်လို့ ရတယ်၊ ဒါအနုမာနသိစ္ဆဲဘဲ၊ အဲဒီ အနုမာနသိစ္ဆဲအတိုင်း မုန်းကြည့်လို့ ရတဲ့ အဓိပ္ပါယ်ကိုရတဲ့ အကျိုးကို ယခု ပန့်ကွသိဒ္ဓ လက်တွေ့တွေ့နေပြီမဟုတ်လား၊ အရက်ခွက်နဲ့ သက်ကြန်ရေ လောင်းချလိုက်တာ လက်တွေ့ဘဲမဟုတ်လား။

ကြောက်စရာဖြစ်နေ ဟို- သမီးခင်ပွန်းချင်း ကွာရှင်းတဲ့ အကွာအရှင်းတွေတာ ရွေးကုန်းကထက် များလာတာဟာ လက်တွေ့ဟုတ်လား၊ မနေ့တုန်းကတင် အမျိုးသမီးတစ်ယောက် "ကြောက်စရာ ဖြစ်နေပါပြီ၊ ကိုယ်ခန်လျောတဲ့ ကိစ္စတွေဟာ အင်မတန် ကြောက်စရာ ဖြစ်နေပါပြီ"လို့ ဆိုပြီးတော့ကို သူတို့ အမျိုးသမီးလောကကို ဖွင့်ချလိုက်ဘယ်၊ ဒီဟာ (ရန်ကုန်) ပတ်ဝန်းကျင်မှာ ဖြစ်နေတဲ့ ကိုယ်ခန်လျောတဲ့ ကိစ္စတာဒ တစ်လ ဘယ်လောက် လျော်နေတယ်လို့ ဆိုတဲ့ဥစ္စာ ဒါပစ္စက္ခသိဒ္ဓ၊ ပစ္စက္ခ-မျက်မှောက်လက်တွေ့ သိဒ္ဓ-ပြီးစီးနေတာ၊ ဒီ အကျင့်စာရိတ္တ ပျက်လို့ ရှိလျှင် ဒီမကောင်းကျိုးတွေ တွေ့တော့မှာတဲ့လို့ ဆိုတဲ့ဥစ္စာ မျှော်ပြီးတော့ နောင်ခေတ်အတွက် မျှော်ပြောတာ၊ ယခု ပစ္စက္ခသိဒ္ဓ-လက်တွေ့တွေ့နေပြီ၊ ချမ်းသာကြရဲ့လားလို့။

ဘုန်းကြီးလောက ဘုန်းကြီးက လူ့လောကထဲကို တစ်စိတ်စ်ခေါင်း လှည့်ကြည့် ပြီးတော့ကာ ဘုန်းကြီးတို့ သာသနာလောကကို ကြည့်ပါတယ်၊ ဘုန်းကြီးတို့ သာသနာလောကလဲ ရှေးနဲ့မတူအောင် ဒီစာရိတ္တတွေ ပြောင်းလဲလာပါပြီ၊ အလှုန် ပြောင်းလဲလာပါပြီ၊ ဒီတော့ကာ ဒီစာရိတ္တတွေ ပြောင်းလဲပြီးတော့ ဒီဝိနည်းကို မလေးစားလေသလဲ၊ ဝိနည်းမလေးစားဟာကလဲ ဘယ်လောက်အထိ မလေးစားနေကြပြီဆိုတာလဲ ဘုန်းကြီးမှာ နားနဲ့ အင်မတန် ကြားနေရပါပြီ။

ပြုံပြီးနေမယ်ဆုန်းကြီးနေနိုင်ပါဘယ် ကောင်းပြီ၊ ဘုန်းကြီးတွေကလဲ စာရိတ္တ ဝိနည်းကို မကျင့်တော့ဘူး၊ မလေးစားတော့ဘူး၊ သူတို့ကလဲ ခေတ်တိုးတက်ရေး အတိုင်း တိုးကက်အောင် ကြိုးစားနေကြပြီလို့ ဆိုခဲ့၊ ကိစ္စမရှိဘူး၊ ဒီ အခြေအနေအတိုင်း ဘုန်းကြီးက ကြည့်နိုင်တယ်၊ သာသနာတော်ကြီးဟာ ပိုပြီးတော့ ဂုဏ်ရှိလာပါ့မလား၊ ဒီ ဝိနည်း မလေးစားလို့ သာသနာတော်ကြီး ပိုပြီးတော့ တိုင်းသူပြည်သားတွေက လေးစားလာပါ့မလား၊ အကယ်၍များ သာသနာတော်ကြီး တိုးတက်နေကယ်၊ ဝိနည်းတော့ မပါဘဲဘူး၊ ဒါပေမယ့်လို့ ခေတ်အားလျော်စွာ ပညာတွေ သင်ကြလို့၊ စာမေးပွဲတွေ ဝင်ကြလို့၊ စာမေးပွဲတွေ အောင်ကြလို့၊ ခေတ်ပညာတွေ တတ်ကြလို့ တကတဲ့ ကိုယ်တော်တွေကို လူတွေက အင်မတန် လေးစားကြတယ် ဆိုလျှင် ဘုန်းကြီးက ဝိနည်းမလေးစားတာကို အသာကလေး အုပ်ထားလိုက်မယ်၊ ပြုံးပြီးတော့ ဝမ်းသာ

နှစ်သိမ့်နေမယ်၊ ကိုယ်တော့ ဝိနည်းမလေးစားဘဲ မနေနိုင်ဘူးလေ၊ သူများ ဝိနည်းမလေးစားတာကို ဘာမှ မပြောလိုဘူး၊ ဘာပြုလို့တုန်း၊ တိုးတက်နေတာကိုး၊ လူတွေက ပိုပြီးတော့ လေးစားလာကြတာကိုး၊ ဒီလိုဆိုလျှင် ဘုန်းကြီးက နေနိုင်ပါ့မယ်။

သာသနာကျဆင်း ဃခုတော့ ဝိနည်းမလေးစားတဲ့ အတွက်ကြောင့် ရဟန်းတော် အချင်းချင်းလဲ မရိုသေကြတူး၊ လူတွေကလဲ မိတ်ဆွေဆက်ဆံသလို ဆက်ဆံလာကြတယ်၊ ရဟန်းသံဃာမို့လို့ ရိုသေစရာအနေနဲ့ မဆက်ဆံတော့ဘူး၊ ခွဲကြည့်လိုက်တဲ့အခါ သာသနာ့ အသရေတော် ကျနေပါတယ်၊ ဒီဟာ ဘာပြုလို့တုန်းဆိုတော့ ဝိနည်းစာရိတ္တပါဘဲ၊ ဝိနည်းစာရိတ္တ မရှိတဲ့အတွက်ကြောင့် ဒီလို ဖြစ်ရတာဘဲ၊ စာမတတ်လို့ မဟုတ်ပါဘူး၊ စာမေးပွဲ အောင်ကြတယ်၊ စာတတ်လျက်သားနဲ့ ဒီလိုဖြစ်ရတဲ့ဥစ္စာဟာ လေ့ဒ်ယင်းနစ်နေတာဘဲ၊ တိုင်းသူပြည်သား လေ့ စားဝတ်နေရေး တိုးတက်အောင် လုပ်ယင်း စာရိတ္တပျက်ပြီးတော့ စိတ်ဆင်းရဲနေကြတာလို့ ဘုန်းကြီးတို့ သာသနာမှာလဲဘဲ ကိုယ်တော်တို့ကိုယ်တိုင်ကို စိတ်ချမ်းချမ်းသာသာ မရှိပါဘူး၊ သူတို့မျက်နှာ ကျက်သရေမရှိပါဘူး၊ ဆွတို့မှာလဲ ဆင်းရဲပါတယ်၊ ပတ်ဝန်းကျင်ကလဲ မလေးစားပါဘူး။

ဝိနည်းမူလား လေးစားကြပါ ဒါကြောင့် ဒီကျောင်းမှာတော့ "ကိုင်း-စာမေးပွဲမအောင်ချင်လဲ နေပါစေ၊ ပြေးပြေးအောင်လိုမှမပေါ့၊ ဝိနည်းကိုတော့ မူထားကြ

ပါ၊ ဝိနည်းလေးစားကြပါ၊ ဘုန်းကြီးက ရွေးကို ကောင်းတဲ့ အိုဝိုင်းကို လက်မလွတ်ဝံ့တဲ့ ဘုန်းကြီးကိုး၊ ရွေးဆရာသမားကြီး ကွေရဲ့ နည်းအတိုင်း ဝတ်ကြပါ၊ သူ့းကြ လာကြ စားကြ သောက်ကြပါ၊ ဝိနည်းကို လေးစားကြပါ၊ ဝိနည်းကို ဦးထိပ် ခွက်ကြပါ၊ ဒါဒီလိုမနေနိုင်ဘူးဆိုလျှင် ဘုန်းကြီးက ကျမယ်ဆိုတဲ့ ဥစ္စာ သူ့အတွက်လဲကျမယ်၊ သူ့အတွက်က ဘယ်လောက်ကျမလဲ ဒီအဝမှာ လူရှိသေ ရှင်ရှိသေ မခံရဘူး၊ ကျမယ်။

အပင်းစားရသလို ဒီဘဝမှာ စားရ သောက်ရအောင် သူက မထရုံးနည်းလုပ်လို့ စားရသောက်ပေမယ် လို့ ဒါတွေဟာ အပင်းစားရကာလက် ဆိုးသေးတယ်၊ ဘာပြို့ လို့တုန်း၊ ဗုဒ္ဓက –

ပိဏ္ဍော ဝိယ အယောဂုဠော့ အယောဗဟတ္တော၁ စီဝရံ။

အဿ – ကို သိလမစင်ကြယ်တဲ့ ဗုထုဇဉ်ရဟန်း၏၊ ပိဏ္ဍောဖိ– ဒကာ ဒကာမ, အစ္ဆာကြွရှိ, ထာဝရလှူဒါနံ့, စားမှုယ်ဆွမ်းသည် လည်း၊ အယောဂုဠော၁ – အရှိန်ရဲရဲ, မီးလျှံစဉ်သည့်, အိုခဲ သံလုံး, သံတုံးတွေနှင့် တူလှချေ၏လို့ အဲဒီလို ဗုဒ္ဓမြတ်စွာ ဟောတော်မူတယ်၊ သက်နိုးကကော့ မီးတွေလောင်နေတဲ့ သံပြားကြီး ပတ်ထားရသလိုဘဲ၊ နေတဲ့ကျောင်းကလဲ မီးရဲရဲကြီးနဲ့ နေတဲ့ သံအိုးကြီးလဲ နေရသလိုပါဘဲတဲ့၊ ဘယ်လောက်မှ တွက်ပုံမရပါဘူးလို့ ဗုဒ္ဓမြတ်စွာက မိန့်တော်မူတဲ့ အပြင် သေလို့ ရှိလျှင်လဲဘဲ ငရဲ့ တိရစ္ဆာန်, ပြိတ္တာ, ဒီလိုလမ်းကို သွားရမှာဖြစ်တော့ ဒီပုဂ္ဂိုလ် အတွက်လဲ မသက်သာဘူး၊ သာသနာတော် အတွက်လဲ ဂုဏ်

အာဒေရမရှိဘူး၊ နိုင်ငံအတွက်လဲ ကျက်သရေမရှိဘူး၊ ဒါကြောင့် ဝိနည်းလေးစားကြပါ၊ ဒီကျောင်းက ဝိနည်းမလေးစားလို့ မဖြစ်ပါဘူး၊ ဝိနည်းမလေးစားလျှင် နေကိုမနေပါနဲ့၊ ဒီကျောင်း မှာလဲ မနေပါနဲ့၊ သာသနာတော်မှာလဲ မနေပါနဲ့လို့ ပြော နေရပါတယ်။

ရဲရဲပြော ဒီဟာကို ဘုန်းကြီးဘယ်နှယ်ကြောင့် သိနိုင်တုန်း၊ ခုနက အနုမာနသိဒ္ဓနဲ့ မှန်းကြည့်လဲ သိနိုင်တယ်၊ ပစ္စက္ခသိဒ္ဓ– လက်တွေ့ ဖြစ်နေတာကိုလဲ သိနိုင်တယ်၊ အဲဒါကြောင့် ဘုန်းကြီးက ရဲရဲပြောတာ၊ မေးလာလို့ ရှိလျှင်လဲ ရဲရဲဖြေတယ်၊ ကျောင်းတိုက်ကြီးကို ရဲရဲကြီး ပြောပြီးတော့ အုပ်ချုပ်နေတယ်၊ ဘာပြို့လို့ တုန်း၊ တွေ့မယ့်အပြစ်ကို မြင်နေပြီ၊ တွေ့နေတဲ့ အပြစ် ကို လဲ မြင်နေပြီ၊ အကယ်၍မျှား ဝိနည်းလေးစားလိုက်မယ် ဆိုလျှင် စာဏလဲဆိုတယ်။

"သိလံ– ဝိည်းသိကာမုဒ်ဆိုတဲ့ သီလဆည်း၊ အဝိပ္ပဋိသာရာယ – နှလုံးမသာမယာ မဖြစ်ဖို့ အကျိုးငှာ၊ ဟောတိ–ဖြစ်၏"လို့ ဝိနည်း ဖျက်ပြီးတော့ ပေါက်လွတ်ပဲစား လုပ်ချင်ရာ လုပ်နေတဲ့ ပုဂ္ဂိုလ် သေခါနိုးဆိုလျှင် နှလုံးမသာမယာ ဖြစ်တယ်၊ "ငါတော့ မှား ကုန်ပြီ၊ ငကန်မုချ ငရဲသွားရတော့မယ်" လို့ နှလုံးမသာမယာ ဖြစ်လို့။

ဝိနည်းအာကျိုး ဝိနည်းလေးစားတဲ့ ပုဂ္ဂိုလ်က သေခါနိုးမှာ ဖြစ်ဖြစ် မသေခင် ဖြစ်ဖြစ် နှလုံးရွှင်တော့ ဝိတ်ပါမောဇ္ဇ ဖြစ်ပြီး စိတ်ဓာတ်ချမ်းသာကိုး၊ ပါဠိတော်ကလေး

စားပြီးတော့ စိတ်ချမ်းသာလို့၊ အင်အင် စင်စင် ဝိနည်းနဲ့ လျော်တဲ့ ပဲပြုတ်စားရတာ စိတ်ချမ်းသာလို့၊ အဲဒီမှာ ပါမောဇ္ဇ ဖြစ်တယ်၊ အဲဒီလို စိတ်ချမ်းချမ်းသာသာ ဖြစ်တဲ့အခါမှာ ဝိတိ၊ တကတဲစိမ့်လို့ စိတ်ချမ်းသာလိုက်တာ အကြည်ကို ဖြစ်လာတယ်၊ ပီတိဖြစ်လာတဲ့အခါကျတော့ ကိုယ်တွေပါ ငြိမ်းချမ်းလို့ စားရ တာက မကြီးကျယ်ဘဲနဲ့ နေရထိုင်ရတဲ့ ကျောင်းကလေးက မကြီး ကျယ်ဘဲနဲ့ တကတဲ ကိုယ်တွေမျှား ငြိမ်းချမ်းလို့ သွားရ လာရ နေရထိုင်ရတာ ပေါ့ပါးလို့၊ တရားကျင့်ရတာ ကောင်းလို့ တယ် ကောင်းကို ဝိနည်းထိန်းရဟဲ့ဥစ္စာ။

သီလအကျိုး အိမ်မှာလဲဘဲ ငါးပါးသီလကို ထိန်းလို့၊ သမီး ခင်ပွန်းချင်း ချစ်ချစ်ခင်ခင် နေလို့၊ နောင် သံသရာရေးတွေပါ တွေးလို့၊ ဒီလိုမျှား ကိုယ့်သီလနဲ့ ကိုယ်နဲ့ ကိုယ့်အလုပ်ကလေးနဲ့ ကိုယ်နဲ့ ချစ်ချစ်ခင်ခင် နေကြမယ်ဆိုလျှင် စာရိတ္တကောင်းလို့၊ တကတဲ ပမ်းမြောက်ပမ်းသာ ဖြစ်ပြီးတော့ သေတောင်မှ မခွဲစာဘူးလို့ အဲဒီအထိ စိတ်ချမ်းသာပြီးတော့ ချစ်ခင်ကြမယ်၊ ဒါဟာ ဘုန်းကြီးဘာမှ တွေးနေစရာမရှိဘူး၊ ကျမ်းစာ တွေက ဝတ္ထုတွေရှိတယ်၊ လက်တွေ့ စိတ်ချမ်းသာမှု ခရမ်းသာမှု တွေက ပစ္စက္ခသိစ္ဆရှိသာယ်၊ အဲဒါကြောင့် ဘုန်းကြီး ရဲရဲပြောနေ တာ၊ လူကွေးအတွက်လဲဘဲ ကိုယ်ကျင့်သီလ ကောင်းကြပါ၊ အိမ်သူ အိမ်ဘားတွေက သားသမီးတွေကိုလဲ ကိုယ်ကျင့်သီလ စောစော လဲက သင်ပေးကြပါ၊ ဆုံးမကြပါ၊ ဓလေ့မမိဆိုတာ မဖြေပါဘူး နဲ့၊ ဓလေ့မိတယ်ဆိုတဲ့ နိုင်ငံကြီးတွေ ကိုဘဲ စိတ် မချမ်းသာ

ပါဘူး၊ "ဘုန်းကြီး ရောက်ဖူးလို့လား" ဆိုတော့ ဒီတောသား အလကားရောက်ဖူးပါ့မလား ဆိုနေ၊ ဒါပေမယ်လို့ ဒီအနုမာန သိဒ္ဓနဲ့ မှန်းကြည့်တော့ ဟုတ်ကို ဟုတ်နေတာ၊ ဟိုမှာလဲဘဲ စိတ် မချမ်းသာကြဘူး။

သူဌေးတစ်ယောက် ဘာလောတုန်းက ဒေါ်လာစေ့ အခြောင်း အလွဲ တောတော ဖြစ်သွားပါတယ်၊ အဲဒီ ဒေါ်လာကိုင်တဲ့ နိုင်ငံမှာ သူဌေးတစ်ယောက်ဟာ ဆယ်သန်း လောက် ချမ်းသာတယ်၊ ဒေါ်လာ အပြောင်းအလဲ လုပ်လိုက်တဲ့ ဥစ္စာ သူ့ဆယ်လောက် ထိခိုက်သွားသလဲ ဆိုတော့ တစ်သန်း လောက် ထိခိုက်သွားတယ်၊ ဘုန်းကြီးတို့ တရားအတွေးတော့ ကိုးသန်းရှိသေးတာဘဲ ဘာမှ စိတ်ဆင်းရဲစရာ မရှိဘူး၊ အဲဒီ ဒေါ်လာတစ်သန်းလျော့သွားက နဲ့ကို စိတ်ဆင်းရဲပြီးတော့ တိုက် အထက်ထပ်ပေါ်က ခုန်ချပြီး သေတယ်တဲ့ စာရိတ္တဘယ်နှယ်နေကြ တုန်း၊ အကျင့် ဘယ်နှယ်နေကြတုန်း၊ အဲဒီ အကျင့် မပါလို့၊ စာရိတ္တမပါလို့ နိုင်ငံကြီးတွေမှာ ထိပ်တန်းနိုင်ငံကြီးတွေမှာလဲ မချမ်းသာဘူးဆိုတာ ဘုန်းကြီးသွားကြည့်ဖို့မလိုပါဘူး၊ ဒီတရားက အင်မတန် မှန်ပါတယ်၊ ဒီအနုမာနသိဒ္ဓနဲ့ ကြည့်လဲ မှန်တယ်၊ ယခု လက်တွေ့ကြောင်းရတော့ ပစ္စက္ခသိဒ္ဓနဲ့လဲ မှန်တယ်။

သာသနာ့ဝန်ဆောင်း သာသနာ့ကြီး ကျဆင်းလာတဲ့ဥစ္စာ ပစ္စက္ခ သိဒ္ဓ မျက်မှောက်နဲ့လဲ တွေ့နေရပြီ၊ နောက် ကို ဒီလက်ကျမယ်၊ ဒီလက် ကျမယ်ဆိုသည့်ဥစ္စာ ဘာပြုလို့ သိနိုင်

တုန်း၊ သိတယ်လေ သိတယ်၊ ဟို- ဒီက ကြာလေ အရှိအသေမဂိ
လေးကိုယ်တော်တွေကလဲ လူတွေနဲ့ ဆက်ဆံတဲ့နေရာမှာ လူတွေလို
သူတို့က ဆက်ဆံတယ်၊ မိတ်ဆွေလို ဆက်ဆံတယ်၊ ဆရာသမားလို
ကြည်ညိုစရာကောင်းဖို့လို့ မှဆက်ဆံသူး၊ ဒီတော့ ဒုဒီလို ဆက်
ဆံဖို့ သာသနာတိုးတက်နေလျှင် ဘုန်းကြီးက နေသာပါရဲ့၊
ယခုတော့ ကျကျ ကျကျ ကျကျပြီးတော့ လူတွေကလဲ အထင်
သေးတယ်၊ ပတ်ဝန်းကျင်ကလဲ အထင်သေးတယ်၊ တစ်နိုင်ငံလုံး
ကလဲ အထင်သေးတယ်၊ သွားမယ်, ဒီသာသနာ သွားမယ်၊
ကြောဘူး သွားမယ်၊ ဘုန်းကြီးမြင်နေပါတယ်။

အသင်အပြင် ဒီတော့ အပြစ်မြင်လို့ ရှိလျှင် အကျိုးလဲ မြင်မှာ
ပေါ့၊ ဒီလို နေလိုက်လို့ ရှိလျှင် သာသနာတော်
ဘယ်လောက် တိုးတက်ပြီးတော့ နိုင်ငံမှာ သာသနာက ဘယ်
လောက် ကျေးဇူးပြုမယ်ဆိုတာကိုလဲ မြင်တာပဲ၊ ဒါတွေဟာ
အနုမာနသိဒ္ဓ, အာကပ္ပသိဒ္ဓဆိုတဲ့ဥစ္စာနဲ့ ကြည့်နေတာ၊ ပြီးတစ်ခါ
အာကပ္ပသိဒ္ဓ- အားလုံး အသင်အပြင်ကို ကြည့်လျှင် ဘာဆိုတာ
သိတယ်၊ ယခု သာသနာရေးနဲ့ စပ်ပြီးတော့ စကားပြောရလို့
ရှိလျှင် အစကပ္ပ- ကိုယ်တော်တွေက ခေတ်မီအောင် ဆိုပြီးတော့
တကတဲ့ သူတို့မျက်နှာလေးတွေက သမာဓိမသုံးဘူး၊ ဒါအာကပ္ပ
ဘဲ၊ သမာဓိမသုံးလျှင် လူတွေ မကြည်ညိုဘူးဆိုတာတော့ သေချာ
နေပြီ၊ အခုလဲ မကြည်ညိုဘူး၊ ဒါလဲ ဒီအသင်အပြင်ကို မြင်လို့
ရှိလျှင် ဟိုလို အကျိုးဖြစ်တော့မှာဘဲ၊ ကြည်ညိုမှာ မဟုတ်တော့
ပါကွားလို့ မြင်တယ်။

အာလူမျိုးတွေတုန်း တစ်ချိန်တုန်းက နိုင်ငံခြားက လူတွေနဲ့
တကွ ရန်ကုန်မှာ ပွဲလမ်းသဘင် အကြီး
အကျယ် ကျင်းပတယ်၊ ကျင်းပတော့ ဘုန်းတော်ကြီးတွေကို
ဦးပဉ္စင်းတွေကို ဒီသက်နှံးအဝတ်ဝါနဲ့ တော်တော်များများကြီး
ဟိုနားတွေ့, ဒီနားတွေနဲ့ တွေ့တယ်၊ တွေ့တော့ စင်မြင့်ပေါ်က
နေပြီးတော့ နိုင်ငံခြားသားတွေက ဒီပြည်တွင်းက လူကို "ဟို-
အဝတ်ဝါတွေ့ ဝတ်နေတဲ့လူတွေက ဘာလူမျိုးတုန်း" လို့ မေး
တယ်တဲ့၊ သူ့ခမျာလဲ အပြောရ ထေဘေတာ် ခက်နေတယ်၊
ဒီတော့ "ဒါတွေ့ ဘုန်းကြီးလို့ ခေါ်တယ်" စသည် အားဖြင့်
သူတတ်သမျှ, မှတ်သမျှ ဖြန်းဘန်းပြီးတော့ မွန်တာရော့, မှားတာ
ရော့ သူပြောမှာပေါ့လေ၊ ဒီအတော့ တစ်ခါ ဒီအဝတ်နဲ့ ဝတ်နေတဲ့
လူတွေက ဟိုနားလဲတွေ့, ဒီနားလဲတွေ့ ရန်ကုန်မြို့လျှောက်လည်တဲ့
အခါ "သူတို့ ဘယ်နှယ်လုပ် စားသောက်နေကြတုန်း" တဲ့၊ ဟင်း-
ဒီတော့ ဒီလူကြီးလူကောင်းတွေက လောင်းနေကြ, လှူနေကြ,
ပေးနေကြ, ကမ်းနေကြကြောင်းကို ဖြေတယ်။
စည်းကမ်းမရှိ "ဒီဘုရားတွေက ဒီလောက် အချွန်တွေ များ
အောင် တည်ထားတဲ့ ဘုရားတွေ သာလုပ်ရ
အောင်တုန်း" မေးတယ်ကိုး၊ မြင်လျှင် မသိ၊ မသိလျှင် သူတို့က
မေးတယ်၊ ဒီက ဒီလိုဘဲ ဖြေရတော့တာဘဲ၊ ဒီတော့ကာ "ဘုန်းကြီး
တို့နိုင်ငံက စည်းကမ်းမရှိတာဟာ ဘယ်တော့က စပြီးတော့ မရှိ
တုန်း" လို့ ဆိုတော့ ကမ္ဘာ့အသစ်ချီ လွှန်လေတုန်းကတဲ့က စပြီး
တော့ စည်းကမ်းမရှိသဲ့ နိုင်ငံနဲ့ တူတယ်၊ ဒါကြောင့်မို့လို့
စည်းကမ်းလုပ်လို့ အလွန်ခက်နေတယ်။

ဗုဒ္ဓဖူးကမ်း ဘုန်းကြီးကတော့ ခလေးချင်း ခက်ပါ့ဘုရား၊ ဒါ ဗုဒ္ဓရဲ့ ခြေနင်းကမ်း၊ ဒီလို ဝတ်ရမယ်၊ ဒီလို စားရမယ်၊ ဒါ-ဗုဒ္ဓစည်းကမ်း၊ ဗုဒ္ဓစည်းကမ်းမလိုက်လို့ သာသနာကျသလားဘာလဲ၊ ဗုဒ္ဓစည်းကမ်းလို့ ခံလို့ ရှိလျှင် ယခုအထိ သာသနာဟာ ဦးထိပ်က ခနရမှာ၊ ဒါ ဗုဒ္ဓစည်းကမ်း၊ ဒီလို သွားရမယ်၊ ဒီလိုနေရမယ်၊ ဒီလို တရားကျင့်ရမယ်၊ ဒီလို ဘာဒါနာပွားရမယ်၊ မပွားလို့ ဖြင့်ကို မဖြစ်တူး ဒါ ဗုဒ္ဓစည်းကမ်း၊ ဒီဗုဒ္ဓစည်းကမ်း ကောင်းကြောင်းကို ကမ္ဘာကကို သိစေရမယ်၊ နိဗ္ဗာန်က ဗုဒ္ဓဘာသာကို အာဃာတ်သေးတဲ့ သူတွေကို သိစေရမယ် ဗုဒ္ဓစည်းကမ်း၊ ဒါကြောင့် ကောင်းကောင်းနေကြပါ။

အနုမာနအပြစ်- အာကပ္ပ-အသွင်အပြင်ကို ကြည့်ပြီးတော့ စကားပြောပုံ အသွင်အပြင်ကြည့်ဆာပါအဲ၊ မျက်နှာကလေးက မချိမချဉ်နဲ့ ကောင်းပြီလျှင် ငါ့တဲ့ ညာတော့မှာဘဲ၊ ဘယ်စကားကို သယ်လို ပြောလိုက်ပေမယ်လို့ အသံက ဘယ်လိုအသံနဲ့ ဆိုလျှင် ဒါအမှန်ပြောတဲ့ အသံဘဲ၊ ခု-အမှားပြောထဲ့ အသံဘဲ၊ အာကပ္ပ-အသွင်အပြင်က ကိုယ်အမူအရာကိုလဲ ကြည့်ရပါတယ်၊ နှုတ်အမူအရာကိုလဲ ကြည့်ရပါတယ်။

စကား အလိမ္မာပြ ကိုယ်အမူအရာက ဘုန်းကြီးတို့ စကားလဲ
အလိမ္မာတွေကို ပြလွန်းလို့၊ ပြလွန်းလို့—
ဂတေနေတာ ပလောဘောန္တိ့ ပေဂ္ဂိုလော ဘိက္ခဝေ စ၊
အထောပိ ဒုန္နိဝတ္ထော၊ မဏ္ဍနာ ဘာဏိတေန စ၊

ဥပုတစ်ယောတ်က လူတစ်ယောက်ကို ဖြားယောင်းတယ်ဆိုကြား၊ ဆိုပါတော့ "အမျိုးသမီးကအမျိုးသားကို ဖြားယောင်းတယ်ဆိုတာ သူ့းပုံလာပုံကို ကြည့်ပြီးတော့လဲ သိရတယ်တဲ့၊ မျက်စိကြည့်ပုံကို မြင်လျှင်လဲ ဒါ သူ့စိတ်ဟာ ဘယ်လိုရှိနေတယ် ဆိုတာ မှန်းလို့ ရတယ်တဲ့၊ မျက်လုံးကလေး မှိတ်တုတ်မှိတ်တုတ်နဲ့ နေလိုက်လျှင်လဲ ဒါ သူ့စိတ် ဘယ်လိုရှိတယ်ဆိုတာ မှန်းလို့ ရတယ်တဲ့၊ ဝတ်တဲ့ အစတ်ကိုက မြဲသလိုလို မမြဲသလိုလို ဒီလို ဝတ်နေပြန်လို့ ရှိလျှင်လဲ သူ့စိတ် ဘာဖြစ်နေတယ် ဆိုတာ သိတယ်တဲ့၊ စကားပြောဘဲ့ အသံက သူ့နှုတ်အသံအပြင်ကို တကယ့်သဘောအောင် တကတဲ့ ပြုပြင်ပြီးတော့ ပြောနေတဲ့အသံကိုကောက်လျှင် သူ့စိတ် ဘယ်လို ရှိတယ်ဆိုတာ သိရတယ်ဘဲ့" စာက စာက။

သားမယ်တို့ ရာဇပြုတ် ဘုန်းကြီး ကျေးဇူးတော်သား ဘာနားလည်
နေတိုင်းရောက် မှာလဲ၊ ကျေးဇူးတော်သား ဘာမှ နားမလည်
ပေမယ်လို့ စာကလေ အသွင်အပြင်
အိမ်တွင်းအိမ်ပြင် ကျောင်းတိုင်း ကျောင်းပြင်၊ ရွာတွင်းရွာပြင်၊ မြို့တွင်းမြို့ပြင်ပါ့ကဏ္ဍနဲ့ အကုန်လုံး ပါနေတာဘဲ၊ ခု-ကြောင့် ကချို့ကပြောတယ်၊ "ဒီဘုန်းကြီးက ရွာထဲမြို့ထဲလဲ မလည်တဲ့နဲ့ စာရေးလိုက်ပြီလားလို့လျှင် ရွာထဲမြို့ထဲသူသိနေသလိုဘဲ၊ ဘယ်နှယ် ဟာတုန်း" လို့ တချို့က ပြောကြတယ်တဲ့၊ ဘုန်းကြီးက ခပ်ရှုန်းရှုန်းဘဲ "ဘုန်းကြီးက မြန်မာနိုင်ငံက ရွာတွေ မြို့တွေ မလည်ဖူးမယ်လို့ ဟို သား၀တ္ထို့ ထုတ်ဝေကြော်ငြာတဲ့ ရွာတွေ မြို့တွေတော့ နေတိုင်း ရောက်နေတာ" လို့၊ ဖျင်ဘုရင့် နန်းတော်လဲ ရောက်နေတယ်၊

ဝိသာခါ့ အနာထပိဏ်တို့အိမ်လဲ ဓမ္မာက်နေတယ်၊ "ဘုန်းကြီးက အဲဒီ သာဝတ္ထိ ရာဇဂြိုဟ်က ရွာတွေ မြို့တွေတော့ ရောက်နေတာ ဖြစ်လို့ပဲ့ လူလဲ အဲဒီလူဘဲလို့၊ လူက ဒဲဒီ လောဘ ဒေါသ မောဟနဲ့ လူတဲ့လို့၊ အဲဒီ ဥဏ္ဍာ၊ မစ္ဆရိယ၊ မာနနဲ့ လူဘဲလို့၊ အဲဒီ သစ္စာပါရမီနဲ့ လူတွေဘဲလို့၊ ဒီတော့ ဘုန်းကြီးက သိကာပေါ့လို့၊ သာဝတ္ထိက လူတွေက ဘယ်လို၊ ရာဇဂြိုဟ်က မိန်းမတွေကကယ်လို၊ ဒီတော့ ရန်ကုန်က လူတွေက ဘယ်လို၊ မန္တလေးက မိန်းမတွေလဲ ဘယ်လို့ ဘာထူးသေးဧဲလို့။

သာဝတ္ထိနဲ့ ရန်ကုန် ဒီလောဘ၊ ဒီဒေါသ၊ ဒီမောဟ၊ ဒီမာန၊ ဒီဥဏ္ဍာ၊ ဒီမစ္ဆရိယ၊ ဒီသစ္စာ ရှိ၊ ဒီပညာ၊ ဒီမေတ္တာ၊ ဒီကရုဏာ၊ ဒီမုဒိတာ၊ ဒီတရားတွေဘဲ၊ ရာဇဂြိုဟ်က တရား အကောင်းကလဲ ဒီတရား၊ ရာဇဂြိုဟ်က တရား မကောင်းကလဲ ရာဇဂြိုဟ်ကတရား၊ သာဝတ္ထိက တရား အကောင်းကလဲ သာဝတ္ထိက တရား၊ မကောင်းကလဲ သာဝတ္ထိကတရား၊ ရန်ကုန် ကောင်းတဲ့ ဥစ္စာလဲ သာဝတ္ထိနဲ့ တာထူးတုန်း၊ ရန်ကုန် မကောင်းကလဲ သာဝတ္ထိနဲ့ တာထူးတုန်း၊ အဲဒီတော့ ဘုန်းကြီးက ရေးနိုင်ပါတယ်၊ သိနိုင်ပါ၏ဟယ်၊ အကုန်လုံး စာတွေက ကောင်းလွန်းလို့ ဓမ္မတ်မှတ် ပြီးတော့ ကြည့်လို့ ရှိလျှင် တရားထူး မရသေးတာ တစ်မယ်တဲ့၊ အကုန်လုံး စာတွေ ပါနေတယ်၊ အဲဒါ ဘုန်းကြီး အနုမာနသိဒ္ဓနဲ့ မှန်းကြည့်လို့ လဲ သိတယ်၊ စစ္စကသိဒ္ဓနဲ့ လက်တွေ့ အားဖြင့်လဲ သိနိုင်ပါ၏ဟယ်။

လိမ်လေ အပြစ်ကြီးလေ ဒါကြောင့် ကျောင်းသားတွေ ငါ့မလိမ်နဲ့၊ တစ်စုံတစ်ခုမေးလျှင်မလိမ်နဲ့၊ မှန်တာပြော၊ အပြစ်ကြီးကြီးမပေးဘူး နောက်မလုပ်နဲ့၊ သူတို့က မှန်တာစပြောချင်သူး၊ လိမ်လေ အပြစ်ကြီးလေ၊ မင်းတို့တော့ လိမ်လေ အပြစ်ကြီးလေဘဲ၊ လိမ်မြဲကကြီးတာ နဂိုလုပ်တဲ့အပြစ်က ဒီလောက်မကြီးဘူး၊ မကြီးကောင် မလုပ်နဲ့ နည်းနည်းပါးပါး ဒဏ်မပေးလျှင် ဖြစ်တယ်၊ လိမ်တဲ့ဥစ္စာက နောက်ကို တစ်သက်လုံး ယုံစရာမရှိ ဖြစ်လိမ့်မယ်၊ မှန်မှန်ပြောကြ၊ ဒါအားဖြစ်သလဲ ဘုန်းကြီးတို့မှာ ခုနက သိဒ္ဓတွေက အကူနဲ့လုံးပါနေတယ်။

သိဒ္ဓသုံးမျိုး ဒါကြောင့်မို့လို့ ဘုန်းကြီးရော အားလုံး ပညာရှိတွေရော ခေတ်ပညာရှိတွေရော၊ ကိစ္စတစ်ခုကို သိဖို့ရန် ဆန္ဒမာနသိဒ္ဓနဲ့ မှန်းကြည့်ပါ၊ ပစ္စက္ခသိဒ္ဓနဲ့ လက်တွေ့ ဖြစ်မှုကိုလဲ ကြည့်ပါ၊ အာဂမသိဒ္ဓနဲ့ သူတို့ရဲ့ အမူအရာ ကိုယ် အမူအရာ နှုတ်အမူအရာနဲ့လဲ ဘာကိုပြောလိုတယ် ဆိုလိုတယ်ဆိုတာကို သိပါ၏၊ ပါးစပ်က ဘယ်လောက်ဘဲ ပြောပြော၊ သတင်းစာက ဘယ်လောက်ဘဲပါပါ၊ အတွင်းစိတ်ဟာ ဘယ်လိုနေတယ်ဆိုတာကို သိပါတယ်၊ ဘယ်သူ့ကိုဘိတုန်း၊ အချင်းချင်းစကားပြောတော့လဲ သိတယ်၊ မိတ်ဆွေချင်း စကားပြောတော့လဲ သိတယ်၊ ဆရာဒကာ ကားပြောတော့လဲ သိတယ်၊ နိုင်ငံရေးသမားတွေက ပါးစပ် ပြောတော့လဲ သိတယ်၊ နိုင်ငံရေးသမားတွေက သတင်းစာထဲ ရေးတော့လဲ သိတယ်၊ ဘာပြုလို့တုန်း၊ ခုနက သိဒ္ဓသုံးမျိုးနဲ့ သိတယ်။

ဥာဏ်ရှိဖို့ လို သိကာ လွဲသလား၊ မလွဲပါဘူး၊ လွဲကိုမလွဲနိုင်ဘူး၊ သို့သော် အဲဒီ သိတဲ့ပုဂ္ဂိုလ်က ဥာဏ်ရှိဖို့တော့ လိုတယ်၊ သူက မှတ်ဉာဏ်မရှိလို့ ရှိလျှင် အလွဲချည်း ဖြစ်ကုန်မှာဘဲ၊ ပစ္စက္ခသိဒ္ဓလဲ အလွဲဖြစ်မှာဘဲ၊ အာဂမသိဒ္ဓလဲ အလွဲဖြစ်မှာဘဲ၊ အနုမာနသိဒ္ဓလဲ အလွဲဖြစ်မှာဘဲ၊ သူက ဥာဏ်ရှိဖို့တော့ လိုပါတယ်၊ ဥာဏ်ကတော့ ဘယ်ကရမှာလဲ၊ ပညာဆင့်ရမှာပေါ့၊ ယခု တက္ကသိုလ်တွေ အာတွေအထိ သင်ထားရမှာပေါ့၊ ပိဋ္ဌကတော်ကိုလဲ ဆုံးသည့်တိုင်အောင် နှံ့နှံ့စပ်စပ် သင်ထားရမှာပေါ့၊ မှတ်စုတွေနဲ့ စာမေးပွဲသမားတွေက မစ္ဆမိုးဘူး၊ မှတ်သားထားတဲ့ မှတ်စုလေးတွေနဲ့ အောင်ထားတဲ့ စာမေးပွဲသမားတွေ ဒီထိအောင် မစ္ဆမိုးဘူး၊ ခေတ်ပညာတတ်နေတဲ့ တက္ကသိုလ်သမားတွေလဲ မှတ်စုတွေက မစ္ဆမိုးဘူး၊ တကယ့်ကို အစအဆုံးသင်ထားတဲ့ ပုဂ္ဂိုလ်တွေမှ စ္ဆမိုးတယ်၊ ဒီလို မှတ်လိုက်ပါ။

ကဲ ဒီတော့ကာ ကနေ့ နည်းနည်းကြာသွားပြီ၊ ဒီသိဒ္ဓသုံးမျိုးအပြင် သဒ္ဒေယျသိဒ္ဓ ဆိုတာက နည်းနည်းရှည်သွားမယ်၊ ရှည်ရှည်ပြောရမယ်၊ အဲဒါကို အကြောင်းဆင့်လျှင် နောက်အစီရင်ခံမှာ ဆက်ပြီးတော့ ပြောကြတော့ဗို့ရဲ့၊ ဒီထိအောင် သေသေချာချာ မှတ်ထားကြပါ။

ဘုရားယုံကြည်လို့ မနေ့က ပစ္စက္ခသိဒ္ဓ အနုမာနသိဒ္ဓနဲ့ ဆိုင်ရာတော့ အကုန်လုံး ပြောထားတယ်၊ အာဂမဘက သိဒ္ဓလဲ ပြောထားတယ်၊ သဒ္ဒေယျသိဒ္ဓပြောယင်း အနုမာနသိဒ္ဓလဲ လာပြီးတော့ ပြောရဦးမယ်၊ အချိန်ရလျှင်တော့ သဒ္ဒေယျသိဒ္ဓ ဆိုတာ မရလောက နိဗ္ဗာန်ရှိတယ်၊ ဒါက ဓိဓိတို့ ပစ္စက္ခနည်း

အားဖြင့် မသိနိုင်ဘူး၊ ဒါက အနုမာနက နည်းနည်းဉာဏ်ရှိလာလျှင်တော့ နည်းနည်းမှန်းလို့ ရတယ်၊ ဒီလို မမှန်နိုင်တဲ့ အခြေအနေမှာတော့ သဒ္ဒေယျသိဒ္ဓ-ဘုရားဟောလို့ဘဲ (ဒါက မမှန်းနိုင်သေးခင် မမှန်းနိုင်သေးခင်) ဘုရားယောဇလို့ ပရမလောက = နောက်ဘဝ ရှိခဲ့ကြောင်း သိရတာဘဲ၊ ကိုယ်တိုင်တော့ မမြင်ဘူး၊ ဘုရားဟောတော်မူလို့၊ ဘုရားယုံကြည်လို့၊ ဒါပြီးသွားတာဘဲ၊ ရေရှိတယ်-မရှိဘူး၊ "ရှိတယ်"လို့ ဆိုတာ ဘုရားယုံကြည်လို့ကို လက်ခံထားတယ်၊ နိဗ္ဗာန်ရှိကမှ-မရှိဘူး၊ "နိဗ္ဗာန်ရှိတယ်"ဆိုတာ ဘုရားယုံကြည်လို့ လက်ခံထားတယ်၊ ကိုယ်က မသိနိုင်ပါဘူး၊ မှန်းလို့ မရသေးပါဘူး၊ ဥာဏ်နုတုန်းမှာ ဥာဏ်နုတုန်းမှာ၊ ဒီတော့ တစ်ချက်လိုက်စရာရှိတယ်။

အတည်ပြုထား ပရမလောကရှိတယ်, နောက်ဘဝ-နောက်ဘဝ၊ သေပြီး ရောက်ရမည့် နောက်ဘဝ၊ ယခု ဒီလူ့ပြည်က ပြောလို့ ရှိလျှင်လဲ နတ်ပြည်တို့, ဗြဟ္မာ့ပြည်တို့, ငရဲတို့, ပြိတ္တာတို့ ဒါတွေ မမြင်နိုင်တာတွေကဲ့၊ ဒါတွေကိုလဲ ဘုရားယုံကြည်လို့ မို့ "ရှိတယ်"လို့ အတည်ပြုထားတယ်၊ ဘုန်းကြီးတို့ အတည်ပြုထားတယ်၊ ဘုရားယုံကြည်လို့ အားဖြင့် အတည်ပြုထားတော့.... ကိစ္စပြီးသွားတာဘဲ၊ ဒါ သဒ္ဒေယျသိဒ္ဓဘဲ၊ ကောင်းပြီ- ဒီဟာက ဘုရားယုံကြည်လို့၊ ယုံတာကတော့ ကားပါတော့လေ၊ ကိုယ်ကိုးကွယ်တဲ့ ပုဂ္ဂိုလ်က ပြောလျှင် ယုံတမ်းတဲကိုး၊ မရှိဘူးဆိုဘာလဲ မရှိဘူးပြောတဲ့ ဘုရားက (ဘုရား အနေ၂ခံက) ပြောတာကို သူတို့လဲ ယုံတာဘဲ။

တစ်ဆင့်ဟာက်စရာ မြက်စွာဘုရား လက်ထက်တော်တုန်းက ကိုတ်တိ ဆရာကြီးတွေ ဘုရားအလျင်ဖြစ်နေကြကယ်၊ အဲဒီထဲမှာ တချို့ ဆရာကြီးတွေက ဥဒ္ဓစ္စဒဝါဒ၊ ဒီဘဝပြီးလျှင် ပြီးတာဘဲ၊ နောက်ဝရလောကဆိုတာ မရှိပါဘူး၊ ဒါ သူ့အစိတ်အပိုင်းက ယုံနေတာဘဲ၊ ဆန္ဒေယျသိဒ္ဓ၊ ဒါကို ရှေဆက် မစဉ်းစားတော့ဘူး၊ မိမိတို့ကိုးကွယ်တဲ့ ပုဂ္ဂိုလ်ရဲ့ စကားကို ယုံပြီးတော့ ဒါ အဓမ္မဖြိုလိုက်တာဘဲ၊ ဒီတော့ ဒါက ယုံတာ-မယုံကာနဲ့ ဘဲ ကိစ္စပြီးတယ်လို့ ဆိုတဲ့ သိပ်မစဉ်းစားသူအတွက် ပြီးသွားပေမယ့် စဉ်းစားတဲ့ သူတွေအတွက်က တစ်ဆင့်တက်စရာ ရှိပြန်တယ်။

ယုံတာ-မယုံကာတော့ ထားပေါ့လေ၊ တကယ်ရှိ-မရှိသာက အရေးကြီးဖြန်တယ်ကိုး၊ ဒါ ဥာဏ်ရှိတဲ့သူကတော့ တစ်ဆင့်တက်ရတယ်၊ မတက်လို့ ရှိလျှင် ဉာဏ်က ညံ့လွန်းလို့ မတက်တာ၊ ယုံပြီးတဲ့နောက် တစ်ဆင့်တက်ရတယ်၊ ဒီတော့ ဗုဒ္ဓမြတ်စွာက တစ်ဆင့်ကက် ပေမယ့် ဉာဏ်က သိမြင်နိုင်တဲ့ ဓိပ္ပစက္ခုဉာဏ်မျိုးက မရှိ၊ ရှေးဖြစ်ဖော်ဝင်းကို အောက်မေ့နိုင်တဲ့ ဇာတိဿရဉာဏ်မျိုးက ရှိ၊မရှိတော့ကော မိုပြီးတော့ ယုံလိုက်ရတာကလဲ ကောင်တော်တဲ့ စိတ်မချစရာ ရှိတယ်။

မလွဲတဲ့လမ်းလိုက် ဒီတော့ ဗုဒ္ဓမြတ်စွာက "မလွဲတဲ့ လမ်းကို လိုက်ပါ"တဲ့ သိပ်ကောင်းတာ၊ သိပ်ကောင်းတာ၊ "ကိုယ်မပိုင်လို့ ရှိလျှင် မလွဲတဲ့လမ်းကို လိုက်ပါ"တဲ့၊ ဒီတော့ မလွဲတဲ့လမ်းကို ဘယ်လို လိုက်မလဲ၊ နည်းနည်းလမ်းလွဲသွားလျှင်

အယုံကလဲ အယုံမှားကြီး ယုံထားကယ်၊ မိမိတို့ ယုံသာ ယုံကယ်၊ မဟုတ်ဘူး, အလွဲကြီးလို့ ဆိုလျှင် သိပ်ပြီးတော့ကို ဒုက္ခများဘွား လိမ့်မယ်၊ ဒါဟာ ကိုးကွယ်ထားတဲ့ ဘယ်ပုဂ္ဂိုလ်ရဲ့ စကားဘဲ ဖြစ်ဖြစ်, ကိုယ်တလဲ ပိုင်ဆောင် မလိုက်နိုင်တဲ့ ဆနေမှာ အယုံနဲ့ အပြီးသတ်ရတယ်လို့ ဆိုတဲ့အခါ မလွဲနိုင်ထဲ့လမ်းကို လိုက်ပါ၊ တယ်-အားရှားရာ, ကျေနပ်စရာ ကောင်းတယ်။

အပဏ္ဏကဇာတ်တော်

ခေါင်းဆောင်နှစ်ယောက် ဒီဟာနဲ့ စပ်ပြီးတော့ ဇာတ်တော်မှာ အပဏ္ဏကဇာတ်လို့ ပေးမဆုံး ဇာတိတော်ရှိပါတယ်၊ ဒါ မလွဲနိုင်တဲ့လမ်းကို လိုက်ပါဆိုတဲ့ တရားတော် အရ ဖြစ်တယ်၊ အဲဒီဇာတ်တော်မှာ- ရှေးကုန်းက ရွာကြီးတစ်ရွာမှာ အိမ်ခြေတစ်ထောင်ရှိတယ်၊ အိမ်ရှင်တစ်ထောင်လဲ ရှိရမှာပေါ့၊ အဲဒီ အိမ်ရှင်တစ်ထောင်ကို ခေါင်းဆောင်နေတဲ့ ခေါင်းဆောင်ကလဲ ၂-ယောက်ရှိတယ်၊ တစ်ဖောက်က တစ်ဝက် ငါးရာကို ခေါင်းဆောင်တယ်၊ တစ်ယောက်က အခြား တစ်ဝက် ငါးရာကို ခေါင်းဆောင်တယ်၊ ဒီ ခေါင်းဆောင်နှစ်ယောက် ခေါင်းဆောင်တဲ့ ငါးရာ ဘာအလုပ် လုပ်ကြတုန်းဆိုတော့ ရွေးခေတ် ကူးသန်းရောင်းဝယ်ရေး လုပ်ကြတယ်။

ကူးသန်းရောင်းဝယ် ကူးသန်းရောင်းဝယ်ရေးလိုတဲ့ ဥစ္စာဟာ-ဒီကနေ နီးနီးကလေး ရောင်းဝယ်လို့ ဘယ်လောက်မှ အကျိုးမရှိဘူး၊ ဟိုဒေတ်တုန်းက ဆိုတော့ သဲကန္တာရကြီးတွေမှာ ဖြတ်သန်းပြီး အရောင်းအဝယ်လုပ်နိုင်

လို ရှိလျှင် တစ်ခေါက်ဆို သစ်ခေါက် ပြောရလောက်အောင် အမြောက်အစွန်းရကြတယ်၊ သဲကန္တာရကြီးကို ဖြတ်ကျော်ဖို့ရန်ကလဲ ဘေးရန်အန္တရာယ်က များလိုက်ဟာ၊ အဲဒီ ဘေးရန်အန္တရာယ် များများကြီးကို ဖြတ်ကျော်ပြီးတော့ အလုပ်လုပ်နိုင်မှလဲ အမြတ် အစွန်း ကောင်းကောင်းရတယ်၊ ဒီကော့ အဲဒီကုန်သည်တစ်ယောက် ငါးရာ့ခေါင်းဆောင်ပြီးတော့ နေကြတဲ့ ခေါင်းဆောင် ၂-ဦးက ခရီးယုတ်ဖို့အချိန် ကုန်နောင်းထွက်ဖို့ အချိန်တော်တဲ့အခေါ် တိုင်ပင်ကြတယ်။

ကိုင်းဝင် "ကျုပ်တို့ သွားဖို့ အချိန်ကျနေပြီ၊ ခင်ဗျားတို့အဖွဲ့က အလျင်သွားမယ်လား၊ ကျုပ်တို့အဖွဲ့က အလျင် သွားရမယ်လား၊ ဒီတစ်ထောင်လုံး စုံသွားလို့ကော့ အစာရေစာ လမ်းမှာ အခက်အခဲရှိလိမ့်မယ်၊ လမ်းမှာ အစာရေစာက ကျုပ်တို့ ငါးရာလောက်ကိုတဲ့ မနည်းထိန်းပြီးတော့ သွားရမှာ၊ လမ်းမှာ ရေတို့ မြက်တို့ နွားစားဖို့မြက်တို့ လူသောက်ဖို့ နွားသောက်ဖို့ ရေတို့ အဲဒါ တစ်ထောင်လုံးသွားလျှင် မလောက်ပါဘူး၊ ဒါ့ကြောင့်မို့လို့ ခွဲပြီးတော့ သွားကြရအောင်" လို့ တိုင်ပင်တယ်။

တစ်ယောက်တွက်ကိန်း ဒီးတော့ ခေါင်းဆောင်တစ်ယောက်က "ကျုပ်တို့ အဖွဲ့က အလျင် သွားမယ်"၊ သူကလဲ ဥာဏ်နဲ့, သူ့အမြော်အမြင်နဲ့, "ဒို့အဖွဲ့ငါးရာက အလျင် သွားလို့ ရှိလျှင် လမ်းမှာ ယခုအခုပေါက်နေတဲ့ မြက်ဆလေး စတွေကို ဒို့နွားတွေ စားသွားရမယ်၊ လမ်းမှာ ရှိနေတဲ့ ရေတွေကို

ဒို့နွားတွေတိုက် ဒို့သောက် လုံလုံလောက်လောက် သွားရလိမ့်မယ်၊ ပြီးတော့ ရောက်ရဲ့နေရာကျတော့ ဒို့က အရင်ဆုံး ထွောက်နေတာ ဖြစ်တော့ သူတို့ မဝယ်မနေနိုင်သူး၊ ဒို့ ကြိုက်ဈေးဖြတ်ပြီးတော့ ထွောင်းရမှာဖြစ်တော့ ဒို့အင်မတန် အကျိုးရှိလိမ့်မယ်" လို့ တွက်တယ်၊ သူ့တွက်ကိန်းကိုတဲ့ အခုပရိသတ် စဉ်းစားကြည့်ပါ၊ "အာဟုတ်သားတဲ့ ဒါ ဒီကိစ္စမှန်တယ်" ဒီလိုတွက်ရမှာပေါ့။

နောက်တစ်ယောက် တွက်ကိန်း ခေါင်းဆောင် တစ်ယောက်ကလဲ တွက်တယ်၊ "ကောင်းပြီ ခင်ဗျားတို့ အရင် သွားနှင့်၊ ကျုပ်တို့ နောက်ကမှ လိုက်ခဲ့မယ်"၊ နဲ့ဆိုတဲ့ဥစ္စာ အတော်ကြာမှ (၁၅)ရက်တို့ တစ်လတို့ ဒီလိုကြာမှ နောက်တစ်သုတ်က လိုက်ရမှာကိုး၊ အဲဒီတော့ နောက် ခေါင်းဆောင်တစ်ယောက်ကလဲ တွက်တယ်၊ "သူတို့အရင် သွားပါစေ၊ ယခု ပေါက်နေလို့ တော်တော်တောင် ကြမ်းစောင်း ကြမ်းနေရော့မယ်၊ အဲဒီမြက်တွေကို သူတို့နွားတွေ စားပလေစေ၊ နောက်တော့ ထပ်ပြီးတော့ ပေါက်လာတဲ့ မြက်ညွှန့်ကလေးတွေကို ဒို့နွားတွေ စားရမှာပေါ့"။

ရေရှိ-မရှိ ဒီတွက်ကိန်းချင်းက တွက်ကိန်းချင်းက "ဒို့နွားတွေ မြက်နုနုစလေးတွေ စားရမှာပေါ့"၊ ရေဆိုတဲ့ ဥစ္စာ ရှိချင်မှလဲ ရှိမယ်၊ မရှိလျှင် အရင်သွားတဲ့သူတွေ ခက်ခက်ခဲခဲ ရှာရမယ်၊ ရှာပြီးလို့ တောခနန်းထဲမှာ တွေ့ပြီဆိုလျှင် သစ်ပင်မြင့်မြင့် ပေါမှာ တက်ပြီးတော့ ထန်းရွက်ဆို ဘာဆိုချည် ထားရတယ်၊ "ဒီပတ်ပတ်လည်မှာ ရေရှိတယ်၊ ရေတွင်းရှိတယ်၊ ရေစာနှိုက်ရှိတယ်"

ဆိုတဲ့ အထိမ်းအမှတ်နဲ့ သစ်ပင်မြင့်မြင့်ပေါ်မှာ တက်ပြီးတော့ ထမ်းရွက်စသည် ချည်ထားရတယ်၊ ဒီတော့ကာ နောက်ခေါင်းဆောင်က "အားလုံး၌ ရေရှိလျှင်လဲ သူတို့အဆောက်အဦးပေါ့၊ ဒီလို နောက်ဆက်သုံးပြီး တွေ့ရမှာပေါ့၊ အကယ်၍ ရေမရှိဘူးဆို ပျင်းသူတို့ရှာသွားစဲ့ နေရာက ရေတွေ့ကို ဒို့ကလိုက်ပြီးတော့ ဆက်ပြီးကော့ သုံးနိုင်တာပေါ့"၊ သူ့နည်းနဲ့ သူနဲ့ တူက်ကိန်းချင်းက ကိုယ့်နည်းနဲ့ ကိုယ် ကောင်းတယ်။

ညွှတ်မှု ပြီးတော့ အရင်ရောက်ပြီးတော့ ကုန်တွေကို စျေးဖြတ်ရတယ်ဆိုတဲ့ ဥစ္စာတာ သူတစ်ပါးကို နှိပ်စက်ရာ ရောက်တယ်။ အမြတ်တွေ သိမ်တင်လိုက်လို့ ရှိလျှင်၊ ဒီတော့ ဒို့က နောက်မှလိုက်ရတာဖြစ်တော့ ပေါက်စျေးရှိပြီးသားဖြစ်လို့ သူတို့အရောင်းအဝယ် ပေါက်စျေး ရှိလိမ့်မယ်၊ အဲဒီ ပေါက်စျေးရောင်းရတော့ ဒို့မှာ ဘာမှ သူတစ်ပါးကို နှိပ်စက်ရာ မရောက်ဘူး၊ စိတ် အင်မတန်ရှင်းတယ်၊ တွက်ပုံချင်းကိုက၊ နောက်လူက တော်တော်ကလေး ညှာညှာတာတာ မျှမျှတတ ရှိတယ်၊ ပထမလူကတော့ အဲဒီ မျှတမှုတာ နည်းနည်း နည်းသွားတယ်၊ အဲဒီ ခေါင်းဆောင် နှစ်ယောက်ချင်း စိတ်ထား တယ် ကွာခြားတယ်။

သဲကန္တာရ မရောက်ခင် ဒီလိုနဲ့ ဆုံဖြတ်ပြီးကြတော့ ပထမ ခေါင်းဆောင်ရဲ့ အဖွဲ့ လူစုံပေါင်း ငါးရာက ကုန်တွေတင်၊ ဟိုမှာ ရောင်းလို့ ကောင်းမယ့်ကုန်မျိုးကို တင်ပြီးတော့ ဒီလိုနဲ့ လူဦးရေနဲ့ ထွက်ကြရော၊ သဲကန္တာရကို

၈၃

မရောက်ခင်တော့ ချောင်ချောင်လည်လည်ပါဘဲ၊ လူစုံးတွေ သိပ် မလေးလုပါဘူး၊ ဒီနားမှာ ရေရှိတယ်၊ ဒီကရေသောက်၊ နွားထိုက်ဖို့ ဟိုဘက်ဆီကျတော့ ရေရှိတာတော့တယ်၊ ဆန်တို့ ဘာတို့လဲဘဲ ထင်းတို့လဲဘဲ ဟိုကျတော့ အယဉ်ရှာ ရောက်လိမ့်မယ်၊ အယ်ရှာကျတော့ ထင်းလဲ ရနိုင်တယ်၊ ဆန်လဲ ရနိုင်တယ်၊ ဟင်းချက်စရာတို့ ဘာတို့ ရနိုင်တယ်ဆိုပြီးတော့ လူစုံးပေါ်မှာ ဘာမှအပူမတင်ဘူး၊ နွားပင်ပန်းမှာစိုးလို့ လူစုံးလေးမှာစိုးလို့ ဆိုပြီး အပူမတင်ဘူး။

သဲကန္တာရဖြတ် ဒီလိုနဲ့သူးလိုက်တာ သဲကန္တာရ ဝင်ရတော့မယ်၊ သဲကန္တာရ ဖြတ်ရတော့မယ် ဆိုတော့ အရင်တုန်းကလို လူစုံးပေါ်လို့ မရဘူး၊ သဲကန္တာရ အယ်နှစ်ရက် ဖြတ်ရမှာ၊ ဃမ်းအယ်နှစ်ညအိပ်ရမှာ၊ အဲဒီတော့ ရောအယ်လောက်ပါမှ ဖြစ်မယ်၊ နွားသောက်ဖို့ရေ၊ လူသောက်ဖို့ရေ၊ တစ်ခါ ထမင်းချက်ဖို့ရန် ဆန်၊ ထင်း ဘယ်လောက်ပါမှ ဖြစ်မယ်၊ ဒါကို ချိန်ပြီးတော့ လူစုံးပေါ်မှာ မဲတင်ချင်မေမယ်လို့ နွားတွေကို လေးမှာစိုးမေမယ့် ထင်ကြရတယ်၊ သဲကန္တာရဝင်ကြရမယ်ဆိုတော့ တင်ကြရတယ်၊ ဒါနဲ့ တင်ပြီးတော့သွားတယ်၊ တစ်ခရွာ ရွာ သွားမယ်လို့ ညမှခရီးထွက်နိုင်တယ်၊ ဒါကြောင့် ခေါင်းဆောင်လိုတယ် ဆိုတာ ညခရီးထွက်တော့ လတွေ ကြယ်တွေရဲ့ အနေအထားကို ကြည့်ပြီးတော့ "ဒို့သွားမှာ ဘယ်အရပ်၊ ကြယ်တွေကြည့်ပြီးတော့ လကို ကြည့်ပြီးတော့ အဲသလို အသိဉာဏ်နဲ့ သွားရတာ၊ ဒါလေးမှာလိုက်လို့ ရှိလျှင် သေကုန်ကြမှာ၊ ဒီတော့ ခေါင်းဆောင်နဲ့ တွဲဝန်က ကွာခြားတာကြီးတယ်၊ ဒါနဲ့ ညခရီးထွက်ကြရော။ မ

ထစ်ခနဲဖောက် နောက် တစ်ခနဲ ရောက်ပြီ ဆိုလို့ ရှိလျှင် တစ်ခနဲဆိုတာလဲ ကိုယ့်ဟာကိုယ် တစ်ခနဲကြတာပေါ့၊ နေလဲထွက်လာတော့မယ်ဆိုလျှင် အကုန်လုံး လှည်းတွေ ချွတ်ပြီးတော့ လှည်းစိုင်းကြီး လုပ်ကြတယ်၊ အရိပ်ရအောင်၊ နွားတွေလဲတဲ့ ဒီအရိပ်အောက်မှာနေ၊ လူတွေလဲ ကပ်ကပ်သပ်သပ် ဒီအရိပ်အောက်မှာနေ၊ ချက်ပြုတ် စောစောကလေး ချက်ကြပြုတ်ကြတယ်၊ နေထွက်လာတယ်ဆိုလျှင် ဈေးနှုန်းမှ မလုပ်နိုင်စော့ဘူး၊ အင်မတန် သဲကန္တာရက ပူတာဖြစ်တော့ နွားရော လူရော ဒုက္ခဖြစ်တယ်၊ ဒါကြောင့် အရိပ်စိုင်းကလေးတွေရအောင် စောစောက လှည်းငါးရာနဲ့ လုပ်ထားကြရတယ်၊ ချက်ပြုတ်စားရတယ် စောစောပြီးအောင်၊ အဲဒါ တစ်နေ့လုံး နွားတွေလဲအိပ်ရေးပါတိုက်၊ နွားစာကျေး၊ လူတွေလဲတဲ့ စားသောက်ပြီးတော့ အိပ်ကြတယ်၊ တစ်နေ့လုံး ဒီလှည်းစိုင်းအောက်မှာ။

လှည်းကလေးတစ်စီး ဒီလိုနဲ့ တစ်ရက် နှစ်ရက် သုံးရက် ဟိုဘက် ဖြတ်ကျော်ဖို့ နီးလာပြီ၊ ဖြတ်ကျော်ဖို့ နီးလာတဲ့ စခန်းလောက်ရောက်တော့ ဒီက ညသွားတယ်ဆိုလျှင်တဲ့ လှည်းကလေးတစ်စီး ရှေ့ကလာတယ်၊ လလဲ သာချင်သာမယ်ပေါ့၊ ဒါမှမဟုတ် စခန်းချတုန်းမှာ ဟိုလှည်းကလေး ရောက်လာတယ်၊ လှည်းဘီးတွေမျှား ရေစိုလို့၊ ရွံ့တွေမျှားလူးလို့၊ လှည်းပေါ်ပါလာတဲ့ လူတစ်ယောက်ကလည်း ဆံပင်တွေမျှားစိုလို့၊ အဲဒီတော့ ဒီက ဝမ်းမြောက်ဝမ်းသာနဲ့ "ဟာ-ဆရာဟိုမှာ ရေတွေ အားတွေပေါပါသလား" "ဟာရေသိပ်မပါနေတယ်ဗျာ၊ မိုးကြီးရွာထားလိုက်တာ၊ ဒီစခန်းက ခင်ဗျားတို့ ဟိုတစ်ထောက်လောက် ရောက်လျှင် ရေတွေပေါပါပြီ၊ မိုးရွာထားလို့"၊ ဒါနဲ့ ဝမ်းသာအားရနဲ့ နွားတွေက လေးတယ်ကိုး၊ လှည်းအကွက်ကြောင့် နွားတွေမှာ ပင်ပန်းတယ်၊ ဟိုကျတော့ ရေတွေရပြီ၊ လူတွေ,နွားတွေ စားစရာတွေလည်း ဖြစ်နိုင်ပြီနဲ့ ပြောတော့ ရေတွေကို သွန်လိုက်ကြရော၊ ခေါင်းဆောင်ရဲ့ ဆတောလဲ ပါတယ်၊ ရေတွေသွန်လိုက်ကြရော။

ရေမရှိ နောက်တော့ အချိန်ကျတော့ ဒီလိုဘဲ ညခရီးထွက်ကြတယ်၊ ဟို-မိုးလင်းတဲ့ အချိန်ကျတော့ ဟိုမှာ စခန်းနားမယ့်နေရာမှာ အယ်မှ ရေမရှိဘူး၊ ဒီ သဲကန္တာရ အတိုင်းဘဲ ရှိတယ်၊ ရေမရှိဘူး၊ ရွှေလဲ သူတို့ မသွားနိုင်ကြတော့ဘူး၊ ရွှေမှာ တိုးသွာပြီး ပြန်လို့ ရှိလျှင်လဲ နေပူမိုပြီးတော့ လမ်းမှာ နွားတွေ မသွားနိုင်ဘဲနဲ့ လူတွေလဲ အပူမိုပြီးတော့ သေကြမှာ, ရွှေလဲ တိုး မသွားနိုင်ဘူး၊ ဒီတစ်ဘဲ လှည်းတွေချတ်ပြီးတော့ လှည်းဝိုင်းလုပ်ပြီးတော့ နေကြတယ်၊ အရိပ်လုပ်ပေမယ်လို့ ထမင်းချက်စရာ ရေမရှိဘူး၊ တစ်လမ်းလုံးမောင်းလာရတဲ့ နွားတွေမှာလဲဘဲ သောက်စရာ ရေမရှိဘူး၊ ထမင်းချက်စရာ ရေမရှိဘူး၊ ဘာတတ်နိုင်ကြသေးတုန်း၊ အာမမ မတတ်နိုင်ဘူး၊ တစ်ခါထဲ လှည်းအောက်မှာ ခွေလို့ နွားတွေလဲဘဲ နို့နံ့လို့ ဖြစ်နေကြတယ်။

ဘီလူးစားခံရ အဲဒီလို အနေမှာဘဲ ဘီလူးတွေ ထွက်လာတယ်၊ ဒီစောစောက လှည်းကလေးဆိုတဲ့ဥစ္စာ ဒီဘီလူးရဲ့ အဖွဲထဲက ဒီလိုရှိဖို့ ရေတွေဆွန်ကြဖို့ ဒီလိုလာတာ၊ အကယ်၍သာ ရေတွေလဲ သောက်ရတယ်၊ နွားတွေလဲ ရေတိုက်ရတယ်၊ ထမင်းလဲ

စားရတယ်ဆိုလျှင် ဒီလူငါးရာတဲ့ တောင်တောင့်တင်းတင်းလို့ ငါးရာတဲ၊ ဘီလူးငါးရာ လာပါစေ မကြောက်ပါဘူး၊ ဘီလူးလာပါစေ၊ ဒါကြောက်လဲ စူပြီးဆွဲးကြဘာ၊ ငါးရာလာပါစေ၊ မကြောက်ပါဘူး၊ ဒီကလဲ အဆင်သင့် လက်နက်နဲ့၊ ယခုဘော့ ကုန်လုံး နှန်းပြီးတော့ တကတဲ နှန်းနေကြတော့ ဟိုက ဘီလူးတွေကို ဘယ်နယ်မှ မခုခံနိုင်တော့ဘူး၊ အာနုန်လုံး သူတို့ရဲ့ စားဖတ် ငါးဖတ်ဖြစ်ပြီးခတော့ တစ်ဖဲ့ဖြေး သူတို့စားတာနဲ့ လူတွေလဲ ကုန်တာဘဲ၊ နွားတွေလဲ ကုန်တာဘဲ အရိုးဘဲ ကျန်ခတော့ ကာဘဲ၊ ပြီးကြရော ဒီပထမသုတ်ဘာ-။

နောက်တစ်သုတ် နောက်ရက် ထုံးစံအတိုင်း ခိုင်းပြီးခတော့ နောက်တစ်သုတ် ထွက်လာတယ်၊ ဒီဟိုဘဲ သံကန္တာရနားရောက်တော့ ဆန်ခတွေ တင်ရတယ်၊ ထင်းတွေ တင်ရတယ်၊ ဒီသံကန္တာရကို ဖြတ်ကျော်နိုင်တော်တဲ့အထိ သူတို့သွားနေကျမို့လို့ ဒီလိုဘဲ လာခဲ့တယ်၊ တခ်ည် တစ်ည တစ်ညနဲ့ ဒီလိုနဲ့ လာခဲ့ဘယ်၊ ခုနက စခန်းရောက်တော့ ခုနကလို လှည်းကလေးတွေနဲ့ တွေ့ပြန်ရော၊ တွေ့တော့ ပစ်သားအားရနဲ့ နောက်လိုက်တွေက မေးတယ်၊ မေးတော့ ဟိုမှာ ရေတွေပေါတယ်လို့ ခုနက အတိုင်း ပြောတယ်၊ အားတက်စရာကြီး။

ရေမသွန်နိုင် ဒါနဲ့ ဆရာကြီး မျက်နှာကြည်ပြီးတော့ ခေါင်း ဆောင်ကြီးမျက်နှာကြည်ပြီးတော့ "လှည်းလေး တယ်၊ ရေတွေ သွန်လိုက်ကြစို့လား" ကဲ့။ ဆရာကြီးကတော့ သမ္ဘာဓိနဲ့ သိပ်ဟန်ကျကယ်၊ စိတ်ထဲက ဝေဖန်နေဟန် တူသွယ်၊

"သွင်ခဲ့ကြစို့လား" ဆိုတော့ ဆရာကြီးက "ပေါ့- မသွန်ရဘူး"၊ စီတင် နောက်လိုက်တွေက တယ့်-မကြိုက်ဘူး၊ ဆရာကြီးက တယ်-ခေါင်းမာကိုး ဟိုလူက တကတဲ ဆံပင်စွေ့ စိုလို့၊ လှည်းတွေမှာလဲ ရှိုးတွကပ်လို့၊ ဟိုကျ ရေတွေမယိုဘူးစာ၊ တိတ်တိတ် တိတ်တိတ်၊ နှတ်က မပြောဘူး။

မင်းတို့ ယုံသလား "ဟိုမှာ ရေမယ်လို့ ဆိုတဲ့ဥစ္စာ မင်းတို့ ယုံသလား" လို့ ဆရာကြီးက ပြောတယ်၊ ဒီလိုခပြောတာ တယ်-မကြိုက်ကို၊ အုန်းကြီးက တယ်-ကြိုက်တယ်၊ "မိုးရွာတားတယ်လို့ သူတို့ပြောတာ မင်းတို့ယုံသလား၊ မိုးရွာလို့ ရိုးလျှင် မိုးအုန်းသံ ဘယ်နှစ်တိုင်ကြားရတယ်၊ ဒီလို အထိန်းအမှတ် ရှိသယ်၊ လျှပ်လက်သာ ဘယ်နှစ်တိုင်လောက်က မြင်ရတယ်၊ မင်းတို့ မြင်ကြသလား၊ လျှပ်လက်သာ မိုးခြိမ်းသံ ကြားရသလား မင်းတို့၊ နည်းနည်းစဉ်းစားပြီး နောက်သူတွေက စဉ်းစားပေမယ်လို့ အယူသည်းတဲ့သူတွေက "အို... မြန်မာ့ပြောဆို စကားပုံအတိုင်း ဆင်ပြောင်ကြီးတွေမှတော့ ဆင်ခြေရာ ခံနေဖို့ မလိုပါဘူး" ဒီလို ဆိုပြီးပါယ်ချိုးနဲ့ မဇေယျပဉ်ဘူး တချို့က။

အခိုးတွေ တွေ့ တချို့ကလဲ စဉ်းစားတယ် "ဟုတ်တယ်ဟေ့- လျှပ်လက်သာတော့ မမြင်ရဘူး၊ မိုးခြိမ်းသံလဲ မကြားရဘူး၊ ခုနက လူကတော့ ပြောတော့ ပြောသွားတာဘဲ၊ ဒါ ဒီကတော့ မမြင်ရဘူး"၊ "ဟေ့... မင်းတို့ ရေမသွန်ရဘူး" ဆရာကြီးက အာဏာနဲ့ ပြောတယ်၊ သိပ်တော့လဲ မယောင်္ကဉ်ပဉ်ဘူး၊

ခေတ်အားလျော်စွာ အာဏာကို လွန်ဆန်တဲ့ ခေတ်ကလဲ မဟုတ်တော့ ဒီလိုနဲ့ တဲ့ မကျေမနပ်နဲ့ နောက်တစ်ကြိမ် ခရီးဆက်ပြီးတော့ ခရီးထွက်ကြရော၊ ခရီးထွက်လို့ တစ်ညလွန်တော့ စခန်းချမယ့် နေရာရောက်တော့ ခုနက အာရုံးတွေ တွေ့ပြီ၊ လှည်းတွေ တွေ့ပြီ၊ နွားရိုးတွေ့ လူရိုးတွေ တွေ့ပြီ၊ "ကဲ-ဟေ့ကောင်တွေ ကြည့်ကြစမ်း၊ ဟောတာ ဒို့ချွာက လှည်းတွေ့မှ ငါလား၊ ပြီးပြီ ပြီးပြီ၊ ဒို့ရွာသားတွေ ဒုက္ခဖြစ်ကြပြီ" သာနားတယ်ကိုး၊ ခေါင်းဆောင်ကြီးက "မင်းတို့ လမ်းတွေ့တဲ့အကောင်ဟာ ဘီလူးက့၊ အဲဒီဘီလူးရဲ့အဖွဲ့က စားလို့ ဒို့ရွာသားတွေ ကုန်ပေါ့" ။

ကျေးဇူးတင် အဲဒီတော့မှ ခေါင်းဆောင်ကြီးကို ကျေးဇူးတင်လိုက်စာလေ "အံမယ်- ကံကောင်းလို့ ၊ ဒို့ ရေတွေသာ သွန်ခဲ့လို့ ရှိလျှင် ဒီနားမှာ ချက်မစားနိုင်ဘူး၊ ကံကောင်းလို့ ကံကောင်းလို့ "နဲ့၊ အဲဒီတော့မှ ခေါင်းဆောင်ကြီးကို တကတဲ့ ရှိခိုးချင်လောက်အောင် ကျေးဇူးတင်လို့ နေကြတယ်။

ဒီမှာ မှတ်ချက် ဒီဟာ ဗုဒ္ဓမြတ်စွာရဲ့ တရားတော်က ဒီမှာ မှတ်ချက်ဘဲ၊ ဟိုတုန်းက ရေတွေ့ သွန်မယ် လုပ်တုန်းက၊ ပြီးတော့ ပထမအဖွဲ့ ရေတွေ့ သွန်ကြတုန်းက ထောက်ကြည့်လို့ ရှိလျှင် မလွဲသမ်းလိုက်ရမယ်၊ ပထမအဖွဲ့ မှားသွားတယ်၊ အကယ်၍ လာတဲ့သူ ပြောသလို ဟိုမှာ မိုးတွေရွာလို့ ရေတွေ များရိုးမှန်လျှင် ဒီက တင်သွားတဲ့ရေတွေ ဘာဖြစ်သေးတုန်း၊ နွားနည်းနည်းကလေး ပင်ပန်း

လာတဲ့ရှိတယ်၊ တင်သွားတဲ့ ရေဟာ ဘာမှ မဖြစ်သူး၊ အဲဒီကျတော့ သွန်ပေါ့၊ စောစောစီးစီးက သွန်လို့ ရှိလျှင် သူပြောသလို ဟိုမှာ ရေရှိလျှင်တော်ရဲ့ ၊ ရေမရှိလျှင် အကြီးအကျယ် ဒုက္ခရောက်ရတော့မှာဘဲ။

ဟိုရေတွေကို မလိုလဲလိုလဲ တင်သွားရတဲ့ အတွက်တော့ နှည်းနည်းတော့ နွားပင်ပန်းတယ်လေ၊ နှည်းနည်း နွားပင်ပန်းပေမယ်လို့ အကယ်၍ရေမရှိလျှင်လဲ သေဆုံးအထိ နွားရောလူရော ဒုက္ခရောက်ကြမယ်၊ အကယ်၍ ရေရှိနေလို့ ရှိလျှင် ဒီရေကို ဖယ်ပြီးတော့ သွန်ပြီးတော့ နောက်ရေကို သုံးရုံပေါ့၊ ဒါမလွဲလမ်း လိုက်စာ၊ ပထမဆုံး ခေါင်းဆောင်ရဲ့ အဖွဲ့က ရေတွေ့ သွန်လိုက်တဲ့ဥစ္စာ မလွဲလမ်း လိုက်စာ မဟုတ်ဘူး၊ အလွဲလိုက်သွားလို့ ဟိုမှာ ရေမရှိတဲ့ အခါမှာ ဒုက္ခအကြီးအကျယ် ခံကြရတယ်။

ဟာခု နောက်ခေါင်းဆောင်က "မသွန်နဲ့ "လို့ အတင်း မာမာကြီး စကတဲ့ အာဏာပေးစာဖြစ်တော့ မသွန်ကဲနဲ့ စိတ်မချတပါနဲ့ ရေတွေ့တင်ပြီးတော့ လာဆို့ကြတဲ့သူတွေ ဟာ ဒီမှာ ရေမရှိတဲ့အခါကျတော့ ဘယ်လောက် ဝမ်းသာစရာ ဖြစ်သွားတုန်း၊ ဟိုမှာ သေသွားတဲ့ သူတို့မိဘဆွေရွာသားတွေကို ကြည့်ပြီးစော့ ဘယ်လောက်မျှား ဆရာကြီးကို မိမိတို့ ခေါင်းဆောင်ကြီးကို ကျေးဇူး တင်ကြတုန်း။

မလွဲလမ်းလိုက်။ ။ဒါကြောင့် ဗုဒ္ဓမြတ်စွာက--

အပဏ္ဏကံ ဌာနမေကေ, ခုတိယံ အဂ္ဂဟု တဂ္ဂိကာ၊
သေခညာယ မေဝေါဝိ, တံ ဂဏ္ဍေ ယဒဗလဏ္ဌကံ။

"လမ်းနှစ်လမ်းတွေလျှင် မလွဲလမ်းလိုက်ပါ၊ မလွဲလမ်းဟာ မလွဲနိုင်ပါဘူး၊ မသေချာတဲ့ လမ်းကို မလိုက်လိုက်ပါနဲ့" လို့ အဲဒီလို ဥပဒေတားတော်မူပါတယ်၊ ဒါကြောင့် ဗုဒ္ဓမြတ်စွာက "ဘုရားကိုယုံကြည်ပြီးစောင့်ပုံလိုက်" ဒီလိုမဟုတ်ဘူး၊ မလွဲလမ်းဖက်ကနေ လိုက်။

သုပ်ချင်ရာထုပ်ဝံ ကဲ ဒီတော့ ပရလောက နောက်ဘဝ ရှိ-မရှိ ဒီလမ်းထွေက်လာပြီး နောက်ဘဝ မရှိဘူးဆိုတဲ့ စဝါဒအတိုင်း နောက်ဘဝမရှိဘူးထား၊ နောက်ဘဝ မရှိဘူးဆိုတဲ့ ဝါဒအတိုင်းကလဲ နောက်ဘဝ မရှိဘူးလို့ဘဲထား။ ကဲ--မရှိဘူးရိုတဲ့ ဝါဒသမားတွေက "နောက်ဘဝမှ မရှိဘဲကဲ့သာ ပါဏာတိပါတအမှုပြုချင်ပြုဟ၊ ကာမေသုမိစ္ဆာစာရအမှု သဒ္ဒေါတူလို့ ဥလျှင် ဂျောင်းကျ ပြုသာပြုဟုထားမှ အဖေးမကြီးဘူး၊ မုသာဝါဒအမှု ညာရသမျှ ညာနာညာ၊ လိမ်ရသမျှ လိမ်သာလိမ်၊ အာပြုလို့ တုန်း၊ နောက်ဘဝမရှိဘူး၊ ဒီဘဝအကျိုးရှိလျှင် ပြီးတာဘဲ။

နောက်ဘဝ မရှိဘူးလို့ ပြောလိုက်သည်နှင့်တစ်ပြိုင်နက် အမေအဖေ အရေးစိုက်စရာမလိုဘူး၊ နောက်ဘဝမရှိဘဲနဲ့ အနီ့ ဒီအဖေအမေတွေ ဒါသူတို့ကာမဂုဏ်ကြောင့် ဒို့ကို သူတို့က မွေးတယ်လို့

ဆိုရတာ၊ ဒို့နောက်ဘဝမှာ မရှိဘဲနဲ့ တော့ ဒီအဖေအမေပေါ်မှာ ပြုဖို့ဝတ္တရား ဘာမှမလိုဘူး၊ အဖေပေါ်မှာ ပြုဖို့ဝတ္တရား ဘာမှ မလိုဘူး၊ ဆွေမျိုးညာတိ ဆရာသမား ဘာမှ ပြုဖို့မလိုဘူး၊ ကဲ--နောက်ဘဝ မရှိဘူးလို့ ယူလိုက်သည်နှင့် တစ်ပြိုင်နက် စိတ်တွေ လောကမှာ အဆင့်ဆင့် ဝတ္တရားတွေ ဖျက်ချင်ဖျက်နိုင်ကာဘဲ၊ နောက်ဘဝမှ မရှိဘဲ ဖျက်လဲဖျက်တာဘဲ။

အမြစ်ပါတူးပစ်။ ။သူတို့က--

"ယာဿ ရုက္ခဿ ဆာယာယ, နိသီဒေယျ ဘယေယျ ဝါ၊
နာသာ သာခံ ဘဉ္ဇေယျ, မိတ္တဒုဗ္ဗော ဃိ ပါပကော"လို့ ဖွဲ့ လူကြီးသူမတွေရဲ့ ဥပဒေကိုလဲ ရွတ်လိုက်သေးတယ်၊ အေး--"အကြင် သစ်ပင်တစ်ပင်ရဲ့ အရိပ်ကိုခိုတယ်၊ထိုသစ်ပင်ရဲ့ အကိုင်းကို မဖြတ်ကောင်းဘူးကွ၊ ဒါက ထုံးစံအတိုင်းလဲ ရွတ်လိုက်သေးတယ်၊ အေး-မိတ်ဆွေကို ပြစ်မှားတယ်ဆိုတာ မကောင်းဘူးဟေ့" ပြီးတော့မှ--

အဝေဒေ အတ္ထေ သမုပ္ပန္နေ, အမူလမဝိ မုဋ္ဌဟော၊

"အား ဒီသစ်ပင် ဒီသစ်ကိုင်းနဲ့ ကိစ္စတစ်စုံတစ်ခု ပြုစရာရှိလို့ ရှိလျှင် အမြစ်ပါတူးပစ် ဘာဖြစ်သေးတုန်း" ကိုး၊ ဒီတော့ "အမေ အဖေကို လေးစားပါကွာ၊ ဂရုစိုက်ပါကွာ၊ ဒါပေမယ်လို့ အလုပ်တစ်ခု လုပ်တဲ့နေရာမှာ အမေက ကန့်လန့်ကန့်လန့် ဆိုလျှင် တူးပစ်လိုက်၊ ကိစ္စတစ်ခု ဆောင်ရွက်မယ့်နေရာ အဖေက ကိုးလိုး ကန့်လန့် လုပ်နေလျှင် အမြစ်ပါတူးပစ်လိုက်"၊ဆယ်ဟုတ်ကိုး ထယ်

ဟုတ်တယ်ကိုး၊ ဆာပြစ်လို့ တုန်း ဓရလောကမှမရှိဘဲနဲ့ ၊ဒီလောက အတွက် လုပ်နိုင်တာ လုပ်ရမှာပေါ့၊ သူတို့လမ်းနဲ့ သူတို့ဘဲ။

ကျေးဇူးတွေ ပရလောက ရှိတဲ့ ပုဂ္ဂိုလ်ကျတော့ ကိစ္စတွေ များလာပြီ၊ ဟိုဘက်လွန်ခဲ့တဲ့ ဘဝလဲ သူက ရှိနေပြီ၊ မိဘတို့ ဆွေမျိုးတို့လဲ အကြောင်းသင့်လို့ တွေ့ကြုံရတာ၊ ဒီ မိဘတွေရဲ့ မေတ္တာ ကရုဏာ ဘယ်လောက် ကြီးကျယ်သလဲ၊ တစ်ခါ ဆရာသမားတွေ ဘယ်လောက်များး မေတ္တာ ကရုဏာနဲ့ သွန်သင် ဆုံးမကြသလဲ၊ ဦးကြီး ဦးလေး ဒေါ်ကြီး ဒေါ်လေး ဘကြီး ဘဒွေးတွေဟာ ထိုက်တန်သလောက် အဖေအမေနဲ့ ကူညီ ပြီးတော့ ပြောဆို ဆုံးမလာခဲ့ကြတယ်၊ ကျေးဇူးရှင်တွေပါဘဲ။

ဝတ္ထုများ သူ့မှာတော့ စိတ်တွေကိုက မနှံ့ချည်လို့ မဖြစ်ဘူး၊ ပရလောက နောက်လောက ရှိနေတယ်ကိုး၊ နောက် လောက ရှိတော့ကို ဒီက ရေမသွန်တဲ့လှည်းများလို ဝတ္ထုများတွေ လေးလေးပင်ပင် လုပ်ရတယ်ဆိုပါတော့၊လူကြီးကို ရှိသေရတာနဲ့ မရှိသေရတာနဲ့ အဲဒီ ကိစ္စလေး တစ်ခုကဖြင့် နည်းနည်းကလေး အလုပ်ပိုလာတယ်၊ မရှိသေရတာက တယ်လွယ်ကိုး၊ ရှိသေရတာနဲ့ မရှိသေရတာက အလုပ်ပိုလာတယ်၊ မရှိသေရတာ တယ်လွယ်ကိုး၊ ဒီတော့ ပရလောကရှိတဲ့ ပုဂ္ဂိုလ်အတွက် ဒီတာဝန်ကလေးတွေဟာ လူ့ဝတ္ထုများကလေးတွေ မိဘဝတ္ထုများ၊ ဆရာသမားဝတ္ထုများ၊ သား သီး ဝတ္ထုများကလေးတွေ နည်းနည်းရေမသွန်ဘဲနဲ့ လှည်းပေါ်မှာ တင်မြဲတင်သွားသလို နည်းနည်းတော့ တာဝန်ကလေးတွေ ရှိပါ တယ်။

စီးပွားရေး သီလ စီးပွားရေးမှာ မိမိတို့က သီလ-ဝတ္ထုများကို စောင့်ထိန်းပြီးတော့ နေလို့ မို့ စီးပွားရေး မှာဏဲဘဲ နည်းနည်းတော့ အနှောင့်အယှက် ဆိုကာလို အထ မမြောက်ဘဲနဲ့ ရှိတတ်ပါတယ်၊ ဆိုပါတော့ လိမ်ပြီးတော့ ညာ ပြီးတော့ ရောင်းလိုက်မယ်ဆိုလျှင်တော့ အမြတ် တော်တော် ပိုရမယ်၊ ရောနှောပြီးတော့ ရောင်းလိုက်မယ်ဆိုလျှင်တော့ အမြတ် တော်တော် ပိုရမယ်၊ ပရလောကရှိသေးတယ်၊ ဒီက ကောင်းလျှင် ကောင်းသလို့ မကောင်းလျှင် မကောင်းဘူးလို့ အကျိုးပေးမယ်လို့ နားလည်ထားတော့ ဒီက ကောင်းကောင်းကလေးနေရတဲ့အတွက် ကြောင့် မလိမ်ဘူး၊ မှန်တာ ပြောပြီးတော့ ရောင်းတယ်၊ ဒီတော့ အမြတ်တော့ နည်းနည်းလျော့သွားမယ်၊ လျော့ချင် လျော့သွား နိုင်တယ်။

စိတ်ချမ်းသာ ဒီတော့ ပရလောကရှိတဲ့ပုဂ္ဂိုလ်မှာ ခုနက ရေတွေ မသွန်ဘဲနဲ့ လှည်းပေါ်မှာ တင်မြဲတင်သွားသလို လောကကျင့်ဝတ်တွေ မဖျက်ဘဲနဲ့ ကျင့်မြဲကျင့်သွား၊ ပေါင်းဘင်း ဆက်ဆံရေးမှာ စည်းကမ်းရှိမြဲ ရှိသွား၊ ရောင်းဝယ်ရေးမှာ တစ်ယောက်ယောက် ညာတာမြဲ ညာတာသွားလို့ ရှိလျှင်တော့ နည်းနည်းလေးတော့ လှည့်လေးတဲ့ သူများလိုပေါ့လေ၊ တာဝန် တော့ နည်းနည်းရှိပါတယ်၊ တာဝန်ရှိပေမယ့်လို့ အဲဒီတာဝန် ရှိ နေတာကိုက စိတ်ချမ်းသာလို့ ၊ အမွေတာဝန်ကို သားတွေက အဖေ့တာဝန်ကို သားများက သား သမီးများကတာဝန်ကို မိဘ များက ဆောင်ရွက်နေရတာကို စိတ်အေးလို့ ၊ ဘာပြုလို့ ကုန်း။ ဒို့သားဟာ နောင် လူကောင်းလေးဖြစ်မယ်၊ ဒို့သမီးဟာ နောင်ကို

အမျိုးသမီးကောင်းလေးဖြစ်မယ်၊ ပြောဆိုဆုံးမပြီးတော့ နေရတာကို တာဝန်တော့ ရှိတယ်၊ စိတ်က တယ်အေးကိုး။

မပေါ့ပါးလှ ဒီတော့ကာ ပရလောကရှိတဲ့ ပုဂ္ဂိုလ်များမှာ ဝတ္ထရူးတွေကို လစ်နေရတဲ့ အတွက်ကြောင့်, ရဟန်းသံဃာတော်တွေမှာလဲတဲ့ ကျင့်ပြီး နေရတဲ့အတွက်ကြောင့်, ဝိနည်းသိက္ခာပုဒ်ကို ထိန်းနေရတဲ့ အတွက်ကြောင့် ဝိနည်းသိက္ခာပုဒ်ကို ဖောက်ဖျိန်းတဲ့ပုဂ္ဂိုလ်များလို့တော့ မပေါ့ပါးလှဘူး ဆိုပါတော့၊ ပိုက်ဆံကိုင်ပြီးတော့ သွားလိုက်လို့ ရှိလျှင် ဘယ်ကပ္ပိယမှ မလိုဘူး၊ စာရိတ်အကုန် သက်သာသွားတယ်၊ ကပ္ပိယနဲ့ သွားလိုက်တော့ကာ နှစ်ဆယ်လောက်, နှစ်ဆဲ့ခွဲလောက်, တစ်ဝက်လောက် စရိတ်ပိုလာတယ်၊ "တာဝန်ဆိုကာ နည်းနည်းလေးလာတာ"။

မထိန်းဘူး၊ ပုဒ္ဓရဲ့ တရားတော်ခတ္တဥပဒေတွေကို မထိန်းဘူး၊ ကိုယ်တိုင် ပိုက်ဆံကိုင်ပြီးတော့ ကိုယ်နေချင်သလို ကိုယ်နေမယ်၊ ကာလအလိုက် ဒီလိုဆိုတော့ တာဝန်တော့ ပေါ့သားဘဲ၊ ပုဒ္ဓရဲ့ အလိုတော်ကျ ကပ္ပိယနဲ့ ဆွားတယ်၊ ဝိနည်းသိက္ခာပုဒ်တွေ ထိန်းနေတယ်၊ နည်းနည်းတော့ တာဝန်လေးသားဘဲ။

တွက်ပုံမချုံး တာဝန်လေးပေမယ့်လို့ ပရလောက မရှိဘူးလို့ ဆိုလျှင်တော့ သူ့ဆီမရှိ, ကိုယ်လဲမရှိပါ၊ သူတို့လဲ မရှိ, ကိုယ်ဘို့လဲ မရှိဖူးပေါ့၊ ခုတာဓနဉ်က လေးဘာတဲ့, တာဝန်ကြီးသွားတယ်၊ ဟိုမှာ မရှိ-မရှိချင်းပါဘဲ၊ အကယ်၍မျှား ပရလောကရှိရှိမှန်လျှင် ပုဒ္ဓဟောတော်မူတဲ့အတိုင်း သီလပျက်တဲ့ သူတွေဟာ ငရဲမှာ, ပြိတ္တာမှာ, တိရစ္ဆာန်မှာ ဖြစ်ရမယ်ဆိုလျှင် ခုနက "မရ

လောက မရှိဘူး" ဆိုပြီးတော့ လုပ်ချင်တာ လုပ်သွားတဲ့ သူတွေကတော့ အမေ-အဖေဆုတ်လို့ ရှိလျှင်လဲ အဓိဓိဆောက်မှာဘဲ၊ ပရလောကရှိလျှင် "ပရလောက ရှိတယ်" လို့ ဆိုပြီးတော့ အမေ အဖေကို လေးလေးစားစား ဆက်ဆံတဲ့ လူကတော့ ဟိုဘက်ကျတော့ ပရလောကရှိလဲ အဓိဓိဆောက်ပါဘူး၊ ပရလောက မရှိဘူးဆိုလဲ ဘာမှ မဖြစ်ချင်း ဆတူကူပါဘဲ၊ တွက်ပုံ မရှုံးပါဘူး၊ ဟိုဘက် အဝမှာ-။

လက်တွေ့ ဒီတုန်းက ဝတ္ထရူးလေးများ နည်းနည်းဆောင်ရွက်လိုက်ရတယ်၊ အဲဒီဝတ္ထရူးလေး ဆောင်ရွက်လိုက်ရတဲ့ အချိန်မှာတုန်းကတောင်မှ "အာ-ဟိုလူက ပရလောကမရှိဘူးဆိုလို့ အမေကို တယ်-ဂရုစိုက်အာ မဟုတ်ဘူး"၊ အမေကလဲ ရင်ထဲနှင့်လို့၊ အဖေကလဲ စိတ်ထဲ မကောင်းဘူး၊ လက်တွေ့ လက်တွေ့၊ "ပရလောကရှိဘယ်" လို့ ဆိုတဲ့လူက မိသားရှိသေးလို့၊ မိဘကောင်းနားတောင်လို့၊ အမေစိတ်ချမ်းသာလို့၊ အဖေစိတ်ချမ်းသာလို့။

စိတ်မအေး သူကိုယ်တိုင်လဲဘဲ တစ်ခါတစ်ခါတွေးကြည့်၊ ပရလောက မရှိဘူးဆိုတဲ့ သူက "ငါ လုပ်ချင်ရာတွေ လျှောက်လုပ်နေတယ်၊ ဘယ်သူ့ကုန်းက ဘယ်လိုနေရာ ငါဘယ်လို လုပ်လိုက်ဘာ" သူ့ဟာသူတော့ ဟုတ်တယ်လို့ ဆိုပြီးတော့ နည်းနည်းကလေးဟိန်းတာ ဟောက်တာတွေ ရှိပေမယ့် စိတ်က တယ်-ပြီးတော့ အေးတဲ့စိတ် မဟုတ်ဘူး၊ စိတ်က ပူနေတဲ့စိတ်၊ သူ့ ငါက အရေးစိုက်တဲ့နဲ့ ဘယ်လို စောင်ကားလိုက်တာ၊ ငါ့များ ပြန်ပြီးတော့ ချစလား၊ ဒီအချိန်မှာတုန်းက သူ့ဟာသူ စိတ်က ဇန်းနေ

တယ်၊ ဘယ်သူ့ကို ငါက ဘယ်လိုလုပ်လိုက်တာ၊ သူ့ဆိုင်ရာတွေက ငါ့များ လိုက်နေမလား၊ စိတ်ဟာ မရှင်းဘူး။

ပရလောက မရှိဘူးလို့ လုပ်ချင်တာ လုပ်လိုက်တဲ့ဥစ္စာဟာ စိတ်များ ချမ်းသာနေလိမ့်မယ် မထင်နဲ့၊ စိတ်မချမ်းသာဘူး၊ ပြီးတော့တစ်ခါသူတစ်ပါးကို စော်ကားလာတဲ့သူဟာ ကိုယ့်ကိုယ် စော်ကားလိုသူ ဒီဘဝမှာကို တွေ့တာတဲ့များတယ်၊ အဲဒီတော့ ပရလောက မရှိဘူးလို့ဆိုတဲ့သူတွေက လုပ်ချင်တာလုပ်ပြီး လွတ်လပ်တယ်လို့ ထင်ပေမယ့် ဒီဘဝမှာကို စိတ်မအေးရဘူး၊ စိတ်မချမ်းသာရဘူး၊ ကိုယ့်ဟာကိုယ် ကြီးကျယ်တဲ့ အဖြစ်မျိုးကို ရောက်နေလဲ စိတ်ချမ်းသာတာ မဟုတ်ဘူး။

ဒီဘဝနောက်ဘဝ ချမ်းသာ ပရလောက ရှိတယ်ဆိုတဲ့ သူတွေက ရှောင်ရှောင် တိမ်းတိမ်းနဲ့ အလုပ်လုပ်နေတာ ဖြစ်တော့ သူ့မှာ ခုနက ဘေးရန်တွေ မရှိဘူး၊ စိတ် အေးချမ်းလို့၊ ဟုတ်တယ်, အကျိုးတော့ ရချင်မှ ရမယ်၊ ဒီဘဝမှာ ထိပ်တန်း ရောက်ချင်မှ ရောက်မယ်၊ ဒါပေမယ်လို့ စိတ်ချမ်းသာလို့၊ ဒါ ဟိုဘဝ မရောက်သေးဘူး၊ ဒီဘဝမှာ ပရလောက မရှိသူရဲ့ လုပ်ချင်ရာ လုပ်တာနဲ့၊ ပရလောကရှိလို့ မိုးစည်းနဲ့ ကမ်းနဲ့ လုပ်တာနဲ့ ဒီမှာကို စိတ်ချင်းကွာသွားပြီ၊ စိတ်ချမ်းသာမှုချင်း ကွာသွားပြီ၊ နောက် ပရလောက ရောက်တော့—လုပ်ချင်တာ လုပ်တဲ့သူက ပရလောက ရှိရှိမှန်လျှင်တော့ သွားပြီ၊ ငရဲကျစရာရှိ ကျမယ်၊ ပြတ္တာဖြစ်စရာရှိ ဖြစ်မယ်၊ ပရလောက ရှိတယ် ဆိုပြီး စောင့်စောင့် စည်းစည်း နေလာခဲ့တဲ့ သူက

သို့ဘဝရောက်တော့ ရှင်လို့၊ ကောင်းတဲ့ဂုဏ် ဂရုဏာတွေ့ မိမိတို့ ထိုက်သင့်သလို ရောက်သွားကြမယ်။

မလွဲမသွေးလိုက် ဒီတော့ ဇုန္ဓမြက်စွဲဘာ မလွဲလမ်းကို ထိုက်, ကိုယ်မပိုင်ရဲ့ မလွဲလမ်းကို လိုက်၊ ပိုင်ရဲ့ ဒုလောကနဲ့ စပ်လျဉ်းပို့ ရှိလျှင် ကိုယ့်ရဲ့ ယုံကြည်စရာ ဆရာတော်များ ဘုရား၏ အကောအဖြောအဝိုင်း ယုံရတာတဲ့၊ အဲဒီ ယုံရတာပေ မယ်လို့ မဟေရျာတဲ့နေရာတွေက ရှိနေတော့ မလွဲလမ်းကို လိုက် ပါလို့ ဇုန္ဓမြတ်စွာက တစ်ဆင့်တက်ပြီးတော့ တောတော်မှတယ်၊ မလွဲလမ်းနည်းကို လိုက်ပါ၊ မရှိဘူးဆိုတဲ့ နည်းဟာ မရှိရိုးမှန် လျှင်တော့ ပြီးတယ်၊ ရှိလျှင်တော့ ခုက္ခကို အကြီးအကျယ် ရောက်မယ်။

ဘေးရန်မရှိ ပရလောကရှိတယ်ဆိုတဲ့ ဝါဒက မရှိလျှင်လဲ ဘူတို့ နဲ့ အတူတူဘဲ၊ ရှိလျှင်လဲဘဲ ကိုယ့်မှာ အင်မတန် ကောင်းသွားပြီ၊ အကျိုးရသွားမြဲ၊ ပြီးတော့ ပရလောက မရှိဘူး ဆိုတဲ့ဆူက ဒီဘဝ လုပ်ချင်တာတွေလုပ်လို့ ဘေးအန္တရာယ်တွေ များပြီးတော့ စိတ်တတင့်ထင့်နဲ့ ဆွေးလာနေသိုင်ရတယ်၊ ပရ လောက ရှိတယ်လို့ ဆိုတဲ့ဆူက စောင့်စောင့်စည်းစည်း ညာညာ တာတာ ပေါင်းသင်း ဆက်ဆံတာဖြစ်တော့ ဘေးရန်အန္တရာယ် ဖြစ်ဖို့ရန် လွန်လွန်ကျူးကျူး မလုပ်တဲ့ အတွက်ကြောင့် စိတ်ကို အေးချမ်းပြီးတော့ ဒီဘဝမှာလဲ နေရပါတယ်၊ ဒါကြောင့် ပရ လောကနဲ့ စပ်ပြီးတော့ကို မိမိတို့ ကိုးကွယ်တဲ့ ပုဂ္ဂိုလ်ရဲ့ စကားကို ယုံရမယ်လို့ ဆိုပေမယ့် ကိုးကွယ်တဲ့ ပုဂ္ဂိုလ်ကိုက မူနှစ်မှု မှုန်မှာ

ဖြစ်တော့ လွှဲလွှဲလမ်းကို ထိုက်ကြပါလို့ ပုဒ္ဓမြတ်စွာဘုရား ဥပဒေ ပေးတော်မူတယ်၊ ဒီဇာတ်တော်မှာ—

အမြဲမွေးညီအစ်ကို ဒီတော့ကာ တုန်းကြီးတို့က ထပ်ပြီးစတေ့ စဉ်းစားမယ်၊ ခုခေတ်ဟာ စဉ်းစား ပြီးယင်း စဉ်းစားယင်း၊ အသိညာဏ်က ချိန်ပြီးယင်းချိန်ယင်း၊ မိဓိတို့ ကိုယ်တိုင် အနုမာနသိခွနဲ့ ပြန်ပြီးတော့ စဉ်းစားကြစို့၊ အမြဲမွေး ညီအစ်ကိုနှစ်ယောက် ပရဏလောက မရှိဘူးဆိုလျှင် ဟိုဘက်ကလဲ လာတာမဟုတ်ဘူး၊ ဒီမှာမှ သွေးသားအလိုက် အမြဲမွေးကလေး တွေ့ဖြစ်ကြတာ၊ ပရဏလောက ရှိတဲ့ဟုတ်လို့က ဟိုက ကံအားလျော်စွာ ဒီဘဝမှာ အမြဲမွေးဖြစ်ကြတာ၊ ဒီကော့ အမြဲမွေး ညီအစ်ကို နှစ်ယောက် ဖွားသားဆွေး သွေးသားကလဲတူ၊ အမိ ဝမ်းတဲမှာ ပေတုန်းကလဲ အကုန်လုံး အဓိရဲ့ အပြုအစု အတိုင်း နေကြရတာ၊ အခုရဲ့ အထိန်းအသိမ်းအတိုင်း နေကြရတယ်၊

အဓိဝမ်းထဲ အဓိဝမ်းထဲ နေတဲ့အခါ အဓမက အဝပ်တွေ့ အပူတွေ့ စားလျှင် ကလေး ပင်ပန်းကယ်တဲ့၊ အမေက အသုံးအလာ မဆင်ချင်လို့ ကြမ်းကြမ်း တမ်းကမ်း သုံးတယ် လာတယ် ထိုင်တယ် ထတယ်ဆိုလျှင် ဟိုက ကလေး နည်းနည်းကလေး အကောင်အထည် ပေါ်လာတယ်ဆိုလျှင် သူတို့ မှာလဲ ခုက္ခပေးတယ်တဲ့၊ အမေက ညင်ညင်သာသာ ဆင်ပတယ်၊ ညင်ညင်သာသာ ထိုင်တယ်၊ ထတယ်၊ ဖြည်းဖြည်းသက်သာ သွားစေယ်ဆိုလျှင် ဟိုကလေးမှာ နည်းနည်း သက်သာတယ်။

ဒီတော့ အမေတစ်ယောက်က ကိုယ်ဝန် ဆောင်ထားလို့ သားနှစ်ယောက် အမြဲမွေးဖြစ်တယ်၊ ဒီက အတွင်းမှာ အကုန်လုံး တူခဲ့တာဘဲ၊ အမြင်မှာ ရောက်လာတော့လဲ အပြုအစုအတိုင်းဟာ အကုန်လုံး တူတာဘဲ၊ တော်တော်လေး ကြီးတော့လဲ ခုနက နို့ ချိုတိုက်လို့ ဘာတို့ အကုန်လုံးတူတာဘဲ၊ ဘာမှ ဒီမှာ လက်တွေ့ အာဖြင့် အကြောင်းမထူးပါဘူး။

စိတ်ချင်းမတူ ဒါပေမယ်လို့ ကလေးနှစ်ယောက် ရုပ်ချင်း သိပ်တူတယ်လို့ ဆိုပေမယ့်၊ မသိမအာလေး ကွဲပါသေးတယ်၊ ဒါလဲဘဲ မကြည့်ဘတ်တော့ ထားပါတော့ပေါ့လေ၊ အဲဒီ ကလေး နှစ်ယောက်ဟာ စိတ်ချင်း မတူပါဘူး၊ တစ်ယောက်က ဒေါသကြီးချင်ကြီးမယ်၊ တစ်ယောက်က လောဘကြီးချင်ကြီးမယ်၊ တစ်ယောက်က စိတ်ကောင်း နှလုံးကောင်း သဒ္ဓါတရား ရှိချင်ရှိမယ်၊ စိတ်ချင်းမတူပါဘူး၊ ဒါအမေရဲ့ သွေးဘား အဖေရဲ့ သွေးသား သိပ်တူ၊ ပတ်ဝန်းကျင်က သိပ်တူ၊ ဆွေမျိုးတွေနဲ့ သိပ်တူ၊ အကုန်လုံး တူတယ်၊ ဖီစိတ်နှစ်ခု ဘာပြုလို့ ကွဲလာသလဲ၊ အာပြုလို့ စိတ်ကောင်း စိတ်ဆိုး ကွဲလာသလဲ။

ဉာဏ်အလိမ္မာ ဒါ ပညာသင်တဲ့အခါကျတော့ တစ်ယောက်က တယ် တော်လွန်တယ်၊ အစ်ယောက်က ကယ်တတ်ခဲတယ်၊ မသိမသာကလေး ဉာဏ်ချင်း ကွဲသွားပြန်ရော၊ အလိမ္မာချင်းကျတော့လဲ တစ်ယောက်က လိမ္မာတယ်၊ ဟို ပညာတတ်လို့ ဉာဏ်ယက်တဲ့သူက လိမ္မာချင်မှ လိမ္မာမယ်၊ ပညာဉာဏ် နည်းနည်းညံ့တဲ့သူက ဟော အလိမ္မာကျတော့ သူက သာချင် သာ

နေတယ်၊ဟယ်နှယ်လဲ ဒီဟာတွေက တယ်ကဲ့တာပါလား၊ နောက်ကို ကျန်းမာရေးတွေ ဆာတွေ အတော်တူလို့ သွေးသားကတူလာလို့ ဆိုပေမယ့် တော်တော်ကြီးတော့ ကျန်းမာရေးချင် မတူဘူး။

မနုန်းစိုးညီအစ်မ ဟို တစ်နေ့တုန်းက အင်မတန် ထင်ရှား ဘွားတဲ့ မနုန်းစိုးတို့ ညီအစ်မဟာ အသွေးတူ တစ်မအေထဲ ဖွားလိုက်တယ်၊ နောက်တော့ နှစ်ယောက်ပူး နေတဲ့ ဥစ္စာကို ခွဲတဲ့အခါမှာ သူတို့ဆရာများရဲ့ အသိဉာဏ်အတိုင်း ပေါ့၊ တစ်ဖက်ကို နည်းနည်းကလေး စီတိချရအောင် အားပေးမယ် တစ်ဖက်ကိုတော့ ကမ္မဿကာပေါ့လေ၊ မြန်မာပြော၊ အဲဒီတော့ ဒီတစ်ယောက်က ကောင်းကောင်းကြီး ကျန်းမာ ချမ်းသာလို့၊ ဟိုတစ်ယောက်မှာ ဆုံးရှုံးလို့၊ ကြည့်စမ်း အမြှာမှေး သွေးတူ သားတူ၊ စောစောပိုင်းက ဆရာဝန်တွေ မခွဲခင်က အတူတူ၊ ခွဲပြီးတဲ့နောက်ကိုသဲ နည်းနည်းချင်း နည်းနည်းချင်း မတူလှဘူး။

ဘာပြစ်လို့ တစ်ယောက်ကိုတော့ ခွဲကတဲ့က အားပေးတဲ့ဘက်မှာ ပါလာသလဲ၊ တစ်ယောက်မှာတော့ နည်းနည်းကလေး စိတ် မချရတဲ့ဘက်မှာ ပါလာသလဲ၊ ဒါလိုက်ရမယ်လေ လိုက်ရမယ်။

အိမ်ထောင်ရေး စီးပွားရေး တစ်ခါ နောက် ကြီးလာတဲ့ အခါကျတော့ ခုနက အခုလို အမြှာမှေး ပူးလာတဲ့ အမြှာမှေးတွေ ကြီးလာတဲ့ အခါကျတော့ ပညာတတ် ချင်း မတူ၊ တစ်ယောက်ကတတ်တယ်၊ တစ်ယောက်က မတတ်ဘူး၊ နောက် အိမ်ထောင်ပြုချိန် ကျလို့ အိမ်ထောင်ပြုချင်း ကျတော့

တစ်ယောက်အိမ်ထောင်က ကောင်းတယ်၊ တစ်ယောက် အိမ်ထောင်က မကောင်း၊ စီပွားရှာချိန်ကျတော့ တစ်ယောက်က စီးပွားဖြစ်တယ်၊ တစ်ယောက်က စီးပွားမဖြစ်၊ အဲဒီလို အကုန် လုံး လျောက်ပြီးတော့ကို တကယ့်နောက်ဆုံးမှ လုပ်ရမယ့်အလုပ်တွေ ကျတော့ ဒီအမြှာမှေးဟာ သွေးသားက ပခေနမဟုတ်ပါဘဲလား၊ ဘာဖြစ်လာပြန်သလဲ-ကိုး၊ အဲဒီမှာ အနုမာနသိဒ္ဓ - ဟိုက ဘဝ ရှိပြီ။

ရွှေကံ ဟိုဘဝတုန်းက ဒီကလေးနှစ်ယောက်မှာ တစ်ယောက်က ဆိုပါတော့ တခြားနေရာမှာ သူ့နည်းနဲ့ သူ့ဟန်နဲ့ သူ့ကုသိုလ်တွေနဲ့ သူ့အကုသိုလ်တွေနဲ့၊ တစ်ယောက်ကလဲ ဒီဖြင့် တခြားနေရာမှာ သူ့နည်း သူ့ဟန်နဲ့ သူ့ကုသိုလ်နဲ့ သူ့အကုသိုလ်နဲ့၊ ဒီဖြင့် တခြားနေရာ ဘဝကလဲ လူ့ဘဝတုတ်ချင်မှ ဟုတ်မှာ၊ အဲဒီလိုဘဲ တစ်ဘဝထဲလဲ မကဘူး၊ ဘဝများစုံတုန်းက သူ့နည်း သူ့ဟန်နဲ့ ကံအမျိုးမျိုးနဲ့ လာခဲ့တယ်၊ အဲဒါကြောင့် မို့လို့ ဒီဘဝမှာ ဒီကလေးနှစ်ယောက်ဟာ အကြောင်းအာ လျော်စုံ တစ်မိထဲမှာ အမြှာမှေးဖြစ်ရပေမယ်လို့ ရွှေကံချင်းက ဒီအမေနဲ့ ဘာမှမဆိုင်၊ ဒီအဖေနဲ့ ဘာမှ မဆိုင်ဘာ ဖြစ်တော့ ရွှေကံက ပြုခဲ့တဲ့အတိုင်းဘဲ ဒီမှာ ကောင်းကျိုး-ဆိုးကျိုးကို ကလေးနှစ်ယောက် တွေ့ကြရတယ်၊ ဒီလို မှန်းလိုက်လို့ ရှိလျှင် ပရလောက- ဟို လွန်ခဲ့တဲ့ အတိတ်လောကဟာ ပရလောကဘဲ၊ လွန်ခဲ့တဲ့ အတိတ်ဘဝရှိနေပြီ၊ မရှိလျှင် ဒီကလေးနှစ်ယောက် ဒီလို မကွဲနိုင်ဘူး၊ ဒါအနုမာနသိဒ္ဓနဲ့ မူန်းကြည့်လို့ ရပြန်ရော။

သံသရာအတွက် ဒီတော့ မှန်းကြည့်လို့ ရတော့တာ ဘုန်းကြီးတို့ ဆရာတပည့်တွေ အကုန်သုံး တစ်စုတစ်ဝေးထဲ ဆုံမိတယ်၊ ဆုံမိတာကိုက ရှေးကံက မသိနားလေး ကူညီလောက်ပုံလိုက်လို့ ဆုံမိကြရော၊ ဆုံမိတဲ့ပဋိဠိလ်တွေ ရှင်းကလဲ မတူ၊ စိတ်ချင်းကလဲ မတူ၊ ရှေးကံမတူတော့ ဘုန်းကံချင်းကလဲ မတူ၊ အဲဒါတွေ စုပြီးတော့ ဘုန်းကြီးက လာမယ့်သံသရာအတွက် အောင်းအောင်လို့ ဆိုပြီးတော့ အာဖြစ်ဖြစ် ဖြစ်ခဲ့တာ ဖြစ်ပါစေတော့၊ အကိတ်က မှားခဲ့သွင်းခဲ့ဘာတွေ ရှိပါစေတော့၊ ယခု မမှားမယွင်းကြနဲ့။

ယခုဗုဒ္ဓရဲ့အရှေ့တော်အတိုင်း သီလကို ထိန်းကြ၊ ဘုန်းကြီးက နောင်သံသရာအတွက် မြင်လှန်လို့ ပြောနေတာ၊ ဒီဘဝကလေး ကောင်းရုံးစီ ပြောနေတာ မဟုတ်ဘူး၊ နောင်သံသရာအတွက် ဒီက ထိန်းသိမ်းပြီးတော့ ဘုန်းကြီးတို့ စာချဘုန်းကြီးတို့ ဥပနိဿယကို ရတဲ့အတွက်ကြောင့် မိမိတို့မှာ စိတ်နေစိတ်ထားတွေ ပြုပြင်ပြီးတော့ သီလစင်စင်ကြယ်ကြယ်နဲ့ သာသနာတော်မှာ နေခဲ့ရတယ်လို့ ဆိုလျှင် နောင်လာမယ့်သံသရာမှာ ဖြူးဖြောင့်လို့၊ ဓဂ်ဖိုလ်နိဗ္ဗာန်အထိ လမ်းဖြောင့်လို့၊ ဒီလမ်းပေါ့ကို ဘုန်းကြီးက မြင်တယ်ကိုး။

စိတ်တားကောင်း အာ့ကြောင့် မြင်တုန်း၊ ဒီတရားတော်အရ-အာနုဘာဝသိန့်နဲ့ မြင်တယ်၊ ယခုဘဝက နေရာတိုင်းမှာ စိတ်နေစိတ်ထား ကောင်းတယ်၊ သူတစ်ပါးရဲ့ အကျိုးတွေ ရွက်ဆောင်တယ်၊ ကိုယ်ကျိုးကို လစ်ဟင်းသင်းကြည့်

တူး၊ ကနေအဆိုင်တွေ့ ကောင်းတယ်ဆိုလျှင် "အော်... ဒီကိုယ်တော် အတွက်တော့ နောက်ဘဝ သံသရာအတွက် နိဗ္ဗာန်အထိ ကောင်းသွားပြီ၊ ဒါကြောင့် နိဗ္ဗာန်အထိ ကောင်းအောင်လို့ ကမ္မဋ္ဌာန်းထိုင်ကြ၊ ဘာဝနာပွားကြပါ၊ တော်တော်တန်တန်ကလေးနဲ့ မနေကြပါနဲ့၊ သာမန် မနေကြပါနဲ့၊ ပေါ့ပေါ့ဆဆနေမယ် ဆိုလျှင် ဒီလိုနေလို့ ကျေးဇူးမရှိပါဘူး။

တရားနှလုံးသွင်းလို့၊ တစ်ပါးသစ်ပါး ညှာတာလို့ အများအကျိုးရွက်ဆောင်လို့၊ ဒီလိုနေလျှင် နိဗ္ဗာန်အထိ မိမိတို့လမ်းဖြူးဖြောင့်နေတယ်ဆိုတဲ့ဥစ္စာ အနုမာနသိဒ္ဓနဲ့ သိနိုင်ပါတယ်၊ ဒီမှာ ရေတိုးနေတယ်ဆိုလျှင် အောက်မှာ ရေသွားပြီးတော့ မျှားတော့ မှာတဲ့ဆိုတဲ့ဥစ္စာ သိရသလို အနုမာနသိဒ္ဓနဲ့ သိနိုင်ပါတယ်၊ ဒီမှာ ရေတိုးနေတယ်ဆိုလျှင် အောက်မှာ ရေသွားပြီးတော့ မျှားတော့ မှာတဲ့ဆိုတဲ့ဥစ္စာ သိရသလို အနုမာနသိဒ္ဓနဲ့ ဘုန်းကြီးက သိလာလို့ နောင်ရေးအတွက် ဘုန်းကြီးက ဒီက နေပြီးတော့ မိုးတွေ များများရွာပေးနေတာ၊ ဟိုမှာ ရေအောင်းကောင်းရအောင်လို့။

တင်ကြိုးမြင် ဩဝါဒတည်းဟူသော မိုးတွေ များများ ရွာပေးနေတာ၊ ဟိုမှာ ကောင်းကောင်းကြီး ရေတွေနဲ့ စိုပိုပြည့်ဖြိုးမြဲ ဖြည့်မြည့်စုံစုံဖြစ်ပါစေဘာလို့ လုပ်နေကာ၊ ပြီးတော့ လာခဲ့ကဲ့ဘာတွေကို ကြည့်ပြီးတော့ ဒီမှာ အတူတူစာချပေမယ်လို့ အသိမျင်းက မတူပါဘူး၊ အဲဒီတော့ လာခဲ့တဲ့ ဘဝတုန်းက အနိမ့်အမြင့် ရှိလာခဲ့ပြီ၊ အဲဒီဟာတော့ မိမိတို့ဟာ ဘာမှ မတတ်နိုင်တော့ဘူး၊ လာမယ့်ဘဝ လာလတ္တံ့ဘဝအတွက်သာ မိမိတို့ တင်ကြိုး

ပြီးတော့ ဖြင့်ရတော့မယ်၊ မင်္ဂလိုလိန်ဗွာန်အထိ သွားရအောင် ပြင်ရတော့မယ်လို့ ကောင်းကောင်းကြီး မြင်နေလို့ အနုမောနသိဒ္ဓနဲ့ နေ့ကဘဝမရှိမဟုတ်, ကောန်ရှိတယ်။

ကောင်းကောင်းလုပ် ဇုဒ္ဓမြတ်စွာ ဘဝပေါင်းများစွာ သံသရာမှာ ကျင်လည်ပြီးတော့ ပါရမီတွေ ဖြည့်ခဲ့လို့ နောက်ဆုံး သဗ္ဗညုတဉာဏ်တော်ကို ရတယ်၊ အရှင်သာရိပုတ္တရာ, အရှင်မောဂ္ဂလ္လာန်စသည် ဒီလိုတဲ့ ရဟန္တာကြီးတယ်၊ မိဒ္ဓေးကော်ဂေါတမီ, ခေမာထေရီ, ဥပ္ပလဝဏ်ထေရီ, ယသောဓရာထေရီ မိန်းမမြတ်တွေ ဒီလိုတဲ့ ဘဝပေါင်းများစွာက ကောင်းတဲ့အလုပ်တွေ လုပ်သာခဲ့လို့ မို့ နောက်ဆုံးဘဝမှာ အဆင့်မြင့်မြင့်နဲ့ ပရိနိဗ္ဗာန်စံကြရတယ်လို့ ဆိုကဲ့ ဝတ္ထုတွေ ထောက်ပြီးတော့ အနုမောနသိဒ္ဓနဲ့ ကောင်းကောင်းကြီး ယုံကြည်တဲ့ အတွက်ကြောင့် ကောင်းကောင်းကြီး အလုပ်လုပ်ပြီးတော့ နေရပါတယ်။

အားလုံး ဒကာ-ဒကာမတွေလဲသဲ့ ဒီတရားကို စဉ်းစားပြီးတော့ ဒီတော့ တစ်မျိုးပြီးတစ်မျိုး ရိုးရိုးသီလကောင်းပြီးတော့ တစ်မျိုးပြီးတစ်မျိုး ကောင်းသည်တက်ကောင်းအောင် ကြိုးစားမယ်၊ ပရလောကရှိရုံတင်မကဘူး၊ နောက်ဘဝ ထောက်ပြီးတော့ကို နောက်ဘဝ, နောက်ဘဝ, နောက်ဘဝနဲ့ နိဗ္ဗာန်အထိ သွားရမှာ၊ ခြေချော် လက်ချော် အသိအလိမ္မာတွေညံ့တဲ့ ဘဝမျိုးနဲ့ ကြုံလျှင် ဒုက္ခတဲ့လို့ ကျေးပြီးတော့ ဟခုဘဝက အကောင်းဆုံး ကြိုးစားရမယ်။

လကမ္ဘာရောက် ဒါဖြင့်ဘုရား ဒီလိုဆိုလျှင် ပရလောကရှိတယ်လို့ ဗုဒ္ဓတရားတော်က ဗိုဒ္ဓသာသနာက နတ်ပြည်တွေ နတ်တွေရှိတယ်၊ ပြဟ္မာတွေ ရှိတယ်၊ နိဗ္ဗာန်ရှိတယ်၊ အဲဒါကို သဒ္ဒေဟျသိဒ္ဓနဲ့ ဘုရားယုံကြည်လို့ ဒီကိစ္စတွေကို စဉ်းစားဖွယ် မလိုဘူးလို့ ဆိုတယ်၊ ဒါပေမယ့် ယခု အကုမြူခေတ်မှာ, တပည့်တော်တို့ခေတ်မှာ, အထက်ကို အကုမြူအင်အားနဲ့ တကိုသွားလိုက်တာ တစ်ကမ္ဘာလုံးက "ဖိုးလမင်း-ရွှေလမင်း" စသည် အားဖြင့်ချီးမွမ်း အံ့ဩကြပြီးတော့ လေးလေးစားစားနဲ့ နေကြတဲ့လ ရောက်နေပါပြီ။

အဲဒီ လကမ္ဘာရောက်တော့ တယ်လနတ်သားမှလဲ မတွေ့ဖူးဘဲလား၊ အယ်လဲသုံးပိဿာန်မှလဲ မတွေ့ဖူးဘဲလား၊ ဒီတော့ ပရလောကရှိတယ်, လနတ်သားရှိတယ်, နေနတ်သား ရှိတယ်လို့ ပြောနေပေမယ်လို့ ဟိုပစ္စက္ခသိဒ္ဓကျတော့ မတွေ့ဖူးဘဲလားလို့ ဒီလို လိုက်နေ ချင်တယ်၊ လိုက်စရာလဲ ရှိပြန်တယ်။

စုံးပူး ဒီတော့ ဘုန်းကြီးက "ဒီဟာကို တကယ်သိချင်လျှင် တကယ်စုံစမ်းမှ ကောင်းတယ်၊ အပေါ်ရံကလေး မစုံစမ်းပါနဲ့၊ ဘယ်မှာစုံးပူးနေတယ်စုံစမ်းပါ၊ အကဲခပ်ကြည့်ဖူ၊ စုံးတို့တာ ဘာသာတုန်း၊ စုံးပူးတယ်ဆိုတာကို မြင်သလား, တွေ့ဆုံလား၊ မြင်ရသလား၊ ဟိုကပြောနေတဲ့ အသံဟာ ဒီလူ့ဆံမဟုတ်ဘူး၊ မြင်ရသလား၊ ဟာ-ဒီလိုဆိုလျှင် ဒါက ဇဝေဇဝါဖြစ်သွားပြီ၊ ယုံတဲ့သူ အတွက်တော့ စုံးပါဘဲ၊ စုံးဆိုတဲ့တစ်မျိုး ရှိတယ်၊ ပြီးနေတာဘဲ၊ မယုံတဲ့သူအတွက်က ဒီမှာဘာလဲ။

ဟိုမှာ ဒီလိုပေါ့လေ ပရလောက သတ္တဝါတွေနဲ့ စပ်ပြီးတော့ ဆရာ့ကိုယ်မယ် သွားပါ။

စာဆွေခြောက် တလောက ထင်ရှားတဲ့ ဘုန်းကြီးကျောင်းမှာ သိပ်ပြီးတော့ တစ္ဆေခြောက်တာဘဲတဲ့၊ သိပ်ပြီးတော့ တစ္ဆေခြောက်ဆို မိုးမိုးမှောင်မှောင် ဆိုလို့ ရှိလျှင် နေမဖြစ် အောင်ကို ခြောက်တယ်၊ ထင်ရှားတဲ့ကျောင်းမှာ၊ ဒါနဲ့ ဘုန်းကြီးက "ခေတ်ကျောင်းသားတွေကို ပို့လိုက်စမ်းပါ၊ အဲဒီကို ပို့လိုက်စမ်းပါ၊ ပရလောက သူတို့ မယုံတစ်ဝက် ယုံတစ်ဝက်နေလို့ သူတွေ့ပို့လိုက်စမ်းပါ"လို့ ပြောနေတယ်၊ မြင်သလားလို့ အဲဒီ တစ္ဆေကို၊ ဟိုက ခြောက်နေတယ်၊ အတိအလင်း ပြောနေတယ်၊ ဒီလိုဟာကို လိုက်စမ်းပါ၊ ဘယ်မှာစုံးပူးတားလို့ ဘယ်လို ဖြစ်နေတယ် ဆိုလျှင် လိုက်စမ်းပါ၊ နတ်ပြုစားနေတယ်ဆိုလျှင် လိုက်စမ်းပါ၊ ပရလောကတို့ မယုံတာနဲ့ ပြောမနေပါနဲ့၊ အရေးအင်မတန် ကြီးပါတယ်၊ ခုနက တစ္ဆေတွေ ဘာတွေဆိုလျှင် လိုက်စမ်းပါ၊ ဘယ်သစ်ပင်မှာ ဘယ်မှာ ဘယ်မှာ လိုက်ပါ။

မြင်ရရဲ့လား ဒီတော့ကို အကယ်၍ အဲဒီ တစ္ဆေတို့ စုန်းတို့ နတ်တို့ သူတို့ပြောစကားလဲ သိနေပြီ၊ သူတို့ရဲ့ အနှောင့်အယှက်လဲ တွေ့နေပြီ၊ အဲဒါတွေကို မလိုက်ဘဲနဲ့ ယိုးတီးထားတားနဲ့ ပရလောကမရှိဘူး ပြောမနေပါနဲ့၊ အဲဒါကို လိုက်ပါ၊ လိုက်ပြီးတော့ကာ တစ္ဆေကို မြင်ရရဲ့လား၊ ဒီလို အဲဒီစုန်းကို မြင်ရရဲ့လား၊ အဲဒီနတ်ကို မြင်ရရဲ့လား၊ မမြင်ဘူး၊ သူတို့ကသာ

စာဆွေသရဲ မကြာမီက တစ်နေ့ထဲမှာ မီနီးယားစ္စ ပူးတယ်၊ တစ္ဆေက ဘယ်လိုတစ္ဆေတုန်းလို့ ဆိုတော့ ဒီ အင်းထဲမှာ ငါးလုပ်ပြီးတော့ သေသွားပြီး ဟိုနားမှာ သစ်ပင်တစ်ပင်မှာ တစ္ဆေဖြစ်နေတယ်၊ အဲဒီ စာဆွေက သူ့မိန်းမကို လာပြီးတော့ ပူးတယ်၊ သူ ဒီအိမ်ဝင်ဖို့ရန် သုံးရက်လောက် စောင့်နေရပါတယ်၊ ဝင်ခွင့်မရလို့တဲ့၊ ဘာပြုလို့ ဝင်ခွင့်မရတုန်း၊ လိုက်စရာ့ ဝင်ခွင့်မရတာက ဒီမှာဒီအိမ်မှာ ဆရောင့်အရှောက်က ဝင်ခွင့်မပေးဘူး၊ နောက်တော့ သူ့နည်းသူ့ဟန်နဲ့ တောင်းပန်လို့ လာပေါ့လေ၊ သုံးရက်လောက် စောင့်ပြီးတော့ ဝင်ခွင့်ပေးတော့ သူ့မိန်းမ သားပြီး ပူးတယ်။

မီနီးမကောင်း ဘာမပြောတုန်း ဆိုတော့ မီနီးမက နောက်ယောကျ်ား ရနေပြီ၊ နောက်ယောကျ်ားကို သူက(တစ္ဆေက)ပြောနေတယ် "မင်းမီနီးမ ဓင်းလဲချစ်တယ်ကွာ၊ ငါလဲ ချစ်တယ်၊ အဲဒီတော့ ငါက ငါ့မီနီးမ ခေါ်သွားပရစေတော့"၊ "ဟာ-မထည့်နိုင်ဘူး"၊ "မဟုတ်ပါဘူးကွာ ထည့်ပါ၊ ငါ့မှာလဲတဲ့ တစ်ယောက်လဲခနေရတာပါ့ ထည့်ပါ"၊ "ဟာ-မထည့်နိုင်ဘူး"၊ "မထည့်နိုင်သိရောခပါကွာ၊ ငါ့သစ်ပင်လာလို့ ရှိလျှင် မင်းတို့စော့ သိစရာပေါ့ကွာ"လို့ ကြိမ်းပြီးတော့ ထွက်သွားတယ်တဲ့၊ အဲဒီလိုဟာ မျိုး လေလာပါလေ၊ မမြင်ရဘူး၊ သူပြောနေကာယ်၊ မမြင်ရဘူး၊ သူပြောနေတာ ဟုတ်နေတယ်၊ ဟုတ်နေတာ ဆိုတာ "ငါဘာဖြစ်လို့ ဘယ်လိုသေသွားတယ်၊ ယခု ငါဘယ်လို နေရတာယ်၊ ဘယ်မှာနေရတယ်" ဆိုတာလဲ မသိဘူး၊ မမြင်ဘူး၊

တန်ခွန်အာဝဇ် မမြင်ဘူး၊ ဒီတော့ကာ ဆိုပါစတော့ ဒီသစ်ပင်မှာ နတ်ရှိကယ်လို့ ဆိုလျှင် ဒီနတ်ကို မြင်သလား၊ နတ်တွေနေတာ သစ်ပင်ပေါ်မှာ ခွနေတာ မဟုတ်ဘူး၊ သူ့နေရာနဲ့သူ နေတာကို မြင်သာသား၊ မမြင်ဘူး။

နတ်သမီးတစ်ယောက် တစ်ခါတုန်းက ရဟန်းတစ်ပါး သူ ကျောင်းဆောက်ချင်လို့ သစ်ပင်ကို ဖယ်တယ်၊ သစ်ပင်ကိုခွတ်တယ်၊ ကိုင်းထွက်တာဖြတ်တယ်၊ ဒီတော့ နတ်မက "အရှင်ဘုရား.... အရှင်ဘုရားရဲ့ဘုံဗိမာန်ကို လုပ်ချင်လို့ စာပည့်တော် ဘုံဗိမာန်မဖျက်ပါနဲ့" လို့ ပြောတော့ ပြောပြော ဆိုဆို ရဟန်းက ခုတ်ရော၊ ခုတ်တော့ ကလေးကိုမြင်လို့ ရှိလျှင်ဖြင့် ထက်သာကောင်းပါရဲ့လေလို့ ဆိုပြီးတော့ ကလေး လေးကို ထိုးပြလိုက်တာ၊ ရဟန်းက ကလေးလေးကို ဝေးက မြှောက်ပြီး သားမို့ ဓားကိုမနှိုင်တာနဲ့ ကလေးကို ပခုန်းလောက်ကစပြီးဘော့ ခုတ်မိသွားရော၊ လက်မြတ်သွားရော၊ အဲဒီတင် နတ်မက လက်စား ချေမယ်လို့ ဆိုပြီးတော့ အင်မတန် ဒေါသနဲ့ လက်စားချေမယ် ကြံတုန်း ဘုရားကို ကွက်ကနဲမြင်လို့ ဘုရားလက်ထက်က "အား.... ဘုန်းတော်ကြီးဘုရား ရှိသေးတယ် သွားပြီးတော့ လျှောက်မှတဲ့" ဆိုပြီးတော့ ဗုဒ္ဓမြတ်စွာက– "ဒေါသကိုနှိမ်လိုက်တဲ့ ဟန်ဖိုးဟာ ဘယ်လောက်ကြီးကျယ်တယ်"ဆိုပြီးတော့ ဟောတော်မူလိုက်တာ နတ်မဟာ ဝမ်းမြောက် ဝမ်းသာ ဖြစ်ပြီးတော့ သောတာပန် ဖြစ်တယ်။

ဗုဒ္ဓက နေရာပေး နောက် သူ့မှာ နေစရာမရှိတော့ ဗုဒ္ဓမြတ်စွာက "မကြာမီကမှ နတ်တစ်ယောက် ကွယ်လွန်သွားတဲ့ သစ်ပင်ရှိတယ်၊ အဲဒီသစ်ပင်မှာ နေ"လို့ ဗုဒ္ဓမြတ်စွာပေးတဲ့ သစ်ပင်မှာ သူ့ဘုံဗိမာန် ဘယ်လို လုပ်ထယ်ဆိုတာကော့ မသိဘူး၊ အဲဒီမှာ သူနေရတယ်၊ ဒါဗုဒ္ဓမြတ်စွာရဲ့ ထက်ထက်တော်တုန်းက နတ်ကလေး၊ သူ မပြုတော့ မမြင်ဘူး၊ သူပြုလို့ မြင်တာကဲ့ ဒါကော အောက်ချရန် ခဲနှိပ်ပြီးသားဖြစ်တော့ အရှိန်မသတ်နိုင်ဘူး၊ ဘုန်းကြီးတို့မှာတော့ ဒီလိုတွေက ဗုဒ္ဓမြတ်စွာ ဖြေခဲ့တဲ့ ပတ္ထုစဉ်တွေ ဆိုလို့ အတိတ် ပရလောကဟယ် နားလည်တယ်၊ ယုံတယ်၊ အနာဂတ် ပရလောကလဲ နိဗ္ဗာန်အထိ ယုံတယ်၊ မယုံတဲ့ သူတွေက အဲဒါတွေကို လေ့လာရပါတယ်။

တစ္ဆေထလေး တစ်ခါတုန်းက ရဟန်းတစ်ပါး ညနေလောက် ရွာထဲဝင်စရာရှိလို့ သွားတယ်၊ ရွာပြင်အက် ကလေး ကလေးက (ကလေးကလေးဆိုတာ တစ္ဆေကလေး)၊ "အရှင်ဘုရား.... ထပည့်တော်အမေကို ပြောလိုက်စမ်းပါ၊ ကြာလှပြီ၊ စာပည့်ကော် ဆာလှပြီဆိုတာ ပြောလိုက်စမ်းပါ" လို့ မပြမတော့ ရဟန်းက "ငါဘယ့်နှယ်လုပ် မြင်ရမှာလဲ"၊ "ဒီဆေးမြစ်ကလေး ယူသွားပါ ကိုယ်တော်" ဆိုပြီးတော့ ဆေးမြစ်ကလေးကိုင်ပြီးသွားတော့ ဟိုမှာပြည့်လို့ ရွာထဲမှာ၊ ညနေထမင်းလုံး ဟင်းဖတ် ကောက်နေလိုက်ကြတာ တစ္ဆေကလေးတွေ၊ ဒါနဲ့ သူပြောလိုက်တဲ့အမေကို "ဟာ နင်က ဒီမှာကြာနေတယ်၊ နင့်ကလေးက ဟိုမှာ ရွာပေါက်က မြွေကလုပြီ"လို့ ပြောတော့ "ကိုယ်တော်.... ဘယ့်နှယ်လုစီ မြင်တုန်း"၊ "သူ ဒီဆေးကလေး ပေးလိုက်လို့"လို့

မြောတော့ မြတ်ဆိုပုတ်ချပြီးတော့ ဆေးမြစ်ကလေး ကောက်ယူသွားပြီး ပြေးရော၊ ဒီ ဆေးမြစ်ကလေးနဲ့ တုန်းကတော့ မြင်တယ်၊ ဆေးမြစ်ကလေး မရှိတော့ မမြင်ဘူး။

နတ်ဆင်းရဲမလေး တစ်ခါတုန်းက (နတ်ဆိုမေမယ့် နတ်တိုင်း ချမ်းသာတာ မဟုတ်ဘူး)၊ တချို့နတ်တာ တစ္ဆေလိုဘဲ၊ တစ္ဆေဆိုတာ ပြိတ္တာခေါ်တာဘဲ၊ အဲဒီလို တစ္ဆေပြိတ္တာတွေလို ဆင်းရဲရှာတယ်၊ တစ်ခါတော့ ဗောဓိသတ်ကျောင်းတော်ထဲမှာလို့ ထင်ပါတယ်၊ ပရိသတ်ကြီးကလဲ ဒီလိုဘဲ တရားနာပြီးတော့ နေကြတော့ သူကလဲတဲ့ ကလေးနှစ်ယောက်နဲ့ အမိုးကလေး လက်ဆွဲပြီးတော့ အစာရှာထွက်လာတယ်၊ "အော်- ဟိုမှာတော့ လူတွေရှိတယ်၊ တစ်စုံတစ်ခုခုနေဟန်တူတယ်၊ ဒေနေလို့ ဘေးမှာ ဖိတ်ခေါ်ပြီးတော့ ကျွေးလို့ ရှိဿုံ့ ကောက်စားရအောင်လေ" ဆိုပြီးတော့ ကလေးနှစ်ယောက် လက်ဆွဲပြီးတော့ နတ်သတို့သမီး သွားတယ်၊ သူ့ကို ဘယ်သူမှ မမြင်ဘူး၊ ဘုရားမြင်မှာပေါ့၊ ဘယ်သူကမှ မမြင်ဘူး၊ တန်ခိုးရှိတဲ့သူဘဲ မြင်မယ်၊ အဲဒီတင် အနားရောက်လာတော့ "ဟာ- စားစရာ စေနေတာ မဟုတ်ပါဘဲလား၊ ဗုဒ္ဓမြတ်စွာ တရားဟော နေတာပါလား" ဆိုပြီးတော့ ဗုဒ္ဓအသံအောင်ကို စိုက်ပြီးတော့ နာနေတယ်။

သား သမီးချွေ့ သမီးကလေး၊ သားကလေးတွေက "အမေ.... သွားကြစို့" ဆာပြီလေ သူတို့က၊ သူက ချော့တယ်၊ ချော့တယ်၊ အသံကလဲ မကြားဘူး၊ လူလဲ မမြင်ဘူး၊ ပတ်ဝန်းကျင်ပရိသတ်က၊ သူက ချော့နေတယ်၊ တိတ်တိတ်နေမှ၊

တုက္ခိ ဥပ္ပာဒရိကေ ဟောတိ၊ တုက္ခိ ဟောတိ ပုနပ္ပုဿု။

တုက္ခိ-တိတ်တိတ် နေစမ်းပါ၊ ပုနပ္ပုဿု-သားလေး တိတ်တိတ်နေစမ်း။

ယာဝါဟံ ဗုဒ္ဓသေဋ္ဌဿ၊ ဓမ္မံ နိဗ္ဗာနပါဂမံ-

ဗုဒ္ဓမြတ်စွာရဲ့ တရားတော်ကို အမေနာနေတယ်၊ တိတ်တိတ်နေစမ်း၊ တိတ်တိတ်နေစမ်း၊ တယ်- လိမ္မာတဲ့ နတ်ဆင်းရဲမလေး၊ သားကလေးနဲ့ အမိုးကလေးကို ချော့နေတယ်။

ဆရာကို ပို့ချစ် ပိယော လောကေ သကော ပုတ္တော၊
ပိယော လောကေ သကော ပတိ၊
တထာ ပိယတရာ မယ္ဟံ၊
အဿ မွယ္ဟ မဂ္ဂနာ။

လောကမှာ ကိုယ့်သား ကိုယ့်သမီး ချစ်တာချည်းဘဲကွယ်၊ ကိုယ့်လင် ကိုယ်မျစ်တာချည်းဘဲကွယ်၊ အမေကတော့လေ အဲဒီသား သမီး လင်သက် ပို့ပြီးတော့ ဒီတရားကို ချစ်ပါတယ်ကွယ်၊ တိတ်တိတ်နေကြပါ၊ ဘယ်လောက် လိမ္မာထုန်း၊ ဒို့ဒီတရားကို မသိလို့ အမေတို့မှာလေ ဒုက္ခတွေ အများကြီးရောက်နေတယ်၊ အခုလဲ ရောက်နေတယ်၊ ရောက်လဲ ရောက်ခဲ့ဖူးတယ်၊ တိတ်တိတ်နေစမ်း၊ တိတ်တိတ်နေစမ်း၊ အမေ ဒီတရား စိုက်နာနေတယ်၊ လိမ္မာလိုက်တာ၊ လိမ္မာလိုက်တာ။

အဖြစ်ကတော့ ပြိတ္တာစာမျှပါဘဲ၊ ပြိတ္တာပေမယ့် တရားနာလို့ တရားလဲ ဆုံးပါရော သေးတာပန်ဖြစ်တယ်၊ သေတာပန်က

သိပ်ပြီးတော့ ဆင်းတောင့်ဆင်းရဲ မဟုတ်တော့ဘူး၊ စားရေး နေရေး အကုန်လုံးပြည့်စုံသွားတယ်၊ အမေကော ပြည့်စုံတော့ သား သမီးတွေဖါ ပြည့်စုံသလို ဖြစ်သွားတယ်။

ရှင်းပါတယ် အဲဒီအချိန်တုန်းက ပြောတဲ့အသံ အဆင်းကို လူပရိသတ်က မမြင်ဘူး၊မကြားဘူး၊ ဒီတော့ကာ ဘုန်းကြီးတို့ကတော့ ရှင်းပါတယ်၊ နတ်တွေဆိုတဲ့ဥစ္စာဟာ သူတို့က မပြလျှင် မမြင်ဘူးဆိုသလဲ မပြောနဲ့တော့ အင်မတန်ညံ့တဲ့ နတ်ကလေးတွေကိုကော၀င် မမြင်ဘူး၊ နတ်ကို ၁ပြောနဲ့ တစ္ဆေပြိတ္တာတောင် မမြင်ဘူး၊ ဒီတော့ ယခု လကမ္ဘာဇရောက်တယ်လို့ ဆိုတယ်၊ "ဘယ်မှာလဲ ဇဗိမာန်"၊ "ဟာ- ဒါတစ်စခန်းဘဲ၊ မသိလို့"၊ "ဘယ်မှာလဲ လ-နတ်သား၊ နတ်သမီးတွေ"၊ "ဒါသူ့နည်းနဲ့သူတဲ့ တစ်စခန်းဘဲ မမြင်နိုင်တာ"၊ ဒါဘုန်းကြီးတို့ကတော့ ရှင်းပါတယ်၊ ယခုလို မရှင်းတဲ့ ပုဒ္ဓဘာသာတွေမှာတော့ အင်မတန် အခက်အခဲဖြစ်ပြီးတော့ ပုဒ္ဓဘာသာတွေကောင် မယုံချင်သလိုလို့ ဘာလိုလို၊ ဒီအသံတွေ ဘုန်းကြီးတွေတချို့က ထွက်လာပါတယ်။

လိုပါသေးတယ် တရားတော်ကို ပီပီသသ လိုက်နာဖို့ကြားနာဖို့ မှတ်သားဖို့က အင်မတန် လိုနေပါသေးတယ်၊ ဒါ့ကြောင့် အနုမာနသိဒ္ဓနဲ့ မှန်းပြီးတော့သဲဘဲ တချို့ဟာကို ပိုင်ပိုင်နိုင်နိုင်သိပါလို့ ဆိုပေမယ့် မှန်နိုင်လောက်အောင် ညာဏ်အခြေခံ ဗဟုသုတမရှိလျှင် မှန်းစရာ မမှန်းတတ်ပါဘူး၊ ပုဒ္ဓကို ယုံကြည်ပါလို့ ဆိုတဲ့ဥစ္စာလဲဘဲ မိမိက ဝေါကြီမ်းကြမ်း ခပ်ထော်ထော်နေတာဖြစ်တော့ ဗုဒ္ဓရဲ့ ပါရမီဖြည့်စဉ်တွေကိုလဲ မသိပါဘူး၊ ဗုဒ္ဓဟာ ကရုဏာကိုလဲ မသိတတ်ပါဘူး၊ အဲဒါကြောင့်မို့လို့ ဒီလိုလူတွေက ဒီလိုဖြစ်နေတဲ့ဥစ္စာမှာ ဘုန်းကြီးတို့က လိုက်ပြီးတော့ ဆန်စင်ရာ ကျည်ပွေ့ မလိုက်နိုင်ပါဘူး ဆိုတာလို သူတို့ကိုလိုက်ပြီးတော့ ပြောမနေနိုင်ဘူး။

စိမိသသ မိမိတို့ကျောင်းတိုက်ကသာ ပုဒ္ဓဘာဝနာကို ယုံကြည်တယ်လို့ ဆိုလျှင် ဝိပိသသ နေလိုက်ကြစမ်းပါ၊ ဝိပိသသ ပုဒ္ဓသာသနာရဲ့ ကျက်သရေကို ဆောင်လိုက်ကြစမ်းပါ၊ ပုဒ္ဓအလိုတော်အတိုင်း ဝိနည်းကို လေးစားလိုက်ကြစမ်းပါ၊ ပုဒ္ဓကို ကြည်ညိုပါတယ်ဆိုတဲ့ ဥပါသကာ အရင်းအခြာ ဒကာ-ဒကာမများကလဲဘဲ "ဦးဗုဒ္ဓကို ကြည်ညိုတယ်၊ ဗီတော့ ပုဒ္ဓရဲ့ အလိုတော်အတိုင်း ဦသီလနဲ့ ဦနေမယ်၊ ဦစကားပြောတာ ဦသတိနဲ့ ပြောမယ်၊ လောကကြီးကတော့ သူ့ဟာသူ ဖြစ်ချင်သလို ဖြစ်မှာပေါ့၊ ဦတော့ ဦလမ်းမမှားအောင် နေမယ်" လို့ အဲဒီလို နှလုံးသွင်းပြီး သကာလ ပုဒ္ဓကိုကြည်ညိုပြီးတော့ ၀ရလောကကိုယုံကြည် နိဗ္ဗာန်ကိုယုံကြည်ပါ။

နိဗ္ဗာန်ကို ယုံကြည်တဲ့အတွက်ကြောင့် နိဗ္ဗာန်ဆောက်ကြောင်း ဖြစ်တဲ့ သီလကို ဖြည့်လို့ နိဗ္ဗာန်ဆောက်ကြောင်း ဖြစ်တဲ့ ပဋိပတ်များကို ကျင့်လို့ နိဗ္ဗာန်ဆောက်ကြောင်းဖြစ်တဲ့ ဝိပဿနာဘာဝနာများကို အားထုတ်လို့ အဲဒီလို ကိုယ်စီကိုယ်ဝင် ကြိုးစားနိုင်ကြစေကုန်သတည်း။

သာဓုခေါ်... သာဓု... သာဓု...။

အာသီဉာဏ်တိုးပွားရေးတရားတော် ပြီးပါပြီ။

ဗုဒ္ဓရတနာ

၁။ ဗုဒ္ဓမြတ်စွာ လောင်းလျာတုန်းက,
နောက်ဆုံးအတိ ပါရမီ၊
လူ နတ် များစွာ ချမ်းသာရေးမို့,
အသက်ပေးလို့ ဖြည့်ခဲ့သည်၊
ဗုဒ္ဓမြတ်စွာ သာသနာအတွက်မို့,
ငါပါအသက် ခုံးစေမည်၊
နောက်မဆုတ်ပေါ်ဝံ ခုလိုတွေးလို့,
ကုသိုလ်ရေးမို့ ကြိုးစားမည်။

၂။ ဗုဒ္ဓမြတ်စွာ ပွင့်လာမှကြောင့်,
ဉာဏ်စက္ခုလည်း ရကြသည်၊
ဉာဏ်စက္ခုတွေ သာရှိလင်းဖို့,
သန့်ရှင်းတိတ်ဆိတ် ရှိသင့်သည်၊
ပွက်ရလာဆူညံ လူသံပုံတို့,
ကျောင်းဘုရားထဲ လုပ်ကြသည်၊
ဗုဒ္ဓအယူ အတွင်းလူဖျက်လို့,
တာသာပျက်၍ ခက်လိမ့်မည်။

ဗုဒ္ဓအလိုတော်ကျ
သိမ်ကျောင်းရေစက်ချ တရားတော်

(၁၉၇၉-ခုနှစ်, တပို့တွဲဆန်း ၁၄ ရက်နေ့)

လူဖြစ်ကျိုးနပ်

မနုဿတ္တံ သုလဒ္ဓံ မေ,
ယဒဟံ စာဂေ သဒါရတော၊
မစ္ဆေရမရိယုဋ္ဌာယ,
ပဇာယ ဝိဂတော တတော။

ယဒဟံ (ယော+အဟံ) – သံသရာနောင်ရေး, မြောခေါင်တွေးချီ, လေးလေးပင်ပင်, အစဉ်လေ့လာ, အကြောင်ငါသည်၊ မစ္ဆေရမရိယုဋ္ဌာယ – မပေးရက်လို့, သဝန်တိုသဖြင့်, ထိထိဒါန်, မစ္ဆေရရန်, ပုန်ကန်သောင်းကြမ်းလျက် ရှိသော၊ ပဇာယ--ဝတ်မှုစားမှု, အကြွားမှုဘွဲ့, အားပြိုင့်စောင်း, သတ္တဝါအပေါင်းတွင်း, တတော – ထိထိဒါန်, မစ္ဆေရဟူ, ထကြွပုန်ကန်, သူပုန်ရန်မှ၊ ဝိဂတော--ရှောင်ကွာသနာ, အတုံဟသဖြင့်, ကောင်းစွာလွတ်ကင်း, သန့်ရှင်းသည်ဖြစ်၍၊ စာဂေ-စွန့်ကြဲဝေငှ, လူဒါန်းချီ နေရခြင်းဌာန်၊ သဒါရတော – ကိုယ်တွက်ခြိုးခြံ, ပင်ပန်းခံလျက်, အမှန်မသေ, အပျော်ကြီး ပျော်နိုင်လေပြီ၊ တဿ ဓမ-- ဒုါနစာဂီ, ပါရမီဖြင့်,

သာကြည်မွေ့လျော်, အပျော်ကြီး ပျော်နိုင်ဆော ထိုင်ခြံမှာ၊ ပန်းသာတွဲ – ပဒုမ္မပ, ဤဒေသ၌, ဖြစ်ရစ်စစ်, လူ့အဖြစ်ကို၊ သုလဒ္ဓံဝတ – သံသရာ နောင်ရေး, မြေခါင်တွေးက, အေးမြ ရွှင်ပျော်, အော်...အရတော်လေစွတကား။

သာဓု...သာဓု...သာဓု။

အကုယူထို့ကောင်း ဘုန်းကြီးတို့ အင်မတန် ကံကောင်းတယ်၊ ဘုန်းကြီးတို့ ဗုဒ္ဓဘာသာ ဒကာ-ဒကာမ များမှာ အင်မတန် ကံကောင်းတယ်၊ ဘုန်းကြီးတို့ရဲ့ အတုယူစရာ ဘုန်းကြီးတို့ရှေ့က ဓားမဓားမတ်မတ် မြတ်စွာဘုရားလဲရှိတယ်၊ အရှင် သာရိပုတ္တရာ, အရှင် မဟာမောဂ္ဂလာန်တို့ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တွေ, အမျိုးအဆွေအားဖြင့်လဲ ထိပ်တန်းက၊ ရုပ်ရေအားဖြင့်လဲ ထိပ်တန်းက၊ ပညာအားဖြင့်လဲ ထိပ်တန်းက၊ တန်ခိုးအားဖြင့်လဲ ထိပ်တန်းက၊ အမြေအမြင့်အားဖြင့်လဲ အတူမရှိကြဘူး၊ ဘုန်းကြီးတို့ ရှေ့မှာ သွားပြီးတော့ နေတယ်၊ အင်မတန် အတုယူလို့ ကောင်းတယ်၊ ဘုန်းကြီးတို့ အတုယူလို့ သိပ်ကောင်းတယ်၊ အလှူ ဒကာ-အလှူ အမျိုးမှာလဲဘဲ ဗုဒ္ဓဘာသာဖြစ်တော့ အတုယူလို့ တယ်ကောင်းတယ်၊ ဘုရားလက်ထက်ကို မှန်းပြီးတော့ အတုယူမယ် ဆိုလျှင် အနာထပိဏ်သူဌေးကြီးတို့, ဝိသာခါတို့, ဗိမ္ဗိသာရမင်းတို့ ဥပါလိသူကြွယ်တို့ တယ်အတုယူစရာ ကောင်းတယ်။

တစ်ခါ ဗုဒ္ဓမြတ်စွာရဲ့ အလောင်းအလျာဘဝတုန်းက, အရှင် သာရိပုတ္တရာတို့ အလောင်းအလျာ ဘဝတုန်းက, ဒေမာမိဖုရားတို့

အလောင်းအလျာဘဝတုန်းက နေကြ, ထိုင်ကြပုံတွေ့ ဘုန်းကြီး တို့မှာ မြင်နေတယ်၊ ဒီတော့ ဘုန်းကြီးတို့ ဗုဒ္ဓဘာသာ ဒကာ-ဒကာမ တွေအဖို့ အတုယူလို့ တယ်-ကောင်းတယ်၊ ဘုရားအလောင်းတို့, ယသောဓရာအလောင်းတို့ ဘယ်လို နေထိုင်သွားကြတယ်၊ အရှင် သာရိပုတ္တရာအလောင်းတို့, ဒေမာမိဖုရားအလောင်းတို့ ဘယ်လို နေထိုင် သွားကြတယ်၊ အရှင် အာနန္ဒာအလောင်းတို့ ဘယ်လို နေဆိုင်သွားကြတယ်၊ ဒါ အတုယူလို့ တယ်-ကောင်းတယ်။

အားမရ ဒီတော့ကာ အခုလူတွေ အတုယူနေဟာက အဲဒီကို မရောက်တတ်ဘူးဘယ်ကို ရောက်နေဘုန်းလို့ ဆိုတော့ ဗုဒ္ဓဘာသာရှင်ဘုရင်တွေဆီကို ရောက်နေတယ်၊ ဘုရင်တွေကတော့ ဘုန်းကြီးနဲ့ နည်းနည်းကလေးမှ မတည့်ဘူး၊ ဘုရင်တွေ လုပ်ပုံ ကိုင်ပုံက၊ ဘုန်းကြီးကတော့ ဗိမ္ဗိသာရမင်းတို့လို, အနာထပိဏ် သူဌေးတို့လို့ ဗုဒ္ဓမြတ်စွာ အလောင်းအလျာဘဝတုန်းက, အရှင် မဟာကဿပကြီးတို့, မယ်ဘဒ္ဒါ အလောင်းအလျာဘဝတုန်းက နေကြထိုင်ကြတာတွေ မြင်နေတော့ မြန်မာပြည်မှာ ရှင်ဘုရင် တွေရဲ့ လုပ်ပုံကိုင်ပုံတော့ ဘုန်းကြီးက အားမရဘူး၊ ကိုယ့်အမျိုး သားမို့လို့တော့ အမျိုးသားစိတ်နဲ့ ချစ်ပါတယ်၊ ဒါပေမယ်လို့ အမျိုးသားချင်းမို့လို့ဘဲ အားမရတာ။

ရန်ဆိုစာချုပ် တစ်ခါတုန်းက ဆုဇဝင်ကို ဘုန်းကြီးကြည့်တယ်၊ တစ်နေရာမှာ မင်းကြီးဗန္ဓုလကျတယ်, အင်္ဂလိပ်နဲ့ စစ်ဖြစ်တော့၊ နောက် နည်းနည်း နည်းနည်း ဆုဇဝင် လျှောက်

ပြီးတော့ ကြည့်လို့ ၅-၅-၆၅ ရွက်လောက်ကျတော့ ရန်ကုန်စာချုပ် ချုပ်ရတော့တယ်၊ ဒီတော့ ရန်ကုန်စာချုပ် ချုပ်တဲ့အခါကျတော့ ဟိုက အပေါ်စီးတွေနဲ့ချုပ်လိုက်တယ်၊ သာမန်ခံချင်စရာမရှိဘူး၊ ဒါနဲ့ ဘုန်းကြီးစိတ်ကို တော်တော် ထိခိုက်သွားတယ်၊ ထိခိုက်သွားပြီးတဲ့နောက် ရာဇဝင်ကို ဖတ်လို့ပေါ့လေ ဆက်ပြီးတော့ ကြည့်သွားပါတယ်၊ တော်တော် စာရွက်လှန်လိုက်တဲ့ အခါကျတော့ ... ဘုန်းကြီးတို့ စီးနေတဲ့ ရန်ကုန်စာချုပ်တုန်းက အောက်ကျနောက်ကျ ခံပြီးတော့ ချုပ်သာခဲ့ရတဲ့ ရှင်သူရဲများက အထက်ပြည်က "ဘုန်းတော် အလှူနံတရာ ကြီးမြတ်တော်မူပေသော" ဆိုတဲ့ စာလုံးတွေ တွေ့ကယ်ကိုး၊ ဘာလဲ ဘုန်းတော် အလှူနံတရာ ကြီးမြတ်လို့ ရှိလျှင် ဘာဖြစ်လို့ ရန်ကုန်စာချုပ်ကို အနာခံပြီးတော့ ချုပ်ရကုန်း၊ ကြီးလိုက်ပါလား၊ လျှောက်ပြီးတော့ မဟုတ်ဘူး၊ မေ့တယ်ကိုး၊ သိပ် မေ့တာဘဲ၊ ဒီတော့ ဘုန်းကြီးက မကြိုက်ဘူး ရှင်ဘုရင်တွေကို။

ကြားတယ် ရှင်ဘုရင်တွေက ကြားတယ်၊ အပြင်က နေပြီးတော့ ကြားတယ်၊ ဟိုမှာ အင်မတန်အနစ်နာခံခဲ့ရပြီးတော့ ကြားတယ်၊ ကြားတော့ကာ အလှူဒါနတွေပြုကြတယ်၊ ကြားကြား ဝါဝါ ပြုကြတယ်၊ ရှင်ဘုရင်တွေက၊ ဒီတော့ အဲဒီရှင်ဘုရင်တွေရဲ့ နည်းကို မှားကြီး မတ်ကြီးတွေက လိုက်ပြီးတော့ ကြားကြားဝါဝါ အလှူဒါနပြုကြသယ်၊ မှားကြီး မတ်ကြီးတွေကို အတုလိုက်ပြီးတော့ တိုင်းပြည်မှာ သူဌေး၊ သူကြွယ်တွေက ကြားကြားဝါဝါ ပြုကြတယ်။

ကြာလေ ဝေးလေ ဒီတော့ ဟိုဗုဒ္ဓမြတ်စွာရဲ့အလောင်းတော်များ လမ်းစဉ်နဲ့က ကြာလေ ဝေးလေ၊ ကြာလေ ဝေးလေ၊ ကြာကာ ဝေးလေ ဝေးလာခဲ့ကြတယ်၊ ဘုန်းကြီးတို့ ခုနှိုင်းမှာ၊ ကောင်းပြီ၊ - ဝေးဝေး မဝေးဝေး၊ ဒါ အရေးမကြီးပါဘူး၊ ဒီလို ကြားကြားဝါဝါနဲ့ ပြုနေကြတဲ့ အတွက်ကြောင့် သာသနာကြီးကလဲ တိုးတက်လို့၊ တိုင်းသူပြည်သားတွေကလည်း တိုးတက်လို့၊ ဒီလိုဆိုလျှင် ဘုန်းကြီးက နေသာပါတယ်၊ နေသာပါတယ်၊ တကတဲ့ ကြားကြားဝါဝါနဲ့ လှူလိုက်ကြ၊ တန်းလိုက်ကြ၊ ပေးလိုက်ကြ၊ ကမ်းလိုက်ကြ၊ စွန့်လိုက်ကြ၊ ကြဲလိုက်ကြ၊ အဲဒီလို လုပ်ယင်းကို တိုင်းပြည်ကလဲ တက်လာတာဘဲ၊ သာသနာတော်ကြီး ကလဲ ထူးပြီးတော့ တကတဲ့ အကျွင့်စာရိတ္တတွေနဲ့ မြင့်လာတာဘဲ၊ ဒီလိုဆိုလျှင်တော့ ဘုန်းကြီးလဲ အနေသာကြီးပါ၊ အဲဒီကျတော့ ဘုန်းကြီးက ကြိုက်ကို ကြိုက်ရမှာတဲ့။

စဉ်းစားစမ်းပါ ခုတော့ကာ အလှူဒကာ ယောကျ်ားရင့်မကြီးဘဲ၊ အရွယ်ကောင်းနေတဲ့ ယောကျ်ားရင့်မကြီးနဲ့ ဒီနားက ဘုန်းကြီးပြောတဲ့ စကားကို လိုက်ပြီးတော့ စဉ်းစားတတ်တဲ့ အမျိုးသမီး သီလရင်ဆောတွေရော စဉ်းစားစမ်းပါ၊ သာသနာကြီး ဘယ်နှယ်ဖြစ်နေသလဲလို့၊ ဒါကို စဉ်းစားစမ်းပါ၊ အလှူဒကာလဲ စဉ်းစားပါ၊ ကိုယ့်ပိုက်ဆံရှိလို့ ကိုယ်လုပ်ကြတာဘဲလို့ ဆိုတဲ့ဥစ္စာဟာ ပြီးတန်းတဲ့လို့ ဆိုပေမယ့် ရှင်ဘုရင်က စပြီးတော့ မပြီးလို့ ပါသွားပြီ၊ ဘုရင်ပါသွားလို့ လွတ်လပ်ရေး ရအောင် တိုက်ပြီးတော့ ကြီးစားကြရတယ်၊ ယခုအထိ ကြီးစား နေကြရတယ် နိဂုံးကို။

ကြည့်ပါတယ် ဒီတော့ ဘုန်းကြီးက တစ်ဖက်မှာ ဘုရားအလောင်း များရဲ့ လမ်းစဉ်ကို ကြည့်ပါတယ်၊ ဘုရားဖြစ်တဲ့ တဝကျတော့လဲ လမ်းစဉ်ကို ကြည့်ပါတယ်၊ ဆိပ်တန်းဖြစ်တဲ့ အရှင်မဟာကဿပတို့ အရှင်သာရိပုတ္တရာတို့ လမ်းစဉ်ကိုလဲ ဘုန်းကြီး ကြည့်ပါတယ်၊ ဒီ ရှင်ဘုရင်များရဲ့ လမ်းစဉ် မဟုတ်ပါဘူး၊ အလောင်းတော်ကြီးတွေ ပါရမီဖြည့်သွားတဲ့ လမ်းစဉ်ဟာ ဒီလမ်းစဉ် မဟုတ်ဘူး၊ ဒါကြောင့်မို့လို့ ဘုန်းကြီးက သာသနာတော်ကြီးကို ပြန်ပြီးတော့ တိုးတက်အောင် တယ်လို လုပ်မလဲ၊ ပုဒ္ဓမြတ်စွာရဲ့ အသက်စည်းစိမ်များစွာကို စွန့်လွှတ်ပြီးတော့ ပါရမီဖြည့်လာတဲ့ အခါကျမှ ရရှိတဲ့ ဥာဏ်တော်နဲ့ တည်ထားတော်မူအပ်တဲ့ သာသနာတော်ကြီးသည် နှစ်လောင်းရာ ကျော်ရှိမျှနှင့်တော့ ပစ်စလက်ခတ် မဖြစ်ထိုက်သေးပါဘူး။

သာသနာနှိမ့်ဖြင့် ပက္ခိန် ဦဃမဒနာနံဝ ဥန္နတောနတအာဂတံ၊ ပက္ခိန်-ဌက်အပေါင်းတို့၏ ဦဃမာနံဝ-နှိမ့်တုံ ဖြင့်တုံ့ ပို့သွားမှုကဲ့သို့၊.... ဌက်ပို့ဆိုလိုပါ။ သာသနာတော်ကြီးက ပြုပြင်တဲ့သူတွေရှိလို့ ရှိလျှင် မြင့်ပြီးတော့ တက်လာလိုက်၊ ဒါကလဲ ဘုန်းကြီးတို့မှာ သာသနာက အရှိန်ရှိတယ်၊ ပထမ သံဃာနာ တင်တုန်းက ဆိုးဆိုးဝါးဝါး အကြောင်းအထူကလေးတွေနဲ့ တွဲဖက်ပြီးတော့ အရှင်မဟာကဿပအရှင်မြတ်ကြီးက "သံဃာနာ မတင်လျှင် မဖြစ်ပါဘူး" လို့ သံဃာ့အစည်းအဝေးမှာ အမိန့် ရှိလို့မို့ သံဃာနာတင်ရတယ်။

အဲဒီ ဒုတိယ သံဃာနာတင်တော့လဲသဲ ပေဿာလီပြည်က ရဟန်းတွေက ပရမ်းပတာဖြစ်လို့ မို့ သံဃာနာ တင်ရတယ်။ ဒီတော့ သံဃာနာတင်လိုက်ပြန်လျှင် သာသနာက မြင့်လာပြန်ရော၊ ဘာသိဘာသာ အေးအေးနေလိုက်ပြန်လျှင် နှိမ့်သွားဖြန်ဏော့၊ ဒီလိုနဲ့ ပြုပြင်တဲ့သူရှိလို့ ရှိလျှင် မြင့်တက်လာတယ်၊ ဒီ သာသနာ ထော်ထာ မြင့်တက်လာတယ်ဆိုတဲ့ ဥစ္စာ အနေအထိုင်တွေ ကျစ်လျစ်သွားတယ်။

လူတွေက သဘာဝကျကျ သိလာကြတယ်၊ ဒါကို သာသနာ မြင့်တက်လာတယ်လို့ ပြောတာ၊ အဲဒီလိုမဟုတ်ဘဲနဲ့ တဖြေးဖြေး မှေ့မှေ့လျော့လျော့ မေ့ပေါ့ဆဆ နေသွားကြ၊ လူတွေကလဲ အကြောင်းရင်းအမှန်ကို မသိ၊ ဒါ သာသနာနှိမ့်သွားတယ်လို့ ဒီလို ပြောတယ်။

ဒေကုန်နည်းရှိ ပုဒ္ဓမြတ်စွာရဲ့ သာသနာတော်ဟာ နှိမ့်ပေမယ်လို့ ပြန်တက်ဖို့ရန် အခွင့်ရှိရပါဦးမယ်၊ ရှိရမဲ့ပါဦးမယ်၊ ဒါကြောင့်မို့လို့ ဘုန်းကြီးက အလှူ့ဒကာမများ-အလှူ့အမျာများတုန်းက အကျိုးအကြောင်း နည်းနည်းပါးပါး ပြောပါတယ်၊ ဘုန်းကြီးရင်ထဲမှာ ရှိတာတွေကို နည်းနည်းကလေး ပြောပါတယ်၊ ဒါပေမယ့် အားလုံးက စိမ်ပြီးသားတွေ ဖြစ်နေပါပြီ၊ ဘုန်းကြီးက ကုန်ရပါတယ်၊ တစ်သောင်းကုန်လဲ ကုန်ရပါတယ်၊ ကုန်နည်းကဲ့လဲ ရှိပါတယ်၊ ငါးသောင်းကုန်လဲ ကုန်ရပါတယ်၊ ကုန်နည်းကဲ့ရှိပါတယ်။

ဝေဿန္တရာမင်း ဒါနပြုတဲ့အခါတုန်းက သူတို့ဇနီးရဲ့ တန်ဖိုးတော့ မသိဘူးပေါ့၊ ဒါနအလှူရုံကြီးတွေ ဆောက်ပြီးတော့ ငါးဂျာနလောက် ထားပါတယ် မြို့မှာ၊ အဲဒီ တစ်ဂျာန တစ်ဂျာနမှာ တစ်သိန်း တစ်သိန်း တစ်နေ့ ကုန်ပါတယ်၊ ဧကန်ဖိုး ဘုန်းကြီးတော့ မပြောတတ်ပါဘူး၊ တစ်နေ့တစ်နေ့မှာ အလှူရုံ တစ်ရုံတစ်ရုံမှာ တစ်သိန်းကုန်ပါတယ်၊ ဒါ ကုန်ပါလေ၊ ကုန်နည်းကားတော့ လိုပါလိမ့်မယ်၊ ကုန်တာကတော့ ရှိလျှင်ကုန်ရပါတယ်၊ ကုန်နည်းကား လိုပါတယ်။

ရော့ရော့လာ ဒီတော့ကာ ဘုန်းကြီးက သာသနာကို မြင့်တင်ချင်တယ်၊ အလှူဒကာ-အလှူအမများ အရှယ်က အင်မတန် ကောင်းနေတယ်၊ သာသနာကို ရှင်ဘုရင်တွေရဲ့ နည်းနဲ့ကိုးကွယ်လာတဲ့ နည်းတွေခကြောင့် ယခုအထိ တိုးပြီးတော့ မလာသဲနဲ့ ရော့ရော့ ရော့ရော်ပြီးတော့ လာတယ်၊ ရော့ရော့လာတာကို ဒကာတို့က နားထောင်ကြည့်လျှင် ဆရာတော်တွေက "ပရိသတ်တွေကို သိပ်ပြီးတော့ ဖထားချင်တော့ဘူး၊ အာပြုလို့ဘုန်း၊ စကားနားမထောင်ဘူး" ကဲ- ဒါ ဟိုကျော်းတိုက် ဒီကျောင်းတိုင်းကို သွားလို့ ရှိလျှင် ဒီအသံကလေး ကြားရမယ်နော်။

အထင်သေး ပြီးတော့ ကိုးကွယ်တဲ့ ဒကာ ဒကာမတွေရဲ့ သားသမီးတွေက ဘုန်းကြီးတွေကို ကြာလေ အထင်သေးလေ၊ ကြာလေ အထင်သေးလေ၊ ဒီလို ဖြစ်နေပြီ၊ ဒီတော့ ဒါကို ဘုန်းကြီးက အဖက်ဖင်ကနေပြီးတော့ မခံချင်ဘူး၊

ခါကြောင့် သာသနာ ပြင်နည်းကား ရှိတယ်၊ ပြင်မယ်၊ ပြင်ပါမယ်။

ဒါ အလှူဒကာ အလှူအမများကို ဆတိကလေး နည်းနည်းပေးပြီးတော့ အားလုံးသော ဒကာဒကာမတွေကို ဆတိကလေး နည်းနည်းပေးပြီးတော့ ရှေးသူတော်ကောင်း အရှင်သာရိပုတ္တရာ အလောင်း၊ ရှင်ဘုရင်နဲ့ ခေမာမိဖုရားရဲ့ အလောင်း၊ မိဖုရားများရဲ့ အကြောင်းကို နည်းနည်းကလေး ချုံးပြီးတော့ ပြောမယ်၊ ရှည်ရှည်ပြောလျှင် ကြာမှာစိုးလို့။

သံယမမင်း တစ်ခါတုန်းက ဘုန်းကြီးတို့ အဂ္ဂသာဝကအလောင်း၊ အရှင် သာရိပုတ္တရာက သံယမမင်း ဖြစ်ပါတယ်၊ ဘိက္ခုနီထဲက ပညာဘက်က ကေဒဂံရ ခေမာမိဖုရား ခေမာထေရီအလောင်းကလဲ ခေမာဆိုတဲ့ နာမည်နဲ့ ဘဲ မိဖုရား ဖြစ်ပါတယ်၊ တစ်ချိန်တော့ကာ အလောင်းတော်မင်း မိဖုရားတွေဆိုတဲ့ဥစ္စာဟာ ငါးပါးသီလလောက်ကတော့ ဘာမှ မပြောနဲ့ အလွယ်ကလေး၊ ဒီထက်တိုးပြီးတော့ မေတ္တာတို့ ကရုဏာတို့ ဒါနတို့ သီလတို့က များလျှင် များမယ်၊ ဒီတော့ အလှူအမဘဲ စဉ်းစားကြည့်စမ်း၊ ခေမာမိဖုရားအလောင်း- ခေမာထေရီအလောင်း ဆိုတဲ့ ခေမာမိဖုရားဟာ တစ်နေ့တော့ကာ မနက် အိပ်ရာထခါနီးလောက် အချိန်မှာ အိပ်မက်မက်တယ်။

မိဖုရားအိပ်မက် အိပ်မက်က ရှေဟသ်ဘက သူ့ကို လာပြီးတော့ တရားဟောနေတယ်၊ နာလို့ ကောင်းလိုက်တာ ရှေဟသ်ဘော်တဲ့ တရားကို၊ အဲဒီမှာ တရားဟောပြီးတော့

ရွှေဟင်္သာက ပြန်သွားတော့ "အို...မပြန်ပါနဲ့ဦး" လို့ဆိုတဲ့ အာသံ ဟာ နွားကောင်သွားတယ်၊ စကယ် မပြန်စေချင်သေးတာကိုး၊ နွားထိန်းသွားသော့ ဟိုဝတီဝန်းကျင် အနီးအပါးက အခြေအရံက "ဘာပါတုန်း၊ ဘာပါတုန်း" လို့ ပြောတော့မှ သူနီးလာပြီးတော့ "အော်... ဒါဝုန်းက အိမ်မက်ပါလား၊ တာ... သိမ်ကောင်းတဲ့ အိပ်မက်ပါလား" ဒါလေးကို သတိထားပါ၊ အလွန်အမ သတိ ထားပါ။

သူတော်ကောင်းတွေ အိမက်မက်တယ်၊ သူတော်ကောင်းတွေ ကို နတ်ကောင်းစောင်မတယ်၊ ကြည့်စမ်း၊ ဒီ ထိပ်တန်း ကေဒင်ရ ဖြစ်မယ့် သူတော်ကောင်း အလောင်းက မိဖုရားဘဝမှာ သူတော် ကောင်း အဖြစ်နဲ့ နေလို့ မို့ အိပ်မက်ကောင်းတွေ မက်တယ်၊ ဒါလေးကို မှတ်ထားယူခဲ့ပါ။

ဖရိယာယ် ဒါနဲ့ သူ့အိပ်မက်ကို မက်ပြီးတော့ သူ့ဖာသူ တွေးလို့ ဇေါ်လို့၊ ပျော်ပြီးတော့ကဲ့ သူဒီဖာသို့ အဟုတ် တရားနာချင်နေတယ်၊ အဟုတ် တရားနာချင်နေတယ်၊ အဟုတ် တရားနာချင်နေတော့ကဲ့ အိပ်မက်မက်ပါတယ်လို့ ဗျဂ္ဃ ဘုရင်ကို သံတော်ဦးတင်လျှင် ရှင်ဘုရင်က လေးစားမှာမဟုတ်ဘူး၊ အိပ်မက်ဘဲလို့ ဆိုပြီးတော့ ပေါ့ပေါ့တလေးယူဆလိမ့်မယ်၊ ဒီတော့ ဒါက ပရိယာယ်ပေါ့လေ၊ လိမ်တာတော့မဟုတ်ဘူး၊ ပရိယာယ်ဘဲ၊ နည်းနည်း စိတ်မကောင်းတာကို အကြောင်းပြုပြီးတော့ "နည်း နည်း နေမကောင်းဘူး ဆိုပြီး" အခစား မလိုက်ဘူး၊ အခစား မလိုက်စေတဲ့အကျိုးကတဲ့ဒါမျှာ မိဖုရားမပါလို့ "မိဖုရားကေဒ"

လို့ ဆိုတော့ "နည်းနည်း နေမကောင်းလို့ အဆောင်တော်မှာ နေရစ်မှာပါတယ်" လို့ ဆိုတော့ ဒီ့ပြင် စည်းဝေးစရာရှိတာ၊ ပြော စရာရှိတာ မြန်မြန်ဖြေပြီးတော့ ရှင်ဘုရင်က ပိဖုရားအဆောင် လာခဲ့တယ်၊ "ဘာဖြစ်တာတုန်း"

ချင်ခြင်းဖြစ် ဗီတင် "ချင်ခြင်း" ဆိုတဲ့ ဥစ္စာဟာ မိန်းမသား တွေမှာ တကယ် တစ်ခု ကြီးရဲ့ ဖြစ်တယ်၊ အဲဒီ ချင်ခြင်းဖြစ်တာဟာ မရလို့ ရှိလျှင် သေတောင် သေနိုင်တယ်၊ အဲ "ချင်ခြင်း" တစ်ခု ဖြစ်နေတယ်၊ "ဘာဖြစ်တုန်း"၊ "ရှေဟင်္သာ မစီးရဲ့ တရားကို နာချင်တဲ့ဆန္ဒ အပြင်းအပြ ဖြစ်နေပါတယ်"၊ သူဖြစ်တဲ့ ချင်ခြင်းက မတရားချင်ခြင်းမဟုတ်တော့ ရှင်ဘုရင်က မယယ်နိုင်ဘူးလေ၊ အင်မတန် တရားတဲ့ ချင်ခြင်း၊ ဗီတော့... ရှင်ဘုရင်က "အို-လူ့လောကရှိလျှင် ဖြစ်ရမှာပေါ့" လို့ ပြောတယ်၊ ဘုန်းကြီးက သဘောကျတယ်။

ကြင်ကြင်နာနာ ဘုန်းကြီးက လောကကြီးမှာ ကြင်ကြင်နာနာနဲ့ နေကြဘာကို သိပ်သဘောကျတယ်၊ ကျောင်း တိုက်မှာ မကြာခဏ ပြောတယ်၊ "ငါက ထာဝရဘုရားဆိုလျှင် ဖန်ဆင်း ပေးချင်တာလို့၊ ငါ ထာဝရဘုရား မဟုတ်လို့၊ အိမ် ထောင်တွေ့ ဘာတွေဟာ အကုန် သင့်သင့်မြတ်မြတ်ဖြစ်အောင် ငါဖန်ဆင်းပေးချင်တယ်" လို့၊ အခုလဲ ဝမ်းသာလိုက်တာလေ အရှင်ဆာရိပုတ္တရာအလောင်းက "အို-လူ့လောကကြီးထဲရှိလျှင် ရမှာပေါ့" တဲ့၊ ဘယ်မဖြစ်နိုင်တာတွေ့၊ ဘာတွေ့ မပြောဘူး၊ "ရမှာပေါ့" ဆိုပြီးတော့ နှစ်သိမ့်အောင် ပြောပြီးတော့ ထလာ ခဲ့တယ်။

မုဆိုးစည်းဝေး နောက်တော့ တစ်နှိုင်ငံလုံးမှာရှိတဲ့ မုဆိုးတွေကို အစည်းအဝေးခေါ်တယ်၊ လာကြတယ်၊ "မုဆိုးကြီးများ.... ရွှေဟသ်ာဆိုတာ ရှိသလား"၊ ဒီတော့ တစ်ယောက်က "အား-ရှိပါတယ်၊ မိတများ ဖိုးဖွားများ လက်ထက်က ရွှေဟသ်ာရှိတဲ့အကြောင်းကို ကြားဖူးပါတယ်"၊ "ရွှေဟသ်ာက စကား ပြောတတ်သလား"၊ "တချို့ ပြောတတ်ပါတယ်၊ ကြားဖူးပါတယ်"၊ ဒီတော့ အဲဒီမုဆိုးကို ပြောတယ်၊ "ဒီ ရွှေဟသ်ာကို အသင် ရအောင် ဖမ်းပေးနိုင်မလား" လို့ ဆိုတော့ "ဟို- အဝေးကြီးမှာ နေပါတယ်၊ တိုက်ရိုက်သွားဖမ်းလို့ကတော့ မရနိုင်ပါဘူး၊ ဥာဏ်နဲ့ ပရိယာယ်နဲ့ ဖမ်းလျှင်တော့ ရလောက်စရာ ရှိပါတယ်" လို့ ဆိုတော့...။

ဘေးမဲ့ရေကန် "ကောင်းပြီ၊ အမောင်- ဒီ ရွှေဟသ်ာရအောင် ဆောင်ကြဉ်းပေးပါ" လို့ ဆိုတော့ သူက ပြောတယ်၊ "ဟို မြို့နဲ့ တော်တော်လှမ်းလှမ်းမှာ ဘေးမဲ့ရေကန်ကြီး, မိုင်ပေါင်း အများကြီးကျယ်တဲ့ ဘေးမဲ့ရေကန်ကြီး တည်ရပါ့မယ်၊ ဒီအထဲမှာ ရေတွေအပြည့် သင်းပြီးတော့ကာ သဲလေးစပါးတွေ, ဘာတွေ စိုက်ရပါ့မယ်၊ ဒီ့ပြင် ရေ,သစ်ပင်တွေ, ဘာတွေ စိုက်ရပါ့မယ်၊ အဲဒီအစဉ်မှ သဲလေးစပါးတွေ, ဘာတွေကို စားဖို့ရန် ငှက်တွေလာရာက တစ်ဖြေးဖြေး အတော်ကြာတော့, အတော် ဆိုတာ လပေါင်း အတော်ကြာတော့, ဒါမှမဟုတ် နှစ်နည်းနည်း ကြာတော့ ရွှေဟသ်ာတွေ ရောက်လာပါလိမ့်မယ်" လို့ ပြောတယ်။

ပြောတော့ - တစ်ခါထဲ ရေကန်ကြီးတူးဘာဘဲ ဘေးမဲ့ ရေကန်ကြီး၊ ဘုန်းကြီးတို့ရွေးက ဆာဆနာဝင်ပေါ့နော်၊ သူတော် ကောင်းတွေ၊ ရောက်ကြီးတူ ပြီးတော့ မုဆိုးက အမြဲစောင့်နေတယ်၊ ဒီ့ပြင်သူဆိုလျှင် တစ်ယောက်မှ မလာရဘူး၊ မုဆိုးကတဲ့ ပုန်းရှိုးကွယ်ရှိုး မမြင်အောင် စောင့်နေတယ်၊ အဲဒီလို စောင့်ပြီးတော့ နေရာက မုဆိုးက "ဘယ်ငှက်တွေ ရောက်လာပြီ၊ လူနဲ့ အင်မအန်ဝေးတဲ့ ဘယ်ငှက်တွေရောက်လာပြီ" ပြီးတော့ ရှင်ဘုရင် ဆီလဲ ကြားကော သံတော်ဦးတင်မှာပေါ့။

အလောင်းတော်များ နောက်တော့ ဟသ်ာတွေ ရောက်လာတယ်၊ ရွှေဟသ်ာမျိုးတော့ မဟုတ်သေးဘူး၊ ဟသ်ာတွေ ရောက်လာရာက တစ်ဖြေးဖြေး မြေလှီလာပြီ၊ ရွှေဟသ်ာများတော့ ရောက်ဖို့ နီးပြီ၊ ထိုရွှေဟသ်ာများရဲ့ အုပ်ချုပ်တဲ့အထဲမှာ ရွှေဟသ်ာက ဘုရားအလောင်း၊ ပြီးတော့... အဲဒီ ရွှေဟသ်ာမင်းရဲ့ စစ်သူကြီးက အရှင်အာနန္ဒာအလောင်း၊ ရှင်းပြီနော် ရှင်းပြီ၊ မုဆိုးက ဆန္နအမတ်အလောင်း၊ ဘုန်းကြီးက သိပ်သဘောကျတယ်၊ ဒီနေရာကို သူတော်ကောင်းတွေ စုမိတာကို သိပ်သဘောကျတယ်။

ခွင့်တောင်း ဒါနဲ့ တရုဉ်ရွှေဟသ်ာများရဲ့ အုပ်စုက ဟသ်ာတွေက ဒီအနဲရဲ့အကြောင်းကို သူတို့ဟသ်ာချင်းကြားတော့ သွားချင်ကြတယ်၊ "သွားပါရစေ" လို့ ရွှေဟသ်ာမင်းကို သံတော်ဦးတင်ကြတော့ "ဟာ-မသွားနဲ့၊ လူတွေဆိုတဲ့ဥစ္စာ စိတ်ဖောရဘူး၊ လူနဲ့နီးရင် ဒုက္ခဘေးရန်မကင်းပါဘူး၊ မသွားပါနဲ့" လို့

တားလို့ နေကြပြန်ရော၊ နောက်ဒီ ပြဝိဟသ်ာတွေနဲ့ စကားစပ်မိ ကြပြန်တော့ "ဟာ လူတစ်ယောက်မှ မလာဘူး"၊ သူတို့က ပြော ကြတယ်၊ "တစ်ယောက်မှ လူမရှိဘူး၊ သိပ်ပြီးတော့ ပေါမျှား တာဘဲ စားစရာတွေက"၊ ဒါနဲ့ ရွှေဟသ်ာမင်းကို ခွင့်တောင်းကြ ပြန်ရော။

ရွှေဟသ်ာရောက်လာ ဒီလိုနဲ့ ခွင့်ပြုတော့ရင်းဖန်များတော့ ရွှေ တသ်ာမင်းက "ကဲလေ... သူတို့နဲ့ မဆန့်ကျင်ပါဘူး" ဆိုပြီးတော့ "ကဲ- သားကြတာပေါ့၊ ဒါဖြင့် ငါလဲ လိုက်မယ်" ကိုး၊ သူတို့ချည်း စီစဉ်မချလို့၊ ဒီဟာလဲ အလောင်းတော်ရဲ့ စိတ်တားကို သဘောကျလိုက်တယ်၊ ဒါနဲ့ "ဒါလဲ လိုက်မယ်" ဆိုပြီးတော့ ရွှေဟသ်ာမင်းပါ လိုက်လာတယ်၊ လိုက်လာတော့ ရွှေဟသ်ာပါတယ်ဆိုလျှင်ဘဲ မုဆိုးက "ဟာ- ရွှေ ဟသ်ာရောက်လာပြီ" အားလုံးပဲ မိုးသာအားရဖြစ်ပြီး ရှင်ဘုရင် ကိုလည်း ဆံတော်ဦးတင်တယ်၊ ရှင်ဘုရင်က "သတိနဲ့ နော့်သတိနဲ့ နော့် ရဟန်းစေနော်"၊ နောက်တော့ သူက တစ်ခါတစ်ခါ အိုးကြီး ထဲကပါ ကယ်ပြီးတော့ ကြည့်နေတယ်။

သမာဓိကြီး ရွှေဟသ်ာက မနေ့တုန်းက ဒီနေရာကျတယ်ဆိုလျှင် နောက်တစ်နေ့လဲ ဒီနေရာကျတယ်၊ တစ်ခါ ဒီနေ့ ဒီနေရာကျတယ်ဆိုလျှင် နောက်တစ်နေ့လဲ ဒီနေရာကျတယ်၊ နည်း နည်းလေးမှ မပြောင်းဘူး၊ သိပ် သမာဓိကြီးတာဘဲ၊ သဘာဝ- သဘာဝ၊ သိပ်သမာဓိကြီးတာဘဲ သူဟော်ကောင်းများ၊ ဘုရား အလောင်း သိပ်သမာဓိကြီးတာ၊ ဟိုနား ဒီနား လှည့်ပြောင်းပြီး တော့ ဒီလိုမဟုတ်ဘူး၊ ဒီနေထုတဲ့။

ကျောက်ကင်းမိ ဒါနဲ့ သေချာနေပြီ၊ မုဆိုးက နှက်ဖန်ခါ ဒီနေ့လို ကျမှာဘဲ ဆိုတာ သေချာပြီ၊ သေသေချာချာ တော့ကို တစ်ခါထဲ ကျောက်ကင်းထောင်ပြီးတော့ ချထားလိုက် တယ်၊ နက်ဖြန်ခါ ရွှေဟသ်ာမင်းလဲ ရေထဲကိုကျတော့ ကျောက်ကင်းနဲ့ မီတာတဲ့၊ ရွှေဟသ်ာမင်းက ခြေထောက်ကို လှုပ်ကြည့်တယ်၊ ကြိုး တင်းသွားတယ်၊ ကျောက်ကင်းမိမိချင်း သတိ ဘယ်လောက်ကောင်း ထားတုန်းလို့ ဆိုတာ "ဟာ...ငါ ကျောက်ကင်းမိပြီဟေ့" လို့ များ အော်လိုက်လို့ ရှိလျှင် ဆွေမျိုးဟသ်ာတွေဟာ အဝေးကြီးက ပုံလာ ပြီးတော့ ဘာမှမစားရဘဲနဲ့ ပြန်ပြေးလာရမယ်၊ ပြေးလို့ ရှိလျှင် သမုဒ္ဒရာထဲကျပြီးတော့ သေကြရတော့မှာဘဲ၊ သမုဒ္ဒရာကို ဖြတ်ပြီး တော့ လာကြရတယ်။

ကြိတ်ရွန်းကြည့် ဒါနဲ့ မအော်ဘူး၊ တစ်ခါထဲ ကြိတ်ပြီးတော့ ရွှန်းကြည့်တယ်၊ အပေါ်က အရေလေးတွေ စုတ်သွားပါတယ်၊ ထပ်ပြီးတော့ ရွှန်းကြည့်တယ်၊ အတွင်းအရေ တွေ စုတ်သွားပါတယ်၊ ထပ်ပြီးတော့ရွှန်းကြည့်တယ်၊ အသားတွေ ပြတ်သွားပါတယ်၊ နောက်တစ်ခါ ရွှန်းလျှင် အရိုး ကျိုးဖို့သာ ရှိတယ်၊ ဒီတော့ ရွှေဟသ်ာမင်းက "ရှင်ဘုရင်ဆိုတာ အင်္ဂါချို့ယွင်း လို့တော့ မတော်ဘူး၊ သေတာကောင်းတယ်၊ ဒီတော့ နောက်တော့ ငါ အရိုးကျိုးအောင် မရွန်းတော့ဘူးလေ" လို့ ဆိုပြီးတော့ ဒီလိုဘဲ နေတယ်။

ပါသလားကြည့် ဟိုက ဆွေတွေ မျိုးတွေ ဟသ်ာတွေကို အစားအသောက် စားပြီးတော့ ရေထဲမှာ ပျော်ပြီးတော့ နေကြတုန်းမှာ အဲဒီကျမှ "သူတို့စပြီလေ" လို့

ဆိုပြီးတော့ ဝိမိုကို ကျော့ကွင်းမီနေပြီဆိုတဲ့ အသံမျိုးကိုဆော်လိုက်တော့ အားလုံး လန့်ပြီးတော့ ပြေးကြတယ်၊ လန့်ပြေးတဲ့အထဲမှာ ဘုန်းကြီးတို့ အရှင်အာနန္ဒာအလောင်း စစ်သူကြီးက ပထမအသုတ်ကို မှီအောင်လိုက်တယ်၊ ဒီအထဲမှာ ဟယ်ာမင်း ပါသလား၊ မပါဘူး။

ဒုတိယအသုတ်ကို စောင့်ပြီးကြည့်တယ် "ဟယ်ာမင်းပါသလား၊ မပါဘူး"၊ တတိယအသုတ် စောင့်ကြည့်တော့ "ဟယ်ာမင်းပါသလား၊ မပါဘူး"။

ပြန်လာ "ဟာ-ခုနကမိတာဟာ ဒို့အခင်ဗျ" လို့ ဆိုပြီးတော့ ပြန်လာတယ်၊ အချောင်သမား မဟုတ်ဘူးနော်၊ သူ့အနေသားသားဗျ၊ ခုနေ ပုံပြေးလိုက်လဲ ပြီးတာဗျ၊ မဟုတ်ဘူး ပြန်လာတယ်၊ ဘုန်းကြီးက ဒါတွေကို သဘောကျနေတယ်။

ပြန်လာပြီးတော့ ဒီနားမှာ ဆင်းတယ်၊ ဒီနံဘး ဆင်းပြီးတော့ စီကဟယ်ာမင်းက "သွားတော့" "မြန်မာလိုပြောလျှင် "ငါကသေလူငါ့ကိုအဖေါ်လာမလုပ်နဲ့ တော့ သွား" လို့ ပြောတော့ စစ်သူကြီးက "သေလဲ အတူသေပါ့" ခွန့်ပြီးတော့ မသွားနိုင်ဘူး၊ ဒါနဲ့ ဒီလိုနေတုန်းမှာ မုဆိုးက ပြေးလာတာဗျာ၊ ဟယ်ာမင်းကို ရဖို့က သူ့မှာ အရေးကြီးတယ်ကိုး၊ ပြေးလာတော့ စစ်သူကြီးဟယ်ာက တစ်ခါထဲ မုဆိုးလာတယ်ဆိုလျှင်သဲ့ ရွှေက ခပ်ဝေးဝေးပုံပြီးတော့ ကြိုပြီးစကားပြောတယ်၊ မတော်များ ရိုက်လိုက်မှာစိုးလို့ ဟယ်ာမင်းကို ရိုက်လိုက်မှာစိုးလို့ ကြိုပြီး စကားပြောတယ်။

ဟယ်ာမင်းလွတ်ပါ မုဆိုးကလဲ အံ့အားသင့်နေတယ်၊ မီတာက ဟယ်ာတစ်စီးဘဲ၊ အခု တစ်စီးက အနားကနေပြီးတော့ မခွါဘူး၊ အံ့နေတယ်၊ ဒီတော့ စစ်သူကြီး ဟယ်ာသမုဒက ပြောတယ်၊ "ဒီခုမိတဲ့ဟယ်ာက သာမန်တော့ မဟုတ်ပါဘူး၊ ဟယ်ာကိုးသောင်းရဲ့မင်းပါ။ ရွှေဟယ်ာပါ၊ ဒီတော့ အာဝဇ္ဇာကို အကျိုးမျှော်ပြီးတော့ ဖမ်းပါတုန်း၊ အသားဖို့ဆိုလျှင် ကျုပ်ကိုဖမ်းပါ၊ ရွှေဟယ်ာမင်းတော့ လွှတ်ပါ၊ ကျုပ်ဒီအသက်နဲ့ လဲပါမယ်၊ ကျုပ်အသားနဲ့ ရွှေဟယ်ာမင်းအသားနဲ့ အလေးချိန်ဘာမှမကွာပါဘူး လဲပါ"၊ မုဆိုးက နားစိုက်နေတယ်၊ သူက ဆန္ဒအမတ်လောင်းကိုး၊ "ဒါမှမဟုတ် ဏာပြီးတော့ ဟိုတိုဒီမှာ အကာခိုင်းပြီးတော့ ပိုက်ဆံရဖို့အာဇီဝရှာမယ်ဆိုလို့ ရှိရင်လဲ ကျုပ်က မပါမယ်၊ ဟယ်ာမင်းကို လွှတ်ပါ။

စိတ်နှုးညံ့ တယ်ကြွက်တယ်၊ ဘုန်းကြီးက သိပ်ကြွက်တယ်၊ ဘုန်းကြီးတို့ စိတ်တွေဟာ ဒီနည်းတွေနဲ့ နှုးညံ့နေကာ၊ ဒီအကြောင်းအရာတွေနဲ့ နှုးညံ့နေတာ၊ မြန်မာပြည်က လုပ်နည်းကိုင်နည်းတွေနဲ့ နှုးညံ့နေတာမဟုတ်ဘူး၊ ဒါနဲ့ မုဆိုးက ပြောတယ်- "အသင့်ကို ကြည်ညိုလို့ အသင်သုမုခကို ကြည်ညိုလို့ ကျုပ် ဟယ်ာမင်းကိုလွှတ်ပါမယ်" ဆိုပြီးတော့ ဖစ်ခါထဲ သာသာကလေး သွားပြီးတော့ ပြေပြီးတော့ ကုန်ပေါ်မှာ ဟယ်ာနှစ်စီး စလုံး ယူလာပြီးတော့ မြက်ကလေးတွေပေါ်မှာချပြီး ရေကလေးနဲ့ လေ ဆန္ဒအမတ်လောင်း မုဆိုးက ရေကလေးနဲ့ ခြေထောက်ကို ခုနက သွေးတွေ စာတွေ ထွက်နေတဲ့ ခြေထောက်ကို ဆုပ်ဆုပ်

ဆုံဆုံ ဒဖးလိုက်တာ မကြာခင် အသားတွေ အရေတွေ ပြန်ပြည့် ပြီးတော့လေ ဟသ်ာမင်း ဒီနားမှာ လမ်းလျှောက်လို့ ရသွားတယ်၊ အို- ဝမ်းသာလိုက်တာ စစ်သူကြီးသုမုခက "ငါ့ကြောင့် ငါသခင် ခုချက်ချင်း ထောက်နိုင်နေပြီ၊ လမ်းလျှောက်နိုင်နေပြီ" ဝမ်းသာ အားရ ဖြစ်နေတယ်။

ကိုယ်လွတ်မရှန်း ဒီတော့ သုမုခက ဒီအခါမှာ အရှင်အာနန္ဒာရဲ့ အလောင်းက သိပ်ပြီးတော့ ကောင်းနေတာ ဘဲ၊ "အသင်အာဖြစ်လို့ဒို့ရဲ့ ဟသ်ာမင်းကိုဖမ်းတုန်း" လို့ ဆိုတော့ "ဟာ-ခုနကလို အသားစားဖို့တွေဘာတွေ မဟုတ်ပါဘူး၊ ရှင်ဘုရင် အဖမ်းခိုင်းလို့ပါ၊ ဒါကြောင့် အသင်တို့နစ်ပါးတော့ သွားကြပါ တော့ ပြန်ကြပါတော့" "ဟာ... ရှင်ဘုရင်က ဒို့ကို အဖမ်းခိုင်း လျှင်တော့ သင့်မှာ လွတ်ခွင့်မရတူး၊ လွတ်လျှင် တော်ကြာတော့ သင့်မှာ ဒဏ်သင့်ကုန်လိမ့်မယ် ဒို့ကို မလွတ်နဲ့" လို့ ပြောတယ်၊ ကြည့်စမ်း ကြည့်စမ်း ကိုယ်လွတ်မရှန်းဘူး၊ ဒီသူတော်ကောင်းတွေကလေ ကိုယ်လွတ် မရှန်းဘူး၊ ဒို့လွတ်ပြီးရော ဆိုပြီးတော့ကာ ဘယ်သူဘာဖြစ်ဖြစ် ဖြစ်ချင်ရာဖြစ်လို့ ဒီလိုမသာဘူး၊ သူ့ အကျိုးကို သိပ်ငဲ့တာဘဲ။

စာရင်းထိုပို့ "ဟာ... မဟုတ်ဘူး ရှင်ဘုရင်ဆိုတဲ့လူမျိုးဟာ စိတ် ချရတာ မဟုတ်ဘူး၊ တော်တော်ကြာ ညနေ စဖို အိမ်မှာ "ဟသ်ာတွေကို ချက်လိုက်" ဆိုလျှင် မခက်လား၊ ပြန်ကြပါ တော့"၊ "ဟာ... မဟုတ်ဘူးမုဆိုး၊ ဘဲငှက်တောင်မှ သင့်စိတ်တောင်မှ နှုးညံ့အောင် စကားပြောနိုင်သေးတဲ့ဥစ္စာဘဲ၊ ပညာရှိ ပညာမနဲတဲ့

ရှင်ဘုရင်ကို ငါပြောနိုင်ပါလိမ့်ဟယ်၊ ဒို့ကို အဲဒီသာ ပို့ပါ" လို့ ဆိုတယ်၊ အဲဒီကို ပို့ပါလို့ ဆိုတော့—

ဟသ်ာနှစ်စီးကို ဘေးက ကြာပန်းတွေရုံလို့ ဆိုင်းနဲ့ ထမ်းပြီး တော့ ပို့ရတော့၊ အဲဒီကိုပို့ လို့ ဟိုရောက်တော့ ဝမ်းသာအားရနဲ့ ဘုရားအလောင်း ဟသ်ာမင်းကို ရှင်ဘုရင်က လက်ပေါ် ပွေ့ပိုက်လို့ မိဖုရားက စစ်သူကြီးဟသ်ာမင်းကို ပိုက်လို့၊ ဆုပေးလွှင့်ပေါ် တင်ပြီးတော့ ပေါက်ပေါက်တွေ့ ဘာတွေနဲ့ အဲဒီလို ကျေးပြီး တော့ မုဆိုးကြီးကိုလဲ ရွှာစားဆုတွေ့ ဘာတွေပေးလို့ အဲဒီလို နေပြီးတော့မှ တရားစကား ပြောကြတယ်။

အပြစ်တင် တရားစကား ပြောတော့ ဟို- အရှင်အာနန္ဒာ အလောင်းကတော့ ပထမတော့ အပြစ်တင် တာဘဲ၊ "တေးမဲ့ တေးမဲ့ဆိုပြီးတော့ သိပ်လိမ်တာဘဲ၊ တေးမဲ့ လို့လဲ ဆိုသေးတယ်၊ ခု ဒို့ကို ဖမ်းလိုက်တာ တေးမဲ့ရေကန်ကြီးနဲ့ သိပ်လိမ်တာဘဲနဲ့" အပြစ်တင်တယ်၊ သူကလဲ ပြုံးပြုံးပေါ့၊ သတ်ဖို့ ဖမ်းတာမှ မဟုတ်ဘဲ၊ တရားနာချင်လို့ ဖမ်းတာ၊ ဒါနဲ့ နောက် ဘုရားအလောင်းက "အားလုံး နှန်းတော်သူ၊ နှန်းတော်သား တွေရော အားလုံး ကျန်းကျန်းမာမာ ရှိကြရဲ့နော်" လို့ နှုတ်ခွန်း ဆက်ပြီးတော့ကာ ပြောတယ်။

မကြောက်ဘူးလား

ကစ္စိ မတ္တော မဒနီယေ, ပရုလောကံ နဘာယသေ။

မဒနီယေ – မေ့လျော့ဖွယ်ရာ, ငါးဖြာအာရုံ, ကာမဂုဏ်ထဲ၌၊ မတ္တော – မေ့လျော့၍ နေသည့်အတွက်၊ ပရုလောကံ – သေခါနီး

ကျွတော့ တမလွန်လောကအရေးကို၊ နဘာယသော–မထိက်လန့်မကြောက်ရွံ့ဘဲ ရှိပါ၏လော-လို့ တရားဘဲ မေးတယ်။

"စည်းစိမ်တွေတာ အင်မတန်ကြီးတာဘဲ၊ မေ့စရာ ဟိုအာရုံနဲ့ နေလိုက်၊ ဒီအာရုံနဲ့ နေလိုက်၊ အဲဒီမေ့စရာတွေနဲ့ မေ့ပြီးတော့ တစ်ခါတစ်ခါ တမလွန်ဘဝအရေးများ တွေးတော့ မကြောက်ဘူးလား" ဆို့...၊ ရေရှိတယ်၊ တိရစ္ဆာန်ရှိတယ်၊ ပြိတ္တာရှိတယ်၊ တမလွန်ဘဝတွေနဲ့ မကြောက်ဘူးလား-တဲ့၊ ဒီတော့ ဟိုက အချင်သာရိပုတ္တရာအလောင်း မဟုတ်လား, သံယမမင်းက။

မင်းကျင့်တရား

ဒါနံ သီလံ ပရိစ္စာဂံ, အဇ္ဇဝံ မဒ္ဒဝံ တပံ၊
အက္ကောဓံ အဝိဟိံသဉ္စ, ခန္တီဉ္စ အဝိရောဓနံ၊
ဇာနွေတေ ကုသလာမွေ့, ဌိတေ ပဿာမိ အတ္တနံ၊
တတော မေ ဝေယျတေ ပိတိ, သောမနဿဉ္စ နပွကံ။

ဒီမှာ မင်းကျင့်တရား ဆယ်ပါးဘဲ၊ မင်းကျင့်တရား ဆယ်ပါးဟာ အမျိုးကောင်းသား, အမျိုးကောင်းသမီးများလဲ ကျင့်နိုင်တဲ့ ဆယ်ပါးဘဲ၊ ဘုန်းကြီးတို့ရဟန်းသံဃာများတာ ကလဲ ကျင့်နိုင်တဲ့ ဆယ်ပါး၊ အင်မတန် ကောင်းတယ်။

ဘုရားအလောင်းအလှူ ၁။ ကဲ- ပထမဆုံး ဒါနံ = စွန့်ကြဲပေးကမ်း လှူခါနီးရှိနေ ဆိုတဲ့ဒါနကို၊ အတ္ထနိ မိမိ၌၊ သမ္ပယဿ္ဆော-ကောင်းစွာအသင့်, မြင်ရသည်ဖြစ်၍၊ ပရလောကံ - တမလွန်အရေး, နောင်ခါဘေးကို၊ နဘာယသော-မြော်တွေး ထောက်ဆ၍, မကြောက်ရပါသတည်း။

ဒါနရှိတယ်၊ကြည့်စမ်း– ဒါန၊ အဲဒီရှင်ဘုရင် ဘုရားအလောင်း အရှင်သာရိပုတ္တရာအလောင်း ပြုတဲ့ ဒါနဟာလေ၊ အလှူတင်းကုတ်ဆောက်ပြီး ဘယ်ပုဂ္ဂိုလ်တွေ ပေးနေတုန်းလို့ ဆိုတော့ စီးပွားဥစ္စာဘာမှမလုပ်တဲ့ အပိုကိုမရှိတဲ့ သမဏ-ရဟန်းသူတော်ကောင်းများ, ရသေ့များ၊ ဒါလဲဘဲ သူတို့ ပင့်နေတာ မဟုတ်ဘူး, ပင့်တာမဟုတ်ဘူး၊မရှိလို့ လာစားလျှင် စားကြရဟယ်၊သမဏတွေ ပြတ္တဏတွေ၊ ပြီးတော့ ခရီးသွားယင်း ရိက္ခာပြတ်လို့, ဝယ်စရာလဲ မရှိလို့ အဲဒီလို ခရီးသွားညည်းသည်များလည်း ဒီ အလှူတင်းကုတ်မှာ လာစားကြတယ်၊ ပင့်နေတာ မဟုတ်ပါဘူး၊ ဖိတ်နေတာ မဟုတ်ပါဘူး၊ လာစားကြတယ်။

အမြဲ ဒီလိုလာစားရမှန်းလဲ သိနေကြတယ်၊ပြီးတော့ ဟုန်းကောင်းယာစကာတွေ၊နဂိုတုန်းတာ တောင်းစားလေ့ရှိတဲ့သူတွေ အဲသူတို့လဲ ဒီမှာ လာစားကြတာယ်၊ လပဏ = အထီးကျန်မဲ့ ဆင်းရဲ့, ဆွေမရှိ, မျိုးမရှိ, စီးပွားဥစ္စာ မရှိ, လုပ်စရာ ကိုင်စရာမရှိ၊ အဲဒီပုဂ္ဂိုလ်တွေကလဲ အချိန်ကျလျှင် ဒီအလှူရုံသာစားကြတယ်၊ ဖိတ်မနေပါဘူး၊ ပင့်မနေပါဘူး၊ လာစားကြတယ်၊ ပြီးတော့ အနာဇော ဂါတွေ ဖြစ်ပြီးတော့ မလုပ်နိုင် မကိုင်နိုင် ဒီလိုဆင်းရဲတဲ့ သူတွေကလဲ လာစားကြတယ်။

ကြပ်ကြပ်စည်းစား အလှူခံကာ ကြပ်ကြပ် စည်းစားနော်၊ ဟော.... ဘုန်းကြီး ပြောနေတဲ့ အလှူခံ ပုဂ္ဂိုလ်တွေဟာ ဘယ်လိုပါလား၊ အလှူအမ စည်းစားနော်၊ သံယမမင်းကြီးတို့ ဒေမာဝိဖုရားတို့ လှူနေတဲ့ အလှူတင်းကုတ်ဟာ

ဘယ်လို ပဋိပုဒ်လမ်းတွေလာလိမ့်မလဲလို့ ဆိုတဲ့ဥစ္စာ စဉ်းစားကြည့်လို့ ရှိလျှင် "ဟင်... မော်တော်ကားလဲ တစ်စီးမှ မပါပါဘဲလား"၊ ဟုတ်ကဲ့လား၊ အင်း- မရှိလို့ လားစားကြတယ်၊ ကိုကလဲ ပျော်လို့ "အံမယ်ဓလား မင်း-မိဖုရားများကျွေးပေလို့"၊ မရှိတဲ့ သူတွေကလဲ မင်း-မိဖုရားများ တစ်ခါတစ်ခါ သွားကြည့်တယ်၊ စားကြ၊ သောက်ကြတာတွေကြည့်ပြီးတော့ ပျော်လို့ နေကြတယ်။

ဒီ ဘုန်းကြီးတို့ လေ့လာနေတာက, ဘုန်းကြီးတို့ မြင်နေတာက ဒီ တရားနော်၊ ဒီ အလောင်းတော်တွေနော်၊ ဒီ အလောင်းတော် သူတော်ကောင်းတွေရဲ့ လမ်းစဉ်ကို မြင်တယ်နော်၊ ခုနက မြန်မာ ရှင်သုရင်တွေရဲ့ လမ်းစဉ်ကို ဘုန်းကြီးက ကောက်ချက်ချပြီးတော့ ပြောခဲ့ဘယ်နော်၊ နားလည်ပါ့နော်။

သီလ ၂။ သီလံ - ငါးပါး ရှစ်ပါး, ဆယ်ပါးက-စ, ဆိုင်ရာ သီလကို,... ဒီ ရှင်ဘုရင်လုပ်နေပြီးတော့ သီလမယ့်က ပါဘူး၊ ငါးပါးသီလ အမြဲရှိတယ်၊ ဥပုသ်သီတင်းနေ့ကျလျှင် ဥပုသ်စောင့်တယ်၊ အဲဒီလို နေတာ၊ ဒီတော့ တမလွန်ဘဝ ဘာကြောက်စရာရှိတော့လဲ၊ ငါးပါးသီလမြဲနေတယ်၊ ဥပုသ်သီတင်း သီလဆောက်တည်တယ်၊ အလှူခါနေပေးတယ်၊ ဘာ ဘဝတစ်ခုကို ကြောက်စရာရှိတော့လဲ။

စွန့်ကြဲ ၃။ ပရိစ္စာဂံ - ခုနကလို အလှူပေးပြီးတော့ ဆင်းရဲတဲ့ သူတွေကို စွန့်ကြဲတယ်၊ ခုနက အလှူတင်းကုတ်မှာ စားစရာတင် မဟုတ်ဘူး၊ ဝတ်စရာလဲ ပါတယ်၊ ဒီလို။

ဟန်မဆောင် ၄။ အဇ္ဇဝံ - ရိုးသားဖြောင့်မတ်တယ်၊ မရိုး မဖြောင့်မတ်သာ ဘာတုန်းလို့ ဆိုတော့ ဒီ မာယာနဲ့ သာဒ္ဓေယျကို မရိုးမသား မဖြောင့်မတ်ဘူးလို့ တရားက ပြောတယ်၊ တရားကိုယ်က မာယာဆိုတာ ဘာတုန်းလို့ ဆိုတော့ "ကိုယ့်ရှိတဲ့ အပြစ်တွေ ဖုံးတာဘဲ" အပြစ်မရှိသယောင်၊ ပရိသတ်ထဲမျှား သွားတဲ့အခါ သူ့မှာ အပြစ်မရှိလေအောင် ဟန်ဆောင်ပြီးတော့ နေတယ်၊ ဘုန်းကြီးဖြစ်လဲဘဲ သူ့မှာ အပြစ်မရှိလေအောင် ဒီ ပြင် အဏ္ဏာတွေနဲ့ ဟန်ဆောင်တယ်၊ လူဖြစ်လဲဘဲ သူ့မှာ အပြစ်မရှိလေအောင် ဒီ ပြင်သူတွေနဲ့ ဟန်ဆောင်တယ်၊ ဒါမျိုး သံယာမမင်းမှာ မရှိဘူး၊ ဟန်ဆောင်စရာ အပြစ်ကို မရှိဘူး၊ ဒါ မာယာဘဲ။

မကြွး သာဒ္ဓေယျဆိုတာ ကိုယ့်မရှိစဲ့ ဂုဏ်တွေကို သူများက အရှိထင်အောင်လို့ ကြွားတာ၊ မရှိတော့ မရှိဘူး၊ မရှိပေမယ့် အရှိထင်အောင် ကြွားတယ်၊ အုတ်ဘိုက်ကြီး တည်နိုင်လောက်အောင်တော့ မရှိဘူး၊ ကြံဖန်ပြီးကော သူလုပ်ပြီး အုတ်ဘိုက်ကြီး တည်တယ်၊ စိန်တွေ ရွှေတွေ ဝယ်နိုင်လောက်အောင်တော့ မရှိဘူး၊ သူများအထင်ကြီးအောင် ကြံဖန်ပြီးတော့ သူ လုပ်တယ် "ဒါ မရှိတာကို ရှိဟန်ဆောင်တဲ့ဥစ္စာက သာဒ္ဓေယျ" လို့ ဆိုတယ်၊ ဒါတွေ အကောက် အကျစ်ချည်းပါဘဲတဲ့၊ အဲဒါမျိုး သံယာမမင်းမှာ မရှိဘူး၊ ဒီ အရှင်သာရိပုတ္တရာ အလောင်း သံယာမမင်းမှာ မရှိပါဘူး၊ ဟို ဓမ္မာဇေရီအလောင်း ဓမ္မာမိဖုရားမှာလဲ မရှိပါဘူး။

နူးနူးညံ့ညံ့ ၅။ မဒ္ဒဝံ-နူးနူးညံ့ညံ့ ပျော့ပျော့ ပျောင်းပျောင်း "ဘာလဲ" ဆိုတဲ့ အနေမျိုးနဲ့ "ငေါက်ငေါ ငန်းငန်း" မရှိဘူး၊ ပျော့ပျော့ပျောင်းပျောင်း၊ မှုးကြိုး မတ်ကြိ တွေနဲ့ စကားပြောလဲ ပျော့ပျော့ပျောင်းပျောင်း၊ မိဖုရားကလဲ အခြေအရံတွေနဲ့ စကားပြောလဲဘဲ "ရှင်မတို့ တူမကြီးတို့ ညီမတို့ လို့ ပျော့ပျော့ ပျောင်းပျောင်း စကားပြောတယ်၊ တယ် ကြည့်ရ စရာ ကောင်းတယ်၊ တယ် ချစ်စရာကောင်းတယ်၊ အဲဒီလို နူးနူးညံ့ပ ပြောတယ်၊ နေတော့လဲ နူးနူးညံ့ညံ့ နေတယ်၊ ဆောင့်ဆော ကြွားကြွား ထန်ထန်မာမာ ဒီလိုမဟုတ်ပါဘူး၊ စကားပြော နူးနူးညံ့ညံ့၊ နေတော့ ထိုင်တော့ သွားတော့ လာတော့လဲ နူးနူ ညံ့ညံ့၊ တယ် ကောင်းတယ်၊ ခုတော့ကြည့်စမ်း၊ ဒီအလောင်းတော တွေ့ အလောင်းတော်တွေ့ မဖြစ်ထိုက်ဘူးလား ဆိုတာ အတုမပ ထိုက်ဘူးလား ဆိုတာ စစ်ဆေးကြည့်စမ်း။

ဖြိုးခြံမူ စသည် ၆။ တပံ – ခြိုးခြိုးခြံခြံ ကျင့်တယ်၊ ဒီတော သိပ်ပြီးတော့ ကြွားကြွား မစတ်ပါဘူး၊ မစာ ပါဘူး၊ မနေပါဘူး၊ ခြိုးခြိုးခြံခြံ သင့်တော်ရုံလေးဘဲ၊ တပ ကောင်းတယ်, တယ်ကောင်းတယ်, အလောင်းတော်ကြီးတွေ

၇။ အကွောခံ–ဒီသူ့သဘာဝကိုယ်က ကောင်းနေတာ ဖြ တော့ ဒေါသသိပ်မထွက်ဘူး ဒေါသတကြီးနဲ့ ဘယ်မှာမှ ပြေး တယ် ဆိုတယ် မရှိဘူး၊ ဒေါသတကြီးနဲ့ ဆောင့်ကြီး အောင့်ကြီ နဲ့ သွားတယ် လာတယ်လို့ မရှိဘူး။

၈။ အဝိဟိံသံစ– ဘယ်သူမှ လက်နဲ့ တုတ်နဲ့ အမိန့်အာဏာ ဆြေငှာနဲ့ မညှဉ်းဆဲဘူး၊ တိုင်းသူ ပြည်သားတွေက ချစ်ကြောက် ကြည်ညိုနေတာဖြစ်တော့ ညှဉ်းဆဲစရာလဲ မရှိဘူး တယ်ကောင်း တယ်။

ခန္တီစသည် ၉။ ခန္တီံစ – သည်းခံတယ်၊ အားလုံး တိုင်းသူ ပြည်သားတွေ နည်းနည်းပါးပါး မှားလို့ ရှိလျှင် "နောက်မမှားကြနဲ့၊ နောက်ဒီလိုမလုပ်ကြနဲ့" မှုးကြိုး မတ်ကြိုး နည်းနည်းပါးပါးမှားလျှင် "နောက်ဒီလိုမလုပ်ကြနဲ့" သည်းညည်း ခံတယ်။

၁၀။ အဝိရောဓံ–ဘယ်သူနဲ့မှ မမဆန့်ကျင်ဘူး၊ ရှင်ဘုရင်ကလဲ တိုင်းသူပြည်သားနဲ့ မဆန့်ကျင်ဘူး၊ မိဖုရားကလဲ တိုင်းသူ ပြည် သားနဲ့ မဆန့်ကျင်ဘူး၊ အင်မတန်ကောင်းတယ်။

ဟူစေတေ ကုသလေ ဓမ္မေ၊ ဌိတေ ပဿာမိ အတ္တနိ၊
တထော မေ ဇာယတေ ပီတိ၊ သောမနဿဉ္စ နပွကံ။

ဒီကုသိုလ်တွေ မြင်နေတော့ တမလွန်ဘဝ မကြောက်ဘူးတဲ့၊ သိပ်ဝမ်းမြောက်နေတယ်တဲ့၊ အင်မတန်မှ ဝမ်းမြောက်ဝမ်းသာနဲ့ နေပါတယ်လို့ သံယမဓိပတိက ဘုရားအလောင်းကို ပြန်ပြီးတော့ ပြောတယ်။

ဒို့သွားလမ်း ဒီတော့ ဘုန်းကြီးက ဒို့သွားလမ်းက ဒီလမ်း၊ ဒို့အလှူဒကာ အလှူအမများရဲ့ သွားလမ်းက ဒီလမ်း၊ ဒီမြန်မာနိုင်ငံမှာဖြစ်နေတဲ့ သွားလမ်းမျိုးမဟုတ်ဘူး၊ ဒါကို လွန်ပြီးသားတွေ လွန်ပါစေလေ၊ နောက်ကိုတော့ ဒီတရားကို

စဉ်းစားပြီးတော့ စိတ်နေစိတ်ထားတွေ ပြောင်းပစ်လိုက်ကြစမ်း၊ ဘုန်းကြီးတို့က ပြောင်းထားတယ်၊ ပြောင်းပြီးပြီ၊ ပြောင်းလို့ ကုယ်ကုပ်ခွင်တဲ့လမ်းတွေကို လုပ်တော့ အခု အထိုက်အလျောက်လဲ ခရီးပေါက်နေပြီ။

သူများက ဘာတဲ့ပြောပြော ဒီလမ်းဟာ သူတို့ မသိလို့ပါဆိုပြီးတော့ ပြောင်းထားတာဟာ ခရီးကို အတော်ရောက်နေပြီ၊ အထိုက်အလျောက် ခရီးရောက်တော့ ကျေနပ်ပြီလား ဆိုတော့ မဟုတ်ဘူး၊ ဒီ ဆာဆနာကြီးဟာ ဘယ်လိုပြုပြင်လို့ ရှိလျှင် နိုင်ငံအကျိုးရှိတယ်၊ သာသနာ့ဝန်ထမ်းနေတဲ့ ရဟန်း သံဃာတော်များ အကျိုးရှိသယ်၊ ဘာသာနာ ကျက်သရေရှိတယ်၊ နိုင်ငံကို ကျက်သရေဆောင်နိုင်မယ်လို့ အဲဒီလမ်းတွေ မြင်ပြီးတော့ သာသနာ ပြုမယ်လို့ ကျောင်းတိုက်မှာ မကြာခဏ ပြောနေပါတယ်။

ပြန်လွှတ် ဒါကြောင့် ဒီလမ်းကို ပြန်ပြီးတော့ စဉ်းစားစမ်း ဘုရားအလောင်း ကဲ- အဲဒီလို ပြောဆိုပြီးတော့ နောက် အင်မတန် မိုးချုပ်ပြီ၊ နောက် မနက်လင်းလောက်ကျတော့ ဒီတရားတွေ ဘာတွေပြီးလို့ စကားတွေ ဘာတွေပြီးတော့ ဘုရားအလောင်းရော အရှင် အာနန္ဒာ အလောင်းရော ပြန်ဖို့ရန် စကားစမည် ပြောကြ နှုတ်ဆက်ကြတော့ နောင်လဲဘဲ တွေပါရစေလို့ ဝမ်းမြောက် ဝမ်းသာ လှုမ်းလှုမ်း ဆွတ်ဆွတ်နဲ့ လေသာနန်းက နေပြီးတော့ ဘုရားအလောင်းကို သံယာမင်းက ပွေ့လို့ ယက်ပေါ်ယင်လို့ အရှင်အာနန္ဒာအလောင်းကို ခေမာမိဖုရားက

ပွေ့လို့ လက်ပေါ်တင်လို့ လှုမ်းလှုမ်းဆွတ်ဆွတ်နဲ့ ပြုံးပြီးတော့ လွှတ်ကြရတယ်။

သူတော်ကောင်းချင်းတွေ ဒီတော့ ဘုန်းကြီးက သံဃာထဲမှာ စတွေတယ်ဆိုတဲ့ဥစ္စာ သူတော်ကောင်း သူတော်ကောင်းနဲ့ တွေ့တာဘဲ၊ ပါရမီဖြည့်ဘက်တွေဟာ တွေ့ကြတာဘဲ၊ ဒီတော့ ဘုန်းကြီးက ကျောင်းတိုက် သံဃာတွေကို ပြောတယ်၊ "မင်းတို့ ကောင်းကောင်းမနေချင် သွားပါ၊ နောက်တစ်ကြိမ် ပြန်တွေ့လို့ ရှိလျှင် အည့်စားတွေအဖြစ်နဲ့ ပြန်မတွေ့ချင်ဘူး၊ ကောင်းကောင်းမနေနိုင်လျှင် သွားကြပါ၊ ဒကာ-ဒကာမတွေလဲ ရေစက်ဆိုင်တဲ့ ဒကာ-ဒကာမတွေသာ လာကြပါစေ၊ မဆီမဆိုင်တဲ့ ဒကာ-ဒကာမတွေ သူတို့ဟာတွေနဲ့ သူတို့ နေကြပါစေး မိမိဆီဆောက်လာလို့ ရှိလျှင်တော့ ပါရမီ အနည်းဆုံး ဖြည့်နေတဲ့ သူတွေဖြစ်မှ ကြိုက်တယ်" လို့ အဲဒီလို ဘုန်းကြီးက ပြောနေပါတယ်။

အဲဒီလို ပြောနေတဲ့ဥစ္စာ ဒီဇာတ်ကိုကြည့်စမ်း၊ ဘုရားအလောင်းရယ်, အရှင် အာနန္ဒာအလောင်းရယ်, အရှင် ဆာရိပုတ္တရာ အလောင်းရယ်, ခေမာထေရီမ အလောင်းရယ်, ပြီးတော့ ဆန္နအလောင်း ပါလိုက်သေးတယ်၊ ဆန္နအမတ်လောင်းကြောင့်ဘဲ ဆာလျှင် ဒီလိုလျှောလျှာရှုပ်ရှုပ်နဲ့ မရှိက်နှက်ဖြစ်တဲ့အပြင် ခြေထောက်ကို တကတဲ မေတ္တာနဲ့ ဆုပ်ပြီးတော့, ရေတလေးတွေနဲ့ ဆုပ်ပြီးတော့ ချက်ချင်း အသားနုတက်အောင် လုပ်တာဟာ ဒီဆန္နအမတ်မို့လို့၊ ဒါကြောင့် ဒီနေရာမှာ ဘာကို ရေးထားသလဲ ဆိုတော့—

ပါရမီဖြည့်ဘက်

ဒွန္ဒဒုန္ဒာ သဠာရန္တိ, ပါရမီသဟစာရိနော၊
ဒုက္ခိတေ ဒုက္ခိတာ ဟောန္တိ, သုခိတေ သုခိတာ သဒါ။

ပါရမီသဟစာရိနော-ရွေးကြောင်း ရေစက်, မေတ္တာဆက်၍, နှစ်သက်ကြည်နူး, ပါရမီဖြည့်ဘက် နှစ်ဦးတို့သည်၊ ဒွန္ဒဒုန္ဒာ – လူဥ်လည်းစုံ, နတ်လည်းစုံ၍, ရွှေဘုံရိပ်စံ, တိရစ္ဆာန်လဲ, မောင်နှံတွဲကြကုန်လျက်၊ သဠာရန္တိ-တွေ့ရှုဘုံထဲ, ကြုံစမြဲမို့, မခဲအတူ, လှည့်လည်တော် မူကြလေကုန်၏၊ ဒုက္ခိတေ – ပါရမီဖြည့်သူက်တစ်ယောက်, ဒုက္ခရောက်သည်ရှိသော်၊ ဒုက္ခိတာ ဟောန္တိ – အလျင်းမကွဲ, အတင်းတွဲ၍, အညှဉ်းဆဲဒဏ်, အဆင်းရဲခံကြလေကုန်၏၊ သုခိတေ-ပါရမီဖြည့်ဘက်တစ်ယောက်, ချမ်းသာရောက်သည်ရှိသော်၊ သဒါ သုခိတာ – ကိုယ်စိတ်လန်းကာ, စန်းပမာသို့, လှမ်းကာအတူ, ချမ်းသာတော် မူကြလေကုန်သတည်း။

သာဓု... သာဓု... သာဓု...။

ရွေးအဆက် အဲ ဘုန်းကြီးကတော့ ဒီလိုလေ၊ ကျောင်းတိုက်မှာ ရှိတဲ့ ပရိသတ်တွေကိုလည်း " အို.... အလကား ကံတော်ကံကြား ရောက်လာတာ" ဒီလို မဟုတ်ပါဘူး၊ ရွေးအဆက်တွေနဲ့ ရောက်လာကြတာ၊ ကောင်းကောင်းနေကြ၊ ကောင်းကောင်းနေကြ၊ ကောင်းကောင်းမနေနိုင်လျှင် ပြန်ထွက်ကြပါ၊ နောက် ဆက်ပါလိမ့်ဦးမယ်၊ သံသရာထဲမှာ နိဗ္ဗာန်ကို ချက်ချင်း

မရသေးပါဘူး၊ နောက် ဆက်ပါလိမ့်ဦးမယ်၊ ကျောင်းဒကာ-ကျောင်းအမ, ဒကာ-ဒကာမတွေလဲဘဲ ရွေးအဆက်ကြောင့် ရောက်လာကြတာ၊ ကောင်းကောင်းနေကြပါ၊ နောက်ကို ပြန်တွေ့ကြပါလိမ့်မယ်၊ ဒကာတို့လို သမီးခင်ပွန်းဆိုတဲ့ဥစ္စာတော့ မပြောနဲ့တော့၊ ဘုန်းကြီးက အဲဒါလောက် တွေ့တာတောင်မှ ပါရမီဖြည့်ဘက်တွေ့ ဖြစ်ရမယ်လို့ ပြောနေတာ။

တွေ့ခဲ့ကြ အဲဒီတော့ ဒကာတို့လို အလှူ့ဒကာ-အလှူ့အမတွေကျတော့ တစ်ယောက် မတော်တာ လုပ်လို့ ရှိလျှင် တစ်ယောက်က တားလို့၊ တစ်ယောက်အပေါ် တစ်ယောက် ပိုပြီးတော့ ကြင်ကြင်နာနာ၊ ဒို့ ရွေးဘဝက တွေ့ခဲ့ကြမှာ၊ ရွေးဘဝက တွေ့ခဲ့ကြလို့ ခုဘဝမှာ အလုပ်လုပ်ကြတယ်၊ နေကြတယ်၊ ထိုင်ကြတယ်၊ စီးပွားအတူတူ ရှာကြတယ်၊ ကုသိုလ်တွေ့ တစ်ခါပြုကြတယ်၊ အတူပြုကြတယ်၊ နောက်နောက်ဘဝတွေ့ တွေ့ကြဦးမှာလို့ ဆိုပြီးတော့ ကြင်ကြင်နာနာလဲ နေရတယ်၊ ယုယုယယလဲ နေရတယ်၊ စောင့်စောင့်ရှောက်ရှောက်လဲ နေရတယ်၊ ပြုပြုစုစုလဲ နေတယ်၊ ကုသိုလ်ပါရမီကျေကျေတော့လဲ အပြစ်ကင်းတာတွေ့ ပြုရတယ်။

မကြိုက် ဒီလောကကြီးကို ကြည့်တာ ဘုန်းကြီးမကြိုက်ပါဘူး၊ ဒီလောကကြီးမှာ အာယ်အလှူတုန်းက အာလုပ်သွားတယ်ဆိုတဲ့ဥစ္စာတွေ ရှင်ဘုရင်က စပြီးတော့ ဘုန်းကြီး မကြိုက်ပါဘူး၊ အဲဒါတွေဟာ ခုနက ပြောခဲ့တဲ့ ပါရမီဖြည့်ဘက်တွေရဲ့

လမ်းစဉ်တွေနဲ့ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်ဖက် ဖြစ်နေလို့ မို့ဘုန်းကြီးက အဲဒါတော့ကို အားမကျပါဘူး၊ "အာမကျကြနဲ့" လို့လဲ ပြောပါတယ်၊ ပြောလို့ ရဆလောက်သာ ရတယ်၊ မရဆလောက်လဲ မရပါဘူး၊ ဒါတော့ အသိဉာဏ်လိုလို့၊ အသိဉာဏ် ဒီလောက်ရှိအာ ဒီဈာန်တဲ့ ရမှာပေါ့လို့ ဒီလို နားလည်ထားရပါတယ်၊ ဒါကြောင့် ဒီဂါထာကို ကြည့်ပြီးကော "ဒို့ ပါရမီဖြည့်ဖို့ မယ်၊ ကြီးစားမယ်၊ ပါရမီဖြစ်အောင် ကြိုးစားမယ်၊ ဒို့ဆွေ့ ဒို့မျိုးတွေ ဒို့နဲ့ ဆအောတူလို့ ရှိလျှင် သူတို့လဲ ပါရမီဖြည့်စေမယ်၊ ဒီဘဝလို ကလေးတွေ ဘာတွေလဲဆို ပါရမီဖြည့်ဆက်ကလေးတွေ မို့လို့ တွေ့သာတာ၊ သူတို့ သူကော်ကောင်းစေမယ်၊ မကောင်းဘူး၊ မကောင်းလျှင် တစ်ဘဝပြီးကြရော့ပေါ့လို့၊ ဘုန်းကြီး ဒီလို စတွေးထားတယ်။

အားလုံးကြည်ညို

ဒွန္ဒဒွန္ဒာ သဉ္ဇရဏ်တို့ ပါရမီသယစာရိနော၊
ဒုက္ခိတေ ဒုက္ခိတာ ဟောန္တိ သုခိတေ သုခိတာ သဓေါ။

ပါရမီသယစာရိနော—ရှေးကြောင်း ရေစက်၊ မေတ္တာဆက်၍၊ နှစ်သက်ကြည်နူး၊ ပါရမီဖြည့်ဖက် နှစ်ဦးတို့သည်၊ ဒွန္ဒဒွန္ဒာ—လူ၌လဲစုံ၊ နတ်လဲစုံ၍၊ ဗြဟ္မာရိပ်စုံ၊ တိရစ္ဆာန်ဇာစုံ၊ မောင်နှံ တွဲကြကုန်လျက်၊ သဉ္ဇရဏ်တို့—တွေ့ရာဘုံထဲ၌၊ ကြုံစမြဲမို့၊ မခွဲအတူ၊ လှည့်လည် တော်မူကြလေကုန်၏၊ ဒုက္ခိတေ—ပါရမီဖြည့်ဖက် တစ်ယောက်၌ ဒုက္ခဖြစ်သည်ရှိသော်—

ဟို ခုနက သုမုခ သူ့ဘာမှ မထိဘဲနဲ့ လာပြီးတော့ ဒုက္ခခံတာယ်၊ သိပ်ဆအောက်ကျတာ ဘုန်းကြီးက၊ ဒါကြောင့် ဘုရားဖြစ်တဲ့အခါ ဘုရားကြည်ညိုရုံတွင် မကဘူး၊ အရှင် အာနန္ဒာကို ကြည်ညိုတယ်၊ ဘုရားကြည်ညိုရုံတင် မကဘူး၊ အရှင်သာရိပုတ္တရာကို ကြည်ညိုတယ်၊ ဘုရားကြည်ညိုရုံတင် မကဘူး၊ သာဝကကြီးတွေကို ကြည်ညိုတယ်၊ သာဝက ကြီးတွေ ကြည်ညိုရုံတင်မကဘူး၊ မိထွေးတော်ဓဂါတမီတို့ ဓမ္မာထေရီတို့ ဥပ္ပလဝဏ်ထေရီတို့ ယခုသာဓုရတို့ သူတို့ ပါရမီတွေ ဖြည့်သာခဲ့ကြတာ ဆိုပြီးတော့ ကြည်ညိုလိုက်တာလေ အားလုံး ကြည်ညိုတယ်။

ခုနောက် ဘုန်းကြီးတို့ လက်ထက်ကျတဲ့ အခါမှာ အဲဒီလို အလောင်းအလျာတွေ ဖြစ်စေချင်လို့ကိုတာလေ ဘုန်းကြီးက—

ဒုက္ခိတေ — ပါရမီဖြည့်ဖက် တစ်ယောက် ဒုက္ခရောက်သည်ရှိသော်၊ ဒုက္ခိတာ ဟောန္တိ-အလျင်းမခဲ့၊ အတင်းတွဲ၍၊ အညဉ်းဆဲစေ့၊ အဆင်းရဲခံကြရလေ ကုန်၏၊ သုခိတေ — ပါရမီဖြည့်ဖက် တစ်ယောက် ချမ်းသာရောက်သည်ရှိသော်၊ သဓေါ သုခိတာ-ကိုယ် စိတ်လန်းကာ၊ စန်းပမာသို့၊ လျှမ်းကာအတူ၊ ချမ်းသာတော်မူကြလေကုန်သတည်း။

သာဓု....သာဓု....သာဓု။

ပါရမီကုသိုလ် ဒီတော့ အမောင်တို့ဟာ အရှယ်ကောင်းတုန်း ရှိသေးတယ်၊ ရှေ့ကို ပါရမီဖြည့်တဲ့ ကုသိုလ်တွေ အားပြုကြပါ၊ ပါရမီဆက် အကျိုးပပြုတဲ့ ကုသိုလ်တွေကိုတော့

ဒဲကူန်း သိမ်ကျောင်းရေစက်ချ တရားတော်

၁၃၃၇-ခုနှစ်၊ ဝါဆိုလဆန်း ၁၅-ရက်။

ကဋ္ဌယကုဋ္ဌီ ပထမ ရေစက်ချမယ်၊ ပြီးတော့မှ သြဝါဒ ဆက်ပေးမယ်၊ ရေစက်ချတော့ စာတမ်းဖိုသာဆိုတာ အရပ်လေးမျက်နှာ၊ အရပ်လေးမျက်နှာခွဲ နေတော်မူကြွတဲ့ သံဃာတော်များအား "ဤကျောင်းတိုက်ကို ဤတိုက်သစ်ကို လှူပါ၏၊ ဘုရားအမှူးရှိတဲ့ သံဃာတော်များအား လှူပါ၏"လို့ ရေစက်ချမယ်၊ ဒီတော့ကာ ဘုန်းကြီးတို့ ကဋ္ဌယကုဋ္ဌီဆိုတာ လုပ်ရတယ်၊ ကဋ္ဌိကကုဋ္ဌီဆိုတာ ရဟန်းသံဃာတော်များ အပ်အပ်စပ်စပ်၊ ဆိုပါတော့ ဇရာပတ်ပုလင်းကလေး ဆွမ်းနဲ့ စားချင်လို့ နောင်ရတစ်ခါနှမှာ အဲဒီ ပုလင်းကလေးကို ဒီထဲသားရဝင် ထားကောင်းတယ်၊ ကဋ္ဌိယကုဋ္ဌီဆိုလျှင် ဆိုပါတော့ ငှက်ပျောသီးကလေး မနေ့ညကမှ လာလှူလို့ ညသိပ်လျှင် ထားကောင်းတယ် ကဋ္ဌိယကုဋ္ဌီဆိုလျှင်၊ ဒီလို မဟုတ်လျှင် မထားကောင်းဘူး၊ သံဃိကကျောင်းက ဒီလောက် စည်းကမ်းကြီးတယ်၊ ဒီတော့-"ဤတိုက်သစ်ကို ကဋ္ဌိယကုဋ္ဌီပြုဖို့ရန် ကဋ္ဌိယကုဋ္ဌီအဖြစ်ဖြင့် ဘုရားအမှူးရှိသော အရပ်လေးမျက်နှာခွဲ သိတင်းသုံးတော်မူသော သံဃာတော်အပေါင်းအား လှူပါ၏""။

ရှောင်ကြပါ၊ ယခုကစပြီးတော့ ဒို့မှာ အလှူအတန်း ဝါဆန်းတော့ မြန်မာလူမျိုးတစ်မျိုးလုံးလောက် ဝါဆန်းပါကြပါတယ်၊ မိမိတို့လဲ ဝါဆန်းပါတယ်၊ အဲဒီ ဝါဆန်းပါတဲ့မုဂ္ဂိုလ်တွေ လမ်းကောင်း လမ်းမှန် ရောက်ဖို့ကစတော့ ခုနကပြောခဲ့တဲ့ လမ်းစဉ်ကို ညွှန်ပြလိုပါတယ်။

ဒူ.ဘစ ခါးကြောင့် မိမိတို့ရဲ့ ဖခင် ဝါဆန်းပါတာကို အကြောင်းပြုပြီးသကာလ သီလလဲ ဝါဆန်းပါကြပါ၊ ဘာဝနာလဲပါကြပါ၊ မိမိတို့ လူ.ဘဝဟာ အင်မတန် ကောင်းပါတယ်ဆိုတာကို သတောထားပြီးတော့ ကြည့်လေ၊ အဆုံးနိဗ္ဗာန်ထိ အောင်မြင်နေတဲ့ လူ.ဘဝ၊ အဲဒီနောက်မှာ ဝဲရဲ့ ရှိကာယ်၊ ကိုရဏ္ဍာန်ရှိတယ်၊ ပြိတ္တာရှိတယ်လို့ မြင်နေတဲ့ လူ.ဘဝ၊ နတ်ပြည် ဗြဟ္မာပြည်တွေရှိတယ်လို့ မြင်နေတဲ့ လူ.ဘဝ၊ ကံကောင်းတဲ့ သူတွေ့ လူချမ်းသာဖြစ်တယ်၊ ကံမကောင်းတဲ့ သူတွေ့ လူချမ်းသာ မဖြစ်ဘူး၊ ကံဆိုပေမယ့် ကံချည်းမဟုတ်ဘူး၊ ဥဏ်ဝီရိယပါတဲ့ သူတွေ့ လူချမ်းသာ ဖြစ်တယ်၊ ဥဏ်ဝီရိယ သီမိမပါတဲ့သူတွေ့ လူချမ်းသာ မဖြစ်ဘူး။

ဒီလို စသည်အားဖြင့် အကြောင်းအကျိုးတွေ့ ပိုင်းပိုင်းပြီး မှန်မှန်ကြီး သိပြီးလကာလ -

မိမိတို့ကိုယ်တိုင် ပါရမီရှင်တွေ့ဖြစ်အောင် ကိုယ်စီ ကိုယ်ဒု အားလုံး တရားနာတဲ့သူတွေ့ပါ ကြိုးစားရှိ အားထုတ်နိုင်ကြစေကုန်သတည်း။

သာဓု... သာဓု... သာဓု။

ဗုဒ္ဓအလိုဆောင်ကျ သိမ်ကျောင်းရေစက်ချ တရားတော် ပြီးပြီ။

နာယက အဆက်ဆက် ဖီတော့ "အရပ်လေးမျက်နှာ၌ သီတင်းသုံးသော" ဆိုတာ ဒီကျောင်း အကုန်လုံး ရောက်ပလား၊ ရောက်တဲ့ပုဂ္ဂိုလ်လဲ ပါမယ်၊ ရောက်တဲ့ပုဂ္ဂိုလ်လဲ ရောက်ကြမယ်၊ မရောက်တဲ့ပုဂ္ဂိုလ်လဲ မရောက်လာဘူး၊ သိပ်နှံ့တဲ့ လူဒါနိုးနည်း၊ ဒီ တိုက်သစ်ကို ရောက်ရောက် - မရောက်မရောက် "အရပ်လေးမျက်နှာ၌ သီတင်းသုံးတော်မူသော ဘုရားအမှူးရှိသော သံဃာတော်အပေါင်းအား လှူပါ၏"လို့ ဆိုပြီးတဲ့နောက် ဤကျောင်းတိုက်ကို ဆရာတော်အမှူးရှိသော နာယက အဆက်ဆက်အား ထိန်းသိမ်းဖို့ရန် အပ်လှဒါ၏၊ ဆရာတော် အမှူးရှိသော ဆရာတော်၏ ဤဩဝါဒကို လိုက်နာကြသော နာယက သံဃာတော် အဆက်ဆက်အား ထိန်းသိမ်းဖို့ရန် အပ်လှဒါ၏၊ ဆရာတော် အလိုကျ ထိန်းသိမ်းနိုင်မည့် နာယက အဆက်ဆက်အား အပ်လှဒါ၏။

အာပြုလိုတုန်းဆိုတော့ ဒီသံဃိကလို့ ဆိုလိုက်တော့ အခု လုံးနေကြပြီ, ဟိုမှာ ကျောင်းတွေ ဘာတွေ၊ ဖီလို့ ရေစက်ချတော့ မလုံဘူးလား ဆိုတော့ ဒါတော့ လုချင်လဲလုမှာပါဘဲ၊ နောက်တော့ နောင်ရေးနောင်တာကျတော့ မစဉ်းစားနဲ့၊ မိမိတို့မျက်မှောက် တစ်သက် ကောင်းကောင်း သီတင်းသုံးကြဖို့ ဒါဘဲစဉ်းစား၊ အပ်လှဲတော့ အပ်လှဲရမယ်၊ ပြီးတော့မှ သံဃိကကျောင်းနဲ့ စပ်ပြီးတော့ ရှေးကဖြစ်စဉ် ဝတ္ထုကြောင်းတွေ ဟောပါ့မယ်၊ အခု တိုတို ရေစက်ချရအောင်။

သံဃိကကျောင်း ရေစက်ချသူပုံ

သံဃာအား လှူ "အရှင်ဘုရား... ကုန်းထပေ့ါတော်တို့သည် ယခု ဆောက်လုပ်အပ်ပြီးသော မွန်းမံခြယ်လှယ်ဖို့ရန် စီစဉ်နေသော ဤတိုက်ကျောင်းသစ်ကို ဘုရားအမှူးရှိသော, ဤကျောင်းတိုက်သို့ ရောက်လာ, မရောက်လာသော အရပ်ဝှမ်းမျက်နှာ၌ သီတင်းသုံးတော်မူသော ဘုရားအမှူးရှိသော သံဃာတော်အပေါင်းအား ကပ်ဝယ်ကူဒါယိုဖို့ရန် ကပ်ဝယ်ကူဒိုအဖြစ်ဖြင့် လှူဒါနိုးပါကုန်၏ဘုရား"။

ဤမံ ဝိဟာရံ ဗုဒ္ဓပ္ပမုခဿ အာဒေဟနာဂတဿ စာတုဒ္ဒိသဿ သံဃဿ ကပ်ဝယ်ကူဒိုဝ် ကာတုံ ဒေမ - ဤကိုက်သစ်ကို ဤတိုက်သို့ ရောက်လာ, မရောက်လာသော အရပ်လေးမျက်နှာ၌ သီတင်းသုံးတော်မူသော ဘုရားအမှူးရှိသော သံဃာတော် အပေါင်းအား ကပ်ဝယ်ကူဒိုပြုခြင်းငှာ ကပ်ဝယ်ကူဒိုအဖြစ်ဖြင့် ဝမ်းမြောက်ဝမ်းသာ လှူဒါနိုးပါကုန်၏ဘုရား။

လှဲအပ် ဤသို့ လှူဒါနိုးပြီး၍ ဤကျောင်းကိုက်၌ ဆရာတော် အမှူးရှိသော နာယကအဆက်ဆက်အား ဆရာတော်၏ အလိုကျ မပျက်မစီးအောင် ထိန်းသိမ်းစောင့်ရှောက်ဖို့ရန် အပ်လှဲပါကုန်၏ဘုရား၊ ဤသို့ စာတုဒ္ဒိသသံဃိကအဖြစ်ဖြင့် လှူဒါနိုးပြီး၍ ဆရာတော်အမှူးရှိသော, ဆရာတော်အလိုအတိုင်း စောင့်ရှောက်မည်ဖြစ်သော နာယကအဆက်ဆက်အား မပျက်မစီးအောင် စောင့်ရှောက်ဖို့ရန် လှဲအပ်ပါကုန်၏ ဘုရား....။

ဖီဟာက ပြီးသွားရော၊ ပြီးတော့မှ အမျဉ်ဝေတို့, ဘာတို့ ပြီးမှ လုပ်ကြစို့။

ကျောင်းရေစက်ချ ပြီး၏။

သံသိကကျောင်း သံသိကဓကျောင်းဆိုတော့ သံသိကလေး သံသိကကျောင်း၊ သံသိကပစ္စည်း၊ ဒီအပေါ်မှာ ခြေထောက်ကို မဆေးတဲ့နဲ့ ဒီအပေါ်မှာ အက်ကြည့်၊ သံသိကကျောင်းမှာ ဖုံပေတယ်၊ သူ့ကပ်ပါလာတဲ့ဖုံလူးတယ်၊ ခါအပြစ် ဘယ်လိုဆိုတာ သိမယ်၊ သံသိကကျောင်းပေါ်မှာ လူတွေ ပေါ်ပေါ်ဆဆ ဆေးလိပ်သောက်, လက်ဖက်ရည်သောက်ကြတယ်၊ ကိုယ်တော်တွေကလဲ ဒီသံသိကကျောင်းပေါ်မှာ ပေါ်ပေါ်ဆဆ နေကြတယ်၊ ဘယ်လိုဖြစ်တယ်ဆိုတာ သိမယ်၊ ဘာပြုလို့ တုန်း အဆိပ် အင်မတန် ပြင်းတယ်၊ သံသိကကျောင်းအကျိုးလဲ အင်မတန်ကြီးတယ်၊ ခုနက ဘုန်းကြီးတစ်ပါးလျှောတာနဲ့ ဆဲဆာတွေ အားလုံး စာတုန်းသာ အရပ်လေးမျက်နှာမှာ နေတဲ့ သံဃာများကို လျှောတာနဲ့ စိတ်ထားချင်း ဘဝမှ နှိုင်းလို့ မရဘူး။

သံယောဇဉ်မပါ ဘုန်းကြီးတစ်ပါး လျှောတယ်ဆိုတော့ ဘုန်းကြီး အပေါ် သံယောဇဉ်ပါနေတယ်၊ အခုပါပေါ့လေ၊ ဒါက စိတ်ကလေးပါနေတယ်၊ ယခုတော့ကာ စာတုန်းသာ သံဃာလျှောလိုက်ပါတယ်လို့ ဆိုတော့ သံယောဇဉ်စိတ် ဒီသံယောဇဉ်တော်များလောက်လဲ မရှိဘူး၊ အားလုံးသံဃာတော်တွေ၊ ပြီးတော့ ဘုန်းကြီးပါပေမယ်လို့ ဘုန်းကြီးလဲ ဒီမှာ အစိတ်အပိုင်းတစ်ပါး အဖြစ်နဲ့ ပါတာ၊ တာမှ သံယောဇဉ် မကြီးနိုင်တော့ဘူး၊ ရှိတယ်ဘဲ ထားဦးတော့ ဘာမှ မကြီးကျယ်ဘူး၊ ဟိုမှာ အားလုံးလျှောတယ်၊ အင်မတန် စိတ်နေစိတ်ထားကောင်းတယ်၊ နားလည်ကြပါနေဘဲ၊ ငယ်ပေမယ့် နောက်တော့ ကိုယ်က ကျောင်းဒကာ-ကျောင်းအမတွေ

သူတော်ကောင်း သံသိကကျောင်း ဆိုတာ ဘယ်လောက်များ အားလုံးပါ အကျိုးအာနိသင်ကြီးသလဲလို့ ဆိုတော့ စဉ်းစား ကြည့်ပါ၊ အခု သံဃာတော်များကလဲ စဉ်းစား ကြည့်ပါ၊ ကျောင်းဒကာဆိုင်ရာ ဒကာ-ဒကာမများကလဲ စဉ်းစား ကြည့်ပါ၊ ဆိုပါတော့ ဘုန်းကြီးတစ်ပါးလျှောလိုက်တယ်၊ ဘုန်းကြီး ကြည့်ညှိလို့၊ ယခုတော့ တစ်ခါ ဘုန်းကြီးတစ်ပါးမဟုတ်ပြန်ဘူး၊ ဘုန်းကြီး အများရှိတဲ့ ဘုန်းကြီးလဲပါတဲ့ အရပ်လေးမျက်နှာ ဘယ်မှာ သူတော်ဓကာင်းရှိတယ်၊ ပါပြန်တယ်၊ ဘယ်မှာ အကျွေးကောင်းရှိတဲ့ပုဂ္ဂိုလ်ပါတယ်၊ ဒီအထဲမှာ ရွေးတုန်းက ကွယ်လွန်ပြီးသား, ကွယ်လွန်ပြီးသားလဲ ပါတယ်၊ ဒီအထဲမှာ အရှင်သာရိ မုဿရုတို့, အရှင်မဟာမောဂ္ဂလာန်တို့လဲ ပါတယ်၊ နောက်ကာမယ့် သာသနာမကွယ်မချင်း၊ ပြီးတော့ နောက်အဆက်ဆက် သံဃာတွေ ပါတယ်။

ဒီအထဲမှာ ဘယ်လောက်ကွာသွားသလဲ၊ ပဂ္ဂလိကနဲ့ သံသိက နဲ့၊ ဘုန်းကြီးလဲပါတယ်၊ ဟာခု ဒီမှာရှိနေတဲ့ တာဝန်ဆောင်နေတဲ့ ပုဂ္ဂိုလ်တွေလဲ ပါတယ်၊ နာယကတွေ နောက်တစ်ခါ လာမယ့် ပုဂ္ဂိုလ်အဆက်ဆက် ဘုရားသာသနာ မကွယ်မချင်း ပါတယ်၊ ပြီးတော့ သံဃာအား လျှောတယ်၊ သံဃာ့အဖွဲ့ကို လျှောတယ်ဆိုတော့ အဲဒီအဖွဲ့ထဲမှာ ရွေးတုန်းက ပါဝင်ဖူးတဲ့ ရဟန္တာကြီးတွေ အကုန်လုံး ဒီတိုက်ကျောင်းကို လျှုပါတယ်ဆိုတဲ့အထဲမှာ သူတို့ပါတယ်၊ အဲဒီကော့ သံသိက-က ဘယ်လောက်များ ကြီးကျယ်တုန်း၊ သံသိက-က လျှုရတာ ဘယ်လောက်ကြီးကျယ်တုန်း။

အချင်မောင်လှလှန်ကိုယ်တိုင် အံ့အားသင့်သလို ဖြစ်သွားတယ်၊ လူက ဟိုမှာ ကျန်းကျန်းမာမာကြီး၊ ဒီမှာ ဆုံးဖြတ်ပေါက်နေပြီး၊ ဒါနဲ့ လူ့ပြည်လာရောက်တော့ မြတ်စွာဘုရားကို လျှောက်တယ်၊ ထူးထူးဆန်းဆန်း အံ့သြစရာ၊ "မြတ်စွာဘုရား ... ကောင်းမှုရှင်က ဒီမှာ နှိုတုန်း ဟိုမှာ ကုသိုလ်အကျိုးပေးမယ့်ဆုံးဖြတ် ဖြစ်နိုင်ရဲ့လား" လို့ လျှောက်တော့ "မောဂ္ဂလာန်...ငါ့ကိုမေးနေရသေးသလား၊ သင်ကိုယ်တိုင် တွေ့နေရပြီ မဟုတ်လား" လို့ အမိန့်တော်ရှိတော့ "ဟုတ်ပါဘုရား၊ နန်ဒိယအတွက် ဆုံးဖြတ်မှာမေ့ကိန်းနေပါပြီ" အဲဒီလို လျှောက်ဟယ်။

ပီပီသသ ဒီတော့ကာ သံသိကကျောင်း ပီပီသသ၊ နေတဲ့ ပုဂ္ဂိုလ်တွေ့ သံဃိကကျောင်း ပီပီသသ၊ ကျောင်းကာ ကျောင်းအမ များကလဲ သံဃိကကျောင်း ပီပီသသ၊ စိတ်ရှင်းရှင်းနဲ့ သံဃိကကျောင်း ရေစက်ချရတာဟာ အကျိုးအားဖြင့် ကယ်လောက်ကြီးကျယ်သလဲ တစ်ခါအဖြစ်အားဖြင့် ဘယ်လောက် ကြီးလေးသလဲ၊ အဖြစ်အားဖြင့် ဆိုတာ ဒီကျောင်းဓကမှာ့ ကျောင်းအမမှာ ဖြစ်တဲ့ အဖြစ်မဟုတ်ဘူး၊ ဒီကျောင်းမှာ နေတဲ့ ပုဂ္ဂိုလ်များဟာ သံဃိကကျောင်းတိုက် ဘယ်လောက် လေးစားရ တန်းလို့ ဆိုတာ ဒါတွေမမှတ်ဘဲ မပြစ်ဘူးနော်၊ ဒါကိုရင်တွေ့ ပဉ္စင်းတွေ အကြိုးရော အပေယ်ရော မမှတ်လို့ မဖြစ်ပါဘူး။

သူစိမ်းလောမ နှတ်ဆီလူး ဘုန်းတော်ကြီး တစ်ပါး ယုတ်မာ ဆိုးဝါးလှတယ်တော့ မဟုတ်ဘူး၊ ကုတ်ခကာင်းဘဲ အထိုက်အလျောက်၊ အထိုက် အလျောက်

ဖြစ်နိုင်တယ်၊ ယေဘုယျလို့ ကိုယ်တော်တွေက ဆရာသမားဖြစ် နိုင်ပါတယ်။

နန်ဒိယသူဌေး ဒီးတော့ကာ ဒီကျောင်းအတွက် အကျိုးရကို ကြည့်လို့ ရှိလျှင် တို့-ဗုဒ္ဓမြတ်စွာ လက်သက် သေတုန်းက နန်ဒိယသူဌေး ငယ်ရွယ်စဉ်က လူ့သူတော်ကောင်းအဖေအများက သူ့အနီးအကဲ ကြည့်ပြီး သေ့ နေကြရတယ်၊ အိမ်ထောင်ချယ်လုပ်တော့ ဆွေတဲ့ မျိုးထဲက တူမအရင်းနဲ့ အိမ်ထောင်ချရတယ်၊ တူမအရင်းကိုပါ ဆင်မေး နေရတယ်၊ "သူတော်ကောင်း လုပ်ပါ၊ သူတော်ကောင်းဖြစ်ပါ၊ အားနာအထိုင်ကောင်းပါ"၊ ဒီလို ဘင်မေးပြီးတော့ သားကို ချော့ ချော့ မော့မော့နဲ့ အိမ်ထောင်ချရတယ်၊ အဲဒါ နန်ဒိယသူဌေးက မိဂဒါဝုန်ကျောင်းမှာ ကျောင်းဆောက်တယ် ထင်တယ်၊ ဘုန်း ကြီးက သုံးခန်းပတ်လည်လောက် ဖြစ်ကောင်း ဖြစ်လိမ့်မယ်လို့ ထင်တယ်။

ဆုံးပေါက်နေပြီ ဒီမှာလဲ ကျောင်းရေစက်ချပြီးရော ဟို အတက် တာဝတိံသာမှာ ဆုံးပေါက်နေပြီ၊ ဒါ ကံ အကြောင်းဖြစ်ပြီးတော့ ဟိုမှာ ဆုံးပေါက်နေပြီ၊ နောင်တစ်ချိန် အချင်မောဂ္ဂလာန်က တာဝတိံသာမှာ ကြွတော့ ဒီတုံ ရွေးက မတွေ့ဖူးဘူး၊ ဒါနဲ့ အနီးအနားကို မေးတော့ "ဒီဘုံ အယ်သူ့ ဘုံတုန်း"၊ "ဟာ... အရှင်ဘုရားများရဲ့ ကျောင်းဓကာ နန်ဒိယရဲ့ အတွက် မှေ့ပေါက်နေတဲ့ ဘုံပါ"။

မဟုတ်ပါဘူး၊ သူတော်ကောင်းတဲ့နဲ့ ကူးပါတယ်၊ ဟို အဝေးက မြန်လာတော့ ချွေးတွေနဲ့ လဲလိုက်မိတယ်၊ ဆိုပါတော့ ဒီလို စကျောင်းပေါ်မှာ အောက်က အခင်းမပါဘူး၊ အောက်က အခင်း မပါတဲ့နဲ့ လဲလိုက်မိတာ ချွေးက သံသိကကျောင်း စုံသွားတယ်၊ အမှတ်တမဲ့ပါဘဲ၊ သူကိုယ်တိုင် ဒီချွေးတွေကို ပွတ်တိုက်ပြီးကော့ ဒီလိုလုပ်လိုက်လို့ ရှိဖျင်လဲဘဲ ရှင်းတော့ ရှင်းသွားမှာ၊ သူလဲ ပေချင်လဲ ပေစေတော့ဆိုတဲ့ စိတ်လဲ ပါနေသလား မသိဘူး၊ ပုံလွန်တော်မူတဲ့ အခါကျတော့ အမွေးတွေက အပ်တွေလို ဖြစ်ပြီး တော့ "သူစိလောမ နတ်ဘီလူး" ဖြစ်သွားတယ်၊ နတ်ကော နတ်မျိုးဘဲ၊ ဘီလူးဖြစ်နေတယ်၊ ဒါပေမယ့် အမွေးတွေက သိပ်ပြီး ဒုက္ခပေးတာဘဲ၊ အပ်တွေလိုကိုး၊ ဟိုနားသိုလိုက်လျှင် အမွေးနဲ့ ထိုလိုက်လျှင် သွေးစူးတယ်၊ ဒုက္ခ တယ်ဖြစ်တယ်၊ ဒါတုန်းကြီးဘက်ကား။

စရလောမနတ်ဘီလူး ဒကာဘက်က တစ်နေ့တော့ ဥပါသကာ ဥပုသ်ဆည်နဲ့ တူတယ်၊ ကျောင်းလာတယ်၊ အခုလို နံရံတို့ အာတို့ကို မှီလိုက်တယ်၊ သူ့အဝတ်ကလေး နောက်ကျောက ခံပြီးမှီလျှင်တော့ ကိစ္စမရှိဘူး၊ ယခုတော့ ဒီလိုလဲ ခံမိဘဲနဲ့ မှီလိုက်မိတယ်၊ သူလဲ လူကောင်းဘဲ၊ သူတော်ကောင်းဘဲ၊ အဲဒါကွယ်လွန်တော့ ခုနက သူစိလောမနတ်သီးလူးနဲ့ အနီးအပါးမှာ အမွေးတွေ အင်မတန်ကြမ်းတဲ့ "ခရလောမနတ်ဘီလူး" သွားဖြစ်တယ်၊ သံသိကကျောင်းဟာ အကျိုးပေးတော့လဲ သိပ်မြင့်တယ်၊ သံသိကကျောင်းကို အသုံးတည့်အောင် မသုံးတော့လဲဘဲ သိပ်ပြီးကော့ ထိခိုက်တယ်၊ အပြစ်ကြီးတယ်။

တရားနဲ့နေ ဒီတော့ ဘုန်းကြီးက ဘုန်းကြီးကျောင်းတွေကို ဆန့်သန့်ရှင်းရှင်း နေစေရတယ်၊ ဒီလိုတွေ့တွေကရှိလို့ ဒီကျောင်းပေါ်မှာ တရားနဲ့နေပြီး တော့ သုံးစွဲစေရတယ်၊ တစ်ချို့ ဆရာတော်မျိုးက ရေစက်ချတော့လဲ အဲဒီလိုအပြစ်တွေ့ မထွေက်ရအောင် "မဆေးသော ခြေများနဲ့ နင်းလဲဘဲ အပြစ်မရှိအောင် ကိုယ်အစိတ်အပိုင်း ထိတွေ့ပြီးတော့ နေမီလဲ အပြစ် မရှိအောင် သံသိကအဖြစ်ဖြင့် ရေစက်ချပါ၏" လို့ ဒီလိုဆရာများ အဆက်ဆက် အချို့က ဒီလိုထည့်ပြီးတော့ ရေစက်ချကြတယ်၊ ဒါတော့ အလှူရှင်ကတော့ ကိုယ့်ဟာကိုယ် မေတ္တာ ကရုဏာနဲ့ ပေါ့လေ၊ ချမ်းသာစွာ သုံးစွဲပါစေတော့လို့ ဆောလားပေါ့။

မထည့်ဝံ့ ဘုန်းကြီးကတော့ မသည့်ဝံ့ဘူး၊ ဘာပြို့လို့ မထဲ့ဝံ့ကုန်းလို့ဆိုတော့ကာ စာထဲမှာ အာပတ်လို့ ထပ်ထားတယ်၊ အမွေးတွေနဲ့ ထိပြီးတော့ ချွေးတွေနဲ့ သုံးလျှင် အာပတ်လို့၊ ခြေကိုမဆေးဘဲနဲ့ ကျောင်းထဲလာလို့ရှိလျှင် အာပတ်၊ ခြေကိုဆေးပေမယ့်လဲ စိုထိုင်းထိုင်း စိုစိုကြီးနဲ့ ကျောင်းအတွင်း ဝင်လာလို့ ရှိလျှင် အာပတ်လို့ စာက ဝိနည်းက ရှိနေတယ်၊ အဲဒီ စကို ဝိနည်းကို ချပြီး ကတဲ့က ဘုန်းကြီးကတော့ ဒီဟာကို ထည့်ပြီးတော့ မချဝံ့တော့ဘူး၊ ဟာ-ဝိနည်းကိုယ်တိုင်က အာပတ်တပ်ထားတဲ့ ဥစ္စာ မိမိတို့က ဒီအာပတ်မသင့်အောင် ဘယ်လို နေပါစေး

ဒီဟာက ဘဘဝဝမကျဘူး၊ ကောင်းကောင်းဘဲ နေရမှာဘဲလို့ အဲဒီလို ကြေးပြီးတော့ ရေစက်ချတဲ့နေ့ရဟူမှာ အဲဒီစကား မထည့်ဝံ့တော့ဘူး။

ကျောင်းလက်ံာ ဒီတော့ ကိုယ်တော်မျာ်းက ကောင်းကောင်းနေရမယ်၊ ကျောင်းကို နေတဲ့အခါမှာ ဘယ်လိုနေရမလဲလို့ -- ဆိုစမ်းပါ၊ ကျောင်းလက်ံာလေး ဆိုစမ်းပါ။

ချမ်းပူကိုဖျက်, ခြစ်မှက်လေနှေ့ ကင်းမြေ့ဝေးမှု, ဥတု စေးဘျမ်း, မသန်းကင်းစင်, စိတ်ကြည်လင်ကြောင်း, နေ့ရှည်ကျောင်းကို, ကိန်းအောင်းမှီခိုပါသတည်း။

အေးရန်ကာကွယ် ဆယ်လောက် သေချာတုန်း ချမ်းလို့ ရှိလျှင်လဲ ကျောင်းထဲဝင်လျှင် မချမ်းဘူး၊ နေတို့ဘာတို့ ဆိပ်ပူတဲ့အခါ ကျောင်းထဲဝင် နေမပူဘူး၊ ဟာ- ခြင်တွေ မှုက်တွေ သိပ်ကိုက်နေလို့ ရှိလျှင်လဲ တံခါးပိတ်ပြီးတော့ ကျောင်းထဲ ဝင်နေလျှင်လဲ ခြင်တို့မှုက်တို့ မကိုက်နိုင်ဘူး၊ လေတို့ သိပ်တိုက်တယ်၊ ကျောင်းပေါ်မှာ ဝင်နေလျှင် အဲဒီလေတွေ မိမိကို မနှောင့်ယှက်နိုင်ဘူး၊ မြေတို့ ကင်းတို့ ကျောင်းပေါ်မှာ မတက်လာဘူး၊ ကျောင်းပေါ်မှာ နေလို့ ရှိလျှင် တောထဲ တောကျောင်းတို့ ဘာတို့ ဆိုလို့ ရှိလျှင် ဒါတွေက ကြောက်ရတယ်၊ ဒီတော့ ဒီမှာလဲ တောဆင်းကျကျဆိုတော့ ကြောက်ရတယ်၊ ဒီတော့ အဲဒီလို ခေးရန်အန္တရာယ်တို့ကို ကာကွယ်ဖို့ရန် ဒီကျောင်းကို မှီဝဲပါတယ်၊ တစ်ခါလဲ ဥထုပ်ကိုက်တာ ဟို အောက်ပိုင်းမှာ လေကြီးများကျ

သလို အဲဒီလိုကျလို့ ရှိရင် အင်မတန်ခိုင်မြဲတဲ့ နေရာမှာဝင်ပြီးတော့ နေရတယ်၊ ဥတုဘေးရန်တွေကိုလဲ ကာကွယ်ဖို့ရန် ဒီကျောင်းကို မှီဝဲပါတယ်၊ ဒီလို နေ့တိုင်း ဆင်ခြင်ရတယ်၊ နေ့တိုင်း ဆင်ခြင်မှတာဝန်ကျေတယ်၊ ဒီတော့ ကျောင်းဟာ ပေါ့ပေါ့ကလေး ဒီလို မနေရပါဘူး။

စေတနာကြီးချယ် လူတွဲ့ကျောင်းဒကာကလဲ ဘာပြုလို့ ဒီလောက် အကျိုးကြီးရသတုန်းလို့ ဆိုဘဲဥစ္စာကို စဉ်းစားကြည့်ပေါ့၊ ဒီကျောင်းဟာ တယ်လောက် တန်ဖိုးရှိသလဲ၊ ဆိုပါတော့ အခု တယ်လောက်ကုန်တဲ့ ဥစ္စာဟာ မိမိမသေခင် သားရင်း, သမီးရင်းတဲ့ ဖြစ်ဦးတော့ ပေးစမ်းပါဆိုရင် မပေးနိုင်သေးဘူး၊ အခု သေခါနီးမှ, သေတော့မှ မင်းတို့ ကြည့်ယူကြ၊ အခုတော့ မပေးနိုင်သေးဘူး၊ ဟိုက, ဒီက ဆွေရင်းမျိုးချာအတွက် အင်မတန်ကြီးကျယ်တဲ့ ကိစ္စရှိလို့၊ "ဒီလောက် ကူညီစမ်းပါ" ဆိုရင် "ဟာ-မကူညီနိုင်ဘူး"၊ ယခု ဗုဒ္ဓမြတ်စွာရဲ့ သာသနာလို့ ဆိုတော့ ဒီလောက်များများကြီး စွန့်ကြဲနိုင်တယ်, စွန့်ကြရက်စယ်၊ ဒီတော့ အင်မတန် ကြီးကျယ်တဲ့ နေရာဌာနကြီး၊ သာသနာတော်ကြီးက အင်မတန် ကြီးကျယ်တဲ့ စိတ်စေတနာကြီး, ဒီသာသနာတော် ပြုစုရတဲ့ စေတနာက၊ ဒါကြောင့် မိမိတို့ဟာ သံသိကအဖြစ်ဖြင့် ကျောင်းကို လှူဒါန်းပါတယ်။

မဟာကပ္ပိနမင်း အဲဒီလို လှူဒါန်းပြီးတဲ့နောက်ကို ရှေးက ဘုရားလက်ထက်မှာ ကျတ်တန်းဝင်ကြတဲ့ မဟာကပ္ပိနမင်းတို့, အနောဓာဒေဝီဘို့ ဟို ရှေးကုန်းကလဲ အိမ်ခြံကစ်ထောင်

ရှိတဲ့ရွာမှာ ခေါင်းဆောင်ဖြစ်ခဲ့ကြတယ်၊ အားလုံး ရွာသားတွေ ကလဲ့ တယ်- ညီညွတ်တယ်၊ သံဃာတော် တစ်ယောင်လောက် ဝါတွင်း နေစရာမရှိလို့ သူတို့က ကျောင်းကလေးဆောက်လို့၊ ဆွမ်းပါပြုစုလို့ နေခဲ့ကြတယ်။

သာသနာနဲ့ရင်းနှီး နောက်တစ်ခါ ဘုန်းတစ်ဆူရဲ့ လက်ထက် ကျတော့ သူတို့ဘဲ စုစုဝေးဝေး ဖြစ်ကြ တယ်၊ ကျောင်းဆောက်ကြတယ်၊ သံဃိကကျောင်း ဆောက်ကြ တယ်၊ကျောင်းဆောက်ရုံကလွဲ မဟုတ်ဘူး၊သူတို့ ဘုရားနဲ့ တရားနဲ့ သံဃာနဲ့ အဝိမတ္တန်ရင်းနှီးနေကြတယ်၊ရင်းနှီးတယ်ဆိုတဲ့ဥစ္စာ ဟို-အနေရင်းနှီးတာ မဟုတ်ဘူး၊စိတ်ရင်းနှီးနေတာ ဘုရားအပေါ်မှာ၊ ဒီတော့ ဘဝမျိုးစုံသံသရာက ဒီလို ဘုရားနဲ့ ရင်းနှီးပြီးတော့ သာသနာနဲ့ ရင်းနှီးစေခဲ့တဲ့ စိတ်ဓာတ်ဟာ နောက်ဆုံးကျတော့ မဟာကပ္ပိနမင်း့အနေဘဒေဝီမိဖုရား့အမတ်တစ်ထောင့် အမတ်ကတော် တစ်ထောင်၊ ဟိုတုန်းက အိမ်ခြေတစ်ထောင် ရွာတုန်းက အလှူရှင်တွေ နောက်ကို ကျောင်းဒကာ-ကျောင်းအမဆဖြစ်နဲ့ သာသနာနဲ့ရင်းနှီးလာကြတဲ့ သာသနာ့ဒါယကာ-ဒါယိကာမတွေ ဒီမှာ ရှင်ဘုရင် မိဖုရား အမတ်ကြီးတွေ အမတ်ကတော်တွေ ဖြစ်ကြတယ်။

ဘုရားပွင့်တယ်ကြား ရှင်ဘုရင်က နွေစဉ် နားထောစဉ်တဲ့ဥစ္စာ၊ ဘုရားပွင့်တဲ့ဥစ္စာကို သူ သိပ်ကြားချင်နေ တယ်၊ နွေစဉ် နားထောင်တာယ်၊ သုံးယူဇနာလောက်အထိ မြင်းလျှင်တော်တွေကို "သွားကြစမ်းပေး၊ ဘာများ သတင်းထူး

ကြားတုန်း"လို့ ဒီလိုလွှတ်လွှတ်လွှဲရှိတယ်၊ တစ်နေ့တော့ ဥယျာဉ်ထဲမှာ အမတ်တစ်ထောင်နဲ့ နေကြတယ်၊ နေကြတော့ ဟိုအဝေးက ကုန်သည်လက်ခေါင်းရှိတဲ့လူတွေလာကြတော့ "ခေါ်စမ်းဟေ့-၊ ဟိုလူတွေ အဝေးက လာတာနဲ့တူတယ်"ခေါ်ကြတော့ "အမောင်တို့ အယ်ကတုန်း"၊ "ကျွန်တော်တို့က သာဝတ္ထိကပါ"၊ "အမောင်တို့ခီမှာ ဘာသတင်းထူးများ ရှိတုန်း"၊ "ဟာ-သတင်းအထူးရယ်လို့ တော့ မဟုတ်ပါဘူး၊ ကျွန်တော်တို့ဆီမှာ ဗုဒ္ဓဘုရား ပွင့်တော်မူနေပါပြီ"၊ သူကြားချင်တဲ့ သတင်းဟာ ဒီသတင်းဘဲ၊ ပြီးတော့ ကြားလိုက်တယ်ဆို စမ်းသာလိုက်တာ၊မြန်မာလို နားလည်အောင် ပြောရလို့ ရှိရင် ပီတိတွေဖြစ်ပြီးတော့ တစ်ခါထဲစမ့်သွားတာဘဲ။

ထူးခြားတဲ့တရား နောက်တော့ "ဒီ့ပြင်များ ဘာသတင်းထူး ရှိပါသေးတုန်း"ဆိုတော့ "ဗုဒ္ဓမြတ်စွာ ပွင့်တော်မူလို့ ဗုဒ္ဓမြတ်စွာရဲ့ ထူးခြားတဲ့တရားတော်တွေ တွန်းပေါ်နေပါပြီ"၊ ဆိုပါတော့ မိမိတို့လေ့လာနေတဲ့ မွေစကြာတရားဘဲ ကြည့်ဦးတော့ "ဇာတိပိ ဒုက္ခာ၊ ဇရာပိ ဒုက္ခာ၊ ဗျာဓိပိ ဒုက္ခာ၊ မရဏံပိ ဒုက္ခံ-ပဋိသန္ဓေ နေရတာလဲ ဒုက္ခဘဲ၊ အိုရတာ့ နာရတာ့ သေရတာလဲ ဒုက္ခဘဲနဲ့ အားလုံး ဒုက္ခတွေ စီကာစဉ်ကာ တစ်လောကလုံး အများဖြစ်နေတဲ့ ဒုက္ခတွေကို ဟောပြီးတဲ့နောက် ဒီဒုက္ခတွေ ဘာကြောင့်ဖြစ်တုန်းဆိုလို့ ရှိရင် တဏှာလောဘ ဆမူ ဒယကြောင့် ဖြစ်ရတာဘဲလို့ ဒီလိုဟောတော်မူတယ်။

ဒီလိုတရားတွေကို ဘယ်တုန်းကမှ ဘယ်သူမှ မကြားဖူးလေး ဘူး၊ အဲဒီခေတ်၊ အဲဒီခေတ်ရဲ့ ရွှေကခေတ်၊ အလောင်ကြာကြာ

ကြီးခေတ်, ဟိုကသာမြက်စွာဘုရားရဲ့ လက်ထက်တော်တုန်းက သာ ကြားဖူးတာ၊ တော်သူမှ မကြားဖူးဘူး၊ **သိပ်ထူးခြားတဲ့** တရားတော်ကတော့ ဒီမှာပေါ်နေပြီ။

ဒုတိယတရား ကောင်းပြီ ဒီဒုက္ခကြေ တဏှာလောဘ သမုဒယ ကြောင့်ပဲ ဖြစ်တဲ့ ဒုက္ခတွေကို ဒီအတိုင်းတဲ့ ထုန်းခံရအောင့်မှတ်လားလို့ ဆိုတော့ ဟာ အာဟုတ်ဖူးလဲ၊ ဒုက္ခမှ လက်ရှာဖြစ်တဲ့ နိရောဓနိဗ္ဗာန်ရှိသေးတယ်၊ ဟောတော်မူတယ်၊ အံမယ် ဒီနေ့ကို ရောက်ဖို့ဆု သမ်းစဉ်ကာလ မရှိပါဘူးလားလို့ ဆိုတော့ မဂ္ဂင်ရှစ်ပါး မဂ္ဂသစ္စာဆိုတဲ့ သမ်းစဉ်ရှိသယ်လို့ ဒီသစ္စာ ၄-ပါးအရှားဟာ အယ်လောက်ဆန်းတုန်း ဒါပေမဲ့ဆုံးတရားပဲ၊

နောက် ခုတိယတရားပဲက အနက္ကအတ္တာ တရားတွေ ဟော တော်မူလိုက်တာ၊ ဒီလိုတရားတွေ ပေါ်နေပါတယ်လို့ ဆိုတော့ တစ်ခါထဲ မေ့သွားပြန်တယ်၊ အစ်မတန် ကြားချင်တဲ့ သတင်း ကောင်းကို။

နောက်တစ်ခါ သတိရလာလို့ "ဒီ ရှင် ဘာများပေါ်ပါသေး တုန်း" ဒီတရားတော်ကတိုင်း ကျင့်ပြီးတော့ စာရွက်ထူးပေါက် နေတဲ့ အရိယာသံသာတော်များလဲ ထွန်းပေါ်နေပါတယ်လို့ အဲဒီလို သံတေဒိုးတင်စကား မေ့သွားပြန်တယ်၊ ဘုရား, တရား, သံဃာနဲ့ အယ်လောက်မျှ ရင်းနှီးနေတုန်း။

ဒုဿီးသိန်း နောက်တော့ ကောင်းပြီ မောင်တို့ အစ်မတန်ထူးတဲ့ သတင်းကို ပြောဖော်ရလို့ မောင်တို့ကို ပထမ ဘုရားအကြောင်း ပြောဖော်ရတဲ့ အတွက် အသပြာတစ်သိန်း

ဆုချပါမယ်၊ ဒုတိယ တရားအကြောင်း ပြောဖော်ရတဲ့ အတွက် အသပြာတစ်သိန်း၊ တတိယ သံဃာ့အကြောင်းကို ပြောဖော်ရတဲ့ အတွက် (သံဃာဆိုတာ အရိယာသံဃာများနော်၊ ဒီလို ပုထုဇဉ် သံဃာ မဟုတ်သေးဘူး) အသပြာတစ်သိန်း ဆုချပါမယ် ဆိုပြီး တော့ စာရေးပြီး မီဖုရားဆီ လွှတ်လိုက်တယ်၊ အသပြာသုံးသိန်း ဒီလူများကို ပေးလိုက်ပါ၊ မိမိတို့ကို အယ်သွားတန်းလို့ ဆိုလို့ ရှိလျှင် "အဲဒီ ဘုရား, တရား, သံဃာများ ထွန်းပေါ်တဲ့ နေရာမှာ အစောတစ်ဘောင်နဲ့ အတူ သွားကြပါပြီ" လို့ အဲဒီလို သံတော်ဦး ထစ်ပါလို့ မှာပြီးတော့ လွှတ်လိုက်တယ်။

ဘုရားအာရုံနဲ့ ကူး တစ်ခါ နဂိုကလဲ မြင်းတွေနဲ့ ဥယျာဉ်ထဲ ထွက်လာ ကြတာမို့ မြင်းစီးပြီးတော့ သွားကြတာဘဲ၊ ဇမ်းမှာ မြစ်တွေ့တော့တယ်၊ ဘာမှ ရေကူးစရာ ဖောင်တွေ ဘာတွေ မရှိဘူး၊ ဘုရားကို အာရုံပြုပြီးတော့ ဘုရား အာရုံနဲ့ ကူးသွားတယ်၊ ဘာမှမဖြစ်ဘူး၊ သာမန်မြင်းဥ ဒါလောက် မြို့ပိတဲ့ ရေဇလေး သွားရသလိုဘဲ၊ နောက်တစ်ခါ မြစ်တစ်စင်း နောက်တစ်ခါ မြစ်ကစ်စင်း ဘုရားအာရုံယူ၊ တရားအာရုံယူ၊ သံဃာ အာရုံယူ၊ ဒီလို နဲ့ သွားလိုက်တာ မြတ်စွာဘုရားက တဆင့်သင့် လာ မယ်ဆိုတာ သိတော်မူလို့ ကြွပြီးတော့ သစ်ပင်အောက်ကထိုင်ပြီး စောင့်ဆိုင်း ကြိုဆိုတော်မူတယ်၊ အဲဒီတော့ မြတ်စွာဘုရားဆီ ရောက်တယ်။

ဆိုပါတော့ ဘုရားဆီ တရားနာလို့ မြတ်စွာဘုရားက တရား ဟောလို့ ရဟန်းပြုကြတယ်၊ သူတော်ကောင်းကြီးတွေ ချက်ချင်း သောတာပန်ဖြစ်တယ်၊ နောက်တော့ ရဟန္တာဖြစ်ကြရော။

ကျုပ်တို့သွားမယ်၊ ရှင်မတို့ ဘယ်နှယ်တုန်း"၊ "အာ... အားလုံး လိုက်မယ်" လို့ ပြောကြတယ်၊ တစ်ခါဆဲ အမတ်ကတော် တစ်ယောင်လဲ မြင်းယာဉ်စီးပြီးတော့ သွားကြတာဘဲ၊ ခုနက မြစ်လေ့ ကူးသွားတယ်၊ ဘုရားအာရုံ၊ တရားအာရုံ၊ သံဃာအာရုံနဲ့ ကူးသွားထာဘဲ၊ ဟိုကျတော့ မြက်စွဘဘုရားနဲ့ တွေ့တယ်၊ နောက်ဆုံးတော့ ဘိက္ခုနီမတွေ ဖြစ်ကြတယ်။

ရွှေပါရမီ ဒီတော့ကာ ကျောင်းဆောက်တယ်၊ ကျောင်းတိုက် တည်တယ်၊ တစ်ခါဒီလိုကျောင်းတိုက်တွေထဲ သံဃာ အဖြစ်နဲ့ နေကြတယ်ဆိုတဲ့ အားလုံး အစုအရုံးဟာ ရွှေပါရမီ မနည်းဘူး ပါတယ်၊ အင်မတန် ကြီးကျယ်တဲ့ ပါရမီတွေလို့၊ နောက်ကိုပေါ့လေ ကျတ်တန်းဝင်ဖို့ရန် အရည်အချင်း ရှိကြလို့ ရှိလျှင် ရွှေပါရမီကာ အင်မတန် ကြီးကျယ်လာတယ်၊ ခုနက ပြန်ပြီးတော့ အမတ်မင်းများရဲ့ ဝတ္ထုကိုကြည့်လျှင် တစ်ချိန်တုန်းက သံဃာတစ်ထောင်ကို ပစ္စေကဗုဒ္ဓါတစ်ထောင်ကို ကျောင်းဆောက်ပြီးတော့ ဆွမ်းပြုစုခဲ့ကြတယ်၊ နောက်ကို ဘုရားလက်ထက်ကျတော့ ကျောင်းဆောက်ပြီးတော့ ဘုရားတရားတော်နဲ့ မွေ့လျော်ခဲ့ကြတယ်၊ ဒီဓာတ်ကတော့ကာ နောက်ဆုံးကျတော့ ဘုရားပွင့်တော်မူပြီတဲ့လို့ ဆိုလျှင်တဲ့ သာသတင်းနဲ့ မှ မတူဘူး၊ စိတ်ကို ဆို့ပြီးတော့ သွားလောက်အောင် မြင့်မြတ်တဲ့သတင်းကြားတယ်။

ကျတ်တန်းဝင်ရမှာ ဒီတော့ကာ ဘုန်းကြီးက ခု ကျောင်း ဒကာတွေ ကျောင်းဆောက်တယ်၊ ဒီလို ကျောင်းကြီးပြီးယူးပြီ၊ ငါ့ကျောင်း သူများက သာဓုခေါ်

ကိုးသိန်းဆုချ နောက် ခုနက သတင်းပို့သွားတဲ့ ကုန်သည် တွေက မိဖုရားဆီ ရောက်တော့ မိဖုရားက စောကြည့်ပြီးတော့ "နေပါအုံး မောင်တို့ကို သုံးသိန်းတောင် ဆုလာသံပေးရအောင် ဘာများ မောင်တို့က ကျေးဇူးပြုထိုက်တုန်း" လို့ ဆိုတော့ အဲဒီမှာ "ဘုရားအကြောင်း သံတော်ဦးတင်လို့" ဆိုတော့ မိဖုရားကြီးက မေ့သွားတယ်၊ နောက် "တရားအကြောင်း သံတော်ဦးတင်လို့" ပြောတော့လဲ မိဖုရားကြီး မေ့သွားတယ်၊ "သံဃာ့အကြောင်း သံတော်ဦးတင်လို့ပါ" လို့ ပြောတော့လဲ မိဖုရားကြီး မေ့သွားတယ်။

ဒီတော့ မိဖုရားကြီးက ဒီလောက်ကောင်းတဲ့သတင်းကို ကြားရ တာဟာ မင်းတရားကြီးက တစ်သိန်းမီသာ ဆုတော်လာတော့ ပေးသနားတယ်မဲ့လား၊ ထိပ်တားကတော့ သတင်း တစ်ပုဒ် အတွက် "သုံးသိန်း၊ သုံးသိန်း၊ သုံးသိန်း" ကိုးသိန်းပေါ့လေ ဆုပေးသနားပါမယ်၊ "မင်းတရားများက ဒီသတင်းကြားလို့ ဘယ်လိုများလုပ်ကြတုန်း" လို့ ဆိုတော့ "အားလုံး ဘုရားရှိတဲ့ နေရာကို အမတ်တစ်ထောင်နဲ့ အတူ သွားပါဖြို့"။

အားလုံးထိုက်သွား ကောင်းပြီ ဆိုပြီးတော့ အမတ်ကတော် တွေကို ခေါ်တယ်၊ ဒီသတင်းကို ပြောပြ တယ်၊ ပြောပြတော့ "ကဲ-ရှင်မတို့ ဘယ်လိုလုပ်ကြမလဲ" မေးတော့ "သင်္ခမကော ဘယ်လိုလုပ်မလဲ"၊ "အာ... ကျုပ်ကတော့ သူတို့ စွန့်ပစ်သွားတဲ့ စည်းစိမ်ကို ဘာပြုလို့ ထွေးတဲ့တံတွေးကို ကောက် မျိုသလို မျိုရမှာလဲ. ဒီစည်းစိမ် ဘာလုပ်မလဲ၊ ဘာသုံးဖို့ရှိသေးသလဲ၊

ကာဒတော့ ခေါ်ပါစေပေါ့၊ ကိုယ်က သာယာပြီးတော့ ဒီလိုနေဖို့ မဟုတ်ဘူး၊ ဒီကျောင်းကြီးကို လာဝင်ကြည့်တိုင်း ဒီဝတ္ထုကို သတိရဖို့ တစ်ချိန် ဒို့ကျတ်တန်းဝင်ရမှာဆိုတဲ့ဥစ္စာဟာ ဒီလို သူလိုငါလို နေလျင်တဲ့ သူ့လို လောဘကလေးနဲ့ လောဘကြီးနဲ့ပေါ့လေ၊ လောဘကလေးကတော့ မကင်းဘူးပေါ့၊ သူ့လို ငါ့လို မာန်မာန တွေ့ ဒေါသတွေနဲ့ ဒီလိုနေလို့တော့ ဒို့က ဟိုနောက်ဆုံး ကျတ်သန်း ဝင်ဖို့ရန် အဆစ်ပြေချင်မှပြေမယ်၊ ဒီတော့ကာ ဒို့ဟာ ကြမ်းကြမ်း လောဘတွေ့ ဒိုကလျော့ရမယ်၊ ဘုရားအာရုံနဲ့ နေရမယ်၊ အကြမ်း ဗတမ်း လောဘတွေ့ ဒေါသတွေ့ မာန်တွေ့ မရှိစေရဘူး၊ ဘုရား အာရုံနဲ့ စိုးပွားရှာလဲ မေတ္တာနဲ့ ကရုဏာနဲ့ ချို ချို သာသာကလေး တရားသဖြင့် ရှာရမယ်၊ ဒို့စိုးပွားရှာနေပေမယ့်လို့ ဒို့ကျတ်တန်းဝင် ရမှာ၊ ဒို့ ခုစိုးပွားနဲ့ နေပေမယ့် စိုးပွားတွေ့ ထားပစ်ခဲ့ရမှာ၊ ဒို့ ကျတ်ထန်းဝင်ရမှာ။

ဘုရားအာရုံပြု ဒီလို ကျတ်တန်းဝင်မယ့်နေ့ကို ကျတ်တန်း ဝင်မယ့်အချိန်ကို မှန်းပြီးတော့ မှန်မှန်ဘုရား အာရုံပြုလို့၊ ရှေးက ဗုဒ္ဓဖြတ်စ္စာရဲ့ လက်ထက်က သူတော်ကောင်း တွေ့ကို အာရုံပြုလို့၊ အားလုံး ဒီလို သူတော်ကောင်းတွေ့ မေတ္တာ ပို့လို့၊ သူတော်ကောင်းမဟုတ်လဲ မေတ္တာပို့လို့၊ ညတိုင်း မနက် တိုင်း မနက် မျက်နှာတို့ ဘာတို့ ဆစ်ပြီးပြီဆိုလို့ ရှိလျင် ဘုရား အာရုံပြုလို့၊ အားလုံး စုစုပေါင်းမှ ငါးမိနစ် ကြာချင်ကြာပစေ ဘုရားအာရုံယူလို့၊ မေတ္တာပို့လို့။

စီပသနာရှာ အားလုံး အနိစ္စတွေ့၊ တစ်ဘဝ ပြောင်းကြရမယ်၊ တစ်ဘဝ ပြောင်းကြရမယ်၊ အားလုံး အို နာ သေရေး ဒုက္ခတွေ့ ဘယ်သူမှ မကင်းဘူး၊ တစ်ဘဝပြောင်းရမယ်၊ အဲဒီလို ဝိပဿနာရှုလို့ ကိုယ့်ကိုယ်ကို စိုက်ပြီးတော့ အနိစ္စ ဒုက္ခ အနတ္တလို့ နေ့တိုင်း နေ့တိုင်း မနက်တိုင်း အနည်းဆုံး ငါးမိနစ်၊ ညအိပ်ရာဝင်တိုင်း အနည်းဆုံး ငါးမိနစ်၊ နေ့ စိုးပွားရှာတိုင်း သတိရလို့၊ ဒါ ဘုရားသာသနာ ပြုစုခဲ့ရပြီ၊ ပြုစုခဲ့ရပြီ၊ ပြုဝုနေ တယ်၊ နောက်ဘုရားသာသနာ ဒို့ ကျတ်တန်းဝင်လို့ အချိန်မှာ လွယ်လွယ်ကလေး ကျတ်တန်းဝင်နိုင်ခဲ့အောင် အခု နေပါကယ်၊ ကိုယ့်ဆွေ့ ကိုယ့်မျိုးတွေ့လဲ မေတ္တာကရုဏာနဲ့ စကားပြောလို့၊ မိတ်ဆွေတွေ့နဲ့လဲ မေတ္တာကရုဏာနဲ့ စကားပြောလို့၊ ဆက်ဆံလို့၊ အဲဒီလိုနလို့ ရှိရင် ဒီကျောင်းကြီးဟာ နောက်ဆဝကျတော့ အာ ဖြစ်မှာလဲ၊ ဆာယာလို့ တော့ မဟုတ်ဘူး၊ ဘုံဗိမာန်ကြီးတွေ ဖြစ် မယ်၊ နန်ဒိယသူဌေးတို့လို ဘုံဗိမာန်ကြီးတွေ ဖြစ်မယ်။

နိဗ္ဗာန်လာဖြစ် နောက်ဆုံး ဘဝကျတော့ ဒီ ကျောင်းကြီးဟာ နိဗ္ဗာန်ကြီး လာဖြစ်မယ်၊ ဒီတော့ ပြုရတဲ့ ကျောင်းကြီး ကြည့်ပြီးတော့ ဘဝသံသရာမှာ နေရာထိုင်ခင်းတွေ ဖြစ်မယ်၊ နောက်ဆုံးဘဝမှာ နိဗ္ဗာန်ကြီးဖြစ်မယ်၊ ဒီကျောင်းကြီး ကို အာကြောင်းပြုပြီးတော့ နိဗ္ဗာန်ကို ဒို့ မျက်မှောက်ပြုရမယ်၊ ဒါ ရှေးတုန်းက ဒီလိုဘဲ လမ်းစဉ်ရှိတယ်၊ ဒီလိုဘဲ သူတော်ကောင်းတွေ သွားခဲ့ကြတယ်၊ အနာထပိဏ်သူဌေးတို့ ဒီလိုဘဲ လာခဲ့ကြတယ်၊

ဝိသာခါတို့ ဒီလိုပဲ ကာခဲ့ကြတယ်၊ မကြာမီက ဘုန်းကြီး ဟော ထားတဲ့ ဟိုသုမေရော ရှင်သုရင့်ဆမီးတို့ ဒီလိုပဲ လာခဲ့ကြတယ်၊ သုမေရော ရှင်ဘုရင့်သမီးဟာ ရဟန္တာမကြီးဖြစ်လို့ ဒီလိုလဲ ပြော တယ်။ ဒို့ သဝေါဝါးများစွာ ရည်းစိမ်းအကြိမ်ကြိမ်ဟာ ဒီကျောင်း ကဲ့၊ ဒီကျောင်းကြီးဟာ သဝေများစွာ စည်းစိမ်အကြိမ်ကြိမ် ဖြစ် လာတယ်၊ နောက်ဆုံးဘဝကျမှတော့ ဒီကျောင်းကြီးဟာ နိဗ္ဗာန် ဖြစ်သွားတယ်၊ နိဗ္ဗာန်ကြီးဘဲ၊ နိဗ္ဗာန်မြင်တာ ဒီကျောင်းကြီးနဲ့ ဘဲ သုမေရော ရှင်ဘုရင့်သမီး ရဟန္တာကလဲ သူက စကားပြောလဲ ကောင်းတယ်၊ စိတ်ထားလဲ ထက်တယ်၊ ရှင်ဘုရင့်သမီးလဲ ဖြစ် တယ်၊ အဲဒီလို ပြောတယ်။

စိတ်ထားပြင် ဒါ့ကြောင့် ဒဏ်ကိုက ကျောင်းချည်းမပြီးပါနဲ့၊ စိတ်ထားတွေပါ ပြင်လိုက်ပါ၊ ကျောင်းချည်း မပြီးပါနဲ့။ လောကရဲ့ ဆက်ဆံရေးပါ အကုန်လုံးပြေအောင် မြင်လိုက်ပါ၊ ဒီကျောင်းချည်း မပြီးပါနဲ့။ ဒီကျောင်းဟာ ဘဝပေါင်း များစွာရဲ့ ဆုတ်က နေရာဆိုင်ခင်းဖြစ်ရပါ့မယ်၊ ဖြစ်မှာပါ၊ နောက် ဆုံး ဘဝ ကျတော်အနုံးဝင်ဖို့ရန်လဲ နိဗ္ဗာန်ဖြစ်မှာပါ၊ အဲဒီနိဗ္ဗာန်ကို ရည်စူးပြီးတော့ ယမုကျောင်းလူပါဘယ်လို့ ဒီလိုနှုတ်သွင်းကြ။

အလုပ်လုပ်နေ ဘုန်းကြီးလို ဘုန်းကြီးတွေကလဲ ဘုန်းကြီး ယခု အသက်ကြီးပြီ မဟုတ်လား၊ ကံအားလျော်စွာ အလုပ်လုပ်နိုင်သေးတယ်၊ လုပ်နေတဲ့ဥစ္စာဟာ ဟို လေး-ငါးဆယ် လောက်ကထက် မလျော့သေးဘူး၊ အလုပ်လုပ်နေတယ်၊ အဲဒီတုန်း

ကထက် သန်ဖိုးရှိတယ်၊ ဒီတော့ ဘုန်းကြီးက လုပ်ရပါ့မယ်၊ သက်သာနိုင်သမျှတော့လဲ သက်သာအောင် နေရပါ့မယ်၊ အရေး ရှိလို့ ရှိလျှင် မနက်ကဆိုလျှင် ဆိုပါတော့ မိုးရွာတယ်၊ အင်း— ဒီမှာ ဘယ်လိုဖြစ်နေကြမလဲလေလို့ ဆိုပြီးတော့ လာကြည့်တယ်၊ ဘယ်လိုလုပ်ပါ၊ ဘယ်လို ဆွမ်းခံပါ၊ ပြီး ဒီမှာထားပြီးတော့ တရား စကားပြောတယ်၊ မနေညကလဲ ပြောတယ်၊ ဒီတော့ သက်သာနိုင် သမျှတော့ သက်သာအောင် နေပါတယ်၊ အလုပ်လုပ်ရတာက ရှေးတုန်းက အလုပ်တွေထက် တန်ဖိုးလဲ ရှိပါဘယ်၊ ကြီးလဲ ကြီး ကျယ်နေပါတယ်၊ အဲဒီအလုပ်တွေကို နေ့တိုင်းလဲ လုပ်နေရပါ တယ်။

ယခုပြင်နေ ဒါ့ကြောင့် ဘုန်းကြီး ဘာ့ကြောင့် လုပ်နေတုန်း၊ မြင်နေတာဘဲ၊ ဘာပေါင်းများစွာလဲ မြင်နေတာ တဲ့၊ အာ.... ဒို့ ဒီအလုပ်တွေဟာ နိဗ္ဗာန်တဲ့၊ ဘဝများစွာမှာ ဉာဏ် ပညာထက်ထက်နဲ့ အများကို စောင့်ရှောက်နိုင်မှာဟာ ဒီအလုပ် တွေဘဲ၊ ဒါ့ကြောင့်မို့လို့ ယခုပြင်နေတယ်၊ ကျောင်းသံသာ တွေကို ပြင်နေတယ်၊ တကယ် သူတော်ကောင်းအဖြစ်နဲ့ မနေနိုင် ကြလျှင် တခြားက လွှဲကြပါတော့၊ ဘုန်းကြီးကတော့ လွှဲလို့ မဖြစ်ပါဘူး၊ ဒီလောက် ပြင်နေတဲ့ဥစ္စာကို၊ ဘုန်းကြီးကစ်ပါးတည်း ကျန်ဆည်အထိ ဘုန်းကြီးက တင်းတင်းမာမာ လုပ်ရတော့မှာပါ၊ ဒီတော့ကာ တခြားကို လွှဲကြပါတော့၊ ဗီကျောင်းမှာ နေမှာ ဖြင့်ရင် ဒီကျောင်းရဲ့ ဘုန်းကြီးစကားအတိုင်း နားထောင်ကြပါ။

မပေါ်ကြနဲ့ အားလုံးကို ဘုန်းကြီး ထိန်းသိမ်းပြီးတော့ နေပြီ မဟုတ်လားလို့၊ ကျောင်းသံဃာတွေ မပေါ်ကြနဲ့၊ ကောင်းကောင်းနေကြပါ၊ ဦးဒီလိုအနေမျိုးဟာ ခုနှယ်ကသာ ကောင်းကောင်းနေလို့ ဝိုလ္လင် ဘဝမျိုးစုံဟာ သံသရာမှာ ပညာရှိ နေတဲ့ ချစ်သားတဲ့ ဘဝမျိုး ဖြစ်မယ်၊ နောက်ဆုံးဘဝမှာ ဘုန်းကြီး လိုလို ပဿာလေ့ တိုးပြီးတော့ မင် ဖိုလ် နိဗ္ဗာန်ကြီး ဖြစ်လာမယ်လို့ ဒီလို ဩဝါဒပြုပြီးတော့ကာ တကယ်စေတနာနဲ့ နေကြပါ၊ ပေါ်ပေါ် ဆာနဲ့ နေလို့ တော ဒီကျောင်းမှာ မနေပါနဲ့၊ တကယ်ပေါ်အာမုန်း သွားလို့ ရှိလျှင် ဘုန်းကြီးက ထုတ်ကို ထုတ်ပြီးတော့ ပစ်ရပါမယ်၊ ဓါးကြောင့် ပေါ်ပေါ်ဆာ မနေနဲ့။

ကျောင်းဒကာများက ထပ်ပြီးတော့ပေါ်လာ ရောက် အချောင်မလေးချပြီးတော့ အမျှဝေရပ်အောင်။

ရောက်ချ အမျှဝေ

လူးဂါန်း အရှင်ဘုရား... ဘုန်းတော်ကြီးတော်တို့သည် ဤ အုတ် တိုက်ကျောင်းကို ဤကျောင်းသို့ ရောက်လာ မရောက်လာသော့ အမြတ်လေးမျက်နှာခြို့ သိဟင်းသုံးတော်မူသော စာဟု ဒိုသာ သံသာတော်အပေါင်းအား မြင်စ်ဘုရားကို အမျှပြုပြီ ကပ္ပိယကုန်းအဖြစ်ဖြင့် လူဒါန်းကြပါကုန်၏ ဘုရား...။

ဆုတောင်း

ဣဒံ မေ ပုညံ နိဗ္ဗာနဿ ပစ္စယော ဟောတု—

ဤ ကောင်းမှုသည် ရောက်လာ ဘဝ၌ နိဗ္ဗာန်ရောက် ကြောင်း ကောင်းမှုပါရမီကို ဖြည့်ကျင့်ဖို့ရန် အထောက်အပံ့

ဖြစ်၍ ဘဝဆက်တိုင်း ပါရမီကို ဖြည့်ကျင့်ပြီးလျှင် နောက်ဆုံး ဘဝ၌ မြတ်စွာဘုရားသည် ဟောပြတော်မူအပ်သော နိဗ္ဗာန်ဓာတ်ကို မိမိညာဏ်ဖြင့် မျက်ဝါးထင်ထင် မြင်နိုင်တဲ့ကိုယ် ဖြစ်ရပါလို၏ ဘုရား။

အမျှဝေ ဤမံ ဟုညပတ္တိံ— ဤကောင်းမှု၏အဖို့ကို၊ ဤမံပရိသံ— ဤကြွရောက်လာသော ဆံလာတော်ပရိသတ်နှစ်မျိုး၊ မိတ်ဆွေ ပရိသတ်ကို၊ အာဒိကတ္တာ—အစပြု၍၊ သပ္ပသတ္ထာနံ— အလုံးစုံသော အသက်အားဖြင့် ပင်ရှား ရှိကြ-မရှိကြသော အမိ အဖ ဆရာသမား ဆွေမျိုးမိတ်ဆွေ ကိုယ်စောင့်နတ် ဤ ကျောင်း တိုက်စောင့်နတ် မိမိတို့၏နေရာ အဟောင်းအသစ်ဖြစ်သော ဒါယိမ်တို့ တိုက်တို့၌ စောင့်ကြပ်၍ နေကြသော နတ်အပေါင်း တုမ္ဗဇိုင်း ချက္ခဇိုစ်း အားကာသဇိုင်း လူတို့သွေဖြင့်နှင်း အစိုးရမင်း ဇရဲအေးဖြင့်နှင်း ဃမင်း ဒေဝသေဖြင့်နှင်း သိကြားမင်းမှ စ၍ သုံးဆယ့်တစ်ဘုံ၌ ကျင်လည်ကြ ကုန်သော သတ္တဝါအပေါင်းတို့အား၊ ဘာဇေမေ-အမျှ အမျှ အမျှ ပေးဝေပါကုန်၏၊ အမျှရ၍ ချမ်းအာကြပါစေ ဘော်....။

အမျှ အမျှ အမျှ ယူတော်မူကြပါခင်ဗျား။

သာဓု... သာဓု... သာဓု....။

ပဲ့ကုန်သိမ်ကျောင်းရောက်ချ တရားတော် ပြီးပြီ

စကားပါးတရားတော်

ဇော်လေးပါး　ဒီနေရာမှာပြောမယ့်တရားက စကားလေးပါးအကြောင်း ပြောမယ်၊ စကားလေးပါးအကြောင်း ပြောတော့ ကာ အများကြီးဖွဲ့နေတဲ့ မင်္ဂလသုတ်ထဲက "ပဋိဂ္ဂဟဏသဝါသေစ- သင့်တင့်ယျောဂ်ဟယ်၊ ကောင်းမြတ်သော အရပ်၌ နေခြင်းသည် လည်းကောင်း၊ ပုဗ္ဗေ - ရွေးရှေးဘဝ၌၊ ကတပုညတာစ-ပြုအပ်ဖူးသော ကောင်းမှုရှိသူ၏အဖြစ်သည်လည်းကောင်း၊ အတ္တသမ္မာပဏိဓိစ-မိမိကိုယ်မိမိ ဝိတ်ကို ကောင်းစွာ ထားနိုင်ခြင်း သည်လည်းကောင်း" အဲဒီ မင်္ဂလသုတ်ထဲက မင်္ဂလာ ၃ ပါးဟာ စကား ၃ ပါးဘဲ၊ နောက်ဆုံး "သပ္ပုရိသူပနိဿယော - သူတော်ကောင်း မှီခိုရခြင်း" ဆိုတဲ့ စကားတစ်ပါး အပါအဝင်လျှင် စကား ၄ ပါး ဖြစ်သွားမယ်၊ အလှူရှင်များကို အကြောင်းပြုပြီးတော့ ဟောနေတာ၊ အလှူရှင်များက ဟိုကိစ္စ ဒီကိစ္စများ ပျာပါရများနေလျှင် တရား နားမလည်နိုင်ဘူး၊ ပျာပါရမပွားနဲ့။

ရွေးကကောင်းမှု　အဲဒီ စကားလေးပါးထဲက ပုဗ္ဗေစကတပုညတာ- ရွေးက ကုသိုလ်ကောင်းမှု ပြုခဲ့ဖူးလို့ နောက် နောက် ကိစ္စတွေမှာ အကောင်းတွေ့ရတာ၊ ပုဗ္ဗေစကတပုညတာ- ရွေးက ကုသိုလ်ကောင်းမှု ပြုခဲ့လို့၊ ပြုခဲ့တဲ့ ကုသိုလ်ကလဲ အနှုံ့ သာလို့ ပြုတော့ ပြုခဲ့ကြတယ်၊ ဟခု ဒီမှာ ရောက်နေကြတဲ့ သံဃာ

စမ္ဘရတနာ

၁။ ဗုဒ္ဓညနှံပြု မြတ်ဓမ္မဒ္ဒို့
သုတ္တ ဝိနည်း အဘိဓမ္မာ။
လေးဆယ့်ငါးဝါ ဟောခဲ့ကြောင်းလည်း၊
သုံးပါဠိကျိမ့် အချုပ်မှာ။

ဝိနည်းဆိုတာ သံဃာများ၏၊
ဝတ်စားနေထိုင် ကောင်းဖို့ရာ၊
အတိဓမ္မာ အကာပက၊
ရွတ်နာမ်ညှနှံပြု အစစ်သာ။

၂။ သုတ္တန်အာဠာဝက ဗိုလ်လူများ၏၊
စီးပွားသုခ ညွှန်ထည့်စေ၊
ဣန္ဒြေဝေယျ ချမ်းသာပေးလို့၊
နောင်ရေး သုခ ရဖို့ရာ။

ကဝလွတ်အောင် ဝေနိုင်ငြားသည့်၊
ပရိုးတူးလည်း ရှိထည်သာ၊
ဘို့ကြောင့် ပုဗ္ဗ မြတ်ဓမ္မကို့၊
ဆည်ပမို့ ဝေနိုရှုသာ။

ပုဗ္ဗဆာလာသင်ခန်းစာ

များသဲ ရွေးက ကုသိုလ်ကောင်းမှု အာမျိုးမျိုး ပြုခဲ့ကြတယ်၊ သူ့ဌေး သူကြွယ် ရွှင်ဘုရင်ဖြစ်အောင် ပြုခဲ့ကြတယ်၊ ယခု ရောက်နေကြဖဲ့ ပရိသတ်တွေလဲ ရွေးက ကုသိုလ်ကောင်းမှုအာမျိုးမျိုး ပြုခဲ့ကြတယ်၊ သူ့ဌေး သူကြွယ် ရွှင်ဘုရင်ဖြစ်အောင် ပြုခဲ့ကြတယ်၊ ဒါပေမယ့် အခွင့်တော့ သာချင်မှ သာမယ်၊ အခွင့်မသာလို့ ရှိလျှင် ပြုခဲ့တဲ့ ကုသိုလ်တွေက မြုပ်နေတယ်၊ အခွင့်သာတဲ့ အချိန်အထိ အခွင့်ကို သာတဲ့ ဘဝအထိ သူတို့ အကျိုးမပေးနိုင်ဘူး၊ မရှိဘူးလို့ ဆိုကောင်း ရှိတယ်၊ နားလည်လား။

သင့်တော်တဲ့အရပ် ရွေးကံကောင်းလို့ ရှိလျှင် ပဋိဋ္ဌပဒေသ-သင့်တင့်လျောက်ပတ်တဲ့ အရပ်မှာ နေရတယ်၊ ဒါ ဇာတိချည်း တာဝန်ပေးထားတာနော်၊ နောက်တော့ ကံချည်းမကတဲ့ဟာတွေ ပေါလာမယ်၊ ရွေးကံကောင်းလို့ ရှိလျှင် သင့်တော်သောအရပ်၌ နေရတယ်၊ ဒါ "ပဋိဋ္ဌပဒေသဝါသစက်" လို့ ခေါ်တယ်၊ ရွေးက ကံကောင်းခြင်း၊ ဘဉ်းပွားသော စက်က ပဋိဋ္ဌပဒေသဝါသကို အခု ဒကာတို့လုပ်နတဲ့ စက်များလိုတဲ့ စက်ပတ်ကြိုးချင်း ဆက်သွယ်ပြီးတော့ လည်လာတယ်၊ ရွေးကံကောင်းလို့ သင့်တင့်လျောက်ပတ် ကောင်းမြတ်သော ပဋိဋ္ဌပဒေသ၌ နေကြရတယ်၊ ဒီစက်ဟာ လည်လာတယ်၊ ပုဗ္ဗစကတပုညတာ စက်က ပဋိဋ္ဌပဒေသဝါသစက်ကို ရောက်လာတယ်၊ လည်လာတယ်၊ ဒီတော့ သင့်တင့်လျောက်ပတ် ကောင်းမြတ်တဲ့ အရပ်ကို ဘုန်းကြီးတို့ဟာ တွေ့ရပြီနော်။

မြန်မာနိုင်ငံ မြန်မာနိုင်ငံလား၊ ဥရောပက နာမည်ကြီးနေတဲ့ နိုင်ငံတွေလား၊ ဘယ်နိုင်ငံလဲ၊ ဒီလို စစ်ရမယ်၊ သင့်တင့်လျောက်ပတ်တဲ့ အရပ်ဆိုတာ ဒါကို စစ်ဆေးပါစေ၊ ကုလုလ်ရေးနဲ့ စပ်လာလို့ ရှိလျှင်တော့ မြန်မာနိုင်ငံက ပဋိဋ္ဌပဒေသ=သင့်တင့်လျောက်ပတ်တဲ့ အရပ်ဘဲ၊ ကုသိုလ်ရေးနဲ့ ပြောတာနော်၊ ကုသိုလ်ရေးနဲ့ ပြောရလို့ ရှိလျှင် မြန်မာနိုင်ငံက ဘုရား တရား ထွန်းကားနေသေးလို့ တရားတွေ့ တယ်လေးကံဘဲ လူတွေ မှာ ဆိတ်သုဉ်းနေပေမယ့် တရားစစ် တရားမှန်ကတော့ ရှိနေတာဘဲ၊ တော်တော်ဘာဏ်ရှိတဲ့ ပုဂ္ဂိုလ်တွေထဲမှာ ရှိနေသေးတာဘဲ၊ ဒီတော့ တရားနဲ့ ပြောမယ်၊ ကုသိုလ်ရေးနဲ့ ပြောမယ်ဆိုလျှင် ကုသိုလ် များများရတဲ့ အရပ်ဟာ ပဋိဋ္ဌပဒေသ = သင့်တင့်လျောက်ပတ်တဲ့ အရပ်ဘဲ၊ ဒါကို မမေ့ပါနဲ့ ဒကာများက။

နိုင်ငံခြား ဒီတော့ ဘခြားနိုင်ငံက ကြီးကျယ်ပြီးတော့ နေတယ်၊ စီးပွားရှာလို့ တယ်ကောင်း၊ တချို့ နိုင်ငံမှာ စည်းစိမ်တွေ တယ်ကြီး၊ အသုံးအဆောင်တွေ တယ်ကြီးကျယ်တယ်၊ ကုသိုလ်ပြုရတာ သွယ်ရဲ့လားလို့ ဆိုတော့ မသွယ်ဘူး၊ အင်မတန် ကျဉ်းမြောင်းသွားတယ်၊ နိုင်ငံခြားမှာ နေပြီးတော့ ပညာသင်ပေးတဲ့ ကုသိုလ်ပညာ အားပေးတဲ့ ကုသိုလ်ရပါတယ်၊ ဆေးရုံကြီးတွေ အားပေးတဲ့ကုသိုလ်ရပါတယ်၊ ဒီ့ပြင် ကုသိုလ်တွေ ကျတော့ နေ့တိုင်းဘဲ အရှေ့ညီ တဲ့အပြင် အကုသိုလ်တွေက သိပ်ပြီးတော့ များနေတယ်၊ ဒီတော့ ဒါကို ယှဉ်ကြည့်ပါ၊ လောက အပြောနဲ့ ကြီးကျယ်ခမ်းနားတာကို ဖြေလျှင်တော့ နိုင်ငံခြားက

အဆင့်အတန်းမြင့်တယ်၊ ပဋိဂ္ဂပဒေသလို့ ဆိုရလိမ့်မယ်၊ ကုသိုလ်ရေးဆုနဲ့ ပြောလို့ ရှိလျှင် မြန်မာနိုင်ငံကို မမှီဘူး၊ ဘုန်းကြီးကလဲ ဒီစိတ်မျိုးနဲ့ ကိုယ်မြန်မာနိုင်ငံကို မြင့်တင်နေတာ၊ မြန်မာနိုင်ငံက ကုသိုလ်ရေးဆုနဲ့ အဝိမဟန် ကောင်းတယ်၊ ပဋိဂ္ဂပဒေသဖြစ်တယ်၊ မင်္ဂလသုတ်ထဲက ပဋိဂ္ဂပဒေသကို မှတ်ထားနော်၊ ပါဠိစကားကို သိပ်နားမလည်ရင် ပဋိဂ္ဂပဒေသကို မှတ်ထားပါ။

သူတော်ကောင်းမှီ ပဋိဂ္ဂပဒေသမှာ ရောက်လာတော့ ဘယ်လို စက်နဲ့ တွေ့ပြန်တုန်းလို့ ဆိုတော့ သပ္ပုရိသူပ နိဿယ ဒါက မင်္ဂလသုတ်ထဲမှာ မပါဘူး၊ မင်္ဂလသုတ်မှာ မပါတဲ့ သပ္ပုရိသူပနိဿယစက်၊ သူတော်ကောင်းကို တွေ့ရပြီ၊ သူဟော်ကောင်းကို မှီခိုရပြီ၊ သူတော်ကောင်းကို မှီခိုရပြီလို့ ဆိုကောက်ကာယခု အလှူခံကာ - အလှူအမျှားတဲ့ စဉ်းစားကြည့်ပါ၊ မိမိတို့ စိတ်ဟာ ဒီစိတ်မျိုးဖြစ်လာအောင် သူတော်ကောင်းအမှီမရှာနဲ့ မဖြစ်နိုင်ဘူး၊ မိဘ ဆွေမျိုးရင်လဲ ဖြစ်ရမယ်၊ ဂျေးက ဖြစ်စေ့ နောက်မှဖြစ်စေ ဆရာသမားရင်လဲ ဖြစ်ရမယ်၊ ဒါကြောင့် သူတို့ဟာ သပ္ပုရိသ - သူတော်ကောင်းတွေတဲ့၊ အဲဒီ သူတော်ကောင်းတွေမှီရလို့ လူချင်တယ်၊ ကလေးတွေ လိမ္မာစေချင်တယ်၊ သားတွေ ဘုရားနဲ့ တရားအကြောင်း၊ သာသနာအကြောင်းကို သိစေချင်တယ်၊ ဒီစိတ်တွေ ဖြစ်ပြီးတော့ ဒီအလှူ ထမြောက်လာတယ်၊ ဒါ သူတော်ကောင်းတွေကို မှီခိုရလို့ ဖြစ်တယ်၊ သူတော်ကောင်းတွေ မှီခိုရလို့ မိဘအလဲ့ကောင်းတယ်ဆိုလျှင် ယခု မိမိတို့ မိဘအဖြစ်နဲ့ စဉ်းစားကြည့်ပါ၊ သားတွေကို ဘယ်လောက် ကောင်းတဒဂ္ဂတွေ

ပြောပေးနေတုန်း၊ မိမိတို့ မိဘမျှားကလဲ ဒီလိုဘဲ စွမ်းနိုင်သလောက် ပြောလိုက်မှာဘဲ၊ ဒီက ဆရာသမားတွေက ရောက်လာတဲ့ ရဟန်းလောင်း ရဟန်းသစ်, ကိုရင်လောင်း ကိုရင်သစ်တွေကို စောင့်ရှောက် ပေးနေကြပြီ၊ ပြောပေးနေကြပြီ၊ ဒါ အလဲ၊ ဆပ္ပုရိသူပနိဿယ - သူတော်ကောင်းတွေ မှီရလို့ မို့ အဆုံးအမကောင်းတွေ ရကြတယ်၊ မိမိထို့လဲ ရခဲ့မှာဘဲ။

မိတ်ဆွေကောင်း ရခဲရှိ မကဟူး၊ ရွှေတော်တော်လေး ကြီးမှတဲ့ မိတ်ဆွေကောင်းတွေနဲ့ ဆက်သွယ်လို့ ဘယ်လိုနေရလျှင် ကောင်းတယ်၊ ဘယ်လိုနေရလျှင် ကောင်းတယ်၊ အဲဒီလိုဟာတွေ ဖြစ်လာတာဟာ သူတော်ကောင်းတွေကို မှီခဲ့ရလို့ သူ့ဆီတော်ကောင်းဆိုတဲ့ဥစ္စာ တကယ့် တုန်းကြီး သူတော်ကောင်းမှ မဟုတ်ဘူး၊ မိတ်ဆွေသူတော်ကောင်းလဲ ဖြစ်တာဘဲ၊ ဒီလို မိတ်ကောင်း ဆွေကောင်းတွေ မှီခဲ့ရလို့ "ဘယ်လိုပြုရတယ်၊ ဘယ်လို နေရတယ်၊ စိတ်ဘယ်လိုထားရတယ်" ဒီလို နားလည်လာတယ်၊ အဲဒီတော့ ပြန်ပြီးတော့ကာ စဉ်းစားလိုက်ရင် ဂျေးက ကံကောင်းတဲ့ပုဒ္ဓစကတပုည်တာကြောင့် ပဋိဂ္ဂပဒေသ - သင့်တင့်လျောက်ပတ်တဲ့ မြန်မာနိုင်ငံမှာ ရောက်လာကြရတယ်၊ သင့်တင့်လျောက်ပတ်တဲ့ မြန်မာနိုင်ငံ ရောက်လာတော့ ကုသိုလ်ရေးကို သင်ပြမယ့် သူတော်ကောင်း = သပ္ပုရိသနဲ့ တွေ့ရတယ်၊ ဘယ် သူတော်ကောင်းတွေတုန်း၊ မိဘက စပြီး ကောင်းတယ်၊ အခု မိမိတို့ မိဘအနေနဲ့ စဉ်းစားကြည့်၊ ကလေးတွေအပေါ်မှာ ဘယ်လောက် ကောင်းတဲ့ လမ်းတွေကို ညွှန်ပြနေသလဲ၊ ဘယ့်ဆော့က်ကောင်းတဲ့ လမ်းဆိုတဲ့

ဥစ္စာ လိမ္မာအောင် ဘယ်လောက် ညှဉ်ပြနေသလဲ၊ လိမ္မာဆိုတာ ကုသိုလ်များများရအောင် ဘယ်လောက် ညှဉ်ပြနေသလဲ၊ အဲဒါ ကလေးတွေမှာ သပ္ပုရိသ-သူတော်ကောင်းတွေကို မှီခိုရပြီ။

မိမိတို့ကို မှီခိုခဲ့ရပြီး အထိုက်အလျောက် ပတ်ဝန်းကျင် ပေါင်းသင်း ဆက်ဆံလို့ မိတ်ဆွေကောင်းတွေနဲ့ ပြန်တွေတော့လဲ ဖိတ်ဆွေတွေက ကောင်းတာတွေကို ညှဉ်တယ်ဆိုလျှင် - ဒီမိတ်ဆွေတွေလဲ သပ္ပုရိသ-သူတော်ကောင်းတဲ့။

အဆုံးအမ ဒီးတော့ ထပ်ပြီး နားလည်ပါနဲ့၊ ရှေးက ကောင်းတာက ပုဗ္ဗစရိတပုညတာ၊ ဒီဘဝ ကောင်းတဲ့အရပ်မှာ ဆောက်လာတာက ပဋိသန္ဓေဒေဝါသ၊ ကောင်းတဲ့အရပ် ဆောက်ဖော်လို့ သူ့အောင်ကောင်းတွေကို တွေ့ရတာက သပ္ပုရိသူပနိဿယ၊ သူတော်ကောင်းတွေရဲ့ အဆုံးအမတရားဓမ္မ နာရတာက သဒ္ဓမ္မဿဝနေ၊ ဒါလဲစက်ဘဲ၊ ကြားစက် တစ်စက်ဘဲ၊ သူ့အောင်ကောင်းတရားတွေ နာရတာယ်၊ သူ့အောင်ကောင်းတရားတွေ နာရတော့ တာဖြစ်လာသလဲ၊ ဟုတ်ဘူး အလှူဒကာတဲ့ စဉ်းစားကြည့်ပါ၊ "အင်း-သူတော်ကောင်း တရားတွေ ကြားရ၊ နာရ၊ စဉ်းစားရ၊ ဝေဖန်ရတယ်"။

အလှူကြွေးတွေ ဘယ်နှယ်လဲ "အလှူဒါနတွေက အလှူဒါနသာဆိုတာ အကုန်အကျတွေ များပြီးတော့ ကုသိုလ်အရနည်းလှပါလား"၊ ဒီမှာ အတ္တသမ္မာပဏိဓိ = မိမိစိတ်ကို စဉ်းစားပြီး၊ မိမိစိတ်ကို ကောင်းအောင်ထားပြီး "ဘယ်နှယ်လဲ ဒီဒီ မဏ္ဍပ်ကြီးတွေနဲ့ အလှူတွေ ပေးလိုက်ရတာ၊ ငွေအခြေအနေ

လိုက်ပြီးတော့ ထောင်ပေါင်းများစွာ ကုန်ရတယ်၊ ကုသိုလ် ဘယ်မှာလဲ၊ လူတွေကို ဖိတ်ပြီးတော့ အကျွေးတွေနဲ့ ညှဉ်ရတာက ကုသိုလ်လား၊ အတ္တသမ္မာပဏိဓိ-မိမိစိတ်ကို ကောင်းကောင်းထားတတ်ပြီလေ၊ စိတ်က စဉ်းစားတတ်လာပြီလေ၊ ဒါဘာဖြို့လို့လဲ့ အဆက်ဆက် စက်တွေကြောင့် မိမိစိတ်ကို မိမိ စဉ်းစားတတ်လာပြီ ကောင်းအောင်း ထားတတ်လာပြီ။

သားရှင်ပြု ကုသိုလ်က ဒီလောက်ပစ္စည်းတွေ အကုန်ခံပြီးတော့ သား ရှင်ပြုတယ် ဘာတယ် ဆိုကြတယ်၊ ရှင်ပြုတဲ့ သားကလဲ ဘာသိလောက်မှား ကိုရင်ဘဝနဲ့ ကောင်းကောင်း နေနိုင်သလဲ၊ ကိုရင်ဘဝ ကောင်းကောင်းမနေနိုင်ဘဲနဲ့ ဆက်နိုင်းတတ်ပြီးတော့ ဝေါဟေါဆဆ နေလို့ ရှိလျှင် ကုသိုလ်ရသလား၊ "ဟော-အတ္တသမ္မာပဏိဓိ-မိမိစိတ်ကို မိမိ ကောင်းကောင်းထားတတ်လာပြီ၊ စဉ်းစားတတ်လာပြီ၊ ဘယ်လောက်များ ကျေးဇူးများသလဲ၊ သူတော်ကောင်းနဲ့ တွေ့ရတာ ဘယ်လောက် ကျေးဇူးများသလဲ၊ ပဋိဠပဒေသ - ရှောက်နေရတာ ဘယ်လောက်များ ကျေးဇူးများသလဲ။

သံဃာအလှူ ပြီးတစ်ခါ ကိုယ့်ကိုယ်ကို စဉ်းစားပြီးတော့ "ဒီလိုဆိုလျှင်တော့ ငါ့ရဲ့သား ရှင်ပြုကိစ္စမှာ ဘယ်လို နက်ဖြန်ဖြစ်မှာလဲ၊ သံဃာတော်များကို ဆွမ်းကပ်လို့ "သံဃာသာဒေမ - သံဃာအား လှူပါ၏" သံဃိကဒါန ယခုလို ကျောင်းမှာ အသုံးကျနေတဲ့ ကျောင်းသန့်

ဂွင်းတဲ့ နေထုမှာ အသုံးကျနေတဲ့ ပေါက်တူး၊ ကူးရွင်း၊ ဝေးဆေ စပြီးတော့ "သံဃာအေမ-သံဃာအားလူပါ၏၊ သံဃာအားလူပါ ၏" ပြီးတော့ ကျောင်းတစ်ကျောင်း ခြိုင်ဆောက် ဆောက်တဲ့ နေရာမှာ နဂိုလဲ ဝတ္ထုလေးဆောင် လုပ်ပြီး၊ ယခု တစ်ဆောင် ထပ်လုတယ်၊ သံဃာအား လူပါ၏၊ သံဃာအား လူပါ၏၊ အဲဒီ ကျောင်းတဲ့ သံယာအေမ-သံဃာအားလူပါ၏၊ "စောစော်က နောင်ကုလို ရှိလျှင် ဆီအောက်အခဲ တွေလိမ့်မယ် ဆိုပြီးတော့ ဆီ ပေါကြီး ၀ါဆိုဦးကထဲကိုု ထားထယ်းအုံကျလျှင် လွှနအောင် သံဃာအေမ-သံဃာအားလူပါ၏"၊ တစ်ခါ ယခု ဆန်အိတ်တွေ သက်နှံးတွေ ပါလာတယ်၊ "သံဃာအေမ- သံဃာအား လူပါ၏၊ သံဃာအားလူပါ၏"။

ပုဂ္ဂိုလ်လူလျှင်၊ ဒီလို "သံဃာအေမ-သံဃာအား လူပါ၏" လို့ မဟုတ်ဘဲနဲ့ ပုဂ္ဂိုလ်တစ်ပါးပါး ဝင့်မင့်ပြီးတော့ သူ့ဆိုက်ရာကာက ဆိုပါတော့ ဘုန်းကြီးဟဲ့ လူအုန်းတော့ ဘုန်းကြီး ဟာ တနားဆွဲပြင့် ဆာခုလူတဲ့ ကန်မျိုးစုံ ဆီမျိုးစုံ တထားသဖြင့် ကိုယ် မရှိသော် သံဃာပရိသတ်ရှိလို့ သံဃာအား ဝေဝ သုံးစွဲပြီးတော့ ဟကျိုးမျှားလျှင်တော့ သာသနာအကျိုး မျှားတာဘဲ၊ ဒီလို မဟုတ်ဘဲနဲ့ သူတစ်ပါးဟည်း နိုးစေ်ဆာ ကိုယ်တော်လေးတွေသာ မပေးလျှင်တော့၊ ဒီလိုမျှားဆွဲလျှင် သိုးအကျိုးရ နည်းတာဘဲ၊ သူ့ ကလဲ သာသနာအလုပ် မလုပ်တော့လျှင် သံယောဇဉ်လေးတွနဲ့ စေးသော်နေကြရင်း၊ ဒီလိုဝို့ အကျိုးရ ဆိပ်နည်းကဘဲ၊ ဒီတော့ အခုမှာ "သံဃာအေမ" အယ်သူမှ မရည်ရွယ်ဘူး။

ဒီလာနစောင့်ရှောက် တစ်ခါဘုန်းကြီးရဲ့ နဝကမ္မလို့ ဆိုတယ်၊ ဘုန်းကြီ ရဲ့နဝကမ္မကို လူလူနေကြတာက ဘုန်းကြီးက အားလုံး စောင့်ရှောက်နေရတယ်၊ စောင့်ရှောက် နေရတော့ တချို့ကိစ္စမှာ အားလုံး သံဃာနဲ့ ဆိုင်တာတွေနဲ့ စောင့်ရှောက်လို့ မရဘူး၊ ဆိုပါတော့ နာလန်ထ ကိုယ်တော်လေး တွေ့ အားနည်းလို့ ရှိလျှင် နွားနို့ သောက်ကြ၊ ဘုန်းကြီးရဲ့ နဝကမ္မ နဲ့ နွားနို့ သောက်ကြ၊ တစ်ပါး ဆယ့်ငါးရက်လောက်သောက်ကြ၊ ဆယ့်ငါးရက်လောက်ဆိုတော့ အားရှိထောပေါ့၊ အားမရှိသေးလို့ ရှိလျှင် နောက်တစ်ကြိမ် လှည့်သောက်၊ တစ်လှည့်စီ တစ်နေ့တစ်နေ့ ၂ ပါး ၃ ပါး နွားနို့ သောက်ကြ၊ ဒီလိုဟာတွေကို ဘုန်းကြီးလုပ် နေတာ သူသို့မြင်တော့ ဒီလိုဟာတွေသုံးရအောင်လို့ ဘုန်းကြီးရဲ့ နဝကမ္မကို လူလူနေကြတယ်။

ကျောင်းပြင် ဘယ်နာမှာ ကျောင်းဆိုက် လိုနေတယ်၊ ဘုန်း ကြီးက ဖြည့်ပြီးတော့ လုပ်ပေးရတယ်၊ မယ်မယ်ရရ ဒကာရွာလို့ မဖြစ်ဘူး၊ ပြောလဲ မပြောကောင်းဘူး၊ ရွာလို့ ဖြစ်ရင် ဘူး၊ ပြင်ထားရ တစ်ရာ နှစ်ရာ ဆုံးဆုံးလဲ ဒီလောက်နဲ့ မြီးမယ်၊ လေးရာ ငါးရာဆို ဒီလောက်နဲ့ ပြုစုလို့ ပြီးမယ်၊ အဲဒါတွေကို သံဃာလဲက မကတ်သာမှ သုံးတယ်၊ ဘုန်းမှာရှိတဲ့ နဝကမ္မတွေနဲ့ ဒီလိုနေရာ သူကို ကုသိုလ်ရကြပါစေတော့လို့ ဆိုပြီးတော့ သုံးတယ်၊ ဒါကိုသိလို့ ဆရာတော်အလိုရှိရာ နဝကမ္မလို့ ဟောဒီလို သိုးခြား လုပ်ပြီး လူတယ်၊ ဘုန်းကြီးလဲ ဒကာကြီးနဲ့ ဒကာမကြီးဆိုမှာ အပ်သော ပစ္စည်း အယ်လောက်ဆိုတဲ့ညမှာ သူလျှောက်ထားတာတဲ့ ရှိတယ်၊ ဘုန်းကြီးက မမှတ်ပါဘူး။

အဆက်အက်ကောင်း ကောင်းကောင်း ဒီတော့ ခုလို အတွေးအမြင်ပေါင်စုံ-မိမိစိတ်ကို ထားတတ်လာတာဟာ ဘာပြုလို့လဲဆိုတော့ သူတော်ကောင်းတွေကို မှီရလို့၊ သူတော်ကောင်း ဘာလို့မှီရတုန်း၊ ပဋိရူပဒေသ- သင့်တင့်လျောက်ပတ်တဲ့ အရပ်ကို ထောက်နေပြီ၊ သင့်တင့်လျောက်ပတ်တဲ့ အရပ်ကို ဘာပြစ်လို့ ထောက်ရတုန်း၊ ရှေးကကုသိုလ်ကံတွေပြုခဲ့လို့ ထောက်လာတာ၊ ဒီပြဇာသူတွေလဲ ကုသိုလ်ကံတွေ မပြုဘူးလား၊ ဟို နိုင်ငံခြားမှာ နေကြတဲ့ သူတွေထဲမှာ ကုသိုလ်ကံတွေ မပြုဘူးလား၊ ပြုတယ်လေ၊ အခါအခွင့်သင့်သလို အကျိုးပေးကြရတာ၊ သူတို့လဲပ ပါတယ်၊ ကုသိုလ်ကံတွေ၊ ရှေးက ကုသိုလ်ကံတွေ ပြုခဲ့လို့ ယခု သင့်တင့်လျောက်ပတ်တဲ့ အရပ်မှာ မိမိတို့ ထောက်လာကြတယ်၊ သင့်တင့်လျောက်ပတ်တဲ့ အရပ်ဆိုတာထဲမှာ ဟိုတောထဲမှာ သံဃာမရှိဘာမရှိနဲ့ ဘာရွာတွေမှာ နေရလျှင်လဲ ဒီလိုအလုပ်လုပ်လို့ မဖြစ်ပြန်သူး၊ အစ်ခါမြို့ကြီးပြကြီး ရန်ကုန်တို့လို အင်မတန်စည်ကားတဲ့ မနုရာကျပြန်တော့လဲ သိပ်မလွယ်ပြန်ဘူး၊ ဒီတော့ မန္တလေးဟာ သာသနာပြုလို့ အင်မတန် ကောင်းတဲ့နေရာ ဖြစ်နေတယ်၊

ရှေးကံ ကောင်း-မကောင်း အဲဒီနေရာမှာ တို့ထောက်လာတဲ့ဥစ္စာ ပဋိရူပဒေသာဝါ၊ ဘယ်ကပို့လိုက်တုန်း၊ ရှေးကံက ပို့လိုက်တာ၊ ပုဗ္ဗေကတပုညတာကံက ပို့လိုက်တာ၊ ဒီလို မန္တလေးထောက်တိုင်း သူတော်ကောင်းတွေနဲ့ တွေ့ရပြီသားလို့ ဆိုတော့ မတွေ့ရပါဘူး၊ အမေ အဖေတွေက ညည်းနဲ့ ဆရာသမားတွေက ဖြစ်သလိုနဲ့ နေကြရပြန်ရော၊ ဒဲဒီလို ရှေးကံက ညံ့လျှင် ညံ့သလို ဒေသကွာသွားပြန်ရော၊ ရှေးကံက ကောင်းလျှင် ဆရာသမားကောင်းတွေနဲ့ တွေ့ရတယ်၊ မိကောင်း ဖကောင်းတွေနဲ့ တွေ့ရတယ်၊ ဟောဟာ ရှေးကံ ရှေးကံ၊ ဘယ်တော့မှ လက်မလွှတ်နဲ့။

တစ်ခါမိမိစိတ်ထားတတ်တယ်ဆိုတဲ့ဥစ္စာ ဒီဆရာသမားတွေရဲ့ တပည့် ဒကာ-ဒကာမတွေတိုင်း ဒီလို စိတ်မျိုးထားတတ်သလား၊ ဘယ်ဟုတ်မလဲ၊ တချို့ ဂုဏ်ယကာသနတွေနဲ့ ဒီဒကျာင်း ထောက်ခါမှ ဂုဏ်ယကာသနတွေနဲ့ သိပ်ပြီးတော့ လုပ်ချင်လာပြန်တယ်၊ ဒီတော့ကာ ရှေးကံက ကောင်းလာမှလဲ ဆရာသမားကောင်းရဲ့ ဩဝါဒကောင်းကို လိုက်နာနိုင်တယ်၊ ရှေးကံ မကောင်းလို့ ရှိလျှင် ဆရာသမားကောင်းတွေရဲ့ ဩဝါဒကောင်းတွေကို မလိုက်နာဖြစ်သူး၊ ဒီလို ဖြစ်နေတယ်။

ကံရှိလို့ ဥဏ်ရှိ ခါးကြောမို့ ရှေးကံဟာ တယ်-တန်ဖိုးကြီးတယ်၊ ရှေးကံ အင်မတန် တန်ဖိုးကြီးတယ်၊ ရှေးကံ အင်မတန် တန်ဖိုးကြီးဟာကို သိဖို့ သိပ်ခဲယဉ်းပါသလား၊ ရှေးကံ ကောင်းဖို့ရန် မလွယ်လှဘူး၊ ရှေးကံ ကောင်းဖို့ဆိုတာ အခြေးကြည့်တော့ ကောင်းကြကာဘဲ၊ ကောင်းပေမယ့်လို့ သင့်တင့်လျောက်ပတ်တဲ့ အရပ်မျိုး ပို့လိုက်တဲ့ ရှေးကံကတော့ မလွယ်ပြန်ဘူး၊ ဒီတင် ကိုယ့်ဟာကို ဝမ်းသာရမယ်၊ ငါ့ရဲ့ ရှေးကံကတော့ သင့်တင့်လျောက်ပတ်တဲ့ မန္တလေးတို့လို သာသနာရေးရွက်ဆောင်လို့ ကောင်းတဲ့နေရာမှာ ထောက်လာပြီ၊ ဒီတော့ ရှေးကံကောင်း

လို့ မဠီရွှပဒေဿတဲ့၊ တစ်ခါ စီးပွားရှာလို့ ဈာ စီးပွားရှာလို့ လဲ လောကအလိုက် မိဝိပ္ပဋိသာရဖြစ်မှုဝိ ရှိမှုဝိ ရှာလို့ ဖြစ်ပါသေးရဲ့၊ ဉာဏ်ရှိလို့ ရှိလျှင်ဆိုသော ဉာဏ်က လားသလဲ၊ ရွေးကံက လာတယ်၊ ဒါကြောင့် ရွေးကံကို ယက်မလွတ်ဘူနဲ့၊ ရွေးကံက လာတော့ စဉ်းစားဉာဏ်ရှိလို့ စီးပွားရှာလို့ ရှာတတ်လာတယ်၊ ရှာစဉ်က အခွင့်အလမ်းကို ရှာလို့ ရတယ်၊ ဟောတာ ရွေးကုံး။

စိတ်ထားတတ်လို့ ဒါကြောင့် ပဋိရွှပဒေဿမှာ ရောက်လာပြီး သူတော်ကောင်းတွေနဲ့ တွေ့ရပြီး ဆရာမိသား ဆွေမျိုးညီတိ မိတ်ဆွေ သူတော်ကောင်းတွေကို တွေ့ရလို့မို့ ကောင်းရာ ပြောဆိုဆုံမြဲဩဝါဒကို နာရပြီး ဒါရွေးကံ၊ ဒါဖြင့်ဒီ အရှင်ဘုရား နာရတိုင်းကော လိုက်နာကြသလားဆိုတော့ မလိုက် နာတတ်တဲ့သူတွေ့ မလိုက်နာချင်တဲ့သူတွေ အများကြီးရှိတယ်၊ ဒီတော့ မိမိဘို့က စွမ်းနိုင်သမျှ လိုက်နာတတ်သောတယ်၊ စွမ်းနိုင်သမျှ လိုက်နာချင်လာတယ်၊ ဒါကြောင့် ဂုဏ်ပကာသနတွေ ချောင်နိုင်သမျှ ချေဝင်၊ လုံးလုံး မချောင်နိုင်မေ့မယ် ချောင်နိုင်သမျှ ချောင်၊ နည်းနည်းနိုင်သမျှ နည်းနည်းနဲ့ ကုသိုလ်များများကြီးရတဲ့ အလုပ်ကို လုပ်မှယ်လို့ အဲဒီလို အနေမျိုး ရောက်လာတဲ့ဥစ္စာဟာ အတ္တသမ္မာပဏိဓိ-မိမိဝိတ်ကို ကောင်းကောင်းသားတတ်လို့ ဒီအခြေအနေ ရောက်လာတာဘဲ။

နောက်ဘဝအတွက် ၊ ဒီတော့ အတ္တသမ္မာပဏိဓိနဲ့ ကုသိုလ်ဟူသမျှနှင့် ဒီဘဝ အလုပ်တွေကြောင့် ဘာဖြစ်လာသလဲ၊ နောက်ဘဝအတွက် ပုဗ္ဗေ ကတပုညတာ သူတို့

လာဖြစ်မယ်၊ သိပ် အားရစရာ ကောင်းတယ်၊ နောက်ဘဝအတွက် စက်တစ်ခါ ထပ်လည်ရမယ်ကော၊ လည်တော့ ဒီနေပြီးတဲ့ ကုသိုလ်တွေဟာ နောက်ဘဝက လှမ်းကြည့်လိုက်လို့ ရှိလျှင်ဝိ ဘာဖြစ်ပြန်ဘလဲဆိုရင် ပုဗ္ဗေ ကတပုညတာ ဖြစ်ပြန်တယ်၊ ဒီနေ့ ကုသိုလ် ကောင်းသလောက် နောက်လာမယ့် ဘဝတွေမှာ သူတို့ အကျိုးပေးနေမယ်၊ သူတို့ အကျိုးပေးလို့ အခွင့်သာရင် အဆင့်အတန်း မြင့်မြင့်နဲ့ ကောင်းတဲ့အရပ်ကို ရောက်မယ်၊ ကောင်းတဲ့ ဆရာ မိသားဖွေနဲ့ တွေ့ရမယ်၊ ကောင်းတဲ့အဆုံးအမ ဩဝါဒတွေ ကြားရမယ်၊ ကောင်းတဲ့ အလုပ်တွေ လုပ်ဖြစ်သွားမယ်၊ ဒီဘဝက ပြုတဲ့ကံတွေက ဒီဘဝက ပြုတဲ့ဟာတွေဟာ နည်းနည်းကံတွေလားလို့ဆိုတာ။

ကုသိုလ်စိတ်တွေ ယနေ့ဘဲ ပြုတဲ့ကံတွေဟာ ဝါဆိုဦးက ဒီလိုစိတ်၊ နောက်တော့ ဘယ်လိုစိတ်၊ ယခု အတ္ထလှူခါနီးမှာ ဘယ်လိုစိတ်နဲ့ လှူတော့မယ်လို့ ဆိုတော့ လှူတုန်းဆဲဆဲမှာ ဘယ်လိုစိတ်တွေ ဖြစ်လို့၊ စေတောစိတ်တွေ၊ ကိုရင်လောင်းတွေ ဦးပဉ္စင်းလောင်းတွေကို နာယူဆည်းစေချင်တဲ့ စေတောစိတ်တွေ၊ ကရုဏာစိတ်တွေ၊ မိဘဆွေမျိုးတွေကို ဒီလို သံသာတွေ ကြည့်ပြီးတော့ ဒီလို ရေရက်ချတာ မြင်စေချင်တဲ့ မေတ္တာစိတ်တွေ၊ ကရုဏာစိတ်တွေ၊ ဒီကုသိုလ်တွေဟာ ကိုယ်ပြုတဲ့ ကုသိုလ်အပြင် သူများတွေက အပို့ရလိုက်တဲ့ ကုသိုလ်တွေ မနည်းဘူး။

စက်လေးပါး

ဒီဟာ ပုဗ္ဗေ စ ကတပုညဘာသာ၊ ဒီလိုဆိုလျှင် ဆုံတစ်ပါးကို ကောင်းစားစေချင်တဲ့ ဓမ္မတာစိတ်တွေဟာ ပုဗ္ဗေ စ ကတပုညတာအဖြစ်နဲ့ နောက်သံသရာ ဘယ်လို အကျိုးပေးမလဲ၊ ကိုယ့်ကို ကောင်းစားစေချင်တဲ့ မိဘတွေနဲ့ တွေ့ဖယ်၊ ကိုယ့်ကို ကောင်းစားစေချင်တဲ့ ဆရာကောင်း, သမားကောင်းတွေနဲ့ တွေ့ဖယ်၊ ဒီအကြောင်းက အကျိုးတွေ သွားပြီးတော့ ပေါ်လာအုန်းဖယ်၊ ဒီတော့ အင်မတန် ဝမ်းသာစရာကောင်းတယ်။

ဆွေမျိုးဘိုးဘွား ဘုန်းကြီး ဒီနည်းနဲ့ ဒီဘာသနာကြီးကို တာဝန်ထမ်းနေတယ်၊ ငါ့မှာ ရှေးက ပုဗ္ဗေ စ ကတပုညတာ အင်မတန် ကောင်းတယ်၊ အင်မတန် ကောင်းလို့ ဟုတ်ပါရဲ့ တောရွာနေလာမယ့် ဆွေတွေ, မျိုးတွေ သြဝါဒပေးမယ့် ဆွေတွေ မျိုးတွေနဲ့,, ဘိုးတွေ ဘွားတွေနဲ့,, ဥပုသ်စောင့်မနတဲ့ အဖွားတွေနဲ့ တွေ့ရတယ်၊ ပုဗ္ဗေ စ ကတပုညတာကြောင့် ပဋိရူပဒေသဝါသ ရောက်နေပြီ၊ အဲဒီလို ဒေသရောက်တဲ့အတွက်ကြောင့် ဆရာကောင်း, သမားကောင်းကြီးတွေ ဘုန်းကြီးတို့ ဒုတိယ သာသနာပိုင်ဆိုတဲ့ မဟာဝိသုဒ္ဓါရုံ ဆရာတော်ကြီးဆိုတာ ဇဆွမကောင်း, မျိုးကောင်း ဘုန်းကြီးတို့နဖယ်က ဘုန်းကြီးတို့ ရှာနဲ့ ကပ်နေထဲ့ရှာက ဘုန်းကြီးတို့ ရှာမှာ နေတယ်၊ ဒီတော့ ဆရာသမားကြီးတွေနဲ့ တွေ့လို့၊ ကစ်ခါ ဆရာသမားကြီးတွေက ကောင်းတဲ့ အဆုံးအမတွေ ပေးလို့။

ဖေဖော်ရွှေစင်ကြယ် ဒါမိမိစိတ်ကို ယေယျကာတည်းက ဘိုးတွေ ဘွားတွေ မြှီပြီးတော့ ဥပုသ်ကလေးမျှားစောင့်လို့ ကျောင်းသားဘဝ ထမင်းဆာလဲ ဥပုသ်မဖျက်ဘူး၊ ဥပုသ်စောင့်လို့ ကုသိုလ်ပြုခွင့်တန်မှာ ရေတို့ပန်းတို့ ထူလို့ ဒီလို့နဲ့ နေလာခဲ့ရလို့ ငါ့မှာ ပုဗ္ဗေစကတပုညတာ - သိပ်ကောင်းလာတယ်၊ အင့်တင့်လျောက်ပတ်တဲ့အရပ်လဲ ငါဖြစ်ရတယ်၊ ဒီကောင်းဖကောင်း, ဆရာကောင်း, သမားကောင်း, ဖိုးကောင်း, ဖွားကောင်းတွေနဲ့ တွေ့ရတယ်၊ အဓိ အဖလက် ဘိုးတွေ ဖွားတွေကသစ္စကောင်းတယ်၊ အင်္ဂလိပ်မရောက်ခင် အင်္ဂလိပ်လက်ထက်မရောက်ခင် မြန်မာပီပီ ဖိုးတွေဖွားတွေ တယ်သူတော်ကောင်းတွေဖြစ်ကြတယ်၊ အဲဒီ ဖိုးတွေဖွားတွေနဲ့ မြှီခဲ့ရတယ်၊ ဆရာကောင်း သမားကောင်းတွေနဲ့ မြှီခဲ့ရတယ်၊ မန္တလေးရောက်ပြန်တော့လဲ တကယ့် ဆရာသမားကြီးတွေနဲ့ တွေ့ရတယ်၊ နောက်တော့ ပစ္စက္ခဗုဒ္ဓတို့ ဘာတို့ သွားပြန်တော့ ဆရာကောင်းကြီးတွေက သိပ်ပြီးတော့ အရေးပါလိုက်ပြန်တယ်၊ အဲဒီတော့ ဘုန်းကြီးမှာလေ သပ္ပုရိသူပနိဿယ သိပ်ကြီးကျယ်တာဘဲ။

ဒီလမ်းသွားကြ သပ္ပုရိသူပနိဿယကြောင့် စာတွေ ပေတွေ လိုက်စားတဲ့ အခါကျတော့ သဒ္ဓမ္မသဝန—သူတော်ကောင်းတရားတွေကို သိပ်တွေ့ရတာဘဲ၊ သိပ်တွေ့ရတော့ ဘုန်းကြီးဟာ "ဒီဘာသနာကြီးကို ငါ ထမ်းမှတဲ့၊ သိပ်ထမ်းတိုက်တယ်" ဆိုပြီးတော့ ဘုန်းကြီးက ထမ်းတယ်လေ၊ အခု အလှူ့အကာအလှူ့အမျာလဲ ဒီလမ်းနဲ့ သွားကြ၊ ဘုန်းကြီးလမ်းနဲ့ သွားကြ၊

ယောကျ်းပီသ "ပုရိသာဇာနီယံ-ယောကျ်းမှန်ကဲ့ ပြုရဲရမည့်
ကမ္မဉ္စလက်ရိုး, လုံ့လမျိုးကို" ဘုန်းကြီးတို့
ယောကျ်း၊ အလှူဒကာလဲ ယောကျ်း၊ ယောကျ်းဆိုလို့ ရှိလျှင်
ဂုဏ်ကလေး လာတ်ကလေးကို သူ့မှာတော့ လူတော်ကြောင့်မို့
ပစ္စည်းရမယ့်လမ်း လိုက်ရတော့မှာပေါ့၊ ဘုန်းကြီးတို့ ဘုန်းကြီး
တွေက အာလာဘ်မမှင့်နဲ့၊ သူ့ဘာသာသူ ဖြစ်ချင်တာဖြစ်၊ ဒေ
"ယောကျ်းဟာ မှန်ကန်တဲ့လမ်းကို လုံ့လ ဝီရိယ သန်သန်နဲ့ ပြုမှ
ယောကျ်းပီသတယ်" လို့၊ ဘာပြုလို့တုန်း အကြောင်းတွေ
အများကြီးစုံလို့ ဒီအခြေအနေ ရောက်လာကြတာ။

နှိုင်းကျေးဇူး တစ်စက်-သော၊ ခုနက ဘမွတ်တိစက်တွေဘဲ၊
သိပ်တောင်းတယ်၊ ဘုန်းကြီးက မြန်မာနိုင်ငံ
ရောက်လာတဲ့ ဥစ္စာ သိပ် ဝမ်းမြောက်ဘာဘဲ၊ ဟို နိုင်ငံကြီးတွေ
မကြီးကျယ်ဘူးလား၊ ကြီးကျယ်ပါရဲ့၊ နိုင်ငံကြီးတွေမှာ ဝန်ကြီး
ချုပ်တွေ, နန်းရင်းဝန်တွေ, သမ္မတတွေဖြစ်ဟာ မကြီးကျယ်ဘူး
လား၊ ကြီးကျယ်ပါရဲ့၊ သမ္မတကွေဖြစ်တော့ ဒီလို ဂုဏ်သိက္ခာတွေ ရမှာ
လား၊ ဝန်ကြီးချုပ်တွေ ဖြစ်တော့ ဒီလိုကုသိုလ်တွေ ရမှာလား၊
ဝန်ကြီးချုပ်ကွေဖြစ်တော့ ဒီလို ကုသိုလ်တွေရမှာလား၊ ဒီတော့
ဘုန်းကြီးက ဒီနိုင်ငံဖြစ်ရတာ သိပ်ပြီးတော့ ဝမ်းမြောက်ဝမ်းသာ
လက်ခံသယ်လေ၊ ပေါ့ပေါ့ဆဆ မဟုတ်ဘူး၊ သိပ်လက်ခံတာဘဲ။

စတုစက္ကံ – သမ္မတ္တိစက်, ၄ ချက်စုပေါင်း, စက်ခေါင်း ၄ ခု
ရှိသော ဆိုတဲ့ဥစ္စာဟာ ဧရေကိုက ဘုန်းကြီးကို ဒီနိုင်ငံကို အကျိုး

သိပ် စိတ်အားထက်သန်တယ်၊ ဘုန်းကြီးက စကားတို့လဲ ဆိုစီ
စိတ်အားထက်သန်ကြ၊ ဂုဏ်ပကာသနတွေ ဘာတွေ ဆိုတဲ့ဥစ္စာဟာ
သူ့ဘာသာသူ ဖြစ်လာမှာ၊ ဂုဏ်တွေ သူ့ဘာသာသူ တက်လာမှာ၊
ပကာသနတွေ လာသ်လားတာတွေကိုဟာ သူ့ဘာသာသူ ထက်ယာ
မှာ၊ ဒီက မှန်မှန်ကားလေးသာ ကြိုးစားကြပါ။

စတုစက္ကံ ဝတ္တိယာနံ, ယာနံ ပဇဃရိဂ္ဂဟံ၊
ယာနာလာ အဓိတံ ပါရိံ, ကဿံ ပုရိသကာရိယံ။

စတုစက္ကံ – ထမ္ဘတ္တိစက်, ၄ ချက်စုပေါင်း, စက်ခေါင်း ၄ ခု
ရှိထသော ပဇဃရိဂ္ဂဟံ – ရန်ပေါင်း ခွင်းဖြိုး ငါးဦးဗိုလ်တို့
ကိုယ်စီဟောင်ကြပဲ, အုပ်ချုပ်ထားတော်သော၊ ယာနံ – အသုံး
လျင်လျစ်, အများဟောင်လည်း, အားအစံခိုင်ဖြို့, မလွှင်ယာဉ်ပုံတော်
ကြီးကို၊ ဝတ္တိယာန – မတိမ်းမစောင်း, လည်စေကြောင်းဖြင့်,
ကောင်းစွာအစဉ်, မောင်းကာနှင်ရှ၊ အဓိတံပါရိံ-ကျိုအက်မှာနေ,
အားလုံးသလျက်, ဟိုးဦးရောက်မှ, ဘေးကင်းရမည့်, အမတ
ခေါ်, နေပြည်တော်သို့၊ ယာနာဃ – ကိလေသာဟူ, ရန်သူဝစ်
ဖောက်, ဝိုးအောမြောက်ကို, မကြောက်မနား, အာရောက်သွားခြင်း
၄ ပုရိသကာရိယံ-ယောကျ်းမှန်ကဲ့ ပြုရဲရမည့်, ကမ္မဉ္စလက်ရိုး,
လုံ့လမျိုးကို၊ ဇာသိ-ဝါဦးဗိုလ်ချုပ်, အဖော်လုပ်ရှိ, မဆုတ်ရစေ,
ပြုလုပ်ပေအံ့သတည်း။

သာဓု... ထာဓု... သဗ္ဗဒါ။

ဘုန်းကြီးရဲ့စက် ဘုန်းကြီးရဲ့ ရှေးကံလဲ သိပ်ပြီးတော့ ဝမ်းမြောက်တယ်၊ မဠိဂ္ဂပဒေသ မြန်မာနိုင်ငံ ဘုန်းကြီးဖြစ်ရတာ့ ဒီဆွေ စီမျိုးဇာတ်ကြားမှာ သွားပြီးတော့ ဖြစ်ရတာ သိပ်ပြီးတော့ ဝမ်းမြောက်တယ်၊ ဒါ ဘာပြုလို့တုန်း၊ ပဋိဂ္ဂဟဒေသ ရောက်နေလို့၊ သပ္ပုရိသ-သူကောင်းကောင်းတွေကို သိပ်မြို့ခဲ့ရတယ်၊ အဲဒီတော့ ဘုန်းကြီးရဲ့စက်က သိပ်ပြီးတော့ လည်တာဘဲ၊ သပ္ပုရိသတွေ့မြို့ခဲ့တော့ ဘုန်းကြီးက စာတွေသင် ဆရာသမားတွေက ကောင်းကောင်းသင်ပေး၊ လေးလေးစားစား ဘုန်းကြီးကို အရေးပေးကြပါတယ်။

ဘုန်းကြီး ခြေဖျားထောက်ပြီးတော့ ကြွနေလို့ ရှိလျှင်တော့ အလကားဖြစ်မှာပေါ့၊ မဟုတ်ဘူး၊ ဒီစာတွေကို ဘုန်းကြီးက ကေးလေးနက်နက် စဉ်းစားပြီးတော့ စိတ်တွေ့ တစ်ဆင့် တစ်ဆင့် တစ်ဆင့်တစ်ဆင့် ကောင်းအောင် လားလို့၊ ကိုယ့်ပရိသတ်တွေကို တစ်ဆင့်တစ်ဆင့် တစ်ဆင့်တစ်ဆင့် ကောင်းအောင်ထားလို့၊ ကိုယ့် ဒကာ-ဒကာမတွေကို တစ်ဆင့်တစ်ဆင့် ရင့်လာအောင် စိတ်နေ စိတ်ထားတက်အောပြုပြင်လို့၊ အဲသလို နေလာတာဖြစ်တော့ ဘုန်းကြီးရဲ့ တာဝန်က သိပ်ကျယ်တယ်၊ ဒါကြောင့် ဘုန်းကြီးမှာ ရှေးကံကောင်းလို့ ပဋိဂ္ဂဟဒေသရောက်တယ်၊ ပဋိဂ္ဂဟဒေသရောက်လို့ မို့ သူတော်ကောင်းတွေနဲ့ တွေ့ရတယ်၊ သူတော်ကောင်းတွေနဲ့ တွေ့ရလို့ တရားကောင်းတွေ့၊ အဆုံးအမကောင်းတွေ ရတယ်၊ အဆုံးအမကောင်းတွေရလို့ ကိုယ့်စိတ်ကို ကောင်းအောင် ထားတတ်တယ်၊ အဲဒီတော့ ဘုန်းကြီးရဲ့စက် သိပ်လည်တာဘဲ။

ပေးလိုက်တဲ့ဟာ သိပ်ဝမ်းမြောက်တာဘဲ၊ သိပ်ကျေးဇူးကတ်တာဘဲ။ ဘုန်းကြီးကတော့ ကြဲကြဲဖန်ဖန်ကျေးဇူးတင်တယ်လေ၊ ရှေးတုန်းက အတူဖြစ်ခဲ့ရတဲ့ ဆွေမျိုးညာတိ မိဘ ဆရာသမားတွေ ရှိလိမ့်မယ်။

အဲဒီ ဆွေမျိုး ညာတိ မိဘ ဆရာသမားကဟာ ငါ့အပေါ်မှာ အင်မတန်ကျေးဇူးများခဲ့ပေလိမ့်မယ်၊ ဘာပြုလို့တုန်း၊ ဒီမြန်မာနိုင်ငံ ပဋိဂ္ဂဟဒေသရောက်အောင် ရှေ့ကဈ ပို့လုပ်ခဲ့သူတွေဟာ အဲဒီ ဆရာမိဘတွေရဲ့ ဆင်ခြေပေးတဲ့ အတွက်ကြောင့် ရှေ့ကောင်းခဲ့တာဘဲ။

ရှေးကတွေ့ပြီ အဲဒီတော့ ဘုန်းကြီးကလေ "ကြဲကြဲဖန်ဖန် ယခု တွေ့တဲ့ ဒကာဒကာမတွေဟာ ရှေးကတွေ့ပြီးသားဖြစ်ချင်ဖြစ်မယ်" လို့ ဘုန်းကြီးကတွေးတယ်၊ တွေ့ပြီးသားဖြစ်လို့ ရှိလျှင်တော့ ရှေးတုန်းက မဆေပ်ရသေးတဲ့ကျေးဇူးတွေကို ဆပ်တာပေါ့လို့ ဘုန်းကြီးကလေ့ ကြဲကြဲဖန်ဖန်ပေါ့လေ၊ ရှေးက တွေ့ပြီးသားတွေ ဖြစ်လိမ့်မယ်၊ ဆုယ်တရား မဟောရဘူး၊ ဒီကျောင်းက ဘာပြုလို့တုန်း၊ ကံတွေကြောင့် တွေ့ပြီးသားတွေ ဆောက်လာလိမ့်မယ်၊ တွေ့ပြီးသားမဟုတ်တဲ့သူလေ့ကတော့ နေပါစေ၊ သူ့လမ်းနဲ့ သူသွားပါစေ၊ တွေ့ပြီးသားသူတွေကို ဟောရတာကို မနည်းလာဝန်ကြီးတယ်၊ ပြီးတော့ ဆုယ်တရားဟောပြီးတော့ ဘယ်သူ့ဌေးဟောအောင် သယ်သူမှ မစကြာဘဲကြကြနဲ့၊ သူ့ဘာသာသူ ကံရှိတဲ့သူတွေ ဆောက်လာလိမ့်မယ်၊ ကိုယ့်ကံနဲ့ ကိုယ် ဆောက်လာတဲ့ အခါကျတော့ ဘုန်းကြီးမှာ တာဝန်တွေ သိပ်ကြီးတာဘဲ၊ ဒါကြောင့်ပို့လို့ ကံပါတဲ့၊ ရှေးကံဘဲ။

နိဗ္ဗာန်တက်ဖို့ ဒါကြောင့် စတုစက္ကံ – သမ္မတ္တိစက်, လေးချက်စုပေါင်း, စက်ခေါင်းလေးဖြာ, တန်ဆာလည်း ပါရှိသော၊ ဘုန်းကြီးက နိဗ္ဗာန်ပျံတက်ဖို့ရေးနိဗ္ဗာန်ဆန်တက်ဖို့ လေယာဉ်ပျံကြီး လုပ်နေတယ်၊ စိတ်ဘူးနဲ့၊ ဒီတော့ ဘုန်းကြီးလေယာဉ်ပျံကြီး ဘယ်သောက် စက်ခေါင်းတွေ ပါတုန်းဆိုတော့ စက်ခေါင်းလေးခု ပါတယ်၊ ဟုတ်မခံဘူး၊ စက်ခေါင်းလေးခု ပါတယ်။

စတုစက္ကံ – သမ္မတ္တိစက်, လေးချက်စုပေါင်း, စက်ခေါင်း ၄-ဖြာ, တန်ဆာလည်း ပါရှိသော၊ ပလပရိဂ္ဂဟ် – ရန်ပေါင်း ခွင်းဖို့, ငါးဦးပိုလ်တို့, ကိုယ်စီစောင့်ကြပ်, အုပ်ချုပ်အပ်ထားသော၊.... ဘုန်းကြီးတို့ စားထဲမှာ ပိုလ်ငါးပါးရှိတယ်၊ သန္ဓေပိုလ်ဟဲ့, ဝီရိယပိုလ်, သတိပိုလ်, သမာဓိပိုလ်, ပညာပိုလ်လို့ ဘရားထဲက ပိုလ်တွေနဲ့တဲ့ တရားငါးပါးရှိတယ်၊ ပိုလ်ဘဲ။

သန္ဓေပိုလ် သန္ဓေပိုလ်ကလဲ ယုံကြည်လိုက်တာဘဲ၊ ကိုယ့်ကိုယ်ကို မြင့်တင်ထားပေါ့၊ ယခု အလှူဒါန – အလှူအမများလဲ ယုံကြည်လိုက်ကာ၊ အခု ဘုန်းကြီးဟောရင်း, ပြောရင်းနဲ့ ကံနဲ့ ကံရဲ့အကျိုးတွေကို ယုံကြည်လိုက်တာ၊ ဒါ သဒ္ဓါပိုလ်ဘဲ၊ ဖျက်လို့ မရဘူး၊ ဒါ သူများဖျက်လို့ မရဘူး၊ ပိုလ်မှ ကြံ့ကြံခံနိုင်တဲ့ ပိုလ်။

တချို့ ပိုလ်တွေက ရန်သူနဲ့မခတ္တာတာ့ ကြွားကြွား ကြွားကြွား နေတာဘဲ၊ ရန်သူနဲ့ တွေ့တော့, ကုပ်ပြီးဖော့, အမြီးကုပ်ပြီးတော့

ပြေးတာဘဲ၊ အဲဒီလို ပိုလ်မျိုးမဟုတ်ဘူး၊ ဒီပိုလ်ဟာ တော်တော် သတ္တိကောင်းတဲ့ပိုလ်၊ သဒ္ဓါပိုလ်က သိပ်သတ္တိကောင်းတယ်။

ပညာ-သမာဓိ ဝီရိယ-သတိ သဒ္ဓါပိုလ် သတ္တိကောင်းသလိုဘဲ၊ ပညာပိုလ်က သိလိုက်တာ၊ ယခု သိပုံက်တာ၊ နိဗ္ဗာန်လမ်းကို ဖြောင့်ဖြောင့်ကြီးကို မြင်နေပြီ၊ ကာမဂုဏ်တွေဟာ ပုထုဇဉ်မို့လို့ ရှိတူးမပေတ်ဘူး ရှိကယ်၊ ဒါပေမယ့်လို့ ထိန်းထားတယ်၊ သမာဓိနဲ့ ထိန်းထားတယ်၊ လုံ့လဝီရိယကလဲ ယခုအတိုင်းပေါ့လေ ကြိုးစားပြီးတော့ နေတယ်၊ ခန္ဓာကိုယ်က နှိုင်သမျှ ကြိုးစားပြီးတော့ နေကယ်၊ အဲဒီကော့ ဝီရိယပိုလ်ကလဲ ကောင်းတယ်၊ သမာဓိပိုလ်ကလဲ ကောင်းတယ်၊ အားလုံး ဆတီထားပြီ နေတဲ့ သတိပိုလ်ကလဲ ကောင်းတယ်၊ အဲဒီကော့ အယ်ထိအောင် ကောင်းတုန်း၊ နိဗ္ဗာန်ထိအောင် ကောင်းတဲ့ ပိုလ်ကွေ့။

စတုစက္ကံ – သမ္မတ္တိစက်, လေးချက်စုပေါင်း, စက်ခေါင်း ၄-ဖြာ, တန်ဆာလည်း ပါရှိသော၊ ပလပရိဂ္ဂဟ် – ရန်ပေါင်း ခွင်းဖြို့, ငါးဦးပိုလ်တို့, ကိုယ်စီစောင့်ကြပ်, အုပ်ချုပ်အပ်ထားသော။....

စုံးစားကြည့်ကြ ကိုယ့်ကိုယ်ကိုလဲ အလှူဒါန-အလှူအမတွေ စုံးစားကြည့်ကြပါ၊ ငါ့သဒ္ဓါတရားရှိကယ်၊ သဒ္ဓါပိုလ်ရှိတယ်၊ အသိအလိမ္မာ စွမ်းနိုင်သမျှ ပညာပိုလ်ရှိတယ်၊ ဒီကိစ္စတစ်ခုကို လုပ်မယ်ဆိုလို့ ရှိလျှင် စိတ်ဝင်စားတဲ့ သမာဓိပိုလ်ရှိတယ်၊ လုံ့လဝီရိယပိုလ်ရှိတယ်၊ အမြဲ သတိရနေတဲ့ သတိပိုလ်ရှိတယ်၊ ငါ့မှာလဲတဲ့ ငါ့နည်း ငါ့တန်နဲ့ ပိုလ်ငါးပါး, ငါ့ သမ္မတ္တိ

စက်မှာ ဗိုလ်ဝါးကွဲး အုပ်ချုပ်ပြီးတော့ နေတဲ့ ယာဉ်ပို့ကားလိ
နိဗ္ဗာန်ထိအောင် တက်မှာသဲ၊ ဒီလို နားလည်ထားပါ။

အားရှိနေပြီ စတုဏ္ဏ – သမ္ပတ္တိကော်, လေးချက်စုံပေါင်း, စက်
ဝေါင်း လေးခုလည်း တပ်ထားအပ်သော၊ ပလ
ပရိဂ္ဂဟံ – ရန်ပေါင်း ခွင်းဖြို့, ဝါးဥဖိုလိတ်ဖို့, ကိုယ်စီ စောင့်ကြပ်,
အုပ်ချုပ်အပ်ထသော၊ ယာနံ – အသွားလျင်လျင်, အမြားဝေး
ဆည့်, အားအင်ခိုင်ဖြိုး, မဂ္ဂင်တည်းဟူသော ယာဉ်ပျံတော်ကြီးကို၊
ယာဉ်ဆိုတဲ့ဥစ္စာဟာ ဘေးက ယူနေရတာမဟုတ်ဘူး၊ ကိုယ့်စိတ်ဘဲ
ကိုယ့်စိတ်က အာယ်လောက်ကောင်းတုန်း၊အသွား လျင်လျင်မြန်မြန်
သွားနေတယ်၊ နေးတိနေးကန်ကြီး မဟုတ်ဘူး၊ အမြားတင်နိုင်
လောက်အောင်လဲ အားရှိတယ်၊ ယခုဆိုလျင် ဘုန်းကြီးပေါ့လေ
သံဃာတွေ ဒီလောက်များ နေနိုင်လောက်အောင် ကျောင်းတွေ
ရှိနေပြီ၊ ဒီလောက်များများ နံနက်ဆွမ်းဟုဥ်းပေးပြီးတော့ နေ
ဟင်းတို့, ဘာတို့ ချက်နိုင်လောက်အောင် ယခု အကူအညီတွေ
ကောင်းကောင်းနေ ယခု ဒီနှစ် လေးရာကျော်လောက်
သံဃာရှိတယ်၊ လာပါ, ကောင်
ကောင်း လာပါ၊ ကောင်းကောင်းနေမယ် ဆိုလို့ရှိလျင် ဒီ
အားဇောတွေ့ နည်းမယ်လို့ မထင်ဘူး၊ ဘုန်းကြီးက လာပါ၊ဝါးရ
ခြောက်ရာ ဘယ်လောက်ရှိရှိ၊ ကောင်းကောင်းသာ နေပါ
သာသနာကြီးမှာ အမြားကြီး လုပ်စရာ ရှိတယ်၊ အဲဒီတော
သာသနာတော်ကြီး ဖြန့်ပြီးတော့ နိုင်ငံတစ်ဝန်းလုံး ကောင်

သဃက် ကောင်းအောင် သာသနာရဲ့ ကိစ္စတွေကို အချိုးအစား
ကျအောင် ပြစ်ရတော့အမြားကြီး ရှိသေးတယ်။

ဒီလော့ လုပ်ရတော့ အမြားကြီးရှိတော့ လာပါလေ၊
ဘယ်လောက်လာလာ၊ နိဗ္ဗာန်သွားဖို့ရန် ယာဉ်ပျံတော်ကြီးထဲမှာ
ဘယ်လောက် တက်စီးစီး နိုင်ပါတယ်၊ ဘုန်းကြီးက ဆာမန်ကလေး
လိုပေါ့လေ, သံဃာတွေကို ထိန်းထားစာ မဟုတ်ဘူး၊ ဒီ ကိုယ်
တော်တွေဟာ နိဗ္ဗာန်ထိအောင် သွားရမယ့် ကိုယ်တော်တွေ၊ ပေါ့
ပေါ့ဆဆ သဖားတွေ မလာပါစေနဲ့၊ ပေါ့ပေါ့ဆဆသဖားတွေ
နေပြီးလျင်လဲ ထွက်သွားပါစေ၊ ခုလဲ ထွက်သွားဖို့ရန်ကိုဘဲ ရှာနေ
တာဘဲ၊ ဘုန်းကြီးက ကောင်းစာကိုကြည့်စာလဲ ဆစ်လမ်းဘဲ
မတော်တာတွေကိုလဲ ဘုန်းကြီးက သတိထားရက်ဘဲ၊ ထွက်သွားရ
မယ်၊ ဒီကျောင်းမှာ မနေပါနဲ့၊ နိဗ္ဗာန်ထိအောင်သွားမယ့် ပုဂ္ဂိုလ်
တွေက ဒီလောက်ကလေးမှ မထိန်းနိုင်လို့ ရှိလျှင် မဖြစ်ပါဘူး။

အဲဒါ ထွက်သွားကြပါ၊ ဒီလိုလဲ ဘုန်းကြီးက အပြစ်ကိုရှာရက်
ဘဲ၊ ဒါကြောင့် လာပါ, ကောင်းကောင်းလာပါ၊ ကောင်းစောင်း
တာလို့ ရှိလျှင် လာနိုင်ပါဘယ်။

ကိုယ့်ယာဉ်နဲ့ ကိုယ် ယာနံ–အသွားလျင်လျင်, အမြားတင်
လည်း, အားအင်ခိုင်ဖြိုး, မဂ္ဂင်တည်း
ဟူသော ယာဉ်ပျံတော်ကြီးကိုလို့...ဘုန်းကြီးကတင်တယ်လို့ သာ
ပြောတာ သူတို့လဲ သူတို့ယာဉ်ပျံနဲ့ တက်ရမှာ နိဗ္ဗာန်ကို၊ အခု
အလှူဒကာ အလှူအစတွေကို ဘုန်းကြီးက တင်ခေါ်သွားတာ
မဟုတ်ဘူး၊ ကိုယ့်ယာဉ်ပျံနဲ့ ကိုယ် လိုက်ကြရမှာ၊ ဟို ဆရာရွာ

ထဲမှာလေ သတ်ေကြးတွေ ဆက်ကလေးတွေ တကတိ မောင်ဘော်ဘုတ်တွေနဲ့ စီးပြီးတော့များ တက်သွားကြလျှင် ဘယ်လောက် ကြည့်ကောင်းမလဲ၊ နိဗ္ဗာန်လဲဘဲပေါ့၊ ဆရာဘမား တွေရော ဘေးက တပည့်တပန်းတွေးရော ဒကာ ဒကာမတွေရော ကိုယ်ယာဉ်ပျံနဲ့ ကိုယ်နဲ့ တက်သွားကြလျှင် ဘယ်လောက် ကြည့်ကောင်းမလဲ။

အားလုံးမကောင်း ယာနီ- ကို၊ ဝတ္တိယာန-မတိမ်းမစောင်း၊ လည်စေကြောင်းဖြင့်, ကောင်းစွာအစဉ်, မောင်းကာနှင်၍၊ အမတ်ပါရံ- ဤဘက်မှာနေ, အားလုံးသော၍, ဟိုပြေရောက်မှ, အေးငြိမ်းရမည့်, အမတဓေါဠနှင်း, ဒေမာက္ခနှင်း သို့၊ ဒီဆက်မှာတော့ မကောင်းပါဘူး၊ အားလုံး စင်းစားကြည့်ပါလား၊ အိုကြတယ်, နာကြထယ်, သေကြတယ်, စီးပွားရှာရတယ်, ဒုက္ခတွေများလိုက်တာ အားလုံး မကောင်းပါဘူး၊ ဒီဘဝဟာစ်အဝလား မဟုတ်ဘူး၊ ရှေးတုန်းကလဲ အလှူ့ဒကာ အလှူ့အမတွေ အိုတယ်, နာတယ်, သေတယ်, စီးပွားရှာခဲ့ရတယ်၊ စီးပွားရှာတာတွေ မတောင်လို့ မို့ ငရဲ, တိရစ္ဆာန်, ပြိတ္တာ ဖြစ်ခဲ့ရတယ်၊ ရှေးတုန်းကလဲ နောင်လဲဘဲ နိဗ္ဗာန်မရမချင်း ဘိုရမယ်, နာရမယ်, သေရမယ်, ဘဝစဝဋ်မှာ တွေရမယ်၊ အကယ်၍များ အရှာမတတ်လို့ မတရားစီးပွားရှာလို့ ရှိလျှင် ငရဲ, တိရစ္ဆာန်, ပြိတ္တာလွှားကြရမယ်၊ ဒီတော့ ဒီဘက်မှာတော့ အားလုံး မကောင်းပါဘူး၊ နေလို့သာ နေရတယ် ဒီဘက်မှာ အားလုံး မကောင်းဘူး၊ ဟို နိဗ္ဗာန်ဖော်မှ အားလုံးကောင်းမယ်။

ကိလေသာရန် အမတ်ပါရံ – ဤဘက်မှာနေ, အားလုံးသော၍, ဟိုပြေရောက်မှ, အေးငြိမ်းရမည့်, အမတဓေါဠနှင်း, နိဗ္ဗာန်ကျန်းသို့၊ (ဆေတာတင် ဘယ်ကမှာလဲ အားလုံးအိုး၍၊ အိုတာစတဲ့ ဘယ်ကမှာလဲ အားလုံး နာ၍၊ နာတာတင် ဘယ်ကမှာလဲ အားလုံး အပါယ်လေးပါး တစ်လှည့်စီသွား၍ သိပ်ကြောက်စရာကောင်းတယ်)၊ အမတ်ပါရံ-သို့၊ ယာနာယ-ကိလေသာဟူ, ရန်သူပစ်ဖောက်, ပုံးအမြောက်တို့, မကြောက်မနား, အရောက်သွားခြင်းငှာ၊ သွားယင်းသွားယင်းလဲ လောဘဖြစ်စရာတွေ ပြည့်လို့၊ အဲဒီ လောဘ ကိလေသာတွေကြောင့် ချာလည်ပတ်လှည့်ပြီးတော့ ယာဉ်ပျံကြီးက ကျသွားမယ်၊ ဒေါသဖြစ်စရာတွေ ပြည့်လို့၊ အဲဒီ ဒေါသကိလေသာတွေကြောင့် ချာလည်ပတ်လှည့်ပြီးတော့ ဒီယာဉ်ပျံကြီးဟာ ကျသွားမယ်၊ အဲဒါကြောင့် ဒီ ဗိုလ်ဝါးပါးဟာ စောင့်ရမယ်၊ လောဘ ဒေါသ မောဟတွေ, ကိလေသာတွေ, လွှဲသာ မစ္ဆရိယ မနာလိုဝန်တိုတွေ ပြည့်လို့၊ အဲဒီလို ဖြစ်လာလို့ ရှိလျှင် ဒီလေယာဉ်ပျံကြီးဟာ လည်ပြီး ပျက်ကျသွားမယ်၊ ဒါကြောင့် ဗိုလ်ဝါးပါးက စောင့်ပြီးတော့ နေရတယ်။

စတုစက္ကံ-သာမဂ္ဂိစက်, လေးချက်စုပေါင်း, စက်ဒေါင်းလေးခု လည်း ထပ်ထားအပ်ထသော၊ ပလပရိဂူဟံ - ရန်ပေါင်းခွင်းဖြို့, ငါးဦးဗိုလ်တို့, ကိုယ်စီစောင့်ကြပ်, အုပ်ချုပ်အပ်ထသော၊ ယာန-အသွားလျင်လျင်, အများတင်လည်း, အားအင်ခိုင်ပြီး, မဂ္ဂင်တည်းဟူသော ယာဉ်ပျံတော်ကြီးကို၊ ဝတ္တိယာန-မတိမ်းမစောင်း, လည်စေကြောင်းဖြင့်, ကောင်းစွာအစဉ်, မောင်းကာနှင်၍၊ အမတ်ပါရံ-

ဤတိတ်မှာနေ့, အားလုံးသေချို့, ဟိုပြေးဒေါက်မှု, ကောင်းကင်းရမည့်, အမတခေါ်ညွှန်း, နှိမ်နှာန့်ကျန်းသို့၊ ယာနာယ – ကိလေသာဟူး ရန်ဆူပစ်ဖောက်, ဝုံးအမြောက်တို့, မကြောက်မနား, အဆောက်အုံးခြင်းငှ၊ ပုထိုသကာရိယံ – ယောကျ်ားမုန်ကာ, ပြုရဲရမည့်, ကာမဘွဲ့လက်ရိုး, လုံ့ဏမျိုးကို၊ ကသိ ဝါးဦးပိုလ်ချုပ်, အဖေါ်လုပ်၍, မဆုတ်ရစေ, ပြုလုပ်ပေအံ့သတည်း။

ရေစက်ချ

နိမ္မာန်မှန်း (ကဲ... ရေစက်ချမယ်၊ တိုက်ကလေး၊ ခုနက ပြောပြီးပြီ၊ ကုသိုလ်တွေကို တိုတို ရေစက်ချရမယ်၊ အဲဒီကုသိုလ်တွေရယ်, ဒီနေ့ သံသိက ဆွမ်းလောင်းရက်ဆဲ နံနက်ဆွမ်း, နေ့ဆွမ်း ကုသိုလ်တွေရယ် အဲဒါတွေကို ရေစက်ချမယ်၊ အားလုံး အနိစ္စတွေ, ဒုက္ခတွေ, အနတ္တတွေ, ဒီလောကကြီးဟာ အို, နာ, သေရေးတွေနဲ့, နေရတဲ့ လောကကြီးတွေ အနိစ္စတွေ, ဒုက္ခတွေ, အနတ္တတွေ ဘာမှ ဖကောင်းဘူး၊ "နိမ္မာန်မှ ကောင်းတယ်" လို့ နိမ္မာန်ကိုမှန်းပြီး ရေစက်ချမယ် လိုက်ဆိုပါ။)

ဒါနကုသိုလ် ဤဒံ မေ ပုညံ နိမ္မာနဿ ပစ္စယော ဟောကုန်၊ အရှင်ဘုရား တပည့်တော်တို့သည် ရွေးကောက်အားလျော်စွာ မိကောင်း, ဖကောင်း, ဆရာကောင်း တို့၏ နေထိုင်ရာဖြစ်သော အရပ်ကောင်းဌာန ဒေကြရသည်ဖြစ်၍ ဆရာ, မိဘ, မိတ်ဆွေကောင်းတို့၏ ဩဝါဒကို ဝယ်စဉ်ကစ၍ ယခု တိုင်အောင် နာကြားရပါကုန်၏၊ ဆရာ, မိဘ, မိတ်ဆွေကောင်းတို့၏ ဩဝါဒကို နာရသည့် အားလျော်စွာ မိမိတို့၏ စိတ်ကို ကောင်းသော အလုပ်၌ ထားနိုင်ကြပါကုန်၏။

ထို့ကြောင့် တပည့်တော်တို့သည် ဂုဏ်ပကာသနကို ပစောနမထားဘဲ နိမ္မာန်ရောက်ကြောင်း ကောင်းမှုပါရမီ ဖြစ်ပါစေခြင်း အကျိုးငှာ ဤကိစ္စ၌ မိမိတို့သာမက အားငယ်များလည်း အကျိုးရအောင် သာသနာတည်ရှိသို့ ရဟန်းအဖြစ်, သာမဏေအဖြစ်ဖြင့် ထိုက်တန်သမျှ, စွမ်းနိုင်သမျှ သာသနာ့တာဝန်ကို ဆောင်၍ သာသနာ့အကြောင်းကို ကောင်းကောင်းနားလည်ဖို့ရန် သွတ်သွင်းချီးမြှင့်ကြပါကုန်၏ အရှင်ဘုရား...၊ ဘုရားတပည့်တော်တို့သည် ဤကျောင်းကိုက်၌ သံဃာတော်များအား ကျေးဇူးများဖို့ရန်, သာသနာ့တာဝန်ကို ဆောင်ရွက်ရာဝယ် အသုံးကျဖို့ရန် ပစ္စည်းအမျိုးမျိုးကို လည်းကောင်း, ဆွမ်း ဆေး အစရှိသော ပစ္စည်းအမျိုးမျိုးကိုလည်းကောင်း စွမ်းနိုင်သမျှ ထောက်ပံ့ လှူဒါန်းကြပါကုန်၏၊ ပြင်လတံ့သော ကျောင်းအတွက် နဝကမ္မငါးထောင်တန်ကို ဥပါသကာကြီးလက်၌ လွှဲအင်၍ လှူဒါန်းကြပါကုန်၏ အရှင်ဘုရား၊ ယနေ့အဖို့၌ မိသားထစ်စု သံသိကာဒါန ဆွမ်းလောင်းရသည်မှစ၍ များစွာသော သာသနာရေးဆိုင်ရာ ဒါနကုသိုလ်ကို ပြုကြပါကုန်၏။

ဘာဝနာကုသိုလ် ဘုရားတပည့်တော်တို့၏ ရုပ် နာမ်ခန္ဓာသည် မမြဲသော အနိစ္စသဘောဖြစ်၍ အချိန်ရှိတိုင်း ဖြစ်ပျက်နေသော အနိစ္စပါတကား၊ ဘုရားတပည့်တော်တို့၏ ရုပ်

နာမ်ခန္ဓာသည် အဖြစ်အပျက်ဒဏ်ကို အချိန်ရှိသရွေ့ ခံနေရပါသော ဒုက္ခပါတကား၊ ဘုရားတပည့်တော်တို့၏ ရုပ် နာမ်ခန္ဓာ အတွင်း၌ ခိုင်မြဲသော, အနှစ်သာရဖြစ်သော အတ္တ အကောင်အထည် တစ်စုံတစ်ခုမျှ မရှိသောကြောင့် အနတ္တခန္ဓာပါတကား၊ ဘုရားတပည့်တော်တို့သည် ဤဘ၀၌ စွမ်းနိုင်သမျှ ဒါန, သီလ, ဘာ၀နာကုသိုလ်ကို ပြုစုကြပါကုန်၏။

ဆုတောင်း အမှာကံ--ဘုရားတပည့်တော်တို့၏၊ ဣဒံ ပုညံ--ဤယနေ့အဖို့၌ စောစောကပင် ကြိုတင်၍ ပြုအပ်ခဲ့သော ကုသိုလ်အမျိုးမျိုးနှင့်တကွ ယနေ့အဖို့၌ သံသိကာအဖြစ်ဖြင့် လွှဲဒါန်းရသော ကုသိုလ်ကောင်းမှု အစုစုသည်၊ နိဗ္ဗာနဿ-ဘုရားတပည့်တော်တို့၏ ရွေ့သွားဖြစ်သော သူတော်ကောင်းအများ၏ ကိန်းအောင်းရာဖြစ်သော နိဗ္ဗာန်တရားတော်၏၊ ပစ္စယော- မိမိတို့ကိုယ်တိုင် ရွေးသူတော်ကောင်းတို့ကဲ့သို့ သိမြင်နိုင်သော သိမြင်ဖို့ရန် အထောက်အပံ့သည်၊ ဟောတု--ဖြစ်ပါစေသတည်း...။

အမျှဝေ ဣမံ ပုညပတ္တိံ--ဤကောင်းမှုအဖို့ကို၊ ဣမံ ပရိသံ--ဤကြွရောက်လာသော သံဃာတော် ပရိသတ်, ဆွေမျိုးမိတ်ဆွေ ပရိသတ်ကို၊ အာဒိံ ကတွာ - အစပြု၍၊ သဗ္ဗသတ္တာနံ--အနိုးအပါး၌ တရားနာနေကြပေသော ကိုယ်စောင့်နတ်, ဤကျောင်းတိုက်စောင့်နတ် မိမိတို့၏ အိမ်ယာတိုက်တာ အလုပ်ရုံတို့၌ စောင့်ရှောက်၍ နေကြပေသော နတ်အပေါင်းနှင့်တကွ အမိအဖ ဆရာသမား ဆွေမျိုး မိတ်ဆွေအစရှိသော အလုံးစုံသော သတ္တ၀ါ

အပေါင်းတို့အား၊ ဘာဇေမ - အမျှ အမျှ ပေးဝေပါကုန်၏၊ သုခိတာ--အမျှရသဖြင့် ချမ်းသာကြကုန်သည်၊ ဟောန္တု--ဖြစ်ကြပါစေသော်....။

သာဓု... သာဓု... သာဓု။

စက်လေးပါးတရားတော် ပြီးပြီ။

သီဃဒ္ဒ ရတနာ

၁။ ရွှင်တော်ဘုရား သားတော်များ ဟူ၍
မွတ်သားခေါ်ရ သံဃာဒ္ဒမည်၊
သံဃာဆိုက ၂-မျိုးရှာည့်၊
ပရမတ္ထ သမ္မုတိ။
တရားသိကာ ရိယာမြတ်မှ၊
ပရမတ္ထ ခေါ်ရသည်၊
သမ္မုတိဆို ထိုသံဃာဒ္ဒ်၊
ဆို-ကောင်းနှစ်ဝ ရှိကြသည်။

၂။ ပစ္စည်းလေးဖြာ လှူရှာကြဆဲဖြစ်၊
ဗုဒ္ဓဝါဒ ဒိုက်ိုင်းပြည်၊
အကောင်းကိုသာ ကိုးကွယ်ကြဖို့၊
စိတ်က နိစ္စ ထားရမည်။
အကောင်းတွေကား အာသက်ပေးလို့၊
သာသနာရေး ဆောင်ဆင့်ပြု၊
မဆောင်နိုင်အော် ဘာသာပျက်၍၊
သာသနာသက် ဆုံးလိမ့်မည်။

မုဒ္ဓဘာသာသင်ခန်းစာ

ဆွမ်းအကျိုးငါးပါး တရားတော်

အကျိုးငါးမျိုး "ဒီဘဝကြီး ဘယ်လို ဖြစ်လာကြသလဲ" "ဒီလိုပါ "နောက်ဘဝ ဘယ်နယ်လုပ်ပြီးတော့ သွားရဦးမှာလဲ၊ သွားစရာတွေ ဘယ်လောက်ရှိသလဲ" အဲဒါလဲ သီပါ၊ သီတော့မှ အလုပ်လုပ်လို့ တယ်ကောင်းတယ်၊ ကုသိုလ်တွေလုပ်ရတယ်ကောင်း တယ် အရသာရှိတယ်၊ အကုသိုလ်တွေ ရှောင်လို့ တယ် ကောင်းတယ်၊ တယ် ကြေကြေနပ်နပ် ရှောင်နိုင်တယ်၊ ဒါကြောင့် မိမိအလုပ်တွေကို အကျိုးနဲ့ အမြစ်နဲ့ ရှာကြည့်တတ်ရတယ်၊ ဆွမ်းအကျိုးက ဆုတောင်းလို့ ဖြစ်တဲ့ အကျိုး မဟုတ်ဘူး၊ သူ့အကြောင်းက ဘယ်လိုရှိလို့ အကျိုးဖြစ်တာ၊ ဆွမ်းအကျိုးက "အာဒေါ-ဝဏ္ဏ-သုခ-ဗလ-ပဋိဘာန" လို့ အကျိုးငါးပါး ပါဠိလို ရှေးက သုံးဆယ်တယ်၊ အာယု - ဆွမ်းလှူတဲ့အတွက် အသက်ရှည်မယ်၊ ဝဏ္ဏ- ဆွမ်းလှူတဲ့အတွက် အဆင်းလှမယ်၊ သုခ- ဆွမ်းလှူတဲ့အတွက် ကိုယ်ချမ်းသာ စိတ်ချမ်းသာရှိမယ် အကျိုးပေးမယ်၊ ဗလ- ဆွမ်းလှူတဲ့အတွက် ခွန်အားကောင်းမယ်၊ ပဋိဘာန - ဆွမ်းလှူတဲ့အတွက် ဉာဏ်ပညာတွေ ထက်လာမယ်၊ ဒါ ငါးပါး၊ ဒီတော့ ဘာဖြစ်လို့ စီငါးမျိုး အကျိုးပေးရတုန်း၊ လိုက်ရတယ်။

သက်ရှည် အာယု-အသက်ရှည်တယ်ဆိုတာ ဆေမင်းမစားရလျှင် ဆိုပါတော့ အစာမစားရလျှင် ဘယ်သူမှ အသက်မရှည်နိုင်ဘူး၊ အစာစားရမှ အသက်ရှည်နိုင်တယ်၊ ဒီတော့ ကိုယ်က

မတွေ့ ဝဝဖြိုးဖြိုးနဲ့ ရှိတော့ အားတွေ တောင့်တောင့်တင်းတင်းနဲ့ ဘာအယုပ်ဖျစ်ဖြစ် သူနဲ့ ဆိုင်တဲ့အလုပ်ကို လုပ်နိုင်တာဘဲ၊ ဒီတော့ အမှန်က အကျိုးပေးတယ်ဆိုတာ အလဲကားသက်သက် မိုးပေါ်က ကျလာတဲ့ အကျိုးမျိုး မဟုတ်ဘူး၊ သူ့အကြောင်းကိုက ဒီအကျိုးတွေကို လက်ရှိပေးနေလို့ နောင်ဘဝသံသရာမှာ ဒီအလှူရှင်လာပြီး အကျိုးပေးရတယ်၊ ဒါလေးကို နည်းနည်းမကဘူး၊ များများကြီး မှတ်ထားလိုက်ပါ၊ နဂိုမှတ်ပြီးသား ဆိုလို့ ရှိလျှင်လဲ အကြောင်းနဲ့ အကျိုးနဲ့ အေချာအောင် မှတ်လိုက်ပါ။

[ဓာတ်] သက်ရှည် ဆင်းလှ၊ ချမ်းသာရ၊ ဗလ ဉာဏ်ပညာ၊ ဆွမ်းလှူအကျိုး၊ ဥပါဒါန်းမျိုး၊ တန်ခိုးကြီးလှစွာ-တဲ့။

အစာနှစ်သက် တယ်သူမသို့ အစာမရှိဘဲနဲ့ ဘယ်လောက်မှ မနေနိုင်ဘူး၊ ဒီတစ်စုံတစ်ယောက်က အစာကို မနှစ်သက်ပါဘူး၊ အစာကို မတောင့်ကပါဘူး ဆိုလို့ ရှိလျှင် ကြားတာ၊ အစာကို လူကိုင်းနှစ်သက်တယ်၊ ဟိုအထက် ပြဟ္မာ့ပြည် ရောက်တဲ့ ပုဂ္ဂိုလ်တွေတောင် ပီတိဘက္ခ-ဒီလိုထင်းတွေ ဟင်းတွေ စားတာ မဟုတ်ဘူး၊ ပီတိကို အစာသဘောမျိုးနဲ့ ပေါ်လေ ပီတိဖြစ်ပြီးတော့ နေတဲ့ဥစ္စာဟာ အစာလိုက် သူ့မှာအကုန်လုံး အကျိုးပေးနိုင်တယ်၊ ဒါ့ကြောင့် ပြဟ္မာတွေတောင်မှ ပီတိအစာရှိရသေးတယ်၊ ဒါ့ကြောင့် ဒီ့ပြင်နတ်တွေ, ကာမာဝစရနတ်တွေ, လူတွေ့ ဒီ့ပြင် သတ္တဝါတွေ့ တိရစ္ဆာန်တွေ့, ပြိတ္တာတွေ့ အစာဆို လိုချင်ကြတာဘဲ။

အစာကို လှူတာလေ၊ အစာကိုလှူတော့ အသက်ရှည်စေတယ်တို့ အစာကို လှူလို့ မို့ အကျိုးပေးကဲ့ အခါကျတော့ အဆက်ရှည်တဲ့ အကျိုးကိုပေးတယ်၊ ဒါ့အကြောင်းနဲ့ အကျိုးနဲ့ သိပ်လိုက်တာဘဲ။

ဆင်းလှ ဝဏ္ဏ-အဆင်းလှတယ်၊ ထမင်းမစားရတဲ့နဲ့ အာပြီး တော့ နေတဲ့အခါ သူ့ရုပ် ကိုယ့်ရုပ်ကို ကြည့်ပါ၊ နဂိုရှိတဲ့ရုပ်ညှိုးလို့၊ ဆိုပါတော့ အဆင်းဖောက်ပြန်လို့၊ မလှလို့ နဂိုလှသလောက်တောင် မလှဘူး၊ နောက်တော့ ထမင်းလေး စားလိုက်ရလို့ ဝသွားတယ်ဆိုလျှင် မျက်နှာတွေ ကြည်လို့ ဘအားအရေတွေလန်းလို့ ဒီတော့သူ့ရဲ့ အကြောင်းက အစာရဲ့ အကြောင်း အဆင်းကိုလှူစေတတ်လို့မို့ ဒီအစာကို လှူတဲ့သူဟာ အဆင်းလှတယ်။

ချမ်းသာ သုခ-အစာမစားရသေးဘူးလို့ ဆိုလျှင်တဲ့ အားနည်းလို့ စိတ်ဆင်းရဲလို့ စိတ်အားငယ်လို့၊ အစာစားလိုက် ချက်ချင်း ဆိုတော့ စိတ်တွေ့ဘာတွေ့ လန်းပြီးတော့ ကိုယ်တွေ့လန်းပြီးတော့ ကိုယ်ထဲမှာ စိတ်ထဲမှာ ချမ်းသာလာတယ်၊ ဒါ့ကြောင့် အစာကိုပေးတဲ့သူဟာ ဒီအကျိုးကိုရတယ်၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း အကျိုးကို ရတယ်။

ခွန်အား ဗလ - အစာမစားရဘူး ဆိုလို့ ရှိလျှင် ဘာကလေးမှ မလုပ်ချင်လူး၊ ဖက်ဝင်ချင်ဘူး၊ အားတွေ သိပ်နည်းနေတာဘဲ၊ နောက် အစာစားလိုက်ပြီဆိုတော့ အစာလေး ဘာလေး

အန္နမေဝါဘိနန္ဒန္တိ, ဥဘယော ဒေဝမာနုသာ၊
အထ ကော နာမ သော ယက္ခော, ယံ အန္နံ နာဘိနန္ဒတိ။[1]

နတ်ထော လူထော နှစ်မျိုးစလုံးဘဲ အန္နမေဝ-အစာကိုသာလျှင်၊ အာဘိနန္ဒန္တိ-ခင်မင်နှစ်သက်ကြကုန်၏၊ နှစ်သက်ခင်မင်လိုချင်တောင့်တကြကုန်၏၊ အစာဘဲ တောင့်တကြတာဘဲ၊ နံနက် အိပ်ရာကထလျှင် စားစရာဘဲ တောင့်တတယ်၊ အစာဘဲ တောင့်တကြတယ်၊ လူတွေစီးပွားရှာနေကြတာ အစာမရှိမှာစိုးလို့ မိသားစုအစာ မရမှာစိုးလို့ ကြိုးစားပြီးတော့ အလုပ် လုပ်နကြတယ်၊ ဒါ့ကြောင့်အစာဘဲ။

အလကားကြွား ဥဘယော—နှစ်ဖက်ကုန်သော၊ ဒေဝမာနုသာ—နတ် လူတို့သည်၊ အန္နမေဝ — အစာကိုသာ၊ အာဘိနန္ဒန္တိ – လိုချင်နှစ်သက်ကြကုန်၏၊ တောင်တခင်မင် လိုချင်နှစ်သက်ကြကုန်၏၊(တောင့်တကြတယ်၊ ဒါဘဲလိုချင်နေကြတယ်) အထ-ထိုသို့ဖြစ်ပါလျက်၊ ယံ(ယော်ယက္ခော)-အကြင် နတ်သည်၊ အန္နံ-အစာကို၊ နာဘိနန္ဒတိ - မလိုချင် မတောင့်တ, မတောင့်တ မခင်မင် မလိုချင်၊ သော- ထိုကဲ့သို့သော နတ်သည်၊ ကောနာမ- အဘယ်မည်သည့် နတ်ပါထဲ့နည်း၊ အစာကို မတောင့်တဘူးဆိုတာ သူ့အလကားကြွားတာ၊ ဘယ်နတ်မှ မရှိဘူး၊ နတ်ဆော လူထော အစာကို တောင့်တရတယ်၊ ဒါသူကြွားတာ။

၁။ အန္နသုတ်အာဒိတ္တဝဂ် ဒေဝတာသံယုတ် သဂါထာဝဂ္ဂပါဠိ- ၂၉။
ဇေန္တိသုတ် နာနာတိတ္ထိယဝဂ် ဒေဝပုတ္တသံယုတ္တပါဠိ-၅၇။

စိတ်က ကြည်လို့ အဲဒီတော့ "အစာကို မတောင့်တတဲ့သူ ရှိသလား"ဆိုတော့ "ရှိရဲ့"တဲ့။

ယေ နံ ဒဒန္တိ သဒ္ဓါယ, ဝိပ္ပသန္နေန စေတသာ၊
တမေဝ အန္နံ ဘဇတိ, အသ္မိံ လောကေ ပရမှိ စ[1]။

ယေ—အကြင်သူတို့သည်၊ သဒ္ဓါယ-သဒ္ဓါတရားသက်သက်ဖြင့်၊ (ဘာကြောင့် မဟုတ်ဘူး၊ ဆွမ်းလှူချင်လို့, ဆွမ်းကပ်ချင်လို့, သဒ္ဓါသက်သက်ဘဲ)၊သဒ္ဓါယ-သဒ္ဓါတရားသက်သက်ဖြင့်၊နံ(အန္နံ)-ထိုအစာကို၊ ဝိပ္ပသန္နေန-အထူးသဖြင့် စင်ကြယ်သော၊ စေတသာ-စိတ်ကောင်းစိတ်မြတ်ဖြင့်၊ ဒဒန္တိ - ပေးလှူကြကုန်၏၊.... လူဆိုတာ သာမန်မဟုတ်ဘူး၊ စိတ်က စင်ကြယ်လို့, စိတ်ကလဲ ကြည်လို့၊ ခုနက ဆွမ်းလောင်းနေရတယ်၊ စိတ်က ကြည်လို့၊ ငြိမ်ငြိမ် သက်သက် ဆွမ်းဘုဉ်းပေးနေကြတာ တွေ့ရတယ်၊ စိတ်က ကြည်လို့၊ နဂိုကလဲ ကိုယ့်သဒ္ဓါတရားနဲ့ ကိုယ်နဲ့ လာတာ၊ တကယ် လှူရတဲ့အခါကျတော့လဲ စိတ်က ကြည်လို့။

မတောင့်တဘဲ ရ

တမေဝအန္နံ ဘဇတိ, အသ္မိံ လောကေ ပရမှိ စ။

အသ္မိံ လောကေ-ဤလူ့လောကဘဲလည်းကောင်း၊ ပရမှိ စ—**နောက်လောကဘဲလည်းကောင်း၊ တမေဝ** - ထို ထမင်းအစာ ပေး

---

(၁) အန္နသုတ် အာဒိတ္တဝဂ် ဒေဝတာသံယုတ်၊ သဂါထာဝဂ္ဂ သံယုတ်ပါဠိ၊ -၃၀။
သေရိသုတ် နာနာတိတ္ထိယဝဂ် ဒေဝပုတ္တသံယုတ်၊ သဂါထာ ဝဂ္ဂသံယုတ်ပါဠိ၊-၅၇-၀။

လူတို့ ပဂ္ဂိုလ်သို့သာလျှင်၊ အန္ဓ-အစာသည်၊ ဘတိ-ကပ်ရောက်၍ လာ၏။

သူကတော့ မတောင့်တဘူးတဲ့၊ ပြောစမ်းပါ၊ အစာမတောင့်တတဲ့သူ ဘယ်သူရှိတုန်းဆိုတော့ "ရှိတယ်"တဲ့၊ အစာမတောင့်တရပါဘူး၊ ဘယ်သူရှိတုန်း၊ ဆွမ်းလူတဲ့သူလေ, ထမင်းပေးလူတဲ့လူလေ၊ ထမင်းပေးတဲ့ သူဟာ သူက ပေးနေသော ဖြစ်နေတော့ "နောက် အဝသံသရာ ထမင်းကောင်းကောင်း ရပါလိုခြင်း" လို့ မတောင့်တရပါဘူးတဲ့၊ မတောင့်တဘဲနဲ့ ရလိုရဖယ်၊ ရကို ရကယ်၊ နောက်ဘဝ သံသရာတောင် မဆိုင်းဘူးထင်တယ်၊ ဘုန်းကြီးက တကယ့်စေတနာသဒ္ဓါတရားတွေနဲ့ လုပ်ကြလို့ရှိလျှင် ဒီဘဝမှာကို ရကို ရတယ်၊ ဒီဘဝမှာ မတောင့်တဘဲနဲ့ ရတယ်။

စေတနာ အခု ဘုန်းကြီးတို့ ကျောင်းမှာ တကယ့်စေတနာနဲ့ လုပ်ကြတယ်၊ ဘုန်းကြီးစေတနာ, အခု ဒကာကြီးတို့ ကိုးကွယ်တဲ့ ဦးလှန်ဒေါ်ကြီးတို့ရဲ့ စေတနာ, ဒီ မြစ်စာချုပ်ကြီးတွေရဲ့ စေတနာတွေ အများကြီး ရှိတယ်၊ နောက်ဆုံး ကိုရင်, ဦးပဉ္စင်းလေးတောင်မှ သူမိဘများ ဟကတဲ လှူလိုက်တယ်ဆိုလျှင် စေတနာသန့်သန့်နဲ့ သံသာများဖို့, သံသာများဖို့, သံသာများ ဘုဉ်းပေးဖို့ ဆွမ်းလှူကြတယ်၊ ဆွမ်းဆန်တွေ ပါလာကြတယ်၊ ပဲတွေ ပါလာကြတယ်၊ ဆီပါလာကြတယ်၊ ဒါ သံသာများဖို့၊ ဘုန်းကြီးတို့ကလဲ သံသာများဖို့, သံသာများဖို့။

နံနက်ဆွမ်းခံ ခုလောက် မရှိခင်တုန်းက, ခုလို မပြည့်စုံခင် တုန်းက ဘုန်းကြီးတို့ နံနက်စောစော ဘုန်းကြီးက ဆွမ်စားရမှ နေနိုင်တယ်, လေထလို့၊ ဒီတော့ သံသာများကို ပဿနာတော့ ဆန့်ပြုတ်ကပ်နေတာ၊ နောက်ဘော့ "ကဲလေ ကိုယ်က ဆွမ်းစားနေကာ၊ သူတို့လဲ စားကြပါစေတော့" လို့ ကဲ-ကြည့်စမ်း၊ ဘုန်းကြီးတို့ ဘာအကျိုးမှ မျှော်တာမဟုတ်ဘူး၊ သူတို့အဝေါ် သက်သက်ငဲ့ညှာတာ၊ အဲဒါနဲ့ ဆွမ်းချက် ဆွမ်းကပ် ဆယ်ကမှ မရှိသေးဘူး၊ ဘယ်ကမှ မရှိသေးဘဲနဲ့ ဆွမ်းချက် ဆွမ်းကပ် ဒီလို လုပ်နေတယ်၊ နောက်တော့ တစ်ဖြေးဖြေး သံဃာတွေက များလာ၊ များလာတော့ ဆွမ်းချက် ဆွမ်းကပ်တာက တစ်ခါတစ်ခါ ဆန်ရှားတဲ့အချိန်မှာ ဆန်တွေကုန်သွားတယ်၊ ကုန်သွားတော့ စောစောက စပါးပေးဆိုတဲ့ အနေမျိုးနဲ့ ဆယ်ရွာတို့မှာ သွားပြီး စပါးတွေ ဝယ်ထားရတယ်၊ နှမ်းတို့, ဘာတို့ ဝယ်ထားရတယ်၊ ဒါ ဘာပြုလို့တုန်း၊ "နှစ်ပေါက် ဆွမ်းကပ်နိုင်ပါစေတော့"လို့ ဆိုပြီးယော့ ဒီလို လုပ်ကြရတယ်၊ ဆွမ်းတာဝန်ခံ အမဓလေးတို့က ဒီလို လုပ်ကြရတယ်။

အကျိုးမရှေ့ ဒီတော့ ဘုန်းကြီးတို့ အဲဒီအခါတုန်းက ဘာကို မျှော်တယ်လို့ မရှိပါဘူး၊ ဘာအကျိုး မျှော်တယ်လို့ မရှိပါဘူး၊ သူ့ဟာသူရောက်လာတဲ့ကိုယ်တော်လေးတွေ ကိုယ့်လိုတဲ့ စားကြပါစေတော့, မဆင်ရဲကြပါစေနဲ့ တော့လို့ ဒီလို အနေမျိုးနဲ့ အားလုံးမျှပြီးတော့ စားလာကြတယ်၊ နောက် ၄၀, ၅၀, ၆၀, ၇၀, ၉၀, ၁၀၀ အဲဒီဟောင် မလောက်တော့ဘူး

ဆိုတဲ့ဥစ္စာ ၁၀၀-လောက် ရောက်တဲ့အခါဆိုလျှင် ဆန်က မလောက်တော့ဘူး၊ တကယ့်စျေးကြီးထဲ ပြတ်သွားတယ်၊ အဲဒီ အခါမှာ စျေးကြီးကြီးနဲ့ ပေးဖယ်နေရတယ်၊အဲဒါကြောင့်မို့လို့ စပါးတွေ စောစောက မလှောင်ထားရတယ်၊ နှမ်းတို့ ဘာတို့ ဆီတွေ့ ဘာတွေ လှောင်ထားရတယ်၊ အဲဒါစားဖို့ဘဲ၊ သူတို့ ဘဉ်း ပေးဖို့ဘဲ၊ မိမိတို့ ကိုယ်ရေးကိုယ်တာလဲ မဟုတ်ဘူး။

ယေ နံ ဒဒန္တိ သဒ္ဓါယ, ဝိပ္ပသန္နေန စေတသာ။

ကဲ- တကယ့်သဒ္ဓါတရားစစ်စစ်နဲ့ ကျောင်းတိုက်ဆောက်လာတဲ့ ကိုယ်တော်တို့ မျှဝေအောင် စားနိုင်မှာပေါ့လို့ ဆိုပြီးတော့ သံဃာတစ်ဆူလောက်အထိ ဒီလို ကြိုးစားလာခဲ့ရတယ်။

သံဃာနှစ်ရာကျော် နောက် သံဃာတစ်ဆူလောက်ကျတော့ ကိုယ်က ကြိုးစားတာကလဲ ကြိုးစားရက်ပါဘဲ၊ ဘေးက အလှူအတန်းတွေ ပေါလာပြီ၊ ပြီးတော့ သံဃာက များတော့ သူတို့ဆိုဝိဏ္ဍလေးတွေက ဘာပို့လိုက်, ညာပို့လိုက်နဲ့ ဒီဓတ္တ တော်တော်များများကြီးပေါ့လေ၊ဆန်တို့ ဆီတို့ အဝယ်ရ စောစောစီးစီးက တင်ကို ကပ်ထားတာ သက်သာသွားပြီ၊ လုံးလုံးတော့ လွှတ်ပုံမရသေးဘူး။

နောက် အဲသလိုနဲ့ တစ်ဆူတစ်ဆူက ဒီကျောင်းတိုက်သံဃာတွေကို ကြည်ညိုလှာယ်လို့ ဆိုပြီးတော့ ဦးနုက "ရန်ကုန်မှာဒီကျောင်းမျိုး တစ်ကျောင်းလောက် ဖြစ်ချင်ပါတယ်" လို့ လျှောက်တော့

"ကဲ-ရန်ကုန် တို့လိုသွားလို့ရှိလျှင် နောက်ထပ် တစ်ဆူလောက်ရှိမှ ဒီမှာလဲဘဲ အခြေအနေမပျက်, ရန်ကုန်မှာလဲဘဲ အဆုတထပ်မယ်" ဆိုပြီးတော့ ဘုန်းကြီးက လက်ခံကြတော့၊ အရင်တုန်းကတော့ အမျိုးမျိုးသော အကြောင်းကြောင့် ချေတာပြီးတော့ လက်ခံနေရတာ၊ သိပ် အများကြီးလာတာကို လက်မခံနိုင်ဘူး၊ ခုနက ကြည့်လေ သံဃာတစ်ဆူလောက်မှာဘဲ ဆန်တွေဆီတွေ ကပ်ပိုနေရတာ ကြည့်တော့လေ၊ ဒါကြောင့် နောက်တော့ ကိုင်း-ဒါဖြင့် လက်ခံကြတော့လို့ ဆိုတော့ လက်ခံလိုက်တာ မကြာခင် သံဃာ နှစ်ဆူလောက် ဖြစ်သွားတယ်၊ အဲဒီ ဝါတွင်းမှာ၊ နောက် ဝါ မဆောက်ခင် နှစ်ဆူလောက် ဖြစ်သွားတယ်၊ နှစ်ဆူလေးက်ဖြစ်သွားတော့ နောက် ဦးနုကလဲ သူတို့ ဒီလိုဆုထူးက ပြောင်းသွားရတာ ဖြစ်တော့ မဖြစ်ဘူး၊ မဖြစ်တော့ ဘုန်းကြီးတို့မှာ ဒီ သံဃာနှစ်ဆူလောက် နှစ်ဆူကျော်လောက်နဲ့ မနည်းကြိုးစားရတယ်၊ မနည်းကြိုးစားယင်း ကြိုးစားယင်းနဲ့ ဘဲ-

အကျိုးပေးလာ

ယေ နံ ဒဒန္တိ သဒ္ဓါယ, ဝိပ္ပသန္နေန စေတသာ၊
တမေဝ အန္နံ ဘဇတိ, အသ္မိ လောကော ပရမ္ပိ စ။

ယေ-အကြင် သူတို့သည်၊ ဝိပ္ပသန္နေန-အထူးသဖြင့် ကြည်လင်သော၊ စေတသာ-စိတ်ကောင်း စိတ်မြတ်ဖြင့်၊ (ဘာမှ တောင့်တလို့ မဟုတ်ဘူး၊ ဘယ်ဘဝ သံသရာကြီးမှ ဘာဆုမှ တောင့်တလို့ မဟုတ်ဘူး၊ ဒီဘဝမှာ သူတို့ ချမ်းသာကြပါစေတော့လို့ ဆိုတဲ့

စိတ်မျိုး သက်သက်နဲ့)၊ သဒ္ဓါယ – သဒ္ဓါတရား သက်သက်ဖြင့်၊ အန္နံ-အစာကို၊ ဒဒန္တိ-ပေးလှူကြကုန်၏၊ တမေဝ-ထို စိတ်ကောင်း စိတ်မြတ်ဖြင့် အစာကို ပေးလှူတဲ့ ပုဂ္ဂိုလ်သို့သာလျှင်၊ အသ်ိ လောကေ – ဤလူ့လောကဌာန် လည်းကောင်း၊ ဝရမ်ိစ – နောက် လောကဌာန် လည်းကောင်း၊ အန္နံ – အစာသည်၊ ဘဇတိ – အလို အလျောက် ကပ်ရောက်၍ လာ၏။

ကဲ... နောက်တော့ အကျိုးပေးလိုက်တာ သံဃာနှစ်ရာဆိုလို့ စားစရာတွေ ရလာတာဘဲ၊ တိုက စပါးတို့ ဘာတို့ လှောင်တာဟာ စတီးလောက် ရှိတော့တာယ်၊ နောက်တော့ လှောင်တဲ့ စပါးလဲတဲ့ ပြန်ပြီးတော့ ထုတ်ပစ်ရတာဘဲ၊ ဆီတောင့်ဖြင့် နည်းနည်း ကပ်ရှိသေးတယ်၊ ဆီကတော့ အခု နောက်ပိုင်းလဲ ကပ်ရှိသေးတယ် တစ်ခါတစ်ခါ။

ဦးနေမျော်ရည် ဒီတော့ ကျောင်းတိုက်ကလေ နဂိုက ကျွေးလာစာ ဖြစ်တော့ ကျွေးနိုင်တာဘဲ၊ ကျွေးရအောင်လဲ ဆောက်လာတာဘဲ၊ ညနေကျပြီးဆိုလျှင် ဘုန်းကြီးက ဆာတတ်တယ်၊ ဆာတာမှ ဘုန်းကြီးဆာတာက နည်းနည်းမဟုတ်ဘူး၊ ဘာမှ မလုပ်ချင်အောင် ဆာတယ်၊ ဒါ့ကြောင့် ကိုယ်တော် လေးတွေကို ကိုယ်ချင်းစာပြီး ထန်းလျက်ရည် ကျိပြီးတော့ တိုက်တယ်၊ နွေအခါမှာ မန်ကျည်းဖျော်ရည် တိုက်တယ်၊ အဲဒါ ဘာပြုလို့တုန်း၊ မဆာပါစေနဲ့ တော့လို့၊ ဒါ့ကြောင့်ပဲ့လို့ နည်း နည်းကလေး ဆတိထားကြည့်ကြစမ်း၊ ဒီကျောင်းက ကိုယ်တော် လေးတွေ ကျန်းမာရေးကောင်းလို့ အသားအရေတွေ လန်းဆန်းလို့၊ ဒီကျောင်းမှာ အနေကြာလို့ ရှိလျှင် ရုပ်တစ်မျိုးပြောင်းလို့၊ အဲဒါ ဘုန်းကြီးက ဓီလိုလုပ်ပေးနေတဲ့ ဥစ္စာက ကျွန်းမာရေးဘဝ်ရယ်, စိတ်ချမ်းသာအောင်ရယ်, ပြည့်စုံအောင်ရယ် အလုပ် လုပ်ပေးနေတယ်၊ အခုတော့ လာကြပြီ ဟိုက ဒီက။

ဆွမ်းဆန်စိမ်းလောင်း ပထမဆုံး ရွာသာကြီးရွာက ဆိုတာ သံဃာတစ်ရာပဲ့ပြီးတော့ ဆွမ်းဆန်စိမ်း လောင်းတယ်၊ ဟိုပစ္စည်း ဒီပစ္စည်းများ ထည့်၊ ပဲတို့ ဘာတို့ ထည့်တယ်၊ အဲဒီဟာကဘဲ အင်မတန် အထောက်အကူတွေ ရသွားပြီ၊ နောက်တော့ ဘုန်းကြီးတို့ရဲ့ ဝက်လက်တို့, သရိဝ်တို့၊ အဲဒီနယ်က သံဃာတစ်ရာ, ခုနစ်ဆယ်တို့ ပဲ့ပြီးတော့ ဟံလင်းကြီးမြို့တို့က အဲဒီလို အနီးအပါးရွာတွေက ပဲ့ပြီးတော့ ဆွမ်းဆန်စိမ်း လောင်းကြတယ်၊ ရကို ရလို့၊ ဖြစ်ကိုဖြစ်လို့။

ပြီးတစ်ခါ ရေဦးက ရေဦးနယ်က တစ်နယ်လုံး ရေဦးနယ် တစ်နယ်လုံး၊ အခုတော့ ပဲ့နေကြပြီ နယ်ကျယ်ကျယ်က၊ ပဲ့ပြီးတော့ ဆွမ်းဆန်စိမ်းလောင်းလို့ ခရီးဝေးလို့ များများမပဲ့နိုင်ဘူး၊ ကားစရိတ်တွေကုန်ကျလို့၊ ဘုန်းကြီးက "မရချင်နေပေစေ ရတဲ့အထဲက စရိတ်လုပ်၊ သံဃာများများ ကြည်ညိုရတာဟာ အင်မတန် အဖိုးတန်တယ်လို့ အဲဒီလို သတိပေးနေတယ်၊ ပြီးတော့ မရကန်ရွာဆိုလဲ ပတ်ဝန်းကျင်က ဆွမ်းဆန်စိမ်း လောင်းလို့၊ အခုတော့ "တမေဝ အန္နံ ဘဇတိ – သဒ္ဓါတရားနဲ့ ကျွေးလာတဲ့ အကျွေးဟာ ယခု ဟိုက ပြန်ရောက်လာပြီလို့"။

ဒီတော့ ဗုဒ္ဓမြတ်စွာက "အန္ဓ-အစာကို သဒ္ဓါတရားနဲ့ ပေးပြီးတော့ လူဒါန်းတဲ့ ပုဂ္ဂိုလ်တွေဟာ မကောင်တရပါဘူး" တဲ့၊ ဤလောကမှာလဲတဲ့ မကောင်တရပါဘူးတဲ့၊ ယခုတော့ ဤလောက မတောင်အရတဲ့ အဖြစ်မျိုးကို တွေ့နေပြီ၊ နောက်လောကမှာလဲတဲ့ မတောင်တရပါဘူးတဲ့၊ နောက်ဓလောကလဲ ဘုန်းကြီးတို့ တစ်တွေက တောင်တရမှာ မဟုတ်ဘူး။

သီလစင်ကြယ် ဒီတော့ ဘာဖြစ်တုန်း၊ သီလစင်ကြယ်အောင် နေကြ၊ ကိုယ်အောင်တို့ တောင်တရမှာ မဟုတ်ဘူး၊ ယခု စာချဘုန်းကြီးတွေ သီလစင်ကြယ်အောင် နေကြ၊ တာဝန်ဆောင်နေတဲ့ ဒုတိယ ပဋိပုဂ္ဂိုလ်တွေ သီလစင်ကြယ်အောင် နေကြ, မတောင်ဘူး၊ ဒီစေတနာဟာ အခု အကျိုးပေးနေပြီ၊ ဒီလောက် သံဃာတွေ တစ်ရွာစာလောက် စားနေတဲ့ဥစ္စာကို ပိုပို လျဲလျဲရှိနေပြီ၊ မတောင်ရဘူး၊ နောက်လောကလဲ မတောင်တရအောင်ဟာ ဒီက သီလကို အခြေခံထားကြပါ၊ သီလစင်ကြယ်အောင် လုပ်ကြပါ။

သန့်သန့်ရှင်းရှင်း လူ ယခု ဆွမ်းလူတဲ့ ဒါယကာများကလဲဘဲ အဲဒီ တရားကို ဆောပေါက်ပြီးတော့ တကယ့်စေတနာနဲ့ လူကြပါ၊ အခုလဲ စေတနာနဲ့ လူတာဘဲ၊ လူလို့ရှိလျှင် ဒို့ဒီလောကဆို, နောက်လောကဆော မတောင်ဘူးလို့ တရားတော်က ဟောတယ်၊ ဒို့သန့်သန့်ရှင်းရှင်းနဲ့ လူမယ်, တန်းမယ်၊ ဂုဏ်ပကာသနတွေကို ဒို့မလိုက်ဘဲနဲ့ အဲသလို နှလုံးထားပြီးတော့ သန့်သန့်ရှင်းရှင်းနဲ့ လူကြပါ၊ အဲသလို လူလို့ရှိလျှင်

အားလုံးကြည်ညို အခု မြင်းခြံက ကြွပါအုန်းလို့ ဆိုတဲ့ဥစ္စာ မြင်းခြံက နည်းနည်း နှောင်းသွားပြီ၊ မိုးကြီးတော့ ဘာကြီးတွေ မိမှာစိုးလို့ မြင်းခြံကို ဒီနှစ်တော့ မလာသေးဘူးလို့ပြောပါ့၊ တောင်းပန်ပေးပါ့ မတ္တာရပ်ပါ၊ နောက်နှစ်ပင့်လို့ ရှိလျှင်တော့ သွားရတာပေါ့လို့၊ မြင်းခြံက ထစ်ရာ၊ ပဌမတုန်းက သုံးဆယ်လောက် မင့်သံကြားတယ်၊ သူတို့ နားမလည်လို့ ပါလို့၊ ဒီက မသွားရဘူးလို့ ပြောထားတယ်၊ နောက်တော့ သူတို့ သံဃာတစ်ရာ လှမ်းပင့်တယ်၊ တစ်ရာလှမ်းပင့်လဲ အချိန် နှောင်းသွားပြီ၊ သွားလို့ မဖြစ်ဘူး၊ ကျောင်းမှာပေါ့လေ အခု ပြည့်စုံနေတယ်၊ အားလုံး ပြည့်စုံနေတယ် ဆိုပါတော့ပေါ့၊ အယ့်နှယ် အခု သံဃာလေးရာပတ်ဝန်းကျင် ရှိမှာဘဲ၊ အဲဒီ လေးရာပတ်ဝန်းကျင် ရှိတဲ့ နောက်ထပ် အဟောင်းတွေ ဘာတွေနဲ့ ငါးရာလောက် ဖြစ်သွားတယ်၊ ဒီကိုယ်တော်များ စားလောက်အောင် ဆန်, ဆီ, ပဲ အမှာခံ ပစ္စည်းတွေဟာ အပြည့်အစုံရှိနေပြီ၊ ပိုပိုလျဲလျှံဘဲ ဖြစ်နေပြီ။

မစောင်တရ ဒီတော့ ဘုန်းကြီးက တရားကို နားလည်ကြစမ်းပါ၊ မြတ်စွာဘုရားကလေ "တောင်တမနေရဘူးတဲ့ မတောင်တရဘူး" တဲ့၊ မတောင်တဘဲ ရောက်လာတယ်လို့ ဆိုလိုတယ်၊ "ဘယ်သူတုန်းတဲ့ အန္ဓကို မတောင်းတဘူးဆိုဘာ ဘယ်နတ်တုန်းဟ" တဲ့ အမေးက၊ ဘယ်နတ်တုန်းတဲ့၊ အားလုံး တောင့်ကြတယ်၊ "အန္ဓကို မတောင်တဘူးဆိုတဲ့နတ်က ဘယ်နတ်စဲ့တုန်း" တဲ့။

ကျွှန်ုပ်ဘဝ နောက်ဘဝ မတောင့်တရပါဘူး၊ နောက်သံသရာမှာလဲတဲ့ မင်္ဂလာဖိုလ် နိဗ္ဗာန်အဆီ ကျေးဇူးပြုပါလိမ့်မယ်၊ ဒါကြောင့် အာယု, ဝဏ္ဏ, သုခ, ဗလ, ပဋိဘာနဆိုတဲ့ ဆွမ်းအကျိုး ငါးပါးဟာ မလောင့်တတ်နဲ့ ရ, ဆုမတောင်းဘဲနဲ့ ရတဲ့ အကျိုးတွေဖြစ်သော ကြောင့် အဲဒီအကျိုး ရရ-မရရ ဒိုဝတ္တရားအတိုင်း သာသနာပြု တာကို ယနေ့ လာပြီးတော့ ပြုကြရတယ်လို့ ကိုယ်တိုင်ကိုယ်ကျ လောင်းလူပြီးတော့ ဒီဩဝါဒကို နာခံရတယ်လို့ အဲဒီလို နှလုံး သွင်းပြီးတော့ စိတ်ချမ်းသာ ကိုယ်ချမ်းသာနဲ့ အပရစေတနာ, ဒီကုသိုလ်စေတနာကို ထပ်ပြန်တလဲလဲ တိုးပွားစေအောင် ကြိုးစား နိုင်ကြစေကုန်သတည်း....။

သာဓု... သာဓု... သာဓု....။

ဆွမ်း ရေစက်ချ

ဣဒံ မေ ပုညံ နိဗ္ဗာနဿ ပစ္စယော ဟောတု။

အရှင်ဘုရား... ဘုရားတပည့်တော်တို့သည် ဗုဒ္ဓမြတ်စွာ သာသနာတော်၏ စည်ပင်ပြန့်ပွားး တိုးပွားခြင်းကို လိုလားပါကုန်သည် ဖြစ်၍ ဤ ကျောင်းတိုက်သို့ လာရောက်၍ သံသာတော်များအား မွန်မြတ်သော နံနက်ဆွမ်းကို သံဃာအဖြစ်ဖြင့် ဆက်ကပ်လှူဒါန်း ကြပါကုန်၏ အရှင်ဘုရား၊ ဒါနကို ပြုသည့်အချိန်နှင့်တကွ နောက် နောက် အချိန်တို်င် ငါးပါးသီလကို အထူးဖြင့် လုံခြုံအောင် စောင့်ရှောက်ဖို့ရန် အဓိဋ္ဌာန်ပါ၏ဘုရား၊ ထို့မှတစ်ပါး ဤရွှပ်နှောင် ကြိုးများတို့သည် မမြဲသော အနိစ္စပါတကား၊ အဖြစ်အပျက်ဒဏ်ကို ခံနေရသော ဒုက္ခပါတကား၊ ဤ ရုပ်နာမ်တို့၏ ချုပ်ငြိမ်းရာ ဖြစ်သော နိဗ္ဗာန်သည် သုခစင်စစ် ဖြစ်ပါပေသည်တကား၊ ဘုရား တပည့်တော်တို့သည် အနိစ္စ, ဒုက္ခ, အနတ္တဖြစ်သော ရုပ်နာမ်တို့၏ ကုန်ရာဖြစ်သော နိဗ္ဗာန်, သုခ, နိဗ္ဗာနဓာတ်ကို ရည်မှန်း၍ ဒါန, သီလ, ဘာဝနာကောင်းမှု ကုသိုလ်စုကို မပြတ်မလပ် ပြုပါကုန်၏ဘုရား၊ ဤ ကောင်းမှုများဆည် နိဗ္ဗာန်၏ အထောက်အပံ့ ဖြစ်ပါစေသတည်း၊ ဤ ကောင်းမှု၏ အဖို့ကို ကြွရောက်လာသော သံဃာတော် ပရိသတ်, ဆွေမျိုး မိတ်ဆွေ ပရိသတ်နှင့်တကွ ကိုယ်စောင့်နတ်, ဤ ကျောင်းတိုက်စောင့်နတ် မိမိတို့၏နေရာ မြို့ရွာအိမ်ယာ တို့၌ စောင့်ရှောက်ကြပေသော နတ်အပေါင်း, အမိအဖ ဆရာ သမား ဆွေမျိုးမိတ်ဆွေ အစရှိသော ပုဂ္ဂိုလ်အပေါင်းနှင့်တကွ ငရဲသော်နှင်း ယမမင်း ဒေဝသွေ့နှင်း သိကြားမင်းမှစ၍ သုံးဆယ့်တစ်ဘုံ၌ ကျွင်လည်ကြကုန်သော သတ္တဝါအပေါင်းတို့အား အမျှ အမျှ ပေးဝေပါ၏၊ အမျှရ၍ ချမ်းသာကြပါစေသော်....။

ကြားကြားသမျှ အမျှ အမျှ အမျှ ယူကော်မူကြပါကုန်လော။

သာဓု....သာဓု....သာဓု။

ဂုဏ်ဖေါ်ကောင်းမှု သတိပြု

ပကာသနကုသိုလ်သည် အခွင့်သာသော ဘဝ၌ အကျိုးပေးလျှင်လဲ ထို အကျိုးကြောင့် လောဘကြီးသူ ဖြစ်လတ့ံ၊ သို့မဟုတ် ဒေါသကြီးသူဖြစ်အောင် အကျိုးပေးလတ့ံ၊ ထို လောဘ, ဒေါသတို့ ခြုံရံနေသော ကောင်းမှုသည် ထိုသူ့ကို သံသရာဝဋ်ဝဖန် ကစ်သည်ထည်း လည်နေစေမည်သာဖြစ်ရကား ထို ကောင်းမှုမျိုးသည် အရိယာဖြစ်အောင် မစွမ်းဆောင်နိုင်ပါ၊ ထို့ကြောင့် ဘော်သတ္တိ ကူးစက်လိုက်ပါနေပုံကို သတောပေါက်နေသူမှန်လျှင် ဂုဏ်ဖော်ကောင်းမှုကို ကမ္မဋ္ဌာန်းဘာဝနာတိုင်အောင် မပြုမိဖို့ရန် သမျှားယောင်တိုင်းယောင်းရမ်းပြီး မလုပ်မိဖို့ရန် အမြဲသတိပြုသင့်ကြပါသတည်း။

(မိခိုကုသိုလ်ကို မိမိသာယာမှု လောဘမျိုးကား ပုထုဇဉ်ကို မဆိုထားဘဲ အနာဂါမ်တိုင် အောင် ရှိပါသေးသည်၊ ထို လောဘမျိုးကို ဂုဏ်ဖော်လောဘနှင့် မရောပါနှင့်။)

ဆရာတော် အရှင်နေကာဘိဝံသ၏
ဗုဒ္ဓအာသာသင်ခန်းစာ (၂၂၆)

ဓမ္မာရုံခုနစ်ပါး တရားတော်

ဘုန်းကြီး ဓမ္မာစရိယတရားကို ဟောမယ်နော်၊ ဟောစ်ပရိတိလဲ့ ရှတ်မယ်၊ ပြီးတော့ ဒကာမကြီး အားထုတ်ထားထဲ့ တရားလဲ့ နည်း နည်းလေး နှလုံးသွင်းထားနော်၊ အဲဒီ တရားနဲ့ တဲ့ ဆိုင်အောင် ဘုန်းကြီး တရားစကားလဲ့ ပြောပေးမယ်။

အရားဟောပြ

ကဲသို့ သမယေ နာထော့ မောဂ္ဂလ္လာန်ဥ ကာဿပံ၊
ဂိလာနေ ဒုက္ခိတေ ဒီသွာ့ ဓမ္မာစရိ သတ္တ ဒေသယီ။

ကဲသို့ သမယေ – အခါတစ်ပါးဥ်၊ နာထော့ – ဒကာမကြီး ဆို့၏ ကိုးကွယ်ရာဖြစ်သော့ ဘုန်းကြီးတို့၏ ကိုးကွယ်ရာဖြစ်သော မြတ်စွာဘုရားသည်၊ ဂိလာနေ – မကျန်းမမာကြကုန်သည် ဖြစ်၍၊ ဒုက္ခိတေ – ဒုက္ခရောက်နေကြကုန်သော၊ မောဂ္ဂလ္လာန္ဥ – လက်ဝဲ ဓော်ရံ အရှင်မောဂ္ဂလာန် မထေရ်မြတ်ကို လည်းကောင်း၊ ကာဿပဥ္ဥ – ရတ္တညူမဟတ္တတေဇဂိရသော ဒုတောတေရသကို ဆောင်နိုင်တဲ့ အရှင်မဟာကာဿပ မထေရ်မြတ်ကို လည်းကောင်း၊ ဒီသွာ – မြင်တော်မူရ၍၊ သတ္တပေါဋ္ဌဂေါ်-ခုနစ်ပါးသော ဓမ္မာစရိယတရားတို့ကို၊ အဒေသယီ-ဟောကြားတော်မူခဲ့လေပြီ။

ခက္ခန်းမမာ ဒီရှုပ်ဒီနာမ်ဒီခန္ဓာကြီးနဲ့ နေတော့လေ တယ်ဟူ
ကျန်းမာတယ်လို့ ဒီလို တစ်သက်လုံးမဖြစ်နိုင်ဘူး၊
တခ်ိဳ့တုန်းက အရွှင်မောဂ္ဂလာန် တန်ခိုးထိပ်ကြီးတာသဲ့၊ တန်ခိုး
သိပ်ကြီးပေမယ့်လို့ လေ ဟိုတောထဲမှာ ကမ္ဘာဂန်းကျောင်းနဲ့
နေယဲ့ သစ်ရွက်နဲ့တွေ သစ်ပင့်နဲ့တွေ အဲဒီ အနုံကုန်ကြောင့်
ခက္ခန်းမမာ ဖြစ်ရယ်၊ ဖျားနယ်ပေါ့ အရှင် မဟာကဿပလဲ
ဒီလိုဘဲ တောထဲမှာ သီးခင်းသုံးနေတုန်း ခက္ခန်းမမာ ဖြစ်လို့ လေ
မြတ်စွာဘုရားကမြင်တော်မူတော့ ကြွလာတော်မူတယ်၊ ဘုရားက
ကြွလာတယ်၊ မှန်းကြည့်စမ်း၊ တန်းခိုး သိပ်ကြီးတဲ့ အရှင်
မောဂ္ဂလာန်ကြီး နေလို့ မကောင်းလို့ ဓာတ်တေသော ဆောင်တဲ့
အားဟောင် ဆင်မတန်ကောင်းဆဲ့ အရှင်မဟာကဿပကြီး နေထိုင်
မကောင်းလို့ ဘုရားရှင် ကြွလာတော်မူတယ်၊ ဒါကို ကောမကြီး
မြင်မှာပေါ့နော်၊ မိတ်ထဲတွေးကြည့်လျှင် ကြွလာပြီးတော့ ဗောဇ္ဈင်
ခုနစ်ပါး ဟောတော်မူတယ်။

ကြည့်စမ်း၊ ဗောဇ္ဈင်ခုနစ်ပါးဟာ နေထိုင်မကောင်းလို့ ရှိလျှင်
အသံထနဲ့ အားကိုးစရာ ကောင်းတယ်၊ အဲဒီ ဗောဇ္ဈင်ခုနစ်ပါး
ဂုဏ်ကို ဟောတော်မူတယ်။

ဓောဂါမှ လွတ်ခြောက်

တေ စ တံ အတိနန်ဒိတ္တာ၊ ဆောဂါ မုစ္စိ သု တခ်ိဏေ၊
တေန သစ္စဝဇ္ဇေန၊ သောတ္ထိ တေ ဟောတု ဇဗ္ဘဒါ။

တစေ-ထို အရှင်မောဂ္ဂလာန်မထေရ်မြတ်၊ အရှင်မဟာကဿပ
မထေရ်မြတ်တို့ သည်လည်း၊ တံ ထို့ဘုရားရှင် ဟောတော်မူအပ်တဲ့

ဗောဇ္ဈင်ဘရားတော်ကို၊ အတိနန်ဒိတ္တာ-လွန်လွန်ဝင် မင်း နှစ်သက်
တော်မူလှခြင်းကြောင့်၊ (တရားတော် သိပြီ သားတွေ့၏၊ တပ်နာ
ရဆောင်လေ နှစ်သက်လိုက်တာတဲ့ စိတ်ချမ်းသာလိုက် ကြတာလဲ့၊)
တခ်ိဏေ - မြတ်စွာဘုရား တရားဟောတော်မူစဉ် ထိုခဏ၌၊
ဆောဂါ-မကျန်းမမာ ဖျားနာ၍ နေတဲ့ ဆောဂါမှ၊ မုစ္ဆိ သု- လွတ်
မြောက်ကြရပူးလေကုန်ပြီ။

အဲဒီဗောဇ္ဈင်တရားလဲ ဟောပြီးရော ဝမ်းမြောက်ဝမ်းသာဖြစ်
လို့ ကျွန်းကျန်းမာမာကြီး ဖြစ်သွားကြတယ်တဲ့။

တေန သစ္စဝဇ္ဇေန၊ သောတ္ထိ တေ ဟောတု သဗ္ဗဒါ။

တေန သစ္စဝဇ္ဇေန - ဤကဲ့သို့ မှန်ကန်သော သစ္စာစကားကို
ပြောဆိုရခြင်းကြောင့်၊ တေ-မြတ်စွာဘုရားကို ယုံကြည်အားထား
၍ နေသော၊ မြတ်စွာဘုရား၏ တရားတော်တို့ကို ယုံကြည် အား
ထား၍ နေသော၊ မြတ်စွာဘုရား၏ သာဝက သံဃာ အရိယာဖြစ်
ပြီးတဲ့ သံဃာတော်များကို ယုံကြည် ကြည်ညိုလျှက် နေသော သင်
ဥပါသိကာမကြီး၏၊ သောတ္ထိ - ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း
သည်၊ ဟောတု-စင်စစ်မသွေ ဖြစ်ပါစေသတည်း။

သာဓု ... သာဓု ... သာဓု ...။

ဘုရားရှင် မကျန်းမာ

ကေဒါ ဓမ္မထာဝိ၊ ဝေလညောပိ ပိဋ္ဌီတော၊
စုန္ဒဟေရေန တံ ယော၀၊ ဘဏာပေတွာန သာဒရံ။

ကေဒါ-တစ်ရံတစ်ခါ၌, အခါတစ်စားဒါး၌၊ မွေလာဗေဒပီ - တရားမင်း ဘုရားအောင်မှလည်း၊ ဂေလညေန-မကျန်းမမာ ဖျားနာခြင်းသည်း၊ ပိဋ္ဌေဝေ – နို့ပိစက်တော်မူဆဆ်သည် ဖြစ်၍၊ (ကဲ...ဒီရွပ်ဂုဒီနာမ်, ဒီခန္ဓာကိုယ်ကြီးနဲ့ ရလာတော့ ဘုရားကော ကျန်းမာနေတာချည်းလို့ တခါထဲ မဖြစ်ဘူးနော်၊ မြတ်စွာဘုရား မကျန်းမမာတော် မူပြီးတဲ့နောက် မကျန်းမမာတော့ မြတ်စွာဘုရားက စုန္ဒမထေရ်ကို "စုန္ဒ...ဗောဇ္ဈင်တရားတွေကို သင့်ဉာဏ်ထဲမှာ ထင်စေ" လို့ တိုက်တွန်းတော်မူတယ်။

ဗောဇ္ဈင်ကိုနာ ဒီဟာ ဗောဇ္ဈင်ခုနစ်ပါး တရားကို အလွတ်ခိုင်းတာဘဲနေဒဲ၊ စုန္ဒထေရေန–အလွင်စုန္ဒထေရ်ကို၊ တံယေစဗောဇ္ဈင်ံ – ထို ဗောဇ္ဈင် ခုနစ်ပါး မြတ်တရားကိုပင်၊ ဆာဒရံ – ရှိသေလေးမြတ်စွာ၊ ဘဏာဓမ္မတ္ထာန – မြတ်စွာဘုရား ထံတော်ပါး၌ ဟောလွှတ်စေပြီး၍ – (ဘုရားက ကိုယ်တော်တိုင် မကျန်းမာတော့ ဗောဇ္ဈင်တရား နာတော်မူတာဘဲ၊ ကိုယ်တော်တိုင် ဟောတော်မူတာဘဲ၊ ကိုယ်တော်တိုင် ဟောတော်မူထားတဲ့ တရားပေမယ်လို့ဒလေ ဘုရားရှင်ကိုယ်တော်မြတ်က မြန်ပြီးတော့ နာတော်မူတယ်၊ နားထောင်တော်မူတယ်၊ ကဲ... နာတော်မူတယ်နော်။)

အမွေခဒိတ္တာန အာဗာဓာဓေ, တမှာ ဝုဋ္ဌာသိ ဌာနသော၁၊
ကေန သစ္စဝဇ္ဇေန, ဆောတ္ထိ တေ ဟောတု သဗ္ဗဒါ။

အမွေခဒိတ္တာန - မြတ်စွာဘုရား ကိုယ်တော်တိုင် ဝမ်းမြောက်တော် မူလွန်းသည်ဖြစ်၍၊ (ဒီတရား နာရတော့ ဘုရားရှင်ကိုယ်တော် မြတ်ကလဲ ဝမ်းမြောက်လို့)။

တမှာ အာဗာဓာဓေ – ထို မကျန်းမမာ, ဖျားနာရင်းစဲ့ ဖြစ်တဲ့ ရောဂါမှု၊ ဌာနသော–တစ်ခဏချင်းဆားဖြင့်၊ ဝုဋ္ဌာသိ–ထမြောက်လွတ်ကင်းတော်မူခဲ့လေပြီ။

မြတ်စွာဘုရားကလဲ ဗောဇ္ဈင်တရား နာရလို့ ဝမ်းမြောက်ဝမ်းသာဖြစ်လို့၊ တရားလဲပြီးရော ကျန်းကျန်းမာမာကြီး ဖြစ်လို့တဲ့ တော်တော်ဝမ်းမြောက်စရာကောင်းတဲ့ တရားတော်နော်။

ချမ်းသာပါစေ **ကေန သစ္စဝဇ္ဇေန** – မြတ်စွာဘုရား မကျန်းမမာတော်မူသောအခါ ဗောဇ္ဈင်တရားကို အလွတ် စုန္ဒမထေရ်က ဟောလွှတ်၍ လျှောက်သောကြောင့် ဘုရားရှင်ကိုယ်တော်မြတ် ဝမ်းမြောက်တော်မူလွန်းသဖြင့် "တစ်ခဏချင်းပင် ထို မကျန်းမမာရောဂါမှ ထမြောက်လွတ်ကင်းတော်မူ၏" ဟူ၍ မှန်ကန်တဲ့ သစ္စာစကားကို ပြောဆိုရခြင်းကြောင့်၊ တေ–မြတ်စွာဘုရားကို ယုံကြည်အားထားရှိနေသော သင်ဥပါသိကာမကြီး၏၊ တေ–မြတ်စွာဘုရား၏ တရားတော်ကို ယုံကြည်အားထားရှိ ကိုယ်တိုင် ကြီးစားအားထုတ်ခဲ့ဖူးသော သင်ဒါယိကာမကြီး၏ တေ–မြတ်စွာဘုရား၏ တရားတော်ကို အားထုတ်၍ တရားပေါက်ပြီးတဲ့ ရဟန္တာအလွင်မြတ်တို့ကို လှန်စွာလေးမြတ် ကြည်ညိုဆည်းကပ်၍ နေသော သင်ဥပါသိကာမကြီး၏၊ သောတ္ထိ–ကိုယ်စိတ် နှစ်ဖြာ, ချမ်းသာခြင်းသည်၊ ဟောတု–စင်စစ်မသွေ, ဖြစ်ပါစေသတည်း။

သာဓု... သာဓု... သာဓု။

ဗောဇ္ဈင်အကျိုး ပြီးတော့ ဗောဇ္ဈင်ခုနစ်ပါး တရားတော်ကလေ မကျွန်းမာပြီဆိုလျှင် အားကိုးစရာ အင်အားတန်ခိုးတော်တဲ့ တရားတော်နော်၊ ဒါကြောင့် ဘုန်းကြီးကလေ ဒကာမကြီးကို အဓိပ္ပါယ်ဖွင့်ပြီးတော့ ဗောဇ္ဈင်တရား ရွတ်ပေးမယ်။

သတ္တိမေ ဥပါသိကေ ဗောဇ္ဈင်္ဂါ၊
သဝရာဇ သမ္မဒက္ခာတာ၊
ဘဝိတာ ဗဟုလီကတာ၊ အာသိညာယ သမ္မောဒေယ
နိဗ္ဗာနာယ သံဝတ္တန္တိ။

ဥပါသိကေ-ဘုရားတရား၊ ဆရိယာ သံဃာ၊ ရတနာ ဥပါဒါးကို၊ မပြတ်မလပ်၊ ဆည်းကပ်ရှိနေသော ဥပါသိကာမကြီး၊ ဘဝတရာ-မြတ်စွာဘုရားသည်၊ သမ္မ(သာမ္မာ)- ရွှေဉာဏ်တော်ဖြင့် ပိုင်းဖြတ်၍၊ အကောင်းမြတ်ဆုံး ဖြစ်နေလေအောင်၊ အာကာသာ-ဘုန်းကြီးတို့ အတွက်၊ ဒကာမကြီးတို့အတွက် ဟောပြောထားမူအင်အားနဲ့သော၊ သတ္တ-ခုနစ်ပါးကုန်သော၊ လူ့ဓမ္မ ဗောဇ္ဈင်္ဂါ - ဤ ဗောဇ္ဈင်တရားတို့သည်၊ အာဝိဘာ - ဒကာမကြီး အနှစ်သာရ ဖြစ်စေအောင်ကုန်သည်ရှိသော်၊ ဗဟုလီကတာ - ကြိမ်ဖန်များစွာ၊ အလေ့အလာ၊ ပြုအပ်ကုန်သည်ရှိသော်၊ အာသိညာယ- သစ္စာလေးပါး တရားထူးကို ထူးသော ဉာဏ်ဖြင့် သိခြင်းငှါ၊ သမ္မောဒေယ-မဖေါက်ပြန်၊ အမှန်အတိုင်း သိခြင်းငှါ၊ နိဗ္ဗာနာယ-ရုပ်နာမ်ခပ်သိမ်းတို့၏အကြောင်းရင်းမှ နိဗ္ဗာန်အကျိုးငှါ၊ သံဝတ္တန္တိ - စင်စစ်ကောန်၊ အမှန်ပင် ဖြစ်နိုင်ကြပေကုန်သတည်း....။

သာဓု.... သာဓု.... သာဓု....။

သစ္စာသိမြင် ဘာဖြစ်လို့ ဗောဇ္ဈင်တရားတွေကလေ ဒီလောက်များ ကျေးဇူးမာရေးရော့၊ ဘာရော ကောင်းပါသလဲလို့ ဆိုတော့ "ဘဝိတာ-ဘုန်းကြီးတို့သန္တာန်၊ ဒကာမကြီးတို့သန္တာန်၌ ဖြစ်စေအပ်ကုန်သည်ရှိသော်"လို့ နောင်လာမယ့် တရားတွေလေ ဒကာမကြီးက တရားနာလို့၊ တရားနာပြီးတော့ တရားနှလုံးသွင်းလို့၊ အဲဒီ တရားနှလုံးသွင်းနေတဲ့ဥစ္စာဟာ ကိုယ့်သန္တာန် ဖြစ်စေတာဆိုဖြစ်စေတော့ ဘယ့်လောက်များ ကောင်းသတုန်းလို့ ဆိုတော့ "အာသိညာယ - သစ္စာလေးပါးကို ထူးသောဉာဏ်ဖြင့် သိခြင်းငှါ" ဒီ တရားနှလုံးသွင်းရင်း၊ သွင်းရင်းဘဲ သစ္စာ ၄-ပါးကို မြင်သွားတယ်၊ မြင်သွားတာမှ မှန်မှန်ကန်ကန်ကို မြင်သွားတယ်၊ သမ္မောဒေယ-မဖေါက်ပြန်အမှန်အတိုင်းသိမြင်ခြင်းငှာ၊ နိဗ္ဗာနာယ - ဒုက္ခဓမ်သိမ်း၊ အေးငြိမ်းရာ၊ နိဗ္ဗာန်အကျိုးငှါ၊ သံဝတ္တန္တိ - ဖြစ်နိုင်ကြပေကုန်၏။

နိဗ္ဗာန်မြင်သွားဆယ်၊ သစ္စာလေးပါး မြင်ဟယ် ဆိုတော့ နိဗ္ဗာန်ရောသစ္စာတရားတွေကိုပါ၊ အဲဒီနိဗ္ဗာန်ရောသစ္စာ နိဗ္ဗာန်ပါ မြင်သွားတယ်။

ဒုက္ခအမှန် စဉ်းစားကြည့်စမ်း၊ ဒီရုပ်, ဒီနာမ်, ဒီခန္ဓာကိုယ် ရတော့ ဘုရားလဲ မကျွန်းမာဘူးလို့ ဆိုခဲ့ပြီနော်၊ သရဉ်မောဂ္ဂလာန်, အရှင်မဟာကဿပတို့လဲ မကျွန်းမာတာကို တွေ့ခဲ့ရပြီနော်၊ ဒီရုပ်, ဒီနာမ်, ဒီခန္ဓာကိုယ်၊ ဒါဖြင့် ဒီရုပ်, ဒီနာမ်, ဒီခန္ဓာကိုယ်ကြီးဟာ ဒုက္ခသစ္စာ အမှန်ကြီးပေါ့၊ ဟုတ်တူးလား၊ မြတ်စွာဘုရားရဲ့ ရုပ်နာမ်ကြီးကို အားရှိပြုကြည့်ပါ၊

အောင်—ဘုရားလေးမကျန်းမမာရတဲ့ ဒုက္ခသစ္စာဘဲ၊ အရှင်မောဂ္ဂလာန်ရဲ့ အရှင်မဟာကဿပတို့ရဲ့ ရုပ်နာမ်တွေ ဒဏ္ဍာမကြီး မှုန်းကြည့်ပူ။ အောင်— အရှင်မောဂ္ဂလာန်ရဲ့ ရုပ်နာမ်, အရှင်မဟာကဿပရဲ့ ရုပ်နာမ်လဲဘဲ မကျန်းမမာရတဲ့ ဒုက္ခသစ္စာကြီးဘဲ၊ ဒုက္ခအမှန်ကြီးဘဲ၊ အဲဒီတော့ ဘုန်းကြီးနဲ့ ဒကာမကြီးဘဲ စဉ်းစားကြည့်စမ်းပါ၊ ဘုန်းကြီးရဲ့ ရုပ်နာမ်လဲဘဲ ခုဘဲ အသံဓာတ်အယ်လို့ ဆိုနေတယ် မဟုတ်ဘူးလား၊ အဲဒါ ဒုက္ခတဲ့ မဟုတ်ဘူးလား၊ ဒုက္ခ သေသေ ချာချာ တွေ့နေရတာနော်၊ ဒီတော့ "ဒကာမကြီးရဲ့ ရုပ်နာမ်, ဘုန်းကြီးရဲ့ ရုပ်နာမ်, အားလုံးရဲ့ ရုပ်နာမ်တွေဟာ အောင်— ဒုက္ခအမှန်ကြီးပါလား"၊ ဟုတ်ပေဘူးလား နော်။

လောဘကြောင့် ဖြစ် ဒီဟော့ ဒီရုပ်, ဒီနာမ်တွေကို ဒုက္ခမှန်း သိရက်သားနဲ့ ဘာဖြစ်လို့ လက်ရှိရနေ ကြတုန်းလို့၊ တဏှာ လောဘ သမုဒယက ခင်မင်ထယ်မဟုတ်လား ကိုယ့်ရုပ်, ကိုယ့်နာမ်ကို၊ ဒီဘဝမှာ ခင်မင်တယ်ဆိုတော့ နောက် ဘဝကလေးလဲတဲ့ ဒီရုပ်, ဒီနာမ်ကလေး လိုချင်နေပြန်ရော၊ ဒီတော့ ဘာဖြစ်၊ တဏှာလောဘ ပါနေတယ်၊ တဏှာ လောဘက ဘာတုန်း ဆိုတော့ သမုဒယခေါ်တဲ့ သစ္စာအမှန်ဘဲ၊ ဒါ သူ့ကြောင့်, ဘူ့ကြောင့်၊ ဒကာမကြီးရော, ဘုန်းကြီးရော တဏှာ လောဘကိုသာ ကုန်အောင် သတ်နိုင်လို့ ရှိလျှင် နောက်တပ် ရုပ်နာမ်ဖြစ်မှာ မဟုတ်ဘူး၊ အရှင် မောဂ္ဂလာန်လေ တဏှာ လောဘကုန်အောင် သတ်ပြီးသားမို့လို့ လက်ရှိ ရုပ်နာမ်အတွက်သာ ဒုက္ခခံနေရတယ်၊ နောက်ထပ် ဖြစ်သေးသလား ဆိုတော့ မဖြစ်ဘူး၊ အာပြုလို့တုန်း၊

တဏှာလောဘတွေကို ပယ်နိုင်လို့နော်၊ အရှင်မဟာကဿပ လက်ရှိ ရုပ်နာမ်အတွက်သာ ဒုက္ခခံရတာ၊ နောက်ထပ် အရှင်မဟာကဿပ ဘဝသစ် ရုပ်နာမ် ဖြစ်သေးသလား လို့ ဆိုတော့ မဖြစ်ဘူး၊ ဘာပြုလို့တုန်း, တဏှာလောဘကို ပယ်နိုင်လို့။

ဒါဖြင့် ဒကာမကြီးရနေတဲ့ ရုပ်နာမ် ဘာကြောင့်ရ၊ တဏှာ လောဘ အရင်းခံခဲ့လို့ရ၊ ဘုန်းကြီး ရုပ်နာမ် ဘာလို့ရ၊ တဏှာ လောဘ အရင်းခံခဲ့လို့ရ၊ အားလုံး ဒုက္ခတွေ ဘာကြောင့်ဖြစ်ရ၊ တဏှာလောဘ အရင်းခံခဲ့လို့ရ၊ တော-ဒုက္ခသစ္စာနဲ့ သမုဒယသစ္စာကို မြင်လို့၊ ဟုတ်ကဲ့လား၊ ဒီမြင် တရားကို လိုက်စားပြီးတော့ တရား အာရုံပြုနေတယ် ဆိုလို့ ရှိလျှင် "အောင်— ဒါ ဒုက္ခတဲ့" လက်တွေ့ဒုက္ခဘဲ၊ အဲဒီဒုက္ခတွေဟာ တဏှာလောဘ သမုဒယ သစ္စာ အရင်းခံတာဘဲ ဟုတ်မဟုတ်လား။

သတိပဋ္ဌာန်းကြည့်

၁။ ဆတိ သမ္မောဇ္ဈင်္ဂေါ် ဓေါ် ဥပါသိကေ ဘဂဝတာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အာကိ ညာယ သမ္မောစာယ နိဗ္ဗာနာယ သံဝတ္တတိ။

ဥပါသိကေ— ရတနာသုံးရပ်ကို ဆည်းကပ် မြတ်နိုး အားကိုး လေ့ရှိသော ဒါယိကာမကြီး၊ ဘဂဝတော-သည်၊ သမ္မ(သမ္မာ)— ရွေဉာဏ်တော်ဖြင့် ပိုင်းဖြတ်၍ အကောင်းမြတ်ဆုံး ဖြစ်ရလေ အောင်၊ အက္ခာတော-ဘုန်းကြီးတို့အတွက် ဒကာမကြီးတို့အတွက်

ဟောပြတော်မူအပ်ခဲ့သော၊ ဆတိ သမ္မောဇ္ဈင်္ဂ၏ – ဓမ္မ ရပ်နာမ် ခန္ဓာအဖော်ဖြင့် သတိထားမှု နေခြင်းဟူသော သမ္မောဇ္ဈင်တရား သည်။

ကဲ.... သတိသမ္မောဇ္ဈင်တရားတဲ့ ပထမဆုံး ရောက်လာပြီနော်၊ ဘယ်လိုလဲ ဆတိတာကြည့်ပါတဲ့၊ ခုနက ရုပ်နာမ် သတိထားကြည့် ရပ်နာမ်ဟာ အာရုံကြောင့်ဖြစ်ပါတယ်၊ တကဲ့ာ လောဘ သမုဒယ ရှေးတုန်းကဆိုတဲ့ခံမိနေလို့ ရုပ်နာမ် ခန္ဓာ ဒုက္ခသစ္စာ ဖြစ်တာဘဲ၊ ဒါကို သတိထားကြည့်နေပါတဲ့၊ ဆတိမထားလို့ ရှိလျှင် အမှတ် ဘမဲ့နဲ့ ခင်မင်စရာကြိုးလို့ ထားသွားတယ်၊ သတိတာကြည့်တော့ "အို...သုခဖြစ်နေတဲ့ ရုပ်နာမ်ကို ငါက ခင်မင်နေရတယ်" ဟုတ်ကဲ့ မဟုတ်ဆား၊ ဒုက္ခပေးတဲ့ ရုပ်နာမ်ဟာ ခင်မင်စရာကို မကောင်း ဘူး၊ ခင်မင်စေဘဲ့ ဒီရုပ်နာမ် အကြောင်းပြုပြီးတော့ ဒုက္ခတွေက ဖြစ်ရတော့၊ ခင်မင်တာက သမုဒယသစ္စာ့ ရုပ်နာမ်က ဒုက္ခသစ္စာ၊ အဲဒါကို သတိထားပါတဲ့။

အကြိမ်များစွာ သတိသမ္မောဇ္ဈင်ကို-ဤရုပ်နာမ်ခန္ဓာအဖော်ဖြင့် သတိထားမှု နေခြင်းဟူသော သမ္မောဇ္ဈင် တရားသည်၊ တာဝိတော – အကာမကြိုးသန္ဓာန်၌ ဖြစ်စေအပ်သည် ရှိသော် (ညာနေတာမဟုတ်ဘူး ဗောဇ္ဈင်တရားက ကိုယ့်သန္တာန်မှာ ဖြစ်အောင်နေရတာ ဖြစ်အောင်နေလော့ ဒကာမကြိုး သတိထားလိုက်ပြီ ဆိုတော့ ဟော– သတိ အမွှောဇ္ဈင်တရား ဖြစ်သွားပြီးတော့ ဟော–ဗောဇ္ဈင်တရားကို အပြင်သက်က နာနေတာတင် မဟုတ်ဘူးဟေ့၊ ဒကာမကြီး ရုပ်နာမ် ဆတိထားကြည့်လိုက်တယ်

ဆိုတော့ သတိသမ္မောဇ္ဈင် ဖြစ်သွားပြီ)၊ ဗဟုလီကတာ အကြိမ်ပန်များစွာ အလေ့အလာပြုအပ်သည်ရှိသော်၊ တရားက အင်မတန် သေချာတယ်လေ၊ တစ်ခါသိရုံနဲ့တော့ တရားပေါက်မယ်လို့ မဆိုနိုင်ဘူး၊ အကြိမ်များစွာတဲ့ အကြိမ် ဘယ်လောက်များရမှာတုန်း၊ တစ်မိနစ်အတွင်းလဲ ဒီသတိထားလို့၊ နှစ်မိနစ်အတွင်းလဲ ဒီသတိထားလို့၊ သောကအသံတွေ မကြားလျှင် သတိနဲ့ ချည်း ကိုယ်ရပ် နာမ်အပေါ်မှာ စဉ်းစားပြီးတော့ ဒုက္ခ, ဒုက္ခ, ဒုက္ခ သစ္စာကြီး ရုပ်နာမ်ဟာ ဒုက္ခသစ္စာကြီး သတိထားလို့၊ တစ်နာရီအတွင်းလဲ ဒါသတိထားလို့၊ နည်းနည်းပါးပါး ဟိုကစ္စ ဒီကိစ္စတွေ ကိစ္စရှိတာ ရွက်ဆောင်ပြီးတော့ ဒီရုပ်နာမ်တဲ့ ဆတိထားနေတယ်၊ ဒါ သတိသမ္မောဇ္ဈင် ဖြစ်နေတာ၊ ဗဟုလီကတော – အကြိမ်ဖန်များစွာ အလေ့အလာ ပြုအပ်သည်ရှိသော်၊ ဘယ်လောက် ကြာရမှာလဲ၊ အို...တစ်နာရီလဲမကဘူး၊ နှစ်နာရီလဲမကပေါ့၊ တစ်သက်လုံး အာရုံပြုနေနိုင်လျှင် တစ်သက်လုံး ကောင်းတာပေါ့၊ အင်မတန် ကောင်းတယ်တဲ့၊ ဒီ သတိသမ္မောဇ္ဈင်ဆိုတဲ့ တရားကို ကိုယ့်သန္တာန်မှာ ဖြစ်ပါစေ၊ တစ်ခါထဲမကဘူး အကြိမ်များစွာ ဖြစ်ပါစေ။

မဂ္ဂသစ္စာ အဲဒီလိုဖြစ်တော့ ဘာများ အကျိုးရတုန်းလို့ ဆိုတော့ "အာဒိညာယ – သစ္စာ ၄ ပါးကို ထူးသောဉာဏ်ဖြင့် သိခြင်းငှာ၊ ခုနက ဒုက္ခသစ္စာနဲ့ သမုဒယသစ္စာကို သိပြီနော်။

ဒီရုပ်နာမ်ချုပ်သွားလို့ရှိလျှင် ဘာဖြစ်မလဲ၊ ရုပ်နာမ်ကို အဆက် မဖြတ်တော့ဘူး ဆိုလို့ ရှိလျှင် နိဗ္ဗာန်ဖြစ်မှာပေါ့၊ အဲဒီ

နိဗ္ဗာန်ရောက်ကြောင်းက ဘယ်ဟာတုန်းလို့ ဆိုလို့ရှိလျှင် "မဂ္ဂ သစ္စာ ဆိုတဲ့ မဂ္ဂင်ရှစ်ပါးဘဲ" တယ်ကောင်းတယ်၊ ဒီတရားဟာ သုံးပေးမှ ဒီတရားတွေ့ ပွေ့ရတာ ဘုရားဖြစ်ရင့်လျှင် ဒီတရားတွေ့ မတွေ့မခါဘူးနော်၊ မဂ္ဂသစ္စာဆိုတဲ့ ဥာဏ်ထဲက တစ်ခုထဲ စဉ်းစား ကြည့်စမ်းပါ၊ သမ္မာဒိဋ္ဌိ အယူမှန်တာလေးတစ်ခုထဲနဲ့ဘဲ သမ္မာဒိဋ္ဌိ မဂ္ဂင်ဆိုတဲ့ မဂ္ဂသစ္စာဖြစ်ပြီ၊ ဒကာမကြီး— ကိုယ့်ကိုယ်ကို စဉ်းစား ကြည့်ပါ "ငါအယူမှန်လိုက်တာမှ" ဟုတ်တယ် မဟုတ်လား၊ ခုက္ခဖြစ်ဖွဲ့ ရုပ်နာမ်ကို ခုက္ခမှန်းသိတာ ဒါသိပ်အယူမှန်တာပေါ့၊ ဒီခုက္ခဟာ ဘယ်ကလာတုန်းလို့ ဆိုလျှင် တဏှာလောဘသမုဒယက လာခဲ့တာလို့ သိတာဟာ သိပ်အယူမှန်တာဘဲ၊ ဒါ သစ္စာ ၄ ပါးကို သိမြင်နေတဲ့ သမ္မာဒိဋ္ဌိဉာဏ်ဘဲ၊ ဟော -သမ္မာဒိဋ္ဌိမဂ္ဂင်ဆိုတဲ့ မဂ္ဂင် သစ္စာ ဖြစ်တယ်။

စိတ်ထဲမှာဖြစ် မဂ္ဂသစ္စာ တခြားဖြစ်နေတာ မဟုတ်ဘူး၊ ဒကာမ ကြီးရဲ့ စိတ်ထဲမှာကိုဖြစ်နေတာ၊ အခု ဒါလော ကုတ္တရောဆိုတဲ့ အရိယာမဂ္ဂသစ္စာမဖြစ်အောင် လောကီမဂ္ဂသစ္စာ ဖြစ် နေပြီ၊ ဘုန်းကြီးလဲ ဟောယင်းပြောယင်း လောကီမဂ္ဂသစ္စာ ဖြစ် နေပြီးအဲဒီတော့ ဒီရုပ်နာမ်သာချုပ်လို့ ရှိလျှင် ဘုန်းကြီးတို့ နိဗ္ဗာန် ဆိုတဲ့ တရား ကေန္တဖြစ်ရတော့မှာဘဲ။

သတိ သမ္မောဇ္ဈင်— သတိသမ္မာဇ္ဈင်သည်၊ ဘာဝိတော— ကြိမ်ဖန်များစွာ ပွားများအပ်သည် ရှိသော်၊ ဗဟုလီကတော— ကြိမ်ဖန်များစွာ အလေ့အလာ ပြုအပ်သည်ရှိသော်၊ တစ်ခါ သတိသမ္မောဇ္ဈင်ပြီးတော့ မြက်စွာဘုရားကလေ—

၂။ ဓမ္မဝိစယသမ္ဗောဇ္ဈင်၊ ခါဥပါသိကေ ဘဂဝတာ သမ္မာဒက္ခာတော၊ သာဝိတော ဗဟုလီကတော၊ အာသဝါ ညာယ သမ္မောဓယ နိဗ္ဗာနာယ သံဝတ္တတိ။

ဒီတရားတွေကို စဉ်းစားပြီးတော့နေတာ ဒကာမကြီးကလေ စိတ်နဲ့ ကမ္မဋ္ဌာန်းကျောင်းထဲမှာလို့ အောင်းမေ့တားနော်၊ ဒီအုတ် တိုက်ထဲမှာလို့ မဇအောက်မေ့ဘဲနဲ့ ကမ္မဋ္ဌာန်းကျောင်းထဲမှာ ခုန် စဉ်းစားနေတာ ဘုန်းကြီးကလဲ ကမ္မဋ္ဌာန်းကျောင်းနားမှာ လာ ပြီးတော့ ဟောနေတာနော်၊ ဒီလိုမှ စဉ်းစားလို့ သာကောင်း တယ်၊ ဟုတ်ကဲ့လား၊ "ဓမ္မဝိစယ" ဆိုတဲ့ဥစ္စာ တရားတွေကို စိစစ် နေတာ၊ ဒီရှပ်ခန္ဓာကြီး "မြဿလား၊ မမြဲဘူးလား" ဟော- ဒကာမ ကြီးက ကမ္မဋ္ဌာန်းကျောင်းထဲမှာလေ၊ ဘုန်းကြီးကလဲ မေးလို့၊ ဒကာမကြီးကလဲ စဉ်းစားလို့။

မကောင်းဒုက္ခ "[illegible]တော့ မမြဲပေါင့်ဟုရား" နော်၊ "ရှပ်ခန္ဓာ ကြီးဟာ မမြဲတဲ့အနိစ္စတရားကြီးတဲ့" ကောင်းပြီ- ဒကာမကြီး— မမြဲလို့ ဖြစ်ပျက် ဖြစ်ပျက်နေတဲ့ အရာတွေ့ထူမှန်လို့ ရှိလျှင် "အကောင်း[illegible]း၊ မကောင်းလား" လို့ ဆိုလျှင်တော့ ဖြစ်ပျက်နေရင်တော့ မကောင်းချည်း နေမှာပေါ့ ဟုတ်ဘူးလား၊ ဆိုပါတော့ပေါ့ အဝတ်ကလေးပေမယ်လို့ စုတ်သွားတယ်ဆိုလို့ ရှိလျှင် မကောင်းဘဲ နေမှာပေါ့" ဟုတ်ပေဘူးလား၊ ပြန်ချုပ် နေရတာကိုတော ဒုက္ခများနေပြီ၊ ဟုတ်ပေဘူးလား။ အဲဒီတော့— ဖြစ်ပျက်နေတဲ့ ဒီရှပ်နာမ်ဟာ "အကောစ်းလား၊ မကောင်းလား၊

သုခလား၊ ဒုက္ခလား” ပါဠိလိုပေါ့နော်၊ မြန်မာလို “ကောင်း
ဆလား၊ မကောင်းဘူးလား” ဆိုလို့ ရှိလျှင် ဒကာမကြီးကလဲ
“မကောင်းပါဘူးဘုရား” ဟုတ်ပေတူးလား၊ ဘုန်းကြီးက “ဒီ
ရုပ်ကရားကြီး မကောင်းပါဘူး” ဟုတ်ကဲ့မဟုတ်လား၊ ဒကာမကြီး
ကလဲ “မကောင်းပါဘူးဘုရား”၊ ဘုန်းကြီးကလဲ “မနာကောင်းပါဘူး
ဒကာမကြီး” နော်၊ ဒီကော့ ဒုက္ခကြီးပေါ့ ဟုတ်ပေတူးလား၊ ဒီ
ရုပ်ကြီးဟာ ဒီခန္ဓာကြီးဟာ ဒုက္ခကြီးတဲ့၊ ဒါ မေဝိစယဉာဏ်မျှောင့်နဲ့
စိစစ်နေတာနော်။

အတ္တမရှိ တရားတွေ့ စိစစ်နေတယ်ဆိုတာ ကိုယ့်ရုပ်နာမ် စိစစ်
ရတာက အရင်းခံကျတယ်၊ စိစစ်ပြီး နေတယ်ဆိုပို့
ရှိလျှင် အနှစ်ရှိရင် ခိုင်မြဲမှာပေါ့၊ ပျက်ပါ့မလား၊ အနှစ်မရှိလို့
ပျက်တာ၊ ဒါဖြင့် မရှိလို့ ရှိလျှင် အနှစ်သာရရှိတဲ့ အတ္တလား၊ အနှစ်
သာရမရှိတဲ့ အနတ္တလား၊ အနှစ်သာရမရှိတဲ့ ခန္ဓာကိုယ်ကြီးပေါ့၊
အနတ္တကြီးနော်၊ စာစ်ခါ ခိုင်မြဲအောင် စုံမ်းနှိပ်တဲ့၊ သတ္တိရှိတဲ့
အတ္တလား၊ ခိုင်မြဲအောင် မစုံမ်းနှိပ်တဲ့ အနတ္တလား၊ ခိုင်မြဲအောင်
မစုံမ်းနှိပ်လို့ ရှိလျှင် ပျက်တာကို ကြည့်နေရတာပေါ့၊ ဒီတော့...
ဘာမှ မစုံမ်းနှိပ်တဲ့ ခန္ဓာကိုယ်ကြီးထဲမှာ အတ္တမရှိပါဘူး၊ အနတ္တ
ကြီးက၊ အတ္တမရှိပါဘူး၊ အနတ္တကြီးတဲ့၊ ဒကာမကြီးတဲ့ စစ်ပြီးနေ
တယ်၊ ဘုန်းကြီးကလဲ စစ်ပြီးတော့ မေးနေမယ်၊ ဘုန်းကြီးကလဲ
မေးရင်း မေးရင်း စဉ်းစားကယ်လေ ဒကာမကြီးရဲ့ ရုပ် နာမ်
အတွက်လဲ စဉ်းစားတယ်၊ ဘုန်းကြီးရဲ့ ရုပ်နာမ်အတွက်လဲ စဉ်းစား
တယ်၊ အော်... ဒကာမကြီးရဲ့ ရုပ်နာမ်သာ ငါက မေးနေတာလဲ၊

ငါ့ရုပ်နာမ်ကလဲ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ ဒကာမကြီးရဲ့ ရုပ်နာမ်ကလဲ
အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ ကမ္ဘာဥန်းကျောင်းနားမှာလေ ကမ္ဘာဥန်း
ကျောင်းနားမှာ၊ ဘုန်းကြီးကို စဉ်းစားကြတာနော် ဓမ္မဝိစယနဲ့။

နိဗ္ဗာန်အကျိုး ဥပါသိကေ - ရတနာ ၃-ရပ်ကို၊ ပြတ်မလပ်၊
ဆည်းကပ်မြဲတဲ့နိုး, အားကိုးလေ့ရှိသော ဒကာမ
ကြီး...၊ ဘဂဝတာ - သည်၊ သမ္မ(သမ္မာ) - အောင်၊ အာကာ
တော - သော၊ ဘုရားက ကိုယ်တော်တိုင် တရားရခဲ့ပြီးသား ကိုယ်
တော်မြတ်အတွက်တော့ မလိုအပ်ဘူး၊ ဒီ ဘုန်းကြီးတို့အတွက်
ဟောပေးနေတာ၊ ဒကာမကြီးတို့အတွက် ဟောပေးနေတာ၊
ဘုရားက ပရိနိဗ္ဗာန်စံသွားပေမယ့် ဘုရားတရားတော်က ရှိနေတော့
ဟော- ဒကာမကြီးနား လာဟောနေသလို အကုန်လုံး ထင်ရှား
နေသေးတယ်၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်၊ - ရုပ်နာမ်တရားတိုကို စိစစ်
နေရခြင်းဟူသော ဓမ္မဝိစယသမ္ဗောဇ္ဈင်တရားသည်၊ ဘာဝိတော-
သော်၊ ပယုလိဇတော - သော်၊ အတိညာယ - ၄ ၂၊ အမ္မောဃယ-
၄ ၁ နိဗ္ဗာနာယ - စီမှုပ်, ဒီနာဒ်, ဒီခန္ဓာတို့၏ ချုပ်ငြိမ်းအောင်မြတဲ့
နိဗ္ဗာန်အကျိုးပေး၊ သံဝတ္တတိ - စင်စစ်ဇာတ်, အမှန်ပင်ဖြစ်နိုင်ပါပေ

သာဓု...သာဓု...သာဓုဓုံ။

ဟောသလို စိစစ်တော့ လျော့မပစ်ရဘူးတဲ့၊ စိစစ်တဲ့ဉာဏ်ကလေ
စိစစ်တဲ့ဉာဏ်က လျော့မပစ်နဲ့တဲ့၊ ထပ်ကာထပ်ကာ စိစစ်လို့ ဒုနေရ
တယ်တဲ့။

စီရိယကြိုးစား

၃။ ဝီရိယသမ္မောဇ္ဈင်္ဂါ ဒေါ ဥပါသိကော့ ဘဂဝတော သမ္မာ.ဒက္ခာတော့ အာဝိတော့ ဗဟုလီကတော့ အာဘိ ညာယ သမ္ဗော်ဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

ဥပါသိကော--ကြီး၊ ဘဂဝတော-သည်၊ သမ္မာ(သမ္မာ)-အောင်၊ အာက္ခာတော--ဟောပြတော်မူအပ်သော၊ ဝီရိယသမ္ဗောဇ္ဈင်္ဂေါ--ကြိုးစား အားထုတ်ခြင်းဆိုတဲ့ ဝီရိယသမ္ဗောဇ္ဈင်အရှားသည် လို့.... တရားသုံးပါးက သိပ်ကောင်းဘယ်၊ ပထမဆုံး သတိထားတဲ့နောက်၊ ဒုတိယတော့ ဉာဏ်နဲ့ စဉ်းစားလေတဲ့၊ စိစစ်ကြည့်ပါလေတဲ့၊ ရှပ်နာမ်ကွေကို စိစစ်ကြည့်ပါတဲ့၊ အခု တတိယက ကြိုးစားပါတဲ့၊ ကဲ-ကြိုးစားတဲ့ဥစ္စာ ယေ်ယေ်ကြိုးစားလဲ ကြိုးစားတာဘဲ၊ ကြိုးကြိုး ကြိုးစားလဲ ကြိုးစားတာဘဲ၊ ဒကာမကြီးက ဒီဟာတွေကို ထပ်ထပ် ထပ်ထပ်ပြီးကော့ စဉ်းစားနေတာလဲ ကြိုးစားတာဘဲ ဟုတ်စမဘူးလား၊ ကြိုးစားဆိုတဲ့ဥစ္စာ အားနဲ့ အင်နဲ့ ကြိုးစားမှ မဟုတ်ဘူး၊ စိတ်နဲ့ ကြိုးစားနေလဲ ကြိုးစားတာဘဲ ဝီရိယနဲ့ လေ။

ဘာဝိတော-သော်၊ ဗဟုလီကတော-သော်လို့ ဘုန်းကြီးလဲ ကြိုးစားလို့၊ ဒကာမကြီးလဲ ကြိုးစားလို့၊ ဟုတ်တယ်, ဒီရှပ်နာမ် ဟာလေ ခုက္ခကြီး, ဒီရှပ်နာမ်ဟာ အနိစ္စကြီး ဒါကို ထပ်ထပ်ထပ်ထပ်ပြီးတော့ ကြိုးစားပေးနေ ဟယ်၊ အဲဒါ ဝီရိယဖြစ်သာဘဲ, ဝီရိယသမ္ဗောဇ္ဈင်ဖြစ်တာဘဲ၊

ဆပ်ထပ် ကြိုးစားပေးနေရတယ်၊ ပထမဆုံး သတိထား၊ ဒုတိယက ဟုတ်သလား မဟုတ်သလားဆိုတာ စဉ်းစားစိစစ်ကြည့်၊ တတိယက ဟုတ်တယ် ဆိုလို့ ရှိလျှင်ဖြင့် ဝီရိယ ကြိုးစားပေတော့ ကြိုးစား ပါထဲ့။

ရှပ်နာမ်ခုက္ခ စိပ်ပုတီးစိပ်နေလဲ အနိစ္စခန္ဓာကိုယ်ကြီး, ခုက္ခခန္ဓာ ကိုယ်ကြီး, အနတ္တခန္ဓာကိုယ်ကြီး၊ ဒါကြိုးစားနေတာ့ ဒါ ဝီရိယသမ္ဗောဇ္ဈင် ဖြစ်တာဘဲ၊ ဝီရိယသမ္ဗောဇ္ဈင်က တရားနာရှိဘဝ်မဟုတ်ဘူး၊ ဒကာမကြီး စိတ်ထဲမှာ ကို ဖြစ်နေတာဘဲ၊ ဗောဇ္ဈင်တရားကို ဒကာမကြီးစိတ်ထဲမှာ ရနေတာဘဲ၊ အဲသလို ရပြီဆိုလို့ ရှိလျှင် ခုက္ခပါဘဲ တစ်လောကလုံး ခုက္ခားပြီနော်၊ ဘဝသံသရာမှာ ဘဝတွေကလဲ ခုက္ခတွေဘာဘဲ ဒီရှပ်နာမ် တွေက မဟုတ်ဘူးလား၊ အဲဒီတော့ ဒကာမကြီး ဘဝ ရှပ်နာမ် တွေဟာ တောင့်တစရာ ကောင်းသလားလို့ စဉ်းစားကြည့်တော့ မကောင်းဘူးနော်၊ တောင့်တစရာကောင်းတာက ဘဝငြိမ်းတဲ့ နိဗ္ဗာန်သာ တောင့်တစရာကောင်းတယ်၊ ဒီလိုမဟုတ်လား နိဗ္ဗာန်ဘဲ ကောင့်တာရာကောင်း၊ ဘဝနဲ့ နေရတဲ့ ရှပ်နာမ်မှန်သမျှ ဇာတိ--ပဋိသန္ဓေဖြစ်ရတယ် မဟုတ်ပေဘူးလား၊ ဇရာ-အိုရတယ်၊ ဗျာဓိ--နာရတယ်၊ ဒါ ဘယ်သူမှ မလွတ်ဘူး၊ ဘုရားကော လွတ်ရဲ့လား၊ ဘုရားရဲ့ မလွတ်ဘူး၊ အရှင်မောဂ္ဂလာန်, အရှင်မဟာကဿပတို့လဲ မလွတ်ဘူး၊ အရှင်သာရိပုတ္တရာတို့လဲ မလွတ်ခဲ့ဘူး၊ ဒါကြောင့် ဝီရိယနဲ့ ကြိုးစားရတယ်။

အဝမှန်သမျှ ဘေး

အဝကို မနှစ်သက်ရဘူးလို့ မြတ်စွာဘုရားက-

အဓိဂ ဝါဟံ ဘယံ ဒိသွာ, ဘဝဉ္စ ဝိဘဝေသိနံ၊
အဝံ နာဘိဓိံ ကိရွိ, နန္ဒိဉ္စ နဥပါဒိယိ"။

အဟံ - သင်လိုဏပ်တူ, နတ် လူ ပြဟ္မာ, သတ္တဝါတို့၏, ဆရာ စင်စစ်, ဖြစ်တော်မူသော ငါဘုရားသည်၊ ဘဝေ-ဖြစ်လျှင်ပျက်မြဲ, မလွဲတံတွာ, သံသရာနှောင်အတွဲဝီး, ထောင်အကျဉ်းဌ်၊ ဘယံ-အို နာ သေရေး, ဒုက္ခဘေးမှ, စ၍ရန်စွယ်, အန္တရာယ်ဟု, အားအစုကို, ဒိသွာ ၄၁ - ကောင်းစွာပိုင်နင်း, သိမြင်တော်မူခြင်းကြောင့်သာ လျှင်၊ ဘဝဉ္စ - ကာမရူပ, အရူပဟု, လောကသုံးဆုံ, အလုံးစုံကို လည်းကောင်း၊ ဝိဘဝေသိနံ - ဘဝကင်းရာ, ရှာကြံပါလည်း, သုံးဖြာဘဝ, ကျင်လည်ရသည့်, မျှားလှဆောင်းသောငီး, သတ္တဝါ အပေါင်းကို လည်းကောင်း၊ ဒီသွာ ဆုံးစကုန်စင်, သိမြင်တော်မူ သည်ဖြစ်၍၊ ကိရွိဘဝံ- လူ့ဘုံ နတ်ဘုံ, ပြဟ္မာဘုံဟု, သုံးဆုံဌာန, စာစီစုံကစ်ခုသော ဘဝကို၊ နာဘိဝဒိ - စုံစုံမက်မက်, နှစ်သက် ခင်မင်, လိုချင်ဆောင့်ကြေးမမူ၊ နန္ဒိဉ္စ - လူ့ဘုံနတ်ဘုံ, ပြဟ္မာ့ ဆုံဝယ်, စုံစုံမက်မက်, နှစ်သက်ဟယ်တာ, ဘဝတဏှာလို့လည်း။ နဥပါဒိယိ - စွဲလမ်းလွတ်ကင်း, အမြစ်ရင်းက, အလျှင်းပြတ်စေ, ပြတ်တောက်တော်မူခဲ့ပေသတည်း။

မြတ်စွာဘုရားကဖော ဘဝကို စဉ်းစား စီစစ်တယ်၊ ဘဝတွေ- လူ့ဘဝတဲ့, နတ်ဘဝတဲ့ အိမယ်လေး ကောင်းကယ်လို့ ပြောလို့က်

ကြတာ၊ ပြဟ္မာဘဝတဲ့၊ ကောင်းတဲ့ဘဝတွေလို့၊ သုဂတိဘဝလို့ ပြောလိုက်ကြတာ၊ အဲဒီဘဝတွေကို စိစစ်ကြည့်တယ်၊ မမြဲဘူး၊ နတ်မီ ဘဝလဲ နတ်ထုံးစံအတိုင်း စုတေရတာဘဲ၊ ပြဟ္မာဘဝလဲ ပြဟ္မာထုံးစံ အတိုင်း စုတေရတာဘဲ၊ မမြဲဘူး၊ ဒီတော့ မြတ်စွာဘုရားက ဘဝ တိုင်း ဘဝတိုင်းမှာ ဘေးတွေ့တဲ့လို့ မြင်နေတယ်။

ဘဝပြန်ရောက် ဘဝေ-ဖြစ်လျှင်ပျက်မြဲ, လွဲတံထွာ, သံသရာ နှောင်အတွဲဝီး, ထောင်အကျဉ်းဌ်၊ ဘယံ- အို နာ သေရေး, ဒုက္ခဘေးမှ, စ၍ရန်စွယ်, အန္တရာယ်ဟု, ဘေးအစုကို၊ ဒိသွာဝေ - ဆုံးစကုန်စင်, သိမြင်တော်မူခြင်းကြောင့် သာလျှင်၊ ဘဝဉ္စ - လူ့ဘုံ နတ်ဘုံ, ပြဟ္မာဘုံဟု, သုံးဘုံလောက, ဘုံဘဝကို လည်းကောင်း၊ ဝိဘဝေသိနံ - ဘဝကင်းရာ, ရှာကြံပါလည်း, သုံးဖြာဘဝ, ကျင်လည်ရသည့်, မျှားလှဆောင်းသောငီး, အတ္တဝါ အပေါင်းကို လည်းကောင်း။

တရားမရသေးလို့ ရှိလျှင်တော့ တဏှာလောဘ မကုန်သေးလို့ ရှိလျှင်တော့ ဘုန်းကြီးက ဘဝအပြစ် မြင်နေတယ်၊ ဘဝကင်းရာ နိဗ္ဗာန်ရှာနေတယ်၊ ဘယ်ပြန်ရောက်ဆလဲ၊ ဘဝပြန်ရောက်မှာဘဲ၊ ဒကာမကြီးက ဘဝကင်းရာ နိဗ္ဗာန်ရှာနေတယ်၊ တဏှာလောဘ မကုန်သေးလို့ ရှိလျှင် ဘဝပြန်ရောက်မှာဘဲ၊ အဲဒါ မြတ်စွာဘုရားက မြင်တော်မူတယ်ကို့။

သေးစားနေရ ကိုဋ္ဌိကဝံ – ကာမရဂ္ဂ၊ အရွယဟ္ဒ၊ လောကသုံးဘုံ၌ တစ်စုံတစ်ခုသော အဝကို၊ နာဘိဂဒိ – စုံစုံမက်မက်၊ နှစ်သက်ခင်မင်၊ လိုချင်တောင့်တတောင်မမူတဲ့–၊ မြတ်စွာဘုရားကတော့ ဘယ်အာဝမှ နှစ်သက်တောင်မမူဘူး၊ ဘာပြုလို့တုန်း၊ တဏှာ မြုတ်နေပြီကိုး၊ တဏှာလောဘ ကုန်နေပြီ။

ဘုန်းကြီးတို့ကတော့ အတွင်းခေတ်ကုန်သွားအောင် သေးစားနေရတာ ဟုတ်ကဲ့ မဟုတ်လား၊ အတွင်းခေတ် ဖြစ်တဲ့ တဏှာလောဘ မြုတ်သွားအောင် သေးစားနေရတာ၊ ဘဝအဖြစ်တော့ မကုန်သေးဘူး၊ မကုန်သေးတော့ "ဘဝဘင်းရာ နိဗ္ဗာန် လိုချင်ပါတယ်လေး၊ လိုချင်ပါတယ်လေး"လို့ ရွာနေမယ်လို့ လည်း နေတာက ဘဝတဲ့ လည်လည်နေတယ်၊ အဲဒါ ဘာ့ကြောင့် လည်တုန်းလို့ ဆိုကော့။

နန္ဒိ – နှစ်သက်ခင်မင်၊ လိုချင်တောင့်တစွာတ်တဲ့ ဘဝတဏှာကို လည်း၊ နဥပါဒိယိ – စွဲလမ်းလွတ်ကင်း၊ အမြစ်ရင်းက၊ အလျင်းမသွေ၊ ဖြတ်တောက်တော်မူခဲ့ပေသတည်းတဲ့–၊ မြတ်စွာဘုရားက တဏှာကို ဖြတ်နိုင်သွားပြီ၊ ဖြတ်သွားနိုင်တော့ ဘုရားမှာတော့ ဘဝမရှိတော့ဘူး။

ဘုန်းကြီးတို့၊ ဒကာမကြီးတို့ကတော့ အဲဒီ တဏှာလောဘ မကုန်သေးဘူး၊ ကုန်အောင်တော့ ကြိုးစားနေတာဘဲ၊ မကုန်တတ်သေးဘူး၊ တရား အားထုတ်ပြီးတော့ကို နေ့စဉ်နဲ့ အမျှ ကြိုးစားနေမှ ကုန်ချင်ကုန်သွားမယ်၊ ကုန်တန်လျှင် ကုန်သွားမယ်၊

အဲဒီလို ကုန်သွားတဲ့အခါကျတော့ ဒီရပ်၊ ဒီနာမ်၊ ဒီဘဝတွေ မဖြစ်တော့ဘူး၊ ဒါကြောင့်–

ဘဝမနှစ်သက်

ဘဝေါဟံ အယံ ဒီဃော၊ ဘဝဋ္ဌိဘဝေသိနံ၊
ဘဝံ နာဘိဝဒိ ကိဉ္စိ၊ နန္ဒိံ နဥပါဒိယိ။

အဟံ – ဆင်လိုထပ်တူ၊ နတ် လူ ပြဟ္မာ၊ သတ္တဝါတို့၏၊ ဆရာစစ်စစ်၊ ဖြစ်တော်မူသော ငါဘုရားသည်၊ ဘဝေ–ဖြစ်လျှင်ပျက်မြဲ၊ မလွဲတံထွာ၊ သံသရာနှောင်အတွင်း၊ ထောင်အကျဉ်းခံ၊ (ကျဉ်းကြပ်လိုက်တာ ဘဝတွေကလေ၊ ဘဝတွေက ချောင်ချောင်လည်လည်နဲ့ အမှတ်တမဲ့နေရတယ်လို့ အောက်မေ့တယ်၊ အို ... အို နာ သေရေး တွေနဲ့. သိပ် ကျဉ်းကြပ်လိုက်တာ ဘဝတွေက၊) ဘယံ – အို နာ သေရေး၊ ဒုက္ခဘေးမှ၊ စရှိ ရန်စုယ်၊ အန္တရာယ်ဟု၊ ဘေးအစုကို၊ ဒိဿ ဝေ – ကောင်းစွာပိုင်နင်း၊ သိမြင်တော် မူခြင်းကြောင့် သာလျှင်၊ ဘဝဋ္ဌ-ကာမ ရူပ၊ အရူပ ဟု၊ လောကသုံးဘုံ အလုံးစုံကို လည်းကောင်း၊ ဝိဘဝေသိနံ-ဘဝဘင်းရာ၊ ရှာကြံပါလည်း၊ နှ-ဖြာဘဝ၊ ကျင်လည်ရသည့်၊ မျှားလှ သောင်းသောင်း၊ သတ္တဝါအပေါင်းကိုလည်းကောင်း၊ ဒိဿာ – ဆုံးစကုန်စင်၊ သိမြင်တော်မူသည်ဖြစ်၍၊ ကိဉ္စိဿဝံ – လှူ ဘုံ နတ်ဘုံ၊ ပြဟ္မာဘုံဟု၊ သုံးဘုံဌာန၊ ထစ်စုံတစ်ခုသော ဘဝကို၊ နာဘိဝဒိ – စုံစုံမက်မက်၊ နှစ်သက်ခင်မင်၊ လိုချင်တောင့်တတောင်မမူ၊ နန္ဒိံ စ – လှူ ဘုံ နတ်ဘုံ၊ ပြဟ္မာဘုံစယ်၊ စုံစုံမက်မက်၊ နှစ်သက်တွယ်တာ၊ ဘဝတဏှာကိုလည်း၊

နဥပါဒိယိ· စွဲလမ်း လွတ်ကင်း, အမြစ်ရင်းက, အလျင်းပြတ်စေ, ဖြတ်တောက်စေတော်မူခဲ့ပေသတည်း။

သာဓု... သာဓု... သာဓု...။

၂-ခုတည်းလည်နေတာ တက္ကာလောဘနဲ့ ဒုက္ခဘဝ ရှုပ်နာမ်နဲ့၊ ၁-ခုတည်းလည်နေတယ်၊ တက္ကာလောဘသာ မြတ်ရင် ဒုက္ခ ချမ်းနာမ် မဖြစ်တော့ဘူး၊ မြတ်စွာဘုရားကတော့ အဲဒီ တက္ကာလောဘဆိုတဲ့ အရင်းကို ဖြတ်လိုက်တဲ့ဥစ္စာ နောက်ဘဝတွေမှာ မြတ်စွာဘုရား မဖြစ်တော့ဘူး၊ နှစ်လည်း မနှစ်သက်တော့ဘူး။

ပီတိဖြစ် ဒီဟာကို သတိထားပြီးတော့ ဆတိသမ္မောဇ္ဈင်နဲ့ စဉ်းစားကြည့်ပေါ့၊ ဓမ္မဝိစယသမ္မောဇ္ဈင်ဆိုတဲ့ ဉာဏ်နဲ့ စဉ်းစားကြည့်ပေါ့၊ ဝီရိယသမ္မောဇ္ဈင်နဲ့ စိတ်အားရှိသမျှ စဉ်းစားကြည့်ပေါ့၊ အဲသလို ကြည့်တဲ့အခါကျတော့ ဘာဖြစ်လာမယ်တုန်းဆိုတော့ သဘောကျပြီးတော့, နှစ်သက်ပြီးတော့ ပီတိသမ္မောဇ္ဈင် ဖြစ်လာတယ်လေ၊ ပီတိသမ္မောဇ္ဈင်ဖြစ်လို့ နှစ်သက်လာတော့ ဒီတရားတွေ နှလုံးမသွင်းပါနဲ့တော့လို့ ဆိုလို့တောင် မရတူး၊ ပီတိဖြစ်ပြီး နှစ်သက်နေတယ်ကိုး။

၄။ ပီတိသမ္မောဇ္ဈင်ရေ၊ ခေါ် ဥပါသိကေ, ဘဂဝတာ သမ္မာဒက္ခာတော, ဘာဝိတော ဗဟုလီကတော, အာတိ ညာယ သမ္ဘောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

ကိုယ်စိတ်ငြိမ်းအေး ပီတိဖြစ်လို့ နှစ်သက်လာတော့ ကိုယ်စိတ်တွေ, ဘာတွေ့ လန်းပြီး အေးနေတာဘဲ၊ ပဿဒ္ဓိသမ္မောဇ္ဈင် ဖြစ်တယ်။

၅။ ပဿဒ္ဓိသမ္ဗောဇ္ဈင်ရေ၊ ခေါ် ဥပါသိကေ, ဘဂဝတာ သမ္မာဒက္ခာတော, ဘာဝိတော ဗဟုလီကတော, အာတိ ညာယ သမ္ဘောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

တရားက အင်မတန်ကောင်းတယ်, သီလား၊ ပီတိဖြစ်တော့ နှစ်သက်လို့ ကိုယ်စိတ်တွေ ဘာတွေ အေးလို့၊ လူ့ကို တော်တော်ကို နေသာ ထိုင်သာ ရှိလို့, ပန်းမာလို့, ပဿဒ္ဓိသမ္မောဇ္ဈင်ဖြစ်လို့၊ ဟို အရှင်မောဂ္ဂလာန်တို့, အရှင်မဟာကဿပတို့ ချက်ချင်း တရားရသွားကြကယ်ဆိုတဲ့ဥစ္စာ ဒီသမ္မောဇ္ဈင်တရားတွေက ထင်နေလို့လေ၊ တရားရလို့, ကိုယ်စိတ်တွေ ငြိမ်းအေးလို့ အဲသလို ဖြစ်ကြကယ်။

စိတ်တည်ကြည်

၆။ သမာဓိသမ္ဗောဇ္ဈင်ရေ၊ ခေါ် ဥပါသိကေ, ဘဂဝတာ သမ္မာဒက္ခာတော, ဘာဝိတော ဗဟုလီကတော, အာတိ ညာယ သမ္ဘောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

အဲဒီလို ပီတိ, ပဿဒ္ဓိဖြစ်တော့ စိတ်တည်ကြည်လို့၊ ကိုယ့်တရားနဲ့ကိုယ် ပျော်လာမှကိုး၊ စိတ်တွေထည်လို့ ကမ္မဋ္ဌာန်းကျောင်းတွေ, ဘာတွေထဲ ဝင်နေလဲ ကမ္မဋ္ဌာန်းကျောင်းက မထွက်ချင်ဘူး၊ စိတ်တွေ တည်ကြည်လို့, အင်မတန်ကောင်းတယ်၊ အင်မတန် ကောင်း

တယ် ကိုယ့်တရားကို နှလုံးသွင်းရတာ၊ ဟို လူတွေက ဒီလို နှလုံးမသွင်းကြတော့လေ၊ ဘယ်လောက်တိုအောင် ပြောပြော ပျင်းစရာလို့ တင်တယ်၊ ဒီဆောက်သိုအောင် နေပျော်စရာ၊ စိတ်ကို တည်ကြည်လို့ အဲဒီမှာ သာမာဓိရလို့။

လျစ်လျူရှု ကိုယ့်တရားနဲ့ကိုယ် ပျော်နေတော့ ဒီ ခန္ဓာကိုယ်ကြီးအပေါ် လျစ်လျူရှုဥပေက္ခာထားတယ် "ခန္ဓာကြီးကိုက ဒုက္ခတုံးကြီး၊ ငါ့တရားက တန်ဖိုးရှိလိုက်တာ့၊ ခန္ဓာကိုယ်ကြီး အရေးမစိုက်ပေါင်၊ တရားအရေးစိုက်မယ်၊ ဒီလို ဖြစ်လာတယ်၊ ခန္ဓာကိုယ်ကြီးကိုတော့ လျစ်လျူရှုပစ်ထားတယ်၊ ဟရားဝဲ နစ်သက်လို့၊ တရားက ကောင်းလိုက်တာ၊ တရားက စဉ်းစားလို့ ကောင်းလိုက်တာ၊ ခန္ဓာကိုယ်ကြီး ဒုက္ခတုံးကြီး၊ ငါ မစဉ်းစားဘူး၊ ငါ့တရား ငါစဉ်းစားမယ် ဆိုပြီးတော့လေ ခန္ဓာကိုယ်ကြီး လျစ်လျူရှုပြီးတော့ ဥပေက္ခာပစ်ထားလိုက်တယ်၊ တယ်ပြီး ကိုယ့်တရားနဲ့ကိုယ်နဲ့ ပျော်မွေ့တယ်နော်။

၇။ ဥပေက္ခာသမ္ဗောဇ္ဈင်္ဂေါ် ဧခါ ဥပါသိကေ, ဘဂဝတာ သမ္မဒက္ခာတော, ကာဒိတော ဗဟုလီကတော့, အာဘိညာယ သင်္ခါရာယ နိဗ္ဗာနဿ သံဝတ္တတိ။

ဥပေက္ခာထားတော့ စိတ်က ဘယ်ရောက်သွားတုန်း ဆိုတော့၊ "ခန္ဓာကိုယ်ကြီးမရှိတဲ့ နိဗ္ဗာန်ဆိုတာ ဘယ်လိုပါလိမ့်မတုန်း" လို့ ရှာကြံနေတယ်၊ နိဗ္ဗာန်ဆိုတာ ဒီရုပ်, ဒီနာမ်, ဒီခန္ဓာကိုယ်ကြီးရှိလို့ ရှိလျှင် ဒီအို, ဒီနာတွေ ဖြစ်မှာပေါ့၊ ဟုတ်တယ်မဟုတ်သား၊ ဒီရုပ်

ဒီနာမ် ဒီခန္ဓာမရှိမှ ဗီအိုတာတွေ ဒီနာတာတွေ မရှိမှာ၊ အဲဒီတော့ "အော် နိဗ္ဗာန်တော့ တစ်မျိုးဖြစ်လိမ့်မယ်"။

ပင်လယ်ကျေးငှက် ဘုန်းကြီးတို့ ရွေးတုန်းက ပင်လယ်ထဲသွားတဲ့ သူတွေမှာလေ၊ ပင်လယ်ထဲမှာ တကတဲ့ လမ်းစတွေ အာတွေ မမြင်ပြီ ဆိုလို့ ရှိလျှင်ဖြင့် မိမိတို့က မသိနိုင်တော့ ကျေးငှက်ကလေး တစ်ကောင် ကျေးကန်း တစ်ကောင် ဖမ်းသွားကြတယ်၊ ကျေးကန်းကတော့ အဝေးပို့နိုင်တာကို၊ အဲဒါတော့ ကမ်းတို့အာတို့ ရှာမရတော့ဘူး၊ ဘယ်မှာ ကမ်းရှိမှန်း မသိတော့ဘူးလို့, မျောသွားလို့ လှေက အဲဒီလို ဖြစ်သွားတဲ့အခါမှာ ကျေးကလေးကို လွှတ်တယ်၊ ဟိုရွက်တိုင်ထိပ်ပေါ် တင်ပြီးတော့ ကျေးကလေးကို လွှတ်တယ်, ကျေးကလေးကို လွှတ်တယ်၊ ဟိုရွက်တိုင်ထိပ်ပေါ် တင်ပြီးတော့ ကျေးကလေးကို လွှတ်တယ်။

ကျေးကလေးက အရှေ့ပို့လိုက် ကမ်းမမြင်သေးလို့ ရှိလျှင် ရွက်တိုင်ပြန်နား၊ တောင်ပို့လိုက် ကမ်းမမြင်သေး ရွက်တိုင်ပြန်နား၊ အနောက်ပို့လိုက် ကမ်းမမြင်သေး ရွက်တိုင်ပြန်နား၊ မြောက်ပို့လိုက် ကမ်းမမြင်သေး ရွက်တိုင်ပြန်နား၊ နောက်တစ်ကြိမ်ကျတော့ ကမ်းမြင်လို့ ရွက်တိုင်မလာတော့ဘူး၊ တစ်ခါတဲ့ သူပျော်တဲ့နေရာသွားတော့တာဘဲ၊ ကမ်းထောက်အောင် အားတော့တာဘဲတဲ့ဟေ့၊ အဲဒီလို "ကျေး ကမ်းထောက်အောင်သွားသူက ဟာ-ဘယ်ပို့သွားတာ ပြန်မလာဘူးဟေ့၊ ကမ်းဟိုဘက်နိုးပြီ" ဆိုပြီးတော့ အဲဒီငှက်ကို လွှေနဲ့ လိုက်ကြရတယ်၊ ရွေးတုန်းက, ရွေးတုန်းက-

နိဗ္ဗာန်ကိုရွေး အဲဒီလိုတဲ့ ဒကာမကြီး... ဝိပဿနာ ကမ္မဋ္ဌာန်း ဘာဝနာ စိတ်ကလေး ရှပ်နှာမ်တွေကို လစ်လျူရှုပြီးတော့ နိဗ္ဗာန်ကိုမှန်းဟ၊ ကျေးဇူးလေး ဆပ်ရှာအလိုလေ၊ နိဗ္ဗာန်ကိုရှာ၊ ရှပ်နာမ်ချုပ်တဲ့ နိဗ္ဗာန်ရှိရမယ့်, ရှပ်နာမ် ဝပ်သိမ်းအေးငြိမ်းတဲ့ နိဗ္ဗာန်ရှိရမယ်၊ အဲဒီ နိဗ္ဗာန်ရှိလို့ မို့, ဘုရားရှင် ကိုယ်တော်မြတ် နိဗ္ဗာန်မြင်လို့ ဒီရှပ်နာမ်နဲ့ ဘဝတွေကို ဘုရားရှင် ကိုယ်မတော်ဖြတ် ထပ်ပြီးတော့ မဖြစ်ရတော့ဘူး။

သာဝကကြီးတွေ, ပုဏ္ဏကကြီးတွေ ဒီနိဗ္ဗာန်မြင်လို့ ဒီနိဗ္ဗာန်ရှိလို့ မို့, ဒီရှပ်နာမ်တွေ ရှပ်နေတဲ့ လောကကြီးထဲကို ထပ်မဖြစ်ရအောင် အဲဒီနိဗ္ဗာန်ဟာ ဒီရှပ်နာမ်ရဲ့ ဟိုဘက်ကမ်းဘဲ၊ ရှပ်နာမ်က ဒီဘက်ကမ်း၊ နိဗ္ဗာန်က ရှပ်နာမ်ကျင်လဲ့ ဟိုဘက်ကမ်း၊ အဲဒီ ဟိုဘက်ကမ်းကို ကျေးဇူးလေးရှာသလို ငါ့ဘာမယ်။

နိဗ္ဗာန်သတော နိဗ္ဗာန်ဟာ ဘယ်တရားလဲ, ဘယ်လိုတရားလဲ၊ ရှပ်ပါး, နာမ်လား၊ ရှပ်ဖြစ်လဲ ရှပ်လို့ အိုရှ, နာရမယ်၊ နာမ်ဆိုလို့ ရှိလျှင်လဲ နာမ်လိုဖြစ်ချည်ပျက်ချည် နေရမယ်၊ မဖြစ်ခဲပျက်သဲနဲ့, နိဗ္ဗာန်ဖြစ်တဲ့ နိဗ္ဗာန်ဟာ ရှပ်နာမ်မှ တစ်မျိုးဖြစ်မယ်၊ ရှပ်နာမ်မဟုတ်ဘူး, ဒီရှပ်နာမ်ကျိုးမဟုတ်ဘူး၊ ရှပ်နာမ်ကမဖြဲဘူး၊ ရှပ်နာမ်မှ တစ်မျိုးဖြစ်မယ်၊ ရှပ်နာမ်မဟုတ်ဘူး၊ ဒီရှပ်နာမ်မျိုး မဟုတ်ဘူး၊ ရှပ်နာမ်ကမဖြဲဘူး၊ ရှပ်နာမ်ရဲ့ ဟိုဘက်ကမ်းဖြစ်နေတဲ့ နိဗ္ဗာန်ကမြဲတယ်၊ ရှပ်နာမ်က ဝုက္ခ၊ ရှပ်နာမ်ရဲ့ ဟိုဘက်ကမ်းဖြစ်တဲ့ နိဗ္ဗာန်က သုခ၊ ကေန်မှခု နိဗ္ဗာန်ဟာ အလွန်ကောင်းမှာဘဲလို့။

နိဗ္ဗာနံ ပရမံ သုခံ, သန္တံသန္တေဟိ ပတ္ထိတံ၊
ဒုက္ခံနော ဒုက္ခမာသဒ္ဓေ, တဿ ရသော ပသာသတေ။

ပရမံသုခံ-ဇာတိကုသုဝင်း, ဇရာရူဝင်းရှိ, နာခြင်းသေရေး အခရစေးလျက်, **အအေးခဲတဲ့**တုံး, မပြတ်သုံးဖို့, အမြဲကိုဆုံးမနှံသည့်, **သန္တိလက္ခဏာ**, ငြိမ်ဆက်လုစွာသော၊ နိဗ္ဗာနံ- တစ်ဆယ့်ကစ်သိန်း မီးအာဆူဆူ, အပူခတ်ကိန်း, တစ်ဇာတိသိမ်းရှိ, ပြတ်ငြိမ်းရာမှန့်, **ဒုက္ခနိဗ္ဗာန်ကြီးကို၊ သန္တသန္တေဟိ**-သူတော်သောတွေ့, အနှစ်စုသည့်, ယခု ရွေးခေတ်, မညာရှိအစစ်တို့သည်၊ ပတ္ထိတံ - လောကီဇနတ် ကျော့ခေတ်သားကို, ခပ်ပေါ့ပေါ့ထစ်မြင်ရှိ, ခင်မင်တောင့်တ အပ်ခဲ့လေပြီ။

တောင့်တရှာတွေ့ နိဗ္ဗာန်ဟာလေ ဇာတိလဲ မရှိဘူးတဲ့၊ ဇရာ, ဗျာဓိ, မရဏတွေလဲ မရှိဘူးတဲ့၊ အင်မတန် အေးချမ်းတဲ့ တရားတဲ့လို့ ဆိုတဲ့ နိဗ္ဗာန်ကိုလေ ကြည့်ပြီးတော့ ရှပ်နာမ်ကို ရှုလိုက်၊ လောကကို တက္ခုနဲ့ မတွယ်တာတဲ့ သူသော်**တောင်း** အစစ်တွေဟာလေ **တောင့်တ**လိုက်ကြတာ၊ **တောင့်တ**ပြီးတော့ ရှာလိုက်ကြတာ၊ ရှာလို့ မို့လဲ ရလိုက်ကြတာ တကတဲ၊ မြတ်စွာဘုရားလေ "ဒီရှပ်နာမ်က ဇာတိ ဇရာ ဗျာဓိ မရဏနဲ့ မီး တစ်ဟုန်းဟုန်းတောက်နေတယ်၊ ဒီလိုဆိုလို့ရှိလျှင် ဇာတိ ဇရာ ဗျာဓိ မရဏမီးတွေ မတောက်လဲ့ ရှပ်နာမ်ရဲ့ လွတ်လွှဖြစ်တဲ့ တရားဟာ **ကေန်ရှိလိမ့်မယ်**" လို့ ရှာလိုက်တာ၊ ရှာလို့ တွေ့တာဘဲ၊ တွေ့တော့ အေးမြလိုက်တာ၊ မြတ်စွာဘုရား ကြီးကြီး ကျယ်ကျယ် ဘာမှ ခမ်းခမ်းနားနား မဟုတ်ဘဲနဲ့ အင်မတန် ချမ်းသာတော်မူတယ်၊ **ဘဗာပတ်မှား** ဝင်စားမြိုးတော့ နေလိုက်တာ ဆစ်ပင်အောက်

မှာလေ တယ် ချမ်းအောတော်မူတယ်၊ အဲဒီလို သူတော်ကောင်း အစစ်တွေဟာ ရွေးတုန်းက တောင့်တကြတယ်ဗျဲ့။

အရသာဆင်ရွှား ပရမံ သန္တံ – ဇာတိကွာကွင်း၊ ဇရာရှင်းခြင်း၊ နာခြင်းသေခြင်း၊ အရွှင်ဝေးလျက် အအေး ဒေတ်တုံး၊ မပြတ်သုံးဖို့၊ အမြတ်ဆုံးမှန်သည့်၊ သန္တိလက္ခဏာ၊ ငြိမ်သက်ပုစွာသော၊ နိဗ္ဗာန်-တစ်ဆယ့်တစ်သိမ်း၊ မိုးအဆူဆူ၊ အပူ ဒေတ်ကိန်း၊ တဇာတ်သိမ်းလျှင်၊ ပြတ်ငြိမ်းရာမှန်၊ အေးနိဗ္ဗာန်ကြီးကို၊ သန္တသန္တေဘိ- သူတော်သေတွေ၊ အနှစ်စုဆည့်၊ ယခု ရွေးခေတ်၊ ပညာရှိ အစစ်တို့သည်၊ ပတ္တိတံ – လောကီဒေတ်ကျော်၊ ဒေတ် သဘောကို၊ ခပ်ပေါ့ပေါ့ ထင်မြင်ရှု၊ ခင်မင်တောင့်တအပ်ခဲ့လေပြီ၊ ဒုက္ခိနော-တစ်ရုံတစ်ခါ၊ မခံသာအောင့်ဖန်လာစုပုံ၊ ဒုက္ခတွေကြုံ၍ နေသော ပုတုဇ္ဇဲ လူပြိန်းအား၊ ဒုက္ခမာသန္နေ – ဇာတိမကင်း၊ အကြောင်းရင်းခကြောင့်၊ ပေါဒ်းသင်းရွှပ်ပြန်၊ ရုပ်နာမ်ချင်းတွဲ၊ ဆင်းရဲမုချ၊ ဒုက္ခ၏အနှီးခံ၍ဘုန်းကြီးတို့လေ ဗီရုပ်နာမ်နဲ့ တွေ့တော့ ဒုက္ခတွေ့တွေ့တော့ "အော်—ရုပ်နာမ်မရှိဘာ ကောင်းမှာတဲ့လို့" အဲဒီ တော်တော် သဘောကျသွားတယ်၊ ရုပ်နာမ်ရှိလို့ ဒုက္ခတွေ ရှိတာ၊ ရုပ်နာမ်မရှိလျှင် ဒုက္ခတွေမရှိဘူး၊ ရုပ်နာမ်ချုပ်ရာဖြစ်တဲ့ နိဗ္ဗာန်ဟာ အငြိမတန် ဇကောင်းမြတ်လိမ့်မယ်လို့။

တဿရသော-ရုပ်နာမ်ခပ်သိမ်း အေးငြိမ်းရာဖြစ်တဲ့ ထိုနိဗ္ဗာန်၏ အရသာဆည်း၊ ပကာသတေ-တစ်တွေးတစ်တွေး၊ တစ်ရေးရေးနဲ့၌ တအေးအေး လမ်းပြသကဲ့သို့ မှန်းဆတိုင်း ထင်ရှားလေတော့ အကည်း။

သာဓု...သာဓု...သာဓု...။

နိဗ္ဗာန်မှန်းကြိုးစား အဲဒီ ရုပ်နာမ်ရဲ့ ဟိုကပ် နိဗ္ဗာန်ကိုလေ မှန်းကြည့် နေနော်၊ ကောင်းတယ်၊ ကောင်းကယ်၊ ဒီ ရုပ်နာမ်ချုပ်ရာဖြစ်တဲ့ နိဗ္ဗာန်ဟာ အငြိမတန် ကောင်းလိမ့်မယ်၊ ရွေးတုန်းက သူတော်ကောင်းကြီးတွေ ရုပ်နာမ် ခပ်သိမ်း ချုပ်ငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်ကို အမှန်တောင့်တကြတယ်၊ တောင့်တလို့ ရှာတော့ တွေ့တယ်၊ တွေ့တော့ အငြိမတန် ချမ်းသာကြတယ်လို့—။

အဲ- ဒကာမကြီး.... ရုပ်နာမ်ရဲ့ အဖြစ်တွေ စဉ်းစားပြီးတော့ ဆတီသမ္မောဇ္ဈင်နဲ့ အတိထားကြည့်နော်၊ ဓမ္မဝိစယသမ္မောဇ္ဈင်နဲ့ ရုပ်နာမ်ရဲ့ အဖြစ်တွေ စဉ်းစားကြည့်နော်၊ ဝီရိယသမ္မောဇ္ဈင်နဲ့ တစ်နိုင်သမျှ ကြိုးစားနော်၊ အဲဒီလို ကြိုးစားပြီးတော့ ရုပ်နာမ် ခပ်သိမ်းတို့ရဲ့ အေးငြိမ်းရာဖြစ်ထဲ့ နိဗ္ဗာန်ကို စိတ်ထဲမှာ အာရုံပြုပြီးတော့ ကောင်းလိမ့်မယ်၊ အငြိမတန်ကောင်းလိမ့်မယ်၊ အဲဒီနိဗ္ဗာန်ဟာတော့ အငြိမတန် ကောင်းလိမ့်မယ်လို့၊ စိတ်ထဲက ဟုတ်လား၊ ရုပ်နာမ်ခပ်သိမ်းတို့ရဲ့ ချုပ်ငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်ဟာ ဇာတိဒုက္ခလဲ မရှိ၊ ဗျာဓိဒုက္ခလဲ မရှိ၊ အငြိမတန် ဒုက္ခခပ်သိမ်း အေးငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်၊ ဘုရားရှင် ကိုယ်တော်မြတ် မျက်မှောက်ပြုတဲ့ နိဗ္ဗာန်ကို "ဝါ မျက်မှောက်ပြုချင်တယ်၊ ဝါ မျက်မှောက်ပြုပါရစေ၊ အရှင် ဆာရိပုတ္တရာ အရှင် မဟာကဿပတို့ရဲ့ မျက်မှောက်ပြုတဲ့ တွေ့နေတဲ့ နိဗ္ဗာန်ကို ဝါတွေ့ပါရစေ" လို့ နိဗ္ဗာန်ကို မှန်းပြီးတော့ စိပ်ပုတီးစိပ်လဲ နိဗ္ဗာန်ဘဲ၊ တရားနှလုံးသွင်းပြီးတော့ နေလဲ နိဗ္ဗာန် အာရုံပြုပြီးတော့ နှလုံးသွင်းလို့ ဒီကျန်းမာရေးက နည်းနည်း

ဆွမ်းအနုမောဒနာတရားတော်

ဆရာတော်ဘုရားအမေး ဒီနေ့ ဆွမ်းကပ်တာက စုပေါင်းကပ်တာလား၊ ထူးခြားတည်းလား၊ ဆွမ်းဒကာတွေ ဘယ်နှယ်တော်တုန်း၊ ကျောင်းတိုက်နဲ့ စပ်ပြီးတော့ ဘယ်နှယ် ဆက်တုန်း၊ ဒကာတွေ ကိုယ်တော့် ဒကာလား၊ မဟာမြို့ဝ် ဒကာလဲဟုတ်, ကိုယ်တော့် ဒကာလဲ ဟုတ်၊ ပြီးကော့ ဟို-ဦးနန္ဒာသာကြီးကလဲ ပါလာလို့ သူ့ဒကာလဲ ဟုတ်သလား၊ ဘယ်နှယ် စပ်တုန်း"လို့ မေးတာပါ။

("တောင်ငူက ဒကာတွေပါ ဘုရား"ဟု ဦးနန္ဒာသာတက လျှောက်ထားသည်။)

သံဃာ့အဖွဲ့အစည်း အခု ဆွမ်းဒကာများက ဆွမ်းလောင်းရတာ "သံဃာ ဒေ - သံဃာအား လှူပါ၏"၊ ဒါကို စိတ်ထဲ့ကိုယ်ထောပေါ့လေ မှတ်ထားပါ၊ သံဃာလူတယ်လို့ ဆိုတာဟာ လက်ရှိ သံဃာတင်မကဘူး၊ အာသဓ်းအပင်း, ဘုရားရဲ့ သာဝက အသင်းအပင်းကို လူကာ၊ အဲဒီတော့ အဲဒီသံဃာ အသင်းအပင်းက ခုဒီတိုက်လဲကျမှ မဟုတ်ဘူး၊ ဒီဘက်က အထက် လျှောက်ပြီးတော့ လာခဲ့ဘယ်၊ အရှင်မဟာကဿပတို့အထိ, အရှင် သာရိပုတ္တရာ, အရှင်ဓမ္မာဂ္ဂလာန်တို့အထိ "သံဃာ ဒေ - စိတ်ကို ကျယ်ကျယ်ပြန့်ပြန့် အာရုံပြုရမယ်၊ အဲဒီ သံဃာတော်များကို လှူပါ၏"လို့ မှန်းထားပါ။

ပါးစပ်ဟ၊ ခွံတိတ်ယုင်းလောပြန်လဲ "ရုပ်နာမ်ခုပ်သိမ်း, ချုပ်ငြိမ်းရာ ဖြစ်တဲ့ နိဗ္ဗာန် မရသာမျှ ဘယ်သူတော့ သက်သာတုန်း၊ ဘုရားလဲ မသက်သာခဲ့ဘူးပေါ့"လို့၊ တုတ်ကဲ့လား၊ လောကကြီးကို ငြီးငွေ့လို့ လောက-က လွတ်ရာဖြစ်တဲ့ နိဗ္ဗာန်ကို အမြဲစိတ်မှန်းပြီးတော့ ကုသိုလ်တရားကို ဝိရိယသမ္မောဂျင်နဲ့ ကြိုးစားနိုင်ပါစေသတည်း။

သာဓု ... သာဓု ... သာဓု ...။

ဗောဓိပက္ခိယဓမ္မတရားတော် ပြီးပြီ။



အမှာ။ ။ဗောဓိပက္ခိယဓမ္မတရားတော်ကို ရွတ်ဖတ် ပူဇော်လိုသူများ "မဟာဂန္ဓာရုံဝတ်ရွတ်စဉ် စာအုပ်"၌ ရှုပါ။

"အော်....ဘုရားလက်ထက် သံသာတော်မျှားဟာ ဒီအဆင့်အတန်းထက် မြင့်သော အဆင့်အတန်းနဲ့ သီတင်းသုံးတော်မူကြပေလိမ့်မည်"လို့ မုန်းလို့၊ အဲဒီ"သံဃာဒေမ"အလှူခံ သံသာရုံတယ်၊အင်မတန်ရခဲတယ်၊ အလှူခံကမြေနဲ့တူတယ်၊လှူတဲ့သူများက အလှူရှင်များက အဲဒီမြေမှာ လယ်ယာလုပ်တဲ့ လယ်သမား ယာသမားများနဲ့တူတယ်လဲ။

လှူဖွယ်ဝတ္ထုတွေကတော့ မျိုးစေ့နဲ့ တူတယ်၊ အမှန်တော့ စေတနာက တူတာ၊ ထင်ရှားအောင်လို့ လှူဖွယ်ဝတ္ထုတွေကို မျိုးစေ့နဲ့တူအောင်လို့ ဟောတော်မူဟန် တူတယ်။

၁။ အလှူခံမှာ မြေပမာ လှူရှာသူများ လယ်သမား။
၂။ အမျှားလှူဖွယ် မျိုးစေ့နှယ် နောဇီဝယ်အသီးပွား။"
လို့ လှူဖွယ်ဝတ္ထုတွေကတော့ မျိုးစေ့နဲ့တူတယ်။

အလှူခံကိုရွေး ဒီကော့ မိမိတို့က အလေအထားလေးကို ကိုယ်လဲရ၊ ကိုယ့်သားစဉ် မြေးဆက်လဲ ပြောပါ၊ ဒီအလှူခံပဋိဂ္ဂါလ် မရွေးရဘူးလို့ ဆိုတဲ့နေရာမှာ အမျှားနဲ့ ဆိုင်လာလျှင် ရွေးမနေနဲ့တော့၊ ကိုယ်တစ်ယောက်လဲဆိုလျှင်တော့ ရွေးကို ရွေးရမယ်၊ မရွေးလို့ မဖြစ်ဘူး၊ ကိုယ်တစ်ယောက်လဲဆိုလျှင် အဲဒီကောင်းတယ်ဆိုတဲ့ အလှူခံပဋိဂ္ဂါလ်တစ်ပါး ရွေးဖို့ကတော့ ပုတုဇဉ်တွေ ပုတုဇဉ်ကိုယ်ထော်တွေ ဆိုတော့ကာ ခု ကောင်းပေမယ့်

၁။ ဒေတ္တိယပါမောက္ခ ဝတ္ထုဂုရုဝဝဒ် ပေတဝတ္ထုပါဠိ-၁၂၇။

သံဃာရတနာပေါ်ဖို့ ခဲယဉ်း ဒီလောက် ကြီးကျယ်တဲ့ သံဃာ့အာနည်းအရုံး အဖွဲ့ဆိုတာက ကမ္ဘာမှာ ပေါ်ဖို့ လွယ်လွယ်ကလေး မဟုတ်ဘူး၊ ကမ္ဘာမှာ အင်မတန် ခဲယဉ်းတယ်၊ ဘုရားတစ်ဆူတစ်ဆူ ပွင့်ပြီးတဲ့နောက် နည်းနည်း ကာလေးကြာမှ ကုန်းကြီးတို့ သာသနာတော်မှာဆိုလျှင် မမှစကြာ တထုံးဟောတော်မူမှ သံဃာတစ်ပါးလောက်ဆိုပါတော့ နောက် အနတ္တလက္ခဏသုတ်ကို ဟောတော်မူမှ သံဃာ ၆ပါးလောက် အဲဒီလို စုံလာတာ၊ ဒီတော့ ဘုရားတစ်ဆူပွင့်ဖို့ရန် ခဲယဉ်းသလိုဘဲ ဒီသံဃာများ စုံမိဖို့ရန်လဲ သံသာ့ရတနာဖြစ်ပေါ်လာဖို့ရန် အင်မတန် ခဲယဉ်းတယ်၊ ဒီကော့ ဒို့ ရှက်ပေါင်းများစွာ လာပေါင်းများစွာက စုံလာတဲ့ ဝတ္ထုကြွေးငွေများကို သုံးပြီးတော့ ဆွမ်း ဆွမ်းဟင်း ဖြစ်ရတယ်၊ အဲဒီ ဆွမ်း ဆွမ်းဟင်းများကို ဒီ သံဃာတည်းဟူသော လယ်ယာမြေကောင်းမှာ မိမိတို့ မျိုးစေ့ကြဲသလို ကြဲချပါတယ်။

အလှူခံမြေနဲ့တူ ဘာကဆိုတယ် "အလှူခံဆိုတာ မြေကြီးနဲ့တူတယ်တဲ့၊ အလှူခံမြေက ကောင်းသလောက် ပထမတန်းမြေ၊ ဒုတိယတန်းမြေ ဒီလို ကွာသလိုဘဲ၊ အလှူခံမြေ ကောင်းသလောက် မျိုးစေ့တွေက အပင်ပေါက် အသီးသီးထယ်၊ ဒီတော့ သိပ်အရေးတာဘဲ သံဃာများ လှူရတာဟာ၊ ဒီတော့... လက်တွေ့ မျက်မြင်အားဖြင့်လဲ ကိုယ့်စိတ်က မှန်းလို့ ရတယ်။

တော်တော်ကြာ ကောင်းချင်မှ ကောင်းမယ်၊ ဒီလိုဖြစ်နေတယ်၊ ဒီတော့ ပုထုဇဉ် ပုဂ္ဂိုလ်တွေကိုတော့ လူသင့်အလောက် လူရမှာပေါ့၊ နို့ပေမယ့် သံဃာဖြစ်အောင်လူး၊ သံဃာအကျိုးရအောင်လူး။

အကျိုးရအောင်လူ ကိုယ့်ပစ္စည်းကို ယခုလို ဆွမ်းကပ်တာတဲ့ ဖြစ်ဖြစ်၊ ကျောင်းဆောက်တာဲ့ ဖြစ်ဖြစ် သံဃာအကျိုးရအောင် ဆောက်၊ သံဃာအကျိုးရအောင် မဟုတ်ဘဲနဲ့ ကိုယ်နာမည်ကြီးအောင် လုပ်နေတာက ခုခေတ် မနည်းဘူး၊ အလှူ့ဒကာ အလှူ့အမဆိုတဲ့ နာမည်နဲ့ နေကြရအောင်က ခုခေတ် များနေတယ်။

အဲဒါမျိုး လုံးလုံးကြီးကိုမပါရအောင် အလှူ့ဒကာ အလှူ့အမ ဆွမ်းဒကာ ဆွမ်းအမတွေက အလေ့အထ လုပ်ကြပါ၊ ဝတ္ထုရား အတိုင်း ရုပ်ရှာလုံးစံအတိုင်း ခွဲခနဲ့လို့ ထည့်ဟောတော့ပြောမနေနဲ့၊ သူတို့ ရွှေဆောင် ရွှေရွက် လုပ်တဲ့သူတွေအတိုင်း ကိုယ် တက်နိုင်သလောက် ကိုယ်မှန်းသလောက် ရပ်ရွာနဲ့ မဆန့်ကျင်အောင်ထည့်၊ ကိုယ်က လူရတော့မယ်ဆိုလျှင် သံဃာကိုလူပါ။

ကြည်ညိုစရာဆိုကာ ပုဂ္ဂိုလ်တစ်ပါးလို့ ဆိုလျှင်လဲ ရတယ်၊ ကြည်ညိုစရာ ကောင်းတာ ရှေးပါ၊ ကြည်ညိုစရာကောင်းထယ်ဆိုတာဟာ အပြောကောင်း အဟောကောင်း ဒီလို့ မဟုတ်သေးဘူး၊ သီလတယ်ကောင်းတယ်၊ သီလ မပျက်အောင် နေတယ်၊ သမာဓိ ဇယ်ကောင်းတယ်၊ စာယ် တည်ကြည်တယ်၊ ကိုယ်က ဒီလောက် သမာဓိဆိုတာကိုး၊ တယ် တည်ကြည်တယ်၊ ပြီးတော့ အသိဉာဏ်လဲ မနည်းသွန့်တူရဲ့၊ ဘာပြုလို့ တုန်း၊ ဟောဒီ

တရားတွေက "လူစဲ့တန်းတဲ့" ဆိုတာမျိုး မဟုတ်ဘူး၊ ညွှတ်ပေးတဲ့ တရားတွေ ဟောတယ်၊ ဒီတော့ အသိဉာဏ်လဲ ကိုယ်ကတော့ မသိဘူးပေါ့၊ အသိဉာဏ်လဲ နည်းပုံမရဘူး။

ဒီလိုတရားဟော ပြီးတော့ ဒကာ ဒကာမတွေကို ဟောတဲ့ ပြောတဲ့ အခါမှာ လူအောင်ရယ်လို့ မိမိတို့ လူအောင်ရယ်လို့ ဒီလိုမဟုတ်ဘူး၊ လူတတ်အောင် ဟောတယ်၊ တရားကို ကျင့်တတ်အောင် ဟောတယ်၊ သီလကို ဆောက်တည်တတ်အောင် ဟောတယ်၊ ဒီလို ဟောတယ်၊ တချို့ကတော့ "ငါလူ" တဲ့အနေမျိုး ထောက်အောင်ကို ဟောနေတာ၊ ဒီလိုမဟောဘူး။

စဉ်းစားကြည့် ပြီးတော့ နည်းနည်းရင်းနှီးလာလို့ စဉ်းစားကြည့်လိုက်တဲ့အခါ ပစ္စည်းကို သိမ်မြဲ သိမ်းဆည်းပြီး တယ်မထားဘူး၊ စွန့်ကြဲတယ်၊ ပေးကမ်းတယ်၊ ပစ္စည်းရအောင်လဲ ဒကာ ဒကာမတွေကို မသွေးဆောင်ဘူး၊ "ယူဆင့်မှူ" ဆိုတာမျိုး ကိုတဲ့ ဟောတယ်၊ ဒီတော့ ပစ္စည်းလောဘလာတဲ့နဲ့ စပ်ပြီးတော့ လောဘမကြီးဘူး၊ ဒို့ဘုန်းကြီး ဒို့ဦးပဉ္စင်း ဆိုပါတော့၊ အဲဒီလို ကြည့်ပြီးတော့ ကြည်ညိုစရာရှေးတယ်၊ တချို့ကလဲ နည်းနည်းလူတုန်းကတော့ "တော်ပါပြီတော်ပါပြီ"နဲ့ များများရတော့ လက်ခံတာ ရှိသေးတယ်၊ အဲဒါကတော့ နဂိုတော်ပါပြီကိုက မတရားတူး၊ အဲဒါနည်းလို့ သူပြောတာ၊ အဲသလိုလဲကိုယ်က သူ့မှာအသုံးမတဲ့ဘဲနဲ့ မလှူနဲ့၊ ယခုလူမနေလိုက်ကြတာက လူတွေက နောက်တာ ကောင်းကောင်းကြီး ခံစားရအောင်လို့ ရည်ရွယ်ဟန် တူတယ်၊ သက်နိုးဖြင့်လဲ ကောင်းသလက်ကောင်းအောင်ကို လူကြပြီး။

လောက် ရှိမှန်းကို မသိဘူး, သေးသေးလေးနဲ့''၊ အောင်မလေး-သေးက မျက်စိကျပြီးတော့ ချီးမွမ်းနေလိုက်ကြတာ၊ သူကလဲ ဝတ်ကောင်းလို့တော့ မဟုတ်ဘူး၊ အဲဒီ သေးက မျက်စိကျတာနဲ့ ပိုက်ဆံများများကုန်တာ ထောက်ပြီးတော့ သူကလဲ တော်တယ်ဆိုပြီး ကွက်စိပ်သက်နှံးကြီးခြုံလို့၊ တစ်ခါတုန်းက တောထွက် ကိုယ်တော်ကြီးက ကွက်စိပ်ဆက်နှံးကြီးခြုံလို့ လာတယ်၊ သေးက ကိုယ်တော်က ''တောက်- လူရိုင်းပြီးတော့ ဆက်နှံးယူဖို့ကောင်းတယ်''လို့ ပြောတယ်၊ အဲသလို လောကကြီးက၊ သူကလဲ တကတဲ သာသနာအလုပ်ရယ်လို့ မဟုတ်ဘူး၊ ဂုဏ်ရှိအောင် ဆိုပြီးတော့ သူက ဝတ်တာ။

သဒ္ဓါတရား မပျက်အောင် ခြုံရ

''အနို့ ဘုန်းကြီး ကွက်စိပ်ဆက်နှံးကြီး ခြုံပြီးနေတာ မြင်ပါလား''လို့ ဆိုတော့ — မခြုံချင်လို့ကို ရှေးတုန်းကတော့လူနေတာ၊ အခု အခုကတော့ အတင်းခြုံဖို့ ပြောနေကာနဲ့! ကဲလေ သဒ္ဓါတရား ပျက်ရော့မယ် ဆိုပြီးတော့ ခြုံနေရတယ်၊ ကိုယ်သဘောကျလို့ မဟုတ်ဘူး၊ လူတဲ့သူက အလွန်ပြောနေတာနဲ့မို့ တခြားတစ်ဆင့် မလူးဘူး၊ အဲဒါ လောကကြီးက ပိုက်ဆံကုန်မှာ ကောင်းတယ်လို့ တင်တယ်။

ဗုဒ္ဓခေတ်က ရဟန်းတော်များ

စာထဲမျာကျတော့ ''ရာဂဖြိုတ်သူဌဋ္ဌကြီး တင်တယ်၊ နံနက်စောစောက မြို့ဖြင်ထွက်စဉ် ရှိလို့ ထွက်လာတယ်၊ ကိုယ်တော်တွေ့ ဆွမ်းခံဝင်လာလို့ကြတော့ တချို့က သစ်ပင်အောက်က လာကြတယ်၊

တက်သစ္ခန်းနဲ့ အခန်းစိပ်သက်နှံး ဘုန်းကြီးမတတ်

ဟလောတုန်းက တိပိဋကဓရ ဘုန်းကြီးက သူ့ တက်ထရန် အခန်းစိပ် သက်နှံးကြီး ရလို့ သူကလဲ မှန်မှန်မြတ်မြတ် လာလှုတယ်၊ ဒါကြောင့် ဘုန်းကြီးက အဲသလို သက်နှံးကြီးအစိပ်မပြောနဲ့ ရိုးရိုးတက်တရန်တောင်မဝတ် တတ်ပါဘူးလို့၊ ဘုန်းကြီးက ဝတ်မကြွဉ်ဖူးပါဘူးလို့၊ ပြီးတော့ သက်နှံးကြီး အခန်းစိပ်တွေကိုသဲ့ ဟိုတုန်းကတော့ မပြောလိုက်ပါဘူး၊ ''ဘာပြုလို့ ဒီအခန်းစိပ်တွေ ဘုရား လက်ထက်တော်တုန်းက အခန်းမရှိအောင် ခွင့်ပြုတုန်း'' ဆိုတော့ ''ခွင့်ပြုရတဲ့ သက်နှံးက စုတ်ပြတ်နေတာတွေ ချုပ်ရလို့'' နားလည်လား၊ ဒီလို အခန်းသေးသေးလေးတွေကို အလှချုပ်တာမဟုတ်ဘူး၊ သက်နှံးက ဟိုကယူ ဒီကယူနဲ့ စုတ်ပြတ်နေတော့ ''ဟာ—အခန်းသစ်မှတ်လို့ မဖြစ်ဘူး၊ ဒီအဝဂါပေါ့ ပံသုကူသက်နှံးပေါ့'' ပံသုကူလေ ယထာဂရစီလား ဘာလား၊ အခန်းတွေအများကြီးဖြစ်ပြီး သက်နှံးအဝဂါပြုလို့ မလောက်လို့ ဟိုကယူရ ဒီကယူရနဲ့၊ အဲဒါကြောင့် အခန်းတွေ အများကြီး ဖြစ်သွားတယ်။

အခန်းစိပ်ဝတ်လျှင် ဂုဏ်ရှိတယ်လို့ ထင်

နဂိုတုန်းကတော့ အခန်းနည်းနည်းဘဲ၊ ဒါပေမယ့် ခုနက သက်နှံး အခန်းစိပ်ကြီးတွေ ဝတ်လာတော့ ''ဟာ— တော်တော် ဘုန်းကြီးတဲ့ ဘုန်းကြီးပါလား၊ အခန်းကို ဘယ်

၁။ ဝါဏာနံပတ် ၄၅၊ စီဝရနိဒ္ဒေသ ခုဒ္ဒသိက္ခာအဋ္ဌကထာ ၆။

တချို့က ကောက်ရိုးပုံကြီးကို အလယ်က နည်းနည်းလူနေသာ ရုံးလေး ဆွဲထုတ်ပြီးတော့ အဲဒီထဲ နေကြတယ်, တစ်ပါးတလေ၊ တချို့ကလဲ ခြုံဖုတ်အောက် နေကြတယ်၊ တချို့ကလဲ သုသာန်လဲက ဆွမ်းခံဝင်လာကြတယ်၊ ကျောင်းခရီးသွားသူ၊ ဒါနဲ့ "အရှင်ဘုရားတို့.... နေစရာကျောင်းလေးများ လုပ်ပေးရင် နေကြမလား" လို့ ဆိုတော့ ဘုရားက ခွင့်မပြုသေးဘူး, ပဂ္ဂလိက ကျောင်းလေးတွေကို၊

ဗုဒ္ဓခေတ်က ကျောင်း ဒါနဲ့ မြတ်စွာဘုရားကို လျှောက်လို့ ခွင့်ပြုတော့ ကျောင်း ဆောက် တယ်၊ တစ်နေ့ထဲ ခြောက်ဆယ်တင် ပြီးအောင် ဆောက်တယ်၊ ပြီးမှာပေါ့ တစ်ခန်းကျောင်းလေးတွေကိုး၊ မိုးလုံ, ပေလုံ ဆိုတော့ ဖြစ်ပါလိမ့်မယ့်, တစ်ခန်းကျောင်းလေးတွေ၊ အဲဒါ သံဃာ ၆၀-ဝောက် နေရလောက်အောင့်, ပြီးအောင် ဆောက်တာဘဲ၊ အဲဒီတော့ ရွှေးတုန်းက ကြီးကျယ်ဟာ မဟုတ်ဘူး၊ အာကြီးကျယ်လိမ့်မတုန်း၊ ခုခေတ်လို ကျောင်းဘုန်းကြီးချင်း ပြိုင်ဝိုင်မှု မပြိုင်ဝိုင်တော့တဲ့နဲ့၊ သူလဲ ကမ္မဋ္ဌာန်းအားထုတ်တယ်၊ ကိုယ်လဲ ကမ္မဋ္ဌာန်းအားထုတ်တယ်၊ ကမ္မဋ္ဌာန်းအားထုတ်ရင် ပြီးတာဘဲ၊ ကမ္မဋ္ဌာန်းအားထုတ်တာတောင်မှ တချို့က "ကျောင်းကို တင်ပလ္လင်ခွေပြီးတော့ ကမ္မဋ္ဌာန်းထိုင်နေတုန်းမှာ မိုးရွာလို့ ရှိရင် တင်ပလ္လင်ခွေရဲ့ အဖျားကို မိုးမစွပ်ဘူး၊ အဲသလောက်ကျောင်းဆို ဟော်ပြီ"တဲ့၊[၁] ဘယ်

၁။ သာရိပုတ္တရောဒါ၊- ၉၀၅။
ကိ သနိပါတဝတ္ထုရဂါထာဝါဠိ၊- ၃၄၄။

လောက် ကြီးကျယ်တုန်း၊ ထင်တယ် ၂-ပေလောက်, ခု-ပေလောက်တဲ့, ရှိမှာတဲ့ ထင်တယ်၊ အဖိုးလေးကလဲ အဲဒါလုံရုံလေးဘဲ၊ အဲဒီလောက် ကျောင်းရရင် လုံလောက်တာဘဲတဲ့၊ ဒီ့လောက်တိုအောင် ခြိုးခြံကြတယ်။

တရားနဲ့ နေချင်လို့ ထွက်လာကြ

ခြိုးခြံမှာပေါ့၊ ဟိုတာ ထွက်လာတာက ဒီလို ကျောင်းတွေ, ကံတွေမရှိဘဲနဲ့ စီလို တရားနဲ့ နေချင်လွန်းလို့ကို ထွက်လာကြတာ၊ အဲဒီမှာ ပစ္စည်းရှိတဲ့ မိဘတွေက အတင်းထားကြတယ် "မဖြစ်ဘူး ငါ့သား, မဖြစ်ဘူး၊ ငါ့သားက ချမ်းချမ်းသာသာကြီးလာတာ၊ ဘုန်းကြီးလုပ်တယ်ဆိုတဲ့ဥစ္စာက တောင်းစားရတာ၊ အအေးလိုချင်လဲ အပူရချင်ရ, အပူလိုချင်လဲ အအေးရချင်ရတယ်၊ ဒီတော့ ငါ့သားနဲ့ မဖြစ်ဘူး၊ ဟော အလက်တန်းတွေက သိပ်စားတာဘဲ ရဟန်းပြုမယ်ဆိုရင်၊ ဟုတ်တယ် ဖြစ်နိုင်လောက်တယ်၊ ဟိုမှာ ဆွမ်းခံစားရမယ်၊ ခုနက ကျောင်းကလေး, မိုးလုံ လေလုံလေးလောက်ဘဲ နေရမယ်၊ ဒီတော့ တရားနဲ့ နေကြတာဘဲ၊ သိပ်ကြည်ညိုစရာ ကောင်းတယ်။

အရှင်မဟာကဿပနဲ့ ကိုရင်ခုနစ်ပါး

တစ်ခါတုန်းက အရှင် မဟာကဿပ အောကျောင်းလေး နေတယ်၊ ကိုရင် ခုနစ်ပါးရှိတယ်၊ တစ်ပါးက နည်းနည်း စိတ်ကောင်း, နှလုံးကောင်း မရှိဘူး၊ တစ်ပါးက စိတ်ကောင်း, နှလုံးကောင်း ရှိတယ်၊ ရေချိုးဖို့ဆိုရင် ရေနွေးကျို, ဟို-တစ်ပါးက

ဟိုကိုရင်ကျိုနေတဲ့ ရေနွေးအိုးက အငွေ့လေး၊ အခိုးလေး၊ သာ
ယာ ထွက်နေတာမြင်လို့ ရှိရင် "ဟာ- ရေနွေးကျက်ပြီ" ဆိုပြီး
ဟော့ သူက အရှင်မဟာကဿပဆီသွားပြီး "ရေနွေး အဆင်သင့်
ပါပြီဘုရား၊ ရေသုံးသပ်ဖောက်မူဖို့ရန်" အရှင် မဟာကဿပက
အာမဋ္ဌဓာတ်ခွဲဝေတော့ "အော်- ဒီကိုရင် ရေနွေးတယ်အာဘဲကိုး"
လို့ ဒီလိုတဲ့ မှတ်ပြီးတော့ ကြွလာတယ်၊ သူက အဲဒီရေထည့်ပေး၊
ရေသုံးသပ်တယ်။

လူရွှံကိုရင် ဖဂ်ခုဂ် နောက်တော့ ဟိုကိုရင်က ဓဓ်ချင်လာတူး၊
လူရွှံက "ဒီကောင်ကိုတော့ တစ်နေ့ချအိုး
မူဘဲ" ဆိုပြီးတော့ သူက ရေနွေးကျို ကျိုပြီးတော့ ရေနွေးတွေကို
ဘေးဖယ်ထားတယ်၊ သူက အိပ်နေတာ၊ ဟိုကိုရင်က ဘေးဖယ်
ထားပြီးတော့ ရေနွေးလေးကို နည်းနည်းလေး အခိုးတွေ တွက်
အောင် လုပ်သွားတယ်၊ ဟိုကိုရင်ဟာ အိပ်ရာက ထလာတယ်၊ "ကိုရင်
ရေနွေးကျက်ပြီလား"၊ "ဟာ-ရေနွေးကျက်ပါပြီဘုရား" နဲ့ ဆိုပြီး
တော့ သွားတယ်၊ နောက် ရေနွေးထည့်ဖယ်လုပ်တော့ ရေနွေးက
မရှိဘူး၊ ဒါနဲ့ သူက ဟိုရှာ၊ ဒီရှာနဲ့ လုပ်နေတယ်၊ အဲဒီတော့မှ
အရှင်မဟာကဿပက စဉ်းစားတယ် "အရှင်တုန်းကလဲ ဒီကိုရင်
ဒီလိုလုပ်နေတာနဲ့ တူတယ်၊ သူမထုပ်တဲ့နဲ့"၊ ခုမှ သိတယ်ကိုး၊
သိတော့ ကိုရင်ကို ပြောတယ် "ကိုရင်ဆိုတဲ့ဥစ္စာ ကိုယ်မလုပ်တဲ့နဲ့
ကိုယ်လုပ်တယ် ထင်အောင် မညာရဘူး၊ အာဘာ ညာညာနဲ့"
ဩဝါဒပေးတယ်။

အရှင်မဟာကဿပ၏ ကျောင်းကလေး နောက်ဖြန် အရှင်မဟာကဿပက ဆွမ်းခံ
ကြွတော့ အရှင်မဟာကဿပ သိတင်း
သုံးတဲ့ ကျောင်းကုဋိကလေးကို မီးရှို့
ပြီးတော့ ထွက်ပြေးတော့၊ ဒီတော့ မီးရှို့ပြီး ထွက်ပြေးလောက်
အောင် ကျောင်းကလေးက သေးသေးလေး၊ ဒီလို နေရာမှာဘဲ၊
နေရာမဟုတ်ပါဘူးလေ ဒီလိုနေတော်မူမှာဘဲ၊ "နေရာ" ဆိုတော့
ကိုယ်ကဘဲ ကြီးကျယ်ပြီးတော့ ဟို သနားစရာကို ကေားလုံးက
မွားသွားတယ်၊ ရှေးတုန်းက သာသနာ အစ်မတန်ကောင်းတယ်။

ဒကာတို့က သာသနာကို အရှင်းရောက်အောင် ဒီလိုစဉ်းစား
ကြပါ၊ သာသနာ အရှင်းခံက တယ်ဟုတ်ပါလား၊ အခု သာသနာ
အဖျားရောက်တော့ တယ်ကြီးကျယ်ပြီး ငွေကုန်တွေ များလာ
တယ်။

ကျောင်းကြီးတွေ, ဘက်နှီးကြီးတွေ, ဆွမ်းတွေနဲ့ တကတဲ
သူတို့က ဟင်းခွက်တွေ အမယ်မယ်နဲ့, ဆွမ်းတွေနဲ့။

အရှင်သာရိပုတ္တရာ ဇေနာ[1] ဟိုတုန်းက အရှင်သာရိပုတ္တရာ လေ
နာတယ်၊ ရှင်မောဂ္ဂလာန်က ဘာနဲ့
ပျောက်တုန်းလို့ မေးတော့ လူတုန်းကတော့ ထောပတ်, ပျား
ဘကာတို့နဲ့ ရောချို ရေမွှေသော နို့ ရည်ဖြင့် ချက်သော ဆန်
ထမင်းနဲ့ ပျောက်တယ်လို့ ပြောတယ်၊ ဒါကို နတ်ကကြားထယ်၊
နတ်ဖြန်ခါလဲ ဆွမ်းခံမကြွနိုင်ဘူး၊ အရှင်သာရိပုတ္တရာမှာ လေက

၁။ ဝိသုဒ္ဓိမဂ် သီလနိဒ္ဒေသ၊

တော်တော်ထိုးနေတယ်၊ ဒါနဲ့ အရှင်ဓောဂလာန်ရဲ့ ဒကာအိမ်ကို နတ်က ဆနာနို့ဆမ်းရအောင် လှုံ့ဆော်ပေးတယ်၊ ဟိုက ဆနာဆမ်းချက်တယ်၊ အရှင်ဓောဂလာန် ကြွလာတာမြင်လျှင်တဲ့ ဆနာဆမ်း လောင်းတယ်၊ အရှင်ဓောဂလာန်ကလဲ နတ်သွေ့ဆော်တာတော့ မစဉ်းစားဘူးလေ၊ ဆနာဆွမ်းရလာတဲ့ဥစ္စာကိုတဲ့ ဝမ်းမြောက် ဝမ်းသာနဲ့ ဒီဟာကို ယူလာပြီး ပြန်လာတယ်၊ အရှင်သာရိပုတ္တရာကို ဆနာဆွမ်းနဲ့ ဆွမ်းကပ်တယ်ကိုး။

နတ်လှုံ့ဆော်တဲ့ ဆနာဆွမ်း အရှင်သာရိပုတ္တရာ မစား

အရှင်သာရိပုတ္တရာက "မနေ့က ဆနာဆွမ်းပြာလိုက်တယ်၊ ကနေ့ ဆနာဆွမ်း ရလာတယ်၊ အရှင် ဓောဂလာန်ကတော့ တောင်းမှာမဟုတ်ဘူး၊ တယ်လို ဖြစ်မလဲမို့ မတုန်း"လို့ ကြည့်လိုက်တော့ နတ်က လှုံ့ဆော်တာ၊ နတ်တွေကာ ဒီလိုဘဲရှိတယ်၊ ကိုယ်ကြည်ညိုလျှင် လှုံ့ဆော်ကြတာဘဲ၊ ဒါနဲ့ "တောဒီ ဝမ်းဆဲကအူတွေ ထွက်ချင်ထွက်ကုန်ပါစေ၊ ဒီလိုတော့ ပရိယာယ်နဲ့ အေးကလာတဲ့ ဥစ္စာကို မစားဘူး" ဆိုပြီးတော့ ဖယ်ပစ်လိုက်တယ်၊ ပျောက်သွားတာဘဲ၊ ဒီဘက္ကို ဒီဓိတ်ခေတ်ဲ့ သတ္တိတွေကြောင့် ခုန လေနာယူ ပျောက်သွားတာဘဲ၊ မပေါပါဘူး့ ဟိုဘုန်းက မပေါပါဘူး။

ဘုန်းကြီးကိုဇီး အထင်မကြီးနဲ့ ဒကာတို့က ကျောင်းကောင်းကြီး တော့ ကြည့်ပြီး ဧော့ "ဟာ... ဒီဆရာတော်ကြီး တယ်ဘုန်းကြီးတယ်" ဆိုပြီး ဒံမယ်လေး လက်အုပ်မျှားချိမိုး ရှိခိုးရှိခိုးနဲ့ ခြေထောက်မျှား ဖက်ပြီးတော့

မျှား ရှိခိုးလို့၊ "ဓာယ်ဘုန်းကြီးတဲ့ ဘုန်းကြီး" တဲ့၊ "ဘာလုပ်တဲ့ ဘုန်းကြီးမှန်းလဲ သိတာမဟုတ်ဘဲနဲ့"၊ သူ ဖာနဲ့သူ ဘဖဲ့နှယ် လုပ်ပြီးတော့ ဘုန်းကြီးမှန်း မသိဘူး၊ ဘုန်းကြီးတယ်တဲ့၊ ဘုန်းကြီးတာမျှား သွားပြီးအထင်မကြီးကြလေနဲ့၊ သိပ်မဟုတ်လုဘူး၊ သိပ်မဟုတ်ဘူး၊ ဟိုဘုန်းက ဘုန်းမကြီး၊ ဒီလိုဘဲနေတယ်ဲ့ ဒီလိုဘဲ နေတယ်။

ယသောဓရာလေနာ တစ်ခါတုန်းက ယသောဓရာထေရီ သူလဲ ဓလေနာတယ်၊ ရှင်ရာဟုလာက ကိုရင်ရှိသေးတယ်၊ "ဘာပြုတုန်းမယ်ကော်-အာပြုတုန်း" လေနာလို့၊ "ဆာနဲ့ပျောက်တုန်း" ဟိုတုန်းကတော့ နှုန်းတော်ထဲမှာ သရက်သီး ဖျော်ရည်ဲ့ သရက်သီးနဲ့ သိကြားနဲ့ ဖျော်ရည်လုပ်သောက် ပျောက်တာဘဲ၊ အခုမရှိဘူး၊ ယသောဓရာသောက်ဖို့ရန် သရက်သီး ဖျော်ရည်လုပ်ဖို့ရန် မရှိဘူး၊ ဒီလိုဘဲ နေရှာတာဘဲ၊ ဒါနဲ့ ရှင်ရာဟုလာလဲ မတတ်နိုင်လို့ မြိုင်နေတယ်။

ဆွမ်းရပ်သလိုရပ် အရှင်သာရိပုတ္တရာက "ရာဟုလာ ဘာလို့ မြိုင်နေတုန်း" လို့ ဆိုတော့ "ဓယ်တော် ဘိက္ခုနီ ဒီလိုဖြစ်နေတာယ်လို့" ဆိုတာနဲ့ အရှင်သာရိပုတ္တရာက ညနေပြစ်နေတော့ တစ်ခါထဲ ဆပိတ်ပိုက်ပြီးတော့ ကောသလမင်းကြီး နန်းတော်ထဲ ဆွမ်းရပ်သလို သွားရပ်ရတယ်၊ "ဟာ-ဘာအလိုရှိလို့ပါတုန်း" လို့ ဆိုတော့ "ယသောဓရာ ဘိက္ခုနီ ဒီလိုဖြစ်နေတယ်" လို့ ဆိုတော့ "ဟာ- လုပ်ကြပါ လုပ်ကြပါ" ဆိုပြီး တစ်ခါထဲ သရက်သီး မြန်မြန်ရမှာပေါ့လေ၊ ဆွတ်ပြီးသားလဲ ရှိမှာ

ပေါ့လေ၊ အဲဒီလို ဖျော်ရည်လုပ်ပြီးတော့ ပေးတယ်၊ နောင် "ယသောရောဟာတွက် လိုအပ်တဲ့ဗစ္စည်းကို ဒကာတော် တာဝ ယူပါမယ်" လို့ လျှောက်လိုက်တယ်၊ အဲဒီတော့ ယသောရောတို့ ဆိုတာ လူ့ဘောင်မှာနေလျှင် စကြာမင်းရဲ့ မိဖုရား့ ဘုရ လောင်းလဲ တောမတွက်ဘူးဆိုလျှင် ဒီလိုဖြစ်ရမှာ၊ ဒီလော အထက်တန်းကျကဲ့ ယသောရောတို့လို အမျိုးသမီးတောင် သရက်ဖျော်ရည် သောက်စရာမရှိဘူး၊ ဟိုတုန်းက ဒီလိုနေကြတာဘဲ။

ထန်းရွက်တဲ့ ဆွမ်းစားကျောင်း

ဒကာတို့ မှတ်ထားပါ၊ ဘုန်းကြီး တို့လဲ နဂိုတုန်းကဟိုနားမှာ အခု ညည့် ဇရပ် နေရာမှာ ဆွမ်းစားဖို့ထု ထန်း ရွက်တဲ့နဲ့၊ ထန်းရွက်တောင် အလုံမကာနိုင်ဘူး၊ အောက် ပိုင်းလောက်တင် ကာတယ်၊ အပေါ်ကအမိုးနဲ့ ထန်းရွက် တဲ့နဲ့ ဆွမ်းစားကျောင်း ဆောက်တယ်၊ ဆယ်ထပ်ကျည်တော် ဆောက်ကြတာဘဲ။

ထန်းရွက်ကုဋီ

ပြီးတော့ ကုဋီကျတော့ ဒီလိုကုဋီ မဟုတ် ဘူး၊ ထန်းရွက်မိုးတယ်၊ ကြွားထဲ ထန်း ရွက်ကလေး ၂ ရွက်၊ ၃ ရွက်လောက် ကာထားတယ် တစ်ခန်းတစ်ခန်းမှာ၊ ပြီးတော့ ထန်းသား တုံးကြီးတွေ အောက်က ထိုင်ဖို့ရန်လောက်တင် ခင်းတယ်၊ အကုန်လုံး အပြည့် မခင်းနိုင်ဘူး၊ ထိုင်ဖို့ရန်တင် ခင်ပြီးတော့ အဲဒီ ကုဋီလုပ်တယ်၊ ဒီဟာလဲ စာသင်လို့ ဖြစ်တာဘဲ၊ စာချလို့ ဖြစ်တာဘဲ၊ နည်းနည်းတော့ ကသိအအောက် လေးတော့

ရှိတော့ ရှိပါရဲ့ ပေါ့လေ၊ ရှိပေမယ်လို့ ဖြစ်တာဘဲ၊ အဲဒါ ဘုန်းကြီးလို ဆရာတပည့် ဒီလို တက်လာကြတာဘဲ။

ဖဒေးအတိရ

တစ်ခါတစ်ခါ ဟို ဖဒေးသွားပြီးတော့ ဆတိရ တယ်၊ ဖဒေးကို မင်းသမီးက "လိုက်ခဲ့ပါလို့" ပြောလို့ သူက လိုက်သွားတယ်၊ ထီးနဲ့ နန်းနဲ့ ပြတ္တာတ်မင်းက ဖမ်းတာကိုး၊ ဖမ်းတော့ "ဒို့ မြေးဒေဖို့မှာလ-လေ စည်းရိုး အလုံ ကာလို့ ဖရဏပါ ဧရပ်သခွားရယ်နဲ့ လုပ်စားရန် ဆုတောင်းလာ" လို့နဲ့ ဟဲ ဟဲ ဟဲ__၊ "ဒို့ မြေးအဖို့မှာလ-လေ စည်းရိုး အလုံကာလို့"၊ နောက်တော့ "ဖားကင်ခြောက်နဲ့ မြောက်ဥတွေဟာ အပင်းနဲ့" သူလဲ ရှိသမျှ ထုတ်ပြီးတော့ အဒ္ဒါတရားကောင်းကောင်းနဲ့ ကျေး လိုက်သကိုး၊ ဖားကင်တွေ့ မြောက်ဥတွေ ကျေးလိုက်တယ်၊ ဒီလို လိုက်ခဲ့ပါဆိုလို့ လိုက်သွားလို့၊ ဟိုကျတော့ ဖမ်းထားလို့ "ငါ့ ဖားခြောက်နဲ့ မြောက်ဥတွေဟာ အပင်း"နဲ့၊ အခုလဲ ဘုန်းကြီးတို့ စည်းရိုးအလုံကာသလိုဘဲ ဒီလိုနေကြတာဘဲ၊ ခု ဟိုနားစည်းရိုးတွေ ရှိသေးတယ်။

တံတိုင်းမလုပ်ရန် တားရ

တချို့က တံတိုင်းတွေ ဘာတွေ လုပ်ချင် တယ်လို့ ပြောပါရဲ့ "အို– မလုပ်ပါနဲ့၊ တံတိုင်းလုပ်ရအောင် ဒီက အထဲမှာ ဘာမှ ရှိတာမဟုတ်ပါဘူးလို့ တံတိုင်းမလုပ်ပါနဲ့" လို့ တားထားရတယ်။ "ကျောင်း အထိမ်းအမှတ်ပေါ့" တဲ့၊ "အခုလဲ ကျောင်း အထိမ်းအမှတ် ကာထားသားဘဲ" လို့၊ "မလုပ်ပါနဲ့" လို့

တာပြီး စည်းရိုးတဲ့ ကာထားတယ်၊ ဒါသံကြိုးလေ, ဘာလေး၊ ကာတဲ့ဥစ္စာကို ကောင်လေးတွေက ဖြုတ်တယ်၊ ယူတန်တာ ယူတယ်၊ "ယူကြမေ့လေ"လို့၊ ဘုန်းကြီးက "တံတိုင်းတော့ မလုပ်ကြပါနဲ့"လို့ ပြောရတယ်။

ဘုန်းကြီးနေတဲ့ ကျောင်းကြီးတွေ သူတို့ ကျောင်းဒကာတွေက ကျောင်းလေး ကောင်းကောင်း ဆောက်ချင်လို့ လျောက်ကြတယ်၊ ဘုန်းကြီးက "သူတို့ သဒ္ဓါစာရူးအတိုင်း လုပ်ပါစေတော့လေ"လို့ ကြည့်နေတာ၊ ဘုန်းကြီးနေတဲ့ကျောင်းတော့ ပြင်ချင်ကြတယ်၊ "မပြင်ပါနဲ့"လို့၊ တနေ့တုန်းကတော့ ခြံတွေစာရေးဖို့ ဘုန်းကြီးစာဘုန်းကြီး ပြင်ရတယ်၊ ဘုန်းကြီးက ဒီကျောင်းအပြိုနဲ့ ငါအသေနဲ့တော့ ကိုက်ပါလိမ့်မယ် ထင်ပါရဲ့"ဖို့၊ အခု နည်းနည်းကျောင်းကို ခြစားတာက စောသွားတယ်၊ အခု ပြင်ပြီးပြန်ပြီ၊ အတော်ကြာအောင် ခိုင်ဦးမှာဘဲ။

ရေချိုးခန်းထဲလဲ အဲ- လူကလဲ့ မသေတာ, မသေတာကို၊ သေနာတော့ ပေါ်နေပြီ၊ တလောကလဲ အဝှါထဲလဲသားတယ်၊ ရေချိုးခန်းထဲ လဲတယ်၊ ကံကောင်းလို့, ပေါက်တော့ ထိပ်တောင်မှ ပေါက်သွားတယ်၊ "အဟာ___ အရှောင်ကောင်းလို့ နာခေါင်းကိုတဲ့တဲ့မှန်"ဆိုတာလို အခုလဲကံကောင်းလို့, ကံကောင်းလို့ ထိပ်မျှားတော့ ပေါက်သွားသေးတယ်၊ အင်း___ အဲဒီဟာပြီးတော့ ဘာဖြစ်နေတုန်းဆိုတော့ လဲမလိုချည်း ထင်ထင်နေတယ်၊ စိတ်က တယ်မရဲဘူး၊ သွားရတာ လဲများထဲလိုက်ဦးမှာစား၊ ရေချိုးခန်းထဲလဲတဲ့ ကြမ်းတွေ ခင်းထားတယ်၊ လဲများလဲဦးမလားလို့၊ "ဒီတစ်ခါလဲရင်တော့ အသေလဲမှါ"လို့ ဘုန်းကြီးစိတ်က အောက်မေ့ထားတယ်။

သံဃာတွေကို သာသနာရေးငဲ့ထိန်း

ကြီးလာလို့ ဒကာတို့ အခု ဆွမ်းဒကာ ဆွမ်းအမတို့ ငယ်ငယ်ကုန်းက ငယ်တဲ့ ဆွတ္တီ တယ်လိုရှိတယ်၊ နောက်တော့ အသက်ရည်လို့ကြီးလာရင် ဘယ်လိုလိုတာ သိလိမ့်မယ်၊ ဘုန်းကြီးလဲ သံဃာတွေကို သာသနာရေးငဲ့ပြီးတော့သာ တိုန်းနေတာ၊ တစ်ခါ တလေ ပြောလိုတယ်၊ စည်းကမ်းနဲ့ သိပ်မရလှတူး၊ တချို့ ကိုယ်တော်လေးတွေဟာ နို့ပေမယ့် တခြားစာရင်တော်ပါရဲ့လို့ ဒီလိုကြည့်နေရတယ်၊ တစ်ဖြေးဖြေး ခေတ်ကြီးက ပျက်စီးလာတယ်၊ ဘုန်းကြီးက ခေတ်ကြီး ပျက်ပေမယ်လို့ ပြင်လိုက်မယ်လို့ ကြီးစားတာ ဒီဟာဘဲ ရသေးတယ်၊ ဘေးပြင်စရာတွေ မရဘူး။

ခေတ်ကွင်းပြင်ရေး

ဒီအားလုံးက ဇိုင်းပြီးတော့ မြင်ကြလို့ ရှိရင် ဘုန်းကြီးက ကျေးရွာ ကျောင်းတွေကို ကလေးတွေကို ပညာသင်ပေး, ရပ်ကွက်လူတွေ ဘာသာရေးကို ထိန်း, ကလေးတွေကို အာတန်းတော်တော်များများကြီး သင်ပေး၊ ပြီးတော့ ကိုယ်က ဝိနည်းကိုလေးစား၊ ဒီလိုလုပ်ဖို့လို့ ကြီးစားတာ၊ ကြိုးစားပေမယ်လို့ "ခပ်ကွင်းပြင်တာနဲ့ ရွာဆစ်ကြီး ရောက်လာပြီလို့"ဆိုတာလို အခုလဲ ခတ်ကွင်းပြင်တာနဲ့ လဲလဲ လဲပြီ၊ လဲစလိုလို့လဲ ကြွေကျရပြီ၊ အိုပြီးအိုနာတွေ။

ခန္ဓာကိုယ်ကြီး

ဇိဏ္ဏာ အင်္ဂီ စ နှာရု စ, ဂတ္တာနိ နဝဟန္တိ မေ၊
ဇိဏ္ဏော၁ သကဒ္ဒေဝ သာ၊ရံ့, သာယံ လောကသာ ဓမ္မတာ။

အရိုးတွေလဲ အိုပြီတဲ့၊ ရှေးအရိုးလို မဟုတ်ဘူး၊ ဆတ်လာပြီ၊ ဖောင်တောင်လဲလိုက်ရင် သူက ကျိုးမယ်, ကွဲမယ်, အရိုးတွေက ဆတ်လာပြီ။

နှာရု စ – အကြောတွေကလဲ ရှေးတုန်းကလို မဟုတ်ဘူး၊ အကြောတွေက တောင့်တင်းကုန်ပြီ၊ ဂတ္တာနိ နဝဟန္တိ မေ – ခန္ဓာကိုယ် တစ်ကိုယ်လုံးကလဲ လဲမလိုလို, လဲမလိုလို ထင်ရတယ်၊ ဇိဏ္ဏော၁ သကဒ္ဒေါဘာရံ သာယံ လောကသာ ဓမ္မတာ-လူည်းအိုကြီး ဝန်ကောင်းကောင်း ထင်လို့ ရတဲ့။ သိပ် မကောင်လိုက်နဲ့၊ သိပ်တင်လို့ ရှိရင် လူည်းကြီး ကျိုးသွားလိမ့်မယ်၊ အဲဒါလိုတဲ့ ခန္ဓာအိုကြီးဟာ သိပ်တင်လို့ မရဘူးနဲ့ တူတယ်၊ ကျိုးသွားလိမ့်မယ်။

နှလုံးပျို ဆန်လှ ဝါဒပမယ်လို့ ခု နောက်ကိုယ်တော်တွေက
ဘုန်းကြီးလောက်ကို ခုအထိ, ခုအထိ အအိုကြီး
မြို့အောင်ကို သူတို့ မလိုက်ကြလေးဘူး၊ တစ်ခါတစ်ခါ "မင်းတို့...

၁။ ဒုတိယရွှေကျင်သာသနာပိုင် မဟာဝိသုဒ္ဓါရုံဆရာတော် ဘုရားကြီး၏ သံဝေဂယုတ္တ ဥဒါန်း၀ါဆာတော် ဖြစ်သည်။
(က) မဟာဝိသုဒ္ဓါရာမိက ထေရဂုတ္တိဒီပနီ စာမျက်နှာ- ၂၄၂။
(ခ) ရွှေကျင်နိကာယ သာသနာ၁၀၉ စာမျက်နှာ- ၂၇၂။

နှားပျို ဆန်လှတာယ်, နှားအိုပေါင်ကျိုးသလောက် ရှိအုန်းမှာဘဲ" တစ်ခု တစ်ခါ ဒီလိုတွေးရတာယ်၊ သူတို့သန်းပမယ် နှားအို ပေါင်ကျိုးသလောက်တဲ့ ရှိနေသလားမသိဘူး၊ ဘုန်းကြီးကတော့ အဲဒီလိုဘဲ လုပ်ရတယ်၊ သေလဲသေပေါ့လေး၊ အခုလို အသက်ကလဲနည်းလား၊ ဒီလိုနဲ့ သေကြတာခုနစ်ဆယ်နဲ့ ရှစ်နှစ်(၇၈)ထဲမှာ ရောက်နေပြီ။

ဆန်းကြယ်တဲ့ လက္ခဏာ ပြီးတော့ ဆန်းဆန်းကြယ်ကြယ် လက္ခဏာတစ်နေရာမှာ လက္ခဏာကြောင်းဘင်ခုပေါ်နေတယ်၊ ရှေးဟန်းကမရှိဘူး၊ အဲယ်လောက် ကြောကြာပေါ်မယ်တော့မသိဘူး၊ လပြည့်ပြီးတော့မှ မလဲခင်ကတဲ့ကို ကလိစိတ်က အမျှားနဲ့ တယ်မနေချင်ဘူး၊ အမျှားလဲ တယ်မကြည့်ချင်ဘူး၊ ကိုယ့်ဘာသာကိုယ် တစ်ယောက်ထဲ ရှင်းရှင်း ကလေး ဒါကို သဘောကျနေတယ်, မလဲခင်ကတဲ့က၊ နောက်ဟော့ လက္ခဏာကလဲ ပေါ်လာတယ်၊ လက္ခဏာကလဲ ဒီသဘောတဲ့၊ "ဟစ်" အခု ဟိုကပင့် ဒီကပင့်နဲ့ မလိုက်ချင်ပါဘူး၊ အင်း- အားကြောင်းပြီး ဟိုကပင့် ဒီကပင့်လျှင် ဒုးနုံပြီးစား၊ ဒီလိုနေတဲ့ အရွယ်မျိုး မဟုတ်ဘူး၊ မသိုက်ချင်ဘူး၊ အေးအေးဆေးလေး နေချင်တယ်။

သူတော်ဓကာင်းတွေ နောက်တော့ တွေ့ကြည့်ဘယ်၊ ရှေးတုန်းက သူတော်ကောင်းတွေ တောထွက်ကြတယ် ဆိုတာဟာ ဟုတ်မှာ၊ ဒီထိုးထဲနန်းထဲ နေလို့ ကိုမဖြစ်ဘူး၊ မနေချင်လောက်အောင် ဖြစ်နေတယ်၊ ဓါနဲ့ တောထဲရောက်

တော့ ဟင်းရွက်ပြုတ်ကလေး ဘာလားမျှား စားလို ၊ တယ် စီတ်ချမ်းသာတယ်၊ ' ဟုတ်မှာလို့ ဘုန်းကြီးက ဟုတ်မှာလို့ " " အနိုင့် အရှင်ဘုရား ဟင်းရွက်ပြုတ်ကလေး ဘာကလေး စားနေပါသလား " ဆိုတော့ " နေနိုင်မယ်မထင်ဘူးလို့ ဟင်းရွက်ပြုတ်ကလေး ဘာလေးနဲ့ စားပြီးတော့ နေနိုင်မယ်မဆဘူး " မဒုဗ္ဘာတစ်ဘူး၊ တစ်ခါ ဘာလေ ကပ္ပိယကြီး တစ်ယောက်နဲ့ နွားနို့တို့ ပဲပြုတ်တို့ ဘာတို့နဲ့ အဲဒီလိုတော့ နေနိုင်မှာပါ၊ နွားနို့ လေးမျှားလဲ ဒသာက်ရအုန်းမှ၊ ဒသာက် ဖွင်လို့ အရာ ခံဖျင်ဝင်လို့ မဟုတ်ဘူး၊ ခုနက အာဒီကတ္တိ ကြောင့်ပါ၊ ကပ္ပိယကြီးတစ်ယောက်နဲ့ နွားနို့ လေး သောက်ပြီးတော့ ဒီလိုးကာ နေနိုင်ပါတယ်၊ ဟိုလို ဟင်းရွက်ပြုတ်စားပို့ကတော့ စိတ်ကူးကူးကြည့်ဦးတယ်၊ နေနိုင်မယ် မထင်ဘူး။

အစုလူတွေ သိလျှက်နေ ဆွမ်းခကာ ဒကာမတော်များ ငယ်ငယ် ရွိုးသားတယ်၊ သီလ သီလ၊ နံပါတ် တစ်က သီလ၊ ငါးပါးသီလကို သိပ်ပြီးတော့ လုံအောင်ထိန်းကြ၊ အစုလူတွေ အရပ်ရပ် စာရိတ္တပျက်ဘယ်သို့ကဘာ ဒကာတို့ အသိ ဆုံးဘဲ၊ သီလပျက်နေတာ၊ မူသားလဲ သူတို့ အရေ မစိုက်ကြဘူး၊ အဓိန္ဒာခါနလဲ ဖြစ်အလို ကိန်းထေားကြတယ်၊ ငါးပါးသီလကို မလုံကြဘူး၊ သီလပျက်နေတာ၊ လောကကြီး မြန်မာနိုင်ငံပျက်တယ် ဆိုကာ သီလပျက်တာ၊ နိုင်ငံခြားတော့ ပျက်ကားက်ဆိုကာ သီလပျက်တာ၊ တစ်ယောက်တစ်ယောက် တိုက်ကြ ခိုက်ကြတယ်ဆိုကာ သီလပျက်ကြတာ။

သီလလုံအောင်နေ အဲဒီတော့ ဒီက သီလလုံအောင် နေမယ်၊ ခေတ်မိုမို မမိုမိုို သီလတော့ လုံအောင်နေမယ်၊ အာဇီဝဋ္ဌမကသီလ အသက်မွေးဝမ်းကျောင်းနဲ့ စပ်တဲ့သီလ၊ ဓာတုရူးသဖြင့် ငါ အသက်မမွေးဘူး၊ တရားသဖြင့် အသက်မွေးမယ်၊ အဲဒါကို စိတ်ထဲက နှစ်နှစ်ကာကာကြီး ထိန်းထားကြပါ။ တစ်ဘက်မှာလဲ ပျက်ချင်ပျက်ပါစေ၊ အခု ဘုန်းကြီးတွေ ကြည့်ပါလား၊ တစ်နိုင်ငံလုံး ဆံဃာတွေ အယ်လိုနေတယ်ဆိုတာ ကြည့်ပါလား၊ ဒီဘေးရအုန်းမှာ၊ သေတော့ ငရဲ့ တိရစ္ဆာန်၊ ပြိတ္တာလမ်းရှိတယ်၊ အဲဒီမသွားရအောင် ဒီကို့စေးမယ်၊ တစ်နိုင်ငံလုံးပျက်တာ ပျက်ပါစေ " ဒီနေကျောင်းကပျက်လို့ မဖြစ်ဘူး " လို့ ဆိုပြီးတော့ အဲဒီလို ထိန်းထားတယ်၊ ဒကာတို့လဲဘဲ " တစ်လောကလုံး ငါးပါး သီလ ပျက်ချင် ပျက်ပါစေ၊ ဒို့မပျက်ရအောင်၊ ဒို့မိသားတစ်စု မပျက်စေရဘူး " အဲဒီလို ထိန်းထားကြပါ။

ဘုရားအာရုံပြု ကိန်းထားပြီးတော့မှ ဘုရားကို ဩကာသ ဩကာသနဲ့ ရှိခိုးနေလို့ မပြီ သေးဘူး၊ ဘုရားဂုဏ်တော်တွေကို တစ်ပါးပြီး တစ်ပါး၊ တစ်ပါးပြီး တစ်ပါး လေ့လာပါ၊ တရားဂုဏ်တော်တွေကို တစ်ပါးပြီး တစ်ပါး၊ တစ်ပါးပြီး တစ်ပါး လေ့လာပါ၊ မြန်မြန် မလေ့လာနဲ့ နှစ်ပေါင်းများစွာ ကြာချင်ကြာပါစေ၊ တစ်ပါးပြီ တစ်ပါး လေ့လာလို့သဘောကျတဲ့ ဂုဏ်တော်တွေကို ထပ်ကာထပ်ကာအာရုံပြုပြီးတော့မှ ရှိခိုးတဲ့အခါ အာရုံယူ၊ အဲဒါ ဒုဒ္ဓါနုဿတိကမ္မဋ္ဌာန်း ဆိုတာ စဲတာ၊ ဩကာသ ဩကာသထပ် ထုပ်မနေနဲ့။

သီဃဒုဂ်ရည် တရားတော်

သံဃာရှိလို့ သီရ အရိယာသံဃာ တော်များက စပြီးတော့ ပုထုဇဉ် သံဃာတော်များ ကြည်ညိုစရာကောင်းပုံ ဖြစ်နေပြောရဦးမယ်၊ ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်စံတော်မူပြီး တယ်ဆိုရင် ဘုရားအကြောင်းကို သိဖို့ရန် သံဃာတော်များရှိလို့ သီရကယ်၊ သံဃာတော်များသာ မရှိရင် ဘုရားအကြောင်းကို မသိနိုင်ဘူး၊ ယခု ဒကာ-ဒကာမများ ဘုရားအကြောင်းသိရတာက ယခု သာသနာ့ဝန်ကို ဆောင်နေတဲ့ သံဃာတော်များ ရှိနေလို့ ဘုရားအကြောင်း သိရတာ၊ တစ်ခါ ဗုဒ္ဓမြတ်စွာရဲ့ တရားတော်မြတ်ကို အကိုက်အလျောက် ရှာနှံးတဲ့ပြုများ သာသနာ့ဒကာ ဒကာမများ သိကြရတာဟာ သံဃာတော်များကြောင့် သိရတာ၊ ပုထုဇဉ်သံဃာများရော, အရိယာသံဃာတော်များရော သံဃာတွေ သံဃာတော်များက အဆက်ဆက် တရားတော်တွေကို ဆောင်ရွက်လာခဲ့လို့, စာချုတဲ့ ဆရာတော်များက စာချလို့, စာသင်တဲ့ကိုယ်ခန်းများက စာသင်လို့, နောက် မိ ကြီးတဲ့အခါ စာချလို့၊ အဲဒီလိုဆောင်ရွက်လာလို့ တရားတော်လဲ မကွယ်ဘူး၊ ဘုရားလဲ ပရိနိဗ္ဗာန်သာ စံသွားတယ်၊ ဘုရားအကြောင်းအရာတွေ အပြည့်အစုံ အများစုက ကြားရတယ်၊ ဗုဒ္ဓဘာသာ အများစုက ကြားရ, သိရတယ်။

ဒီပသနာဌ ပြီးတော့မှ "အားလုံး အနိစ္စ, ဒုက္ခ, အနတ္တ" လို့ ပြီပသနာဌာ၊ တစ်မိနစ်လောက်ပါ့, တစ်မိနစ်လောက်ပါ၊ အချိန်အကြာကြီး မဟုတ်ပါဘူး၊ အဲဒီလို နေပါ၊ ပေါ်ပေါ်သီလလုံတယ်၊ ဘုရား, တရား, သံဃာ, ဂုဏ်တော်တွေကို သိတယ်၊ အနိစ္စ, ဒုက္ခ, အနတ္တလို့ ရှုတယ်၊ ဒီလိုဆိုလျှင် အပါယ်မကျဘူး၊ သေသေချာချာ သိလို့ ရှိလျှင် ရဲရဲတင်းတင်းသာနေ အပါယ်မကျဘူး၊ ဒါကြောင့် အပါယမကျအောင် ပါရမီ ဖြစ်အောင် ကုသိုလ်တရားတွေကို ကြိုးစားနိုင်ကြစေကုန်သတည်း။

သာဓု....သာဓု....သာဓု။

အမှာ။ "ဤ ဆွမ်းအနုမောဒနာ တရားတော်ကို (မပျံလွန်မီ ၁-လ, ၄-ရက်အကြာ) ခုဂုဇ-ခုနစ်, တန်ဆောင်မုန်း လဆန်း(၁၃)ရက်၊ ၁၉၇၇-ခုနှစ်, နိုဝင်ဘာလ(၂၃) ရက်, ဗုဒ္ဓဟူးနေ့တွင် ဖဟာတော်မူပါသည်။

ဆွမ်းအနုမောဒနာ တရားတော် ပြီးပြီ။

အရှင်မဟာကဿပ အဲဒီတော့ သံဃာတော်များက သိင်ကျေးငှက်ကြောင့်ကြ များနေတယ်၊ နောက်ပိုင်းမှာ ဒီလိုဘဲ ကျွမ်းစာများကလဲ ဆိုကြတယ်၊ "နောက်ပိုင်းမှာ သံဃာတော်များ သိပ် ငယ်ငှေးငှေးများတယ်" လို့၊ ကြည့်လေ ဘုရား ပရိနိဗ္ဗာန်စံတော်မူတယ်ဆိုရင် အရှင်ဟောကဿပက ကြောင့်ကြစိုက်တော်မူပြီ၊ အရှင်သာရိပုတ္တရာ၊ အမျိုးမြတ်လား၊ တို့ဟာ ပရိနိဗ္ဗာန်စံတော်မူကြပြီ၊ အဲဒီဟာ့ အရှင်မဟာကဿပက ကြောင့်ကြစိုက်တော်မူရတယ်၊ ဟုမြင်စွာရဲ့ ဝိနည်းဟာရားတော်ဘဲဆိုအုံးတော့ ဟိုမြို့မှာ ပညာတော်မူ၊ အရှင်အာနန္ဒာတို့လိုက မှတ်ထား၊ ဆောင်ထား၊ ဒီမြို့မှာ ပညာတော်မူ၊ ဆောင်ထား၊ မှတ်ထားတယ်၊ ယခုတွေ့ရသလို စီကာ၊ ဥဉ်ကာ မှုတ်ဘူး အဲဒီအစဉ်ကအမျှ မျိုးမကုံ တဲ့ပုန်းတွေလို ဘိုတော်ပွန့်၊ ဒီဘုန်းပွင့် လို့ဖြစ်နေတယ်၊ ဒံလို့ကြဲနေတယ်၊ ဒီတော့ သံဃာနာဆိုတာကိုက "သံ-သဘောတူရာ စုပေါင်းရှိ၊ ဂါဃနာ-ရဟန်းတော်ကြီးများ ပထ တင်တုန်းက ရဟန္တာကြီးများ ရွတ်ဆိုကြတာကို သံ၊ ဃနာ" လို့ ခေါ်တယ်။

ငါရာဒရှု ချယ် ဒီတော့ အရှင်မဟာကဿပက တရားတော်တွေ ပိုမြို့မှာ ဟောတော်မူ၊ နီမြို့မှာ ဟောတော်မူ၊ တရားတော်တွေကလဲ သဘောတူရာ ပေါင်စုမထားလို့ ရှိလျှင် မကုံးတဲ့ ပန်းလို လင်ကုန်တေ မှာဘဲ၊ တရားတော်သွေးကို

၁။ ဆန္ဒာဂတိဂမနဝသေန၊ ဒေါသဂတိဂမနဝသေန၊ ဘယဂတိဂမနဝသေန၊ မောဂတိဂမနဝသေန၊ ဥဒ္ဓ။

သဘောတူရာ စုပေါင်းပြီးတော့ တစ်သန်စီ၊ ကစ်သန်စီ၊ နိကာယဆိုတာ အပေါင်း၊ တစ်ပေ ငံ့စီ တစ်ခုစီ ငံ့လိုထားဖို့ရန် လိုနေပြီ၊ ဝယ်-အမြေဘဲအမြင် ကြီးတော်မူပါပေတယ်၊ ရဟန္တာကြီးလဲ ရဟန္တာကြီး ပေကုံး၊ အာမြတ်အမြတ် အင်မတန် ကြီ ကောင်မူတယ်၊ ဒုနဲ့ ပရိနိဗ္ဗာန်းတော် ၅၀၀ (ငါးရာ) ခန့်းတယ်၊ ဒီမြတ်စွာဘုရား ဝတ္ထုတော်များကို သဘောတူရာစုပေါင်းပြီးတော့ ရွတ်ဖတ်ဖို့ရန်၊ သံဂါယနာတင်ကြဖို့ရန် ရဟန်းတော် (၅၀၀) ရွေးရတယ်၊ ရဟန်းတော် ၅၀၀ မှ ကောင်ပေါ့ဆိုတဲ့ ရဟန်းတော်ထဲက အတော်ဆုံးတွေကို ရွေးလိုက်တာ ရဟန္တာကြီးတွေရဲ့ ဖြစ်တယ်၊ အရှင်အာနန္ဒာမှ စ၍ ၊ နောက်တော့ အရှင်အာနန္ဒာလဲ ဆံဂါယနာမတင်ခင် ရဟန္တာဖြစ်တယ်၊ အတိုက်ဆဲတော့ ရတယ်၊ ပဋိသမ္ဘိဒါတွေ ရတယ် ထိုးထိပ်ကြတော့ ဟိုဘုန်းကြီးတို့ရဲ့ မြစ်မျှားခံဆိုတာလို အရှင်းခံရှစ်တဲ့ သာသနာတော်ကြီးက သိပ်ပြီးတော့ အားရာရာကောင်းတယ်။

ခုခေတ်လို မဟုတ် ဒါနဲ့ ဂဂါဃနာတင်တဲ့နေရာကို ရွေးခဲ့ကြတော့ အများစု ငံ့ပြီးတော့ ဟိုတစ်မျိုး၊ ဒီတစ်မျိုး ပြောကြမှာမြင်လို့ "အများစုမနေရတူး" လို့ ပညာတော်ပြီးကော့ သံဃာငါးရာ ဝါကင်းဖို့ရန် ခန့်ပြည့်စုံမယ်၊ ကျောင်းလဲ ပြည့်စုံမယ်လို့ ဆိုလောက်တဲ့ ဇာတ်ကြိုတ်မှာ ဝါကင်းဖို့ရန် နေရာရွေးတော်မူကြတယ်၊ ယခုခေတ်လို ဆင်းကာကာကေ ပေါနေသာ မဟုတ်ဘူး၊ ယခုခေတ်လို ကျောင်းတွေ ပေါနေသာမဟုတ်ဘူး၊ သံဃာနာတင်မယ်လို့ ဝါဆိုခါနီး ပြည့်ပြည့်စုံစုံ သံဃာငါးရာစွေကိုသာတဲ့

အခါမှာ တချို့ ကျောင်းကလေးကြောက မိုးယိုကယ်၊ အခုခေတ် သက်သာယ်မို့ မျိုးလို့ မှာပေါ့၊ ဝါးကပ်မိုးလောက်ဆောင် ခိုင်ခိုင် ချင်မှ ခိုင်မှာ၊ ဘာပြလို့တုန်း၊ သံဃာယနာတင်ခါနီး မဏ္ဍောက်ခင် "ဘုရား ပရိနိဗ္ဗာန်စံတော်မူသည်" လို့ ဆိုတော့ ဘုရားပရိနိဗ္ဗာန် စံတော်မူတဲ့နေရာမှာ အာနုန်လုံး ကြွလာကြတယ်၊ ကျောင်းတွေ ပစ်ထားခဲ့ကြတယ်၊ အဲဒီလို ပစ်ထားလို့ကတော် ဘယ်လောက် ကြာတုန် ဆိုးတော့ ၂၀၀ လောက်ကြာတယ်၊ ဘုရား ပရိနိဗ္ဗာန်စံတော်မူ တာက ကဆုန်လပြည့်၊ သံဃာယနာတင်ဖို့ ဆောက်လာကြတာက ဝါဆို ပဉ္စမီအကွင်း အဲဒီ ၂၀၀ လလေးမှာ ကျောင်းကလေးတွေ မို့ ယိုတဲ့အကျောင်းက ယိုတယ်၊ ပေါက်ပေါက် ကျားကျားဖြစ်တဲ့ ကျောင်းက ပေါက်ပေါက်ကျားကျား ဖြစ်တယ်။

မှတ်ဇမံးယူကား "ကြမ်းတေ့ သာတွေ ဖရိုဖရဲဖြစ်တဲ့ကျောင်းက ဖြစ်တယ်" လို့ ဆိုတော့ကာ ဝေဠုဝန်ကျောင်း ကြီးကိုလို ကျောင်းကြီးတွေကသာ ခိုးခန့်သာ၊ ဆာဇင်္ဂိတ်မှာ ဒီ ပြင် ဒီ ပြင်ကျောင်းတွေက ယခုလို မြင်ရတဲ့ကျောင်းကြီးမျိုးလို ခိုင်ခိုင်မာမာ မဟုတ်ပုံပေးတာ၊ ဒီတင် ဘုန်းကြီးတို့က ကျောင်းကြီး ကန်ကြီးက သာသနာကို မဆောင်နိုင်ဘူး၊ ပုဂ္ဂိုလ်သာ သာသနာ့ တာဝန် သာသနာကို အရှုပ်တည်အောင် ဆောင်နိုင်တယ်ဆိုတဲ့ မှတ်ဇမံးကို ယူထားကြပါ၊ အလှူခံကာ ဒကာမတွေကလဲ ဒီလို အခြေအနေ နားမလည်တော့ ပုဂ္ဂိုလ်ကို အားပေးရမှာထက် ကျောင်းကောင်းကောင်း ဆောက်ပေးကြတာယ်၊ ဒါ သာသနာ မတည်နိုင်ဘူး။

အစ်လကျောင်းပြင်　ဒီတော့ အခွင့်မြတ်မျှားယော ပထမ တစ်လ ပတ်လုံး ကျောင်းတွေ ပြင်ရပါတယ်၊ နည်းသလား၊ တစ်လလုံးလုံး ပြင်ယူရတဲ့ကျောင်းတွေ၊ ဒီ သံဃာငါးဟူ ကြီးကြီးကျယ်ကျယ် ရဟန္တာကြီးတွေဆိုလို့ လွတ်လွတ်လပ်လပ် ကြီး နေကြတာ မဟုတ်ဘူး၊ အဇာတသတ်မင်းဆီမှာ လက်သမား များကို အလှူခံပြီးတော့ အဲဒီလက်သမားတွေနဲ့ ရောပြီး ရဟန္တာ များ ကိုယ်တော်တိုင် ကျောင်းပြင်ရတယ်၊ ဘုန်းကြီးတို့က ဟိတ်ကြီးဟန်ကြီး နဲ့ ဒီလိုလုပ်နေဖို့ရန် သင့်ကိုမသင့်ဘူး၊ မိမိတို့ လဲဘဲ မိမိတို့အလိုက် ကျောင်းတွေကလဲ ပြည့်ပြည့်စုံစုံနဲ့ ပြုပြင်ရ မယ်, ထိန်းသိမ်းရမယ်, စောင့်ရှောက်ရမယ်။

သံဃာယနာတင်　အဲဒီတစ် တစ်လလုံးလုံး ကျောင်းပြင်လို့ ပြီးတော့မှ ဝါခေါင်လ ဆိုပါတော့၊ အဲဒီ ဝါခေါင်လပြည့်ကျော် (၁) ရက်ကစပြီးတော့ သံဃာယနာတင်ကြ ရတယ်၊ သံဃာယနာတင်ဖို့ရန် နေရာတို့ အာတို့ ဝေဘာရ ကောင် ကမ္ဘာရန် စရည်မင်ရှိတဲ့လိုက်အန်းမှာ စမွာရုံကြီး အဇာတသတ် မင်းက ဆောက်လုပ်ပေးခဲ့လို့ အဲဒီ မွေးရုံကြီးထဲမှာ အတော် တော့ ခန့်ခန့်ညားညား ရှိပါတယ်၊ အဲဒီအထဲမှာ ရဟန္တာငါးထူ စုပေါင်းပြီးတော့ မရွတ်နိုင်သေးဘူး၊ ဆိုပါတော့ ဝိနည်းဆိုလို့ ရှိလျှင်တဲ့ ပထမပါရာဇိကာ ဒီအကြောင်းကို မေးရဖြေရတယ်၊ တစ်ခါ ဒုတိယပါရာဇိက ဟိုတုန်းက ဟိုဟော, ဒီဟော, ဟောပေ မယ့် ဟိုပညတ်တော်မူ ဒီပညတ်တော်မူနဲ့ ပြောနေပေမယ်လို့ ဒီနေရာမှာ ဒုတိယပါရာဇိကကို ပထမပါရာဇိကနဲ့ တွဲပြီးတော့ ယူဉ်ပေးရတယ်, မေါင်းပေးရသယ်။

ဝိနည်းဂါးကျမ်း အဲသလိုပေါ့ ဝိနည်းဂါးကျမ်း သူ့အပိုင်းနဲ့ သူ့အပိုင်းနဲ့ အဆင်ပြေအောင် ပေါင်းပြီး တော့မှ ရဟန်းတော်များ ရွတ်တောက်မှုကြတယ်၊ ကြည်ညိုစရာ ကောင်းလိုက်တာ၊ ရဟန္တာကြီးတွေ ဝိနည်းဂါးကျမ်းကို အကုန်လုံး ရပြီးသားတွေ၊ အကုန်လုံး ရပြီးသားတွေက စီကာစဉ်ကာ မဟုတ်သေးဘူး၊ ယခုတော့ စီကာစဉ်ကာ ပါဠိတော်အခန်းနဲ့၊ သံဃာဒိသေသ် အခန်းနဲ့၊ နိဿဂ်ပါစိတ်အခန်းနဲ့၊ ဒီလို စီကာစဉ်ကာ ကယ်ကြည်ညိုစရာ ကောင်းတယ်၊ အလုပ်လုပ်နေပုံကို၊ အလုပ်လုပ်နေပုံကို နားလည်ကြပါ၊ ရဟန္တာ အရှင်မြတ်ကြီးတွေ။

အရှင်ဥပါလိ အပ် ဓနောက်တစ်ခါ ဝိနည်းဂါးကျမ်း ရွတ်ပြီးတော့ အရှင်ဥပါလိကို အပ်တယ်၊ "အရှင်ဥပါလိအရှင်တုရဲ့ သာဝကများကို ဝိနည်းဂါးကျမ်း ပို့ချပေးပါ" အဲဒီဟာဘဲ အရေးကြီးတယ်၊ ပို ချမပေးလို့ သံဂါယနာတင်ရှာင်လျှင် ပြတ်သွားမှာ၊ ယခု အရှင်ဥပါလိက ဝိနည်းဂါးကျမ်း ဆက်လာခဲ့ရတယ်၊ အရှင်ဥပါလိရဲ့ သာဝကအဆက်ဆက်တွေက ဆောင်လာခဲ့ရတယ်၊ စာပေရေးသားပြီးသား မျှသေးဘူး၊ နှုတ်ဆောင်ပြီးတော့ လာရှုကြရတယ်။

ဒီဃနိကာယ် ဓနောက်တစ်ခါ ဘုန်းကြီးတို့ သီလကွန် အစရှိတဲ့ ဒီဃနိကာယ်ကို သံဂါယနာတင်ကြရတယ်၊ အရှင်မဟာကဿပက မေးလို့ အရှင် အာနန္ဒာက ဖြေလို့ သုတ်တွေ တစ်သုတ်ပြီးတစ်သုတ်၊ သုတ္တန်တွေ စီကာစဉ်ကာ သံဂါယနာတင်

ပြီးတဲ့နောက် ဒီဃနိကာယ်ကို ရွတ်ကြရတယ်၊ စုပေါင်းပြီးတော့ ရွတ်ကြရတယ်၊ နဂိုရပြီးသားသုတ်ခတွေကို ယခုတော့ စီကာစဉ်ကာထားပြီးပြီ၊ အဲဒီမှ စုပေါင်းပြီးတော့ ရွတ်ကြရတယ်၊ ဒါသံဂါယနာ ရွတ်ကြရတယ်၊ ရွတ်ပြီးတော့ကို "အရှင်အာနန္ဒာက ဒီဃနိကာယ် ပါဠိတော်ကြီးကို မိမိရဲ့ တပည့်အဆက်ဆက် ပို့ချပေးပါ" လို့ အပ်ရတယ်၊ ဒီတုန်းက မပို့ချလျှင် ပျောက်သွားမယ်။

မဇ္ဈိမနိကာယ် သံဂါယနာတင်ပေမယ်လို့ ဒီတစ်ဆက်ထဲဘဲ ရှိမယ်၊ နောက် အဆက်မရှိဘူး၊ ယခုတော့ အဆက် လုပ်ပေးထားတယ်၊ ဘုန်းကြီးက ကြည်ညိုလွန်းလို့၊ ကြည်ညိုလွန်းလို့၊ ဓနောက်တစ်ခါ သံယုတ္တနိကာယ် သံဂါယနာတင်တယ်၊ အဲဒီ သံယုတ္တနိကာယ် သံဂါယနာတင်ပြီးတော့ အရှင်သာရိပုတ္တရာရဲ့ တပည့်ကြီးတွေက ဒီသံယာဂါးဆုထဲမှာ ပါနေသေးတယ်၊ ဆင်မတန် သတ္တိကောင်းတယ်၊ ဒီဂါးဆုထဲမှာ ပါနိုင်လောက်တဲ့ တပည့်ကြီးတွေ ကျန်နေသေးတယ်၊ အဲဒီ တပည့်များကို "မဇ္ဈိမနိကာယ်ကို အဆက်ဆက် ဆောင်ကြပါလို့" မထေရ်ကြီးတွေ အကြီးကြီး တွေ့မဟုတ်လို့ ဆောင်ပါ့ ပို့ချပါ့ ဆောင်ကြပါ၊ နောက်ကို သံယုတ္တနိကာယ်, အင်္ဂုတ္တရနိကာယ်ကို သံဂါယနာ ထင်ပြီးတော့လဲ အရှင်မဟာကဿပက တပည့်အဆက်ဆက်ကို ပို့ချပါ၊ သံယုတ္တနိကာယ်ကို အရှင်အနုရုဒ္ဓါက, အင်္ဂုတ္တရနိကာယ်ကို တပည့်အဆက်ဆက်ကို ပို့ချပေးပါလို့ အပ်တယ်၊ ကြည်ညိုစရာ ကောင်းလွန်းလို့။

စာချုပ်တွေတာဝန်ကျေ ဒီဘုန်းကြီးတို့ စာသင်တိုက်တွေနဲ့ စာချုပ်
ဘုရားကြီးတွေ စီသာသနာမှာ အရင် ခံ
တွေ့ရှုးကျေလုနီးလို့၊ ဒီလိုသာ ပို့ချမည့်ပုဂ္ဂိုလ် မရှိလို ရှိလျှင်
ကြာပါပြီ၊ ဒီပထမသံဂါယနာ တင်ပြီးတဲ့နောက် သိပ် အဆက်
မမျှားပါဘူး ကွယ်မှာပါ။ ယခုတော့ အဆက်ဆက် ပို့ချသာခဲ့
ကြတယ်၊ ဥပမာ- ဝိနည်းပို့ချလာလိုက်တာ ယခုအထိ၊ အရှင်
ဥပါလိက ဆက်ပြီးတော့ ဇာပည့်အဆက်ဆက် ဆရာလုပ်ပြီးတော့
ပို့ချလာခဲ့ကြတယ် ဘုန်းကြီးတို့ စာသင်တိုက်တွေ စာချုပ်ကြီး
တွေ ဘယ်လောက် တာဝန်ကျေတုန်း၊ ဒီ စာသင်တိုက်တွေ စာချု
ဘုန်းကြီးတွေသာ မရှိလို့ ရှိလျှင် ဓရာရုးချည့် ဟောနေတဲ့ ပုဂ္ဂိုလ်
များအတွက် ဒီတရားတော် အဆက်ဓရနိုင်ဘူး၊ ခုခေတ် စာချုပ်
ချောင်လယ်လယ် ပေါ့ပေါ့ဆဆ နေကြတဲ့ ပုဂ္ဂိုလ်တွေ အတွက်
သူတို့မှာ တပည့်သာဝက အဆက်ဆက် မရဘူး၊ ဒီလို တရားတော်
တွေကို ဆောင်နိုင်မယ့် သာဝကအဆက်ဆက် မရဘူး၊ သူတို့ပြီးလျှင်
ကစ်ဆက်နှစ်ဆက် အလွန်ဆုံးဘဲ ပျောက်မှာဘဲ။

ဆရာဇာပည့်ကြိုးစား ယခုတော့ စာအုပ်တွေကလဲရှိ၊ ပို့ချယ့်
ပုဂ္ဂိုလ်တွေကလဲ ရှိတော့ သိပ်ပြီးတော့
အားတက်ဓရာ ကောင်းတယ်၊ အဲဒီဟာကြောင့်လဲ ဘုန်းကြီးတို့က
ခုခေတ် စာသင်တိုက်ကြီးတွေ လုပ်နေပေမယ့် များစွာသော
လူတွေက အဘောမပေါက်ကြလို့ အကျိုး ဘယ်လောက် ရှိဘယ်
ဆိုဘာကို မသိကြလို့ အရေးယူပေမယ်လို့ ဘုန်းကြီးတို့ ဆရာ
ဇာပည့်တွေ ဖြစ်နိုင်တဲ့နည်းနဲ့ ကြိုးစားပြီးခဲတော့ လာခဲ့ကြတယ်၊

ဘုန်းကြီးရှေက ဘုန်းကြီးရဲ့ ဆရာများလဲ ဒီလိုဘဲ ကြိုးစားလာ
တော်မူခဲ့ကြတယ်၊ ဒီလုဘဲ ကြိုးစားလေ့မူကြလို့ အားယူရာ
ဆရာတော်တို့ မြောင်းမြဆရာကောင်တို့ တပည့်တို့နဲ့ စာချုပြီး
တော့ ဝိနည်းသိဂ္ဂါကို ကောင်းစွာ ထိန်းသိမ်းပြီး ကျွန်းစဉ်တွေ
ကို ထိန်းသိမ်းလာ ခဲ့ကြတယ်။

ပခုက္ကူဆရာတော်များ ပခုက္ကူကဆရာတော်ကြီးတွေ ဘုန်းကြီး
စဆိုလာတဲ့ ပထမ ဆရာတော်ကြီးရဲ့
တပည့်ရင်းဖြစ်တဲ့ ဒုတိယဆရာတော်ကြီး ဥပါဠိထဲ ဘုန်းကြီး
စဆိုလာခဲ့တယ် ဘုန်းကြီးနေတဲ့ အချိန်တုန်းက သံဃာ ပထမ
ပါးရာ နောက်ကို ခြောက်ပါးဖြစ်လာတယ် ဒီနောက်ကို ခုနစ်ရာ
ရှစ်ရာ ကိုးရာ ဒီလိုဖြစ်သွားတယ်၊ ဒီဆရာတော်ကြီးတွေ လက်
ထက်မှာ အဲဒီလိုဆောင်လာ ခဲ့ကြတယ် ဆောင်လာ ခဲ့တဲ့ဆရာတော်
တွေမှာ ခမ်းခမ်းနားနားကြီး စားလို့၊ သောက်လို့၊ နေလို့၊
ထိုင်လို့လား မဟုတ်ပဘူး၊ မွန်မွန်ကလေး စားလို့၊ နေလို့၊
ထိုင်လို့၊ သောက်လို့ ဒီလိုနေပြီးတော့ ဆောင်လာ ခဲ့ကြတယ်၊
ဘယ်လောက် သာသနာမှာ တာဝန်ကျေလာကြသလဲ။

ဒွေအလှူခံ ဒီတော့ ပထမသံဂါယနာ တင်ပြီးတဲ့နောက်
သာသနာက အနောင့်အယှက်ရှိမြဲဘဲ၊ ရှိလာတာ
ချည်းဘဲ ဒုတိယအချိန်ရောက်တော့ အနှစ်ဝန်စ်ရာလောက် အချိန်
ရောက်တော့ သံဃာတွေထဲက နည်းနည်းကလေး အမြင် မတော်
စရာလေးတွေ ပေါ်လာတယ်၊ အမြင်မတော်စရာက တခြားမဟုတ်
ဘူး၊ ဝေသာလီပြည် ဝဇ္ဇီတိုင်းမှာ၊ ဝေသာလီမြို့မှာ ဆိုပါတော့

အဲဒီက ရဟန်းတွေ ဥပုသ်နေ့တို့လိုကျရင် သံဃာ့အနီးအ ကပ်မှာ ရွှေခွက်ကြီးထားလို့ ရွှေခွက်ကြီးလား၊ဘာလားပေါ့၊ ရွှေခွက်ကြီး ထားလို့၊ "ကဲ.... ကဲ.... ဒကာ-ဒကာမများ... ဥပုသ်သ ဒီနေ့ ထည့်ကြ၊ ထည့်ကြ တတ်နိုင်သလောက်ပေါ့ တစ်ကျပ်တတ်နိုင် တစ်ကျပ်၊ ငါးမူးတတ်နိုင် ငါးမူး၊ တစ်မတ်၊ တစ်မူး၊ တစ်ပဲ၊ ၂-ပြား တတ်နိုင်သမျှ ထည့်ကြ၊ ထည့်ကြ၊ ဒီဟာနဲ့ဘဲ သက်နှံး စယ်ရမယ်၊ ဒါနဲ့ ကဲ ဆွမ်းတို့၊ ဘာတို့ ကပ်ရမယ်" ဒီလိုမြေပြီး ငွေကလူခံနေတဲ့ဈေးမှာ အရှင်မြတ်တစ်ပါး ရောက်လာတယ်။

အရှင်ယသ အရှင်ယသဆိုတဲ့ အရှင်မြတ်(ရဟန္တာ)က "အား— ဒက တို့ မလှကြနဲ့၊ မလူကောင်းဘူး၊ ငွေကို အလူ ခံတဲ့ပုဂ္ဂိုလ်မှာလဲ အပြစ်ရှိကယ်၊ လူတဲ့ ဒကာတွေမှာလဲဘဲ အပြစ် မကင်းဘူး၊ မလူကြနဲ့" လို့ ပြောပေမယ့်လို့ လူရှိ လူစဉ် ဖြစ်နေ တော့ လူကြတာဘဲ၊ လူပြီးတော့ ညနေကျတော့ ရသမျှ ဝေကြ တယ်ကိုး၊ ဝေတော့ကာ သာသနာ့ကိစ္စဖြစ်နေတော့ အရှင်ယသကိုလဲ ပေးပေးတယ်၊ "အဲ ... ကိုယ်တော့်အတွက်လဲဘဲ ငွေဘယ်လောက် ရတယ်"၊ "အား- ထင်တာတော်အတွက် ငွေမရှိဘူး" လို့ ပြော တော့ ဒီအရှင်ယသဟာ လူတွေကို သဒ္ဓါတရားပျက်အောင် လုပ် တယ်၊ ဒီအရှင်ယသကို လူးတွေ ပြန်ပြီးတော့ ရှင်းလင်းအောင် သူ့ကံပြုကြစို့ရဲ့" လို့ဆိုပြီးတော့ သူ့ကို ကံပြုကြတယ်။

ဒကာတွေရှင်းပြ ဒါနဲ့ အရှင်ယသက ဒီလိုကံပြုလို့ရှိရင်တော့ ဒကာတွေဆီ သွားပြီး ရှင်းရမှာကိုး၊ "ဝိမိ ပြောတဲ့ဥစ္စာကို အယ်လို့ဟယ်လို့ ပြောမိပါ့မယ်၊ မှားပါ့မယ်"

ဆိုတာကို ရှင်းရမှာ၊ အဲဒီတော့ နောက်လို့ တစ်ပါးပေးပါအုံး၊ ထုစကယ် ပေးရတယ်၊ ဒါနဲ့ သူတို့အထဲက နောက်လိုက်တစ်ပါး ပေးလိုက်တယ်၊ ခေါ်သွားတယ်၊ ဟိုကျတော့ တော်တော်ခေါင်း ဆောင်နိုင်တဲ့ ဒကာတွေဆီကို သူတို့ ဘုန်းကြီးက "ငွေကို မဖယ် ပါဘူး၊ မလူကောင်းပါဘူး၊ ငွေကို မသုံးကောင်းပါဘူး" လို့ ပြောတဲ့ဥစ္စာကို အသင်ဒကာတို့ရဲ့ သဒ္ဓါတရားကို ဖျက်သတဲ့၊ ဘုန်းကြီးက ဘုန်းကြီးပြောပြမယ်ဆိုပြီးတော့ "ငွေဟာ ဝိနည်း နဲ့လဲဘဲ အာပတ်သင့်တယ်၊ အလူခံရဇီဘဲ အာပတ်သင့်တယ်၊ အလူခံပြီးတော့ လူတာကို ခံယူပြီး ဝယ်ခြမဲးစားလျှင် အဲဒီပစ္စည်းတွေလဲ စားတိုင်းစားတိုင်း အာပတ်သင့်တယ်၊ ကျောင်း ဆောက်ရင်လဲ အဲဒီကျောင်းကြီးလဲ နေကိုင်း နေတိုင်း အာပတ် သင့်တယ်၊ အဲဒါကို ဝိနည်းနဲ့ မအပ်လို့မို့ မအပ်ပါဘူး" လို့ ပြောတယ်။

အရောင်မထွက် တစ်ခါ သတ္တန်နဲ့လဲဘဲ ဗုဒ္ဓမြတ်စွာက "ငွေဟာ ဟိုနေမှာ ဆီးနှင်းတွေပိတ်နေသလို ရဟန်းတော်တို့ မျက်မှာ ငွေလူလိုက်ရင်၊ ငွေရှိလို့ ရှိရင် ငွေဆိုးနှင်းတွေ ပိတ်နေ တာဘဲ၊ အရောင်မရှိဘူး၊ အခု ဘုန်းကြီးတွေ တန်ခိုးမရှိတာ ဒီဟာ ဘဲ၊ ငွေရှိနေကြလို့ တန်ခိုးမရှိတာ၊ အရောင်ရှိဘူး၊ ဆိုးနှင်းကျ နေလို့ ရှိရင် နေမှာ အရောင်မထွက်သလိုဘဲ ငွေတည်းဟူသော ဆိုးနှင်းဖုံးထားလို့မို့ ကိုယ်တော်တွေ အရောင် မထွက်ဘူး၊ သာသနာအရောင် မထွက်ဘူး၊ ဟုတ်တယ်၊ မကြည်ညိုဘူး၊ ကြည်ညိုလဲဘဲ လူလို ဆက်ဆံနေကြတာ၊ တကယ့် လေးလေးစားစား ခု မကြည်ညိုဘူး၊ အရောင်မထွက်ဘူး။

ရဟန္တာကြီးတွေစု ခုနှစ်များ ဘုန်းကြီ တို့ တစ်တွေသာ စုံလျှင်
တော့ အရိုက်ခံရတော့မှာဘဲ၊ နားလည်လား၊
ဘယ်ကောင်းကင်မှလဲ ဒီက မပျံနိုင်၊ မြေများရှိုးမယ်ဆိုလဲ မြေမျှို
လျှင်တော့ တော်သွားဦးမယ်၊ ဘယ်မှ ကောင်းကင်ကမပျံနိုင်ဘူး၊
ကောင်းလိုက်တာ ကြည်ညိုလိုက်တာ ဘုန်းကြီ က အရှင်မဟာယသ
ကို၊ အဲဒီလို မဖြစ်ဘူး ဒီအကြောင်းအမူတွေကို သာသနာရှာ
ဆန်ရှင်းအောင် လုပ်ဦးမှတဲ့လို့ ဆိုပြီးတော့လေ ငွေအလှူခံတော
အကြောင်းပြုပြီးတော့ အရှင်ယသက ရဟန္တာကြီးတွေ၊ တကတဲ
သိုင်းပြီးတော့ တန်ခိုးကြီးတဲ့ သိက္ခာကြီးမားတဲ့ စာတတ်ပေတတ်
စိန်ဦးကျမ်းတဲ့ ဆရာတော်ကြီးတွေ ရဟန္တာကြီးတွေက ရှိသေး
တယ်ကိုး၊ အဲဒါစုရတယ်၊ တစ်စုတစ်ဝေးကြီးတော့ မမျှားလုဘူး၊
စုရတယ်၊ စုတော့ အရှင်ရေဝတတို့ အရှင်သဘျာတို့ သက်တော်
ကလဲ ကြီးပြီ၊ ပြီးတော့ အရှင်အာနန္ဒာရဲ့ တပည့်လို့ ဆိုတော့
ဘုရာလက်ထက်နဲ့ နည်းနည်း နီးစပ်တယ်၊ ဘုရား မိုလိုက်တယ်၊
အရှင်အာနန္ဒာရဲ့ တပည့်ကြီ တွေ အသက်ကလဲ ကြီးကြတယ်ကိုး၊
သမ္မကာမိဆိုတဲ့ မထေရ်ကြီးကတော့ သိက္ခာတော်ကိုတဲ့ ၁၂၀ ရှိပြီ
တဲ့၊ အဲမယ်လေး သက်တော်ဆာဖြင့် (၁၄၀) လောက် ရှိမှာပေါ့၊
အဲဒီမထေရ်ကြီးတွေ စုပြီးတော့ ဒီအကြောင်း ရှောက်တယ်ကိုး။

ဒုတိယသံဂါယနာ ရှောက်တော့ "ဟာ ဒီလိုနေလို့ ဘယ်
ဖြစ်မှာလဲ၊ သံဂါယနာပြုန်ပြီတော့ တင်ရ
ဦ မယ်၊ အဲဒီ ဝေသာလီဘဲ အဓိကရဏ်းဖြစ်တဲ့နေရာမှာဘဲ ဒီအဓိ
ကရဏ်းကို သွားပြီးတော့ ငြိမ်းစေရမယ်" ဆိုပြီးတော့ အဲဒီမှာဘဲ

ငွေသားအပ်ရင် အရောင်မထွက်ရုံကော ဖောက်ဘူး၊ ငွေသာ ရလို့
ခံထားလို့ ရှိရင် ငွေနဲ့ ဝယ်ပြီးတော့ ဘာမဆို
လုပ်ဖို့ ရသယ် ရွှေပါရုံကဲ့ ရွှာလို့ ရတယ်၊ ငွေနဲ့ ဝယ်လို့ ရတယ်၊
သဒ္ဒါ ရုံအသံကောင်းတွေ ဝယ်လို့ ရတယ်၊ ဂန္ဓာရုံ ဖောဋ္ဌဗ္ဗာရုံ၊
နောက်ဆုံး မိန်းမအောင့် ဝယ်လို့ ရတယ် ငွေရှိလို့ ရှိရင်၊ အဲဒီတော့
ငွေ ဓမ်လို့ ရှိရင်ဟော့ ကာမဂုဏ် ငါးပါးဟဲ့ အပ်တာပေါ့၊
ဘုရားက သုဉ္ဉန်နည်နဲ့ ကျတော့, သိပ်ပြီးတော့ လေးနက်လာ
တယ်၊ အဲဒီလို ဟောတော်မူတယ်ကိုး။

ဒကာတွေနားလည် ဒါကြောင့်မို့ "ငွေ မအပ်ပါဘူး" လို့
ဘုန်းကြီးက ပြောသာကို "အသင်တို့ သဒ္ဒါ
တရားရုက်အောင် ပြောသာတဲ့" လို့ ဆိုတော့မှ ဒကာတွေ နား
လည်ပြီးဖော့ "ဟာ ဒီလိုဆိုရင်ကော ဘုန်းကြီးက အရှင်ယသ
တစ်ပါး ရှိပါတော့လား၊ ဒီ ပြင် ကိုယ်တော်တော့ ဘုန်းကြီးမဟုတ်
တော့ ပ တဲလား" လို့ သူတို့က လွှန်သွားတာဘဲ၊ ဒါနဲ့ နောက်
ပြန်သွားတော့ ဘယ်နှယ်ပြောတုန်း "ဒကာတွေ သူက စောင်းပန်
ခဲ့ပြီလား" ဆိုတော့ နောက်က လိုက်သွားတဲ့ကိုယ်တော်က "ဘယ်
ဟုတ်လိမ့်တုန်း၊ ငွေမအပ်ကြောင်း ပြောချလိုက်တာ ဒကာတွေက
"အရှင်ယသတစ်ပါးကဲ့ ဘုန်းကြီးရှိတော့တယ်၊ ကိုယ်တော်တို့
တစ်စု ဘုန်းကြီ မဟုတ်တော့ဘူး" လို့ ပြောတော့ "ဟာ-ဒီလောက်
ယုတ်မာတဲ့သူဟော့ ဒို့နှင့်ထုတ်တဲ့ကံ-ပဗ္ဗာဇနီယကံ ပြုရမယ်ဟ"
လို့ ဆိုပြီးတော့ စုကြပြန်တာကိုး၊ စုဘုန်း "အရှင် မဟာယသက
တစ်ခါထဲ ကောင်းကင်က ကြွသွားရော၊ သဘောကျလိုက်တာ၊
ဆုန်းကြီးက သဘောကျလိုက်တာ။

ယော်လို့ သာသနာကို ခေါင်းဆောင်နိုင်လောက်တဲ့ အရွိန်အဝါ မရှိဘူး။

ဒီဆယ်ပြဿနာ ဒါနဲ့ ပြတ္တဳပြည် ဆက်ကြည့်ကော့ တိသဿပြတ္တာ ဆိုတဲ့ ပြတ္တာ မင်းက အနောက်သန်းစွေလို့ စုံးတခါ နိုးနေပြီ၊ ပြီးတော့ အဟက် ပြတ္တာ့ပြည်ကောက်ဖို့ရန် စျာန်ကလဲ ရပြီး သား ဖြစ်နေတယ်၊ သူကတော့ အကယ်၍ သူ့ပြည်သာ ဆင်းပြီး တော့ လူဖြစ်လို့ ရှိလျှင် ဒီသာသနာဝန်ကို ဆောင်နိုင်မယ်၊ အဲဒါ မြင်တော်မူ လို့ မထေရ်မြတ်တွေ ပြတ္တာ့ပြည်တကဲ့သား ကြတယ်၊ တိသပြတ္တာကြီ ဆီ ရောက်သော့ "ဘာကစ္စ ကြွလာကြပါဟုန်း" ဆိုးတော့ "အကျိုးအကြောင်း မြောတာကိုး၊ ဒုတိယသံဂါယနာ တင်ပြီးတဲ့ အကြောင်း တတိယအချိန်မှာ သေးရန် ပေါ်လာလို့ ရှိလျှင် ခေါင်းဆောင်ပုဂ္ဂိုလ် လူ့လောကထဲမှာ ကြည့်တော့သဲ့ တစ်ယောက်မှ မမြွေးသဘူး, မွေးမယ့်ပုဂ္ဂိုလ်မတွေ့ပါဘူး၊ နှတ် လောက ကြည့်တော့လဲ နှတ်ပြည် ၆/ထပ်မှာ တစ်ယောက်မှ မရှိ ပါဘူး၊ ပြတ္တာ့ပြည်ကိုကြည့်တော့ အရှေ့ပြတ္တာကြီ ကို တွေ့ရပြန် တယ်၊ ဒကြောင့် အရှေ့ပြတ္တာကြီးက အထက် ပြတ္တာ့ပြည်ကို မတက်ပါနဲ့၊ လူ့ပြည်ကိုဆင်း ပြီး ငဒိသန္နေယျပြီးတော့ ဖြစ်မယ့် ဂေးရန်ကို အာကွယ်ပေးပါ, သာသနာ ကို စောင့်ရှောက်ပေးပါ" ဒီလိုဘိုက်တွန်းကြတော့ တိသပြတ္တာမင်းက ဝမ်းသာလိုက်တာ "ငါကလေ သာသနာကို စောင့်ရှောက်ရမယ့် ပုဂ္ဂိုလ်ဆိုပါလား" လို့ ဆိုပြီးတော့ ဝမ်းသာစိုက်တာတဲ့။

သွားပြီး ဆဲဂါယနာတင်ဖို့ခွန် စီမံကြရတယ်၊ ဒီ ဒုတိယသံဂါယနာ သတ္တကာမိမဟေရ်ကြီး ကြွလာတယ်၊ ဆက်တော်(၁၄၀)လောက် ခေါ်ပေ ဘယ်သူက တွဲရတယ် ဘာတယ် မပါဘူး၊ ကြည့်လိုက် တာ မှုန် ပြီးတော့လေ အထက်က မထေရ်ကြီးကို မိုက်တာက်၊ ဘုရားလက်ထက်က မထေရ်ကြီးကို ကောင်းကောင်း မှီလိုက်တယ်၊ အဲဒီလိုပုဂ္ဂိုလ်ကြီးတွေ ခေါင်းဆောင်ပြီးတော့ ဒုတိယသံဂါယနာ တင်ခဲ့ခဲ့ဆယ်။

တုန်းကြီးတို့ရဲ့ သာသနာကို စာနဲ့ စေးနဲ့ ပုဂ္ဂိုလ်တွေ ဆောင် လာခဲ့တယ်၊ စာပေမရှိတဲ့ ပုဂ္ဂိုလ်တွေက ဒီသာသနာကို တာရှည် အောင် မဆောင်နိုင်ဘူး၊ စာပေလေ့လာတဲ့ ပုဂ္ဂိုလ်ဘွေ့ ဆောင် လာကြတယ်။

ခေါင်းဆောင်ရှာကြည့်ခြင်း ဒုတိယသံဂါယနာ တင်ပြီ တဲ့နောက် တတိယအချိန် အကောင်းဆိုတဲ့ ဥစ္စာ မကောင်းဘာ ပါနေတာပါနေတာတဲ့၊ "ဟတိယအချိန်မှာ ဒီလို သေးရန်မျိုး ရှိလျှင် ခေါင်းဆောင်ပြီးတော့ ကာကွယ်မယ့်ပုဂ္ဂိုလ် ရှိပါရဲ့လား" လို့ ဒီလောက တစ်လောကလုံးကို ကြည့်ကယ်၊ တတိယအချိန်ဆိုတော့ နှစ်ပေါင်း ၂၀၀ - ၃၀၀ တို့ပေါ့လေ၊ အနာဂတံသဉာဏ်တော်ကြီးတွေနဲ့ ကြည့်ကြတယ်၊ ဒီလောက်ကြီး တစ်လောကလုံး တစ်ပါးမှ မတွေ့ဘူး၊ နောင် ခေါင်းဆောင်နိုင် မယ့် ပုဂ္ဂိုလ် မမွေးလာသေးဘူး, ဒီလောက်ကြီး တစ်ခုလုံးမှာ နောက်တစ်ခါ နတ်ပြည်ခြောက်ထပ် ကြည့်ပြန်တော့လဲ သူ့ဟာနဲ့ သူ ဝန်ခိုကြီ ပါရဲ့, သိကြားမင်းတွေ့ တန်ခိုကြီးပါရဲ့၊ ဒါဖြစ်

မောဂ္ဂလိပုတ္တတိဿ ဒီတော့ ဒုကိယသံဂါယနာတင် မဂ္ဂင်ရှစ်ပွား ပရိနိဗ္ဗာန်စံပြီးတဲ့နောက် မောဂ္ဂလိပုတ္တတိဿ ဆိုတဲ့ သတို့သားက ရဟန်းမပြုခင် သူတို့ ငေဒကျွန်းစာတွေကို သင်တယ်၊ (၁၆)နှစ်လောက်ရောက်တော့ သိပ်တတ်တယ်၊ ပြဟ္မာ့ပြည်ကလဲ လာတယ်၊ ဆန့်ကျင်းတဲ့သူလဲ ဖြစ်တယ်ဆိုတော့ သူ့နေရာကို ဘယ်သူမှ မထိုင်ရဘူး၊ သူအိပ်တဲ့ နေရာကို တစ်ခါထဲ အထက်မှာ ဆွဲသားတယ်၊ ကြိုးနဲ့ ထောင်ပြီး ကောင့်ထားတယ်၊ ထားကော့ တင်နေတော့ ခုနက စန္ဒဝင်္ဂီမထေရ်က သတို့သား စာသင်သူတုန်းမှာ ဒီပြဿနာထိုင်စရာမရှိအောင် တန်ခိုးနဲ့ ကွယ်ထားပြီးတော့ ဒီတစ်ခုတည်း ထိုင်စရာရှိအောင် လုပ်ထားတယ်၊ အဲဒီအိမ်ကလဲ စောစောက မကြည့်ညှိသေးဘူး၊ နောက်တော့မှ ဒီမထေရ်မြတ်ရဲ့ အနေအထိုင် အချိုးအစားတွေ မြင်တော့မှ ကြည့်ညှိလာတာ တော်တော်ကြာနေပြီ၊ ဒါနဲ့ ကြာလာတော့ ခင်းစရာမရှိလို့ ဒီမောဂ္ဂလိပုတ္တတိဿရဲ့ ခုံတင်ကိုဘဲ ခင်းပေးရတယ်။

ပြဿနာမေး ဟိုက ပြန်လာတော့ သူ့ခုံတင် ရဟန်းထိုင်နေတာ မြင်တော့ သူက မ နကြီး၊ ရှူးရှူးရဲရဲနဲ့ "ငါ့နေရာ အယ်သူခင်းပေးတုန်းဟ၊ ဘာညာနဲ့" ဆိုပြီး ရဟန်းတော်ကိုလဲ တယ်ပြီးတော့ မကျေနပ်ဘူး သူ့နေရာ ထိုင်နေရမယားလို့ "ကိုယ် တော်ကို ပြဿနာမေးမယ်"၊ "မေးပါလား၊ သိရင်တော့ ဖြေရ မှာပေါ့"၊ လိုရင်းတော့ နှိမ်မလို့ပါဘဲ၊ မေးလိုက်ဘယ်၊ သူလဲ ဒီအဓိပ္ပါယ်မရှင်းဘူး၊ အဲဒီလို ပြဿနာတွေ မေးထာသဲ၊ ဒီအ

ပြဟ္မာ့စည်းစိမ်နဲ့လဲ "ကောင်းပါပြီ အထက်ပြဟ္မာ့ပြည် မသွား ဖါဘူး" ကြည့်စိမ်းအထက်ပြဟ္မာ့စည်းစိမ် နဲ့ သာသနာပြုစည်းစိမ်နဲ့ လဲတယ်၊ အထက်ပြဟ္မာ စည်းစိမ်နဲ့ သာသနာပြုရမယ့်တာဝန်ကို လဲတယ်၊ ဘုန်းကြီးက ကြည်ညိုလို့ လို့၊ ကြည်ညိုရုံတင် မကဘူး ဘုန်းကြီးတို့ သာသနာ ဝန်ဆောင် နေရတဲ့ဥစ္စာဟာ လမ်းမှန်လွန်လို့၊ သိပ်ပြီးတော့ ဝမ်းသာအားရ ဖြစ်လှန်းလို့ ဒီတရားတွေကို ပြောနေတာ၊ ဒါနဲ့ တိဿပြဟ္မာကြီး အချိန်ကျလို့ စုတေလာတဲ့အချိန်မှာ နှစ်ပေါင်းကာခုနက တစ်ဆုနဲ့ ပြန်တွက်လိုက်တော့ (၂၀၀ နှစ်ရာ ကျော်လာပြီ၊ တိဿပြဟ္မာက မောဂ္ဂလိပုဏ္ဍားတို့အိမ်မှာ ပဋိသန္ဓေနေလို့ ဒီပုဂ္ဂိုလ်ကို "မောဂ္ဂလိ ပုတ္တ=မောဂ္ဂလိပုဏ္ဍားရဲ့သား တိဿ"လို့ "မောဂ္ဂလိပုတ္တတိဿ" လို့ ထင်ရှားပါတယ်။

ရဟန်းတော် ၂ ပါး နောက်ကို ဒုတိယသံဂါယနာတင် ရဟန်း တော်များ ဇော်တုန်းက ရဟန်းတော် ၂၀၀ ရှိသားတယ်၊ ရဟန်းနှစ်ပါးက စဏ္ဍဝဇ္ဇီသို့ဝတဲ့၊ တို့က မပါလာပါ "မောဂ္ဂလိပုတ္တတိဿ" အိမ်မှာ ပဋိသန္ဓေ တာ့ တစ်ပါးက ရဟန်းဖြစ်အောင် စောင့်ရှောက်ပေးပါ၊ တစ်ပါးက ရဟန်းဖြစ်တဲ့အခါမှာ ပညာသင်ပေးပါ" လို့ ဒီလို ယူကို့ကို စာဝဓနိပေးထားခဲ့တယ်၊ ဒီတော့ကာ ဒီလိုဆိုလျှင် ဘုရားပရိနိဗ္ဗာန် စံတော်မူပြီးတဲ့နောက် ဟိုက တစ်ရာနဲ့ နောက်ထပ် ဝန်းကျင်က သိပ် ကျော်မယ်မထင်ဘူး၊ ဒီမုဂ္ဂိုလ်များက စောင့်ရှောက် ရဦးမှာ။

ရဟန်းတော်က နဂိုကလဲ ဝေဒကျမ်းတက်လဲ ဖြစ်နေတယ်၊ ပိဋကကောဋ္ဌေလဲ ကျမ်းကျွမ်းနေတယ်၊ အာဘိညာဉ်လဲ ရတယ်၊ ရဟန္တာကြီးလဲ ဖြစ်တယ်၊ ဖြေလိုက်တာ ဘာမှ အဖုအထစ်မရှိဘူး၊ ဒီတစ်သူတော် အာဇာတ်ကြီးသွားပြီ။

ဗုဒ္ဓမန္တန် ငါ့ကျင်က မေးတာတော့ ရပြီ၊ ကဲ-ဘုန်းကြီးက မေးဦးမယ်၊ ခင်ဗျမယ်လား၊ "မေးပါ"၊ သူကသော့ မဖြေနိုင်စရာတော့ မရှိဘူးဆိုတာပေါ့၊ စိတ္တယမိုက်ထဲက တရားတော်တစ်ပုဒ်ကို ယူပြီးတော့ မေးလိုက်တာ သူ ဘာမှ မသိဘူး၊ ဘာဆို ဘာမှ စဉ်းစား လို့ မရဘူး၊ "ဒါကဘာခေါ်တုန်း"လို့ ဆိုတော့ "ဒါက ဗုဒ္ဓမန္တန်လို့ ခေါ်တယ်"၊ "ကျုပ်သင်ပေးစမ်းပါ"၊ သူက ပညာသိပဲလုပ်ချင်တာကို၊ ဒီလို ဒီအဝတ်တွေ ဝတ်လို့ ရှိရင်တော့ သင်ပေးလို့ ရပါတယ်၊ ဒန္တ နဲ့ မိဘတွေကို ပြောတယ်၊ ကျုပ် အင်မတန်ထူဆန်းတဲ့ မန္တန်ရှိနေတယ်၊ ကျုပ် မန္တန်သင်ရအောင် ဘီလိုဝတ်ခွင့်ပြုပါ"လို့ ဆိုတော့ "အာ-ပြုတာပေါ့၊ ပြုတာပေါ့"၊ ဒန္တ နဲ့ သက်နဲ့ဝတ်ပြီးတော့ မန္တန်တွေဆိုပြီးတော့ သင်လိုက်တာ ပိဋကတ်တော်တွေကို တစ်နှစ်လောက် သင်တော့ အတော်ကြီး ကျမ်းကျွမ်းသွားတယ်၊ နောက် ရဟန်းဖြစ်တယ်၊ နောက်တော့ ရဟန္တာကြီးဖြစ်လို့။

တိတ္ထိ ဘုန်းကြီး တတိယ သံဂါယနာတင်ရမယ့် အချိန်ကျတော့ ဓမ္မ ခ ပ ကမင်းက ပေါ်နေပြီ၊ ဓမ္မာသောကမင်းက သာသနာတော်ကို သိ ချီး မြှင့်လိုက်တော့ အင်မတန် စားရေး သောက်ရေး ပြည့်စုံပုံလောက်နေတယ်၊ အဲဒီသတ်

တိတ္ထိတွေ ဘုန်းကြီးဝင်လုပ်တော့ အခေါင်းတိတ္ထိတွေ နဂိုဘုန်းကတိတ္ထိအယူယူတာ၊ ယခုတော့ ဘုန်းကြီးဝတ်နဲ့ နေကြတယ်၊ ဘုန်းကြီးဝတ်နဲ့ နေပြီးတော့ အဝတ်ကသာ ဘုန်းကြီးဝတ်၊ အယူကတော့ သူတို့အယူ သူတို့ယူတာဘဲ၊ အဲဒီတင် သာသနာတော်ကြီး ဟာ ရဟန်းအချင်းချင်း ပေါင်းသင်းဆက်ဆံလို့ မရလို့၊ ဥပုသ်ပြုလို့ မဖြစ်လို့ ဥပုသ်မပြုဘဲနဲ့ကို နေခဲ့ရတယ်။

အဲသလို ဖြစ်ရာက(တိုတို ပြောကြစို့) နောက်တော့ ဒီဟာ မဖြစ်ဘူး၊ ဒီသာသနာတော်ကြီး သန့်ရှင်းအောင် လုပ်ဦးမှဘဲလို့ စိုင်ပြင်းကြတဲ့ အခါမှာ ဓမ္မာသောကမင်းက "ဘယ်သူမျှားတာဝန်ယူနိုင်ပါမလဲ"လို့လျှောက်တော့ ဟိုမောဂ္ဂလိပုတ္တတိဿမထေရ်ဆိုတာ အားလုံးကျမ်းကျင်တယ်၊ ပိဋကတ်တော်ကျမ်းကျင်တယ်၊ ရဟန္တာကြီးလဲ ဖြစ်နေတယ်၊ အဲဒီပုဂ္ဂိုလ်တော့ တာဝန်ယူနိုင်ပါလိမ့်မယ်လို့။

တစ်ပါးတည်း ခွဲနေ အရှင်မောဂ္ဂလိပုတ္တတိဿမထေရ်က ဒီမှာ သံဃာတွေ မရှင်းမလင်း ဖြစ်နေကတဲ့ကိုက အမျှားနဲ့ ရောနေလို့ ရှိရင် နောင်တစ်ချိန်မှာ ဆုံးဖြတ်ဖို့ ခက်လိမ့်မယ်၊ အဲဒီတော့ ယခုနှယ်က ခွဲနေမှတဲ့ဆိုပြီးတော့ တစ်ခါတဲ့ တစ်ပါးတည်း ခွဲပြီးတော့ အယောဂဂ်မှာ ကြွေပြီ နေတယ်၊ ဒါထုံစံ၊ နားလည်မှ သဘောကို အမျှားနဲ့ ရောနေလို့ ရှိရင် ဆုံးဖြတ်လို့ မရဘူး၊ နားထောင်မှာ မဟုတ်ဘူး၊ ယခုတော့ ဘယ်သူနဲ့မှ ဘယ်အသင်းထဲမှ မပါဘဲနဲ့ တစ်ပုဒ်တည်း ခွဲနေလိုက်တာ၊ ဟိုမှာကြွ၊ လိုက်ပင့်၊ ပင့်လို့ကြွလာ။

တရားသင်ပေး ကြွလာလို့ ဓမ္မာသောကမင်းက ကြည်ညို၊ ကြည်ညိုလို့ ဓမ္မာသောကမင်းကို တရားယောဒတွေကို သင်ပေးနေသယ်, အတိုချုပ် ဒီဟာတွေ, ဒီပြဿနာတွေ မရှင်းသေးဘူး၊ တရားတော်တွေ သင်ပေးတယ်၊ ဒီကာကိုယ်တိုင်က တရားတော်တွေ နားလည်မှ ဟိုမှာ ဆုံဖြတ်လို့ ရှိမှာ၊ အဲဒါနဲ့ တရားတော်တွေကို ဘယ်လိုဟာက မှန်ဘယ်၊ ဘယ်ဟာက မှားတယ်၊ ဘယ်လို တရားမျိုးက မှန်ဘယ်နဲ့ သင်ပေးလိုက်တာ၊ သင်ပေခံရတဲ့ ဓမ္မာသောကမင်းကြီး အတော်ကလေးအဝေးဝယ်တော့မှ "ကိုင်း သာသနာသန့်ရှင်းရမယ်" လို့ ဆိုတော့ အထူးသန့်ရှင်းနေရတာ မဟုတ်ဘူး။

စိတ်ထိတွေ့စရာဆား "ကိုယ်တော်တို့ အယူဘူတဲ့ ကိုယ်တော်တွေ တစ်စု, တစ်စုနေကြပါ၊ အဲဒီဘော့ နတ်ထိက အယူရှိတဲ့ ပုဂ္ဂိုလ်တွေက နတ်ထိက အယူအတိုင်း တစ်စု, အခေတုက အယူရှိတဲ့ ပုဂ္ဂိုလ်တွေက အခေတုက, အကိရိယအယူရှိတဲ့ ပုဂ္ဂိုလ်တွေက အကိရိယ, မိစ္ဆာအယူရှိတဲ့ပုဂ္ဂိုလ်တွေကို သူ့အပိုင်းနဲ့ သူ့အပိုင်းနဲ့ ဗုဒ္ဓတရားတော်အယူရှိတဲ့ ပုဂ္ဂိုလ်တွေက တစ်ပိုင်းဖြစ်တယ်၊ အဲဒီဘင်မှ တစ်ပါးချင်း ခေါ်မေးတယ် "ကိုယ်တော်- ဘာအယူတုန်း" သူက သူသိတာပြောတာဘဲ၊ သူသိတာ သူပြောတော့ ဒါက ဘုန်းကြီးမဟုတ်ဘူး၊ တိတ္ထိတွေက ပြောင်းလာတာ၊ ဒါက ဘုန်းကြီးမဟုတ်ဘူး, ဘုန်းကြီးမဟုတ်ဘူးနဲ့ အကုန်လုံး စစ်ထုတ်လိုက်တော့ တိတ္ထိတွေ အကုန်လုံး ရလာတယ်၊ ခြောက်သောင်းလွှဲက်ရလာတယ်၊ အဲဒါတွေ့ အကုန်လုံး လူဝတ်လဲပစ်တာဘဲ၊

လူဝတ်လဲပြီးတော့မှ သာသနာတော် သန့်ရှင်းပြီ ဆိုတော့မှ သံဃာတွေ ဥပုသ်ပြုကြတယ်၊ ဘယ်လောက်ကောင်းတုန်း၊ အဲဒီတစ်ဥပုသ်ပြုပြီးတော့ တရားတော်တွေလဲ သံဂါယနာ တင်မှာပေါ့၊ သံဂါယနာ တင်ပြီးတော့ တရားတော်တွေလဲ သန့်ရှင်းပြီဆိုတော့ ပေးတယ်။

ကျောင်းတိုက်တွေ နောက်တော့ ဓမ္မာသောကမင်းက ကျောင်းတိုက်ခပါဝင်း ရှစ်သောင်း လေးထောင့် မြတ်စွာဘုရားရဲ့ ဓမ္မကွန်ရှာရှစ်သောင်းလေးထောင် ရှိတယ်ဆိုလို့ ကျောင်းတိုက်ပေါင်း ရှစ်သောင်းလေးထောင် တည်ပြီးတော့ ဒီကျောင်းရေစက်ချတဲ့နေ့မှာ အတော်ပျော်နေတာကိုး၊ ကျောင်းတိုက်တွေ ကျောင်းတိုက်တိုင်းမှာ စေတီတော်တွေနဲ့ အင်မတန်သာယာတယ်၊ အဲဒါတွေကို ရဟန်းတော်များက ဓမ္မာသောကမင်းကြီး မြင်ပါစေတော့လို့ လောကဝိဝရဏတန်ခိုးနဲ့ ဖွင့်ပြလိုက်တာ အကုန်လုံးမြင်တယ်၊ သူ ဝမ်းသာလို့၊ ဒီ ဇမ္ဗူဒီပ်ကျွန်းမှာ သူ့ကျောင်းတွေ ပြည့်နေတာ၊

ကုဋ္ဌေတစ်ရာ ဒီတင် မြတ်စွာဘုရားလက်ထက်တော်မှ စ၍ "သာသနာမှာ သူ့လောက် သာသနာတော်ကို စောင့်ရှောက် ထောက်ပံ့တဲ့သူ ရှိခဲ့ပါရဲ့လား" လို့ မေးတော့ ပစ္စည်းလေးပါးဘက်ကတော့ အသင်လောက် ထောက်ပံ့ခဲ့တဲ့သူ မရှိပါဘူး၊ ဓမ္မာသောကမင်းကြီးလောက် အကုန်မခံပါဘူး၊ ဝိသာခါတို့, အနာထပိဏ်တို့ ကုန်တယ်ဆိုတာလဲ ဘယ်လောက်ဆာ သိန်းပေါင်း

ဘယ်လောက်သာ ကုန်တယ်၊ ဒီလိုရှိ၊ ါတယ်၊ အခု ဓမ္မာသောဘ
မင်းကြီးကုန်တာက ကုဋေတစ်ရာပြည့်ဖို့ရန် လေးကုဋေသာလိုတော့
တယ်လို့ ဆိုတယ်၊ အဲသလောက် အကုန်အကျခံပြီး ထောက်ပံ့တဲ့
ပုဂ္ဂိုလ်က "တာည့်တော် ဒီလိုဆိုလျှင် သာသနာတော်နဲ့ ဆွေမျိုး
စပ်ပါပြီလား"လို့ သူက သာသနာတော်နဲ့ သိပ်ပြီးတော့ ရင်းနှီး
ချင်တာ။

သာသနာ့ဆွေမျိုး ဒီတော့ အရှင်ဓောဂလိပုတ္တတိဿ မထေရ်က
အနီးမှာထိုင်နေတဲ့ မဟိန္ဒမင်းသားကို မြင်
တယ်၊ မဟိန္ဒမင်းက အိမ်ရှေ့မင်းသားက ရဟန်းပြုသွားတော့ သူ
အိမ်ရှေ့မင်း လုပ်ရမှာ၊ အဲဒါကိုမြင်တယ်၊ သာသနာကော် ရောက်
လာလို့ ရှိလျှင် သာသနာတော်ရဲ့ တာဝန်ကို အများကြီး ဆောင်
ယမ့် ပုဂ္ဂိုလ်လို့ဆိုတာ သိတော်မူတယ်၊ ဒါကြောင့် "ဒကာတော်
ပစ္စည်း ၄ ပါးဘက်က ပစ္စယဒါယကာ အဖြစ်နဲ့ သာ ဆိုနိုင်တယ်၊
သာသနာနဲ့ ဆွေမျိုးစပ်ဖို့ ဆိုဘာကတော့ မိမိ သွေးသားဖြစ်တဲ့
သားသမီးများ သာသနာအတွင်းရောက်မှ မိမိက သားသမီးများ
အကြောင်းပြုပြီးတော့ ဆွေမျိုးစပ်မယ်"လို့ အဓိပ္ပာယ်ရှိတော့-

မဟိန္ဒမင်းသားကို ကြည့်ပြီးတော့ "သားတော် ရဟန်းပြုနိုင်
ဘူးလား"လို့ မေးတယ်၊ သူက သာသနာတော်နဲ့ သိပ် ဆွေမျိုး
စပ်နှောင်နေတာကိုး၊ အိမ်ရှေ့မင်းစည်းစိမ်ထက်ကို ပိုပြီးတော့ မွန်
မြက်တယ်လို့ ယူဆထားတယ်၊ ဒါနဲ့ မဟိန္ဒကလဲ တကတဲ့ ပြာဖုံး
နေတဲ့ မီးခဲလေးလိုရဲနေတာ၊ "ဟာ.... ရဟန်း ပြုနိုင်ပါတယ်"
လို့ ပြောပြီး ရဟန်းပြုတယ်၊ သံဃမိတ္တာဆိုတဲ့ သမီးတော်ကလဲ

ဘိက္ခုနီပြုတယ်၊ အဲဒီတင် သူ သာသနာတော်နဲ့ ဆွေမျိုးစပ်လို့
အင်မတန်ကြီး ဝမ်းမြောက်သွားတယ်။

သာသနာပြုလုတ် နောက်တော့ အရှင်မဟိန္ဒမထေရ်ဘဲ ရဟန္တာ
ကြီး ဖြစ်လို့ မိဠကတ်တော်တွေ ကျမ်းကျင်
လို့၊ တော်တော်လေးကြာတော့ သီဟိုဠ်ကျွန်းကို သာသနာပြု
လုတ်တာဘဲ၊ ကိုးတိုင်းကိုးဌာန သာသနာပြုလုတ်တဲ့ အထဲက
ကြာရှည်ခံမှာက သီဟိုဠ်ကျွန်းဘဲ၊ ဒီ့ပြင်ဟာတွေက ကြာရှည်မခံ
ဘူး၊ အဲဒါ သီဟိုဠ်ကျွန်းကိုသာ သာသနာပြု အရှင်မဟိန္ဒကို လွှတ်
တာဘဲ၊ အဲဒီကဆက်ပြီးတော့ နောက် မြန်မာနိုင်ငံတို့ ဘာတို့ပါ
သာသနာတော် ပြန့်ကြဲနေဟန်တူတယ်၊ သို့သော်လဲ သထုံတို့ဘာတို့ကို
"သုဏ္ဏဘူမိ ဂန္ဓာန" ဥစ္စာလဲဘဲ အဲဒီတုန်းက လွှတ်တဲ့အထဲမှာ
ဖြစ်ပါတယ်၊ သထုံတို့ ဘာတို့မှာ မြန်မ နိုင်ငံနဲ့ နီးစပ်တဲ့ အဆက်
နွယ်မှာ ရောက်နေဟန် တူတယ်၊ ဒါကြောင့်မို့လို့ ဘုန်းကြီးတို့
ပုဂံကို သထုံက သာသနာတော် ဆက်လာတယ်ဆိုတော့ကာ ဟိုက
ဆက်တာလဲ အများကြီးပါလိမ့်မယ်၊ သာသနာပြုလွှတ်တဲ့ ကိုးဌာန
ထဲက အဆက်တွေလဲ အများကြီးပါလိမ့်မယ်။

သာလုံးဆရာတော် ဒါကြောင့် ဘုန်းကြီးတို့ သာသနာဟာ
တယ်လိုဆိုတာကို နည်းနည်းကလေး မှန်းလို့
ရတယ်၊ အဲဒီတော့ သာသနာတော်ကြီးကို ဒီလို ဆောင်လာခဲ့ကြ
တယ်၊ ဒီလို ဆောင်လာလို့ ဘုန်းကြီးတို့ ဒီမြန်မာ ရှင် ဘုရင်များ
လက်ထက်ထိ အမျိုးမျိုး ဆောင်လာခဲ့ကြတာပေါ့၊ စာပေနဲ့ ပို့ချပြီး
တော့ လာခဲ့ကြတယ်၊ တရား ကျင့်ပြီးတော့ လာခဲ့ကြတယ်၊

တော့ ခဲကြီးနဲ့ ထုချလိုက်တာ " သွားရောဟဲ့ "လို့ ဆိုပြီးတော့ ပစ်လိုက်တယ်တဲ့။

မင်းတုန်း ငါးယောက်ထက် အဲဒီနောက်တော့ ဗုန် မော်ဆရာတော်လဲ အာဇွင်းရောက်သွားရော၊ ဒါကြောင့် ဒီလိုဆရာတော်ကြီးတွေ သာသနာကို ဆက်လာခဲ့ဘာ၊ မင်းတုန်းမင်းကြီး လက်ထက်ကျတော့လဲ ဒီဆရာတော်ကြီးတွေ၊ သင်္ဃာဆရာတော်တို့၊ ဗုန်းမော်ဆရာတော်တို့၊ ရွှေကျွင်ဆရာတော်တို့၊ နောက် ဘုရားကြီး ဘုံကြီးဆရာကောင်တို့ ဒီလိုထိပ်တန်းဆရာတော်ကြီးတွေ သာသနာကို ဆောင်ပြီးတော့ စာလဲချတယ်၊ တရားလဲ ကျင့်တယ်၊ စာလဲ ချတယ်၊ တရားလဲ ကျင့်တယ်၊ အဲဒီလို လာခဲ့ကြာ၊ ဒါကြောင့် သာသနာကြီးကို ဒီ ပြဿဒ္ဓိလ်တွေ မဆောင်နိုင်ဘူး၊ စာချဘုန်းကြီးတွေ သာသနာတော်ကို အဆက်မပြတ်အောင် ဆောင်နိုင်တယ်၊ စာသင်သားထဲက စာချဘုန်းကြီး ဖြစ်မယ့်ပုဂ္ဂိုလ်တွေသာ အဆက်မပြတ်အောင် ဆောင်နိုင်ဖို့ရန်ဟာ ကိုယ်တိုင်ကိုယ်တိုင် ကြီးစားကြမှ၊

သံဃာရှိခိုး သံဃာတော်ကို ရှိခိုးတဲ့ထဲမှာ— "သာသနံ - ကမ္မဉ္စ ကမ္မာ, လွန်လေပါလည်း, တစ်ခါတစ်ဖန် ကြုံရန် ခဲကပ်, အမြတ်ရာနာ, ဤ သာသနာတော်မြတ်ကြီးကို,— သာသနာက ကွယ်သွားပြီးတဲ့အဆိုလို့ရှိမှင် နောက်ထပ်အဆက်ရမှာ မဟုတ်ဘူး၊ အရိမေတ္တေယျမြတ်နှာဘုရား ပွင့်တော်မူလာမှ ပေါ်မှာ၊ အခုမေတ္တေယျမြတ်နှာဘုရား ပွင့်လာပြီးတဲ့နောက် သာသနာ

တရားလဲ ချင့်တယ်၊ စာပေလဲပို့ချတယ်ဆိုပါတော့၊ သလုံးဆရာတော်ဘုရားကြီး ဆိုတဲ့ဥစ္စာ နောက်တော့ ရာဇာန္တေဝါကြီး ဖြစ်တယ်လို့ ကျော်ကြားတယ်၊ စာပေလဲ ပို့ချတယ်၊ တရားလဲ အမြဲအားထုတ်တယ်၊ (သီလုံးဆရာတော်ဟာ စာဖြင့် ရေးကြသည်)၊

ရွှေကျွင်ဆရာတော်တို့, ဗုန်းမော်ဆရာတော်တို့, သင်္ဃာဆရာတော်တို့ အဲဒီ သလုံးဆရာတော်ကြီးဆီမှာ စာသင်ခဲ့ကြဖူးတယ်၊ အတူတူလဲ နေခဲ့ကြဖူးတယ်၊ ဝိနည်းသိက္ခာပုဒ်ကိုလည်း အင်မတန်လေးစားတော်မူကြတယ်၊ ရောက်လာတဲ့ သံဃာတော်တွေကို ချက်ချင်း ကျောင်းတိုက်အတွင်း မသွင်းသေးဘူး၊ ကျောင်းတိုက်ပြင်ဘက် ဇရပ်မှာ အာဂန္တု အဖြစ်နဲ့ ထားသေးကယ်၊ အာဂန္တု အဖြစ်နဲ့ထားတော့ နည်းနည်းနေလေး အနေအထိုင်လေး အာဇာလေး တော်တယ်ဆိုတဲ့ ပုဂ္ဂိုလ်မှ ကျောင်းတိုက်ထဲ သွင်ပြီးတော့ လက်ခံတယ်။

ကွမ်းအစ်ကြီး ဒီအထဲ ဗုန်းမော်ဆရာတော်က တော်တော်နဲ့ အတွင်း မရောက်သေးဘူး၊ သူနဲ့ အတူတူလာတဲ့ ခုနက သင်္ဃာဆရာတော်တို့က အတွင်းရောက်လာတယ်၊ "ကိုယ်တော်တို့ကတော့ အတွင်းရောက်သွားတယ် ကိုယ်းတော်၊ တပည့်တော်တော့ ခုထက်ထိ အပြင်နေရသေးတယ်၊ တပည့်တော်ဘာပြုလို့ အတွင်း မရောက်သေးတာတုန်း", "ကိုယ်တော် ကွမ်းအစ်ကြီးက ရှိနေလား၊ ကိုယ်တော် ကွမ်းအစ်ကြီး" ဟိုဆရာတော်ကြီးကတော့ ဘာမှမပြောဘူး၊ "အဲယ် ဒါလားဟဲ့၊ ဒီလိုဆိုလျှင်တော့" ဆိုပြီးတော့ ကွမ်းအစ်ကြီး လယ်ခင်းသဲ ယူသွားပြီး

တော်ကြီး ကွယ်သွားပြီဆိုလို့ ရှိရင် နောက်ထပ် ကမ္ဘာပေါင်း များစွာ သူ့ကမ္ဘာ ကြီး ပြစ်နေအုံးမှာ၊ ဘာမှ ဘုန်းပွင့်မှာ မဟုတ်ဘူး၊ ဒါကြောင့် "ဆာသနံ-ကမ္ဘာ့ကမ္ဘာ, လွန်လေပါလို့, တစ်ခါတစ်ဖန်, ကြုံရန်ခဲကပ်, အမြတ်ရတနာ, ဤသာသနာတော်မြတ်ကြီးကို, စီရခဲတာ ရဲ့ - ဘုရားလက်ထက်, အဆက်ဆက်မှ, မပျက်ရအောင်, ပို့ချသင်ယူ, ဆောင်ရွက်တော်မူလာပေထသော၊ (ဘုရားလက်ထက်က စပြီးတော့ အရှင်မဟာကဿပတို့, အရှင် အာနန္ဒာတို့, အရှင်ဥပါလိတို့ ကိုယ်တိုင်လဲ ပို့ချခဲ့ကြတယ်၊ နောက်ထပ် ပုဂ္ဂိုလ်တွေကလဲ သင်ယူပြီးတော့ ပို့ချခဲ့ကြတယ်၊ ဒါကြောင့်) စီရခဲတာ ရဲ့ - ဘုရားလက်ထက်, အဆက်ဆက်မှ, မပျက်ရအောင်, ပို့ချသင်ယူ, ဆောင်ရွက်တော်မူလာပေထသော၊ ဂဏ်- အင်္ဂါးစိတ်ခဲတဲ့ မြင်မြတ်ကြည်လင်, ယူတေ စင်ကောင်း, အရိယာသံဃာအပေါင်းကို လို့ ဒီသာသနာကို ဆောင်လာခဲ့တဲ့ ရဟန္တာကြီးတွေ, အရိယာပုဂ္ဂိုလ်ကြီးတွေ အဲဒါတွေကို ရှိခိုးရတာယဲ၊ ဒီသံဃာရှိခိုးဂါထာနဲ့ ရှိခိုးရတယ်။

ပေါ့ပါးနေနဲ့ ဒါကြောင့် ဘုန်းကြီးတို့, ဦးပဉ္ဇင်းတို့, ကိုရင်တို့ ပေါ့ပေါ့ဆဆ မနေကြနဲ့၊ သာသနာတော်မှာ သီလစင်စင်ကြယ်ကြယ်နဲ့ နေ၊ ယခု သတ္တိရှိတဲ့ ပုဂ္ဂိုလ်ကလေးတွေ ရှိနေပြီ၊ ပေါ့ပေါ့ကလေးနဲ့ မနေကြနဲ့၊ သာသနာမှာ စင်စင် ကြယ်ကြယ်နေရအောင် ဝိနည်းကို လေးစားကြပါ၊ သာသနာကို စင်ကြယ်အောင် ကြိုးစားကြပါ၊ မိမိကိုယ်တိုင်က ဆောင်သွားလို့ ရှိရင် ဘယ်လောက်ကြီး နောက်ထပ်ကြာကြာကြီး ခံမယ်ဆိုတာ မပြောနိုင်ဘူး၊ အတော်ကြာကြာ ခံနိုင်ပါတယ်၊ ဒါကြောင့်...

ဆာသနာတော်ကို ကိုးကွယ်တိုင်းကိုယ်က သင်္ဃာ ပို့ချပြီးကောင်း ကောင်းကောင်းနေထိုင်လျက် ဆောင်ရွက်နိုင်ကြစေကုန်သတည်း၊

သာဓု... သာဓု... သာဓု...။

သံဃာဂုဏ်ရည်

ဝေံ နဝဟိ ဂုဏေဟိ, လောကမှိ ဝိဿုတံ ဂဏံ၊
သာသနံ စီရဓာတု ရဲ့, ဝန္ဒာမိ တီဟိ သာဒရံ။

ဧဝံ နဝဟိ ဂုဏေဟိ-ဤသုပ္ပဋိပန္နတာ, အစသာသည့် ကို ဖြာသော ဂုဏ်တော်အပေါင်းတို့ဖြင့်၊ လောကမှိ - ဘဝင်ဆုံ အောင် တိုင်အောင်သုံးဆောင်၍၊ ဝိဿုတံ-တိတ္ထိတို့အောင်, လွန်မြားမြောင်သည့် ဟန်ဆောင်သံဃာ့အဖြဖြာဆက်, အရာရာဖြင့်, ဂုဏ်ချည်တာ၍ ကြိုးမြင့်ထင်ရှားပေထသော၊ သာသနံ - ကမ္ဘာ့ကမ္ဘာ, လွန်လေပါလည်း, တစ်ခါတစ်ဖန်, ကြုံရခဲကပ်, အမြတ်ရတနာ, ဤသာသနာတော်မြတ်ကြီးကို စီရဓာတုရဲ့ - ဘုရားလက်ထက် အဆက်ဆက်မှ, မပျက်ရအောင်, ပို့ချသင်ယူ, ဆောင်ရွက်တော်မူလာပေထသော၊ ဂဏ် - အင်္ဂါးစိတ်ခဲတဲ့, မြင်မြတ်ကြည်လင်သူတော်စင်ကောင်း, အရိယာသံဃာတော်အပေါင်းကို၊ တိုင်လက်အုပ်အင်္ဂုလိ, နဋ္ဌသံဝါရိ၍, ရှိခိုးကြည်ညိုနော, သုံးပါးဆောဒ္ဓါရတ္နာဖြင့်၊ သာဓုရဲ့-လေးမြတ်ကြည်သို့, ရှိသမျှခြင်း ရှိသည်ဖြစ်၍ ဝန္ဒာမိ-ဂုဏ်တော်ထုံမွှမ်း, ပုံကောမုန်းလျက်, ချီးမွမ်းထောမနာ ပကာညွတ်ကျွေး, လက်စုံမိုး၍, ငှဲခိုကန်တော့ပ၏ ဘုရား...။

သံဃာဂုဏ်ရည်ဘုရားတော် ပြီးပြီ။

ကျေးဇူးတော်ရှင် ဘုရားရှင်

ဘုရားရှင်တော်၊ မဟင်္ဂပေါလျင်၊ လူကောင်အများ၊ စိတ်ကောင်းထားဟည်း၊ ဤကား ကုသိုလ်၊ အကုသိုလ်နှင့်၊ ထိုထို ဘုံဘဝ၊ မသိရ၊ များလှကြပြစ်တော့။

ဘုရားရှင်ကော်၊ ပုဂ္ဂိုဏ်းပေါ်၍၊ ဟောဖေါ် ညွှန်ကြား၊ မြတ်ကရာ ဓမ္မဂြိုဟ်၊ ဤကား ကုသိုလ်၊ အကုသိုလ်နှင့်၊ ထိုထို ဘုံဘဝ၊ သိကြရ၊ များလှကျေးဇူးပေ။

ကျေးဇူးကော်ရှင်၊ ဘုရားရှင်ကို၊ ဦးတင်မပြတ်၊ ကျေးဇူးဆပ်ဖို့၊ အမြတ်ရတနာ၊ သာသနာ၏၊ နိဗ္ဗာန်ရောဝနံထမ်း၊ ကိုယ်စီစဉ်မှန်း၊ ကြိုးပမ်းကြပါလေ။

တရားအားထုတ်ကြ တရားတော်

တရားအားထုတ်နည်း

ဘုရားသာသနာ သာသနာမှာ ကလေးတွေ ကြောက်တဲ့ အရာဖို့ရာ အမြောက်ဆန်ကြီးလို မဖြစ်ပါစေနဲ့၊ လူကြီး ကြောက်တဲ့ အဆန်ပါတဲ့ အမြောက်ဆန် ဖြစ်ပါစေ၊ ကိုယ်တော်တို့ မေတ္တာပို့ရတာ ဘုရားအာရုံပြုရတာဟာ ဘာမှ မခက်ပါဘူး၊ ကောင်းတာတွေကို သိလျက်နဲ့ မလုပ်ချင်ကြဘူး၊ မေတ္တာဆိုတာမျိုးက ကောင်းတဲ့ဆေးကို စားသုံးသွားတဲ့ အခါ ရောဂါပျောက်သလိုဘဲ မေတ္တာပို့ရတာ ဘုရားအာရုံပြုနေရတာလဲ ကိလေသာတည်းဟူသော ရောဂါတွေ ပျောက်ပြီး ကုယ်စိတ်ချမ်းသာမှု အများကြီး ရပါတယ်။

လောကမှာ သူများတာနဲ့ ထမ်းဆောင်ရတဲ့အထဲမှာ ဘုရား သာသနာ ထမ်းဆောင်ရတာက အကောင်းဆုံးပါ။

ဘုရားသာသနာ တည်တံ့ဖို့ရာဆိုတာ ဘုန်းကြီးတွေရဲ့ သိက္ခာ ရှိမှုအပေါ် မူတည်နေပါတယ်။

သာသနာ ပြုတယ်ဆိုတာ တစ်ပါးထဲခဲ့ပြုလို့ မဖြစ်ပါဘူး၊ ဘာ့ကြောင့်လဲဆိုတော့ ချဉ်ဖတ်အိုးထဲ ရောက်တော့ ချဉ်ဖတ်ဖြစ်သလို အများနဲ့ကျတော့ အများသဘောအတိုင်း ဖြစ်သွားကာဘဲ၊ သာသနာပြုတယ်ဆိုတာ သဘောတူချင်းပြုမှ ဖြစ်တာ။

ဘုန်းကြီးတွေ ပုံတော်မူတဲ့အခါ ဘဝနတ်ထံ ပုံတော်မူသတဲ့၊ ပုံတော်မူတာဆာသိကြတာ၊ ဘဝရဲလျှိုးတာတော့ မသိကြဘူး၊

ယခုဘဝဆို ဘဲ့ မျိုးစေ့ကောင်းလေးတွေကို သိမ်းထားပြီး ရသမျှ စိုက်ပျိုးကြပါ၊ ရသမျှကလေးကို မြုပ်မစားကြပါနဲ့။

ပရိသတ်ထိန်းတယ်ဆိုကာ ပရိသတ် ထိန်းတယ်ဆိုတာ- (၁) အဂတိ မလိုက်စားရဘူး၊ (၂) ကိုယ်ရှိတဲ့ ပစ္စည်း မနှမြောရဘူး၊ (၃) အနေအဆိုင် ကောင်းရတယ်၊ (၄) မေတ္တာ ကရုဏာ ရှေးရှုရမယ်၊ (၅) စာပေဘာက်ကလဲ ပြည့်စုံရမယ်၊ ပါရမီဖြည့်ယင်းနဲ့ တရားသာသနာကို ထမ်းဆောင်ရမယ်၊ ခုဘဝကို မဆိုလိုဘူး၊ နောက်ဘဝဆို ကောင်းကောင်း အကျိုးရမယ်။

အကုသိုလ်အမှုဆိုတာ မဖြစ်ခင်က ရှောင်ရပါတယ်၊ လူတွေကြီ မှ တရားနဲ့နေရမယ်လဲ၊ မှားနေကြတယ်၊ ငယ်ငယ်ကမှ သူတော်ကောင်းလျင် ကြီးတော့ ပိုမကောင်းတတ်တာပေါ့ ကိုယ်ကျိုးကို နောက်မှ လုပ်ပါ၊ သူကျိုးကို အရင် ဆောင်ရွက်ပါ၊ ပရိသတ် မကြီးပွားကာက အဂတိလိုက်စား လို့ မကြီ ပွားကြတာ၊ ဆရာသွားဖြစ်ပေမယ့် အဂတိလိုက်စားလျင် ဘယ်တော့မှ မကြီးပွားဘူး၊ ဆရာသမားဆိုတာ တပည့်တစ်ယောက်ထဲကွက်ပြီး ပြုစုနေလို့ရှိလျင် မကြီးပွားပါဘူး၊ ကမ္ဘာကျော်သော်လဲ ဥဒါန်းမကျေ ဆိုဘာလို့ သေသာသေရော မကြီးပွားပါဘူး၊

သာသနာမှာ သဒ္ဓါမျိုးစေ့အရေးကြီး သဒ္ဓါတရားဆိတာ လက်နဲ့ တူတယ်, ဥစ္စာ နဲ့လဲတူတယ်, မျိုးစေ့နဲ့လဲတူတယ်, မြတ်စွာဘုရား သာသနာတည်းဟူသော လယ်ယာမြေကောင်းထဲမှာ မျိုးစေ့ကောင်းတွေ ချထားကြပါ၊ သာသနာ

မှာ သဒ္ဓါမျိုးစေ့ အရေးကြီးပါတယ်၊ သဒ္ဓါမျိုးစေ့ ညံ့နေလျှင် အလကားပါဘဲ၊ ကိုယ်တော်တို့ကို ဘုန်းကြီးက အထက်ရောက်အောင် ဆွဲတင်နေတာပဲ၊ ဒါကို အချို့က ကန့်လန့် ကန့်လန့် လုပ်နေကြတယ်၊ ဥပမာ- ဘာနဲ့တူသလဲဆိုတော့ နွားရှင်က သူ့နွားတွေကို မြက်ကောင်းစားရအောင်, ရေကောင်းသောက်ရအောင် ဆိုပြီး ဆွဲခေါ်တယ်၊ နွားက နွားသတ်ရှဲ့ ဆွဲခေါ်တယ် ဆင်ပြီး ကန့်လန့်ကန့်လန့် လုပ်နေတယ်၊ မလိုက်ချင်ဘူး၊ ခုသဲ့ ဘုန်းကြီးက ကိုယ်တော်တို့ကို မင်္ဂိုလ်နိဗ္ဗာန် ဆိုက်အောင် ခေါ်နေပါတယ်၊ ကိုယ်တော်တို့က ငရဲဆွဲခေါ်တယ်ဆင်ပြီး ကန့်လန့် ကန့်လန့် လုပ်နေကြတယ်၊ လမ်းပြောင့်ဘက်ကို မလိုက်ချင်ကြဘူး။

လူတစ်ယောက်မှာ ရာဂစတဲ့ တရားတွေထဲမှာ မောဟမြစ်ဟာ အကြီးဆုံးပါဘဲ၊ မောဟဆိုတဲ့ ဘရား ဖုံးလွှမ်းပြီး အသိဉာဏ်တွေ ကင်းမဲ့နေကြလို့ လဲ မကြီးပွားကြတာဘဲ၊ လူတစ်ယောက် ကြီးပွားတယ် ဆိုတာကလဲ-

(၁) အရာရာမှာ စဉ်းစားဉာဏ် ရှိရမယ်၊

(၂) ရှေးဘုန်း ရှေ့ကံ ရှိရမယ်၊

(၃) ရဲရင့်တဲ့သတ္တိ ရှိရမယ်၊ ဒီသုံးချက်နဲ့ ပြည့်စုံလျှင် ကြီးပွားတာဘဲ၊ ကိုယ်တော်တို့ မသောကမင်း မသေဟင်း စားပြီး နေရန်ကြိုးစားကြပါ၊ သုံးလူ့ထွတ် ဘုရားမြတ် ဘုရားတို့ဟာ လူ့လောက နတ်လောကမှာ ကြီးကျယ်ပါတယ်ဆိုတဲ့ စည်းစိမ်ဥစ္စာရတနာတွေ မိဖုရားရတနာ စသည်တွေကို စွန့်လွှတ်ပြီး မနှစ်သက်ဘဲ ရှိကြပါ ဆယ်၊ ခွေးလေကြီးကို နှစ်သက်နေကြသူတွေက ဟာမှ မကြီး

ကျယ်သေးပါဘူး၊ ဒီလိုနဲ့ဘဲ တပေမယ သောဠားလျှင်တော့ အခေတ်ဘဲ။

"တပေမယ သေလို့ သွားလျှင်လျှ
တဒွားဖွား အောက်မှာ၊
ယမနယ် ဘုံတစ်ခွန်း
အကုန်လုံး ရောက်ရမည်သာ"

ဆိုတာလို ဘာမဟုတ်တဲ့ စည်းစိမ်လေးတွေ စွဲ သေလျှင် ယမဘုံကတော့ သေချာပြီးသားပါ။

တရားအားထုတ်သူဆိုတာ—

(၁) စိတ်ငြိမ်ရာအရပ်မှာ ကပ်ခရာက်နေရာဘယ်။
(၂) တင်ပလ္လင်ခွေ ထိုင်နေရတယ်။
(၃) ကိုယ်ကို ဖြောင့်စွာ ထားရမယ်။
(၄) မိမိနှစ်သက်ရာ တရားကို နှလုံးသွင်းရမယ်။

ရှေးဦးစွာ ဘုရားဂုဏ်တော် ပွားများခြင်း၊ မေတ္တာပို့ခြင်း စတဲ့ ပုဗ္ဗကိစ္စတွေကို ပြုရတယ်၊ နောက်မှ အာနာပါန ကမ္မဋ္ဌာန်းကို နှာသီးဖျားကပ်ပြီး မှတ်နေရတယ်။

ဗုဒ္ဓါနုဿတိဘာဝနာကို ပွားများ အားထုတ်တဲ့ ပုဂ္ဂိုလ်ဟာ ရှေးဦးစွာ ဘာတွေကို အားထုတ်ရမလဲဆိုးတာ့—

မိမိသီလကို စင်ကြယ်စွာ ထိန်းရမယ်၊
ဆိတ်ငြိမ်ရာ အရပ်ရောက်နေမယ်၊

မြတ်စွာဘုရားရဲ့ ဆယ်ပါယ်တော်မူပုံ ဘဂဝါဂုဏ်တော်တွေ ပါဝင်စေဘာ ဆိုရီဘုန်းစေတဲ့ကို အာရုံပြုရမယ်။

စိတ်ဘော်အစဉ်ကြည်လင်ပုံ အရဟံဂုဏ်တော်ကို အာရုံပြုရမယ်။

သဗ္ဗညုတဉာဏ်တော်၏ ကြီးကျယ်ပုံ သမ္မာသမ္ဗုဒ္ဓဂုဏ်တော်ကို အာရုံပြုရမယ်။

ဝိဇ္ဇာသုံးပါး စရဏတရားဆယ်ပါးနဲ့ ပြည့်စုံသော ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်တော်ကို အာရုံပြုရမယ်။

ဒီပင်္ကရာမြတ်စွာဘုရားလက်ထက်တော်မှစ၍ လေးအသင်္ချေနဲ့ ကမ္ပာတစ်သိန်းကာလပတ်လုံး ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူခဲ့ပုံ သဂတဂုဏ်တော်ကို အာရုံပြုရမယ်။

ဒီလို အစဉ်အတိုင်း အာရုံပြုပြီး သမ္မာသမ္ဗုဒ္ဓဂုဏ်တော်ကို ဖြစ်စေ၊ အရဟံဂုဏ်တော်ကိုဖြစ်စေ မိမိစိတ်နှစ်ထဲလာသော အာရုံတစ်ပါးပါးကို အာရုံပြု ပွားများရမယ်၊ သက်တော် ထင်ရှားမြတ်စွာဘုရားကို မှန်းပြီး အမြဲအာရုံပြုနေရမယ်။

တိဋ္ဌန္တေ နိဗ္ဗုတေစာပိ၊
သမေ စိမ္ဘ သမံ ဖလံ၊
စေတောပဏိဓိ ဟေတုံ ဟိ၊
သတ္တာ ဂစ္ဆန္တိ သုဂ္ဂတိံ။

တိဋ္ဌန္တေစာပိ - သက်တော်ထင်ထင်၊ တည်ရှိစဉ်ဝယ်၊ ဖူးမြင်ရခြင်း၊ မြတ်ဘုရား၌ လည်းကောင်း၊ နိဗ္ဗုတေစာပိ-လွန်မြည့်နိဗ္ဗုတ်၊ စံတဲ့မူသည့်၊ သုံးလူသတ်သား၊ မြတ်ဘုရား၌လည်းကောင်း၊ စိတ္တေ - ဘုရားအာရုံ၊ ကောင်းစွာထုံ၍၊ တလုံလဲ့၊ မှီဝဲစွဲသုံး၊ စိတ်နှလုံးသည်၊ သမေ-သဒ္ဓါပညာ၊ အစုရာဝယ်၊ မကွာတန်းတူ၊ ညီမျှပါမောက္ခ၊ သမံ ဖလံ - အကျိုးပေးဟန်၊ အတန်တည်လည်း၊

ကောင်းညီမျှကန်းတူရလေကာ၏၊ ဟိ-ကိုစကားလျှင် မမှားခက်
ယုတ်တနည်း ၂ပေ၏၊ သမ္ဗာ-ယုတ်မြတ်မဟူ သူငါအစ သတ္တဝါ
ဟူသမျှတို့သည်၊ စေတောဇဏိခံဟေတုံ-စိတ်ရင်းစိတ်ထား၊ ကြီးမား
သန်ခွင်း၊ အကြောင်းရင်းကြောင့်၊ သုဂတိ - လူ့ရွာ နတ်ထံ၊
နိဗ္ဗာန်အထိ၊ ချမ်းသာရှိကြောင်း၊ အကောင်းဆုံးဂတိသို့၊ ဂစ္ဆန္တိ-
ပါရမီစွမ်းသလောက်၊ စခန်းထောက်၍၊ လှမ်းရောက်တော် မူနိုင်
ကြယေကုန်သတည်း။

စိတ်ကောင် ဖို့ဆိုတာ ကိုယ့်ကိုယ်ကို တန်ဖိုးရှိအောင် ထားကြ
ပါ၊ မြင်တာနဲ့ မပြင်တာ နောက်ဘဝ
အထိအောင် ကွာတတ်တယ်၊ ရဟန်းတော်မှတော့ ဘာဝနာ
လက်လှတ်နေလျှင် မကောင်းပါဘူး၊ နာမည်ကြီးနေပေမယ့်
နာမည်ကြီးကို ဘယ်သူကမှ လာမကြည့်ပါဘူး၊ စိတ်ကောင် ဖို့
ဆိုတာ ဘုရားအာရုံ၊ မေတ္တာလက်ကိုင်ရှိမှပါ၊ ထိုင်တာကခါးကြိုး
တွေကို ကုန်းမထားပါနဲ့၊ မားမားမတ်မတ်နဲ့ ဆင်းတုခေတ်ရုပ်ကို
ကြည်ညိုအတုယူပြီး ထိုင်တတ်ရမယ်။

ပြုံးစိစိမလုပ်ပါနဲ့ နေရာတိုင်းမှာ သမာဓိရှိပါစေ၊ သမာဓိရှိတော့
နေရာတိုင်းမှာ ကြည့်ကောင်းတယ်၊ ရဟန်း
သာမဏေဆိုတာ လူနဲ့ မတူရဘူး၊ မဟာဂန္ဓာရုံဆရာတော် ဂုက
ထွက်လာတော့ လူးတုက "မျက်ကြောသေနေတယ်လို့" ဆိုကြ
တယ်၊ ဆရာတော်က မျက်ကြောသေတာ မဟုတ်ပါဘူး၊ စက္ခုန္ဒြေ
ချလွန်းလို့ မျက်ခွံတွေ တွဲကျနေတာပါ၊ ကိုယ်တော်တို့လဲ ဣန္ဒြေ
ရှင်ကျက်ပါစေ၊ ပြုံးစိစိမလုပ်ကြပါနဲ့။

သံသိုက်ပစ္စည်းဆိုတာ အလွဲသုံးစားမလုပ်ရဘူး၊ ဒကာ-ဒကာမ
တို့ရဲ့အပေါ် စိတ်ကိုက စေတနာမေတ္တာရှိဖို့ မမေ့မလစ်ကြပါ
စေနဲ့၊ လူတွေရဲ့ ဝေယျာဝစ္စတွေကို မကူညီကြပါနဲ့၊ လူဆိုးတွေ
လူ့နည်းနဲ့တော်ရဲ့၊ ရဟန်းဘဝဆိုတာ မကူညီကောင်းဘူး၊
ဆံသရကြီးက ဘယ်သူ့မှ ခွင့်မပေးဘူး၊ ကျွန်းမာရေးကို ဂရုစိုက်
ကြပါ၊ တစ်သားသနားလုံး လူတွေရဲ့ အမူအရာတွေနဲ့ ဘာမှ
မတူစေချင်ဘူး၊ နေရာတကာမှာ အတုက်ဆိုတာ ရှိရတယ်၊ မြန်မာ
ကျောက အတွက်မရှိဘူးလို့ ပြောခဲ့ကြတယ်၊ ကိုယ့်နို့ ငံ့ကိုယ့်ယဲ့
ကိုယ့်ရပ်မှာ ဆရာလုပ်ရမယ်လို့ မှန်းထားကြပါ၊ တွက်ထား
ကြပါ။

ဆရာသမားတွေက သက်တော်ထင်ရှား မြတ်စွာဘုရား ရဲ့
သဗ္ဗညုဉာဏ်တော် ပေါဓိမဏ္ဍိုင်ကို မှန်းပြီး အာရုံပြုကြပါ၊
သဒ္ဓေတဘာဏ်တော်နှင့်တကွ ဘုရားကို မှန်ကြပါ၊ "သီဓသပုဂၢိ
ပုဏ္ဏလေ" ဆိုတာ သဗ္ဗညုတဉာဏ်တော် ရရှုပြစ်တဲ့ အောင်မြေကို
ဆိုလိုတယ်။

တစ်ကမ္ဘာလုံးက ဒီအချိန်မှာ တယ်ပြီး ကုသိုလ်မရကြပါဘူး၊
ဒီမှာ နံနက်ခင်းတိုင်း ဘုရားစကားတော် ဩဝါဒပေးတော်မူခဲ့
တာတွေ ကြားနေရတယ်၊ သာသနာမှာ သူများထက် သာတဲ့
အချက်ကို ချွေးချယ်ဆားကြပါ၊ စည်းစိမ်တွေကို မခံစားချင်ကြ
ပါနဲ့၊ ဘုန်းဘဝင် ပရိနိဗ္ဗာန်စံသွားပါပြီ၊ ဂရိန်ဗ္ဗာန်စံတော်မူ
တယ်ဆိုတာ နောက်ထပ် ဖြစ်ခြင်းမရှိဘာကို ဆိုလိုတယ်၊ ထစ်ဝ
လေးကို ဘာမှ ဝမ်းနည်းမနေပါနဲ့၊ မချုပ်တာက အဝိဇ္ဇာနဲ့

တဏှာက မချုပ်ဘာပါ၊ ကိုယ်က ဘုရား ဟာ တာဏှာကော်ကို သိပြီးနေမှတော့ တဏှာအသက်တန်းကို ရောက်နေပါပြီ၊ အထက် ရောက်နေမှတော့ အောက်ကို ခုန်ဆင်းဖို့ရန် စိတ်မကူးကြပါနဲ့၊ ဇွဲတိုးတက်ဖို့ ပြင်ထားကြပါ၊ အထက်ရောက်လေ ပျော်လေဘဲ။

ဂါထ ကောင်းလေတွေ ကျက်ကားကြပါလို့ ဆိုတယ်၊ မကောင်းမှောင်း မရတာနဲ့, မကျေတာနဲ့, တိုက်တိုက်နေတာနဲ့ မကြားဖူးတာနဲ့၊ ခုံတန်းပေါ်က ကိုယ်တော် ကွေ့က ခုံးပါဆိုဝ် နေပြီး နေရာမကျကြဘူး၊ အထက်လဲနေသေ ရဲ့, ရလဲရ ဘူး၊ ကိုယ်တော်တို့ သူတော်ကောင်း လုပ်ကျစမ်းပါ၊ ကံကောင်းတဲ့ ဘဝကို ရောက်လာတာ အားမလျော့ကြပါနဲ့၊ ဒီခန္ဓာကြီး ပြိုငွေ့ တယ်ဆိုတာက ကလေးဖွားတဲ့ မိန်းမတော်ယောက်ဟာ မွေးရင်း သေရင်း, မွေးရင်းသေရင်းနဲ့ ဖြစ်နေတော့ နောက်ထပ် ကလေး မပိုချင်သလို ခန္ဓာကိုယ်ကြီးလဲ တစ်ဘဝမက သေနေကာ သိမြင် လာရင် နောက်ဘဝကို မလိုချင်တော့ပါဘူး။

တရားအားထုတ်ကြ တရားတော်ပြီး၏။

သာသနာပြုဩဝါဒတရားတော် ပြီးပြီ။